


တင်မောင်မြင့်
သံယောဇဉ်ကမ်းခြေ
MAN ON FIRE
A.J.QUINNELL

ပုဂံစာအုပ် အမှတ် ၃၆၆

# သံယောဇဉ်ကမ်းခြေ

## တင်မောင်မြင့်

# MAN ON FIRE

by

A. J. Quinnell

ပုဂံစာအုပ်တိုက်

| | | |
|---|---|---|
| စာမူခွင့်ပြုအမှတ် | ◆ | ၅၀၁၀၅၆၀၉၀၇ |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ◆ | ၅၀၀၁၆၈၀၂၀၈ |
| ပုံနှိပ်ခြင်း | ◆ | ပထမအကြိမ်၊ ၁၉၈၇ |
| | | ဒုတိယအကြိမ်၊ ၂၀၀၈၊ ဩဂုတ် |
| အုပ်ရေ | ◆ | ၁၀၀၀ |
| မျက်နှာဖုံး | ◆ | ဇော်ဝင်း (ငှက်ပျောသီး) |

ဒေါ်နီနီနိုင် (၀၇၁၃၅)၊ သီရိမရောင်စုံပုံနှိပ်တိုက်
အမှတ် ၁၉၊ လမ်း ၉၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ဒေါ်နိုင်နိုင်ဦး (၀၄၁၃၈)၊ ပုဂံစာအုပ်တိုက်
၄ (A) ၅၊ ရန်ကင်းစင်တာ၊ ဆရာစံလမ်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။
ဖုန်း - ၀၉ ၅၁၁၀၀၃၈၊ ၅၄၄၃၂၁

တန်ဖိုး (၃၀၀၀ ကျပ်)

အီတလီမြောက်ပိုင်းမြို့တော် 'မီလန်' ၏ ဆောင်းကာလ။

အဖိုးတန်ကားကြီးတွေ လမ်းမပေါ်တွင် တန်းစီလျက်။

သစ်ပင်တွေကို အကာအကွယ်ယူထားသည့် ရောမအဆောက်အအုံကြီးဆီမှ ခေါင်းလောင်းသံသဲ့သဲ့ ပျံ့လွင့်လာသည်။ မိနစ်အနည်းငယ်အတွင်း အဆောက်အအုံကြီးထဲမှ ကလေးတွေ စုပြုံအန်ထွက်လာသည်။ လှေကားထစ်တွေကို ခုန်ပျံကျော်လွှားကာ ပြေးဆင်းလာကြ၏။ ပြီးတော့ ထွေးထွေးနွေးနွေး စောင့်ကြိုနေသည့် ကားများဆီသို့ လေကိုဆန်ကာ အလျှိုလျှို ပြေးသွားကြသည်။

ရှစ်နှစ်သားကလေး'ပက်ပီနိုမာချက်တီ'သည် နှင်းကာအင်္ကျီ၏ ကော်လာကို ဆွဲစေ့ပြီး သူ့ဖခင်၏ ဒရိုင်ဘာ စောင့်ဆိုင်းနေသည့် မာစီဒီးကားပြာကြီးဆီသို့ တစ်ချိုးတည်း ပြေးချသွားသည်။

ဒရိုင်ဘာက နောက်ကြည့်မှန်ထဲမှ သူ့ကို စောင့်ကြည့်နေ၏။ ပြီးတော့ ကိုယ်ကို ကိုင်းပြီး တံခါးကို လှမ်းဖွင့်ပေးလိုက်သည်။ နွေးနေသည့် သားရေကုရှင်ပေါ်သို့ ပက်ပီနိုက ကျေနပ်စွာ ခုန်တက်လိုက်၏။ မာစီဒီးကားကြီး ငြိမ့်ခနဲ ထွက်လာခဲ့သည်။

လမ်းချိုးတစ်ခုသို့အရောက်တွင် ဒရိုင်ဘာကို လှမ်းကြည့်သည်။ ဟင်... 'အင်ဂျလို' မဟုတ်ပါလား။ ပက်ပီနို၏ နှုတ်ခမ်းတွေ တင်းတင်းစေ့သွားသည်။ ကားကြီးက အိခနဲ အရှိန်လျှော့ချလိုက်၏။ တံခါးတစ်ဖက် ပွင့်သွားသည်။ ဗလကောင်းကောင်းလူကြီးတစ်ယောက် တက်လာပြီး သူငယ်ကလေး၏ နံဘေးတွင်

ဝင်ထိုင်လိုက်သည်။ ကားရှုပ်နေသော လမ်းမကြီး၏ အလယ်ကြောကို နေရာပြန်ယူ၍ ဒရိုင်ဘာက ခပ်အေးအေးပင် မောင်းထွက်ခဲ့သည်။

အချိန်မှာ နှစ်ဆန်းစ ဇန်နဝါရီပင် ရှိသေး၏။ သို့သော် ပက်ပီနိမာချက်တီကလေး ပြန်ပေးဆွဲခံရခြင်းသည် သည်နှစ် အီတလီနိုင်ငံ၏ တတိယမြောက် ပြန်ပေးမှု။

ပြင်သစ်ပိုင် ကော်စီကန်ကျွန်း၏ ဘာက်စတီယာဆိပ်ကမ်းမှာ အချိန်အခါမဟုတ်ဘဲ ပူနွေးအိုက်စပ်လျက် ရှိသည်။ ဆိပ်ကမ်း အရက်ဆိုင်တစ်ဆိုင်မှ ပိုင်ရှင်သည် စားပွဲ၊ ကုလားထိုင်များကို ဆိုင်ရှေ့ ကျောက်သားခင်းမျက်နှာစာတွင် ထုတ်၍ ခင်းကျင်းနေသည်။ သူ့ဆိုင်တွင် လူတစ်ယောက်ထိုင်၍ အရက်သောက်နေ၏။ ထိုသူသည် လစ်ဗိုနိသို့ ထွက်မည့် ကူးတို့သင်္ဘောကို စောင့်ရင်း သောက်နေဟန်တူသည်။

သူ ထိုင်သောက်နေသည်မှာ နှစ်နာရီကြာခဲ့ပြီ။ သူ့ခွက်ထဲမှ ဝီစကီကုန်တိုင်း ဆိုင်ရှင်ကို လက်ယပ်ခေါ်ပြီး ဖြည့်ခိုင်းသည်။ ကြည့်ရဖန်များလွန်းတော့ ဆိုင်ရှင်က ပုလင်းလိုက် ချပေးထားလိုက်တော့၏။ သူ မြည်းနေသည်မှာ အသားခြောက်ကြော် ရောမ ပန်းကန်ကြီးဖြစ်သည်။

လမ်းနံဘေး အုတ်ခုံပေါ်တွင်ထိုင်နေသည့် ချာတိတ်ကလေးတစ်ယောက်က ဆိုင်ထဲတွင် အရက်ကို စိမ်ပြေနပြေ သောက်နေသည့် ထိုလူကြီးကို စောင့်ကြည့်နေသည်။

ကမ္ဘာလှည့်ခရီးသည်တွေ ရှင်းသည့်ရာသီဖြစ်၍ တိတ်ဆိတ်ငြိမ်သက်နေ၏။ ဆိပ်ကမ်းတစ်ပိုက်တွင် ထူးထူးခြားခြားဆို၍ သည်လူကြီးတစ်ယောက်သာ ရှိသဖြင့် ချာတိတ်ကလေးက အာရုံစိုက်နေမိခြင်းဖြစ်သည်။ သည်လူကြီးကို ကြည့်ရသည်မှာ ငြီးငွေ့ဖွယ် အထီးကျန်ဆိုင်လွန်းလှသည်။

သူ့မျက်လုံးတွေက ပတ်ဝန်းကျင် လှုပ်ရှားမှုမှန်သမျှကို လုံးဝမကြည့်။ လမ်းမကိုကျော်ပြီး ကူးတို့သင်္ဘောဆီသို့သာ ငေးကြည့်နေသည်။ ရံဖန်ရံခါ လမ်းပေါ်မှ သူငယ်ကလေးကို လှမ်းကြည့်သည်။ သို့သော် မျက်နှာလေးထောင့်အတွင်းမှ သူ့မျက်လုံးများတွင် မည်သည့်အာရုံခံစားမှုကိုမှ သူငယ်လေး ရှာမတွေ့ရ။ သူ့မျက်နှာပေါ်တွင် ထောင့်ဖြတ်အမာရွတ်ကြီးတစ်ခု ရှိသည်။ နောက်ပြီး မေးစေ့တွင် တစ်ခု။ လေးလံနေပုံရသည့် မျက်ခွံအောက်တွင် နက်မှောင်စူးရှသည့် မျက်လုံးအစုံကို

သူငယ်ကလေးက သတိပြုမိလိုက်သည်။ စီးကရက်မီးခိုးငွေ့ကို ရှောင်ရှားသလို မျက်စိကို မကြာမကြာ မှေးစင်းသည်။ သို့သော် သူက စီးကရက် မသောက်။

အရက်မှာသောက်သည့်အခါတိုင်း သူပြောသည့် ပြင်သစ်စကားမှာ သွက်လက်လှသည်။ သို့သော် သူ့လေသံမှာ ပြင်သစ်စစ်စစ်မဟုတ်ကြောင်းကိုလည်း ချာတိတ်ကလေးက သတိထားမိသည်။ သူဝတ်ထားသည့် အဝတ်အစားများမှာ အဖိုးတန်များဖြစ်သော်လည်း ဟောင်းနွမ်းနေပြီ။ သူ့ခြေထောက်အနီးမှ သားရေ ခရီးဆောင်သေတ္တာမှာလည်း အလားတူပင်။ ကော်စီကန်ကို ရောက်လာကြသည့် ခရီးသည်များ၏အခြေအနေကို လျှပ်တစ်ပြက်အတွင်း အကဲခတ်ရာတွင်၊ အထူးသဖြင့် သူတို့ဘယ်လောက်ချမ်းသာသည်ကို ခန့်မှန်းရာတွင် ဝါရင့်ပြီးဖြစ်သော ထိုသူငယ်သည် သည်လူကြီးကိုကြည့်ပြီး မခန့်မှန်းတတ်အောင် ဖြစ်နေ၏။ ထိုလူကြီးကိုကြည့်ပြီး သူ စိတ်ရှုပ်နေ၏။

လူကြီးက သူ့လက်ပတ်နာရီကို တစ်ချက်ငုံ့ကြည့်သည်။ ဝီစကီလက်ကျန်ကို ဖန်ခွက်ထဲလောင်းထည့်ပြီး တစ်ကျိုက်တည်း မော့ချလိုက်သည်။ ပြီးတော့ သားရေအိတ်ကို ကောက်ကိုင်ကာ ဆိုင်ထဲမှ ထွက်သွားတော့၏။

သူ့နံဘေးမှ ဖြတ်လျှောက်သွားသော လူကြီးကို ချာတိတ်က စောင့်ကြည့်နေသည်။ အနီးကပ်ကြည့်မှ သူ့အရပ်ကြီးမှာ ခြောက်ပေကျော်ကြီးဖြစ်ကြောင်း သိရတော့သည်။

ခန္ဓာကိုယ်က တောင့်တောင့်တင်းတင်း၊ လမ်းလျှောက်ပုံက တစ်မျိုး။ သူလျှောက်ပုံက မြေကြီးနှင့် ခြေဖဝါး တစ်ပြိုင်တည်း မထိဘဲ ခြေဖဝါးစောင်းက မြေကြီးနှင့် အလျှင်ထိသည်။ သို့သော် သူ့ခန္ဓာကိုယ်ကြီးနှင့်မလိုက်အောင် လမ်းလျှောက်ပုံက သွက်လက်ဖျတ်လတ်သည်။

ပြီးတော့ သူလျှောက်သွားပုံက တည်ငြိမ်သည်။ ပင်ကိုဟန်ဖြင့် လျှောက်သည်။ အရက်သောက်ထားသည်ဟုပင် မထင်ရ။ သူဖြတ်လျှောက်သွားသည်နှင့် ချာတိတ်ကလေးက အုတ်ခုံပေါ်မှ လွှားခနဲခုန်ဆင်းပြီး ပြေးသွားတော့၏။ ပန်းကန်ထဲမှ အဆားကြော်တွေကို လက်ကျန်ရှင်းရန်ဖြစ်သည်။

နောက်နာရီဝက်အကြာတွင် ကူးတို့သင်္ဘော ကမ်းမှခွာသည်။ ခရီးသည်သိပ်မများလှ။ လက်ရန်းကို ကိုင်ပြီး တစ်ကိုယ်တည်း ရပ်နေသော လူကြီးအား လှမ်းမြင်နေရသည်။

သဘော်က စက်အားမြှင့်ပြီး အရှိန်စယူသည်။ ချာတိတ်ကလေးက ဖြုန်းစားကြီး စိတ်ကူးရပြီး သူ့ကို လက်မြှောက်ပြလိုက်သည်။ ထိုလူကြီးက လက်တစ်ဖက်ကို သဘော်လက်ရန်းမှ ခွာပြီး ချာတိတ်ကို သိသာရုံကလေး လက်ပြန်ပြသည်။

*

စစ္စလီကျွန်း၏ ဆိပ်ကမ်းမြို့တော် ပါလာမိုတွင် ရာသီဥတုမှာ ပို၍ နွေးထွေးနေသည်။

မြို့၏အနောက်ဘက် တောင်ခြေမှ အုတ်ဖုတ်တိုင်းပတ်လည်ကာရံထားသည့် ရှောမအိမ်ကြီးတွင် ပြတင်းပေါက်များနှင့် တရုတ်ကပ်များကို ဖွင့်ထား၏။ ပထမထပ်၏ စာကြည့်ဆောင်အတွင်းသို့ တောင်လေဖြူးဖြူးကလေး သုတ်ဖြူးနေသည်။ ပါလစ်ရောင် ဖိတ်ဖိတ်လက်နေသည့် စားပွဲကြီးတစ်လုံးတွင် လူသုံးဦးတို့ လုပ်ငန်း တိုးတက်မှု ညှိနှိုင်းဆွေးနွေးပွဲကလေး ကျင်းပနေသည်။

စားပွဲကြီး၏နောက်မှ ခေါင်းဆောင်နှင့်တူသူက သူ့ရှေ့ရှိ ပုဂ္ဂိုလ်နှစ်ဦး၏ တင်ပြဆွေးနွေးချက်များကို နားထောင်နေ၏။ စီးကရက်မီးခိုးငွေ့များကို ပြင်ပလေက သယ်ယူဖယ်ရှားပေးနေဘိသို့။ ခေါင်းဆောင်နှင့်တူသူသည် အများအားဖြင့် နားထောင်နေပြီး ရံဖန်ရံခါသာ ဩွန်ကြားချက်များကို တိုတိုတုတ်တုတ် အမိန့်ပေးနေသည်။ ကျန်နှစ်ဦးက ခေါင်းတညိတ်ညိတ်နှင့် နာယူကြ၏။ စာရွက်စာတမ်းနှင့် ရေးခြင်းမှတ်ခြင်းကား မရှိကြ။

သာမန်ကိစ္စများ ပြတ်သွားပြီးနောက် ကာလာဘာရီယာတောင်ပိုင်းကိစ္စကို ဆွေးနွေးကြသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း နိုင်ငံတော်အစိုးရက ဆင်းရဲသည့် ဒေသများတွင် အိမ်ရာဆောက်လုပ်ရေး စီမံကိန်းများရေးဆွဲခဲ့သည်။စားပွဲနောက်မှ ပုဂ္ဂိုလ်သည် ဤကိစ္စတွင် သွယ်ဝိုက်သောနည်းဖြင့် ပါဝင်ပတ်သက်ခဲ့၏။ မြေကော များစွာကိုသူကကြိုတင်ဝယ်ထားလိုက်သည်။ ရေရှည်စီမံကိန်းဖြစ်သည့်အလျောက် စီမံချက်အကောင်အထည်ဖော်ဖို့ စိုင်းပြင်းနေစဉ် ကာလအတွင်း အစိုးရ အပြောင်းအလဲဖြစ်သွားသည်။ ဝန်ကြီးတွေ အပြောင်းအလဲဖြစ်သည်။ အတိုက်အခံ ပါတီက အဆိုပါအိမ်ရာစီမံကိန်းကို အပြတ်အသတ်ကန့်ကွက်တိုက်ခိုက်နေသည်။

ယင်းအတွက် စားပွဲနောက်မှ ပုဂ္ဂိုလ်သည် အလွန်စိပြင်းနေပုံရသည်။ သည်အစိုးရ မပြတ်မသားလုပ်နေပုံနှင့်ဆိုလျှင် လုပ်ငန်းတွေအားလုံး နစ်နာဆုံးရှုံးဖို့ ဖြစ်နေပြီ။ မြှုပ်နှံထားရသည့် ရင်းနှီးငွေက နည်းသည်မဟုတ်။ တစ်နည်းနည်း နှင့်တော့ ချုပ်ကိုင်ရမည်။

လက်ထောက်နှစ်ဦး၏ တင်ပြဆွေးနွေးချက်များ ပြည့်စုံပြီ။ ခေါင်းဆောင်၏ ညွှန်ကြားချက်ကို နာခံစောင့်ဆိုင်းလျက်ရှိ၏။

ထိုသူမှာ ပုပုသေးသေးကလေးဖြစ်၏။ အရပ် ငါးပေပင် မပြည့်တတ်။ အသက်ခြောက်ဆယ်ကျော်နေပြီဖြစ်သော်လည်း သူ့အသားအရေမှာ နုညက် စိုပြည်နေဆဲဖြစ်၏။

စားပွဲပေါ်တွင် ငြိမ်သက်စွာတင်ထားသည့် သူ့လက်ချောင်းကလေး တွေက ပြည့်ပြည့်ဖြိုးဖြိုး။ ယင်းလက်ချောင်းကလေးများကဲ့သို့ပင် ခန္ဓာကိုယ်မှာ ဝသယောင်ယောင်ရှိသည်။ အကောင်းဆုံး အပြာရင့်ရောင်ဝတ်စုံကို အချိုးကျကျ ဝတ်ဆင်ထားသည်။ နှုတ်ခမ်းထူထူကို တင်းတင်းစေ့ထားသည်။ အတွေးနက်နေ သည့်ပုံ။

ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပြီ။

"တို့ ရပ်တန်းက ရပ်ထားလိုက်ကြမယ်။ ဖြစ်လာမယ့်ပြဿနာတွေကို ငါ ကြိုမြင်နေတယ်။ ဒွန်မွန်မိုက် အားလုံး တာဝန်ယူပြီး ဆက်လုပ်"

သူ့ရှေ့မှ လက်ထောက်နှစ်ဦးစလုံး တစ်ပြိုင်တည်း ခေါင်းညိတ်လိုက် ကြသည်။ ဆွေးနွေးပွဲပြီးဆုံးသွားပြီ။ သုံးဦးသား အရက်ကောင်တာဆီသို့ ထသွား ကြသည်။ လူပုကလေးက ရှီးဗားစ်ဝီစကီသုံးခွက် ငှဲ့ထည့်လိုက်၏။

"မင်္ဂလာပါ"

လူပုကလေးက တိုင်လိုက်သည်။ လက်ထောက်နှစ်ယောက်က တစ်ပြိုင် တည်း ဖောက်လိုက်၏။

"မင်္ဂလာပါ ဒွန်ကင်တာရီလာ ခင်ဗျား"

❑

## (၁)

ပြတင်းပေါက်တွင်ရပ်၍ ကန်ရေပြင်၏ ဟိုမှာဘက်ဆီသို့ ငေးမျှော်ကြည့်နေသည့် အမျိုးသမီးတစ်ဦး။ ဗလာဒက်စတီဟိုတယ်၏ မီးရောင်များက မှန်သားလို ကြည်လင်နေသည့် ကမ်းလွန်ရေပြင်တွင် ထင်ဟပ်လျက်။

အမျိုးသမီး၏ ရုပ်ဆင်းရူပကာမှာ ရှင်းသန့်စွာ လှပ၏။ တည်ငြိမ်စွာ နန်းဆန်၏။ သို့သော် နှုတ်ခမ်းတွေက တစ်စုံတစ်ရာကို မကျေနပ်သည့် အမူအရာဆောင်နေသည်။

မျက်နှာအကျနှင့် နှုတ်ခမ်းအနေအထားက လိုက်ဖက်လှ၏။ ပါးရိုးနှစ်ဖက်မှာ ခပ်မြင့်မြင့်ရှိပြီး မေးသွယ်သည်။ နက်မှောင်သည့် ပိတုန်းရောင် ကေသာမှာ ပခုံးသား ဝိုင်းဝိုင်းနှစ်ဖက်ပေါ်တွင် ဝဲကျနေသည်။ ရွှေလည်တိုင် ကြော့ကြော့ရှင်းမှာ ခါးကျဉ်ကျဉ် ရင်ထွားထွား ခန္ဓာကိုယ်နှင့် အချိုးကျနစွာ ဆက်စပ်နေ၏။

ခါးစည်း ညဝတ်ရုံကို ရိုးရိုးကလေး ဆင်မြန်းထားသည်။ ပခုံးနှင့် တင်သားများပေါ်တွင် လျော့ရိလျော့ရဲ။ ပိုးသားညဝတ်အင်္ကျီမှာ အနက်ရောင် ပန်းပွင့်ကြီးများနှင့် အပြာရောင်အရိပ်များ ပေါ်လွင်ထင်ရှားလျက်။ ညဝတ်ရုံအတွင်းမှ အမျိုးသမီး၏ အသားရောင်မှာ မှုန်ခအောက်မှ ကတ္တီပါသားနှင့် တူနေ၏။

နောက်ဘက်မှ အခန်းတံခါးပွင့်လာ၍ အမျိုးသမီးက လှည့်ကြည့်လိုက်သည်။ ကလေးမလေးတစ်ယောက် အခန်းထဲ ဝင်လာ၏။

ကလေးဘဝမှ ရုန်းထွက်တော့မည့်အရွယ်။ ကျောက်ရိုင်းတုံးကလေးနှင့် တူလှ၏။ ပြစ်မျိုးမှဲ့မထင်သေးသည့် အရွယ်ဖြစ်သည်။

တစ်စုံတစ်ခုကို မကျေနပ်၍ ဒေါပွနေကြောင်း တင်းတင်းစေ့ထားသည့် သူ့နှုတ်ခမ်းများနှင့် မျက်လုံးတွေက ပြနေပေမဲ့ သူ့မျက်နှာကလေးမှာ အပြစ်ကင်းစင်လျက်။

"သူ့ကို မုန်းတယ်မေမေ၊ သူနဲ့ သမီးနဲ့ မဖြစ်တော့ဘူး"

"ဘာဖြစ်လို့လဲ သမီးလေးရဲ့"

"သမီး တတ်နိုင်သလောက် တွက်နေတာပဲ။ အက္ခရာသင်္ချာလေ။ အတတ်နိုင်ဆုံး တွက်တာပဲ မေမေရဲ့။ ဒါပေမဲ့ သူ ဘယ်တော့မှ သမီးကို မကျေနပ်ဘူး။ မနက်ဖြန်လည်း တစ်နာရီလုံးလုံး တွက်ရဦးမယ်တဲ့"

အမျိုးသမီးက ကလေးမလေးကို လှမ်းဖက်လိုက်၏။

"သမီးလေး ပင်တာ၊ ဒီလိုပဲ ကြိုးစားရမှာပေါ့ သမီးရဲ့။ ဒါမှ ကျောင်းပြန်တက်တဲ့အခါ သူများထက် နောက်မကျတော့မှာပေါ့"

ကလေးမလေးက စိတ်အားထက်သန်စွာဖြင့် မော့်ကြည့်သည်။

"ဘယ်တော့လဲ မေမေ၊ သမီး ဘယ်တော့ ကျောင်းပြန်သွားရမှာလဲ။ သမီး ဒီဆရာမနဲ့ မဖြစ်တော့ဘူး သိလား"

အမျိုးသမီးက သမီးငယ်အား ရင်ခွင်ထဲမှ လွှတ်လိုက်ပြီး ကန်ရေပြင်ဆီသို့ ငေးနေပြန်သည်။

"မကြာတော့ပါဘူး သမီးရယ်၊ သမီးဖေဖေ ဒီညပြန်ရောက်ရင် မေမေ ပြောပေးပါ့မယ်။ သမီး ခဏလေး သည်းညည်းခံလိုက်နော်"

သမီးငယ်ဘက်သို့လှည့်ပြီး ပြုံးပြလိုက်သည်။

"ကျောင်းပြန်တက်တော့လည်း အက္ခရာသင်္ချာက ဆက်တွက်ရဦးမှာပဲ သမီးရဲ့"

"ကိစ္စမရှိပါဘူး မေမေ၊ ကျောင်းက ဆရာမက မေးစရာ ကျောင်းသူကျောင်းသားတွေ အများကြီးလေ။ အိမ်မှာက သမီးတစ်ယောက်တည်းဆိုတော့ ခံနေရတာပေါ့။ သမီး စိတ်ညစ်တယ် မေမေ။ မြန်မြန်လုပ်ပေးပါနော်၊ နော် မေမေ"

ကလေးမလေးက အမေ၏ လည်ပင်းကို သိုင်းဖက်လိုက်၏။

"မကြာစေရပါဘူး သမီးရယ်၊ မေမေ ကတိပေးပါတယ်"

*

အက်တိုဘော်လက်တိုသည် 'မီလန်' မှ 'ကိုမို' သို့ ကားမောင်းပြီး ပြန်လာရာတွင် စိတ်ကွေ နောက်ကျိ ရှုပ်ထွေးနေသည်။ အိမ်မှ ထွက်လာခဲ့သည်မှာ တစ်ပတ်ရှိပြီ ဖြစ်၍ ဇနီး ရီကာနှင့် သမီးကလေး ပင်တာကို အောက်မေ့သလို ဖြစ်နေ၏။ သို့သော် သည်တစ်ခေါက် အိမ်အပြန်မှာ သာတောင့်သာယာရှိမည့် အပြန်ခရီး မဟုတ်ကြောင်း သိနေသည်။

ရှေ့ဆက်လုပ်ရမည့် ကိစ္စများမှာ ရီကာ ဘယ်လိုမှ သဘောတူနိုင်မည့် ကိစ္စများမဟုတ်။ သူ သဘောမတူလျှင် လုပ်ငန်းတွင် မည်သို့မျှ ချောချောမွေ့မွေ့ မဖြစ်နိုင်။

လန်စီယာကားကြီးကို စိတ်မပါလက်မပါနှင့် ခပ်သွက်သွက် မောင်း လာသည်။

အိမ်ထောင်သက် ဆယ့်သုံးနှစ်ရှိခဲ့ပြီ။ အခက်အခဲကိုရင်ဆိုင်ရာတွင် ဖော မတွက်မိဖို့ သင်ခန်းစာတွေ ရခဲ့ပြီးဖြစ်သည်။ မုန်တိုင်းထန်ခဲ့သည့် ကာလတွေကို ပြန်တွေးကြည့်သည်။ နောင်တရစရာတွေ ရှိခဲ့သလားဟု သူ့ကိုယ်သူ ပြန်တွေး ကြည့်သည်။ သို့သော် အဖြေမထွက်။ သူနှဲ့ ရီကာ လက်ထပ်ခါစတွင် သူက ဆေးခွဲနေသူမဟုတ်လား။ သို့အတွက် ထိုကာလပိုင်းကို ဘာမှ ရေရေရာရာ ကောက်ချက်ဆွဲ၍ မရနိုင်တော့။

အက်တိုဘော်လက်တိုသည် ကိုယ့်ကိုယ်ကိုယ် အားနည်းပျော့ညံ့သူဟူ၍ ဘယ်တုန်းကမှ မထင်ခဲ့။ သိပ်ချော သိပ်လှသည့် မိန်းမတစ်ယောက်ကို ရထား သည်လေ။

တစ်ခုတော့ရှိသည်။

အမျိုးသမီးက လှသလောက် တစ်ကိုယ်ကောင်းဆန်သူ။ ဇနီးလုပ်သူကို ဘယ်လိုနည်းနှင့်မှ ပြုပြင်ပြောင်းလဲအောင် လုပ်၍မရမှန်း သိလာ၏။ ကွာပစ် မလား၊ ဆက်ပေါင်းမလားဆိုသည်ကိုသာ ရွေးချယ်ရန် ရှိတော့သည်။ မကွာနိုင် ကြောင်း အစောကြီးကတည်းက ကိုယ့်ကိုယ်ကိုယ် နားလည်သည်။ သည်တော့ လည်း ဆက်ပေါင်းနေရုံပေါ့။ ဘိန်းဖြူဖြတ်သလိုဖြတ်၍ ရသည်မှမဟုတ်ဘဲ။

အိမ်ထောင်ဦး နှစ်ပိုင်းများကတော့ စိတ်ပိုင်းဆိုင်ရာပေါင်းစပ်မှုထက် သွေးသားနှီးနှောမှုကိုသာ ဦးစားပေးခဲ့ကြသည်။ အတွေ့အာရုံတွင် နှစ်မျော နေခြင်းမျိုး။ ယခု အိမ်ထောင်သက် ရလာသည့်အခါတွင်တော့ တစ်မျိုး။ အလှ

သခင်ကို ကိုယ်တိုင်ပိုင်ဆိုင်ခွင့်ရသူတစ်ယောက်အနေဖြင့် လူရှိသေ ရှင်ရှိသေအဖြစ်၊ ထို့ထက်ပို၍ဆိုရလျှင် ပတ်ဝန်းကျင်၏ မနာလို ဝန်တိုခြင်းခံရသည့် အဖြစ်ကို ကျေနပ်နေခြင်းမျိုး။

လန်စီယာကားကြီးသည် ရေကန်ကို ခွထားသော လမ်းအရောက်တွင် ညာဘက်သို့ ချိုးကွေ့လိုက်သည်။

သူ့အာရုံတွင် ပင်တာကလေး ပေါ်လာပြန်သည်။ သမီးကလေးကိုတော့ ချစ်ပါသည်။ သို့သော် အာရုံခံစားမှုအားလုံးသည် ဖနီးဖြစ်သော ရီကာ၏ ရုပ်ပါရုံတွင်သာ ဝဲလည်နေ၏။

*

သားအမိသားအဖသုံးဦးသား မဟော်ဂနီစားပွဲကြီးတွင် ညစာထိုင်စားကြသည်။ အက်တိုရီနှင့် ရီကာက မျက်နှာချင်းဆိုင် ထိုင်၏။ ပင်တာက စားပွဲထိပ်တွင် ထိုင်သည်။ စားပွဲထိုး အမျိုးသမီးက စက်ရုပ်တစ်ရုပ်လို ဟင်းလျာတွေကို ချပေးနေ၏။ ခမ်းခမ်းနားနားရှိ၏။ သို့သော် မိသားစုစိတ်ဓာတ်ဖြင့် ထွေးနွေးရင်းနှီးမှုမျိုးတော့ လိုနေသလိုပင်။ ရင်ထဲတွင် ပြဿနာကိုယ်စီနှင့်မဟုတ်လား။

ရီကာက လင်တော်မောင်ကို လိုက်လိုက်လဲလဲဆီးကြိုသည်။ မာတီနီ မှားများ ငှဲ့ပေးရင်း သူ၏ ရောမခရီး အတွေ့အကြုံတွေကို စိတ်ဝင်တစားနားထောင်သည်။ ပင်တာ အခန်းထဲမှထွက်သွားသည်နှင့် သမီးကလေး သူ့ဆရာမနှင့် အဆင်မပြေကြကြောင်း၊ တစ်ခုခုတော့ စီစဉ်ရမည်ဖြစ်ကြောင်းများကို ပြောပြသည်။

အက်တိုက ခေါင်းညိတ်ပြီး

"ညစာ စားပြီးမှ ဆွေးနွေးကြတာပေါ့။ သမီးအိပ်မှလေ။ ကိုယ်လည်း ခေါင်းထဲမှာ စီစဉ်ထားတာတွေရှိပါတယ်"

သည်ကတည်းက မငြင်းမခုံဘဲ ပြီးမည့် ပြဿနာမဟုတ်ကြောင်း ရီကာက သဘောပေါက်လိုက်၏။ သို့ကြောင့် ညစာစားရင်း တိုက်ကွက်တွေကို ကြိုတင်စဉ်းစားနေခြင်းဖြစ်သည်။ အကင်းပါးလှသော ပင်တာကလေးက အရိပ်အကဲကို ကောင်းစွာသုံးသပ်တတ်နေပြီဖြစ်သဖြင့် အသာကလေး ငြိမ်နေလိုက်သည်။ ညစာ စားပြီးလျှင်ပြီးချင်း အဖေနှင့် အမေကို အနမ်းဖြင့် နှုတ်ဆက်သည်။

"သမီး စောစောအိပ်မယ်နော်။ အင်္ဂလိပ်စာသင်ချိန်အတွက်ရတာ ခေါင်းတွေကိုက်နေတာပဲ"

အခန်းထဲတွင် တိတ်ဆိတ်၍ ကျန်ရစ်သည်။ စကားစပြောသူက ရီကာ။

"ဆရာမကို သမီးကလေးက သဘောမကျတော့ဘူးတဲ့"

အက်တိုက ပခုံးတွန့်ပြလိုက်သည်။

"ဖြစ်မှာပေါ့လေ၊ ကျောင်းက သူငယ်ချင်းတွေနဲ့လည်း မတွေ့ရတော့ ပျင်းနေမှာပေါ့"

အက်တိုက ဘားကောင်တာသို့ ထသွားသည်။ ကော့ညက်တစ်ခွက်ငှဲ့ပြီး တစိမ့်စိမ့်သောက်နေ၏။ စားပွဲထိုးအမျိုးသမီးက ပန်းကန်ခွက်ယောက်များကို သိမ်းနေသည်။ သိမ်းဆည်းပြီး ထွက်သွားမှ အက်တိုက

"တို့ပြဿနာတွေကို ယထာဘူတကျကျ ဆွေးနွေးကြရအောင် ရီကာ။ ပထမအချက်အနေနဲ့ ပင်တာကို ကျောင်းပြန်ပို့ရမယ်။ ဒုတိယအချက်ကတော့ မင်းရဲ့ မလိုအပ်တဲ့ အပိုသုံးတွေကို လျှော့ချဖို့"

ရီကာက ပြုံးလိုက်သည်။ ခြောက်ကပ်ကပ်အပြုံးမျိုး။

"ကျွန်မရဲ့ အပိုသုံးတွေ၊ ဟုတ်လား"

"ကိုယ် ဘာကိုဆိုလိုတယ်ဆိုတာ မင်းသိပါတယ်လေ။ မင်းဟာ တစ်ခုခု လိုချင်လာပြီဆိုရင် တန်ဖိုးကို ဘယ်တုန်းက ဂရုစိုက်ဖူးလို့လဲ"

သူက နံရံမှ ပန်းချီကားကြီးကို မေးငေါ့ပြပြီး

"ပြီးခဲ့တဲ့လက ကိုယ် ခရီးထွက်နေတုန်း မင်း ဒါကြီးကို ဝယ်ချလိုက်တယ်။ လီရာ ကိုးသန်းတဲ့"

"ဒါ ပေါလ်ကလီးရဲ့ လက်ရာရှင့်။ ဈေးပေါပေါနဲ့ရလို့ ဝယ်ခဲ့လိုက်တာ။ ရှင် မကြိုက်ဘူးလား"

အက်တိုက အောင့်သက်သက်နှင့် ခေါင်းယမ်းလိုက်သည်။

"ကြိုက်တာ မကြိုက်တာ အကြောင်းမဟုတ်ဘူး မချော။ တတ်နိုင် မတတ်နိုင် ဆိုတာ စဉ်းစားရမယ်။ အလုပ်အကိုင် မကောင်းမှန်းလည်း မင်းသိသားနဲ့။ အခြေအနေ သိပ်ကိုယိုင်နေပြီ ရီကာ။ ဒီအစိုးရမျိုးနဲ့ အကွက်မလည်ဖြစ်နေရတဲ့အတော အရှုအရှေ့ပိုင်းနဲ့ ပြင်ဘက်တွေကတစ်မှောင့်။ ဒီနှစ် တို့ အကြီးအကျယ် ကွဲမှာ သေချာနေပြီ။ ဘဏ်ခြွေးကလည်း နင့်နေပြီ"

"ဘယ်လောက်များ နင့်နေလို့လဲ"

သူက ဟန်ပါပါ ပခုံးတွန့်လိုက်ပြီး

"လီရာ သန်းလေးရာခင်ဗျ။ သန်းလေးရာ"

ရီကာက ပြန်ပြီး ပခုံးတွန့်ပြလိုက်သည်။

"ကျွန်မအဖေ ပြောဖူးသလိုပေါ့။ လူတစ်ယောက်ရဲ့တန်ဖိုးကို ဖြတ်တဲ့နေရာမှာ သူ့မှာ ဘယ်လောက်ရှိတယ်၊ ဒါမှမဟုတ် သူ့မှာ ကြွေး ဘယ်လောက်ရှိတယ်ဆိုတာကို ကြည့်ဖြတ်ရမယ်တဲ့"

သူ ဒေါသတွေ လျှို်းထလာပြီး

"မင်းအဖေတို့ခေတ်က တစ်မျိုးကွ။ ခုအချိန်မှာ မင်းအဖေလုပ်ပုံမျိုးနဲ့ လုပ်ကြည့်ပါလား။ ဒေဝါလီတောင် ခံသွားရဦးမယ်"

ရီကာက သရော်ပြုံး ပြုံးလိုက်သည်။

"လုပ်မနေပါနဲ့။ ရှင် ပါ့ပါ့ခြေဖျားတောင် မမီပါဘူး"

သူက စိတ်ကို ထိန်းလိုက်ရ၏။

"ဒီမယ် ရီကာ... မင်း အမှန်တရားကို ရင်မဆိုင်လို့ မဖြစ်တော့ဘူး။ စည်းမဲ့ကမ်းမဲ့ အရမ်းသုံးနေလို့ မဖြစ်တော့ဘူး။ နောက်လမှာ ဘဏ်နဲ့ သဘောတူညီမှု တစ်ခုခုမရခဲ့ရင် ငါ အကြီးအကျယ် အရှုက်ကွဲတော့မယ် သိလား"

ရီကာက ခဏတွေသွားပြီး

"ရှင် ဘယ်လိုစီစဉ်ထားလဲ"

အက်တိုက ရီကာနားလည်အောင် အလေးအနက်ပြုပြီး ရှင်းပြသည်။

"ပြဿနာက နှစ်ပိုင်းရှိနေတယ်။ တစ်အချက်က ပိုးထည်လုပ်ငန်းကို တို့ ဆက်ပြီး လက်ဝါးကြီးအုပ်ထားလို့ မရတော့ဘူး။ ဟောင်ကောင်တရုတ်တွေက ကုန်ကြမ်းကို တို့ထက် ၂၀ ရာခိုင်နှုန်း ပေါပေါရပြီး နောက်ဆုံးပေါ် စက်တွေကိုလည်း သုံးနိုင်လာကြတယ်။ ဒီနှစ်ကုန်ဆိုရင် တို့ဈေးကွက်တွေ တော်တော်များများ လက်လွှတ်ရလိမ့်မယ်။ ဒီတော့ သူတို့နဲ့ယှဉ်နိုင်အောင် တို့က အမျိုးအစားရော၊ ဒီဇိုင်းရော ထိပ်တန်းဖြစ်အောင် အများကြီး တိုးချဲ့လုပ်ရလိမ့်မယ်"

ရီကာက စိတ်ပါလက်ပါ နားထောင်နေရာမှ ဝင်ထောက်သည်။

"အဲဒါဘာဖြစ်လဲ၊ လုပ်ပေါ့။ ရှင့်ကို ဘယ်သူက တားနေလို့လဲ"

"ခေတ်မီစက်တွေ လိုတယ်ကွ။ တို့စက်တွေက အသက်နှစ်ဆယ် ကျော်နေပြီ။ ခေတ်မမီတော့ဘူး။ ခေတ်နဲ့အမီ စက်ရုံကို တပ်ဆင်မယ်ဆိုရင် သန်းသုံးဆယ်လောက် ကုန်မယ်"

"ဘဏ်က မကူညီနိုင်ဘူးလား"

အက်တိုက ဘာမှမဖြေခင် အရက်ဘားဆီသို့ ထသွားပြီး ထပ်ငှဲ့ပြန်သည်။

"ဒုတိယပြဿနာက အဲဒါပဲ။ စက်ရုံကို တို့ ဖွဲ့ဖွဲ့ပြီး ပေါင်တာနဲ့ အကြွေးက အမိုးရောက်နေပြီ။ အိမ်လည်း ဘာထူးလဲ။ ရောမက တိုက်ခန်းလည်း ပါတယ်လေ။ ဒီတော့ စက်သစ်တွေ ဝယ်ဖို့ နောက်ထပ် ဘဏ်က ချေးရမယ်။ ဘာကို အပေါင်ထားမလဲ၊ ဒါအတွက် ငါ ဗျာများနေတာကွ"

"ဗစ်ကိုဆီ အကူအညီတောင်းမကြည့်ဘူးလား"

"အို... မတောင်းဘဲနေပါ့မလား။ နောက်တစ်ပတ်မှာထပ်တွေ့ဖို့ ချိန်းထားသေးတယ်။ ကိုယ်ပြောနေတဲ့ အခြေအနေကို နားလည်ထားစမ်းပါ ရီကာ။ အသုံးအစွဲ ဆင်ခြင်စမ်းပါ"

"ရှင်က ဒီမလောက်လေးမလောက်စား တရုတ်ကုန်သည်တွေကို မပြိုင်နိုင်တာနဲ့ ကျွန်မက တစ်သက်လုံးနေလာတဲ့ အချိုးတွေကို ပြောင်းပစ်ရတော့မယ်ပေါ့ ဟုတ်လား"

ရီကာ၏အပြုံးက သရော်ပြုံးမဟုတ်တော့။

"ကဲ... အက်တိုရယ်၊ ကျွန်မဖို့လည်း ကော့ညက်တစ်ခွက် ပေးပါဦး"

အက်တိုက အရက်တစ်ခွက် ငှဲ့ယူလာပြီး ရီကာ့နောက်တွင် သွားရပ်သည်။ ဖန်ခွက်ကို စားပွဲပေါ် လှမ်းတင်သည်။ ရီကာ မတုန်မလှုပ် ကျောက်ရုပ်။

အက်တိုက ဇနီးလုပ်သူ၏ ဆံပင်အောက်မှ ကုပ်ပိုးသား နုနုကလေးကို ပွတ်သပ်ပေးနေ၏။ ရီကာက လက်တစ်ဖက်နှင့် သူ့လက်ကို ထပ်ဆုပ်ပြီး ဖျစ်ညှစ်နေသည်။ ဦးခေါင်းကို နောက်သို့ လှန်လိုက်၏။ ပြီးတော့ ထရပ်သည်။ လင်တော်မောင်၏ မျက်လုံးများကို ဖွဖွနမ်းလိုက်သည်။ ပြီးတော့ နှုတ်ခမ်းတွေကို။

"ဒီမယ် အက်တို၊ ဘာမှမပူနဲ့။ ဗစ်ကိုက တစ်နည်းမဟုတ် တစ်နည်းနဲ့ ကူညီမှာပါ"

အိပ်ရာထဲရောက်တော့ ရီကာက အနမ်းမိုးတွေ ရွာချပေးပြန်သည်။ ခဏကြာတော့ အိပ်ရာပေါ်တွင် သူတစ်ယောက်တည်း ကျန်ရစ်သည်။ ရီကာက စီးကရက်နှင့် ကော့ညက်ယူရန် အပြင်သို့ထွက်သွား၏။ ကချေသည်တစ်ယောက်၏ ခြေလှမ်းများဖြင့် ထွက်သွားသော ရီကာ့ပုံစံကို နောက်မှကြည့်ပြီး အက်တို စဉ်းစားရင်း ကျန်ရစ်သည်။

ဘောလုံးပုံစံ ကော့ညက်ဖန်ခွက်နှင့် စီးကရက်ဘူးကို လက်တစ်ဖက်စီတွင် ကိုင်ပြီး ရီကာ ပြန်ဝင်လာသည်။ ခုတင်နံဘေးတွင် ရပ်လျက်က ဖန်ခွက်ကို အက်တိုအား လှမ်းပေးပြီး စီးကရက် နှစ်လိပ်ကို မီးညှိနေ၏။ စွဲမက်ဖွယ်အတိ။ ဆူး နိုင်းချင်းနှင့် နှင်းဆီပွင့်လိုပါပဲလား။ ချစ်ရနံ့ဖြင့် လှိုင်ကြူဆဲ။

လက်ရှိအခြေအနေကို မျက်ခြည်မပြတ်စေရန် သတိသမ္မဇဉ်ကို မနည်း ထိန်းနေရ၏။ ပြီးတော့မှ သမီးငယ်ကိစ္စကို ပျင်းရိပျင်းတွဲ စပြောသည်။

"ပင်တာကလေးကို ကျောင်းပြန်ပို့ရမှာပဲ။ ဆရာမ သင်နေတာ သိပ်မနိုပ် ပါဘူး။ ၁၁ နှစ် သမီးတောင် ရှိနေပြီ။ ကြာရင် စာတွေ နောက်ကျကုန်လိမ့်မယ်"

စီးကရက်ကိုလှမ်းပေးရင်း ရီကာက အိပ်ရာပေါ်သို့ လှမ်းတက်လိုက်သည်။

"ဒါပေါ့၊ ဒါပေါ့"

ရီကာက ထောက်ခံတော့ အက်တို အံ့သြသွားသည်။

"မနေ့ကတောင် ဂျီနာနဲ့ ပြောဖြစ်ကြသေးတယ်။ သူတို့လည်း အော်လ်ဒိုနဲ့ မာရီရယ်ကို ဆွစ်ဇာလန်ပို့ကြမလို့တဲ့။ ကျောင်းက သိပ်ကောင်းဆိုပဲ။ ဂျနီဗာ မြို့ပြင်ကလေးတင်ပဲတဲ့။ အီတလီဘာသာလည်း သင်ပေးတယ်။ အဲဒီမှာ အီတာလျံ ကလေးတွေ အများကြီးပဲတဲ့ အက်တိုရဲ့"

သူက အိပ်ရာပေါ်တွင် ခပ်မတ်မတ်ထိုင်လိုက်သည်။

"ဒါပေမဲ့ ရီကာရယ်၊ သိပ်အဓိပ္ပာယ်မရှိပါဘူး။ အိမ်နဲ့ပိုဝေးလေ သမီးလေး ပျင်းလေ ဖြစ်မှာပေါ့။ ပြီးတော့ အဲဒီကျောင်းမျိုးရဲ့စရိတ်က ဘယ်လောက်ကြီးတယ် ဆိုတာ မင်းသိသားနဲ့။ ဗစ်ကိုက လက်ဖျားငွေသီးနေတဲ့ ရှေ့နေ။ ပြည်ပမှာ ပိုပြီး အောင်မြင်နေတာ။ ပြီးတော့ သူတို့က ဂျနီဗာမှာ ပိုပြီးအနေများတာ။ ဂျနီဗာဟာ သူတို့ရဲ့ ဒုတိယအိမ်လို ဖြစ်နေတာ။ ဒီတော့ သူတို့ကလေးတွေကို ပို့မှာပေါ့"

ရီကာက ကျောအောက်မှ ခေါင်းအုံးတွေကို နေရာပြင်လိုက်၏။

"ရီကာ တွက်ကြည့်ပြီးပြီ အက်တို။ ရောမက တိုက်ခန်းကို ရောင်းလိုက် မယ်လေ။ ခုနေ ဈေးတွေ သိပ်ကောင်းနေတယ်မဟုတ်လား။ ရောမက နေလို့လည်း မကောင်းတော့ပါဘူး။ ပျင်းစရာကြီး။ အဲဒီပိုက်ဆံနဲ့ ဂျနီဗာမှာ တိုက်ခန်းဝယ်ပေါ့။ ဘာဝေးတာမှတ်လို့။ မီလန်ကနေ နာရီဝက်ပျံရင် ရောက်တာပဲ။ ရှင်က ကားနဲ့ ပြန်လို့ ဒီလောက်အချိန်ကုန်တာ"

အက်တို သက်ပြင်းချ၏။ ရီကာက စကားဆက်သည်။

"နောက်တစ်ခုက ဆောင်းတွင်း ဒီမှာနေရတာ သိပ်ပြီးငွေ့စရာ ကောင်းတာပဲ။ ရှင်ကလည်း တစ်ချိန်လုံး ခရီးချည်း ထွက်နေတာမဟုတ်လား။ ရီကာ့အစီအစဉ်အတိုင်းဆိုရင် ကျောင်းပိတ်ရက်တိုင်း သမီးနဲ့ သွားနေလို့ရတယ်။ ရှင်လည်း သွားလို့ရတာပဲ"

ရီကာက အပိုင်ပြောပြီး နိဂုံးချုပ်လိုက်သည်။

အက်တိုက စိတ်လှုပ်ရှားစွာဖြင့်

"ဒုက္ခပါပဲ။ ဈေးမှာ တိုက်ခန်းကို ပေါင်ထားရပါတယ်လို့ ပြောပြီးပြီပဲ မိန်းမရာ။ အဲဒီတိုက်ခန်းကို ရောင်းလိုက်ရင် ရတဲ့ပိုက်ဆံ ဘဏ်ကို ထိုးဆပ်ရမှာကွ။ နောက်လည်း ချေးလို့ရတော့မှာ မဟုတ်ဘူး။ အထူးသဖြင့် ပြည်ပမှာ ပစ္စည်းဝယ်ဖို့ဆို ပိုမရသေးတယ်။

နောက်တစ်ခုက ဂျနီဗာဟာ ကမ္ဘာပေါ်မှာ ကုန်ဈေးနှုန်းအကြီးဆုံးမြို့။ မင်းပြောသလို လုပ်နိုင်တယ်ထားဦး၊ ကျဉ်းကျဉ်းကျပ်ကျပ် အခန်းကလေးက လွဲပြီး တို့ တတ်နိုင်မှာမဟုတ်ဘူး။ အဲဒီလိုနေရာမျိုးမှာ မင်းလည်း တစ်ပတ်တောင် နေနိုင်မှာမဟုတ်ဘူး"

ရီကာက ငြိမ်ပြီး စဉ်းစားနေသည်။ အချိန်ကြာမြင့်စွာနှင့် အေးဆေးစွာ တိတ်ဆိတ်နေ၏။ နောက်ဆုံး အိပ်ရာပေါ်သို့ လျှောချလိုက်ပြီး စောင်ကို မေးစေ့အထိ ဆွဲတင်လိုက်သည်။

"ကောင်းပြီလေ၊ ကျွန်မသမီးလေးအတွက် ရှင် တစ်နည်းတစ်ဖုံတော့ စဉ်းစားရလိမ့်မယ်။ ကျိုးသန့်စာစားသောက်နဲ့တော့ ကျောင်းမလွှတ်နိုင်ဘူး။ မာချက်တီလေး ဘာဖြစ်သွားတယ်ဆိုတာ ရှင် သိတယ်မဟုတ်လား။ ကျောင်းအပြင်ဘက်ကလေးမှာတင် အဆွဲခံရတာ"

ရီကာ့အသံ မြင့်လာသည်။

"ကျောင်းဝင်းတံခါးရဲ့ အပြင်ဘက်ကလေးမှာတင် ပြန်ပေးအဆွဲခံရတာ ရှင့်။ ဦးတော့ မီလန်မြို့တော်ရဲ့ နေ့ခင်းကြောင်တောင်ကြီးမှာ။ ရှင့်သမီးလေး အတွက် ဘာမှစဉ်းစားမပေးတော့ဘူးလား။ တစ်မျိုးတစ်ဖုံတော့ စီစဉ်ရမယ်ရှင့်"

"အေးကွာ... ရီကာရယ်။ အရင်ကလည်း ဒီလိုပဲ ကျောင်းလွှတ်လာတာပဲ။ မာချက်တီမိသားစုက မီလန်မှာ အချမ်းသာဆုံးမိသားစုကွ။ ပြန်ပေးသမားတွေက ငါ့လိုကောင်ရဲ့သမီးကို ဆွဲပါ့မလား"

သူ ပြောပုံဆိုပုံမှာ ခါးသီးလှသည်။ သူ့လုပ်ငန်းကိုင်ငန်းတွေ ကျဆင်းနေသည်ကို ကုန်သည်လောကတစ်ခုလုံး သိနေကြပြီဟု သူ နားလည်ထားသည် မဟုတ်လား။

ရီကာက ဘာမှအလေးမထားသလို ဆက်ပြောသည်။

"ဘယ်သူက ကျွန်မတို့အတွင်းရေးတွေကို သိမှာလဲ။ ကျွန်မတို့လည်း မာချက်တီတို့လိုပဲ နေနေတာပဲ။ သူတို့ထက်တောင် အဆင့်အတန်း မြင့်ချင် မြင့်ဦးမယ်။ အလကား ကပ်စေးနဲမိသားစု"

"မင်း နားမလည်ပါဘူး ရီကာ။ ခုဆွဲနေတဲ့ ပြန်ပေးအဖွဲ့တွေဟာ မနူးမနပ်တွေ မဟုတ်ဘူး။ အုံနဲ့ကျင်းနဲ့။ ဂိုဏ်းကြီးတစ်ခုကနေ စနစ်တကျ လက်ရွေးစင် ဒုစရိုက်သမားတွေနဲ့ လုပ်နေတာ။ သတင်းအတိအကျယူပြီးမှ လုပ်တာ။ ဒေဝါလီခံရမယ့် ကုန်သည်တစ်ယောက်ရဲ့ကလေးကို ဆွဲပြီး သူတို့ ဘယ်တော့မှ အချိန်မဖြုန်းဘူးမှတ်"

"ဒါဖြင့် ဇန်နူစီရဲ့ ကလေးကျတော့ကော"

ရီကာထောက်ပြသည့် ဇန်နူစီမိသားစုမှာ ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်းရှင်များဖြစ်သည်။ ကျပ်ကျပ်တည်းတည်းဖြစ်နေချိန်တွင် ကလေးကို အဆွဲခံရခြင်းဖြစ်သည်။

သူငယ်ကလေးမှာ နှစ်လတိတိ ပြန်ပေးဂိုဏ်း၏လက်ထဲတွင် အထိန်းသိမ်းခံခဲ့ရသည်။ ပြန်ပေးငွေကို လီရာ သန်း ၁၀၀၀ မှ သိန်း ၂၀၀ အထိ လျှော့ချပြီး ဈေးတည့်သွားသည်။ ရှိစုမဲ့စု ခြစ်ကုတ်ရောင်းချပြီး ကလေးကို ပြန်ရွေးလိုက်ရ၏။

"အဲဒါက ဒီမှာဆွဲနေကျအဖွဲ့မဟုတ်ဘူး။ မာဆေးက ပြင်သစ်တွေ ဝင်လုပ်သွားတာ။ ဇန်နူစီမိသားစုအကြောင်း သေသေချာချာမသိဘဲ အရမ်းလုပ်သွားတာ။ အလကားကောင်တွေ။ ဒါကြောင့် သူတို့ ငွေရပြီး အားလုံးမိတာပေါ့"

"ထားပါလေ၊ ဘာပဲဖြစ်ဖြစ် ကလေးကို ပြန်တော့ရပါရဲ့။ လက်တစ်ချောင်း ပြန်ပါမလာတော့ဘူး မဟုတ်လား။ ပြီးတော့ စိတ်လည်း မမှန်တော့ဘူးလေ။ ပင်တာကို ရှင် အဲဒီလို အဖြစ်ခံနိုင်သလား။ ဒါထက်ပိုပြီး ရှင် ဂရုမစိုက်နိုင်တော့ဘူးလား"

သည်အတိုင်းဆက်ပြောနေလျှင် အကြောင်းထူးမည်မဟုတ်တော့။ အက်တို စိတ်တိုလာပြီ။

တစ်ဖက်သို့လှည့်လိုက်ပြီး ရီကာ့ကို ကြည့်လိုက်သည်။ ဇောင်က ခါးလယ်ထိ လျှောကျနေ၏။ ပက်လက်အနေအထားမှာပင် သူ့ရင်သားတွေက မို့မို့မောက်မောက်၊ တင်းတင်းရင်းရင်း။

လင်တော်မောင်က သူ့ကိုစိုက်ကြည့်နေမှန်းသိတော့ ရီကာက ကိုယ်ကိုတစ်ဖက်သို့ စောင်းပစ်လိုက်သည်။ ပြီးတော့ အလေးအနက် စကားဆို၏။

"ဘာပဲဖြစ်ဖြစ်လေ ကျွန်မသမီးကို မီလန်မှာ ကျောင်းဆက်ထားရမယ်ဆိုရင်တော့ အကာအကွယ်မရှိဘဲ မထားနိုင်ဘူး"

"ဘာပြောတယ်၊ ဘာအကာအကွယ်လဲ"

"သက်တော်စောင့်ပေါ့"

"ဘာ..."

အက်တိုက ရီကာကို သူ့ဘက်သို့ ဆွဲလှည့်လိုက်ပြီး ထပ်မေးသည်။

"သက်တော်စောင့် ငှားရမယ်လေ"

ရီကာ၏မျက်နှာက တည်ငြိမ်နေ၏။ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ထားပုံလည်းရ၏။

"သမီးကို အကာအကွယ်ပေးဖို့၊ သမီးအနားမှာ အမြဲနေဖို့ပေါ့။ ရှင်ပြောတဲ့ မနူးမနပ် လူဆိုးဂိုဏ်းရဲ့ ရန်လောက်က ကာကွယ်နိုင်တယ်ဆိုရင်လည်း မဆိုးပါဘူးလေ"

ရီကာက သရော်လိုက်ခြင်းဖြစ်သည်။

အက်တိုက လက်ကာပြီး တားလိုက်သည်။ ဒုက္ခပါပဲ၊ အားလုံး ခုတ်ရာတခြား၊ ရှရာ တခြားချည်းပါကလား။

"ဒီမယ် ရီကာ၊ အဓိပ္ပာယ်မရှိတာတွေ ဘာလို့ မင်း ပြောနေတာလဲ။ သက်တော်စောင့်ငှားတယ်ဆိုတာ ဘယ်လောက်ကုန်တယ်ထင်လဲ။ ပြီးတော့ သက်တော်စောင့် ငှားလိုက်တာနဲ့ လူဆိုးဂိုဏ်းကို မျက်စပစ်ပြတာနဲ့ အတူတူပဲ၊ နားလည်လား။ အီတလီမှာ တို့ထက်ချမ်းသာတဲ့ကလေးတွေ သက်တော်စောင့်မငှားဘဲ ကျောင်းတက်နေကြတာပဲ ရီကာ"

"အို မသိဘူး၊ အဲဒီကလေးတွေဟာ ကျုပ်ကလေးတွေမဟုတ်ဘူး။ ရှင်ဟာ နေရာတကာ ငွေနဲ့ပဲ တွက်နေတယ်။ သမီးလေးရဲ့လုံခြုံမှုကိုလည်း ရှင်က ငွေနဲ့ တွက်နေတယ်"

သည်မိန်းမနားလည်အောင် ဘယ်လိုပြောရပါ့မလဲ။ အက်တို အပြင်းအထန် ခေါင်းစားပြီး ပြောဖို့စကားလုံး ရှာနေ၏။ နားမလည်နိုင်အောင်လည်း ဖြစ်နေသည်။

လေအေးအေးကလေးနှင့် သဘာဝကျကျ ရှင်းပြပြန်သည်။

"တို့ ခုနေခုက ဆွေးနွေးလာတာက ငွေရေးကြေးရေးကိစ္စကွ။ တို့မှာ ဘယ်လောက်ကျပ်တည်းနေပြီဆိုတဲ့အကြောင်းတွေ ပြောနေကြတာမဟုတ်လား။ အဓိပ္ပာယ်မရှိ ဒီအပိုကုန်မယ့်အလုပ်ကို တို့ ဘယ်မှာတတ်နိုင်မှာတုံး ရီကာ"

ရီကာက အက်တိုကို စိုက်ကြည့်လိုက်သည်။

"သမီးကလေးရဲ့ ရှေ့ရေးနဲ့ လုံခြုံရေးကို ရှင်က အဓိပ္ပာယ်မရှိအလုပ်လို့ ပြောတယ်ပေါ့၊ ဟုတ်လား။ ဒါဟာ ပန်းချီကားတစ်ချပ်ရဲ့ကိစ္စမျိုး၊ ပါတီသွားဖို့ အဝတ်အစားဝယ်တဲ့ ကိစ္စမျိုး မဟုတ်ဘူးရှင့်။ အေဒီရောစ်တို့၊ ကာရိုလိုင်းတို့၊ မိသားစုအားလုံး သူတို့ကလေးတွေအတွက် သက်တော်စောင့်တွေ ငှားထားကြပြီ"

အင်း... လက်စသတ်တော့ ဒီလိုကိုး။ ပင်တာအတွက်က နည်းနည်း၊ မီလန်တွင် ခေတ်စားနေသည့် ဖက်ရှင်တစ်မျိုးအတွက် ရီကာ တိုက်ပွဲဆင်နေခြင်းပါတကား။ အသိုက်အဝန်းတွင် ရီကာဆိုသည့် အမျိုးသမီးသည် တန်းတူရည်တူမှမနေရလျှင် မနေနိုင်သည့် မိန်းမမျိုးဖြစ်သည်။

"ဒီအကြောင်း နောက်မှဆွေးနွေးကြတာပေါ့ကွာ"

ရီကာက ကျေနပ်သွားသလို အကြောဆန့်လိုက်သည်။

"ရီကာ သိပါတယ်။ ငွေရေးကြေးရေးကိစ္စ မပြေလည်ဘူးဆိုတာလေ။ ဒါပေမဲ့ သူ့ဟာနဲ့သူ ဖြစ်သွားမှာပါ။ ရီကာက သမီးလေးကိစ္စပဲ ရှေ့တန်းတင်နေလို့ပါ"

ခေါင်းညိတ်လိုက်ရသည်။ မျက်လုံးတွေကို မှေးထားလိုက်သည်။ ရီကာ စကားဆက်၏။

"ဗစ်ကိုနဲ့ သွားဆွေးနွေးမယ် မဟုတ်လားဟင်။ သူ ဒီကိစ္စမျိုးတွေမှာ ကျွမ်းပါတယ်။ သူနဲ့ညှိပြီးမှ လူတွေ လုပ်ကြရတာမဟုတ်လား"

အက်တို့မျက်လုံးတွေ ပွင့်လာသည်။ ဖျက်ခနဲ လှမ်းမေးလိုက်သည်။

"မင်း ဒီအကြောင်း သူ့ကို ဖွင့်ပြောလိုက်ပြီလား"

"အို... ဘယ်ကလာ၊ ဒါပေမဲ့ မနေ့က နေ့လယ်စာစားရင်း ဂျီနာက ပြောတယ်။ အေရက်စ်ဒို တို့လည်း ဗစ်ကိုနဲ့ ဆွေးနွေးပြီးမှ သက်တော်စောင့် ငှားတာတဲ့။ သူ့မှာ အဆက်အသွယ်တွေ အများကြီးရှိတယ်တဲ့။ သူတို့ဟာ ရီကာ

တို့ရဲ့ မိတ်ဟောင်းဆွေဟောင်းတွေပဲ အက်တိုရယ်။ ရှင်ပဲ ပြောပြောနေတယ် မဟုတ်လား၊ သူဟာ အတော်ဆုံးရှေ့နေကြီးဆို"

အက်တိုက ထွက်ပေါက်ကို စဉ်းစားနေသည်။ ဗစ်ကိုကသာ ဒီကိစ္စကို အရှုံးမထသင့်ကြောင်း ပြောလျှင် ရီကာ နားထောင်လိမ့်မည်ထင်သည်။

မီးခလုတ်လှမ်းပိတ်လိုက်တော့ ရီကာက သူ့နောက်ကျောကို အက်တိုနှင့် ထိသည့်တိုင် တိုးလာသည်။

"ဗစ်ကိုနဲ့ ဆွေးနွေးမယ်မဟုတ်လားဟင်"

"အင်းပါ၊ ဆွေးနွေးပါမယ်"

ရီကာက တိုးသည်ထက် တိုးကပ်လာသည်။ အချစ်မာယာဖြင့် မိမိလိုသည်ကို အရယူနိုင်ခဲ့ပြီမဟုတ်လား။ ဂျနီဗာကိစ္စမှာ သက်သက်ခြိမ်းခြောက်လိုက်ခြင်းဖြစ်၏။ ကြီးမားသော အန္တရာယ်ကို ကာကွယ်နေခိုက်တွင် အသာကလေး ဝင်ပြီး ပူးသတ် လိုက်ခြင်းဖြစ်၏။ ရာသီဥတုကော လူတွေပါ အေးစက်လွန်းသည့် ဆွစ်ဇာလန်လို တိုင်းပြည်တွင် ဘယ်သူနေချင်ပါမည်နည်း။

တစ်ဖက်သို့လှည့်၍ လင်တော်မောင်ကို စမ်းလိုက်သည်။ အက်တိုမှာ လုံးဝအိပ်ပျော်နေလေပြီ။

□

## (၂)

ဂိုက်ဒိုအေရယ်လီယိုက 'ငြိမ်းချမ်းရေး' တည်းခိုခန်း၏ မျက်နှာစာကွက်လပ်ဆီသို့ အသာကလေး ချဉ်းကပ်သွားသည်။ လူတစ်ယောက်ထိုင်နေသည်ကို မသဲမကွဲ မြင်ရ၏။ အချိန်မှာ နံနက်စောစော။ နေထွက်ချိန်ဖြစ်သော်လည်း ပင်လယ်ကွေ့၏ ဟိုမှာဘက်ဆီမှ တောင်တန်းများကို နေရောင်ခြည်က မကျော်ဖြတ်နိုင်သေး။ ထိုင်နေသူကို သဲသဲကွဲကွဲမြင်နိုင်အောင် ခဏတော့ စောင့်ရပေဦးမည်။ သူနှင့် မျက်နှာချင်းမဆိုင်ခင် သေသေချာချာ ကြည့်လိုသေးသည်။

အမေ့အိမ်မှာအိပ်နေတုန်း ပီထရိုဖုန်းဆက်တော့ သန်းခေါင်ပင် ကျော်နေပြီ။ ခရေစီဆိုသူ လူစိမ်းတစ်ယောက် ရောက်နေကြောင်း သတင်းပို့လာခြင်း ဖြစ်၏။

ဂိုက်ဒိုက လူစိမ်း၏ သဏ္ဍာန်ကို ပြက်ပြက်ထင်ထင် မြင်ရသည်အထိ အသာစောင့်ကြည့်နေ၏။ ခရေစီတစ်ယောက် ငါးနှစ်အတွင်း အများကြီးပြောင်းလဲ သွားပါပကော။ လွန်ခဲ့သည့် နှစ်လောက်က သူ့အကြောင်းကို သဲ့သဲ့ကြားလိုက်ရ သေးသည်။ အဖက်ဖက်က ကျဆင်းနေပြီး အရက်သမားကြီးလုံးလုံး ဖြစ်နေပြီတဲ့။

ဟုတ်လောက်သည်။ သူ့ရှေ့မှ ပုလင်းမှာ အခွံသာကျန်တော့၏။ ကုလားထိုင်ပေါ်တွင် အရုပ်ကြိုးပြတ် ထိုင်ပြီး အိပ်ငိုက်နေသည်။ ဝေးလံနေသည့် မျက်ခွံများကို ပင့်ပြီး တောင်တန်းတွေကို ငေးကြည့်နေ၏။ တဖြည်းဖြည်းနှင့် မျက်နှာ လှည့်လာသည်။ သည်တော့မှ ဂိုက်ဒိုက အမှောင်ရိပ်မှ ထွက်လာ၏။

"ဟဲလို၊ ခရေစီ"

"ဟေး၊ ဂိုက်ဒို"

နှစ်ယောက်သား ပြိုင်တူဖက်ပြီး ဝမ်းသာအားရ နှုတ်ဆက်ကြသည်။ တစ်ဦးကိုတစ်ဦး တော်တော်နှင့် မလွှတ်ကြ။

ဂိုက်ဒ်က ကော်ဖီသောက်မလားဟု မေးတော့ ခရေစီ ဆိုသည့် လူကြီးက ခေါင်းညိတ်သည်။ သူ့ထက် အသက်ကော အရပ်ပါ ငယ်ရွယ်သည့် ဂိုက်ဒ်အား မလွှတ်သေးဘဲ မျက်နှာကို သေသေချာချာ ငုံ့ကြည့်နေသည်။ ပြီးမှ သူ့လက်တွေကို ဖြေပေးလိုက်သည်။

ဂိုက်ဒ်က ကော်ဖီဖျော်နေရင်း အလွန်အမင်း စိတ်လှုပ်ရှားနေသည်။ ကြားရသည့်သတင်းမှာ မှန်နေပြီကော။ သူ့ကိုကြည့်ရသည်မှာ ပစ်စလက်ခတ် ဖြစ်နေသည့်ပုံ။ သူသိသည့် ခရေစီမှာ သည်လိုလူစားမျိုး မဟုတ်။ သူ့ကိုယ်သူ အလွန်ထိန်းသူဖြစ်၏။ ကျန်းမာရေးကို အမြဲဂရုစိုက်၏။ အနေအထိုင် စနစ်ကျ၏။ ဩော်၊ ဂျူလီယာဆုံးပြီးကတည်းက မတွေ့ကြတာပါတကား။

တစ်ရံရောအခါက ခရေစီသည် လူချောလူဖြောင့်တစ်ယောက်ဖြစ်သည်။ သူတို့နှစ်ယောက် သိကျွမ်းခဲ့သည်မှာ နှစ်ဆယ့်သုံးနှစ်ရှိခဲ့ပြီ။

ဘယ်တော့ကြည့်လိုက်ကြည့်လိုက် ခရေစီသည် စတွေ့ခါကအရွယ်ကထက် ပိုပြီးကြီးလာသည်ဟု မထင်ရ။ လေးဆယ်က ကျော်သည်ဟု ဘယ်တော့မှ မထင်ရ။ အင်း၊ သူ့အသက် ငါးဆယ်အတွင်းကို ဝင်နေပြီပဲ။ ဒီငါးနှစ်အတွင်း ဘယ်လိုဖြစ်ပြီး သူ ဒါလောက်ကျသွားပါလိမ့်။

နောက်ဆုံးတစ်ခေါက် သူလာတုန်းက နှစ်ပတ်နေသွားခဲ့သည်။ ခါတိုင်းလိုပင် စကားသိပ်မပြော။ သို့သော် သည်လိုတိတ်ဆိတ်နေမှုက ဂိုက်ဒ့်ကို အားတက်စေ၏။ သူရောက်လာတိုင်း ပြတ်နေသည့် သံကြိုးကို ကွင်းဆက်လိုက်သလို ခံစားရ၏။

မြို့ကို ပတ်လည်ဝိုင်းထားသည့် တောင်တန်းများပေါ်တွင် နေလုံးကြီး ဘွားခနဲ ပေါ်လာသည်။ 'နေပယ်' မြို့သည် အိပ်ရာမှ နိုးစပြုပြီ။ ပင်လယ်ကွေ့ထဲတွင် စစ်သင်္ဘောကစ်စီး ကျောက်ချထားသည်။ စစ်သင်္ဘော၏ ကိုမှာဘက်တွင် ရောမပင်လယ်ကူးသင်္ဘောကြီး ထွက်စပြုနေ၏။ ဂိုက်ဒ်က ကော်ဖီပန်းကန်ကို စားပွဲပေါ်တင်ပြီး ငုံ့သည်။ နှစ်ယောက်သား ငြိမ်သက်စွာ ကော်ဖီသောက်ရင်း ရှုခင်းကို ငေးနေကြ၏။

ခရေစီက ငြိမ်သက်ခြင်းကို စတင်လှုပ်နိုးလိုက်သည်။

"ငါရောက်လာတာ မင်း အလုပ်ပျက်နေပြီလား"

ဂိုက်ဒိုက မဲ့ပြုံး ပြုံးလိုက်သည်။

"ကျွန်တော့်မှာ ဘာမှအလုပ်ပျက်စရာမရှိပါဘူး ခရေစီ။ အမေ နေမကောင်းတာလည်း ဖြစ်နေကျရောဂါပါ"

"ဒါဆိုရင် မင်း လာခဲ့ဖို့မကောင်းဘူး"

ဂိုက်ဒိုက ခေါင်းခါပြီး

"အီလီယို ဒီမနက်ပဲ မီလန်က ပြန်လာမှာပါ။ ကျွန်တော် သွားနိုင်ပါတယ်။ ဘာဝေးတာမှတ်လို့။ မိနစ်လေးဆယ်လောက်ပဲ မောင်းရတာပါ ခရေစီ"

"အီလီယိုတစ်ယောက် အခြေအနေကောင်းရဲ့လား"

"ကောင်းပါတယ်၊ မနှစ်ကတည်းက သူ့ကို အစုစပ်ပါခွင့် ပေးလိုက်တယ်လေ။ ကလေးတစ်ယောက် ထပ်ရတယ်။ ယောက်ျားလေးဗျ"

နှစ်ယောက်သား ငြိမ်သွားပြန်သည်။ အရုပ်ဆိုးသော ငြိမ်သက်ခြင်းမျိုး မဟုတ်။ စကားဆက် စကားထောက်၊ မလိုအပ်သည့် မိတ်ကောင်းဆွေကောင်း၊ မိတ်ဟောင်းဆွေဟောင်းအချင်းချင်းသာ နားလည်နိုင်သည့် ဆိတ်ငြိမ်မှုမျိုး။ ဂိုက်ဒို စကားပြန်စတော့ ပင်လယ်ကူးသင်္ဘောကြီး မိုးကုတ်စက်ဝိုင်းကို ဖြတ်ကျော် ပျောက်ကွယ်လုပြီ။

"ကဲ… ခင်ဗျား ခရီးပန်းလာတယ် ခရေစီ၊ ကျွန်တော် အိပ်ရာပြင်လိုက်မယ်"

ခရေစီက ထရပ်လိုက်သည်။

"မင်းကော၊ မင်းလည်း မအိပ်ရသေးဘူးမဟုတ်လား ဂိုက်ဒို"

"ကျွန်တော် နေ့ခင်းကျမှပဲ ခဏမှေးတော့မယ်။ ဒီတစ်ခေါက် ဘယ်လောက်ကြာကြာနေမလဲ ခရေစီ"

ခရေစီက ပခုံးတွန့်လိုက်ပြီး

"ငါ့မှာ ဘာအစီအစဉ်မှမရှိဘူး ဂိုက်ဒို။ ဘာတာဝန်မှလည်း မရှိဘူး။ မင်းကို တွေ့ချင်လို့ရယ်၊ မင်းရဲ့အခြေအနေကို သိချင်လို့ရယ်ကြောင့် ငါ လာခဲ့တာ"

ဂိုက်ဒိုက ခေါင်းညိတ်လိုက်ပြီး

"ကောင်းပါလေ့ဗျာ၊ ကျွန်တော်တို့ မတွေ့ရတာကြာပြီပဲ။ ခင်ဗျား ဘာတွေလုပ်နေသေးလဲ"

"ငါ ဘာမှမလုပ်တာ ခြောက်လရှိပြီ။ ခု ငါ ကော်စီကန်က လာခဲ့တာ"

သူတို့နှစ်ယောက် တံခါးပေါက်ဆီသို့ လျှောက်လာရင်း စကားပြောလာကြခြင်းဖြစ်၏။ ဂိုက်ဒိုက အံ့ဩသလို တုံ့ခနဲ ရပ်လိုက်ပြီး အမူအရာဖြင့် မေးခွန်းထုတ်လိုက်သည်။

ခရေစီက ပခုံးတွန့်ပြလိုက်ပြန်သည်။

"ဘာကြောင့်လဲလို့ ငါ့ကို မေးမနေနဲ့တော့ ဂိုက်ဒို။ ငါ ဘယ်သူ့ဆီမှလည်း မဝင်ခဲ့ဘူး။ မာဆေးကနေ ဗြန်းစားကြီး စိတ်ကူးပေါက်တာနဲ့ ကူးတို့သင်္ဘောပေါ် တက်လိုက်သွားတာပဲ"

ဂိုက်ဒိုက ပြုံးလိုက်သည်။

ခရေစီက ပြန်ပြုံးလိုက်၏။

"ကဲ နောက်မှပြောကြတာပေါ့ကွာ၊ ငါ့ကို အိပ်ရာဆီ အရင်ပို့ပါဦး"

*

ဂိုက်ဒိုက ပီထရီ ဈေးအပြန်ကို မီးဖိုချောင်ထဲမှာ ထိုင်စောင့်နေသည်။ ငြိမ်းချမ်းရေးစားတော်ဆက်မှာ တည်းခိုခန်း ခြောက်ခန်းရှိသည်။ သို့သော် လူက ပြတ်သည်မရှိ။

နေ့လယ်စာနှင့် ညစာ စားချိန်မှာ ဝင်ငွေအကောင်းဆုံးအချိန်ဖြစ်သည်။ ဂျူလီယာစခဲ့သည့် အလုပ်ဖြစ်သည်။ စဖွင့်ကတည်းက တစ်ဟုန်ထိုး နာမည်တက်လာခဲ့သည်။

ဂျူလီယာ၏ ယုန်သားပေါင်းမှာ ပြောစမှတ်ဖြစ်လောက်အောင် လူကြိုက်များလာသည်။ တစ်နယ်လုံးတွင် အကောင်းဆုံးဟင်းလျာအဖြစ် အသိအမှတ်ပြုလာကြသည်။ ဂျူလီယာဆုံးပြီးတော့ ဂိုက်ဒိုက မီးဖိုဆောင်ကို ဆက်ဝင်သည်။ နာမည်မကျဘဲ ဆက်လက်အောင်မြင်နေသည့်အတွက် သူ့ကိုယ်သူပင် အံ့ဩနေမိသည်။

ဂိုက်ဒိုက ခရေစီအား ဘယ်လိုကြောင့် သည်မျှပြောင်းလဲသွားသ ည်ကို နားမလည်နိုင်အောင် ဖြစ်နေ၏။ ခရေစီသည် နားလည်ရခက်သူတစ်ယောက်ဖြစ်၏။ သို့သော် သူ့ကို နားအလည်ဆုံးမှာ ဂိုက်ဒိုတစ်ယောက်သာရှိသည်။ အမျိုးသမီးကိစ္စများ ဝင်လာသလားမသိ။ သူသိသလောက်တော့ မိန်းမတွေကို ခရေစီ ဘယ်တော့မှ အလေးအနက်မထားတတ်။

လွန်ခဲ့သည့်နှစ်ပေါင်း နှစ်ဆယ်ကျော်ကတည်းက အလေးအနက် မထားတတ်ခြင်းဖြစ်၏။ အယ်လ်ဂျီးယားစ်တွင်ဖြစ်သည်။ ပြင်သစ်သူနာပြုဆရာမလေး။ သည်တစ်ယောက်ကိုတော့ သူ စွဲစွဲလမ်းလမ်းဖြစ်နေပြီထင်ခဲ့၏။ သုံးလလောက်သာ တွဲပြီး ခွာပြသွားကြသည်။

ဆရာမလေး မှတ်ချက်ချသည်ကို ကြားယောင်နေမိသည်။

"ကျွန်မတော့ အခန်းတံခါးကို သော့အမှားနဲ့ ဖွင့်မိသလို ဖြစ်နေပြီ။ သော့ပေါက်ထဲကိုတော့ သော့တံဝင်ပါရဲ့။ ဒါပေမဲ့ ဖွင့်လို့မရဘူး" တဲ့။

သည်အကြောင်း သူ့ကိုပြန်ပြောတော့

"သော့ခလောက်က သံချေးတက်နေလို့ ဖြစ်မှာပေါ့ကွာ" တဲ့လေ။

မိန်းမကိစ္စနဲ့ ပြင်းပြင်းထန်ထန် အသည်းကွဲခဲ့ဖူးလေသလား မသိ။

ဂိုက်ဒိုက သူ့အခန်းထဲတွင် ခရေစီကို သိပ်ထားလိုက်သည်။ ၁၀ မိနစ်ခန့်အကြာတွင် အခန်းထဲသို့ ဝင်ကြည့်သည်။ တစောင်းအနေအထားဖြင့် အောက်ပိုင်းကို စောင်လွှမ်း၍ အိပ်မောကျနေသော ခရေစီကို သေသေချာချာ ကြည့်မိသည်။ သူ့ခန္ဓာကိုယ်မှာ အပုံကြီး ချုံးကျသွားသည်။ အမာရွတ်ကြီးတွေက ပခုံးကအတိုင်းပင်။ ကျောမှ ဝမ်းဗိုက်အထိ ပတ်၍ဝင်နေသော အရှိုးရာကြီးတွေမှာ သေရာပါမည့် ဒဏ်ရာများဖြစ်သည်။ ဘယ်ဘက်နံရိုးအောက်တွင် ကျည်ဆန်ရာတွေက ချိုင့်ဝင်နေ၏။ လက်ဖျံတွေမှာ မီးလောင်ခံထားရသည့်အတွက် မြင်မကောင်းရှုမကောင်း။

စောင်ခြုံအောက်မှ ပေါင်တစ်ဖက်တွင်ရှိသည့် အမာရွတ်ကြီးကိုလည်း မြင်ယောင်နေမိ၏။ ဒူးခေါင်းမှ ပေါင်ရင်းအထိ ဖြစ်ကတတ်ဆန်းချုပ်ထားသည့် ကြောက်မက်ဖွယ်ဒဏ်ရာကြီးဖြစ်သည်။ မျက်နှာပေါ်မှ အမာရွတ်ကတော့ ဆံပင်အစပ်မှ မျက်ခုံးကိုဖြတ်ပြီး ပါးပြင်ပေါ်အထိ။ ချုပ်ရိုးကောင်းသဖြင့် အကြည့်ရမဆိုးလှ။ ဘယ်ဘက်မေးရိုးပေါ်တွင်လည်း ခပ်ငယ်ငယ် အမာရွတ်တစ်ခု။

သည်အမာအရွတ်အားလုံးသည် ဂိုက်ဒိုနှင့် ရင်းနှီးပြီးသားများဖြစ်၏။ သည်အမာရွတ်များ၏ သမိုင်းကြောင်းများကိုလည်း ဂိုက်ဒို ချေးခါးအူမ သိ၏။ အိပ်ပျော်နေသူ ထိုလူကြီး၏ တစ်ကိုယ်လုံးမှ အမာရွတ်ကြီးများမှာ ကြက်သီးမွေးညင်း ထဖွယ်ဖြစ်၏။ သို့ရာတွင် ထိုလူကြီးကတော့ သူ့အမာရွတ်တွေကို လုံးဝမမှု။ ရှိလေသည် မထင်။

ပီထရီ ဈေးခြင်းနှစ်ခြင်းဖြင့် ပြန်ရောက်လာသဖြင့် ဂိုက်ဒို အတွေးပြတ်သွားသည်။ သူ့ဆရာ ဂိုက်ဒိုကိုမြင်တော့ ပီထရီ တအံ့တသြဖြစ်သွားသည်။ ဈေးခြင်းတောင်းများကို စားပွဲပေါ် လှမ်းတင်ရင်း

"ကျွန်တော်က ဆရာ့ကို နေ့လယ်ပိုင်းမှ လာမယ်ထင်နေတာ"

ဂိုက်ဒိုက မတ်တတ်ထပြီး ဈေးခြင်းတောင်းကို ငုံ့ကြည့်ပြီး

"ငါ့မိတ်ဆွေဟောင်းကြီးလေ"

ပီထရီက အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များကို သူ့ဆရာရှေ့တွင် အစစ်ဆေးခံဖို့ စားပွဲပေါ် သွန်ချနေသည်။

"ဆရာ့အမေ နေမကောင်းဖြစ်နေတာကိုထားခဲ့ပြီး အပြေးအလွှား လိုက်လာရလောက်အောင် အရေးကြီးတဲ့ မိတ်ဆွေမျိုးလား ဆရာ"

"အေး တချို့မိတ်ဆွေတွေက အရေးကြီးတယ်။ ခု သူ အိပ်ပျော်နေပြီ။

*

ပီထရီဆိုသည့် ချာတိတ်က ခပ်ဆန်းဆန်း။

ဂိုက်ဒိုထံတွင် သူ အလုပ်လုပ်ခဲ့သည်မှာ လေးနှစ်ရှိခဲ့ပြီ။ ကားဘီးအဖုံး ဖြုတ်နေခိုက် မိသွားပြီး ဂိုက်ဒို၏ကြိမ်ဒဏ်ကို မရှုမလှခံလိုက်ရသည်။ ဘယ်မှ သွားစရာမရှိဘဲ ယောင်လည်လည်ဖြစ်နေသဖြင့် ဂိုက်ဒိုက ပြန်လက်ခံထားလိုက်ရ၏။

ဂိုက်ဒိုတစ်ယောက် သူ့အရွယ်တုန်းက သူ့လိုဘဝမျိုးပင် ဖြတ်သန်းကျော်လွှားခဲ့ရသည်ကို ပီထရီ လုံးဝမသိ။ သိစရာလည်း အကြောင်းမရှိပါချေ။

ဂိုက်ဒိုက ချာတိတ်ကို လုံးဝမျက်နှာသာမပေး။ ပီထရီကလည်း လစ်လျှင်လစ်သလို။ ပြီးတော့ ပြောင်စပ်စပ်။ တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ်တော့ရှိကြ၏။ သို့သော် ဘယ်သူမှ ထုတ်မပြကြ။ ပီထရီသည် တဖြည်းဖြည်းနှင့် ဂိုက်ဒို၏ ညာလက်ရုံးဖြစ်လာသည်။ အသက်ကြီးပြီဖြစ်သည့် စားပွဲထိုးကြီးနှစ်ယောက်နှင့် ငြိမ်းချမ်းရေးစားတော်ဆက်ကို သူတို့ ကောင်းကောင်းကြီးလည်ပတ်နိုင်သည်။

ပီထရီသည် ဆရာလုပ်သူ ဂိုက်ဒို၏အကြောင်း များများစားစား မသိပေ။ ဂိုက်ဒို၏အမေ တစ်ခါတလေ လာပြီး နေလေ့ရှိသော်လည်း လွန်ခဲ့သည့် ငါးနှစ်ကကွယ်လွန်သည့် သူ့ဆရာကတော် ဂျူလီယာအကြောင်းနှင့် မီလန်အိမ်အကြောင်းများကိုသာ ပြောပြီး ဂိုက်ဒိုနှင့်ပတ်သက်၍ကား အဘွားကြီး စကားစလေ့ မရှိ။

သူ့ဆရာသည် ပြင်သစ်စကားကို ရေရေလည်လည်ပြောတတ်ပြီး အင်္ဂလိပ်နှင့် အာရဗီစကားကိုလည်း အထိုက်အလျောက်ပြောနိုင်သည်ကို သိထား၏။ ကမ္ဘာအနှံ့ ခရီးသွားဖူးသူဟုလည်း သူ ယုံကြည်ထားသည်။ သို့သော် ပီထရိုက ဘယ်တော့မှ မေးခွန်း မေးလေ့မရှိ။ ဂိုက်ဒို၏နှုတ်ဆိတ်မှုက သူ၏ စပ်စုလိုစိတ်ကို ဟန့်တား ထား၏။

ထို့ကြောင့် ယခုရောက်လာသည့် ညှို့သည်လူကြီးအကြောင်းကို ဘာမှ မမေးရဲဘဲ စိတ်ထဲတွင် ကျိတ်၍ နားမလည်ဖြစ်နေ၏။ သန်းခေါင် ခေါင်းလောင်း ထိုးပြီးစတွင် ရောက်လာသည့် ထိုလူကြီးကို သူ့ဆရာ စောစောပြန်လာသည်ဟုပဲ ပီထရိုက ထင်လိုက်၏။ ဆိုင်ရှေ့မီးရောင်တွင် ဧရာမလူကြီးကို မြင်လိုက်တော့မှ သူ လန့်သွားသည်။

"ဂိုက်ဒိုရှိလားဟေ့"

သူ့အသံက အီတလီမြောက်ပိုင်းအသံဝဲဝဲ။ ခေါင်းခါပြလိုက်တော့

"သူ ဘယ်တော့ပြန်လာမှာလဲ"

ပခုံးတွန့်ပြလိုက်သည်။ လူကြီးက သူ့ကို ဂျစ်ကန်ကန်ဆက်ဆံသည့်အတွက် မအံ့သြသလိုနဲ့။

"ငါ သူ့ကို စောင့်မယ်"

ပြောပြောဆိုဆို ချာတိတ်ကို အသာဖယ်ပြီး အတွင်းသို့ ဝင်လိုက်သည်။ ဘာလုပ်ရမှန်းမသိဖြစ်နေပြီးမှ ပီထရိုက သူ့နောက်သို့ လိုက်သွားသည်။ စိတ်ထဲက မကျေနပ်။ သို့သော် မမေးရဲ။ ထိုလူကြီးက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင် နေသည်။ မြို့ရှုခင်းကို သူက ငေးကြည့်နေ၏။

"ဘာသုံးဆောင်မလဲခင်ဗျာ"

"ဝီစကီပုလင်းလိုက်ရှိရင် ပုလင်းလိုက်ယူခဲ့"

ဝီစကီတစ်ပုလင်းနှင့် ဖန်ခွက်တစ်ခွက်ယူလာပြီး ချပေးလိုက်၏။ ပီထရိုက တစ်ချက် တွေခဉ်းစားပြီး ညှို့သည်လူကြီး၏နာမည်ကို မေးလိုက်သည်။

"ခရေစီတဲ့၊ မင်းနာမည်ကကော"

"ကျွန်တော့်နာမည် ပီထရိုပါ။ ဂိုက်ဒိုဆီမှာ ကျွန်တော် အလုပ်လုပ်တာပါ"

လူကြီးက ဝီစကီ ငှဲ့သည်။ တစ်ကျိုက် မော့သောက်လိုက်ပြီး ချာတိတ်ကို ဖျတ်ခနဲ လှမ်းကြည့်သည်။

"ကဲ... မင်းသွားအိပ်တော့။ မင်းပစ္စည်း ဘာမှမပျောက်စေရဘူး။ စိတ်ချ"

ပီထရိုက အောက်သို့ဆင်းလာခဲ့ပြီး ညဥ့်နက်သန်းခေါင်တွင် ဂိုက်ဒို၏ အမေ့အိမ်သို့ ဖုန်းဆက်လိုက်သည်။

"ကောင်းပြီ၊ မင်းအိပ်တော့။ ငါ စောစောပြန်လာခဲ့မယ်" ဟု ဂိုက်ဒို အမိန့်ပေးမှ သူ စိတ်ချလက်ချ အိပ်ရဲတော့သည်။

*

ဆရာ တပည့် နှစ်ယောက် နေ့လယ်စာ ချက်ပြုတ်နေကြစဉ်

"အဲဒီလူကြီးက အမေရိကန်ကွ" ဟု ဆိုတော့ ပီထရို တအံ့တသြ ဖြစ်ရပြန်သည်။

"ဒါပေမဲ့ သူပြောတဲ့ အီတလီစကားက တကယ်ပီတာပဲဆရာ။ နေပယ်လ်သံပေါက်နေတာပဲ"

ဂိုက်ဒိုက ခေါင်းညိတ်လိုက်၏။

"ငါသင်ပေးထားတာ"

ပီထရို နောက်ထပ်အံ့သြရပြန်သည်။ သူ့ဆရာ ဂိုက်ဒိုတစ်ယောက် စကားတွေဖောင်လောက်အောင် ပြောနေခြင်းကြောင့်ဖြစ်၏။

"ငါတို့ ကြေးစားတပ်ဖွဲ့ထဲမှာ အတူတူနေခဲ့ကြတာပေါ့။ လွန်ခဲ့တဲ့ ရှစ်နှစ်လောက်ကမှ ကွဲသွားကြတာ။ ငါ အိမ်ထောင်ကျပြီး နောက်ပိုင်းပေါ့"

"ဗျာ၊ ကြေးစားတပ်ဖွဲ့၊ ဟုတ်လား"

"ဟုတ်တယ်၊ ပြင်သစ်ကြေးစားတပ်ဖွဲ့ပေါ့"

ပီထရိုတစ်ယောက် ရင်တွေခုန်နေပြီ။ ပြင်သစ်ကြေးစားတပ်ဖွဲ့ဆိုသည်မှာ ကြောက်စရာကောင်းလှသည့် ဝရမ်းပြေးတွေ တရားလက်လွတ် ဖွဲ့စည်းထားသည့် တပ်ဖွဲ့ဟူ၍သာ နားလည်ထားသည်မဟုတ်လား။ ရင်ခုန်ခြင်းနှင့်အတူ သိချင်ကြားချင်စိတ်ကို ချာတိတ်က မဖုံးကွယ်နိုင်တော့။ ဂိုက်ဒိုက သဘောကျပြီး ပြုံးလိုက်၏။

"၁၉၅၅ ခုနှစ်မှာ ငါဝင်တာပေါ့။ မာဆေးမှာ ဝင်တာကွ"

ဟင်းရွက် လှီးနေရာမှ ရပ်လိုက်သည်။ ခံစားမှုမရှိသလို နေလေ့ရှိသည့် သူ့ဆရာ၏ ကျောက်ရုပ်မျက်နှာသည် သိမ်မွေ့နေသလို ထင်ရ၏။

ငါ အဲဒီတပ်မှာ ခြောက်နှစ်တိတိ အမှုထမ်းခဲ့တယ်။ မင်းတို့ထင်သလို

ဘယ်တုန်းကမှ မဟုတ်ခဲ့ပါဘူးကွာ။ အဲဒီအချိန်တွေဟာ ငါ့ဘဝမှာ အပျော်ဆုံး အရှိဆုံး အချိန်တွေပေါ့"

တပည့်ကျော် ပီထရို စိတ်ဝင်စားနေခြင်းနှင့် ခရေစီ ရောက်လာခြင်းတို့ကြောင့် ၁၉၄၅ ခုနှစ်ဆီမှ အတိတ်ကို ဂိုက်ဒို ပြန်လည်မြင်ယောင်လာသည်။

အဖေက အာဖရိကမြောက်ပိုင်းတွင် ကျဆုံးသဖြင့် ၁၁ နှစ်သား ဖတဆိုးကလေး ဘဝ။ ၆ နှစ်ရွယ် ညီကလေးက ဆာလောင်မွတ်သိပ်မှုဒဏ်ကြောင့် တငိုငိုတကျည်ကျည်။ ခပ်သိမ်းသော ဝေဒနာတို့ကို ဘုရားသခင်ထံတွင် ဆုတောင်းခြင်းကလွဲ၍ ဘာမှမလုပ်တတ်ရှာသော မိခင်။

ဂိုက်ဒိုကတော့ မိခင်လို သက်ဝင်ယုံကြည်ခြင်း မရှိလှ။ ကီလိုမီ ဘာ ငါးဆယ်ဝေးသော နေပယ်လ်သို့ ခြေကျင်လျှောက်သည်။ နေပယ်လ်တွင် အမေရိကန်တွေရှိသည်မဟုတ်ပါလား။ အမေရိကန်တွေဆီမှာ အစားအသောက်ပေါသည်လေ။

ဧရာမသူတောင်းစားတပ်ဖွဲ့ကြီးတွင် သူ ဝင်လုံးလိုက်၏။ သို့သော် သူက အခြားကလေးများနှင့်မတူ။ ဉာဏ်ထက်သည်။ ရဲရင့်သည်။ တောင်းလို့မရလျှင် သူက ခိုးသည်။

မကြာမီအချိန်အတွင်း သူ့အခြေအနေ တိုးတက် တည်ငြိမ်လာတော့၏။ အိပ်စရာနေရာ ရသည်။ ရေမြောင်းပျက်ကြီးတစ်ခု။ ဘဝတူ သူခိုးတေလေကလေးတစ်ဒါဇင်လောက်ထဲတွင် အမေရိကန်တွေအကြောင်းကို သူက အသိဆုံး။ ဘယ်အချိန်တွင် သည်လူကြီးတွေ အညာလွယ်တတ်ပြီး ဘယ်အချိန်တွင် အပေးအကမ်းရက်ရောတတ်သည့်အကြောင်း။

သူတို့စားသောက်နေကျ စားပွဲရုံ၊ သူတို့မူးနေကျ အရက်ဆိုင်၊ သူတို့ပျော်ပါးနေကျ ဆောင်ကြာမြိုင်တွေကို သူက အားလုံးသိထားသည်။ တောင်းလို့အကောင်းဆုံးအချိန်မှာ သူတို့မူးနေချိန် အလွန် သဒ္ဓါဒေးဝ ရှိကြသည်။ ခိုးလို့အကောင်းဆုံးအချိန်ကတော့ သူတို့တစ်တွေ ကာမစိတ်မွှန်ပြီး သောင်းကျန်းကြချိန်။ သူတို့ ဘာကိုမှ သတိမရကြတော့"

တစ်ပတ်တစ်ခါ အိမ်သို့ ရိက္ခာပြန်ပို့နိုင်သည်။ အသားဘူးတွေ၊ ငွေတွေ။ ညီလေးဖြစ်သူ အီလီယို ဂျီမကျတော့။ အမေ့အတွက်ကတော့ ဆုတောင်းသံကို ဘုရားသခင် ကြားတော်မူပြီ။

အူမ မတောင့်သည့်အခါ သီလမစောင့်နိုင်ကြပေ။ ဂိုက်ဒိုသည် အမေ

ရှိရာသို့ ပြန်နေဖို့ စိတ်မကူးတော့။ နေပယ်လ်သည် သူ၏ ဘဝတက္ကသိုလ်။ သူ့ထမင်းအိုး။ ပြီးတော့ သူ့အနာဂတ်၏ မိုးကုပ်စက်ဝိုင်း။

ပထမတော့ အသက်ရှင်နေနိုင်အောင် ကြိုးစားသည်။ ထက်မြက်သည့် သူ့အသိဉာဏ်က ရှေ့တစ်ဆင့်တက်ဖို့ စေ့ဆော်ပေးသည်။ ၁၅ နှစ်သား အရွယ်တွင် ဂိုဏ်းဖွဲ့၍ ခိုးတတ်လာသည်။

ကလေးဘဝသည် ဘယ်လိုကုန်ဆုံးသွားသည် မသိလိုက်။ ကလေးတွေ ကစားနည်းကို သူ ဘာမျှမတတ်လိုက်။ ကလေးတစ်ယောက်၏ ခံစားမှုမျိုးကို သူ မခံစားဖူးလိုက်။

လှုပ်ရှားမှုတွေ ချိန်ကိုက်မှန်လျှင် ပထမ အသက်ရှင်ကျန်မည်။ ဒုတိယ ဝေစုရမည်။ တိမ်းစောင်းမှားယွင်းလျှင် အဖမ်းခံရမည်။ ပျက်စီးဆုံးရှုံးမည်။ ရဲရင့်ခြင်းသည် ခေါင်းဆောင်ဖြစ်ဖို့ သွားရာလမ်း၏ သော့ချက်ဖြစ်ကြောင်း အစောကြီးက သူ သဘောပေါက်ခဲ့သည်။

*

အမေရိကန်တွေက နေပယ်လ်မြို့ကို ဖက်ဆစ်တို့လက်ထဲမှ ကယ်တင်ပေးခဲ့သည်။ တစ်ပြိုင်တည်းတွင် ဒုစရိုက်လုပ်ငန်းများကိုလည်း ကယ်တင်ပေးခဲ့သလို ဖြစ်ခဲ့ရ၏။ ဖက်ဆစ်လက်ထက်တွင် ပြစ်မှုကျူးလွန်သူကို ပစ်သတ်လျှင် သတ်၊ မသတ်လျှင် ထောင်ထဲ တန်းပို့သည်။ ဥပဒေအရ အကာအကွယ်ပြုခွင့်မရှိ။ အပြစ်မဲ့သူ အများအပြား ခံကြရသည်။ အမေရိကန်တွေက အပြစ်မဲ့သူများကို လွှတ်ပေးသည်။ ၎င်းတို့အထဲတွင် ရာဇဝတ်သားတွေ အမြောက်အမြား ပါသွားသည်။ ဥပဒေစိုးမိုးမှုနှင့် ဒုစရိုက်လုပ်ငန်းများသည် မဟာမိတ်ခေတ်တွင် အီတလီကို လက်ချင်းတွဲ ဝင်လာကြဘိသို့ ရှိ၏။

၁၉၅၀ ပြည့်နှစ် တစ်ဝိုက်တွင် ပြိုကွဲနေသော ဒုစရိုက်လုပ်ငန်းတွေ ထုနှင့်ထည်နှင့် ပြန်၍ခေါင်းထောင်လာကြသည်။ စစ်ဒဏ်အပျက်အစီးများကို ပြန်လည်တည်ဆောက်သည့် အလုပ်မျိုးတွင်လည်း ဒုစရိုက်လုပ်ငန်းခေါင်းဆောင်ကြီးများက ဝင်လုပ်ပြီး ဥပဒေဘောင်အတွင်းမှ အမြတ်ယူကြသည်။ စစ်ပြီးခေတ်တွင် ပေါ်လာကြသည့် ဟိုတယ်လုပ်ငန်း၊ ပြည့်တန်ဆာလုပ်ငန်း၊ တက်စီလုပ်ငန်း စသည့် လုပ်ငန်းကြီးများကို လူဆိုးသူဆိုးတို့ရန်မှ အကာအကွယ်ပေးခြင်းဖြင့်လည်း ဝေစုယူကြပြန်သည်။

ဂိုက်ဒိုအဖို့ သည်ခေတ်မျိုးသည် သူ့အတွက် သက်သက် သီကြားမင်း ဖန်ဆင်းပေးသည့်အလား။ ခေတ်နှင့်အံကျ လူငယ်တစ်သိုက်ကို သူက ဖွဲ့စည်းထားလိုက်သည်။

သည်လောကတွင် အလားအလာရှိသည့် လူငယ်တစ်ယောက်အဖြစ် ဆရာကြီးများက သူ့ကို အသိအမှတ်ပြုလာကြရ၏။ ဝေဖန်ပိုင်းခြားရာတွင် လျင်မြန်ဖျတ်လတ်ခြင်း၊ တိုက်ခိုက်သတ်ဖြတ်ရာတွင် လက်မရွံ့ခြင်းတို့သည် သူ၏ ကိုယ်ပိုင်အရည်အသွေးများဖြစ်သည်။

လုပ်ငန်းရှင်အလယ်အလတ်ပိုင်းအား သူတို့အဖွဲ့က အကာအကွယ်ပေးရသည့်အလုပ်ကို ဆရာကြီးများထံမှ ခွဲဝေရရှိသည်။ တစ်ဆင့်တစ်ဆင့် ပို၍ပို၍ ကြီးမားသော လုပ်ငန်းကြီးများ သူ့လက်ထဲသို့ ရောက်လာသည်။ ထိုအချိန်တွင် ယနေ့ ငြိမ်းချမ်းရေး စားတော်ဆက်ဖြစ်လာမည့် အိမ်ကို ဝယ်လိုက်နိုင်ခြင်းဖြစ်၏။

အဆောက်အအုံမှာ ချမ်းသာသည့် ကုန်သည်ကြီးတစ်ဦးက စိတ်ကြိုက် ဆောက်သွားသော ခေတ်မီပုံစံဖြစ်၏။ အကွက်အကွင်းလည်း အလွန်ကောင်းသည်။ ပင်လယ်ကွေ့ကို စီးမိုး၍မြင်နေရသော တောင်စွယ်တွင် ဆောက်ထားခြင်းဖြစ်သည်။

အိမ်ကို အမေ့နာမည်နှင့် ဝယ်၏။ ဂိုက်ဒိုက အသက်မပြည့်သေး။ အခန်းဖွဲ့ပုံကို ပြင်ဆင်ကာ ထိပ်သီးအမေရိကန်အရာရှိကြီးများအတွက် မြာကလေးတွေနှင့် အနားယူရာ တည်းခိုခန်းအဖြစ် စဖွင့်၏။ မိခင်ကြီးက ဘာမှမသိရှာ။ သားအပ်သည့် ငွေတွေကို ဘဏ်တွင် မှန်မှန်ပေးသွင်းရင်း နောင်ရေးအတွက် စိတ်အေးနေ၏။

၁၉၅၄ ခုနှစ်တွင် ဂိုက်ဒိုက သူ့ရှေ့တက်လမ်းများကို မြင်နေပြီ။ ထိုအချိန်တွင် တစ်နေ့တခြား ချမ်းသာလာပြီး လုပ်ငန်းတွေ အပြိုင်အဆိုင်တိုးချဲ့နေသော သူတို့ ခေါင်းဆောင်ကြီးများသည် စားမာန်ခုတ်ကြရင်း အုပ်စုလိုက် ရန်ဖြစ်ကြတော့၏။

တိုက်ပွဲကြီးတစ်ပွဲတွင် ဂိုက်ဒို၏လူ တစ်ဝက်ခန့် ကျဆုံးသွားသည်။ ဂိုက်ဒို ကိုယ်တိုင်လည်း သေနတ်ဒဏ်ရာတွေနှင့် ဆေးရုံတက်ရသည်။ မသေရုံတမည်။ သူ ဆေးရုံတက်နေစဉ် ရက်ပိုင်းတွင် သူတို့၏ အုပ်စုခေါင်းဆောင်ကြီး ဇာဂျိနိမှာ ပျော်ပွဲစားရုံတစ်ခုကို အဝင်မှာသဖြင့် ပစ်သတ်ခံလိုက်ရသည်။ ဤတွင် သူတို့ ဘက်မှ မြေအောက်ဒုစရိုက်လုပ်ငန်းကြီး ပြိုကွဲတော့၏။ အသက် ဆယ့်ရှစ်နှစ် သားတွင် ဂိုက်ဒို ထောင်နန်းစံခဲ့ရသည်။ နှစ်နှစ်။ စိတ်ဓာတ်အကျကြီး ကျခဲ့ရသည့် နှစ်နှစ်။

ထောင်ကထွက်တော့ ပုံမှန်ပြန်မရောက်မချင်း အမေ့အိမ်မပြန်ဘဲ တောင်ပေါ်တက်နေသည်။ ဘယ်တော့မှ ထောင်အကျမခံတော့ဟုလည်း ဆုံးဖြတ်လိုက်သည်။ အနာဂတ်အတွက် စဉ်းစားရပြီ။ ဆောင်ကြာမြိုင်လုပ်ငန်းလည်း ပိတ်လိုက်ရသည်။ ထိုအချိန်တွင် အာဏာပိုင်တွေနှင့်ပေါင်းပြီး နေပယ်လ်၌ ကြီးစိုးနေသူက ကွန်တီ။ သူ့လုပ်ငန်းပြန်စဖို့ ကွန်တီနှင့် တွေ့မှဖြစ်မည်။

ကွန်တီမှာ အသက်သုံးဆယ်ခန့်သာ ရှိသေးသည့် လူငယ်တစ်ယောက်ဖြစ်၏။ အပြတ်အသတ်တိုက်ပြီး သူပိုင် မြေအောက်နယ်ပယ်ကို သတ်မှတ်ကာ အပေါ်ယံအားဖြင့် တရားဝင်လုပ်ငန်းများ လုပ်နေသူဖြစ်၏။ သူက ခေတ်မီသည်။ တစ်နိုင်ငံလုံးမှ ခေါင်းဆောင်များနှင့် ညှိနှိုင်းဆွေးနွေးပြီး အပြန်အလှန်နားလည်မှု ရယူနိုင်မှ အာဏာကို ကြာကြာယူထားနိုင်မည်ဟု ယုံကြည်ထားသူဖြစ်သည်။

၁၉၅၃ နှင့် ၅၄ တစ်ဝိုက်တွင်ပြုလုပ်သည့် အစည်းအဝေးများမှာ ပုပ်ရဟန်းရွေးပွဲတမျှ လျှို့ဝှက်သိပ်သည်းစွာ လုပ်နိုင်ခဲ့ကြသည်။ သို့သော် အာဏာလုပွဲတွေမှာ ပြင်းထန်လှ၏။ တစ်ဖက်နှင့်တစ်ဖက် အပြတ်အသတ်။

ရှေးရိုးဆန်ဆန်လုပ်ချင်သည့် 'ကာလာဘရီယာ' အုပ်စုနှင့် ဖျံ့ကျလွန်းသော နေပယ်လ်ခေါင်းဆောင်တွေ အားပြိုင်ကြသည်။ ရောမနှင့် နေပယ်လ်ခေါင်းဆောင်တွေက စစ်မဖြစ်မီ အနေအထားအတိုင်း ရပ်တည်ရေးကို ဆွေးနွေးကြသည်။ အားလုံးညှိ၍ရသည့်အချက်မှာ ဖွဲ့စည်းပုံကို ပို၍ ခေတ်မီစွာ ဖွဲ့စည်းရေးနှင့် ဗဟိုအာဏာပိုင်တစ်ယောက် ရွေးချယ်ရေးကိစ္စ ဖြစ်၏။

မြောက်ပိုင်းသားတွေက တောင်ပိုင်းသားတွေကို လက်မခံ။ တောင်ပိုင်းသားတွေကလည်း အလားတူ။ ရောမမှ မိုရက်တီမှာ အိုနေပြီ။ မိလန်မှ ကွန်တီက ငယ်လွန်းနေသည်။

တစ်ဖက်နှင့်တစ်ဖက် အသေအလဲတိုက်ခိုက်ကြပြီးမှ 'ကင်တာရီလာ' ကို ရွေးချယ်လိုက်ကြသည်။ ဗိုလ်တကာ့ဘုရင် ကင်တာရီလာ။ လူက ပုပုသေးသေးကလေး။ သို့သော် သံတမန်ပရိယာယ် ကြွယ်သည်။ နိုင်ငံရေးအကွက် မြင်သည်။ ရွေးချယ်တင်မြှောက်ခါစတွင် တချို့က သူ့ကို အထင်မကြီးကြ။ နောင်အနှစ် ၂၀ တိုင်တိုင် သူ၏ ဗဟိုဦးစီးစနစ်အောက်တွင် လုပ်ငန်းတွေ ကြီးထွားလာသောအခါ ကင်တာရီလာထံမှ သရဖူကို လုရဲသူ မပေါ်လာတော့။

ကွန်တီမှာ လွန်ခဲ့သည့် နှစ်နှစ်က ဂိုက်ဒိုတို့အဖွဲ့နှင့် သူနိုင်ကိုယ်နိုင်

တိုက်ခဲ့သူဖြစ်သည်။ ပြန်တွေ့ကြသောအခါ ဝမ်းပန်းတသာ နှုတ်ဆက်ဖော်ရတော့ ဂိုက်ဒိုတစ်ယောက် အံ့ဩမဆုံးဖြစ်နေရ၏။ ကွန်တီသည် ရုံးတစ်လုံး ဓားတစ်စင်း ပိုင်ရှင် ဖြစ်နေပြီ။ ပြီးခဲ့တာတွေ မေ့လိုက်ပါတော့ကွာဟု ဆိုသည်။ ခေတ်ကြီးက ပြောင်းနေပြီဖြစ်ကြောင်း၊ ဂိုက်ဒို၏စီးပွားရေးလုပ်ငန်းကို ပြန်လည်ဖွင့်လှစ်နိုင်ကြောင်း၊ ငွေကြေးအကူအညီလည်း ပေးမည်ဖြစ်ကြောင်းများကို ကွန်တီ့ထံမှ မမျှော်လင့်ဘဲ ကြားရသည်။

ဂိုက်ဒိုက ယုံကြည်စိတ်ချစွာဖြင့် သူ့တည်းခိုခန်းကို ပြန်ဖွင့်သည်။ ဂိုက်ဒို အတွက်လွဲခဲ့လေပြီ။ အလွန်လက်ရဲဇက်ရဲနိုင်သော ဂိုက်ဒိုတို့အဖွဲ့ကို ပြန်လည် စုစည်းဖြစ်လာအောင် ကွန်တီ့အနေဖြင့် ခွင့်မပြုနိုင်ပေ။ သည်တော့ ပို၍ခေတ်မီပြီး ပို၍တိုးတက်သောနည်းဖြင့် ဂိုက်ဒိုကို ရှင်းလိုက်၏။

ဂိုက်ဒို၏လုပ်ငန်းကလေး အရှိန်ရလာချိန်တွင် ကွန်တီက ပေးလက်စ အကာအကွယ်ကို ဖြုန်းစားကြီး ရုပ်လိုက်၏။

ဤတွင် ရဲက သူတို့လုပ်စရာရှိသည်ကို ဥပဒေဘောင်အတွင်းက ဆက်လုပ် သွားတော့သည်။ ဤတွင် ဂိုက်ဒိုတစ်ယောက် နေပယ်လ်မှ နှစ်ရှည်လများ ပျောက် ကွယ်သွားခြင်းဖြစ်သည်။

ရဲလက်ကလွတ်အောင်ပြေးနေချိန်တွင် ကွန်တီ၏လူတွေကလည်း သူ့ကို လိုက်နေကြ၏။ သည်တော့မှ ကွန်တီ၏အကွက်ကို သူ နားလည်ရတော့သည်။ တရားဥပဒေကို ရင်မဆိုင်ချင်တော့။ ကွန်တီကို ဆက်တိုက်လျှင်လည်း သူ့အင် အားနှင့် နိုင်မည်မဟုတ်။

အမေ့အတွက် စာတစ်စောင် ရေးထားခဲ့သည်။ ရှေ့နေတစ်ယောက်ထံတွင် ပစ္စည်းတွေနှင့် ငွေတွေ ထားခဲ့ကြောင်း၊ နှစ်ရှည်ခရီး ထွက်ရမည်ဖြစ်ကြောင်း၊ ညီလေး အီလီယို ပညာဆုံးခန်းတိုင်သင်ပေးဖို့အကြောင်း စသည် စသည်။

ဘုရားရှိခိုးကျောင်းတွင် သားအတွက် အမေဆုတောင်းနေသည့် ညတွင်ပင် ကုန်သင်္ဘောကြီးတစ်စင်း၏ ဝမ်းဗိုက်ထဲမှနေ၍ မာဆေးသို့ ထွက်လာခဲ့သည်။ နောက် ပြင်သစ်ကြေးစားတပ်ဖွဲ့သို့ ဝင်သည်။ တစ်ပတ်အတွင်း အယ်ဂျီးရီးယား လေ့ကျင့်ရေးကျောင်းသို့ ရောက်ခဲ့တော့၏။ ထိုစဉ်က အသက် နှစ်ဆယ်။

"ဆရာ မကြောက်ဘူးလား။ အဲဒီတပ်ဖွဲ့အကြောင်းကို ဆရာ သိနေတယ် မဟုတ်လား"

ပီထရိုက ဖြတ်မေးသည်။ ဂိုက်ဒိုက ပြုံးပြီး ခေါင်းယမ်းသည်။

"ငါလည်း ပြင်သစ်ကြေးစားတပ်ဖွဲ့အကြောင်း ကြားဖူးတာပေါ့ကွာ။ ဒါပေမဲ့ တခြား ဘာမှလုပ်လို့မှ မရတော့တာ။ ဘာစာရွက်စာတမ်းမှ ငါ့မှာ မပါဘူးလေ။ ပိုက်ဆံလည်း နည်းနည်းပဲရှိတော့တယ်။ အီတလီစကားက လွဲပြီး ဘာမှလည်း မပြောတတ်။ နောက်တစ်ခုက ငါ ကြာကြာနေမယ် စိတ်မကူးဘူးလေ။ တစ်နှစ် နှစ်နှစ်နေပြီး ထွက်ပြေးမယ်ပေါ့။ နေပယ်လ်ကို ပြန်မယ်ပေါ့"

အယ်လ်ဂျီးရီးယားရောက်တော့ ပြင်သစ်ကြေးစားတပ်ဖွဲ့အကြောင်းတွေ ပုံပြင်သဖွယ် ကြားခဲ့ရသည်နှင့် လက်တွေ့မှာ တခြားစီဖြစ်နေ၏။ စည်းကမ်းကြီးလိုက်ပုံမှာ ယုံနိုင်စရာမရှိ။ ပြင်းထန်လိုက်သည့် လေ့ကျင့်ခန်းတွေမှာ ပြောမယုံကြုံဖူးမှ သိသည်။ တစ်ခုတော့ရှိသည်။ ဥပဒေချိုးဖောက်လျှင်တော့ ခံရသည့်ပြစ်ဒဏ်မှာ ငရဲဘုံသို့ အရှင်လတ်လတ်ရောက်သွားသည်နှင့် မခြား။ နေပယ်လ်က လူတွေ သူ့ကိုတွေ့လျှင် ယုံနိုင်ကြမည်မထင်။ ဂိုက်ဒိုသည် ဥပဒေကို အလွန်ရိုသေသော စံပြတပ်သားတစ်ယောက် ဖြစ်နေပြီ။

သူ့အဖြစ်ကို သူကိုယ်တိုင်လည်း အံ့သြနေ၏။ အစားအသောက် ကောင်းလိုက်ပုံမှာ ဆိုဖွယ်ရာမရှိ။ တပ်ဖွဲ့ပိုင် စပျစ်ခင်းများမှထုတ်လုပ်သည့် ဝိုင်အရက်မှာ အဆင့်အတန်းမြင့်လှသည်။

ဝရမ်းပြေးတွေ စုထားသည့် တပ်ဖွဲ့မျိုးမဟုတ်။ အလွန့်အလွန်ခေတ်မီသည့် တပ်ဖွဲ့။ သင်ရသည့် စစ်ပညာနှင့် ကိုင်ဆောင်ရသည့် လက်နက်တွေမှာ ခေတ်မီလွန်းလှသည်။ အရာရှိ အကြပ်တပ်သားများမှာ ဥရောပနှင့် ကမ္ဘာအရပ်ရပ်မှ လူစုံ။ ပြင်သစ်လူမျိုးဖြစ်လျှင်တော့ အရာရှိမှလွဲ၍ လက်မခံ။ မိခင်တိုင်းပြည်ကို မပြန်နိုင်ကြသည့် ဂျာမန်တွေ။ သံကန့်လန့်ကာ နောက်ကွယ်သို့ ပြန်မဝင်လိုကြသည့် အရှေ့ဥရောပတိုက်သားတွေ၊ စပိန်ပြည်တွင်းစစ်မှ ပုံစဉ်လွင့်ထွက်လာသည့် တော်လှန်ရေးသမားတွေ၊ ဘယ်လ်ဂျီယံ၊ ဒတ်ချ်နှင့် အင်္ဂလိပ် အနည်းငယ်လည်း ပါဝင်၏။ အမေရိကန်ကတော့ တစ်ယောက်တည်းသာ ရှိ၏။

လက်ရှိတပ်ဖွဲ့မှာ ဒိန်ဘိန်ဖူးတိုက်ပွဲပြီးမှ ပြန်လည်ဖွဲ့စည်းခဲ့သည့် တပ်ဖွဲ့ဖြစ်၏။ ဒိန်ဘိန်ဖူးတိုက်ပွဲတွင် ပြင်သစ်ကြေးစားတပ်ဖွဲ့ဝင် ၁၅၀၀၀ ကျဆုံးပြီး ထောင်ပေါင်းများစွာ မျိုးချစ်ဗီယက်နမ်တို့လက်တွင်းသို့ သုံ့ပန်းအဖြစ် ကျရောက်ခဲ့သည်။ ပြင်သစ်ကြေးစားတပ်ဖွဲ့သည် နောက်ဆုံးအဆင့်တွင်မှ ဝင်တိုက်ရသည့်

တပ်ဖွဲ့ဖြစ်သည်။ သည်တပ်ဖွဲ့၏သမိုင်းသည် သွေးချောင်းစီးသမိုင်းဖြစ်သည်။ ကြောက်မက်ဖွယ် တိုက်ပွဲကြီးများ၏ 'နိဂုံး' သမိုင်းဖြစ်သည်။

ပြင်သစ် ကြေးစားတပ်ဖွဲ့သည် ကိုယ်ပိုင်ဥပဒေဖြင့် သီးခြားဖွဲ့စည်းထားသော တပ်ဖွဲ့ဖြစ်သည်။ စိတ္တဗေဒ သဘောအရ ကြေးစားတပ်ဖွဲ့ဝင်များသည် မိဘမဲ့ ကလေးများ ဖြစ်ကြ၏။ တပ်ဖွဲ့ကိုယ်တိုင်က မိဘမဲ့တပ်ဖွဲ့ဟု ခံယူထားကြ၏။ မိခင်တပ်မသည် သူ့ရင်သွေးတပ်သားများကို ဘယ်တော့မှ မစွန့်သည့် တပ်ဖွဲ့ဖြစ်၏။

ကမ္ဘာတွင် သည်တပ်ဖွဲ့မျိုး သည်တစ်ဖွဲ့တည်းသာ ရှိ၏။ တိုက်ပွဲ မဝင်နိုင်တော့အောင် အသက်ကြီးသွားသည့် စစ်သားအိုကြီးများကို ဆန္ဒရှိလျှင် ဆက်၍ နေစေ၏။ စပျစ်စက်ရုံနှင့် စက်မှုလုပ်ငန်းများတွင် အလုပ်ပေး၏။ သူတို့ကို မောင်းထုတ်ခဲ့သည့် ကမ္ဘာလောကအတွင်းသို့ ဘယ်တော့မှ ဖွတ်ပြန်မပို့။

ပြင်သစ်လူမျိုးတို့သည် ပြင်သစ်ကြေးစားတပ်ဖွဲ့အတွက် ဂုဏ်ယူကြ၏။ သည်တပ်ဖွဲ့သည် သူတို့တိုင်းပြည်အတွက် တိုက်ပေးနေသည်ဟုလည်း ယုံကြည်ကြ၏။ စင်စစ် မဟုတ်။ ပြင်သစ်ကြေးစားတပ်ဖွဲ့သည် သူတို့အတွက် သူကို့ တိုက်ပွဲဝင်ခြင်းသာဖြစ်၏။ ပြင်သစ်နိုင်ငံခြားရေးဝါဒနှင့် ဆက်နွှယ်နေခြင်းမှာ မတော်တဆ တိုက်ဆိုင်မှုမျိုးသာဖြစ်၏။ တပ်ဖွဲ့ဝင် ပြင်သစ်အရာရှိများသည် ပြင်သစ်နိုင်ငံထက် ကြေးစားတပ်ဖွဲ့အပေါ်တွင် ပို၍ သစ္စာထားကြ၏။

သင်တန်းကာလမှာ ခြောက်လဖြစ်သည်။ သည်အတောအတွင်း ဂင်တိုတို ဂိုက်ဒိုတစ်ယောက် ပို၍ အသားတက်လာသည်။ ပင်ပန်းဆင်းရဲခြင်းနှင့် အစားအသောက် ကောင်းခြင်းကြောင့် သူ့ကျန်းမာရေးမှာ တိန်တိန်မြည်နေတော့သည်။ ခန္ဓာကိုယ်ကြံ့ခိုင်မှုအတွက် ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူနေမိ၏။

ကမ္ဘာပေါ်တွင် ခရီးရှည်ချီတက်မှု၌ အစဉ်အလာကြီးခဲ့သော ပြင်သစ် ကြေးစားတပ်ဖွဲ့တွင် ဂိုက်ဒိုသည် လေ့ကျင့်ရေးကာလ တစ်လအတွင်း လက်နက်ခဲယမ်း မီးကျောက် ပေါင် ၅၀ ကိုယ်တွင်တပ်ဆင်၍ မိုင် ၅၀ ခရီးကို မနားတမ်း လျှောက်နိုင်ခဲ့သည်။ လက်နက်မျိုးစုံကို ကိုင်တွယ်ပစ်ခတ်နိုင်သည့်အတွက်လည်း ကျေနပ်နေမိ၏။ စက်ကလေးတွင် ထူးချွန်ကြောင်း သင်တန်းမှူးက ထုတ်ဖော် ချီးကျူးခြင်း ခံရသည်။

တပ်ထဲတွင် အပေါင်းအသင်း မရှိလှ။ သူ့တို့တပ်စုတွင် ဂိုက်ဒိုမှာ တစ်ဦး

တည်းသော အီတလီတပ်သားဖြစ်၏။ သင်တန်းဆရာက ဂိုက်ဒိုကို တပ်သားကောင်းတစ်ယောက် ဖြစ်လာမည်ဟု ယုံကြည်နေ၏။ သင်တန်းကာလပြီးတော့ အယ်လ်ဂျီးရီးယားသို့ လေထီးနှင့်ဆင်းရမည့် စစ်ဆင်ရေးတွင် ပါဝင်ရန် သူ့ကိုယ်သူ စာရင်းပေးလိုက်သည်။ အယ်လ်ဂျီးရီးယားစစ်ပွဲမှာ အပြင်းအထန်ဖြစ်လာသည်။

ထုံးစံအတိုင်း ကြေးစားတပ်ဖွဲ့က ရှေ့တန်းမှ ဝင်ရ၏။ ဂိုက်ဒိုက ဘီတပ်ခွဲတွင် တာဝန်ကျသည်။ တပ်ကြပ်ကြီးမှာ ဗီယက်နမ် သုံ့ပန်းစခန်းမှ လွတ်မြောက်လာသည့် ဒိန်ဘိန်ဖူးပြန် အမေရိကန်ကြီးဖြစ်သည်။ သူ့နာမည်က ခရေစီ။

လပေါင်းများစွာအတွင်း သူတို့နှစ်ယောက် ရင်းနှီးမှုမရကြ။ တပ်သားသစ်ကလေးနှင့် ဒိန်ဘိန်ဖူးပြန် ထိပ်တန်းတပ်ကြပ်ကြီး၏ကြားတွင် ကွာဟချက်က အများကြီး။ သို့သော် သူတို့နှစ်ယောက်သည် နေပုံထိုင်ပုံချင်းတူ၏။ အထီးကျန်ဆန်ဆန်။ သီးသီးသန့်သန့်။ ခလေ့စရိုက်ချင်းလည်း တူ၏။ စကားနည်းနည်း။ သိုသိုသိပ်သိပ်။

စစ်သင်တန်းပေးခြင်းမျိုးမဟုတ်ဘဲ ခရေစီက ဂိုက်ဒိုအား စကားစပြောသည်မှာ ပါလက်စတိုင်းမြို့ကလေး၏ အနီးမှ တိုက်ပွဲတစ်ပွဲအပြီးတွင်ဖြစ်၏။ ပြင်သစ်တပ်တွေ အလူးအလဲခံနေရသည်ကို ဂိုက်ဒိုတို့ ဘီတပ်ခွဲက အတင်း ကြားဖြတ်ဝင်ပြီး ကယ်ရသည့်တိုက်ပွဲဖြစ်၏၊

ဂိုက်ဒိုအဖို့ ပထမဆုံး နဖူးတွေ့ဒူးတွေ့တိုက်ပွဲ။ ရှုပ်ယှက်ခတ်၍ ဆူညံနေသည့် ပတ်ဝန်းကျင်တွင် ပထမ ကြောင်နေသည်။ သို့သော် ချက်ချင်းပင် စနစ်တကျနေရာယူပြီး စက်သေနတ်ကို ထိထိရောက်ရောက် အသုံးချနိုင်ခဲ့၏။ ပြင်သစ်တပ်ခွဲကို ချုံခိုတိုက်ခိုက်နေသည့် ရန်သူတပ်ကို မောင်းထုတ်ပေးလိုက်နိုင်သည်။

ထိုညတွင် တောင်ပေါ်စခန်း၌ ခရေစီရောက်လာပြီး ဂိုက်ဒိုနံဘေးတွင် ဝင်ထိုင်၏။ စကားတော့ တစ်ခွန်းစနှစ်ခွန်းစသာ ပြော၏။ ပထမဆုံးတိုက်ပွဲတွင် ကျေနပ်ဖွယ်ရာရှိကြောင်းကို အမှုအရာဖြင့် အပြခံရခြင်းသည် ပြင်သစ်ကြေးစားတပ်ဖွဲ့တွင် ဖြစ်တောင့်ဖြစ်ခဲကိစ္စဖြစ်သည်။ ဂိုက်ဒို ပျော်သွား၏။ ဂိုက်ဒိုကလည်း ခရေစီကို ကျိတ်၍ ကြည်ညိုနေသူဖြစ်သည်။ စင်စစ် ခရေစီကို ကျိတ်၍ ကြည်ညိုနေသူမှာ တပ်ရင်းတစ်ခုလုံးဖြစ်၏။

တဖြည်းဖြည်းနှင့် သူ့အကြောင်းကို ဂိုက်ဒို သိလာသည်။ ဗီယက်နမ်

စစ်မြေပြင်တွင် ခြောက်နှစ်ကြာခဲ့၏။ ဗီယက်နမ်မတိုင်မီက အမေရိကန် ကမ်းတက် တပ်တွင် အမှုထမ်းခဲ့သည်ဟု သိရ၏။ ဘယ်ခေတ်ဘယ်ကာလက စခဲ့သည်တော့ မသိ။ သူအကြိုက်ဆုံးလက်နက်မှာ လက်ပစ်ဗုံးနှင့် စက်သေနတ်ငယ်များဖြစ်ကြောင်း လည်း သိရ၏။ တိုက်ပွဲဝင်တိုင်း သူ့ကိုယ်သူ လက်ပစ်ဗုံးတွေကို ကျည်ကတ် တွေထက် ပိုပြီး လွယ်ထားသည်ကို တွေ့ရတတ်၏။

နောက်တစ်ကြိမ်ဆုတ်ပြေးသော ရန်သူ့တပ်များ၏နောက်သို့ လိုက်လံချေမှုန်း ရပြန်သည်။ တစ်ညနေတွင် သူ့ရာရှင်ထုပ်ကို ယူလာပြီး ခရေစီက ဂိုက်ဒိုနှင့်အတူ ထိုင်စားသည်။

လက်နက်ငယ်များ၏ အသုံးဝင်ပုံအကြောင်းကို ပြောဖြစ်ကြသည်။ ဂိုက်ဒိုက ပစ္စတိုနှင့် ကျည်ကတ် လေးကတ်ကို ကိုယ်နှင့်မကွာ ဆောင်ထားသူ။ တိုက်ပွဲကြီးများ တိုက်ရာတွင် မလိုကြောင်း ခရေစီက ရှင်းပြသည်။ ပစ္စတိုသည် ခိုးကြောင်ခိုးဝှက် ကိုင်ဖို့ လိုသည့်အခါတွင်သာ လိုအပ်သည့် လက်နက်ဖြစ်ကြောင်း၊ တိုက်ပွဲကြီး များတွင် ခိုးကြောင်ခိုးဝှက်လုပ်ဖို့ မလိုကြောင်း၊ စက်သေနတ်အငယ်စားသည် တိုက်ပွဲတွင် အားအကိုးရဆုံးလက်နက်ဖြစ်ကြောင်း စသည်စသည်။ ထို့ကြောင့် ပစ္စတိုဆောင်မည့်အစား သူ့စက်ကလေး၏ အပိုကျည်ကတ်များများ သယ်သင့် ကြောင်းကို ပြောပြသည်။

ဂိုက်ဒိုသည် အလွန်သင်ရပြရလွယ်ကူသည့် တပည့်တစ်ဦးဖြစ်သည်။ သူ့ကိုယ်သူ ထူးချွန်သည့် တပ်သားကောင်းတစ်ယောက်ဖြစ်ရမည်ဟု ဆုံးဖြတ် ထားသူ။ ခရေစီကိုလည်း ကန့်ကူလက်လှည့် သင်ပေးသည့် ဆရာတစ်ဆူအဖြစ် ခွဲမြဲမှတ်ယူထားလိုက်တော့၏။

ခရေစီ၏ တိုက်ရည်ခိုက်ရည်ကိုကြည့်ပြီး ဒိန်ဘိန်ဖူးတိုက်ပွဲ၏ ကမ္ဘာကျော် ဗိုလ်ချုပ်ကြီး ဘီးဂတ်က "ငါတွေ့ဖူးသမျှထဲမှာ အတော်ဆုံးစစ်သားတစ်ယောက်ပဲ" ဟု မှတ်ချက်ချကြောင်း ဂိုက်ဒို ကြားဖူးထားသည်မဟုတ်လား။

ထိုမှစ၍ ဂိုက်ဒိုသည် သူ့ဆရာ ခရေစီကို အစစ အတုယူလေတော့သည်။ တဖြည်းဖြည်း ရာထူးကလေးရလာသည်နှင့်အတူ သူတို့နှစ်ယောက်၏ ခင်မင် ရင်းနှီးမှုလည်း ပိုမိုခိုင်မြဲလာတော့၏။ သူတို့နှစ်ယောက်သည် ဖြန့်စားကြီး မိတ်ဆွေဖြစ်လာကြသူများမဟုတ်။ စကားတွေ ဖောင်ဖွဲ့ပြီး မိတ်ဆွေဖြစ်လာကြ သူများ မဟုတ်။ တစ်ယောက်၏ အစွမ်းကို တစ်ယောက်က မြင်ပြီး တစိမ့်စိမ့်

အပြန်အလှန် သံယောဇဉ်ရှိလာကြခြင်းဖြစ်၏။ ကြာတော့ ဆရာနှင့် တပည့် ဆက်ဆံရေးမျိုးမဟုတ်တော့ဘဲ သူငယ်ချင်းတွေလို ဖြစ်လာကြတော့သည်။

ဗိုလ်မှူးကြီး ဂျူးဗိုး အုပ်ချုပ်သည့် အချိန်ပိုင်းတွင် သူတို့နှစ်ယောက်၏ ဂုဏ်သတင်းသည် ပို၍ ကျော်ကြားလာခဲ့သည်။ သူတို့နှစ်ယောက်၏ ရွပ်ရွပ်ချွံချွံ စွမ်းဆောင်မှုများကြောင့် ပူးတွဲတာဝန်များကို ပေးလေ့ရှိသည်။ ဤတွင် သူတို့နှစ်ယောက်သည် တိုက်တိုင်းအောင် ဘွဲ့ထူးကို ရရှိခဲ့ကြခြင်းဖြစ်၏။

၁၉၆၁ ခုနှစ်တွင် ဒီဂေါအစိုးရကို မကျေနပ်သဖြင့် ပုန်ကန်ခြားနားမှုမှာ သူတို့တပ်ရင်းမှ စတင်လိုက်ခြင်းဖြစ်သည်။ သူတို့တော်လှန်ရေးသည် တပ် အသီးသီးသို့ ကူးစက်သွားလိမ့်မည်ဟု ကျိန်းသေတွက်ခဲ့ကြ၏။ သူတို့ အတွက် မှားခဲ့သည်။

ပုန်ကန်ခြားနားမှု အရေးနိမ့်သောအခါ စခန်းတစ်ခုလုံးနှင့် လက်နက် တိုက်ကြီးကို ဖောက်ခွဲဖျက်ဆီးပစ်လိုက်ကြသည်။

လူပေါင်း ၃၀၀ ကျဆုံးပြီး တပ်ပျက်သောအခါ အချို့က တောခိုကြသည်။ အချို့က လက်နက်ချပြီး ပုန်ကန်မှုဖြင့် တရားစွဲခံသည်။ သူတို့ကျူးလွန်ခဲ့သည့် ပြစ်မှုမှာ သူတို့ကျင့်ဝတ်တွင် ပါပြီးသား နီတိဖြစ်နေသည်မဟုတ်လား။ အထက် အရာရှိအမိန့်ကို နာခံရမည်မဟုတ်ပါလား။ လွတ်ငြိမ်းချမ်းသာခွင့်ရသည့် အရာခံ ဗိုလ်များထဲတွင် ခရေစီနှင့် ဂိုက်ဒိုတို့ အပါအဝင်ဖြစ်ခဲ့သည်။

*

"အမိန့်ကိုနာခံလျက်နဲ့ ဆရာ့ကို အရေးယူကြတယ် ဟုတ်လား"

ပီထရိုက မကျေမနပ်မေးလိုက်သည်။

ဂိုက်ဒိုက ပခုံးတွန့်လိုက်၏။

"အဲဒီတုန်းက တို့ဘက်က သိပ်ပြင်းထန်တာကိုးကွ။ ပါရီကို လေထီးနဲ့ ဆင်းပြီး ဒီဂေါကို ဖမ်းဖို့အထိ စီစဉ်ခဲ့ကြတာ။ ပြင်သစ်တစ်နိုင်ငံလုံး သိမ့်သိမ့် တုန်သွားတာပေါ့။ အဲဒီအချိန်တုန်းက ကြေးစားတပ်ဖွဲ့အားလုံးရဲ့အင်အားက သုံးသောင်းကျော်တယ်လေကွာ။ အားလုံးသာ ပါလာရင် ဘာနဲ့မှ တို့ကို တားလို့ ရမှာ မဟုတ်ဘူး"

ဂိုက်ဒိုက စကားရပ်ပြီး အလုပ်ဆက်လုပ်နေသည်။

"အဲဒီနောက်တော့ကော ဆရာ"

"တို့နှစ်ယောက် အတူတူပဲလေ။ စစ်တိုက်တာကလွဲပြီး ဘာမှမလုပ်တတ်တော့ ငေါင်နေတာပေါ့။ ငါကလည်း အိမ်မပြန်ရဲ၊ ရဲက ငါ့ကို စောင့်နေတုန်းလေ။ ခရေစီကလည်း သွားစရာ ဘယ်မှမရှိ။ ဒီတော့လည်း တို့ စစ်ပွဲရှိတဲ့နေရာကို ရှာရပြန်ရော။ အဲဒီမှာ တို့ ကတန်ဂါကို ရောက်သွားတာပေါ့"

"ဗျာ... ကတန်ဂါ၊ ဟုတ်လား"

ဂိုက်ဒိုက ပြုံးလိုက်သည်။

"အေး... မင်းအသက်ကို ငါ မေ့သွားတယ်။ ကတန်ဂါဆိုတာ ဘယ်လ်ဂျီယံ ကွန်ဂိုရဲ့ ပြည်နယ်တစ်ခုပေါ့ကွာ။ ခုတော့ 'ရှာဘာ' လို့ ခေါ်နေကြပြီ။ ဘယ်လ်ဂျီယံတွေ ဖဲ ခုနှစ်မှာ ဆုတ်ခဲ့တော့ ကတန်ဂါပြည်နယ်က ခွဲထွက်ဖို့ ကြိုးစားတယ်။ သူတို့က တောင်ပေါ်သားတွေလေ။ သူတို့ပြည်နယ်က သယံဇာတ သိပ်ကြွယ်ဝတာ။ အဲဒီကတန်ဂါပြည်တွင်းစစ်မှာ ကြေးစားစစ်သား အများကြီး ဝင်တိုက်ကြတာပေါ့"

တပ်သားဟောင်းတွေကို လိုက်စုနေသော ပြင်သစ်ကြေးစားတပ်မှ ဗိုလ်မှူးကြီးဟောင်း တစ်ယောက်နှင့် ပြန်ဆုံပြီး ကြေးစားတပ်ဖွဲ့ဝင်များ ဖြစ်သွားကြပြန်သည်။

စစ်ဆင်ရေးများတွင် သူတို့နှစ်ယောက်၏ အပြန်အလှန်နားလည်မှု၊ ရဲရင့်ဖျတ်လတ်မှုတို့ကြောင့် အားလုံး၏လေးစားမှုကို ခံကြရသည်။ လက်ပစ်ဗုံးနှင့် စက်သေနတ်ကို သုံးရာတွင် သူမတူအောင် ထိရောက်လှသဖြင့် ကြေးစားလောကတွင် တစ်ဟုန်တိုး နာမည်ကြီးသွားပြန်သည်။

ကတန်ဂါပြည်နယ်စစ်ပွဲ အရေးအခင်းအပြီးတွင် ယီမင်ရှိ ဗိုလ်ချုပ်ဒင်းနတ်၏ ကြေးစားတပ်သို့ ဝင်လိုက်ကြပြန်သည်။ ပြည်ပရောက် သမ္မတ ရွှန်ဘေး ကွန်ဂိုသို့ ပြန်ရောက်လာသည့်အခါတွင် သူတို့တပ်ဖွဲ့ ကွန်ဂိုသို့ ပြောင်းရသည်။

မူဆိုတို့ အာဏာရသည်အထိ ကြောက်မက်ဖွယ် ရက်စက်ကြမ်းကြုတ်လှသော တိုက်ပွဲများကို သူတို့ ဆင်နွှဲခဲ့ကြရ၏။

သည်အတောအတွင်း ခရေစီက ဂိုက်ဒိုကို အင်္ဂလိပ်စာ သင်ပေးသည်။ ဂိုက်ဒိုက ခရေစီအား အီတာလျံစကား ပြန်သင်ပေးခဲ့ခြင်း ဖြစ်၏။ အာဖရိကစစ်ပွဲပြီးတော့ နှစ်ယောက်သား ပါရီသို့ ပြန်လာခဲ့ကြ၏။ နှစ်ပတ်လုံးလုံး စိတ်လွတ်လက်လွတ် ပျော်ပါးပစ်လိုက်ကြ၏။

ထိုအချိန်တွင် ဂိုက်ဒိုမှာ ငွေကြေးစုမိနေပြီ။ နေပယ်လ်ရဲတွေကို လာဘ်ပေး၍ သူ့အမှုကို ခြေဖျက်ပစ်လို့ ရနိုင်လောက်ပြီ။ ကွန်တီလည်း နေပယ်လ်တွင် မရှိတော့။ ရောမသို့ ပြောင်းသွားပြီ။

နှစ်ယောက်သား နေပယ်လ်သို့ ပြန်လာခဲ့ကြ၏။ ဂိုက်ဒိုအမေက အိမ်ကို အိမ်ငှားတင်ထားသည်။ ပြုပြင်ဖို့တော့ လိုနေပြီ။ အီလီယိုတစ်ယောက် ရောမ တက္ကသိုလ်တွင် စီးပွားရေးဘာသာရပ် အဓိကဖြင့် နောက်ဆုံးနှစ်သို့ ရောက်နေပြီ။ အိုမင်းမစွမ်းဖြစ်နေသော အမေသည် သားပြန်လာသည်ကိုမြင်တော့ ဘုရားသခင်၏ ကျေးဇူးတော်ကို ပို၍ သက်ဝင်ယုံကြည်လျက် ရှိပြန်သည်။

*

"အဲဒါ တို့ရဲ့ကြေးစားစစ်သားဘဝ နိဂုံးပဲ"

"နိဂုံး၊ ဟုတ်လား ဆရာ။ ဒီလိုပဲ ရပ်ပစ်လိုက်ကောလား"

"တို့နှစ်ယောက် မော်လလာကို ခရီးထွက်ဖြစ်ကြသေးတယ်။ အဲဒီမှာ ငါ ဂျူလီယာနဲ့ အိမ်ထောင်ကျတာပေါ့။ ပြီးတော့ ဒီကိုပြန်လာပြီး ဒီလုပ်ငန်းကို စတာလေ"

ဒါကိုတော့ ပီထရီ သိသည်။ နှစ်ယောက်သား စကားပြတ်သွားပြီး ချက်ရေးပြုတ်ရေးကိစ္စနှင့် အလုပ်ရှုပ်နေကြပြန်သည်။ နာဂရီဝက်အတွင်း နေ့လယ်စာစားမည့်သူတွေ ရောက်လာကြတော့မည်မဟုတ်လား။

❑

## (၃)

အက်တိုနှင့် သူ့ရှေ့နေ ဗစ်ကိုတို့ နေ့လယ်စာ စားရင်း အလုပ်အကိုင်အကြောင်း ဆွေးနွေးနေကြသည်။ နာမည်ကြီးဟိုတယ်တစ်ခု၏ လွှတ်လပ်သော သီးသန့်ခန်း တစ်ခန်းထဲတွင် ဖြစ်သည်။ စားကောင်းသောက်ဖွယ်များ မှာပြီး ဘာရိုလိုဝိုင် တစ်ပုလင်းသောင်ရင်း အက်တို၏ စီးပွားရေးအခြေအနေကို ဆွေးနွေးနေကြခြင်း ဖြစ်၏။

ဗစ်ကိုက အက်တိုအား စိတ်မပူဖို့အကြောင်း၊ ဘဏ်ကလူကြီးတွေကို သူ ဆွေးနွေးမည့်အကြောင်းများဖြင့် အားပေး ပြောကြားသည်။

ဗစ်ကိုသည် အက်တိုထက် နှစ်နှစ်ငယ်၏။ ဝတ်ကောင်းစားလှများကို ဂရုတစိုက် ဝတ်ဆင်တတ်၏။ လူက လူချော။ နှုတ်ခမ်းမွေး ခပ်ရေးရေးနှင့် မီလန်တွင် နာမည်အကြီးဆုံးနှင့် အဆက်အသွယ်အကောင်းဆုံး ရှေ့နေဖြစ်သည်။

ဗစ်ကို၏ နှစ်သိမ့်စကားများကြောင့် ရင်ထဲတွင် ဗလောင်ဆူနေသော အက်တိုတစ်ယောက် စိတ်သက်သာရာ ရသင့်သလောက် ရပါ၏။ သို့သော် သိမ်ငယ်စိတ်က ပျောက်မသွားသေး။

စားပွဲထိုးတစ်ယောက် ရောက်လာပြီး ဝိုင် ထပ်ငှဲ့ပေးသည်။ အက်တိုက ဒုတိယအကြောင်းအရာ တစ်ခုကို စလိုက်၏။ ပင်တာကိစ္စနှင့်ပတ်သက်ပြီး ရိကာ၏ စီမံကိန်းအကြောင်း ဗစ်ကိုက ခပ်ရှင်ရှင်နားထောင်နေသည်။

စိတ်ပျက်လက်ပျက် တင်ပြနေသော သူ့မိတ်ဆွေအား ခပ်ပြုံးပြုံးကြည့်ပြီး ဗစ်ကိုက…

"ဒီမယ် အက်တို၊ မင်းဟာလေ အရေးမကြီးတာကို အရေးကြီးနေတတ်တယ်။ လွယ်တာကို မခက် ခက်အောင် တွေးတတ်တယ်"

"ကဲ ပြောစမ်းပါဦးကွာ။ ငါတော့ ဦးနှောက်တွေ ခြောက်နေပြီ"

ဇစ်ကိုက ခက်ရင်းကိုချပြီး ဘယ်လက်ကို ထောင်လိုက်သည်။ လက်ချောင်းတွေကို ချဲပြီး ဖြန့်လိုက်၏။ ပြီးတော့ ညာဘက်လက်ဖြင့် ဘယ်ဘက်လက်မကို ကိုင်လိုက်၏။

"နံပါတ်တစ်၊ မင်းမှာ ဂုဏ်သိက္ခာရှိတယ်။ အစဉ်အလာရှိတယ်။ ဘဏ်ကြွေး ဘယ်လောက်များများ သူတို့ ထပ်ကိုပေးမှာ သေချာတယ်။ မင်း အခြေအနေ ကောင်းလာတဲ့အထိ ပေးကြလိမ့်မယ်။ ဒါမှ သူတို့ ကြွေးတွေ ပြန်ရမှာကိုး"

"မင်းပြောတာက ငါ့အဖေရဲ့အရှိန်အဝါကိုပြောတာလား"

ဇစ်ကိုက ပခုံးတွန့်ပြပြီး ညာဘက်လက်ကို လက်မပေါ်မှ လက်ညှိုးသို့ ပြောင်းလိုက်သည်။

"နံပါတ်နှစ်၊ ကိုမိုကန်ဘောင်ပေါ်က မင်းရဲ့အိမ်၊ လွန်ခဲ့တဲ့ ရှစ်နှစ်က ဝယ်တုန်းက လီရာ သန်းရှစ်ဆယ်။ ဒီနေ့ သန်း ၂၅၀ တန်နေပြီ။ ရှေ့လျှောက် တက်ဦးမယ်"

"ဘဏ်ကို သန်း ၁၀၀ နဲ့ ပေါင်ထားတယ်လေ"

အက်တိုက ဖြတ်ပြောလိုက်သည်။ ဇစ်ကိုက နောက်တစ်ခါ ပခုံးတွန့်ပြီး လက်ခလယ်သို့ပြောင်းရင်း

"နံပါတ်သုံး၊ မင်းမှာ သိပ်ချစ်စရာကောင်းတဲ့ သမီးကလေးရှိတယ်။ နံပါတ်လေး၊ မင်းရဲ့မိန်းမ ရီကာ။ အဲဒီ အခြေအနေမှာ ရှိလျက်နဲ့ မင်း မျောက်မီးခဲကိုင်သလို လုပ်နေတယ်"

စကားဖြတ်ပြီး စားပွဲထိုးကို ကော်ဖီယူခဲ့ဖို့ အမူအရာဖြင့် ပြလိုက်၏။

"ပြဿနာကို ယထာဘူတကျကျ ကြည့်စမ်းပါ အက်တိုရာ။ မင်းဖြစ်နေတာက ရီကာကို သည်းသည်းခံလွန်းလို့ ငယ်တဲ့အမှု ကြီးနေတာ။ ဒါကလည်း ဆန်းတော့ မဆန်းဘူး။ ရီကာလို မိန်းမမျိုးရတဲ့ ယောကျ်ားဘိုင်း ဒီအတိုင်း ဖြစ်မှာပဲ။ ငါဆိုရင်လည်း ဒီအတိုင်းနေမှာပဲ"

ခဏနားပြီး ဝိုင် တစ်ချက်မော့လိုက်ပြန်သည်။

"မောင်ရင် တစ်ချက်မှားသွားတာက သူငယ်ချင်း၊ ငါ ပွင့်ပွင့်လင်းလင်း ပြောမယ်နော်။ ကာမဲလီတာကို ပြန်ပေးဆွဲခံရတာနဲ့ ပင်တာကို ကျောင်းထုတ်

ထားဖို့ မင်း သဘောတူလိုက်တာ အမှားကြီးမှားတာပဲ"

"နေဦးကွ၊ နေဦး"

အက်တို ပျာပျာသလဲ ဟန့်တားလိုက်သည်။

"အဲဒီကိစ္စ ငါ ဘာမှမသိဘူး။ အဲဒီတုန်းက ငါ နယူးယောက်မှာ။ အိမ်ပြန်ရောက်တော့ ဆရာမနဲ့ ငှားသင်နေပြီ"

ဗစ်ကိုက ပြုံးလိုက်သည်။

"ထားပါလေ၊ ရီကာက စိတ်လိုက်မာန်ပါ လုပ်တာပါ။ ပုံကြီးချဲ့တာလည်း ပါတာပေါ့။ ဒါပေမဲ့ ပင်တာကို ဒီအတိုင်း ကျောင်းပြန်လွှတ်ရမယ်ဆိုရင် စောစောက ကျောင်းထုတ်ခဲ့တဲ့အပြုအမူ မှားတာကို ဝန်ခံသလိုဖြစ်နေမှာပေါ့"

ဗစ်ကိုက မျက်ခုံးတစ်ဖက် မြှင့်လိုက်သည်။

"ရီကာက သူမှားပါတယ်လို့ ဘယ်တုန်းက ဝန်ခံဖူးလို့လဲ"

အက်တိုက ပြန်ဖြေစရာမလိုသည့် မေးခွန်းကြောင့် စိတ်ပျက်လက်ပျက် ပြုံးလိုက်သည်။

"ဒီတော့ မင်း ရီကာ့ကို မျက်နှာမပျက်အောင် လုပ်ပေးရလိမ့်မယ်"

"ဘယ်လိုကွ ဗစ်ကို။ ငါက ဘာလုပ်ပေးနိုင်လို့လဲ"

ဗစ်ကိုက ပခုံးတွန့်လိုက်ပြီး

"သက်တော်စောင့်တစ်ယောက် ငှားပေးလိုက်ပေါ့"

"ဒီမှာဗစ်ကို၊ မင်းဟာ မှုမှုတတ စဉ်းစားတတ်တဲ့ ပညာရပ်ကို သင်လာခဲ့ရတဲ့ လူပါကွာ။ တို့နှစ်ယောက် နာရီဝက်လုံးလုံး ငါ့ရဲ့စီးပွားရေးအခြေအနေကို ဆွေးနွေးလာခဲ့ပြီးပါပြီ။ ငါ မင်းကို ချိန်းတွေ့ပြီး ပြောချင်တာက ရီကာ့ရဲ့ သူငယ်ချင်း ရှေ့နေတစ်ယောက်အနေနဲ့ မင်း သူ့ကို ဖျောင်းဖျောင်းဖျဖျ ပြောပေးဖို့ပဲ ဗစ်ကို။ အခြေအနေမှန်ကို သိသွားအောင်လို့ပါ"

ဗစ်ကိုက ရှေ့သို့ကိုင်း၍ အက်တို့လက်ကို ပုတ်ပြီး

"ငါ ရီကာ့ကို ဆွေးနွေးဖို့ မလိုပါဘူး အက်တို။ ငါက သက်တော်စောင့်ငှားဖို့ အကြံပေးတဲ့နေရာမှာ ဘယ်လိုအမျိုးအစားလဲလို့ ဖော်ပြမှာမှမဟုတ်ဘဲကွ"

"မင်း ဘာပြောချင်တာလဲ ဗစ်ကို"

စားပွဲထိုးတစ်ယောက်ဝင်လာသဖြင့် ခဏဆိုင်းပြီးမှ အသံနိမ့်ဖြင့် ဗစ်ကိုက စကားဆက်သည်။

"ခုဖြစ်နေတဲ့ ပြန်ပေးမှုတွေနဲ့ပတ်သက်ပြီး စဉ်းစားစရာတွေ အများကြီးကွ။ လုပ်ပုံကိုင်ပုံတွေ မင်းကြည့်ပါလား။ သေသေချာချာ စနစ်တကျ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းကြီးတစ်ခုခု ရှိရမယ်။ ရောမ အဖွဲ့ကြီးမျိုးနော်။ မနှစ်က ပြန်ပေးရွေးရတဲ့ငွေ စုစုပေါင်း ကုဋေ ၁၈၀၀ တောင်ဗျ။ စဉ်းစားကြည့်။ ဆရာကြီးတွေ၊ ခေါင်းဆောင်ကြီးတွေ ရှိကိုရှိရမယ်"

"လူဆိုးဂိုဏ်းကြီးပေါ့၊ ဟုတ်လား"

ဗစ်ကိုက မျက်ခုံးတွန့်လိုက်ပြီး

"သာမန်လူဆိုးဂိုဏ်းမျိုးမဟုတ်ဘူး။ မြေအောက်စီးပွားရေးဂိုဏ်းကြီးမျိုးဗျ"

ဗစ်ကိုက စားပွဲထိုးကို တစ်ချက်လှမ်းကြည့်လိုက်ပြန်သည်။ ကော့ညက်နှစ်ခွက် ထပ်မှာလိုက်သည်။ အိတ်ထဲမှ သားရေဘူးကို ဆွဲထုတ်ပြီး ဆေးလိပ်နှစ်လိပ် ထုတ်ယူလိုက်၏။ ပြီးတော့ နာရီအိတ်ထဲမှ ရွှေဓားကလေးကို ဆွဲထုတ်လိုက်ပြန်သည်။ ဆေးလိပ်ဖင်ကို ဓားကလေးနှင့် သေသေချာချာညှိပြီးမှ တစ်လိပ်ကို အက်တိုအား လှမ်းပေးသည်။ စားပွဲထိုးက ကော့ညက်နှစ်ခွက်နှင့် မီးခြစ်ကို ကိုင်ပြီး ဝင်လာသည်။

ဗစ်ကိုက စားပွဲထိုးအား အသိအမှတ်ပြုသည့်အနေဖြင့် ပြုံးပြလိုက်၏။ ပြီးတော့မှ ဆေးလိပ်ကို အားရပါးရ ရှုရှိုက်ပြီး စကားဆက်သည်။

"အစိုးရိမ်ကြီးနေတဲ့ မိသားစုတွေက ကလေးတွေကို နိုင်ငံခြား ပို့ထားကြတယ်။ အများအားဖြင့်တော့ ဆွစ်ဇာလန်ကိုပေါ့လေ။ ဒါမှမဟုတ်ရင် ကလေးတွေရဲ့ လုံခြုံရေးကို တင်းတင်းကျပ်ကျပ် စီမံထားကြတယ်။ လုံခြုံရေးအတွက် စိတ်ချရတဲ့ ကျောင်းတွေ၊ ကျည်ဆန်လုံကားကြီးတွေပေါ့ကွာ။ ပြီးတော့ ပထမတန်းစား သက်တော်စောင့်တွေနဲ့"

"တော်တော်တော့ ပေးရမယ်ထင်တယ်၊ ဟုတ်လား"

အက်တိုက ဖြတ်မေးလိုက်သည်။

"တစ်နှစ်ကို လီရာ သန်း ၆၀၀ လောက် ပေးရတယ်လို့ ပြောကြတာပဲ"

အက်တို့မျက်ခုံးတွေ မြင့်တက်သွား၏။ သို့သော် ရှေ့နေက သူ့ကို ဂရုမစိုက်သလို ဆက်ပြောသည်။

"အဲဒီသက်တော်စောင့်မျိုးတွေက သူတို့နဲ့သက်ဆိုင်တဲ့ အဖွဲ့အစည်းတွေက တစ်ဆင့် ရှာရတာ။ တစ်ကမ္ဘာလုံးမှာ အဲဒီအဖွဲ့အစည်းတွေရှိတယ်။ ရုံးခွဲတွေက

မီလန်မှာရော၊ ရောမမှာပါ ရှိတယ်။ ဒါပေမဲ့ အကြမ်းဖက်သမားတွေ၊ ပြန်ပေးဂိုဏ်းတွေ သောင်းကျန်းလွန်းတော့ ခုအချိန်မှာ ရှားတော့ ရှားနေတယ်။ လူတော်လူကောင်းတွေ ရှားပြီး ဈေးက တက်နေတယ်။

"အေးကွာ ငါ နားလည်ပါပြီ။ ငါ့အခြေအနေနဲ့ အဲဒီကိစ္စ ပြဒါးတစ်လမ်း သံတစ်လမ်းပဲ။ ငါ့ပြဿနာကို မရှင်းနိုင်ပါဘူး"

ဇစ်ကိုက လက်ကာပြပြီး

"နေပါဦးလေ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး တခြားကွင်းဆက်တွေ ရှိသေးတယ်။ စီးပွားရေးကွင်းဆက်တွေ။ ပြန်ပေးဆွဲခံထိတဲ့ မိသားစု တော်တော်များများဟာ ကလေးတွေကို ပြန်ရွေးဖို့ ရှိသမျှအာမခံငွေတွေကို ပြန်ထုတ်ကြရတယ်။ အစိုးရကလည်း ပြန်ပေးအာမခံတော့ ဘယ်ထားပေးလဲ။ ပြန်ပေးသမားတွေကို အားပေးအားမြှောက်လုပ်သလိုဖြစ်နေမှာပေါ့။ ဒါပေမဲ့ နိုင်ငံခြား အာမခံကုမ္ပဏီတွေကတော့ သူတို့နည်း သူတို့ဟန်နဲ့ ထားပေးတယ်ဗျာ။ လန်ဒန်က လွိုက်ဘဏ်ဆိုရင် ဒီလုပ်ငန်းမျိုးက သိပ်ပိပိရိရိလုပ်တာပေါ့။ မနှစ်က တစ်နှစ်တည်း အာမခံကြေး ပေါင်သန်း ၁၀၀ ကျော် ရတယ်။ လွိုက်ဘဏ်ရဲ့အောက်မှာ အဲဒီလုပ်ငန်းမျိုးအတွက် ဘဏ်ခွဲ နှစ်ခုရှိတယ်။ တစ်ခုကဆိုရင် ပြန်ပေးဂိုဏ်းနဲ့ ညှိပေးတဲ့အထိ အလုပ်ဖြစ်သတဲ့ဗျား။ လုပ်ပုံကိုင်ပုံ ဘယ်လောက်ယဉ်ကျေးလဲ။ အင်္ဂလိပ်ကိုးကွ။ သူတို့မှာ မူနှစ်ခုရှိတယ်။ တစ် ပရီမီယံကြေးကို အီတလီရဲ့ ပြင်ပနိုင်ငံတစ်နိုင်ငံမှာ ပေးရမယ်။ နောက်တစ်ခုက အာမခံထားသူဟာ အာမခံထားရှိကြောင်း လုံးဝ လျှို့ဝှက်ထားရမယ်။ ဘာကြောင့်ဆိုတာကတော့ ရှင်းပါတယ်"

အက်တိုက ပျင်းစပြုလာပြီ။

"စိတ်ဝင်စားစရာတော့ ကောင်းပါတယ် ဇစ်ကို။ ဒါပေမဲ့ ငါ့ပြဿနာနဲ့ အဲဒါတွေနဲ့ ဘာဆိုင်လို့တုံးကွ"

ဇစ်ကိုက အက်တိုအား ဆေးလိပ်ဖြင့် ညွှန်လိုက်ပြီး

"စက်ရုံက အာမခံထားပြီးသားမဟုတ်လား"

"ဒါတော့ဒါပေါ့ကွ။ ဒါပေမဲ့ ပေါင်ထားရပါတယ်ဆို"

"ဟုတ်ပါပြီ။ ဒါပေမဲ့ အာမခံထားတဲ့ ငွေပမာဏက မင်းကိုယ်တိုင် ဆုံးဖြတ်ရတာမဟုတ်လား။ အဲဒီအပေါ်မှာ အာမခံကြေးပေးရတာပဲ အက်တိုရဲ့"

အက်တိုက ခေါင်းညိတ်သည်။ ဇစ်ကိုက ဆက်၍

"အာမခံထားတဲ့အပေါ်မှာ အာမခံကုမ္ပဏီတွေက သူခိုး၊ ဓားပြရန်က ကာကွယ်နိုင်အောင် လျှပ်စစ်ခေါင်းလောင်းတွေ ဘာတွေတော့ တပ်ခိုင်းတာပဲ။ ဒါပေမဲ့ ကိုယ့်ဘာသာကိုယ် လုံခြုံရေးအမှုထမ်းတွေဘာတွေ ခန့်နိုင်ရင် နောက်ဆုံးကျွာ အစောင့်ခွေး မွေးတာက စကြည့်ပြီး အာမခံကြေး လျှော့ယူတယ်။ ပြန်ပေးအာမခံထားတဲ့ နေရာမှာလည်း ဒီသဘောပဲ။

ဥပမာကွာ လုပ်ငန်းရှင်ကြီးတစ်ဦးဟာ သူ့ကလေးတစ်ယောက်အတွက် ပြန်ပေးအာမခံ သန်း ၁၀၀၀ ထားတယ်ဆိုပါတော့။ ပရီမီယံကြေးက ငါးရာခိုင်နှုန်း ပေးရမယ်။ အဲ... သူ့မှာ အချိန်ပြည့် သက်တော်စောင့် ငှားထားနိုင်မယ်ဆိုရင် ပရီမီယံကြေးဟာ သုံးရာခိုင်နှုန်းလောက်ပဲ ပေးရတော့မယ်။ အမိပ္ပာယ်က သန်း ၃၀ ပဲ ပေးရတော့မယ်။ သန်း ၂၀ သက်သာသွားတာပေါ့"

အက်တိုက ခေါင်းယမ်းလိုက်ပြီး

"မင်း ခုတင်ကပြောတော့ သက်တော်စောင့်က တစ်နှစ် သန်း ၃၀ လောက် ပေးရမယ်ဆို။ ဘာထူးမှာလဲ"

ဗစ်ကိုက ပြုံးလိုက်သည်။

"ပရီမီယံ သက်တော်စောင့်ဆိုတဲ့လူမျိုးလည်း ရှိသေးတယ်။ ပထမတန်းစားထဲကတော့ မဟုတ်ဘူး။ ဒါပေမဲ့ ဈေးပေါတယ်။ တစ်နှစ် ခုနစ်သန်းလောက်ပဲ ပေးရတယ်"

"ဒါပေမဲ့ ဗစ်ကို၊ ပြန်ပေးအဆွဲခံရမှာ မသေချာဘဲနဲ့ ငါ ဘာလို့ ပြန်ပေးအာမခံ ထားရမှာလဲကွ"

ဗစ်ကိုက ရယ်လိုက်သည်။

"ရှင်းပါတယ်ကွာ၊ ဈေးပေါပေါ သက်တော်စောင့်တစ်ယောက် ငှားလိုက်၊ နှစ်လ သုံးလကြာတော့ အပြစ်ရှာပြီး ဖြုတ်ပစ်လိုက်။ ပင်တာလည်း ကျောင်းပြန်တက်ဖြစ်ရော။ ရီကာကလည်း မျက်နှာမပျက်ရတော့ဘူး"

အက်တိုက တွေပြီး စဉ်းစားနေရာမှ

"အဲဒါမျိုးကို ဘယ်လိုလုပ်ပြီး ငါက ရှာမတုံး"

ဗစ်ကိုက ကျေနပ်စွာပြုံးလိုက်၏။

"ပထမဆုံး ပိုက်ဆံရှင်းလိုက်ပါဦးလေ။ ပြီး ကိုယ့်ရုံးလိုက်ခဲ့။ မိလန်မှာတင် ရအောင်ရှာပေးမယ်"

*

ဂိုက်ဒိုက ကားကို နေပယ်လ်ကမ်းခြေ လမ်းမကြီးမှ မြေနီလမ်းကလေးတစ်ခုထဲသို့ ချိုးကွေ့လိုက်သည်။ လမ်းဘေးတစ်ဖက်တစ်ချက်တွင် သံလွင်ခင်းများဖြင့် စိမ်းလန်းလျက်။ လမ်းကလေးက မြက်ခင်းစိမ်းစိမ်းနှင့် တောင်စွယ်တစ်ခုတွင် အဆုံးသတ်သွားသည်။

နေပယ်လ်မြို့နှင့် အပြောကျယ်လှသော ပင်လယ်အော်ကြီးကို စီး၍ မြင်နေရ၏။ ကားစက်ရပ်လိုက်သည်နှင့် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားသည်။ နေဝင်ရီတရောအချိန်ဖြစ်၏။ တစ်လောကလုံး ကြက်သွေးရောင်လွှမ်းနေ၏။ မိုးကုပ်စက်ဝိုင်းတွင် မေးတင်လျက်ရှိသော နေဝန်းကြီးသည် ရဲရဲနီနေ၏။

ဂိုက်ဒို အမေ့ဆီသို့ လာခဲ့ခြင်းဖြစ်သည်။ ညီအစ်ကိုနှစ်ယောက် ဆုံရောက်လာလျှင် အမေ့ရောဂါ သက်သာသည်လေ။ ဂိုက်ဒိုက ညီတော်မောင် အီလီယိုကို ခရေစီ ရောက်နေသည့်အကြောင်း လွန်ခဲ့သည့်သုံးရက်က ပြောထားခဲ့သည်။ အီလီယိုက ခရေစီအတွက် အစီအစဉ်တစ်ခု တင်ပြခဲ့သည်။ ဂိုက်ဒို စဉ်းစားနေရသည်။

ခရေစီတစ်ယောက် သည်အတိုင်း လေလွင့်နေ၍ မသင့်တော့။ သူ့ကိုယ်သူလည်း သိသည်။ ရောက်သည့်ညက နှစ်ယောက်သား စကားပြောဖြစ်ကြသည်။ သူပြောသမျှကို ဂိုက်ဒိုက အရက်ငှဲ့ပေးရင်း နားထောင်၏။ သူက ထုံးစံအတိုင်း ပြတ်တောင်းပြတ်တောင်း ပြောနေ၏။ ပြောရင်း စကားပြတ်ပြီး ငေးချင် ငေးနေသည်။

"ငါ ဒီလောက်ပဲ ဒီလောကမှာ နေသင့်တယ်ထင်တယ်။ နေသင့်တာထက်တောင် ပိုများနေသလားပဲ။ ဖြစ်ပျက်ခဲ့တာတွေက အများကြီး။ ငါဟာ စစ်သားပဲ ဂိုက်ဒို။ စစ်သားကလွဲပြီး ငါ ဘာကောင်မှ မဟုတ်ဘူး။ ဒါကလွဲပြီး တော့လည်း ငါ ဘာမှမဖြစ်ချင်ဘူး။ ဘာမှလည်းမသိဘူး။ ဒါပေမဲ့ ငါ အဲဒီဘဝမျိုးကိုလည်း ငြီးငွေ့လာပြီ။ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကစပြီး ငါ မပျော်တော့ဘူး"

ဂိုက်ဒို နားလည်ပါသည်။ လုံးဝနားလည်သည်။ ဂျူလီယာဆုံးပြီးကတည်းက သူလည်း သည်အတိုင်း ခံစားနေရသည်မဟုတ်လား။ သူတို့သူငယ်ချင်းနှစ်ယောက်မှာ ခံစားမှုချင်း တူညီကြသော်လည်း အခြေခံချင်းတော့ မတူကြ။ ဂိုက်ဒိုက အချစ်ကို ခံစားဖူးသူ။ အချစ်ကြောင့် ပျော်ရွှင်ရဖူးသူ။ ဂျူလီယာ ဆုံးပြီးမှသာ သူ့ဘဝတွင် ခရေစီတစ်ယောက်သာ ကျန်တော့သလို အထီးကျန်ခဲ့ခြင်း ဖြစ်၏။

ကြေးစားဘဝက နောက်ဆုံးအပြန်တစ်ခေါက်တွင် အမေနှင့် တစ်ပတ်နေပြီး

သူတို့နှစ်ယောက် မော်လတာသို့ ခရီးထွက်ခဲ့ကြသည်။ ကွန်ဂိုတုန်းက ရခဲ့သည့် အဆက်အသွယ်တစ်ခုဆီသို့ လာခဲ့ခြင်းဖြစ်၏။

ပါးရှင်းပင်လယ်ကွေ့တွင် အာရပ်စော်ဘွားတစ်ယောက်အတွက် အာဏာ သိမ်းပေးဖို့ လူစုနေကြသည်။ လေ့လာကြပြီး ဘဝင်မကျသည်နှင့် လက်မခံဘဲ ငြင်းပယ် လိုက်ကြသည်။ မော်လတာကျွန်းတွင် နားနားနေနေလည်ပတ်ဖို့ နှစ်ယောက်သား ဆုံးဖြတ်ပြီး ကမ်းခြေဟိုတယ်လေးတစ်ခုတွင် တည်းခိုနေကြ၏။

ကျွန်းသူကျွန်းသားတွေက ဖော်ရွေသည်။ ရိုးသားပွင့်လင်းကြသည်။ ဂျူလီယာက ဟိုတယ်ညွှန်ကြားရေးမလေး။ ဂိုက်ဒိုအတွက် ပထမဦးဆုံး အချစ်နှင့် တွေ့ဖူးခြင်း။ ခရေစီက ဂိုက်ဒိုကို ကြည့်ပြီး သဘောကျနေသည်။ လှပျိုလှည့်နေချိန်တွေကို စိတ်ရှည်လက်ရှည် စောင့်ပေးသည်။

ဂိုက်ဒိုနှင့် ဂျူလီယာတို့ နှစ်ယောက်သား ပင်လယ်ထဲတွင် ရေကူးကြသည်။ သဲသောင်စပ်တွင် ညဥ့်နက်သန်းခေါင်ထိ စကားပြောကြသည်။ ဂျူလီယာသည် အလွန့်အလွန် ရိုးသားပွင့်လင်းသူကလေးဖြစ်၏။ သူ့ကိုယ်သူ အပျိုစင်ပါဟု ထုတ်ပြောသည်။ သူ အမှန်အတိုင်းပြောခြင်းဖြစ်ကြောင်း ဂိုက်ဒို လက်တွေ့သိရသော အခါ ပို၍ သံယောဇဉ်တွယ်မိတော့သည်။

မော်လတာကျွန်း၏ လေ့ထုံးစံအရ မိသားဖသားပီပီတောင်းရမ်းလက်ထပ်၍ ယူလိုက်သည်။ သည်တုန်းက လူပျိုရံမှာ ခရေစီ။ မင်္ဂလာဦးညတွင် ခရေစီသည် မော်လတာအရက်ကို အဝသောက်ပြီး အပျော်ကြီးပျော်နေ၏။

ဂျူလီယာက သူတို့နှစ်ယောက်၏ဆက်ဆံရေးကို နားလည်ထားသည်။ နှစ်ကိုယ့်တစ်စိတ်လို ဖြစ်နေကြောင်းကိုလည်း သဘောပေါက်သည်။ ဂိုက်ဒိုနှင့် ဂျူလီယာတို့ နေပယ်လ်ကို ပြန်တော့ ခရေစီက မော်လတာတွင် ကျန်ရစ်ခဲ့၏။ လေယာဉ်ကွင်းကို သူကိုယ်တိုင် ကားမောင်းပို့သည်။ လေယာဉ်ပေါ်သို့ တက်ခါ နီးတွင် ဂျူလီယာကို ငုံ့နမ်းပြီး နှုတ်ဆက်သည်။ ဂျူလီယာက ခရေစီ၏ ခါးကို သိုင်းဖက်ထား၏။ တော်တော်နှင့် မလွှတ်မိ။ လှချင်းခွာလိုက်တော့ သူ့မျက်လုံး ထဲတွင် မျက်ရည်တွေ ဝေ့နေသည်ကို ဂျူလီယာ သတိပြုလိုက်မိ၏။

"အစ်ကိုကြီး ဂျူလီယာတို့အိမ်ကို လိုက်ခဲ့နော်။ ဂျူလီယာ့အိမ်ဟာ အစ်ကိုကြီး အိမ်ပဲပေါ့" လို့ ပြောတော့ သူ ခေါင်းညိတ်သည်။

သူ့မျက်နှာမှာ ထူးထူးခြားခြား တည်ငြိမ်နေ၏။

"သူ ညည ဟောက်ရင် ဘာမှမလုပ်နဲ့၊ သိလား။ နားနားကပ်ပြီး အသာကလေး လေချွန်ပေးလိုက်၊ ငြိမ်သွားရော"

ဂျူလီယာ့ရင်ထဲတွင် ဆို့နေ၍ ဘာမှမပြောဘဲ လှည့်ထွက်ခဲ့သည်။ လေယာဉ်ပေါ်ရောက်တော့ သူတစ်ယောက်တည်းနေခဲ့ပြီး ဘာဆက်လုပ်မှာလဲဟု ဂိုက်ဒိုကို မေးကြည့်သည်။

"စစ်ပွဲတစ်ပွဲ ထပ်ရှာမှာပေါ့ကွာ"

လင်မယားနှစ်ယောက် နေပယ်လ်သို့ ပြန်လာပြီး ငြိမ်းချမ်းရေး စားတော်ဆက်ကို ဖွင့်ကြသည်။ ဘုရားရှိခိုးကျောင်းတွင်တော့ အမေ့ဖယောင်းတိုင်မီးရောင်ဖြင့် ပို၍ ထိန်လင်းလျက်။

*

ခရေစီသည် နေပယ်လ်သို့ မကြာမကြာပြန်လာသည်။ စစ်ထွက်သွားလိုက် ပြန်လာလိုက်နှင့်။ ဘယ်တော့မှ ကြိုတင် တယ်လီဖုန်းဆက်လေ့မရှိ။ စာရေးလေ့ မရှိ။ ဖြုန်းခနဲရောက်လာပြီး ပြန်ချင်သည့်အချိန်တွင် ထပြန်သွားသည်။ ပြန်လာတိုင်း ဂျူလီယာ့အတွက် လက်ဆောင်တစ်မျိုးမျိုး ဝယ်လာတတ်၏။ တစ်ခါတွင် အင်ဒိုနီးရှားမှ ပိုးထည်ပန်းချီကားတစ်ချပ် ဝယ်လာပေးသည်။ နောက်တစ်ကြိမ် ဂျပန်မှ ပုလဲပုတီး။ ဂျူလီယာမှာ သူ့လက်ဆောင်ပစ္စည်းတွေကို မြတ်နိုးမဆုံး။

သူရောက်လာလျှင် ကောင်းကောင်းအနားယူသည်။ ကြာကြာနေလေ့မရှိ။ ပြီးတော့ ရုတ်ခြည်းထပြန်သွားတတ်သည်။ နောက်ဆုံးလာသွားသည့် အကြိမ်ကတော့ တစ်လကျော်ကြာ နေသွားသည်။

သူ့တွင် ပျင်းရိချိန်ဟူ၍ လုံးဝမရှိ။ အဆောက်အအုံကို တစ်နေရာမဟုတ်တစ်နေရာ လိုက်ပြင်နေတတ်သည်။ ဆိုင်တွင် လာရောက်စားသုံးသူတွေ ရှင်းသွားချိန်တွင်မှ သူတို့သုံးယောက် မီးဖိုထဲမှ စားပွဲကြီးတွင် ဝိုင်းဖွဲ့စားသောက်လေ့ရှိသည်။ ရုပ်မြင်သံကြားကြည့်လျှင်လည်း အတူ။ စာဖတ်လျှင်လည်း သုံးဦးသားအတူတူဖတ်ကြသည်။ စကားနည်းရသည့်အထဲ ပြောပြန်လျှင်လည်း တိုတိုတုတ်တုတ်သာ ပြောလေ့ရှိသော သူတို့နှစ်ယောက်ကိုကြည့်ပြီး ဂျူလီယာ ပြုံးရစမြဲ။ မိတ်ဆွေတစ်ယောက်အကြောင်း ပြန်ပြောနေကြသည်ဆိုပါစို့။ ဂိုက်ဒိုက

"မီလာကော"

"အန်ဂိုလာမှာ"

"ပွေတုန်းပဲလား"

"အင်း"

"ဒီကောင် တော်တော့ တော်တယ်"

"သိပ်ထက်တာပေါ့"

"သွားလေရာ ပါတုန်းပဲ"

ဘာတွေမှန်းမသိ။ လက်နက်တွေအကြောင်း ပါလာလျှင် ဂျူလီယာ ပို၍ ဦးနှောက်ခြောက်သေးသည်။ ပထမပိုင်းတွင် ခရေစီပြန်သွားတိုင်း ဂိုက်ဒိုတစ်ယောက် မနေတတ်မထိုင်တတ်ဖြစ်နေသည်ကို ဂျူလီယာ သတိပြုမိသည်။

နောက်ဆုံးတစ်ကြိမ် ပြန်ခါနီးတွင် ဂျူလီယာက မတားစဖူး တားလေတော့၏။ သည်မှာပင် အတူနေဖို့ အဆိုပြုတော့၏။ ဂိုက်ဒိုက ဘာမှဝင်မပြော။ ပြောရာလည်း မလို။

အလွန်ပြုံးခဲ့သော ခရေစီက ပြုံးသည်။

"တစ်နေ့နေ့တော့ လာနေဖြစ်မှာပေါ့ကွာ။ အဲဒီတော့မှ မီးကြိုးတွေကို ငါ ပြန်ရိုက်ပေးမယ်။ ဆေးလည်း တစ်လတစ်ခါ မှန်မှန်သုတ်မယ်"

သူ့ရင်ထဲမှာရှိသည်တို့ကို အရင်းတိုင်းပြောနေမှန်း ဂိုက်ဒိုတို့လင်မယား နားလည်ကြသည်။

သို့သော် နောက်တစ်ကြိမ် သူအလာတွင် ဂျူလီယာမရှိတော့ပေ။ ဘောလုံးပွဲ နိုင်လာသဖြင့် ကားဟွန်းတွေ တစ်ဆက်တည်း တီးပြီး မြို့လုံးအနှံ့ လှည့်ပတ် အော်ဟစ်နေသော ကားတစ်စီးနှင့်၊ လူတစ်စု မူးပြီးမောင်းလာသော ကားတစ်စီးတို့ အရှိန်ပြင်းစွာ တိုက်မိရာတွင် ဈေးဝယ်ပြန်လာသော လမ်းနံဘေးမှ ဂျူလီယာ အဆစ်ပါသွားခြင်းဖြစ်သည်။

တစ်ပတ်အကြာတွင် ခရေစီ ရောက်လာသည်။ အဝေးကြီးမှ ဘယ်လို သတင်းရသလဲဟုပင် ဂိုက်ဒို မမေးမိတော့။ နှစ်ပတ်တိတိ ဂိုက်ဒိုနှင့်အတူ နေပေး သွားသည်။ ထို့ကြောင့် ရင်နှင့်အမျှ နာကြည်းကြေကွဲဖွယ်ရာ ကောင်းလှသည့် ထိုရက်သတ္တနှစ်ပတ်တွင် ဂိုက်ဒို အထိုက်အလျောက် ခံသာခဲ့ခြင်းဖြစ်သည်။

*

ခုတော့ ဂိုက်ဒိုတစ်ယောက် ကားပေါ်တွင်ထိုင်ရင်း ပင်လယ်ရေပြင်ပေါ်မှ ဆည်းဆာ ချိန်ကို ငေးနေ၏။ နေဝန်းနီနီကြီး မိုးကုပ်စက်ဝိုင်းအတွင်းသို့ ငုပ်လျှိုးသွားပြီး

ဆည်းဆာရောင်ခြည်သည် လဲ့လဲ့လင်း၍ ကျန်ရစ်သည်။ ဘဝအကြောင်းကို ကြိုးစား၍ တွေးနေ၏။

ဂျူလီယာနဲ့သာ မတွေ့ခဲ့ရင် ဘဝသည် တစ်မျိုးတစ်ဖုံဖြစ်နေမည် မုချ။ သည်တော့မှ ခရေစီကို ပို၍သတိတရဖြစ်ရ၏။ ပို၍နားလည်ရ၏။ အပြောင်းအလဲ တစ်ခုခုဖြစ်သွားအောင် တစ်စုံတစ်ခုကိုလုပ်ဖို့ စဉ်းစားသည်။ ဆောက်တည်ရာ မရ ဖြစ်နေသည့် အာရုံတွေကို စုစည်းဖို့ လိုအပ်လာ၏။

ခရေစီကတော့ ရှီဒီးရှားကို ရောက်နေပြီ။ လူဖြူလူငယ်တွေကို ပြောက်ကျား တိုက်ပွဲသင်တန်းများ ပေးနေသည်။ ရှီဒီးရှားဘဝမှာ သူ ကျင်လည်ခဲ့ရဖူးသည့် ဘဝမျိုးမဟုတ်။ သို့သော် ဘာဟူ၍ သူ သရုပ်မခွဲတတ်။

ခရေစီသည် စစ်ကို မှန်သည်လား၊ မှားသည်လား ဟူ၍ ဘယ်တော့မှ မဆုံးဖြတ်။ လူဖြူတွေကို သူ ကရုဏာသက်သည်။ သူတို့တစ်တွေမှာ လူဆိုးတွေ မဟုတ်ကြ။ ခေတ်အခြေအနေက သူတို့ကို အကျဉ်းအကျပ်ဖြစ်အောင်လုပ်နေခြင်း ဖြစ်သည်။

သူတို့သည် နိုင်ငံသစ်တစ်နိုင်ငံထူထောင်ရန် ရှက်လွင့်ကြသည့် စွန့်စားရေး သမားများဖြစ်၏။ သူတို့ကိုယ်သူတို့ ခေတ်ဦးအမေရိကန်တွေဟု ခံယူထားကြ၏။ သို့သော် ခေတ်အခြေခံချင်းက မတူတော့။

အမေရိကန်တွေက အင်ဒီယန်တွေကို ဖယ်ရှားနိုင်ခဲ့သလို သူတို့က လူမည်း တွေကို မဖယ်ရှားနိုင်။ သြစတြေးလျတွေက သူတို့ဌာနေ တိုင်းရင်းသား အဘော်ရီဂျင် တွေကို ရှင်းသလို သူတို့ မရှင်းနိုင်။ ယနေ့ လူမည်းတို့၏လက်ထဲတွင် မိုင်းဗုံး မျိုးစုံမှစ၍ ဒုံးပျံလက်နက်ထိ ရှိနေပြီမဟုတ်လား။

ကမ္ဘာကြီးသည် လုံးဝပြောင်းလဲခဲ့ပြီ။ အဆိုးဆုံးမှာ စစ်တိုက်ပြီး အရာ မထင်သည့် ကိစ္စဖြစ်၏။ အကျိုးမဲ့စစ်ပွဲများကို ဆင်နွှဲရခြင်းဖြစ်၏။ ယခုလည်း ခရေစီ ကြိုတင်သိမြင်နေပြီ။ ဘယ်သူတွေ မမြင်စေကာမူ သူကတော့ အဖြေကို ကြိုမြင်နေပြီ။ ဒိန်ဘိန်ဖူး၊ အယ်ဂျီးရီးယားနှင့် ကတန်ဂါအတွေ့အကြုံများအရ ဖြစ်သည်။ အကျိုးမဲ့ အရာမထင်သည့် စစ်ပွဲများ။

ရှီဒီးရှားစစ်ပွဲကျမှ ခရေစီက ပြီးခဲ့သည့် စစ်ပွဲများကို ပြန်လည်သုံးသပ် မိခြင်းဖြစ်၏။ အမျိုးကိုချစ်ပါသည် ဆိုသည့် လူတွေအတွက် ဝင်တိုက်ပေးသည့် စစ်ပွဲများ။ သွေးချောင်းသွင်သွင်စီးသည့် စစ်ပွဲကြီးများ။

ခရေစီက ပထမဆုံးအကြိမ်အဖြစ် အနာဂတ်ကို မျှော်ကြည့်မိသည်။ သည်အသက်မွေးဝမ်းကျောင်းနှင့် သည်ဘဝတွင် သည်အတိုင်း အသက်ရှင်မည်ဆိုလျှင် ရိုဒီးရှားတွင်မဟုတ်သော်လည်း အခြားတစ်နေရာရာတွင် သည်အတိုင်း တိုက်နေရဦးမည်။

'ရက်စက်ရိုင်းစိုင်းသည့် အကျိုးမဲ့စစ်ပွဲများ' ကို တိုက်ပွဲဝင်ခဲ့သူ။ သူ့အတိတ်ဘဝအုတ်ဂူတွင် ကမ္ပည်းထိုးမည့် စာတန်း။ အနာဂတ်အတွက် သူ့နာမည်ရှေ့မှ တပ်ရမည့် နာမဝိသေသန။

စိတ်ဓာတ်အကျကြီးကျသွားပြီး အရက်ကို ဖိသောက်တော့၏။ ကျန်းမာရေးကို ထိခိုက်လာအောင် နေ့ ည မဟူ သောက်တော့၏။ သည်တော့မှ အထက်အရာရှိတွေက သူ့ကို ရှေ့တန်းသို့မလွှတ်တော့ဘဲ အကြံပေးအရာရှိအဖြစ်ဖြင့်သာ အခြေစိုက်စခန်းတွင် နေစေ၏။

ခရေစီမဟုတ်ဘဲ အခြားတစ်ယောက်ဆိုလျှင် တပ်မှအထုတ်ခံရမည် မုချ။ သို့သော် သူ့စွန့်စားခန်းတွေနှင့် သူ့လုပ်ဆောင်ချက်တွေက မေ့၍ရစကောင်းသောကိစ္စမျိုးများ မဟုတ်။ သူ့ကျေးဇူးတွေက အပုံအပင်။ သည်တော့ သူ့ကို ဘေးမဲ့ပေးထားကြသည်။ မကြာခင် သူ့ကိုယ်သူ သိလာသည်။ ကရဏာကြေးပေါ်တွင် မှီခိုနေရသည့် ဘဝပါကလား။ ဤတွင်မှ ရိုဒီးရှားကို နှုတ်ဆက်ထွက်ခွာခဲ့ခြင်းဖြစ်သည်။

ပထမဆုံး ဘရပ်ဆယ်ကို သွားသည်။ ပတ်သက်ခဲ့ဖူးသည့် အမျိုးသမီးတစ်ယောက်ကို ရှာသည်။ မတွေ့တော့။ မာဆေးကို ရထားနှင့် လိုက်ခဲ့သည်။ မာဆေးဆိပ်ကမ်းတွင် ကော်ဆီကာသို့ ထွက်မည့်ဆဲဆဲ သင်္ဘောတစ်စင်းကို တွေ့သဖြင့် အစီအစဉ်မရှိဘဲ တက်လိုက်ခဲ့ခြင်းဖြစ်၏။ ကော်ဆီကာသည် ပြင်သစ်ကြေးစားတပ်၏ မိခင်ကျွန်းမဟုတ်လား။ မသိစိတ်က သူ့ကို ဦးဆောင်သွားခြင်းဖြစ်၏။

နှစ်တွေကြာခဲ့ပြီဖြစ်သည့်အတွက် ပုန်ကန်မှုတွင် ပါခဲ့ဖူးသူများကို တပ်က လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ပြီးဖြစ်သည်။ သူ့အတွက် ခေါင်းချရမည့် မြေသည် သည်တပ်မြေပင် ဖြစ်သင့်သည်။ မိဘမဲ့ကလေးတစ်ဦးသည် မိဘမဲ့ကျောင်းသို့ အမြဲပြန်လာခွင့်ရှိနေသည်မဟုတ်လား။

တပ်မြေကိုရောက်တော့ မွန်းတည့်ပြီ။ ပန်းခြံတစ်ခုထဲတွင်ထိုင်ပြီး အရက်သောက်နေ၏။ တောင်ကုန်းပေါ်သို့ ငေးနေမိသည်။ စစ်တန်းလျားတွေ စီရရီနှင့်။

ကြေးစားတပ်ဖွဲ့၏ စစ်ချီသီချင်းသံသည် လေထဲတွင် ပျံ့လွင့်လာသည်။ တောင်ကုန်းပေါ်သို့ တက်သင့် မတက်သင့် ချီတုံချတုံဖြစ်နေ၏။

တပ်သားသစ်တစ်စု စစ်ချီသီချင်း တကြော်ကြော်ဖြင့် သူ့ရှိရာဘက်သို့ ချီတက်လာကြသည်။ တစ်မိနစ်လျှင် ၈၅ လှမ်းနှုန်းဖြင့် အနေးလျှောက် ချီတက်လာကြ၏။ ယူနီဖောင်းအသစ်များကို ဆင်မြန်းလျက်။ သူတို့မျက်နှာတွေမှာ နုပျိုတက်ကြွနေ၏။ သည်အခါတွင် မိမိကိုယ်မိမိ အနှစ် ၁၀၀၀ အိုမင်းနေသူကဲ့သို့ ခံစားလိုက်ရသည်။

ဖိနပ်သံတွေ ဝေး၍ဝေး၍ သွားပြီ။ စစ်ချီသီချင်းသံလည်း ပျောက်ကွယ်လုပြီ။ နောက်ဆုံးလက်ကျန်ကို မော့လိုက်၏။ ဘက်စတီယာဆိပ်ကမ်းသို့ တက္ကစီငှားပြီး ထွက်လာခဲ့သည်။ ဂိုက်ဒိုဆီသွားတာပဲ ကောင်းပါတယ်လေ။

နေပယ်လ်ကိုထွက်မည့်သင်္ဘောက မထွက်သေး၍ စောင့်ရသေးသည်။ လူရှင်းသော ကမ်းနဖူးမှ အရက်ဆိုင်ကလေးတွင် ထိုင်သောက်နေမိ၏။ အင်း… ဂိုက်ဒိုနဲ့ပြန်တွေ့ရင်တော့ အကျိုးမယုတ်နိုင်ဘူး ထင်ရတာပဲ။

ချာတိတ်ကလေးတစ်ယောက်က လမ်းတစ်ဖက်မှ သူ့ကို စောင့်ကြည့်နေသည်။ သင်္ဘောထွက်တော့ ချာတိတ်က သူ့ကို လက်ပြသည်။ လက်ပြန်ပြလိုက်မိ၏။ နေရစ်တော့ ကော်ဆီကာ၊ နေရစ်တော့ သူငယ်လေးရေ။

*

သက်တော်စောင့်အလုပ်ကို ဂိုက်ဒိုက တင်ပြတော့ ခရေစီတစ်ယောက် အကြောင်းသား ငေးနေမိသည်။ ဂိုက်ဒိုက သူ့ညီ အီလီယို၏ အကြံပြုချက်အတိုင်း ခရေစီကို စည်းရုံးနေခြင်းဖြစ်၏။

အီလီယိုသည် လူတစ်လုံးသူတစ်လုံးဖြစ်နေပြီ။ အစ်ကိုလုပ်သူ၏ ထောက်ပံ့မှုကြောင့် တက္ကသိုလ်ပညာကို ဆုံးခန်းတိုင် သင်လာခဲ့ပြီး နာမည်ကြီး စာရင်းစစ်အဖွဲ့တစ်ခုတွင် စာရင်းကိုင်တစ်ယောက်ဖြစ်နေပြီ။

သူ့အစစ်ဆေးခံလုပ်ငန်းများတွင် ကြေးရတတ်မိသားစုများအတွက် သက်တော်စောင့်များ ရှာဖွေပေးရသည့် အေဂျင်စီတစ်ခုလည်း ပါသည်။ ခရေစီအတွက် သင့်လျော်ကြောင်း အီလီယိုက အကြံပေးတော့ မသင့်လျော်ကြောင်းဖြင့် ဂိုက်ဒိုက ငြင်းသည်။ ကျန်းမာရေးက မကောင်းတော့သည့်အပြင် အရက်ကိုလည်း အလွန်အကျူး သောက်နေသည်မဟုတ်လား။

သည်တော့မှ အီလီယိုက ပရီမီယံသက်တော်စောင့်လုပ်ငန်းအကြောင်း ရှင်းပြသည်။ ဂိုက်ဒို စိတ်ဝင်စားလာ၏။

"လခတော့ သိပ်မကောင်းဘူးပေါ့ အစ်ကိုရာ။ ဒါပေမဲ့ အလုပ်က သဘော လောက်ပါ"

လစာကိစ္စကတော့ အကြောင်းမဟုတ်။ ခရေစီတွင် ငွေတွေအများကြီး ရှိသည်။

"ဘယ်လိုသဘောရသလဲ ခရေစီ၊ ကျွန်တော်ပြောတဲ့ သက်တော်စောင့် အလုပ်လေ"

"ဟာကွာ မင်းကလည်း အဓိပ္ပာယ်မရှိ။ ငါ့အခြေအနေနဲ့ လူသေအလောင်း ကိုတောင် သက်တော်စောင့်လုပ်ဖို့ မကောင်းတော့ဘူး"

ဂိုက်ဒိုက ပရီမီယံသက်တော်စောင့်လုပ်ငန်းအကြောင်း ရှင်းပြသည်။ သို့သော် ခရေစီက သဘောမပေါက်သလိုနှင့်

"ငါလို အရက်ချိုးကပ်နေတဲ့ကောင်ကို ဘယ်သူငှားမှာလဲ ဂိုက်ဒိုရာ"

"ဒီလုပ်ငန်းက အာမခံကြေး လျှော့အောင်လုပ်တဲ့ ဟန်ပြအလုပ်ပါဗျာ"

"ဒါပေမဲ့ ငါက ငမူးကွ"

ဂိုက်ဒို သက်ပြင်းချသည်။

"နည်းနည်းတော့ ထိန်းရမှာပေါ့ဗျာ။ ညပိုင်းသောက်ပေါ့။ ခင်ဗျားကြည့်ရ တာ နေ့ပိုင်း မသောက်ဘဲ နေနိုင်မယ့်ပုံပါ ခရေစီရာ"

ခရေစီက တွေပြီး စဉ်းစားနေသည်။ သူသည် စစ်သားဘဝ၏ အပြင် ဘက်သို့ ရောက်ဖူးသူမဟုတ်။ အပြင်လောကနှင့် ဆက်ဆံဖူးသူမဟုတ်။

"သက်တော်စောင့်ဆိုကတည်းက တစ်ယောက်ယောက်နဲ့ နီးနီးကပ်ကပ် တော့ ဆက်ဆံရမယ်။ ငါ အဲဒါတွေ မတတ်မှန်း မင်းသိပါတယ် ဂိုက်ဒို။ တကယ့် ပြန်ပေးဂိုဏ်းနဲ့ တိုးနေရင်ကော"

"တတ်နိုင်သလောက်တော့ ကြိုးစားပေါ့ဗျာ။ မဖြစ်နိုင်တာကို လုပ်ပေးဖို့ ခင်ဗျားကို ငှားထားကြတာမှမဟုတ်ဘဲ"

ခရေစီက ဖြစ်နိုင်ချေရှိသမျှကို ကြိုတွေးနေသည်။ သို့သော် ဂိုက်ဒိုက အလောတကြီးတိုက်တွန်းသည့်အခါ ခေါင်းညိတ်လိုက်သည်။

ဂိုက်ဒိုက ခရေစီ၏ ကိုယ်ရေးရာဇဝင်ကို ရေးပြီး အီလီယိုထံသို့ ပို့လိုက်သည်။

ဆင်နွှဲခဲ့သည့် တိုက်ပွဲများ၊ ရရှိခဲ့သည့် ဆုတံဆိပ်များ၊ ကျွမ်းကျင်သည့် လက်နက်အမျိုးအစားများကို အစုံအလင်ရေးထည့်လိုက်သည်။ စာမျက်နှာပေါင်းများစွာ။

ထိုည အိပ်ရာဝင်တော့ ဂိုက်ဒိုတစ်ယောက် စိတ်လက်ပေါ့ပါးနေ၏။

❑

## (၄)

"ခင်ဗျားကို အေဂျင်စီက သေနတ်ပေးလိုက်သလား"

"ပေးလိုက်ပါတယ်"

"တစ်ဆိတ်လောက် ပြစမ်းပါဦး။ ကြည့်ရအောင်"

ခရေစီက ညာဘက်လက်ကို ကားလက်ကိုင်ဘီးမှ လွှတ်၍ ဂျာကင်အကျီ အိတ်ထဲမှ သေနတ်ကို နှိုက်ယူပြီး လှမ်းပေးလိုက်သည်။

အက်တိုက သေနတ်ကို သတိကြီးစွာနှင့် ကိုင်ကြည့်နေသည်။ တစ်သက်နှင့် တစ်ကိုယ် သေနတ်ကို တစ်ခါမှ ကိုင်မကြည့်ဖူးခဲ့ပါ။ သူ သဘောကျနေ၏။

"ဘာအမျိုးအစားလဲဗျ"

"ဘာရက်တာ ၈၄"

"ခင်ဗျား အရင်က သုံးဖူးလား"

"သုံးဖူးတယ်။ ကောင်းပါတယ်"

"မောင်းတင်ထားပြီးသားလား"

ခရေစီက ကားကို ရှေ့တည့်တည့် ကြည့်မောင်းနေရာမှ သူ့နံဘေးမှ အီတလီကို ငဲ့ကြည့်လိုက်သည်။

"ဟုတ်တယ်၊ တင်ပြီးသား"

ခရေစီက ခြောက်ကပ်ကပ်အသံဖြင့် ဖြေသည်။

အက်တိုက သေနတ်ကို ပြန်ပေးလိုက်၏။ နှစ်ယောက်သား ကိုမိုသို့ ဆက်မောင်းလာခဲ့ကြသည်။

အက်တိုက အမေရိကန်ကြီးအား သူ့လင်စီယာကားကြီးကို မောင်းခိုင်းလာခဲ့ခြင်းဖြစ်သည်။ သူကားမောင်းပုံကို အကဲခတ်ချင်၍ ဖြစ်၏။ ခရေစီက ညင်ညင်သာသာမောင်းလာတော့ သူ့စိတ်ထဲမှ ကျိတ်၍ အမှတ်ပေးလိုက်သည်။

*

သက်တော်စောင့်တစ်ယောက်ကို ဗစ်ကိုပြောသလောက် ခဲရာခဲဆစ်မရှိဘဲ ရခဲ့သည်။ ဘာပဲဖြစ်ဖြစ် ရီကာ့အလိုကိုတော့ ဖြည့်ဆည်းပေးနိုင်ခဲ့၏။

ဗစ်ကိုနှင့်တိုင်ပင်ပြီးပြန်လာသည့်နေ့ကတည်းက စ၍ သားအမိနှစ်ယောက်စိမ်ကိန်း အကောင်အထည်ဖော်ဖို့ အလုပ်ရှုပ်တော့၏။ အိမ်အပေါ်ဆုံးထပ်တွင် အခန်းကျယ်ကြီးတစ်ခု ပေးထားဖို့ ရီကာက စီစဉ်သည်။ အခန်းထဲကို ပရိဘောဂအစုံအလင်ထည့်ပေးသည်။ ရှေးဟောင်းကြေးခုတင်ကြီးတစ်လုံး ဆင်ပေးသည်။ ထမင်းချက်အမျိုးသမီး မာရီယာ၊ မာလီအဘိုးကြီး ဘရူနိုတို့နှင့် အတူ ထမင်းကျွေးဖို့ အစီအစဉ်လုပ်သည်။

တာဝန်ကို သတ်သတ်မှတ်မှတ်ပေးဖို့ ဖယားဆွဲသည်။ ပင်တာ့ကို ကျောင်းပို့ကျောင်းကြိုရသည့်အလုပ်မှာ အဓိကဖြစ်သည်။ အားသည့်အချိန်များတွင်တော့ သူဌေးကတော် ရီကာ၏ ကားမောင်းသမားအဖြစ် တာဝန်ယူရမည်။

သည်တော့ ငှားရမည့် သက်တော်စောင့်သည် ရည်မွန်ရမည်။ ကျိုးနွံရှိသေရမည်။ ရီကာက သည်ကိစ္စ အမြန်ဆုံးစီစဉ်ဖို့ လောတော့၏။ ကျောင်းတွေကဖွင့်တော့မည်။ သို့မှ ပါရီကို စိတ်ချလက်ချ လိုက်သွားနိုင်မည်မဟုတ်လား။

ပထမလျှောက်လာသူနှစ်ယောက်ကို ရီကာက စိတ်တိုင်းမကျ။ လမ်းသရဲသာသာတွေ။ တတိယတစ်ယောက်ကျတော့ အခြောက်ဆန်ဆန်။ အေဂျင်စီကိုဖုန်းလှမ်းဆက်ပြီး ဆူသည်။ အေဂျင်စီက ယဉ်ယဉ်ကျေးကျေးဖြေသည်။ လူအလွန်ရှားနေကြောင်း၊ သူ့အိုးနှင့် သူ့ဆန် တန်ရုံပဲ ရနိုင်မည့်အကြောင်း။ သို့သော်နောက်တစ်နေ့တွင် အေဂျင်စီမှ ဖုန်းဆက်သည်။ စတုတ္ထမြောက် လျှောက်ထားသူတစ်ယောက်ကို လွှတ်ပေးမည့်အကြောင်း၊ အမေရိကန်အမျိုးသားတစ်ယောက်ဖြစ်ကြောင်း။

အက်တိုက စိတ်မဝင်စားလှ။ နိုင်ငံခြားသားတစ်ယောက်ကို ငှားဖို့ စိတ်ကူးမရှိခဲ့။ အထူးသဖြင့် အမေရိကန်တစ်ယောက်ကို သက်တော်စောင့်ငှားဖို့ မျှော်လင့်မထားခဲ့။ ပ်ကေကို တမြုံ့မြုံ့ဝါးပြီး ဆံပင်စုတ်ဖွားပုံစံကို အက်တိုက အလွန်မုန်း။

သူ့ရုံးခန်းထဲသို့ ခရေစီဝင်လာတော့ အက်တို တအံ့တသြဖြစ်သွားသည်။ ကျေနပ်သလိုလည်း ရှိ၏။ လူကြီး၏ပုံစံက အလွန်မာကျောမည့်ပုံ။ အမာရွတ်တွေနှင့် လေးထောင့်မျက်နှာမှ မျက်လုံးတွေက ကြောက်မက်ဖွယ်ကောင်းလှသည်။ အဝတ်အစားကိုတော့ အထက်တန်းကျကျဝတ်ထားသည်။ သူက ရုံးခန်းတံခါးဝတွင် စိတ်လှုပ်ရှားမှု အလျဉ်းမရှိသည့် မျက်နှာမျိုးဖြင့် အက်တိုကို မားမားကြီး ရပ်ကြည့်နေသည်။ လက်ထဲတွင် စာအိတ်ညိုကြီးတစ်လုံးကို ကိုင်လျက်။

အက်တိုက ထိုင်ဖို့ လက်နှင့် အမူအရာပြလိုက်သည်။ သူက စာအိတ်ကြီးကို အက်တိုအား လှမ်းပေးသည်။

"အေဂျင်စီက ဒီစာအိတ်ကို ပေးခိုင်းလိုက်ပါတယ်"

သူ့ အီတလီစကားပြောပုံမှာ နေပယ်လ်ကမှန်း သိသာလှသည်။

အက်တိုက စာအိတ်ကို လှမ်းယူရင်း

"ကော်ဖီသောက်ပါဦးလား" ဟု လောကဝတ်စကား ဆိုလိုက်၏။ အက်တို သဘောကျနေပြီဖြစ်သည်။ တော်ရုံသည့်သည်ကို ကော်ဖီတိုက်ခဲ့သည်။ ခရေစီက ခေါင်းယမ်းပြသည်။

အက်တိုက စာအိတ်ကို ခွာပြီး အတွင်းမှ ဖိုင်တွဲကို ထုတ်ဖတ်နေသည်။ ဂိုက်ဒိုထံမှ ရရှိသည့် အချက်အလက်တွေကို စုစည်း၍ အေဂျင်စီက အချောကိုင်ပေးထားသည့် ခရေစီ၏ ကိုယ်ရေးရာဇဝင်ဖြစ်၏။

အက်တိုက ငြိမ်ပြီး ဂရုတစိုက်ဖတ်နေသည်။ ပြီးတော့ သူ့ရှေ့တွင်ထိုင်နေသည့် လူကြီးကို မျက်လွှာပင့်ကြည့်လိုက်သည်။ ထိုလူကြီးက မတုန်မလှုပ် ကျောက်ရုပ်မျက်လုံးများဖြင့် သူ့ကိုကြည့်နေ၏။

"ဒီအထဲမှာမပါတဲ့အချက်တွေကို ပြောပါဦး"

"ကျုပ် အရက်သောက်တတ်တယ်"

ခရေစီက တုံးတိတိပြောလိုက်၏။

အက်တိုက ခဏတွေပြီး စဉ်းစားနေသည်။ စားပွဲပေါ်မှ ဖိုင်တွဲဆီကို တစ်ချက်ငုံ့ကြည့်ပြီး

"အရက်သောက်တော့ ခင်ဗျားလုပ်မယ့်အလုပ်နဲ့ ဖြစ်ပါ့မလား"

ခရေစီက မျက်လုံးတွေကို မှေးစင်းပြီး စဉ်းစားနေသည်။ သူ့နှုတ်မှ ထွက်လာမည့် စကားလုံးများသည် မှုသားပါမှာမဟုတ်ဟု အက်တို သိနေ၏။

"အင်း... ဒီအလုပ်မျိုးက အရက်မသောက်ရင် ပိုကောင်းတာပေါ့။ တုံ့ပြန်တိုက်ခိုက်ဖို့ လိုအပ်လာရင် မသွက်နိုင်တော့ဘူးလေ။ ပြီးတော့ ပစ်တဲ့ခတ်တဲ့နေရာမှာလည်း ဘယ်ဖြောင့်တော့မလဲ။ ကျုပ်သာ ခင်ဗျားတို့လို ချမ်းသာလို့ လူငှားဖို့ လိုတယ်ဆိုရင်တော့ ကျုပ်လိုလူမျိုးကို ကျုပ် မငှားဘူး"

"မသောက်ရ မနေနိုင်အောင်ပဲလား"

"နေ့ခင်းပိုင်း မသောက်ဘဲနေလို့ ရပါတယ်"

အက်တိုက ဖိုင်တွဲကိုပြန်လှန်ရင်း စဉ်းစားနေသည်။ အရက်သောက်တတ်သည်ကို ရိုက်ာ မသိရင် ပြီးတာပဲဟု တွေးမိ၏။

"လခကတော့ သိပ်မကောင်းဘူးနော်"

ခရေစီက ပခုံးတွန့်လိုက်ပြီး

"တကယ့်ကျွမ်းကျင်တဲ့ ပြန်ပေးသမားတွေနဲ့ ရင်ဆိုင်ရမယ်ဆိုရင်တော့ တန်ရာတန်ကြေးပေးဖို့ ကောင်းပါတယ်"

"တော်ရုံတန်ရုံ ပြန်ပေးသမားတွေဆိုရင်ကော"

"တကယ်မနူးမနပ်တွေဆိုရင်တော့ ကျုပ်က ခြောက်ရုံလှန့်ရုံလောက်နဲ့ မောင်းထုတ်နိုင်ပါတယ်။ လိုအပ်ရင်လည်း သတ်ရပုတ်ရမှာပေါ့လေ"

အက်တိုက ခေါင်းယမ်းပြီး

"တကယ်တော့ ဒီလောက်မလိုပါဘူး။ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ကျွန်တော့်မိန်းမ အစိုးရိမ်ကြီးလို့ စီစဉ်ရတာပါ။ တစ်ဆက်တည်း ခင်ဗျားရဲ့ တာဝန်ပိုင်းကို ကျွန်တော် ပြောပြပါမယ်။ ကလေး ကျောင်းပို့ကျောင်းကြိုအပြင် အားတဲ့အချိန်မှာ ကျွန်တော့်မိန်းမရဲ့ကားကိုလည်း မောင်းပေးရလိမ့်မယ်"

အက်တိုက ခရေစီ၏ တိုက်ပွဲစာရင်းနှင့် ကျွမ်းကျင်သည့် လက်နက်များစာရင်းကို ငုံ့ကြည့်နေသည်။

"အိမ်သူအိမ်သားတစ်ယောက်လို နေပေါ့ဗျာ။ လိုတာလေးတွေလည်း ဝိုင်းလုပ်ပေါ့"

"ရပါတယ်။ ဒါပေမဲ့ ကျုပ်က လူတွေနဲ့ သိပ်မဆက်ဆံတတ်ဘူး။ ကျုပ်အလုပ်ကိုတော့ ကျုပ် ဦးစားပေးရလိမ့်မယ်။ ဒါပဲ"

အက်တိုက ပထမဦးဆုံးအနေဖြင့် ပြုံးလိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျား အမြန်ဆုံး အလုပ်စနိုင်မလား။ ဩော်... ဒါထက်

ခင်ဗျားမှာ သေနတ်ရှိလား"

ခရေစီက ခေါင်းညိတ်ပြသည်။

"အေဂျင်စီက ပေးလိုက်ပါတယ်။ ခင်ဗျားနဲ့ သူတို့နဲ့ ညှိပြီး ရဲက လိုင်စင် ယူပေးဖို့ လိုတယ်။ အဲဒီအတွက် ခင်ဗျားကပဲ ကျခံရမယ်"

ခရေစီက မတ်တတ်ရပ်လိုက်ပြီး

"အလုပ်ကတော့ ကျုပ် အချိန်မရွေး စနိုင်တယ်"

နှစ်ယောက်စလုံး ရုံးခန်းဝသို့ လျှောက်လာရင်း အက်တိုက

"ကျွန်တော် ကိုမိုကို မနက်ဖြန်ညနေ သွားမယ်။ စနေ တနင်္ဂနွေ နားဖို့လေ။ ခင်ဗျား ညနေခြောက်နာရီမှာ လာခဲ့ပါ။ တစ်ခါတည်း ပြောင်းလာခဲ့ပါ။ ခင်ဗျား အရက်စွဲနေတယ်ဆိုတာ ဘယ်သူမှမသိပါစေနဲ့။ ကျွန်တော့်မိန်းမ အပါအဝင်နော်"

နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်ကြသည်။

"အလုပ်ကတော့ ဘယ်လောက်ကြာကြာ မြဲမယ်ဆိုတာ ကျွန်တော် မပြောနိုင်ဘူး ခရေစီ။ အခြေအနေအရပဲ။ ဒါပေမဲ့ အနည်းဆုံး သုံးလတော့ ဖြစ်မှာပါ။ သုံးလပြည့်ရင်တော့ ကျွန်တော်တို့ ပြန်ညှိနှိုင်းကြသေးတာပေါ့။ ခင်ဗျားဘက်ကလည်း ဆက်လုပ်နိုင်ချင်မှ လုပ်နိုင်မှာပေါ့လေ"

ခန့်ညားထည်ဝါလှသည့် ဧည့်ခန်းကြီးထဲသို့ သူတို့နှစ်ယောက် ဝင်လာချိန်တွင် ရီကာက ပြတင်းပေါက်မှာ ရပ်လျက်ရှိသည်။ အနက်ရောင် ပိုးပျော့ဝတ်ရုံနှင့်။ ဝင်းညက်ဖြူဖွေးသည့် မျက်နှာကို ပိတုန်းရောင်ကေသာက ဘောင်ခတ်ထားဘိသို့။

အက်တိုက ခရေစီနှင့် မိတ်ဆက်ပေးလိုက်သည်။

"တစ်ခုခုသောက်ပါလား"

"ကျေးဇူးပဲ။ ဝီစကီလုပ်ပါ။ ရေနည်းနည်းနဲ့ပေါ့"

ရီကာက ဘားကောင်တာဆီကို ထွက်သွားသည်။ သူတို့နှစ်ယောက်က ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီး ကန်ရေပြင်ကို စီးမိုး၍ ကြည့်နေကြသည်။ အက်တို ဂနာမငြိမ် ဖြစ်နေသည်ဟု ခရေစီ အကဲခတ်မိသည်။ ဘာကြောင့်များ ပါလိမ့်ဟု တွေးနေမိ၏။ ရီကာက ဝီစကီခွက်ကို ခရေစီအား လှမ်းပေးသည်။ သူ့လင်တော်မောင်အတွက်က မာတီနီ။

"ကျွန်မမေ့သွားလို့၊ နာမည်က ဘယ်လို"

"ခရေစီပါ"

"အီတလီလူမျိုးတော့ မဟုတ်ပါဘူးနော်"

"ဟင့်အင်း အမေရိကန်"

မသိမသာကလေး မျက်ခုံး တွန့်သွားသည်။ အက်တိုဘက်သို့ ငဲ့ကြည့်လိုက်၏။

"ဒါပေမဲ့ သူ အီတလီစကားကို ကောင်းကောင်းပြောနိုင်တယ် ရီကာ"

အက်တိုက ပျာပျာသလဲဝင်ပြောသည်။ ရီကာ၏မျက်နှာပေါ်တွင် မကျေနပ်မှုတွေ လွှမ်းသွားသည်။

"ဒီအလုပ်မျိုး အရင်တုန်းက ရှင် လုပ်ဖူးသလား"

ခရေစီက ခေါင်းယမ်းပြီး

"လုံးဝမလုပ်ဖူးဘူး"

မျက်ခုံးကလေးနှစ်ဖက် ပို၍တွန့်သွားသည်။ အက်တိုက ဝင်ရှင်းပြပြန်သည်။

"ဒါပေမဲ့ မစ္စတာခရေစီမှာ ဒီလိုအတွေ့အကြုံတွေ အများကြီးပဲ ရီကာ။ နည်းတဲ့အစဉ်အလာမဟုတ်ဘူး"

ခရေစီက အမျိုးသမီးကို စိတ်ဝင်တစား လေ့လာနေသည်။ သူ့အလုပ်ကို မသိကျိုးကျွန်နေဖို့တော့ ကြိုးစားရမည်။ အမျိုးသမီး၏ မနှစ်မြို့သည့်အမူအရာကို ခရေစီက လုံးဝဂရုစိုက်ဟန်မပြ။ သူတို့လင်မယားနှစ်ယောက်၏ ဆက်ဆံရေးကို နားမလည်ဖြစ်နေ၏။

စောစောက အက်တိုကို တိကျပြတ်သားသူ၊ အိမ်ထောင်ကို ဦးဆောင်နေသူဟု ထင်မိခဲ့သည်။ ဖနီးသည်၏ လွှမ်းမိုးမှုအောက်တွင် ရှိနေကြောင်း ခုမှ သိရတော့၏။

ရီကာက အက်တို ငှားလာမည့် သက်တော်စောင့်သည် အီတလီလူမျိုးဖြစ်လိမ့်မည်။ ငယ်ရွယ်ဖျတ်လတ်သူတစ်ဦးဖြစ်လိမ့်မည်ဟု မျှော်လင့်ခဲ့၏။

ယခုခေါ်လာသူက အမေရိကန်။ ရီကာက အီတလီအထက်တန်းလွှာတို့၏ ထုံးစံအတိုင်း အမေရိကန်ဆိုလျှင် အထင်သေးချင်သည်။ ထွားထွားကျိုင်းကျိုင်းတော့ ရှိပါရဲ့။ အသက်က ထောက်နေပြီ။ သွက်လက်ဖျတ်လတ်မည့်ပုံလည်း မပေါ်။

ရီကာက ဝတ်ပုံစားပုံကို အကဲခတ်လိုက်သည်။

အဖိုးတန်အဝတ်တွေကို ဖြစ်ကတတ်ဆန်း ဝတ်ထားသည်။ ဖန်ခွက်ကို

ကိုင်ထားသည့် လက်က အမာရွတ်တွေ အထပ်ထပ်နှင့်။ လက်သန်းကလေး၏ ထိပ်ဖျားတွင် ပြတ်နေသည်။ မျက်နှာကို မော့ကြည့်တော့မှ သူ့အရပ်မှာ ထင်သည်ထက် မြင့်နေကြောင်း သတိထားမိသည်။ အမာရွတ်တွေကို စိတ်ထဲမှ မှတ်ထားလိုက်သည်။

လေးလံနေပုံရသည့် မျက်ခွံတွေအောက်မှ မျက်လုံးအစုံက မိမိအား ခံစားမှုကင်းစွာ တုံ့ပြန်စိုက်ကြည့်နေ၏။ ရီကာ့ကျောထဲတွင် စိမ့်သွားသည်။ ထိုလူကြီးက သူ့ကို ခြောက်လှန့်နေသည်တော့ မဟုတ်။ ကိုယ့်ဟာကိုယ် လန့်သွားခြင်းသာ ဖြစ်၏။ လူတစ်ယောက်ကိုကြည့်ပြီး ခုလိုကြောက်စိတ်မျိုး တစ်ခါမှမဝင်ဖူးခဲ့။

"ပင်တာကလေးကော ဘယ်မှာလဲ ဒါလင်"

အက်တိုက တိတ်သွားသော စကားဝိုင်းကို ပြန်စလိုက်သည်။ ရီကာက ဖျတ်ခနဲ သတိဝင်လာပြီး

"အပေါ်ထပ်မှာပါ။ ခုပဲ ဆင်းလာပါလိမ့်မယ်"

ရီကာ့မျက်နှာပေါ်တွင် မကျေနပ်မှု အရိပ်အရောင်တွေ မရှိတော့ဘဲ တစ်စုံတစ်ခုကို ဝေခွဲမရဖြစ်နေသည့် အမူအရာမျိုး အစားဝင်လာသည်။ သဲ့သဲ့ကလေး ပြုံးလိုက်ပြီး ခရေစီကို လှမ်းပြောသည်။

"သူ့အတွက် သက်တော်စောင့် ရပြီမို့ သူ သိပ်ပျော်နေတယ်လေ"

"ကျုပ်က ပထမဆုံးလား"

ခရေစီက ပြန်မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ရှင် အီတလီစကားပြောပုံက နေပယ်လ်သံ ဝဲနေတယ်"

"အင်း... ကျုပ်ကို နေပယ်လ်သားတစ်ယောက်က သင်ပေးတာကိုး"

"ရှင် အဲဒီမှာနေဖူးသလား"

"ဟင့်အင်း၊ လည်ရုံပတ်ရုံတင်ပါ"

တံခါးဖွင့်သံကြားလိုက်ရ၍ ခရေစီက လှမ်းကြည့်လိုက်သည်။

ကလေးမလေးက ဘီရှပ်အဖြူနှင့် ဂျင်းဘောင်းဘီ ဝတ်ထားသည်။ ခရေစီကို စိတ်ဝင်တစား စိုက်ကြည့်နေ၏။

"သမီး ဒါ မစ္စတာခရေစီတဲ့"

ချာတိတ်မက အခန်းကို ထောင့်ဖြတ်လျှောက်လာပြီး ဟန်ပါပါ လက်ဆန့်ပေးသည်။ ခရေစီက လက်ဆွဲနှုတ်ဆက်ပြီး သူ့နှုတ်ခမ်းကလေးများတွင်

ချစ်စရာ မရှုံ့မရဲအပြုံးကလေး လက်သွားသည်။ သူ့အရပ်မှာ ခရေစီ၏ ရင်ညွှန့်နှင့် ညီနေပြီး သေးသွယ်သည့် လက်ဖဝါးကလေးသည် ခရေစီ၏ ရောမလက်ကြမ်းကြီးထဲတွင် ပျောက်ကွယ်လျက်ရှိ၏။

"သမီးက ဦးဦးရဲ့အခန်းကို လိုက်ပြလိုက်ပါလားကွယ်"

ရီကာက ပင်တာကို လှမ်းပြောလိုက်သည်။

ခရေစီက ဖန်ခွက်ထဲမှ လက်ကျန်ကို မော့လိုက်၏။ ပင်တာက ခရေစီကို မြူးကြွသော ခြေလှမ်းများဖြင့် ဦးဆောင်၍ ခေါ်သွားသည်။

*

အခန်းတံခါးပိတ်သွားသည်နှင့် အက်တိုက မုန်တိုင်းကို ရင်ဆိုင်ဖို့ အသင့်ပြင်ထားသည်။ သို့သော် ရီကာက မာတီနီကို တစ်ကျိုက်ချင်းသောက်ရင်း အတွေးနက်နေဟန်ဖြင့် ငြိမ်သက်နေ၏။

"လူကတော့ တော်တော် အစဉ်အလာကြီးခဲ့တဲ့လူပဲ။ ဒီလိုလူမျိုးကို ရဖို့ မလွယ်ဘူး ရီကာ"

ရီကာက မလှုပ်။ အက်တိုက ဆက်ပြီး ချော့ချော့မော့မော့ ရှင်းပြနေသည်။

"အမေရိကန်ဖြစ်နေတာတစ်ခုပဲ ပြောစရာရှိတယ်။ အီတလီစကားပြောတာလည်း မင်းကြားတဲ့အတိုင်းပဲ"

"သူ အရင်က အီတလီမှာ အလုပ်လုပ်ဖူးသလား"

"ဟင့်အင်း၊ မလုပ်ဖူးဘူး"

အက်တိုက လက်ဆွဲသေတ္တာပြားကလေးကို ဖွင့်ပြီး ဖိုင်တွဲကို လှမ်းပေးလိုက်သည်။

"ရော့၊ ဒါ သူ့ကိုယ်ရေးရာဇဝင်ပဲ"

ရီကာက ထိုင်ချလိုက်သည်။ ဖိုင်တွဲကို ဖွင့်သည်။ အက်တိုက အရက်ကောင်တာသို့ လျှောက်သွားပြီး မာတီနီ ထပ်ထည့်သည်။

ရီကာက ငြိမ်ပြီး ဖိုင်တွဲကို ဖတ်နေ၏။ ပြီးတော့ ပိတ်လိုက်သည်။ စားပွဲပေါ်သို့ လှမ်းတင်လိုက်သည်။

"ရီကာ သူ့ကို ကြောက်သလိုလိုကြီးပဲ"

"ဘာ သူ့ကို ကြောက်တယ်၊ ဟုတ်လား"

ရီကာက ပြုံးလိုက်သည်။

"အမေရိကန်လူမျိုးတစ်ယောက်ကို ရတာလည်း ခပ်ကောင်းကောင်း ပါပဲလေ"

"နေပါဦး၊ မင်းက ဘာလို့ သူ့ကို ကြောက်နေရတာလဲ ရီကာ"

ရီကာက ခဏ တွေစဉ်းစားနေရာမှ ခေါင်းခါပြီး

"ဟင့်အင်း၊ ဘာလို့မှန်းမသိဘူး" ဖိုင်တွဲကို ငုံ့ကြည့်သည်။

"ဒီအထဲမှာ ပါတာက ကြောက်စရာတွေချည်းပဲ။ ရှင် လူသတ်သမားကြီး တစ်ယောက်ကို အိမ်ထဲခေါ်လာတာနော်။ လူတွေ ဘယ်လောက်များ သတ်ခဲ့သလဲ မသိဘူး။ တစ်ကမ္ဘာလုံး လျှောက်သတ်လာတာ"

အက်တိုက အယူခံဝင်ဦးမည်လုပ်နေတုန်း ရီကာက ပြုံးပြီး စကားဆက်သည်။

"အဝတ်အစားဝတ်တာတော့ အထက်တန်းကျသားပဲ။ ဥရောပတိုက်သား တစ်ယောက် အတိုင်းပါပဲ"

အက်တိုက ခုမှ စိတ်သက်သာရာ ရသွားသည်။ သို့သော် ရင်ထဲမှာ မတင် မကျ ဖြစ်နေ၏။

ရီကာက ထလာပြီး အက်တိုပါးကို နမ်းသည်။

"ကျေးဇူးတင်ပါတယ် ဒါလင်ရယ်၊ ခုမှပဲ စိတ်အေးရတော့တယ်"

*

ညစာစားအပြီးတွင် ခရေစီက သေနတ်ကို ချေးချွတ်နေသည်။ သူ့လက်ချောင်း ကလေးများသည် အလိုအလျောက် လှုပ်ရှားနေကြ၏။ နှစ်ပေါင်းများစွာ သေနတ်နှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်မဟုတ်လား။

ခရေစီတွင် အကျင့်တစ်ခုရှိသည်။ ပတ်ဝန်းကျင်သစ်တွင် လုပ်ငန်းအသစ် တစ်ခုကို စမည်လုပ်တိုင်း မိမိလုပ်ဆောင်ရမည့်အလုပ်ကိုရော ထိုပတ်ဝန်းကျင်နှင့် ဆက်နွှယ်ပတ်သက်နေသမျှ လူတွေကိုပါ အသေးစိတ် လေ့လာတွက်ချက်ပြီးသား ဖြစ်နေလေ့ရှိသည်။ ယခုအလုပ်မှာ ယခင်အလုပ်မျိုး မဟုတ်စေကာမူ အကျင့် ပါနေပြီဖြစ်၍ သူက အက်တိုမိသားစုနှင့် ပတ်ဝန်းကျင်ကို အကဲခတ်ပြီးနေပြီ။

အက်တိုဆိုသည့် ငနဲကတော့ စိတ်ခတ်ကြွခိုင်မှု မရှိဘူး။ ခပ်ကြောင်ကြောင် ထင်ပါရဲ့။ လူနဲ့ အလုပ်နဲ့ မမျှဖြစ်နေလို့ ဖြစ်ချင်ဖြစ်မှာပေါ့လေ။ သည်အလုပ် အကြောင်းကို အီလီယို စပြောကတည်းက သည်နာမည်တွေကို သူ အလွတ် ရအောင် မှတ်ထားပြီးသား။

'ဘော်လက်တို ပိုးထည်စက်ရုံကြီး' သည် ပိုးထည်လုပ်ငန်းတွင် အီတလီမှာ အကြီးဆုံး။ ဖခင်ထံမှ အမွေရလိုက်သည့် ကြီးမားလှသော လုပ်ငန်းကြီး။ အက်တို့ ဖခင်က မီလန် လုပ်ငန်းရှင်ကြီးများလောကတွင် လူရိုသေ ရှင်ရိုသေ ပုဂ္ဂိုလ်ကြီး။ အက်တိုလက်ထက်တွင်လည်း လုပ်ငန်းမှာ တိုးတက်ဖွံ့ဖြိုးဆဲ။ သို့ရာတွင် အခြား အခြားသော အီတလီ အထည်အလိပ်ကုမ္ပဏီများနည်းတူ အက်တို၏ ဘော်လက်တို ပိုးထည်စက်ရုံကြီးမှာ အရှေ့အာရှမှ ပြိုင်ဘက်တွေနှင့် အလူးအလဲ တိုက်ပွဲဆင် နေရ၏။

အက်တိုတစ်ယောက် အထက်တန်းလွှာလောကတွင်ထင်ရှားသည့် နောက် တစ်ချက်မှာ မိန်းမလှတစ်ယောက်ကို ရထားခြင်းကြောင့်ဖြစ်၏။

ခရေစီ၏အတွေးများသည် ရီကာဆိုသော မိန်းမချောဆီသို့ ရောက်သွား သည်။ သဘောကျစရာ အဆင်းရူပကာကတော့ အပြည့်။ ရှင်းသန့်သည့် အလှ တစ်ပါးပိုင်ရှင် ဖြစ်၏။ အခြယ်အမှုန်းတွေမပါဘဲ လှသည့် ပင်ကိုအလှမျိုး။

သဘာဝဆံပင်တွေက ဆင်စွယ်ရောင် ပခုံးသားပေါ်တွင် အရှိအတိုင်း ဝဲကျလျက်။ လက်သည်းကို အရှည်ထားသော်လည်း ဆေးမဆိုး။ ရီကာသည် မည်သည့်အလှပြင်ပစ္စည်းမျိုးမှ မလိုအပ်သည့် မိန်းမမျိုးဖြစ်၏။ သူ့ကိုယ်မှ ရေမွှေးနံ့ကလေးပင် မရ။ အလွန်မတန် မိန်းမဆန်သော မိန်းမ။ လှသလောက် လည်း ထက်မြက်မည့် မိန်းမမျိုး။

ရင်ထဲတွင် လှုပ်လှုပ်ရှားရှားဖြစ်မိသည်တော့ အမှန်။ သွေးသားလှုပ်ရှားမှု သက်သက်ဖြစ်၏။ သူ့နေရာတွင် အခြားတစ်ယောက်ဆိုလျှင်လည်း သည်အတိုင်းပဲ ဖြစ်မည်ဟု တွေးမိ၏။ သူ့ကို ရီကာ ဘယ်လိုများ တုံ့ပြန်သဘောထားနေပါလိမ့်။ သေသေချာချာ အကဲခတ်သည်။

တွေ့စ တဒင်္ဂတွင် မျက်ခုံးတွေ တွန့်သွားပုံက မနှစ်မြို့ခြင်းကို ပြ၏။ သို့သော် တစ်ခဏငယ်အတွင်း စိတ်ဝင်စားခြင်း၊ စူးစမ်းလိုခြင်းက သူ့မျက်နှာပေါ်တွင် အစားဝင်လာသည်။ သူလိုလူတစ်ယောက်၏ ကိုယ်ရေးရာဇဝင်က ရီကာလို မိန်းမ မျိုးကို တုန်လှုပ်ချောက်ချားနိုင်စွမ်းလိမ့်မည်ဟု စိတ်ထဲကသိနေ၏။ သူ့ဘဝကို ဖတ်ပြီး နားမလည်နိုင်စွာဖြင့် ရင်သိမ့်တုန်မည်ထင်၏။

အရာရာကို သူကသာ လွှမ်းမိုးလိုသော ရီကာလိုအမျိုးသမီးမျိုးကို သတိနှင့် ဆက်ဆံရမည်ဟု နားလည်လိုက်၏။

သေနတ်ကို ဆေးကြောပြီးစီးသဖြင့် ကျည်ကတ်ဖမ်း မောင်းတံတစ်ပိုက်နှင့် ခလုတ်တစ်ပိုက်ကို ဆီထည့်သည်။ မာရီယာနှင့် ဘရူနိုအကြောင်း ဆက်စဉ်းစားနေ၏။

မီးဖိုဆောင်မှ စားပွဲကြီးတွင် သုံးယောက်သား ထိုင်၍ ညစာ စားကြ၏။ သူတို့နှစ်ယောက် စကားသိပ်မပြောကြ။ ကိုယ့်မျက်နှာထားက တင်းလွန်းနေ၍လား မသိ။ သည်လိုပဲနေတတ်ကြောင်း သိသွားကြလျှင်တော့ သူတို့လည်း ပုံမှန်အတိုင်း ဖြစ်သွားကြမည်ထင်၏။

မာရီယာကိုတော့ အသက်သုံးဆယ်ကျော်ဟု ခန့်မှန်းရသည်။ တုတ်တုတ်ခိုင်ခိုင်။ ပျော်ပျော်နေတတ်ပုံ။ အိမ်ကိုရောက်လာသည့် လူစိမ်းအကြောင်းကို သိပ်သိချင်နေဟန်တူ၏။ ဘရူနိုကတော့ ခြောက်ဆယ်ကျော်ပြီထင်ရသည်။ မျက်နှာချွန်းချွန်းနှင့် လူပုကလေးဖြစ်၏။ စကားနည်းပုံရသည်။

ဟင်းလျာတွေက အဆင့်အတန်းမြင့်သည်။ ခံတွင်းမကောင်းသည့်ကြားက စားလို့မြိန်နေသည်။ အီတလီအစားအစာကို အလွန်ကြိုက်တတ်သည်မဟုတ်လား။ သည်တိုင်းပြည်၏အစားအစာတွေနှင့်လည်း အကျွမ်းတဝင်ဖြစ်နေပြီလေ။ ဒါကြောင့် မာရီယာ့လက်ရာကိုစားပြီး ဖလောရင့်စ်ပြည်နယ် ချက်ပုံချက်နည်းမှန်း သိလိုက်သည်။ ဟုတ် မဟုတ် မာရီယာကို မေးကြည့်မိ၏။

မာရီယာက သဘောခွေ့သွားသည်။ သူက ဖလောရင့်စ်ပြည်နယ်သူဖြစ်ကြောင်း၊ မီလန်ကိုရောက်နေသည်မှာ ငါးနှစ်ရှိပြီဖြစ်ကြောင်း ပြောပြသည်။ ဘရူနိုကို မနက်ဖြန် ခြံထဲလိုက်ပြဖို့ ပြောသည်။ အိမ်နှင့် ခြံအနေအထားကို ခေါင်းထဲတွင် ရှိနေဖို့ လိုအပ်သည်မဟုတ်ပါလား။ သူတို့နှစ်ယောက်ကို နှုတ်ဆက်ပြီး အပေါ်ထပ် အိပ်ခန်းသို့ တက်လာခဲ့သည်။

ကျည်ဆန်တွေကိုထုတ်ပြီး ကျည်ကတ်များထဲမှ စပရင်ကို စစ်ဆေးပြန်သည်။ ပြီးတော့မှ ၉ မီလီမီတာ ကျည်ဆန်ကလေးတွေကို ကျည်ကတ် သုံးကတ်အပြည့် ထည့်လိုက်၏။ ထို့နောက် သားရေစလွယ်သေနတ်အိတ်ကို ပွတ်တိုက်နေပြန်သည်။

ပြဿနာမှာ ပင်တာ။ ကလေးတွေကို လုံးဝမချစ်တတ်။ မချစ်ဖူးခဲ့။ သည်တစ်ယောက်ကိုလည်း ချစ်၍ရမည်မထင်။ အလေ့အကျင့် မရှိခဲ့ဘူးလေ။ ဘဝတစ်လျှောက်လုံးမှာ ကလေးတွေနှင့်မှ မပတ်သက်ခဲ့ဖူးတာပဲ။ သနားစရာ သတ္တဝါကလေးများအဖြစ်သာ သဘောထားခဲ့၏။

ဆင်ခဲ့သမျှ တိုက်ပွဲကြီးများတွင် ဒုက္ခအရောက်ဆုံးမှာ ကလေးတွေပဲ မဟုတ်လား။ စစ်ပွဲများ၏အလယ်တွင် မိတစ်ကွဲဖတစ်ကွဲ ငေါ်ပြတ်ငိုကြွေးနေကြသည့် ကလေးတွေကို မြင်ယောင်လာသည်။ ကွန်ဂိုတုန်းက ပိုဆိုးသည်ပေါ့။ ဗိုက်ပူနံကားကလေးတွေ။ မျက်တွင်းဟောက်ပက်ထဲမှ မျက်လုံးတွေက အကြောင်သားနှင့်။ ဗီယက်နမ်ကလေးတွေကို ကြည့်ဦး။ မျက်နှာဝိုင်းဝိုင်းကလေးနှင့် အရုပ်ကလေးတွေလိုပဲ။ တောင်ဗီယက်နမ်တွင် မိဘမဲ့ကလေးပေါင်း တစ်သန်းကျော်ကျန်ရစ်သည်တဲ့။ သည်ကလေးတွေအားလုံးကို မြင်တွေ့ခဲ့ရသည်ဟု စိတ်ထဲတွင် စွဲနေသည်။ သို့သော် မိမိကိုယ်တိုင်က ဥတစ်လုံးဘဝမို့ သူတို့ကလေးတွေ၏ဘဝကို မျှဝေမခံစားတတ်ခဲ့။

ခုတော့ ကလေးတစ်ယောက်နှင့် မလွဲမသွေ ဆက်ဆံရပေတော့မည်။

ခရေစီ၏အခန်းကို လိုက်ပို့စဉ်ကပင် ပင်တာကလေး စိတ်လှုပ်ရှားနေ၏။ ခရေစီက သေတ္တာဖွင့်ပြီး ပစ္စည်းတွေထုတ်နေခိုက် စကားတွေ ဖောင်ဖွဲ့နေ၏။

သူ့ဘဝတွင် အလွန်အရေးကြီးသည့် နေ့ကြီး ဖြစ်နေဟန်တူ၏။ တစ်ဦးတည်းသော သမီးဘဝကို အလွန်ငြီးငွေ့နေသည့် ပင်တာက ခရေစီကို သူ့သက်တော်စောင့်အလုပ်သမားကြီးတစ်ယောက်ထက်ပိုပြီး ရင်းနှီးကျွမ်းဝင်လိုသည်မှာ သဘာဝကျပေသည်။ ပထမဆုံး ပင်တာ့မေးခွန်းက အမေရိကန်ပြည်အကြောင်း ဖြစ်၏။ ပြန်မရောက်တာ ကြာပြီဖြစ်ကြောင်း ပြောရသည်။ ပင်တာက စိတ်မပျက်ဘဲ ဇာတိပြည်နယ်အကြောင်းမေးတော့ တင်နက်ဆီတောင်ပိုင်းကဖြစ်ကြောင်း တိုတိုပင် ဖြေလိုက်သည်။

စလွယ်သေနတ်အိတ်ထဲသို့ ဘာရက်တာပစ္စတိုကို ထည့်လိုက်သည်။ အိပ်ရာဆီသို့ထသွားပြီး သေနတ်အိတ်ကို ခုတင်တိုင်တွင် ချိတ်သည်။ စားပွဲဆီသို့ ပြန်လာပြီး မီလန်နှင့် ကိုမို ကားလမ်း မြေပုံကို ထုတ်ကြည့်သည်။ အလုပ်ထဲတွင် အာရုံစုစည်းမိပြီ။ သက်တော်စောင့်အလုပ်ကို မလုပ်ဖူးခဲ့သော်လည်း စစ်ရည်ဝနေပြီဖြစ်၍ စစ်သေနင်္ဂဟဗျူဟာရှုဒေါင့်မှပဲ တွေးခေါ်မြော်မြင်သည်။

သူ့အလုပ်မှာ ပင်တာ့ကို ကာကွယ်စောင့်ရှောက်ရမည့်အလုပ်ဖြစ်သည်။ ရန်သူက ကလေးမကို လုယူဖို့ ကြိုးစားလျှင် အခြေစိုက်စခန်းဖြစ်သည့် အိမ်တွင်လည်းကောင်း၊ သွားလာလှုပ်ရှားနေကျဒေသဖြစ်သည့် လမ်းတွင်လည်းကောင်း၊ ကျောင်းတွင်လည်းကောင်း ကြိုးစားနိုင်သည်။

မနက်ဖြန်တွင် အိမ်နှင့် ခြံအနေအထားကို လုံခြုံရေးရှုထောင့်မှ စစ်ဆေးကြည့်ရှုမည်။ ပင်တာနှင့်အတူ ကျောင်းနှင့် လမ်းတစ်လျှောက်ကို သွားကြည့်ပြီး စီမံစရာရှိသည်တို့ကို စီမံရမည်။ အန္တရာယ်အရှိဆုံးနေရာကတော့ လမ်းပေါ်တွင်သာ ဖြစ်နိုင်ကြောင်း နားလည်လိုက်၏။ သည်တော့ ကျောင်းသွား ကျောင်းပြန်ကို တစ်လမ်းတည်း ပုံမှန်မသွားဖို့ ဆုံးဖြတ်လိုက်၏။ မြေပုံပေါ်မှ လမ်းများကို ကြည့်ပြီး မှတ်စုတွေကို ထုတ်နေသည်။

စိတ်ကျေနပ်မှ အဝတ်ဗီရိုဆီသို့ လျှောက်သွားပြီး အဝတ်သေတ္တာကို ဆွဲယူလိုက်သည်။ သေတ္တာထဲတွင်ကား သတင်းစာစက္ကူနှင့် ပတ်ထားသည့် ဝီစကီပုလင်းပေါင်းများစွာ။ တစ်လုံးကို ထုတ်ယူပြီး ဖွင့်သည်။ ဖန်ခွက်ထဲ လောင်းထည့်သည်။ ပြီးတော့ သူ၏ အဓိကပြဿနာကို ဆက်စဉ်းစားသည်။ ပင်တာဆိုသော ကလေးမလေး။

အရေးကြီးဆုံးမှာ မူလ ဘူတာကစပြီး မှန်ကန်သည့် ဆက်ဆံရေးပုံစံမျိုးနှင့် စခန်းသွားရမည်။ သူသည် ကလေးမ၏ သက်တော်စောင့်သာဖြစ်သည်။ ကလေးထိန်းမဟုတ်။ အဖော်သဟဲမဟုတ်။ ဒါကို ကလေးမ ရှင်းရှင်းလင်းလင်း သဘောပေါက်ထားမှဖြစ်မည်။ ဘုကျကျ တုံးတိတိဆက်ဆံဖို့ လိုအပ်လျှင်လည်း မတတ်နိုင်။ သူ့မိဘတွေပါ သည်အတိုင်း နားလည်အောင် လုပ်ထားမှဖြစ်မည်။ ဒါကိုမှ လက်မခံလျှင် အခြားတစ်ယောက်ရှာဖို့သာ ပြောရပေတော့မည်။

အလုပ်ကို လက်မခံခင်က ဒီကိစ္စကို ကြိုမမြင်ခဲ့။ ပင်တာနှင့်တွေ့တော့မှ သည်ပြဿနာကို ဘွားခနဲ ရင်ဆိုင်တွေ့ရခြင်းဖြစ်သည်။ ကလေးမလေးက သူ့ကို ဝမ်းသာအားရနှင့် မျှော်လင့်တကြီး အားကိုးနေသည်ကို တွေ့ရတော့ အနေရအထိုင်ရ ကျပ်သွားသည်။ စောစောစီးစီး ပြဿနာရှင်းထားမှ တော်မည်။

တစိမ့်စိမ့်သောက်ရင်း ဝီစကီတစ်ပုလင်းလုံး ချောသွားသည်။ သည်တော့မှ အိပ်ရာဝင်တော့၏။ ဧရာမတိုက်ပွဲကြီးတွေကို ဖန်တစ်ရာတေအောင် ဆင်နွှဲလာခဲ့သည့် စစ်သားကြီးသည် ဘာမဟုတ်သည့် သက်တော်စောင့်အလုပ်ကို ဦးနှောက်ခြောက်နေပြီ။

ဂိုက်ဒို့အယူအဆ တစ်ခုတော့ မှန်နေသည်။ မိမိအာရုံတွေ တစ်နေရာတည်းတွင် စုစည်းမိနေခြင်းဖြစ်၏။

*

အောက်ထပ်ရှိ အိပ်ခန်းကြီးတစ်ခုထဲတွင်ကား အက်တိုနှင့် ရီကာတို့ ဖနီးမောင်နှံ ချစ်ခန်းဖွင့်လျက်ရှိ၏။

"သမီးကလေးက သူ့ကို သဘောကျနေတယ် သိလား" လို့ ရီကာက အဆက်အစပ်မရှိ ပြောလာတော့ အက်တိုက

"ဘယ်သူ့ကိုသဘောကျတာလဲ"

"ခရေစီကိုလေ"

အက်တိုက ခေါင်းယမ်းပြီး

"သမီးကလေးက ဆရာမနဲ့နေရတာ သိပ်စိတ်ပျက်နေချိန်မှာ သူ ရောက်လာတော့ ဒရယ်ဂူလာဖြစ်နေရင်တောင် သဘောကျမှာပဲ"

"ဟင့်အင်း၊ ဒရယ်ဂူလာမဟုတ်ဘူး။ သမီးက မအိပ်ခင် ပြောနေတယ်။ ခရေစီက ဝက်ဝံကြီးနဲ့ တူတယ်တဲ့။ သူ့ဝက်ဝံရုပ်ကလေးကို ခရေစီလို့ နာမည်မှည့်တော့မယ်တဲ့"

အက်တိုက ရယ်ပြီး

"သူက ဝက်ဝံဆိုတာ သူ ညညဖက်အိပ်တဲ့ ဝက်ဝံရုပ်ကလေးလို အောက်မေ့နေတာ။ ဝက်ဝံဆိုတာ ကြောက်စရာကောင်းတယ်နော်"

"သူ ဘာဖြစ်လို့ သက်တော်စောင့်အလုပ်ကို လုပ်ချင်ရတာလဲ မသိဘူးနော်။ သူလုပ်လာခဲ့သမျှ အလုပ်တွေနဲ့စာရင် ကလေးကစားစရာလို ဖြစ်နေမှာပေါ့"

"သူ့အလုပ်ကို သူ ငြီးငွေ့လာလို့ ဖြစ်ချင်ဖြစ်မှာပေါ့။ အသက်ကလည်း ထောက်လာပြီပဲ"

ရီကာက သူ့ကိုယ်ရေးရာဇဝင်ကို သတိရပြီး

"၄၉ နှစ် တဲ့။ အိမ်ထောင်မရှိ၊ ကလေးမရှိနဲ့ အိမ်ခြေရာခြေကော ရှိရဲ့လား မသိဘူး"

"ရှိမယ်မထင်ပါဘူး။ ဒီလိုလူစားတွေက ချည်တိုင်ရယ်လို့ မရှိကြဘူး"

အက်တိုက ခရေစီ အရက်ဖွဲ့နေသည့်ကိစ္စကို စဉ်းစားနေသည်။ တစ်သက်လုံး စွန့်စွန့်စားစား တိုက်ခိုက်လာပြီးမှ အသက်ကြီးလာတော့ ဘာဆက်လုပ်ရမှန်း မသိဘဲ အရက်ကို ဖိသောက်နေခြင်းဖြစ်မည်။ ရီကာက ဆက်ပြောသည်။

"တစ်ခုတော့ စဉ်းစားစရာရှိတယ် အက်တို"

"ဘာများလဲ"

"တစ်မျိုးပဲ၊ သူ့ကြည့်ရတာ အကြီးအကျယ် နာမကျန်းဖြစ်ပြီးခါစ နာလန်ထ တစ်ယောက်လိုပဲ။ သူ့ကိုယ်သူ ဘယ်လောက်ယုံကြည်မှုရှိနေရှိနေ တစ်ခုခုတော့ လိုနေသလိုပဲ။ အမျိုးသမီးကိစ္စများလား မသိဘူး"

အက်တိုက ပြုံးပြီး

"မင်းက မိန်းမမို့ မိန်းမတွေး တွေးတာပါကွာ"

ရီကာက ခေါင်းယမ်းသည်။

"မဟုတ်ဘူး မဟုတ်ဘူး။ မိန်းမကိစ္စလည်း ဟုတ်ချင်မှ ဟုတ်မယ်။ သူ့မှာ တစ်ခုခုလိုနေတာတော့ အမှန်ပဲ။ သူ့ကြည့်ရတာ အင်္ဂါမစုံတဲ့လူတစ်ယောက်လို့ ရီကာ ထင်မိတယ်။ ဒီလူကြီးဟာ စိတ်ဝင်စားစရာတော့ ကောင်းတယ်။ ငြီးငွေ့ စရာကောင်းတဲ့ လူစားမျိုးမဟုတ်ဘူး"

အက်တိုက ကျေနပ်သွားသည်။ ခရေစီကို ရီကာ လက်ခံပါ့မလားဟု တွေးပူခဲ့ရသည် မဟုတ်ပါလား။

"စောစောကတော့ မင်း သူ့ကို ကြောက်တယ်ဆို"

"ကြောက်တယ်ရယ်လို့လည်း မဟုတ်ပါဘူး။ ဘယ်လိုပြောရမယ် မသိပါဘူး။ သူ့ပုံကတော့ ကြောက်စရာကြီးပဲ။ တောရိုင်းတိရစ္ဆာန်တစ်ကောင်ကို ယဉ်ပါးအောင် လုပ်ပြီး မွေးထားပေမဲ့ စိတ်မချရသလိုပေါ့လေ။ အက်ရက်ဒ်တို့အိမ်က အယ်လ်ဖေးရှင်းခွေးကြီးကို ကြည့်ပါလား။ ငါးနှစ်လောက်နေပြီးမှ သခင်ကို ပြန်ကိုက် တာလေ"

"ဩော် ရီကာကလည်း ခရေစီက လူပါကွာ"

"သဘောပြောတာပါ။ သူ့ကြည့်ရတာ လောကကြီးကို လုံးဝစိတ်မဝင်စား သလိုပဲ။ သူ့အတိတ်ကို သိရရင် ကောင်းမှာနော်။ သူ ဘယ်လိုတွေးတတ်တယ်၊ ဘယ်လိုခံစားတယ်ဆိုတာကို ရီကာ သိချင်နေတယ်"

ရီကာက တစ်ချက် သမ်းလိုက်သည်။ ရီကာပြောမှ သတိရသည်။ မိမိ ကိုယ်တိုင်လည်း သူတိုက်ခဲ့သည့် တိုက်ပွဲတွေကလွဲပြီး သူ့အကြောင်း ဘာမှမသိ သေးပါကလား။

ရီကာက ကိုယ်ချင်းခွာလိုက်ပြီး အသက်မှန်မှန်ရှူကာ အိပ်ပျော်သွားလေပြီ။

အက်တိုမှာ အထီးကျန်။

❑

(၅)

ပင်တာက ကားရှေ့ခန်းတွင် ခရေစီနှင့် ယှဉ်ထိုင်လိုက်လာသည်။ လမ်းကို သေသေချာချာ လေ့လာချင်သည်ဟုပြောပြီး ခရေစီက ကားကို ဂရုတစိုက် မောင်းလာခဲ့သည်။ ပင်တာ အံ့ဩနေသည်။ ကိုမိုမီလန် လမ်းမကြီးပေါ်တွင် ဘာများလေ့လာစရာ ရှိလို့ပါလိမ့်။ သို့သော် ခရေစီက အန္တရာယ်ရှိနိုင်သည့်နေရာတွေကို ကြည့်ထားချင်သည်။ ကားအရှိန်လျှော့ချရမည့် ပစောက်ကွေ့လို နေရာမျိုးတွေ၊ လူသွားလူလာပြတ်သည့် နေရာမျိုးတွေ၊ တပ်ထဲတုန်းက ချုံခိုတိုက်ပွဲတွေ ဆင်နွှဲနေကျဖြစ်၍ လူဆိုးဂိုဏ်း မျက်စိကျလောက်သည့် နေရာများကို သူ့မျက်လုံးများက မှတ်သားပြီး ဖြစ်နေ၏။

နာရီဝက်လောက် မောင်းလာပြီး ချိုးကွေ့ရမည့် နေရာကို ပင်တာက ညွှန်ပြသည်။ မကြာမီအတွင်း မြင့်မားလှသည့် ဝင်းတံခါးကြီး၏ ရှေ့သို့ သူတို့ကားကြီး ရောက်သွားသည်။ ပင်တာက ခုန်ဆင်းသွားပြီး နံရံမှ သဖ္ဖူလက်ကိုင်တစ်ခုကို ဆွဲလိုက်၏။ ခရေစီက ကားထဲတွင် ထိုင်၍ နံရံတံတိုင်း၏ အမြင့်ပေကို မှန်းဆနေသည်။ အုတ်နံရံပေါ်တွင် သံချွန်တွေ ထောင်စိုက်ထားသည်။ သို့သော် တံခါးမကြီးနေရာမှာ လုံခြုံရေးမျက်စိနှင့်ကြည့်လျှင် အားနည်းလွန်းသည်။

ချောင်းကြည့်ပေါက်ကလေးတစ်ခု ပွင့်လာသည်။ ပင်တာက အတွင်းဘက်မှ တစ်စုံတစ်ယောက်နှင့် တိုးတိုးပြောနေသည်။ မကြာခင် အစောင့် အဘိုးအိုက တံခါးမကြီးကို ဖွင့်ပေးသည်။ ပင်တာက ခရေစီကို လက်ယပ်ခေါ်ပြီး ကျောင်းဝင်းထဲသို့ ခေါ်သွားသည်။ ခရေစီက ကားကို ဖြည်းဖြည်းမောင်းလိုက်သွား၏။

အထဲတွင် စက္ကူပန်းပင်တွေ၊ နွယ်တက်နေသော မြင့်မားကျယ်ပြန့်လှသည့် ကျောင်းအဆောက်အအုံကြီးကို တွေ့ရသည်။ ကားကို ကျောင်းရှေ့ ကွက်လပ်ထဲတွင် ရပ်ထားလိုက်သည်။ ပင်တာညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။ ကျောင်း၏ သစ်ပင်ဘက်မှ ကစားကွင်းနှင့် ပြေးလမ်းများ။ ကျောင်း၏လက်ယာဘက်တွင်ကား ပန်းခင်းလေး တစ်ခင်း။ ပတ်ပတ်လည်တွင် အုတ်ရိုးကလေး စီပေးထားသည်။ ပင်မကျောင်းဆောင်ဘက်သို့ သူတို့နှစ်ယောက် လျှောက်လာခဲ့ကြ၏။ ကျောင်း ပရိဝုဏ်တစ်ခုလုံးကတော့ လုံလုံခြုံခြုံပါပဲလားဟု ခရေစီ ကောက်ချက်ချလိုက်၏။

ဆံပင်တွေ ဖြူဖွေးနေသော အမျိုးသမီးကြီးတစ်ယောက် ထွက်လာသည်။ ပင်တာက ပြေးသွားပြီး ပါးနှစ်ဖက်ကို နမ်းသည်။ ပြီးတော့ ခရေစီရှိရာသို့ သွားပြီး အဘွားကြီးကို ခေါ်လာသည်။

"ဒါက ဆီညော်ရာဒီလူကာတဲ့။ ပင်တာတို့ ကျောင်းအုပ်ဆရာမကြီးလေ"

ပင်တာက ဆရာမကြီးဘက်သို့လှည့်ပြီး ဂုဏ်ယူသည့်လေသံဖြင့် "ဒါက ပင်တာရဲ့ သက်တော်စောင့် ခရေစီပါ ဆရာမကြီး"

"မစ္စတာခရေစီလို့ပြောလေ သမီးရဲ့" ဆရာမကြီးက သင်ပေးသည်။

"မဟုတ်ဘူးဆရာမကြီး၊ ဦးဦးက သူ့ကို ခရေစီလို့ပဲ ခေါ်ရမယ်တဲ့"

ခရေစီနှင့် အဘွားကြီး လက်ဆွဲနှုတ်ဆက်ကြသည်။ ဆရာမကြီးက ကော်ဖီ သောက်ဖို့ အတွင်းသို့ ဖိတ်သည်။ ဆရာမကြီး၏အခန်းမှာ အပေါ်ဆုံးထပ်တွင် ရှိ၏။ ဂရုတစိုက်ပြုပြင်မွမ်းမံထားသော အခန်းဖြစ်၏။ တင်လို့ရသည့် နေရာ တိုင်းမှာ ဓာတ်ပုံတွေ ထောင်၍တင်ထားသည်။ ခရေစီက ဓာတ်ပုံတွေ ငေးကြည့် နေသည်။

"ဆရာမရဲ့ကလေးတွေလေ"

ဆရာမကြီးက ရယ်ပြီး ဆက်ပြောသည်။

"သူတို့ကလေးတွေဟာ ရာနဲ့ ထောင်နဲ့ချီပြီး အရွယ်ရောက်ကုန်ကြပြီ။ ဒါပေမဲ့ ဆရာမလို အဘွားကြီးအတွက်ကတော့ သူတို့ကလေးတွေဟာ ဘယ်တော့မှ ကြီးမသွားဘူး။ ကလေးတွေပဲ"

ခရေစီအတွက် အားလုံး အသစ်အဆန်းတွေချည်း ဖြစ်နေသည်။ ကျောင်း ပရိဝုဏ်သည် ဤမျှ နွေးထွေး လုံခြုံလိမ့်မည်၊ နှလုံးမွေ့လျော်ဖွယ် ရှိလိမ့်မည်ဟု ဘယ်တုန်းကမှ မစဉ်းစားမိခဲ့။ သူ့ငယ်ဘဝ ကျောင်းအတွေ့အကြုံတွေနဲ့ လုံးဝ

ခြားနားနေ၏။ ဒါကြောင့် ပင်တာကလေး ကျောင်းကို အငမ်းမရ ပြန်တက်ချင်နေကြောင်း သဘောပေါက်ရ၏။

အိမ်ဖော်အမျိုးသမီးတစ်ယောက်က ငွေလင်ဗန်းနှင့် ကော်ဖီပန်းကန်တွေကို သယ်လာသည်။ ကော်ဖီငှဲ့ပေးနေတုန်း ဆရာမကြီးက ပင်တာ့ကို ကျောင်းအကြောင်းတွေ ပြောပြနေသည်။ ခရေစီကို စကားဝိုင်းထဲမသွင်းဘဲ ဖယ်ထားသလိုဖြစ်နေကြောင်း ဆရာမကြီးက သတိရလိုက်ပြီး

"ဒီအလုပ်ကိုလုပ်နေတာ ကြာပြီလား မစ္စတာခရေစီ"

"မကြာသေးပါဘူး။ အခုမှ စတာပါ။ အလားတူ တခြားအလုပ်တွေတော့ လုပ်ဖူးပါတယ်"

ဆရာမကြီးက သက်ပြင်းတစ်ချက်ချပြီး

"တကယ့်ကို ကြောက်စရာကောင်းတဲ့ အဖြစ်တွေပဲ မစ္စတာခရေစီ။ ဆရာမရဲ့ ကလေးနှစ်ယောက်ရှိပြီ ပြန်ပေးဆွဲခံရတာ။ ဘာမှတော့မဖြစ်ကြပါဘူး။ ဒါပေမဲ့ ပြန်ရဖို့ အကြာကြီး လိုက်ယူရတယ်"

ဆရာမကြီးက ပင်တာ့ဒူးခေါင်းကိုပုတ်ပြီး

"ဆရာမရဲ့ဟောဒီသမီးလေးကို စောင့်ရှောက်ပါနော် မစ္စတာခရေစီ။ ပင်တာ ကျောင်းပြန်တက်မယ်ကြားကတည်းက ဆရာမတို့အားလုံး ဝမ်းသာနေကြတာ"

"ပင်တာက ပိုပြီးဝမ်းသာတာပါ ဆရာမကြီးရဲ့"

ပင်တာက ရယ်ပြီးပြောရင်း အိမ်တွင်ငှားသင်သည့် ဆရာမအကြောင်းတွေ ဖောက်သည်ချနေ၏။

ခဏနေပြီး ပင်တာနှင့် ခရေစီတို့နှစ်ယောက် မျက်ရိပ်မျက်ကဲပြပြီး ပြိုင်တူ ထလိုက်ကြသည်။

ကားဆီသို့ လိုက်ပို့ရင်း ဆရာမကြီးက မေးသည်။

"မစ္စတာခရေစီက အီတလီတော့ မဟုတ်ပါဘူးနော်"

"ဦးဦးက အမေရိကန် ဆရာမကြီးရဲ့။ တင်နက်ဆီပြည်နယ်ကတဲ့"

ပင်တာက ဖြတ်ပြီး ဖြေလိုက်သည်။ သူပြောပုံမှာ အားတက်သရောရှိလှ၍ ဆရာမကြီးက ပြုံးလိုက်၏။

"ဒါဆို မစ္စတာ ခရေစီရဲ့ အီတလီစကားပြောပုံကို ဆရာမ ချီးကျူးရမယ်။ နေပယ်လ်မှာ သင်ခဲ့တာလားဟင်"

"မဟုတ်ပါဘူး။ နေပယ်လ်သား တစ်ယောက်ဆီမှာ သင်တာပါ"

ဆရာမကြီးက ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။

ပြီးတော့ ကျောင်းဆောင်တစ်ဆောင်၏ နောက်ဘက်ကို ညွှန်ပြသည်။

"အဲဒါ မီးဖိုဆောင်ပဲ မစ္စတာခရေစီ။ တကယ်လို့ ကျောင်းကိုလာတာ စောနေရင် အဲဒီမှာဝင်ပြီး ကော်ဖီသောက်နိုင်တယ်။ အင်း... သက်တော်စောင့်နဲ့ ကျောင်းသူကျောင်းသား တော်တော်များလာပြီ"

ခရေစီက ကျေးဇူးတင်ကြောင်းပြောသည်။ ပင်တာက ဆရာမကြီးကို နမ်းပြီး နှုတ်ဆက်သည်။ ပြီးတော့မှ ကားပေါ်သို့ တက်ကြသည်။

အပြန်တွင် အခြားတစ်လမ်းကပြန်ဖို့ စိတ်ဆုံးဖြတ်လိုက်သည်။ ပင်တာက ဘာဖြစ်လို့ လာလမ်းအတိုင်း မပြန်ပါလိမ့်ဟု သိချင်နေသည်။ တစ်လမ်းလုံး ဂရုစိုက်မောင်းလာပြီး လမ်းဘေးဝဲယာမှ ထူးခြားချက်များကို မှတ်နေသည်။

ပင်တာက ပထမတော့ ငြိမ်လိုက်လာသည်။ သို့သော် ကျောင်းကိုရောက်ပြီး ဆရာမကြီးနှင့် ပြန်တွေ့ရသည့် အဖြစ်ကြောင့် စိတ်လှုပ်ရှားနေ၏။ သူ့နံဘေးမှ ကျောက်ဆစ်ရုပ်လိုထိုင်၍ ကားမောင်းနေသော လူကြီးကို ငဲ့ကြည့်လိုက်ပြီး

"ဦးဦး ကျောင်းနေရတာ သဘောမကျဘူးလား"

"မကျဘူး"

"ဟင်... လုံးလုံးသဘောမကျဘူး၊ ဟုတ်လား"

"ဟုတ်တယ်"

တိုတိုတုတ်တုတ်ပင် ပြန်ဖြေ၏။ဒါဆို ပင်တာ ရယ်တန်းက ရယ်သင့်သည်။ သို့သော် မရယ်။

"ဘာဖြစ်လို့လဲဟင် ဦးဦး"

"ငါနေခဲ့ရတဲ့ ကျောင်းမျိုးက မင်းတို့ကျောင်းမျိုး မဟုတ်လို့ပေါ့။ ဆရာမကြီး ဆီညော်ရာ ဒီလူကာလို ဆရာမတွေလည်း မရှိလို့ပေါ့"

စကားပြတ်သွားကြပြန်သည်။ ပင်တာက ခရေစီပြောသည်ကို စဉ်းစားနေ၏။

"ဒါဖြင့် ဦးဦး ငယ်ငယ်တုန်းက မပျော်ခဲ့ဘူးပေါ့၊ ဟုတ်လား"

ခရေစီ သက်ပြင်းချသည်။ စိတ်လည်း တိုလာပြီ။

"ပျော်တယ် မပျော်ဘူးဆိုတာ စိတ်နဲ့ဆိုင်တယ်။ ငါ တစ်ခါမှ ကိုယ့်ကိုယ် ကိုယ် ပျော်လား မပျော်လားဆိုတာ စဉ်းစားမကြည့်ဘူး"

သူ ဘာဆိုလိုသည်ကို နားလည်သည့်အရွယ်ရောက်ပြီ။ ဝေဖန်တတ်သည့် အရွယ်သို့ ရောက်ပြီ။ ခရေစီ အိမ်ကို ရောက်လာကတည်းက ပင်တာ ပျော်နေခဲ့သည်။ သည်ပျော်ရွှင်မှုကို မျှဝေခံစားလိုသည်။ သို့သော် သူ ပြောပုံဆိုပုံကိုကြည့်ပြီး ပင်တာ နားမလည် ဖြစ်နေ၏။ သူ့သက်တော်စောင့် ဖြစ်လာမည့် လူကြီးသည် အမြဲတမ်း သုန်မှုန်တိတ်ဆိတ်နေမည့် လူကြီးဟု မထင်မှတ်ခဲ့။ သူ့အကြောင်းကို ပိုသိချင်လာသည်။ စတီယာရင်ဘီးပေါ်မှ သူ့လက်တွေကို ခုမှ ကြည့်မိသည်။ သေရာပါမည့် အမာရွတ်ကြီးတွေနှင့်။

"ဦးဦးလက်တွေ ဘာဖြစ်တာလဲဟင်"

ပင်တာက ခရေစီ့လက်တစ်ဖက်ကို လှမ်းကိုင်ရင်း မေးလိုက်သည်။

ခရေစီက လက်ကို ဆတ်ခနဲ ဘီးပေါ်မှ ရုပ်လိုက်ပြီး

"ငါ ကားမောင်းနေတုန်း ငါ့အသားကို မထိနဲ့"

ဒေါသတကြီးနှင့် ရင့်ရင့်သီးသီး လှမ်းငေါက်လိုက်သည်။ ပြီးတော့ တစ်စုံတစ်ရာကို ဆုံးဖြတ်ချက် ချလိုက်ဟန်နှင့်

"နောက်ပြီး တစ်ချိန်လုံး မေးခွန်းတွေ မေးမနေနဲ့။ ငါ့အလုပ်က ညည်းကို ကာကွယ်ဖို့။ ညည်းနဲ့ ထွေရာလေးပါး လျှောက်ပြောနေဖို့ မဟုတ်ဘူး။ ပြီးတော့ ငါ့အကြောင်းလည်း ဘာမှ မစပ်စုနဲ့"

အသံက မာကျောသည်။ ပြတ်တောင်းသည်။

ပင်တာကလေးက ကားတံခါးဘက်သို့ တိုးကပ်သွားသည်။ ရင်ထဲတွင် နင့်သွား၏။

ခရေစီက တစ်ချက်ငဲ့ကြည့်သည်။ ပင်တာ့မျက်လုံးတွေက တူရှုသို့ စူးစိုက်လျက်။ နှုတ်ခမ်းကို စေ့ပြီး တင်းတင်းပိတ်ထား၏။ မျဉ်းဖြောင့်တစ်ကြောင်းနှင့် တူနေသည်။

"နောက်တစ်ခု ရှိသေးတယ်။ အငိုမလွယ်နဲ့"

စိတ်ပျက်လက်ပျက် အမူအရာနှင့် မော်တော်ကား လက်ကိုင်ဘီးမှ လက်တစ်ဖက်ကို ဖြုတ်ချလိုက်သည်။ အကြောင်းလုံလုံလောက်လောက်မရှိဘဲ စိတ်တိုနေ၏။

"လောကကြီးက သိပ်ရှုပ်တာ။ အမျိုးမျိုးပဲ။ ပျော်တာရယ် မပျော်တာရယ် နှစ်မျိုးတည်းမဟုတ်ဘူး။ ညည်း ဘာနားလည်လဲ။ ညည်း ကြီးလာမှ သိမှာ။ ဒုက္ခတွေ၊ အနိဋ္ဌာရုံတွေ အများကြီး"

"ပင်တာ ကလေးမဟုတ်တော့ဘူး။ ဒုက္ခတွေ၊ အနိဋ္ဌာရုံတွေကို သိသားပဲ။

သူငယ်ချင်းတစ်ယောက် ပြန်ပေးဆွဲခံရတယ်။ ပြန်လာတော့ လက်ချောင်းကလေး တစ်ခု မပါလာတော့ဘူး။ ဒါကြောင့် ပင်တာ အိမ်ထဲကနေ ဘယ်မှမထွက်ရဘဲ နေရတယ်။ တစ်လလောက် သူငယ်ချင်းတွေနဲ့ မတွေ့ရဘူး။ ခု ဦးဦးရောက်လာ တော့ စကားပြောဖော်များ ရမလားလို့ အောက်မေ့နေတယ်။ အမြဲတမ်း မျက်နှာကြီး ပုပ်ပြီး သုန်မှုန်နေတယ်။ နောက်တစ်ခုက စိတ်ချ၊ ပင်တာ မငိုဘူး"

သို့သော် ဒေါသတကြီးစိုက်ကြည့်နေသည့် သူ့မျက်လုံးအိမ်ထဲတွင် မျက်ရည် တွေ ဝဲနေပြီ။

ခရေစီက ကားကို အရှိန်လျှော့ပြီး လမ်းနံဘေးသို့ ထိုး၍ ရပ်လိုက်သည်။ ရှိုက်သံကလေး သဲ့သဲ့ ထွက်လာသည်။

"ဒီမယ်ကလေးမ၊ ငါက ဒီလိုပဲ နေတတ်တယ်။ ကလေးတွေနဲ့ ငါနဲ့ မဖြစ် ပါဘူး။ အမေးအမြန်းထူတာ ငါ လုံးဝမကြိုက်ဘူး။ အဲဒါကို မှတ်ထား။ ဒါမှ မကျေနပ်ရင် ညည်းအဖေကို နောက်တစ်ယောက်ရှာခိုင်း၊ ဟုတ်ပြီလား"

ပင်တာ အငိုရပ်သွားပြီး အရုပ်ကလေးတစ်ရုပ်လို ရှေ့တူရူသို့ကြည့်ကာ ငြိမ် နေ၏။ ပြီးတော့ ဝှန်းခနဲ တံခါးကို ဆောင့်ဖွင့်ပြီး နောက်ခုံသို့ ပြောင်းထိုင်သည်။

"ကဲ... မောင်းနိုင်ပြီ မစ္စတာ ခရေစီ"

ပင်တာက မစ္စတာခရေစီဆိုသည့် စကားလုံးများ တစ်လုံးချင်း ရွတ် လိုက်ခြင်းဖြစ်၏။

ခရေစီက နောက်ခုံသို့ ငဲ့ကြည့်လိုက်သည်။ သို့သော် ပင်တာ ပြန်မကြည့်။ အတောင့်သားထိုင်ပြီး ရှေ့သို့သာ စိုက်ကြည့်နေ၏။ ခရေစီက မောင်းထွက် လာခဲ့၏။ စိတ်ထဲတွင် မတင်မကျဖြစ်နေ၏။ စင်စစ် ပင်တာကို စိတ်မထိခိုက်စေလို။ သို့သော် မတတ်နိုင်။ သူ့အလုပ်က ကလေးထိန်းမှမဟုတ်ဘဲကိုး။ သည်လို မလုပ်လို့ ဘယ်လိုလုပ်ရမည်လဲ။ ဒါဆို သည်ကလေးမတွင် အဖော်လိုနေသည့် အချက်ကို သူ့မိဘတွေ သိဖို့လိုသည်။ သူလိုလူကတော့ ပင်တာ၏အဖော် ဘယ်လိုမှမဖြစ်နိုင်။

*

တနင်္ဂနွေတစ်နေ့။

ညစာစားပြီး၍ ခရေစီတစ်ယောက် စာဖတ်နေချိန်ဖြစ်၏။ ဒီနေ့ နေလို့ သိပ်မကောင်းချင်။ မနေ့ညက ခါတိုင်းထက် ပိုသောက်မိသည်လေ။ စားသောက်

ချိန်မှလွဲပြီး သူက ဘယ်မှထွက်လေ့မရှိ။ အခန်းအောင်း၍သာ နေတတ်၏။ အကို ဖြစ်ဖြစ်၊ ရီကာဖြစ်ဖြစ် တစ်ယောက်ယောက်တော့ သူ့ဆီကို တက်လာလိမ့်မည် ဟု ထင်နေ၏။ တံခါးခေါက်သံကြားရသည်။ ဝင်လာသူမှာ ရီကာ။

"ရှင့်အခန်းမှာ အားလုံး ပြည့်စုံရဲ့လားလို့ ကျွန်မ လာကြည့်တာ"

ရီကာက တံခါးဝမှာရပ်ပြီး ပြောသည်။ သူက စာအုပ်ကို ချလိုက်ပြီး

"အားလုံး ပြည့်စုံပါတယ်"

ရီကာက အခန်းကို ဝေ့ကြည့်လိုက်သည်။

"အစားအသောက်ရော အဆင်ပြေရဲ့လား။ မာရီယာ ပြောတော့ ရှင် ဒီနေ့ ဘာမှ ဟုတ်တိ ပတ်တိ မစားဘူးဆို"

"အစားအသောက်က သိပ်ကောင်းပါတယ်။ ကောင်းကောင်း နေမကောင်းလို့ မစားနိုင်တာပါ။ အခုတော့ ကောင်းသွားပါပြီ"

ရီကာက အခန်းထဲသို့ ဝင်လာသည်။

"ခဏလောက် စကားပြောရအောင်။ ရှင် စိတ်မဆိုးဘူး မဟုတ်လား"

ခရေစီက ကုလားထိုင်တစ်လုံးကို ညွှန်ပြပြီး အိပ်ရာပေါ်တွင် ထိုင်လိုက်သည်။

အခန်းထဲသို့ လှမ်းဝင်လာပုံ၊ ကုလားထိုင်ပေါ်တွင် ထိုင်နေပုံမှာ ကြည့်လို့ ကောင်းလှသဖြင့် ခရေစီ ငေးနေသည်။ ကချေသည်တစ်ယောက်၏ လှုပ်ရှားဟန်နှင့် တူလှ၏။ သွက်လက်သည်။ သို့သော် ညက်ညော ငြိမ့်ညောင်းသည်။ ရီကာက ခြေထောက်နှစ်ဖက်ကို ကြက်ခြေခတ်ပြီး ထိုင်သည်။ ဝတ်ထားသည့် ခြေအိတ်ရှည်မှာ အစင်းကြောင်းတွေနှင့်။ သည်ခြေအိတ်မျိုး မတွေ့ရသည်မှာ ကြာပြီ။ သလုံးသားပါမကျန် လှသည့် မိန်းမပါတကား။

"ရှင်နဲ့ ပင်တာ အဆင်ပြေကြရဲ့လား"

"ကျုပ်က သူ့ကစားစရာ အရုပ်တစ်ရုပ်မဟုတ်ကြောင်း သူ နားလည်သွားတဲ့ တစ်နေ့ အဆင်ပြေသွားမှာပါ"

ရီကာက ပြုံးသည်။

"ပင်တာ သိပ်စိတ်လှုပ်ရှားနေတာက သဘာဝ ကျတယ်လေ။ သည်လောက် ပျင်းရိငြီးငွေ့စရာကောင်းတဲ့ ဘဝကနေပြီး ကျောင်းလည်း ပြန်တက်ရတယ်။ သက်တော်စောင့်လည်း ရတယ်ဆိုတော့ စဉ်းစားကြည့်လေ။ နည်းနည်းတော့ သည်းခံပါ မစ္စတာခရေစီရယ်"

တစ်ခုတော့ ရှိတယ်ဗျ။ ကျုပ်ကို ငှားထားတာက သူ့ကို ကာကွယ်ဖို့နော်။ သူ့ကို အလိုလိုက် အကြိုက်ဆောင်နေဖို့ မဟုတ်ဘူး"

ရီကာ ခေါင်းညိတ်သည်ဆိုရုံကလေး ညိတ်သည်။ လက်ခံပါသည်ဟူသည့် သဘော။ ပြီးတော့မှ မေးသည်။

"သူနဲ့ ကတောက်ကဆ ဖြစ်ကြသေးလား။ ကျွန်မ မေးတော့ ဘာမှမပြောဘူး။ ဒါပေမဲ့ တစ်ခုခု စိတ်အနှောင့်အယှက်ဖြစ်လာတယ်ဆိုတာကိုတော့ ကျွန်မ အကဲခတ်မိတယ်"

ခရေစီက ထပြီး ပြတင်းပေါက်ဘက်သို့ လျှောက်သွားသည်။ ရီကာ့ကို ကျောပေးရပ်ပြီး စကားစသည်။

"သိပ်မလွယ်ဘူးထင်တယ်။ ကျုပ် အစက ဒီကိစ္စကို ထည့်မစဉ်းစားမိခဲ့ဘူး။ ကျုပ်က လူမှုဆက်ဆံရေးနယ်ပယ်ထဲမှာ အပေါင်းကောင်း အသင်းကောင်း ဖြစ်လာနိုင်မယ့် လူစားမျိုး မဟုတ်ဘူး။ ခင်ဗျားယောက်ျားကို နောက်တစ်ယောက် ထပ်ရှာနိုင်းရင် ကောင်းမယ် ထင်တယ်။ လူငယ်လူရွယ်ထဲကပေါ့"

ခရေစီက နောက်သို့ လှည့်ကြည့်သည်။ ရီကာက ခေါင်းခါပြပြီး

"အို... မဟုတ်တာ၊ ရှင်ပြောတာ မှန်ပါတယ် မစ္စတာခရေစီ။ ရှင့်အလုပ်က ကျွန်မ သမီးကလေးကို ကာကွယ်ဖို့ပါ။ ဒါထက် ဘာမှမပိုပါဘူး။ အဲဒီအတွက် ရှင့်ကို ကျွန်မတို့ လုံးဝယုံကြည်စိတ်ချထားပါတယ်"

ရီကာက အိပ်ရာဆီသို့ ငေးကြည့်သည်။ ခုတင်တိုင်တွင် တွဲလောင်းဆွဲထားသော သေနတ်ကို စူးစိုက်လိုက်၏။

"ရှင့်မှာ သေနတ်ရှိမှန်း ကျွန်မ မသိဘူး။ အင်း ဒါမှလည်း အလေးအနက်ရှိမှာပေါ့လေ"

ခရေစီက ဘာမှဝင်မပြော။ ရီကာက သူ့ဘာသာသူ စကားဆက်သည်။

"ကျွန်မက ရှင့်ကို ကရာတေးသမား အောက်မေ့နေတာ"

ရီကာက သူ့ကိုယ်ရေးရာဇဝင်ကို သတိရပြီး

"ဘာတဲ့၊ လက်နက်မဲ့တိုက်ပွဲ ဟုတ်လား။ ရှင်က သင်တန်းဆရာနော်"

"ဟုတ်တယ်။ ဒါပေမဲ့ လက်နက်ကိုင် တိုက်ပွဲက ပိုပြီးထိရောက်တာပေါ့။ သေနတ်က အဆောင်သဘောပါ။ ကျုပ်သုံးဖို့ မရည်ရွယ်ပါဘူး"

ရီကာက စဉ်းစားနေသည်။

"ဒါပေမဲ့ ပင်တာ့အတွက် အရေးကြုံလာရင်တော့ ရှင် သုံးရမှာပေါ့၊ ဟုတ်လား"

"ဒါပေါ့၊ ဒါပေါ့"

အမျိုးသမီး ဘာကိုဦးတည်ပြီးစိတ်ဝင်စားနေကြောင်း ခရေစီ ရိပ်မိလိုက်သည်။

"ရှင် လူတွေအများကြီး သတ်ခဲ့ဖူးမှာပေါ့နော်"

ခရေစီ ဘာမှမပြောဘဲ ပခုံးတွန့်ပြလိုက်သည်။ ရီကာက သူ့ကို တအံ့တသြ ကြည့်နေပြီး

"ကျွန်မတော့ စဉ်းစားလို့မရဘူး။ စစ်ပွဲတစ်ပွဲမှာ အဝေးကနေ ပစ်ကြခတ်ကြတာ ထားပါတော့။ ဒါပေမဲ့ အနီးကပ် မျက်နှာချင်းဆိုင်ပြီး သတ်ကြဖြတ်ကြတာတော့ သိပ်ကြောက်စရာ၊ ကောင်းမှာပဲနော်"

"ကြာတော့လည်း ကျင့်သားရသွားတာပေါ့။ အဲဒီလိုတိုက်ပွဲက ကလေးတစ်ယောက်နဲ့ အဆင်ပြေဖို့ ကြိုးစားရတာလောက် မခက်ဘူး"

ရီကာက ရယ်ပြီး

"အင်း ဟုတ်မှာပေါ့လေ။ ဒါပေမဲ့ ကျွန်မတို့ မစ္စတာ ခရေစီကို ငှားထားတာ ကလေးထိန်းဖို့ မဟုတ်ဘူးနော်"

ရီကာက ချက်ချင်း စကားလမ်းကြောင်း ပြောင်းပစ်လိုက်သည်။

"အောက်ထပ်မှာ ကက်ဆက်တစ်လုံး အပိုရှိတယ်။ ကျွန်မ မာရီယာနဲ့ ပို့ခိုင်းလိုက်မယ်။ ရှင် ဂီတတော့ ခံစားတတ်တယ် မဟုတ်လား"

ခရေစီက ခေါင်းညိတ်လိုက်သည်။ ဗြုန်းစားကြီး စကားလမ်းကြောင်း ပြောင်းပစ်လိုက်သည့်အတွက် အံ့သြနေ၏။

"တချို့ကိုတော့ နားထောင်တတ်ပါတယ်"

"ဘယ်လိုဟာမျိုးပါလိမ့်"

"ကျေးလက်သီချင်းတွေနဲ့၊ ကောင်းဘွိုင်သီချင်းမျိုးတွေကိုပေါ့"

ရီကာက မတ်တတ်ထပြီး

"သြော်... ဟုတ်သားပဲ။ ပင်တာက ကျွန်မကို ပြန်ပြောတယ်။ ရှင်က တင်နက်ဆီပြည်နယ်သား ဆိုတာလေ။ ကျွန်မတို့အိမ်မှာ အဲဒီသီချင်းမျိုး မရှိဘူး"

တံခါးမဆီသို့ လျှောက်သွားပြီးမှ ပြန်လှည့်၍

"ဒါပေမဲ့ မီလန်မှာရှာရင်တော့ ရမှာပါ။ မနက်ဖြန်သွားကြတာပေါ့။ ကျွန်မလည်း မိတ်ဆွေတွေနဲ့ ညစာစားဖို့ ချိန်းထားတယ်"

ရီကာက ခရေစီကို သေသေချာချာကြည့်ပြီးမှ ဆက်ပြောသည်။

"ကျွန်မတို့မှာ ကလေးထပ်ရရင်လည်း အကောင်းသား။ သမီးကလေးက သိပ်အဖော်မဲ့နေတာ။ ဒါပေမဲ့..."

ရီကာက ဘာမှဆက်မပြောဘဲ ပခုံးတွန့်ပြီး အခန်းထဲမှ ထွက်သွားသည်။

ခရေစီက ကုလားထိုင်တွင် ပြန်ထိုင်သည်။ စာအုပ်ကို လှမ်းယူသည်။ သို့သော် ရီကာကြောင့် သူ့အာရုံတွေကို စာအုပ်ဆီသို့ ပြန်လည်ခေါ်ယူ၍ မရဖြစ်နေ၏။ ပိုးဝါးရီဝေနေ၏။ သည်တော့ အဝတ်ဗီရိုဆီသို့ ထသွားသည်။ အဝတ်သေတ္တာအတွင်းမှ ပုလင်းတစ်လုံးကို ဆွဲထုတ်လိုက်၏။

သီချင်းတစ်ပုဒ်လောက် နားထောင်လိုက်ရလျှင် ကောင်းမည်။ ကျေးလက်နှင့် ကောင်းဘွိုင်သီချင်းများသည် သူ့ငယ်ဘဝမှ ကျန်ရစ်သည့် တစ်ခုတည်းသော အမှတ်အသားဖြစ်၏။ မနက်ဖြန်ကျလျှင် မီလန် ကက်ဆက်ခွေဆိုင်တွေကို မွှေနှောက်ရှာမည်။ ဟိုခေတ်က သီချင်းတွေကိုကား ရနိုင်တော့မည်မဟုတ်။

သို့သော် အီတလီတွင် လူကြိုက်များနေသော ရော့ခ်ိကက်ရ်ကို သဘောကျသည်။ ပြီးတော့ ဒေါက်တာဟွတ်က်တို့ လင်ဒါရွှန်းစတတ်တို့၏ သီချင်းများထဲမှ 'သံယောဇဉ်ကမ်းခြေပြာ' ဆိုလျှင် လူကြိုက်အများဆုံးဖြစ်နေပြီဟု သူကြားဖူးသည်။ အရက်တစ်ခွက်ငှဲ့ပြီး စာအုပ်ကို ကောက်ကိုင်၏။ သို့သော် စိတ်မပါတော့။ သည်မိန်းမအကြောင်းကို ဘာကြောင့်များ စဉ်းစားနေမိပါလိမ့်။

*

"ကျွန်မ နှစ်ချက်ခွဲလောက်ဆိုရင် ပြီးမယ်"

ဟိုတယ်၏ နံဘေးလမ်းကို လက်ညှိုးထိုးပြပြီး

"ရှင် အဲဒီမှာ ကားရပ်ထားလေ"

ခရေစီက ခေါင်းညိတ်သည်။

"ကျုပ်ကို ယာဉ်ထိန်းရဲက လာနှင်ရင်တော့ ဟိုဘက်ထိပ်မှာ သွားပြီး ရပ်ထားမယ်"

ရီကာက ကားပေါ်မှဆင်းပြီး လမ်းကို ဖြတ်ကူးသွားသည်။ ခရေစီက နောက်မှငေးကြည့်နေ၏။ ကာယအလှကို ပေါ်လွင်စေသည့် တိုက်စကတ်ကို ဝတ်ထားသည်။ သုံးဆယ်ကျော်အရွယ် အီတလီအမျိုးသမီးများတွင် မြင်ရခဲသည့် ရှုခင်းဖြစ်၏။ ရီကာ၏ခန္ဓာကိုယ်အလှမှာ အရပ်အမောင်းနှင့် အလွန်လိုက်ဖက်သည့် အလှမျိုး

ဖြစ်၏။ အဆောက်အအုံတစ်ခုအတွင်းသို့ ဝင်ရောက်ပျောက်ကွယ် သွားသည် အထိ ငေးကြည့်နေမိသည်။ ကားကို ဂီယာထိုးရင်း နာရီကို ငုံကြည့်လိုက်သည်။ နှစ်နာရီလုံးလုံး အချိန်ဖြုန်းရမှာပါလား။

အလုပ်ခွင်ဝင်သည့် ပထမနေ့ အကြောင်းကို စဉ်းစားနေမိ၏။ အိမ်မှ ရှစ်နာရီမထိုးမီ ထွက်ခဲ့သည်။ သားအမိနှစ်ယောက်စလုံး နောက်ခုံတွင် ထိုင်လိုက်လာကြ၏။ ရီကာက သူ့အတွက် ကက်ဆက်ကို မာရီယာနှင့် ပို့ခိုင်းထားပြီး ဖြစ်ကြောင်း ပြောသည်။ ပင်တာက ဖုတ်လေသည့်ငါးပိ ရှိလေသည် မထင်သည့် ဟန်မျိုး လုပ်နေ၏။

လုံခြုံရေးဝတ်စုံနှင့် အစောင့်တစ်ယောက် ကျောင်းတံခါးမကြီး ရှေ့တွင် ရပ်နေသည်။ ကားထဲသို့ ငုံ့ကြည့်၏။ ရီကာက ခရေစီနှင့် မိတ်ဆက်ပေးလိုက်သည်။ အစောင့်က သူ့မျက်နှာကို သေသေချာချာကြည့်ပြီးမှ ကျောင်းတံခါးကို အသာ ဖွင့်ပေးသည်။ ပင်တာက တံခါးဖွင့်ပြီး ဆင်းမည်အပြုတွင် ခရေစီအသံကြောင့် တုံ့သွား၏။

"နေဦး၊ မဆင်းနဲ့ဦး"

ခရေစီက ဖျတ်ခနဲ ခုန်ဆင်းလိုက်သည်။ အစောင့်နံဘေးမှ ပတ်လျှောက် သွားပြီး တံခါးပေါက် အတွင်းဘက်သို့ ချောင်းကြည့်သည်။ ကျေနပ်မှ ကားဆီ ပြန်လာပြီး ပင်တာကို တံခါးဖွင့်ပေးသည်။ ပင်တာက သူ့အမေကို နမ်းပြီး ခုန်ဆင်းသွားသည်။ ခရေစီကို တစ်ချက်ကလေးမှ ဝေ့မကြည့်။ အစောင့်က ခရေစီကို ဘုကြည့်ကြည့်ရင်း ကျန်ရစ်သည်။

"ရှင်က သိပ်စေ့စပ်တယ်နော်"

"အကျင့်ဖြစ်နေလို့ပါ"

"ကျွန်မ ပင်တာ့ကို ရှင်းပြပြီးပါပြီ။ ရှင့်တာဝန်နဲ့ ရှင့်အကြောင်းကိုလေ။ ဒါကြောင့် လုပ်စရာ ရှိတာကိုသာ ဆက်လုပ်ပါ"

"သူ သဘောပေါက်ပါတယ်နော်"

"ဟုတ်ကဲ့၊ နားလည်ပုံရပါတယ်။ ဒါပေမဲ့ ကျွန်မတို့ ညက ပြောခဲ့တဲ့ အကြောင်းတွေ ပြန်မပြောပါဘူး။ ရှင်က ကလေးတွေနဲ့ အတူမနေခဲ့ဖူးတဲ့အကြောင်း လောက်သာ ပြောလိုက်ပါတယ်။ သမီးက ရှင့်ကို မုန်းမနေစေချင်ဘူးလေ"

*

ဘူတာရုံဘက်သို့ မောင်းထွက်လာခဲ့သည်။ စာအုပ်ဆိုင်တွေကို လျှောက်မွှေပြီး တစ်ပွေ့တစ်ပိုက်ကြီး ဝယ်ချလာသည်။ ပြီးတော့ လမ်းဘေး တယ်လီဖုန်းရုံ ကလေးထဲသို့ဝင်ပြီး ဂိုက်ဒိုဆီသို့ ဖုန်းဆက်သည်။

အလုပ်တော့ စနေပြီဖြစ်ကြောင်း၊ ရေရှည် ဖြစ် မဖြစ်တော့ မသေချာ သေးကြောင်း၊ အစားအသောက်ကောင်းကြောင်းများကို ဂိုက်ဒိုအား ပြောပြ လိုက်သည်။ ပြီးတော့ အီလီယိုဆီသို့ ဆက်သည်။ ကျေးဇူးတင်ကြောင်း ပြောသည်။ သူ ရက်အားရသည့်တစ်ရက်တွင် အီလီယိုနှင့် ဖယ်လီစီယာတို့နှစ်ယောက်ကို ညစာ လာစားဖို့လည်း ဖိတ်လိုက်သည်။

အီလီယိုတို့အိမ် ဝင်တည်းရသည့် ရက်အနည်းငယ်အတွင်း သူတို့လင်မယား နှစ်ယောက်က ခရေစီကို လိုလေသေးမရှိ ဧည့်ခံပြုစုခဲ့ကြသည်။ ဖယ်လီစီယာမှာ အရုပ်အမောင်းကောင်းကောင်းနှင့် ချောမောသူကလေးဖြစ်သည်။ ရောမတက္ကသိုလ် တွင် အီလီယိုနှင့် တွေ့ခဲ့ခြင်းဖြစ်သည်။

သူတို့၏အိမ်ထောင်ရေးမှာ ပျော်စရာကောင်းလှသည်။ စိုပြည်သည်။ ဖယ်လီစီယာက ခရေစီကို ဦးလေးသားချင်းတစ်ယောက်ကဲ့သို့ ခင်တွယ်နေ၏။

ဘူတာရုံအနီး လျှောက်သွားနေမိသည်။ ဘူတာရုံကို သူ သဘောကျသည်။ လူတွေ ဆူညံရှုပ်ထွေးပြီး တိုးဝှေ့နေသည့် မြင်ကွင်းကို သူနှစ်သက်သည်။ ပြီးတော့ မီးရထားတွေကို သူ စိတ်ဝင်စားသည်။ မီးရထားနှင့် ခရီးသွားရခြင်းကို ပျော် ပိုက်သည်။

ကက်ဆက်ဆိုင်တွေကို လျှောက်မွှေပြန်သည်။ ဂျော်နီကက်ရှ် နှစ်ခွေနှင့် ဒေါက်တာဟွတ်က် တစ်ခွေရခဲ့၏။ လင်ဒါရွန်းစတင်း တစ်ခွေမှ ရှာမရ။ အရောင်း စာရေးမကို မေးတော့မှ အံဆွဲထဲက တစ်ခွေကို ထုတ်ပေးသည်။ 'သံယောဇဉ် ကမ်းခြေပြာ' သီချင်းပါသည့် အခွေဖြစ်၏။ သည်နေ့ သည်နည်းနှင့် အချိန်ဖြုန်း ရသည်မှာ မဆိုးလှဟု စိတ်ထဲက အောက်မေ့လိုက်၏။

ညနေ နှစ်နာရီခွဲတွင် ချိန်းဆိုထားသည့်နေရာသို့ အရောက်မောင်းလာပြီး စောင့်သည်။ နှစ်နာရီလေးဆယ့်ငါးတွင် ယာဉ်ထိန်းရဲ ရောက်လာပြီး ကားကို နေရာရွှေ့ပေးဖို့ အမူအရာနှင့် လုပ်ပြသည်။ သူက ရဲကို လှမ်းခေါ်ပြီး အိတ်ထဲမှ သက်တော်စောင့်လိုင်စင်ကို ထုတ်ပြသည်။

"လခကောင်းရဲ့လားဗျ" ဟု ရဲက မေးသည်။

"သိပ်မဆိုးပါဘူး။ ဒါပေမဲ့ ခုလိုပဲ ကားထဲကနေ ဖင် ချွတ်စွဲနေအောင် ထိုင်စောင့်ရတာတော့ မနိပ်ဘူးဗျ"

"ကျုပ်တို့လို လမ်းပေါ်မှာ ခြေတိုအောင်လျှောက်နေတာထက်စာရင်တော့ တော်ပါသေးတယ်ဗျာ"

ဤသို့လျှင် အမြင်ချင်း ဖလှယ်ကြပြီး ယာဥ်ထိန်းရဲက အလုပ်ဖြစ်မည့် နေရာဆီသို့ လျှောက်သွားသည်။

သုံးနာရီတွင်မှ ရီကာ ထွက်လာသည်။ သူနှင့်အတူ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး ပါလာသည်။ သူတို့ကိုကြည့်ရသည်မှာ အေးအေးလူလူ ရှိလှသည်။ ခရေစီက ကားထဲမှ ထွက်လိုက်သည်။ ရီကာက မိတ်ဆက်ပေး၏။

"ဒါက ဗစ်ကိုနဲ့ ဂျီနာ၊ သူက မစ္စတာ ခရေစီလေ"

သူတို့စုံတွဲမှာ အလွန်ရှေ့သွားနောက်လိုက်ညီသည့် စုံတွဲဖြစ်သည်။ အချော တွေချည်း ဖြစ်သည်။ သို့သော် ဂျီနာ၏အလှမှာ ရီကာ့အောက်တွင် လောင်းရိပ် မိနေသလိုဖြစ်နေသည်။ ဗစ်ကိုဆိုသည့် ငနဲက အသားညိုညို၊ အဝတ်အစား ကတော့ ကောင်းမေ့ ညွှန့်ပေ့ဆိုသည့် ထိပ်တန်းအဝတ်အစားတွေ၊ အလွန့်အလွန် အသန့်အပြန့် ကြိုက်မည့်သူဟု ခရေစီက အကဲခတ်လိုက်၏။

သူတို့စုံတွဲကလည်း ခရေစီကို အကဲခတ်လျက်ရှိကြ၏။

"ခင်ဗျား ပြင်သစ်ကြေးစားတပ်ဖွဲ့မှာ အမှုထမ်းခဲ့ဖူးတယ်ဆို"

ခရေစီက ခေါင်းညိတ်လိုက်သည်။

"ပြီးတော့ ဗီယက်နမ်မှာ အဖမ်းခံခဲ့ရသေးတယ် ဟုတ်လား"

နောက်တစ်ကြိမ် ခေါင်းညိတ်ပြလိုက်ပြန်သည်။

ဤတွင် ဂျီနာက ကျိတ်ရယ်ပြီး ရီကာကို တိုးတိုးကပ်ပြောသည်။

"သူ စကားတော့ ပြောတတ်တယ်နော်"

"အို... ဂျီနာကလည်း"

ရီကာက စကားစဖြတ်ပြီး ဗစ်ကို ဆိုသူဘက်သို့ လှည့်၍ ပါးကိုနမ်းကာ နှုတ်ဆက်သည်။

"ကျေးဇူးတင်ပါတယ် ဗစ်ကိုရယ်။ သိပ်စားလို့ကောင်းတဲ့ နေ့လယ်စာပါ။ ဂျီနာ့ကို အသုံးအစွဲမကြီးအောင် ရီကာ ကြည့်ထိန်းပေးပါ့မယ်"

အမျိုးသမီးနှစ်ယောက် ကားပေါ်သို့ တက်ကြသည်။ ခရေစီက ဗစ်ကိုအား

ခေါင်းညိတ်နှုတ်ဆက်ပြီး မောင်းထွက်ခဲ့သည်။ ဇစ်ကိုက ပလက်ဖောင်းတွင်ရပ်လျက် မောင်းထွက်သွားသော ကားကို ရပ်ကြည့်နေ၏။ ခရေစီက သူ့ကို နောက်ကြည့် မှန်ထဲမှ မြင်နေရသည်။ သူ့ကိုကြည့်ရသည်မှာ တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေပုံရသည်။

နောက်ထပ်နှစ်နာရီလုံးလုံး အမျိုးသမီးနှစ်ယောက် တစ်ဆိုင်ဝင် တစ်ဆိုင် ထွက်နှင့် ဈေးဝယ်ကြသည်။ ကားထဲတွင် စက္ကူဖာတွေ၊ အထုပ်တွေနှင့် တောင်ပုံ ရာပုံ ဖြစ်နေပြီ။

ခရေစီက ရီကာအား ကျောင်းကြိုချိန် နီးပြီဖြစ်ကြောင်း သတိပေးလိုက်သည်။ သည်တော့မှ ရီကာက နာရီကို ငုံ့ကြည့်ပြီး တအံ့တသြနှင့်

"ဟယ် တော်တော်တောင် နောက်ကျနေပြီပဲ။ ကိစ္စမရှိဘူး၊ ရှင်သွားတော့။ ကျွန်မ အိမ်ကိုဖုန်းဆက်ပြီး အက်တိုကို လှမ်းခေါ်လိုက်မယ်"

ကျောင်းရှေ့တွင် စီရပ်ထားသည့် ကားတန်းကြီးထဲတွင် ခရေစီက ရောပြီး ရပ်ထားလိုက်သည်။ ကျောင်းထဲမှ ကျောင်းသူကလေးတွေ အလျှိုလျှို ပြေးထွက် လာကြ၏။ ခရေစီက ကားထဲမှ ထိုင်စောင့်နေသည်။ နောက်ဆုံးတွင်မှ အဖော် ကျောင်းသူနှစ်ဦးနှင့်အတူ ပင်တာ ပေါ်လာသည်။ ကားဆီမရောက်ခင် သူတို့ သုံးဦး တီးတိုးတီးတိုး သဖန်းပိုး လုပ်နေကြ၏။ ရံဖန်ရံခါ ကားဆီသို့ ကွက်ကြည့် ကွက်ကြည့်နှင့်။ ပြီးတော့မှ သူတို့သုံးဦး လူစုခွဲလိုက်ကြသည်။

ကလေးမလေးနှစ်ယောက်က မာစီဒီးကားပြာကြီးဆီသို့ လျှောက်သွားသည်။ ပင်တာက ကျောင်းဘက်သို့ ပြန်လှည့်သွားသည်။ မာစီဒီးကားပြာကြီး ထွက် သွားသည်။ နောက်ထပ် မိနစ်နှစ်ဆယ်ကြာမှ ပင်တာ ထွက်လာသည်။ ကျောပိုး အိတ်ထဲတွင်ကော လက်ထဲတွင်ပါ စာအုပ်တွေ တနင့်တပိုးနှင့်။ ခရေစီက ကား ပေါ်မှဆင်းပြီး နောက်တံခါးကို ဖွင့်ပေးသည်။ ပင်တာက လက်ထဲမှစာအုပ်တွေကို ကမ်းပေးသည်။ ခရေစီက လှမ်းယူရင်း

"ညည်းအမေတော့ ပါမလာဘူး။ ညည်းအဖေ ကြိုပြီး ပြန်လာလိမ့်မယ်" ဟု ပြောလိုက်သည်။

ပင်တာက ခေါင်းကလေး မသိမသာ ညိတ်လိုက်ပြီး ကားထဲသို့ ဝင်ထိုင် လိုက်၏။

အပြန်လမ်းတွင် လုံးဝစကားမပြောဖြစ်ကြ။

မာရီယာ၏ ခေါက်ဆွဲပြုတ်နှင့် ကြက်သားပြုတ်မှာ စားလို့ကောင်းလှသည်။ ညစာ စားပြီး ကော်ဖီသောက်ကြသည်။ စားသောက်ပြီးစီးသည်နှင့် ခရေစီက ဝတ္ထုစာအုပ်ကို ကောက်ကိုင်ပြီး ဖတ်တော့၏။ ပြီးတော့မှ တစ်စုံတစ်ခုကို ရုတ်ခြည်း သတိရလိုက်သလိုနှင့်

"မင်းဟာ တကယ်ဟင်းချက်ကောင်းတဲ့ အမျိုးသမီးပဲ မာရီယာ။ တကယ်စားလို့ကောင်းတာ"

မာရီယာက ကျေနပ်စွာ ပြုံးလိုက်၏။

ခရေစီက စာအုပ်ကို ပြန်ဖွင့်သည်။ မာရီယာနှင့် ဘရူနိုက ပုပ်ရဟန်းမင်းကြီး သတင်းကို ဆွေးနွေးနေကြ၏။ ခရေစီ၏အေးစက်စက်နေတတ်ပုံနှင့် သူတို့နှစ်ယောက် နေသားကျသွားပြီ။ သူတို့မီးဖိုဆောင်မှာ ငြိမ်းချမ်းသည့် ရိပ်မြုံကလေး တစ်ခုနှင့် တူနေသည်။

ညပိုင်းတွင် ခရေစီက သူ့အခန်းထဲ၌ ကက်ဆက်ဖွင့်သည်။ ဒေါက်တာဟွတ်က်၏ သီချင်းများမှာ အချစ်နှင့် အတိတ်ကို လွမ်းမောဖွယ် တမ်းတသည့် သီချင်းများ ဖြစ်သည်။ ပုလင်းတစ်လုံးထုတ်ပြီး တစိမ့်စိမ့်နှင့် သောက်သည်။ သီချင်း၏ စကားလုံးတိုင်းကို သူ ဂရုမထားမိ။ တေးသွားနှင့် ဂီတတွင် အာရုံခံစားပြီး နစ်မျောနေခြင်းဖြစ်၏။

လုပ်ငန်းခွင် ပထမနေ့အကြောင်း ပြန်လည်စဉ်းစားနေမိသည်။ သက်တော်စောင့်တစ်ယောက်၏ ဘဝအစ သိပ်တော့မဆိုးလှ။ အနည်းဆုံး အလုပ်နဲ့ အကိုင်နဲ့ကွ လို့တော့ ပြောနိုင်ပြီပေါ့။ ပတ်ဝန်းကျင်ကလည်း သူ့ကို အလုပ်အကိုင်ရှိသူတစ်ယောက်ဟု အသိအမှတ်ပြုကြသည်။ ဘဝတစ်ခု၏ နိဒါန်းနေ့။

အောက်ထပ်တွင် ပင်တာကလေးက အိပ်မပျော်သေး။ သူ့ခေါင်းအုံးဘေးမှ ဝက်ဝံရုပ်ကလေးမှာ ပေါက်ပြဲနေ၏။ အခန်းပြတင်းပေါက်များကို ဖွင့်ထား၏။ အပေါ်ထပ်မှ သဲ့သဲ့ပျံ့လွင့်လာသည့် သီချင်းသံကို ကြားနေရသည်။ အမျိုးသမီးအသံ။ ပင်တာ မကြားဖူးသေးသည့် သီချင်း။ သည်တစ်ပုဒ်တည်းကို အထပ်ထပ်ပြန်ဖွင့်နေသည်။ ငြိမ့်ညောင်းသည့်ဂီတသံများတွင် လွင့်မျောရင်း ပင်တာ အိပ်ပျော်သွားသည်။ ပင်တာ့ကို အိပ်ပျော်စေသည့် သီချင်းမှာ ဆွေးမြည့်ကြေကွဲစရာကောင်းလှသည့် လင်ဒါရွန်းစတတ်၏ 'သံယောဇဉ်ကမ်းခြေပြာ' ဖြစ်သည်။

❑

## (၆)

ပင်တာကလေးအတွက် ခရေစီကို ငှားရမ်းထားပြီးဖြစ်၍ ရီကာတစ်ယောက် အက်တိုသွားရာသို့ စိတ်လွတ်လက်လွတ် လိုက်နိုင်ပြန်ပြီ။ ပင်တာ့ကို အလော တကြီး ကျောင်းထုတ်လိုက်စဉ်က မိမိကိုယ်တိုင် အိမ်တွင် ကပ်နေရမည်ကို ရီကာ ကြိုမတွေးမိခဲ့။ အစေခံတွေလက်တွင် စိတ်ချလက်ချ မထားနိုင်ခဲ့၍ ဘယ်ကိုမှ ခရီးမထွက်ရသည်မှာ ကြာပြီ။

အက်တိုသည် ခရီးတစ်ခါထွက်လျှင် ဆယ်ရက်မှ နှစ်ပတ်အထိ ကြာ တတ်သည်။ ဥရောပမြို့ကြီးများသို့ အသွားများ၏။ ရုံဖန်ရံခါ နယူးယောက်နှင့် တိုရန်တိုသို့လည်း သွားရတတ်သည်။ အက်တို၏ကိစ္စများကို တစ်ဖက်တစ်လမ်းမှ ကူညီရင်းက ကမ္ဘာအရပ်ရပ်သို့ ခရီးထွက်ခဲ့ရခြင်းကို ရီကာ အလွန်သဘော ကျသည်။ အက်တို၏ အရောင်းအဝယ်ကိစ္စများတွင် ဇနီးချော ရီကာကြောင့် ပိုမိုအောင်မြင်သည့်အခါတွေ မနည်းတော့။

အက်တိုက ခရေစီအတွက် အနားပေးရမည့်အချိန်နှင့် နေ့ရက် သတ်မှတ် ရေးကို လုံးဝမေ့နေခဲ့သည်။ သူတို့လင်မယား ခရီးထွက်နေချိန်တွင်တော့ ခရေစီ အချိန်ပြည့် အိမ်တွင် ရှိနေရပေလိမ့်မည်။ သည်ကိစ္စကို အက်တိုက ရီကာနှင့် အပြောခိုင်းလိုက်သည်။

ခရေစီက အလွယ်တကူလက်ခံ၍ ရီကာ ဝမ်းသာရသေးသည်။ စင်စစ် ရက်အားရရှိရေးကိစ္စကို ခရေစီကိုယ်တိုင်လည်း အလေးအနက်ထားပြီး မစဉ်းစားခဲ့။ ရုံဖန်ရံခါ အပြင်ထွက်၍ ညစာ စားဖြစ်ကောင်း စားဖြစ်မည်ဖြစ်ကြောင်း၊ သို့သော်

အလုပ်ရှင်ဇနီးမောင်နှံ အိမ်တွင်ရှိခိုက်သာလျှင် အပြင်ထွက်မည်ဖြစ်ကြောင်း ခရေစီက ပြန်ပြောလိုက်သည်။ သည်တော့လည်း တစ်ကောင်ကြွက် သည်လိုလူကို ရထားခြင်း အတွက် ရီကာ ဝမ်းသာနေရသေးသည်။ အိမ်ကို စိတ်ချလက်ချထားခဲ့ပြီး အက်တိုနှင့် အတူ ပါရီသို့ ခရီးထွက်ခဲ့တော့၏။

အက်တို၏အစီအစဉ်မှာ နောက်ဆုံးပေါ် ချည်မျှင်စက်ကြီး ဝယ်ယူရန် ဖြစ်သည်။ ညှိနှိုင်းဆွေးနွေးစရာတွေက အများကြီး။ စက်တန်ဖိုးက လီရာ သန်းလေးရာ။ ပြင်သစ်တို့ဘက်က အလွန့်အလွန် သဘောကောင်းပါမှ နောင်ပေး စနစ်ဖြင့် ဝယ်ယူခွင့်ရမည် ဖြစ်သည်။ မဟုတ်လျှင် လုပ်ငန်းတစ်ခုလုံး ရပ်တန့်သွားမည့် အခြေအနေဖြစ်သည်။

အက်တိုသည် အလုပ်နှင့်ပတ်သက်လျှင် အလွန့်အလွန် ရာဇပရိယာယ်ကြွယ်ဝသူ၊ အပေးအယူလုပ်တတ်သူဖြစ်သည်။ ယခုတစ်ခေါက် ရီကာ သူနှင့်အတူပါလာတော့ ပို၍အားရှိနေသည်။ တွေ့ဆုံဆွေးနွေးရမည့်အသိုက်အဝန်းတွင် ရီကာ၏အလှသည် အက်တိုအတွက် အင်အားတစ်ရပ် ဖြစ်နေသည်မဟုတ်လား။

အဖေနှင့် အမေ မရှိလျှင် ပင်တာက မီးဖိုဆောင်တွင် လာပြီး မာရီယာတို့နှင့် ထမင်းစားလေ့ရှိသည်။ ခရေစီက သူနှင့် ပင်တာတို့၏ဆက်ဆံရေး ပိုဆိုးမလာသည့်အတွက် စိတ်သက်သာရာ ရနေသည်။

ပင်တာက ခရေစီကို ခပ်ဖယ်ဖယ်နေသည်။ ရိုင်းရိုင်းပျပျတော့ မဆက်ဆံ။ ရင်ထဲမှခံစားမှုကို ဖုံးကွယ်ထားပြီး ခရေစီမှာ သက်တော်စောင့်တစ်ယောက် အနေဖြင့်သာ လိုအပ်ပြီး သည်ထက်ပို၍ စိတ်ဝင်စားစရာမရှိဟန်ဖြင့် ဆက်ဆံသည်။

ထို့ကြောင့် ထမင်းဝိုင်းတွင် ဘရူနိုနှင့် မာရီယာကိုသာ ဦးတည်ပြီး စကားပြောသည်။ ဘရူနိုကို ရိုရိုသေသေ ဆက်ဆံသည်။ မာရီယာ၏ အပျိုကြီးဘဝကိုတော့ ချစ်စနိုး စလေ့ရှိသည်။ ပင်တာကလေး သူတို့နှင့်လာပြီး စားသောက်နေသည်ကို ဘရူနိုနှင့် မာရီယာတို့ နှစ်ယောက်စလုံး ဝမ်းသာအားရဖြစ်နေကြ၏။

ပင်တာသည် အဖော်ဘူသမီးမို့ ပင်ကိုအမူအရာကောင်းသူကလေးဖြစ်သည်။ ခရေစီအား သူ ဘယ်လိုသဘောထားသည်ကို ပေါ်လွင်အောင်ပြနေခြင်းဖြစ်သည်။ သို့သော် သူ့အတွင်းစိတ်က တစ်မျိုး။

ကလေးဟူသည့် သတ္တဝါကလေးများသည် အလွန်အစွဲအလမ်းကြီးတတ်ကြသည်။ ပင်တာသည် ခရေစီနှင့် ရင်းနှီးခင်မင်ချင်သည်။ မိတ်ဆွေဖြစ်ချင်သည်။

သူထင်သည့်အတိုင်း ဖြစ်မလာဘဲ အခက်အခဲများ မမျှော်လင့်ဘဲ တွေ့လာရသော အခါ ယင်းအခက်အခဲများသည် သူ့ဆန္ဒကို ပိုမိုခိုင်မြဲစေခဲ့သည်။

ခရေစီ၏ အမူအကျင့်နှင့်ပတ်သက်ပြီး ဇွဲမယူဖို့ မေမေ ပြောပြစဉ်က ပင်တာ ဘာတစ်ခွန်းမှပြန်မမေးဘဲ ခေါင်းညိတ်ခဲ့သည်။ သို့သော် သူလိုချင်တာကို အရယူဖို့ ရေရှည်စစ်ပွဲ ဆင်နွှဲရန် သေသေချာချာစဉ်းစားပြီး သူ့ဘာသာသူ သေနင်္ဂဗျူဟာ ချမှတ်ခဲ့သည်။

ပင်တာသည် အလွန်အသိဉာဏ်မြင့်မားသည့် ကလေးမ ဖြစ်သည်။ မိဘနှစ်ပါး၏ လူနေမှုအဆင့်အတန်းနှင့် ညီအစ်ကိုမောင်နှမ မရှိခြင်းက သူ့ကို အရွယ်မတိုင်မီ အသိဉာဏ် ရင့်သန်စေခဲ့၏။ လူကြီးတွေနှင့် အနေများခဲ့သဖြင့် လူကြီးတွေး တွေးတတ်နေပြီ။ ပြီးတော့ ပင်တာသည် ပင်ကိုဗီဇအားဖြင့် စူးစမ်းရှာဖွေလိုသည့် စိတ် အလွန်ပြင်းပြသည့် ကလေးမ ဖြစ်သည်။ အသစ်အဆန်းများနှင့် တွေ့ကြုံရလျှင် အလွန်ပျော်သည်။ ပင်တာသည် လူ့ဘဝကို ပွင့်လင်းရိုးသားစွာ တိုးဝင်ဖို့ တာစူနေခြင်းဖြစ်သည်။ စိတ်ဓာတ်ကျစရာများတွေ့သော်လည်း စိတ်ပျက် အားလျော့ခြင်း မရှိတတ်။ ပင်တာသည် မမြင်ဖူးသည့်အရာဝတ္ထုတစ်ခုနှင့် မြုန်းစားကြီး တိုးလိုက်ရ၍ ခုန်ပေါက်ထွက်ပြေးသွားသည့် ခွေးကလေးနှင့်တူသည်။ ထိုအရာဝတ္ထုနားသို့ သိချင်စိတ်ဖြင့် နှာခေါင်းကလေး ရှုံ့ကာရှုံ့ကာ ပြန်၍တိုးသွားနေသည့် ခွေးကလေးမျိုး။

ခရေစီထံမှ မမျှော်လင့်သည့် တုံ့ပြန်မှုကို ကားပေါ်တွင် ကြားလိုက်ရပြီး နောက်သို့ ခုန်ပြေးသွားသည်။ ခုတော့ ခရေစီဆီသို့ တဖြည်းဖြည်းပြန်ကပ်နေသည်။ သို့သော် အလွန့်အလွန် လိမ္မာပါးနပ်စွာ ချဉ်းကပ်ခြင်းမျိုး။ ခရေစီ မမြင်နိုင်လောက်သည့်အရပ်မှ ချဉ်းကပ်လာခြင်းမျိုး။

ပင်တာက စိတ်ရှည်လက်ရှည် စောင့်ပြီး ခရေစီ၏အားနည်းချက်ကို ရှာဖွေနေသည်။ တစ်နေရာရာမှာတော့ ဟာကွက်တွေ့ရမည်ဟု ပင်တာ ယုံကြည်ထား၏။ ပင်တာက အခါအခွင့်ကို စိတ်ရှည်လက်ရှည် စောင့်သည်။ မာရီယာနှင့် ဘရူနိုကိုသာ အထိုက်အလျောက်စကားပြောပြီး ခရေစီကို မသိကျိုးကျွန်ပြုနေသည်။

ရက်အနည်းငယ်ကြာလာသောအခါ ခရေစီသည် ပတ်ဝန်းကျင်တွင် နေသားကျလာသလို ဖြစ်လာသည်။ စိတ်လှုပ်ရှားမှုမရှိလှသည့် သုညကမ္ဘာသို့ ရောက်နေသည်ဟုပဲ ခံယူထားလိုက်တော့သည်။

ဘာကိုမှ ဆုံးဖြတ်ချက် ပေးဖို့မလို၊ ဘယ်စီမံကိန်းကိုမှ တာဝန်ယူစရာ မရှိ။ သည်တော့ စိတ်လှုပ်ရှားစရာဆို၍ ဘာမှမရှိ။ နတ္ထိ။ လုပ်နေသည့် လုပ်ငန်း သဘောကိုက ဘာမှ မည်မည်ရရ တာဝန်ရှိသည့် အလုပ်မျိုးမဟုတ်။ သူ့အတွက် သက်သောင့်သက်သာ ရှိလွန်းနေသည်။ ဘယ်လောက်ကြာကြာ သည်ဘဝကို သည်းခံနိုင်မည် မသိ။ ဘဝတစ်ကဏ္ဍကို ရပ်တန့်ထားနိုင်သည့်အတွက် လောလောဆယ်တော့ ကိုယ့်ကိုယ်ကိုယ် ကျေနပ်နေမိ၏။

မည်သည့်အနှောင်အဖွဲ့မှ မရှိ။ မည်သည့်တာဝန်မှ မရှိ။ တစ်နေ့တာ၏ တာဝန်ကို ပုံမှန်လှုပ်ရှားသွားရုံပင်။ သို့သော် အရာတိုင်းကို စိတ်ချလက်ချနှင့် သတိကင်းလွတ်၍တော့ မရ။

တဖြည်းဖြည်း အရက်ကို လျှော့သောက်နိုင်လာသည်။ နေမထိထိုင်မသာ ဖြစ်သည့်ဒဏ်ကိုတော့ အလူးအလဲခံရ၏။ အားအင်တွေ ဆုတ်ယုတ်လာသလိုထင်ရ၏။ ဝီစကီ တစ်ည တစ်လုံး မကုန်တော့။ အချိန်မီ မဆင်ခြင်လျှင် သူ့ကျန်းမာရေး လုံးဝ ပျက်စီးသွားတော့မည်ကို သူ သတိထားလာမိသည်။ သိပ်နောက်မကျသေးခင် လုံးဝဖြတ်ဖို့ စဉ်းစားရမည်။ သည်လိုစဉ်းစားဖို့ အားအင်တော့ မရှိလှ။

နေ့စဉ် လည်ပတ်လှုပ်ရှားမှုတွင် အသားကျနေပြီ။ မနက်တွင် ပင်တာကို ကျောင်းပို့ရ၏။ ညနေ ငါးနာရီတွင် ကျောင်းကြိုရသည်။ ကြားထဲတွင် တစ်ချိန်လုံး အားနေသည်။ သည်အချိန်တွင် စာအုပ်နှင့် ကက်ဆက်ခွေတွေ လိုက်ရှာပြီး ဝယ်တတ်သည်။ သို့သော် အိမ်ကို တန်းပြန်သည်က များသည်။ အိမ်ရောက်လျှင် ဘရွန်နီ၏အလုပ်တွေကို ကူလုပ်ပေးသည်။ လက်နှစ်ဖက်ကို အသုံးပြုပြီး လုပ်ရသော အလုပ်ကို သူ သဘောကျသည်။ အထူးသဖြင့် အဆောက်အအုံများကို တည်ဆောက်သည့် လုပ်ငန်းမျိုး၊ ပြင်ဆင်သည့် လုပ်ငန်းမျိုးကို ပိုဝါသနာပါသည်။ သည့်အတွက် ဂိုက်ဒိုက သူ့ကို ကျီစယ်ဖူးသည်။ 'တစ်သက်လုံး ဖောက်ခွဲ ဖျက်ဆီးလာပြီး ခုမှ ဆောက်မနေပါနဲ့' ဟူ၍။

ဂိုက်ဒိုက သက်သက် နောက်ပြောင်ကျီစယ်ခြင်း ဖြစ်၏။ စင်စစ် ပြင်သစ် ကြေးစားတပ်ဖွဲ့ထဲတုန်းက ဖောက်ခွဲဖျက်ဆီးရေးသာမက တည်ဆောက်ရေး လုပ်ငန်းများကိုလည်း လုပ်ခဲ့ရ၏။ ကြေးစားတပ်ဖွဲ့၏ သမိုင်းစဉ်တွင် မြို့ပြ အင်ဂျင်နီယာလုပ်ငန်း၊ အထူးသဖြင့် တံတားဆောက်လုပ်ရေးလုပ်ငန်းသည် အဓိက အခန်းမှ ပါဝင်ခဲ့သည် မဟုတ်လား။

အစောပိုင်း အယ်လ်ကျီးရီးယားတွင် ရောမခေတ်က စစ်တပ်တွေလို သူတို့တစ်တွေ လမ်းဖောက်လုပ်ရေးလုပ်ငန်းကို ဦးစားပေးခဲ့ကြရ၏။ တိုင်းပြည် ငြိမ်ဝပ်ပိပြားရေးနှင့် စစ်ရေး တည်ငြိမ်မှုရရှိရေးတွင် လမ်းနှင့် တံတားများသည် အဓိကမဟုတ်လား။ သည်အတွက် သူတို့တစ်တွေ သည်လုပ်ငန်းကို စနစ်တကျ လက်တွေ့သင်ကြားခဲ့ရ၏။ သည်အစဉ်အလာအတိုင်း အာဖရိကမှာရော၊ ဗီယက်နမ်မှာပါဆက်လက် စခန်းသွားခဲ့ကြ၏။ ခရေစီ အလွန်ဝါသနာပါသည့် ဘာသာရပ်ဖြစ်သည်။

ဘရူနိုတစ်ယောက်တည်းနှင့် သည်အိမ်ကြီးကို ထောင့်စေ့အောင် ကြည့်ဖို့မလွယ်။ အိမ်ရှေ့ ကားလမ်းမထိ ကျယ်ပြန့်သည့် မြက်ခင်းကြီးနှင့် ပန်းပင်များကိုသာ ဂရုစိုက်နိုင်၏။

အိမ်ကြီး၏နောက်ဘက်ပိုင်းတွင် မတ်စောက်စွာ မြင့်တက်သွားသည့်ထင်းရှူးတော ရှိသည်။ ကျောက်စရစ် ထူထပ်သည့် တောင်ကုန်းများ ဖြစ်၏။ ခြံစည်းရိုးတွေက ဆွေးမြည့် ပျက်စီးနေပြီး ပြုပြင်ထားသည့် နေရာများရှိ၏။ သို့သော် ဖြစ်ကတတ်ဆန်း ပြုပြင်ထားနည်းမျိုး။

ဘရူနိုက သည်ကိစ္စကို အက်တိုအား တင်ပြသည်။ ပြုပြင်ဖို့ အလုပ်သမားနှင့်ပိုက်ဆံတောင်းသည်။ အက်တိုက ပြောတုန်းသာ ခေါင်းညိတ်သည်။ တစ်ခါမှအကောင်အထည် ဖော်မပေး။ ခရေစီက သည်ခြံစည်းရိုးကြီးကို သူ့ဘာသာသူစပြင်နေသည်။ ကိုမိုကိုသွားပြီး သူ့ပိုက်ဆံနှင့် သူ သစ်တွေဝယ်ချလာသည်။ ခရေစီက လုံခြုံရေးရှုထောင့်မှ လိုအပ်သည့်အတွက် လုပ်နေခြင်းဖြစ်ကြောင်းအက်တိုအား ပြောပြသည်။

အားသည့်အချိန်တိုင်း ခရေစီက ခြံစည်းရိုးတွင် အချိန်ကုန်၏။ သို့သော်အလုပ်က တော်တော်နှင့်မပြီးနိုင်။ အခိုက်အတန့်အားဖြင့်တော့ သည်ခြံစည်းရိုးကသူ့အာရုံကို ကောင်းကောင်းကြီး စုစည်းထားနိုင်သည်။ ပူအိုက်သည့်ရာသီကိုမရောက်သေးပေမဲ့ သူ့ကိုယ်တွင် ဝီစကီနံ့သင်းသည့် ချွေးတွေ တရွှဲရွှဲနှင့်။

ညစာကို စောစောစားကြသည်။ စားပြီးလျှင် ခရေစီက မီးဖိုထဲတွင်တစ်နာရီ နှစ်နာရီ ဆက်နေလေ့ရှိသည်။ စာဖတ်လျှင် ဖတ်နေ၏။ တယ်လီဗီးရှင်းကြည့်သည့်အခါလည်း ကြည့်၏။ သူများတွေပြောစကားများကို မကြားတစ်ချက်ကြားတစ်ချက်နှင့်။

အဖေနှင့် အမေ ပြန်မလာမီ နှစ်ရက်အလိုတွင် အကွက်ချောင်းနေသည့် ပင်တာအတွက် အခွင့်အရေးပေါ်လာသည်။ ပင်တာက တယ်လီဗေးရှင်းအစီအစဉ် ညှံ့လျှင် မကြည့်တော့ဘဲ သတင်းစာနှင့် မဂ္ဂဇင်းတွေကို ဖတ်လေ့ရှိ၏။

စာကို အနိုင်နိုင်သာ ဖတ်တတ်ရှာသည့် မာရီယာနှင့် ဘရူနိုတို့က ပင်တာ့အား သူတို့သိချင်သည့် သတင်းတွေကို မေးကြရ၏။ ပင်တာရှင်းပြသမျှ နားထောင်ကြရ၏။ ထုံးစံအတိုင်း သူတို့စကားဝိုင်းကို ခရေစီက လုံးဝဥဿုံ မကြားတတ်။ တစ်နေ့တွင်တော့ ဗီယက်နမ်အကြောင်းပါလာ၍ အာရုံစိုက် နားထောင်နေမိသည်။

တောင်ဗီယက်နမ်မှ စစ်ပြေးဒုက္ခသည်တွေ အလုံးအရင်းနှင့် ထွက်ပြေးကြသည့်အကြောင်းကို ပင်တာက ဖတ်ပြနေသည်။ ဖတ်ပြနေရင်း ကိုယ့်တိုင်းပြည်ကို စွန့်ပြီး လူတွေ ဘာလို့ထွက်ပြေးကြပါလိမ့် လို့ ပင်တာက ဘရူနိုအားမေးတော့ ဘရူနိုက ပခုံးတွန့်ပြသည်။ သူ ကြားဖူးနားဝရှိသလောက် ကွန်မြူနစ်တွေအကြောင်း ပြောပြသည်။

ခရေစီ စိတ်ဝင်စားသွားသည်။ ပထမဆုံးအနေဖြင့် သူတို့စကားဝိုင်းထဲကို ဝင်မိတော့၏။ ခရေစီက စစ်ပြေးဒုက္ခသည်များအကြောင်းကို ရှင်းပြသည်။ အများအားဖြင့် သူတို့တစ်တွေမှာ ဗီယက်နမ်တွင် တသီးတခြားနေကြပြီး တရုတ်စကားပြောသည့် ဗီယက်နမ် တရုတ် ကပြားများဖြစ်ကြောင်း၊ သူတို့တစ်တွေကို 'လှေနေလူသား' များဟု ခေါ်ကြောင်း စသည်စသည်။

ကလေးမကလေးက စိတ်ဝင်တစား နားထောင်နေသည်။ ဗီယက်နမ်များနှင့် ဗီယက်နမ်ရောက် တရုတ်တို့သည် ခေတ်အဆက်ဆက်ကတည်းက မတည့်ကြ။ စစ်ပြီး၍ ဗီယက်နမ် နစ်ပြည်ထောင် ပေါင်းစည်းပြီးသည့်အခါ တရုတ်တို့ကို ဖယ်ထုတ်ရန် ဗီယက်နမ်က ကြိုးစားသည်။ တရုတ်တို့သည် ချမ်းသာသူများ ဖြစ်သည့်အလျောက် ဟောင်ကောင်တရုတ်တွေကို ငွေပုံပေးပြီး သူတို့ကို လှေတွေနှင့် နိုးထုတ်ခိုင်းသည်။ သည်အခြေအနေကို ဗီယက်နမ်တို့က မမြင်ချင်ယောင် ဆောင်နေရုံမက တစ်နည်းတစ်လမ်း အကူအညီပင် ပေးလိုက်သေးသည်။ သည်ကိစ္စမှာ ကွန်မြူနစ်ဝါဒနှင့်မဆိုင်လှဘဲ အရိုးစွဲနေသည့် လူမျိုးရေး ပဋိပက္ခတစ်ခုသာ ဖြစ်သည်။

ပင်တာက လိမ္မာပါးနပ်စွာဖြင့် ဥရောပတွင် ဆင်းရဲသည့် နိုင်ငံများမှ ချမ်းသာသည့်နိုင်ငံများသို့ သွား၍ အလုပ်လုပ်နေကြသည့် အလုပ်သမားများ

အကြောင်းနှင့်ယှဉ်ပြီး ဆွေးနွေးသည်။ မကြာသေးခင်က ဆွစ်ဇာလန်နှင့် ဂျာမနီတွင် အလုပ်လုပ်နေကြသည့် အီတလီအလုပ်သမားများ၏ နစ်နာချက်များအကြောင်းကို သူ ဖတ်ထားရသည်မဟုတ်လား။

ခရေစီက ဆက်ရှင်းပြနေသည်။ မလေးရှားနှင့် အင်ဒိုနီးရှားတွင် တရုတ်လူမျိုး လူနည်းစုတို့က တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းကြီးများကို လက်ဝါးကြီးအုပ်ထားကြရုံမက တိုင်းပြည်၏စီးပွားရေးကို ကမောက်ကမဖြစ်အောင်လုပ်ကြကြောင်းများအပြင် အင်ဒိုနီးရှားတွင် ကွန်မြူနစ်တို့ အာဏာသိမ်းပွဲ မအောင်မြင်သဖြင့် တရုတ်လူမျိုးများ အသတ်ခံရကြောင်းများကိုပါ ပြောပြသည်။

ပင်တာက တခြားနိုင်ငံများကို တရုတ်တွေ ဘယ်ပုံဘယ်နည်းရောက်နေကြကြောင်းကို သိချင်ပြန်သည်။ အလုပ်သမား အများအပြားလိုသည့် အစောပိုင်းကိုလိုနီခေတ်က တရုတ်တွေ အတိုင်းတိုင်းအပြည်ပြည်သို့ ရောက်လာကြကြောင်း၊ တရုတ်လူမျိုးများသည် အလွန်အလုပ်လုပ်သူများဖြစ်သည့်အလျောက် တောရှင်းလမ်းဖောက်မှစ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများထိ အောက်ခြေသိမ်း လုပ်ကိုင်ကြကြောင်း၊ ဒေသခံလူမျိုးများသည် နိုင်ငံခြားသားများလောက် လက်ကြောတင်းအောင် မလုပ်ကြ။

ဥပမာပြစရာတွေ အပုံကြီး။ အရှေ့အာဖရိကတွင် မီးရထားလမ်းဖောက်ရန် အာရှတိုက်သားများ၏လုပ်အားကို အသုံးပြုခဲ့ရသည်။ သီရိလင်္ကာလက်ဖက်ခင်းများတွင် အိန္ဒိယတောင်ပိုင်းမှ တမီးလ်လူမျိုးများကို အမှာခံ ထားခဲ့ရသည်။ တစ်ကမ္ဘာလုံးတွင် ထိုနည်းနှင်နှင်။ ဤသို့ဖြင့် နှောင်းခဲ့သော ခေတ်အဆက်ဆက်တွင် တိုင်းရင်းသားများနှင့် တိုင်းတစ်ပါးသားများ၏ ပဋိပက္ခသည် နက်ရှိုင်း၍ လာခဲ့သည်။ သွေးချောင်းစီးလူသတ်ပွဲကြီးများ ဖြစ်လာသည်အထိ ပြင်းထန်လာခဲ့သည်။

ခရေစီက ဖြန်းခနဲ ရပ်လိုက်ပြီး စာအုပ်ကို ကောက်ကိုင်လိုက်၏။ စကားဝိုင်းမှာ တစ်ကိုယ်တော်စကားဝိုင်းမျိုးဖြစ်သည်။ တုံ့ခနဲရပ်သွားသောအခါ ပင်တာက ဆက်ပြောဖို့ မတိုက်တွန်းတော့။ ဘာမှလည်း မမေးတော့ဘဲ မာရီယာနှင့် စကားဆက်ပြောနေသည်။ မိနစ်အနည်းငယ်ကြာတော့ ခရေစီက ထရပ်ပြီး တုံးတိတိ နှုတ်ဆက်၍ အပေါ်ထပ်သို့ တက်သွားတော့၏။

သူထွက်သွားပြီး တံခါးပိတ်သွားသည်နှင့် ပင်တာက ကျိတ်ပြုံးလိုက်သည်။

"အဲဒါ ပထမအဆင့်ပဲ ဦးဦးဝက်ဝံကြီးရေ" ဟု စိတ်ထဲမှ ပြောနေမိ၏။

နောက်တစ်နေ့ ကျောင်းအသွား၊ ကျောင်းအပြန် ပင်တာ စကားတစ်လုံးမျှ မပြော။ ညစာစားပြီးတော့လည်း တယ်လီဗီးရှင်းကြည့်နေ၏။ ခရေစီတစ်ယောက် သူ့ပတ်ဝန်းကျင်တွင် လုံးဝရှိမနေဘိသို့။

မနေ့ညကအဖြစ်ကို တွေးမိပြီး ခရေစီတစ်ယောက် စိတ်ထဲတွင် မတင်မကျကြီးဖြစ်နေသည်။ မိမိ၏အကျင့်စရိုက်နှင့်ဆန့်ကျင်ပြီး လုပ်မိသည့်အခါတိုင်း ဖြစ်တတ်သည့် စိတ်အနှောင့်အယှက်ဖြစ်မှုမျိုး၊ ပင်တာ၏ တိုက်ကွက်တစ်ခု ဖြစ်ကြောင်းသာ သူ သိလျှင် သည်ထက်ပို၍ ဒေါသူပုန်ထလေမည် မုချ။

သို့သော် စစ်ဆင်ရေးရှုထောင့်မှကြည့်ပြီး အောင့်သက်သက်နှင့် ပင်တာကို ချီးကျူးမိသည်လည်း အမှန်။ တိုက်ကွက်ကို သေသေချာချာ ကြံပြီးလေ့လာ၊ အားနည်းချက်တွေကို မှတ်၊ တစ်နေရာမှ အရောင်ပြပြီး စစ်ကိုမြူ၊ အားနည်းသည့်နေရာမှ ဝင်တိုက်။ ပင်တာကလေးသည် ပြောက်ကျားစစ်ဆင်ရေး ခေါင်းဆောင် တမျှ အကွက်စေ့ပါပေ၏။

*

ခရေစီက အီလီယိုတို့လင်မယားကို ညစာဖိတ်ကျွေးသည်။ မိလန်တွင် အကောင်းဆုံးဟု မာရီယာညွှန်းသော 'ဓာဂုဏ်' ဟိုတယ်သို့ ခေါ်သွားသည်။ သူ စားပွဲထိုး လုပ်ခဲ့ဖူးသည်။ အစားအသောက် အလွန်ကောင်းကြောင်း မာရီယာက အာမခံချက်ပေးသည်။ ပြီးတော့ အားတုံ့အားနာနှင့် ကပ်ပြောသည်။ ဈေးတော့ များတယ်နော်တဲ့။

ဖယ်လီစီယာအဖို့ သည်အခွင့်အရေးမှာ ရတောင့်ရခဲ အခွင့်အရေးဖြစ်သည်။ ကလေးနှစ်ယောက်တာဝန်နှင့် အပြင်ထွက်ရခဲသည်မဟုတ်လား။ ဒီနေ့တော့ စိတ်ချရသည့် အိမ်နီးချင်းတစ်ဦးထံ ကလေးနှစ်ယောက်ကို ထားခဲ့ပြီး ထွက်လာခဲ့ခြင်းဖြစ်၏။ တစ်ခါတလေ စိတ်လွတ်လက်လွတ် နေလိုက်မည်ဟု အားခဲပြီး ထွက်ခဲ့ခြင်းဖြစ်၏။

မာရီယာက သူတို့အတွက် သီးသန့်ခန်းတစ်ခု ကြိုတင်ဖုန်းဆက်ပြီး မှာပေးသည်။ မာရီယာသည် 'ဓာဂုဏ်' ဟိုတယ်တွင် တွင်ကျယ်ခဲ့ဖူးဟန်တူ၏။ ပိုင်ရှင်က ခရေစီတို့ အဖွဲ့ကို ဂရုတစိုက် စားပွဲထိုးပေးနေသည်။

မာရီယာက စားပွဲထိုး လုပ်ခဲ့ဖူးသည်ဆိုခြင်းမှာ သက်သက်လျှော့ပြောခြင်း ဖြစ်သည်။ စင်စစ် 'ဓာဂုဏ်' တွင် မာရီယာက အချက်အပြုတ်ပါ စီစဉ်ရသည်။

သည်ဟိုတယ်တွင် မကြာခဏ လာစားသည့် အက်တိုတို့လင်မယားနှင့်တွေ့ပြီး မာရီယာကို ခေါ်သွားခြင်းဖြစ်သည်။

"မာရီယာ့လက်ရာကတော့ ဆွေမျိုးမေ့တယ် ဆိုတဲ့ လက်ရာမျိုးပါ ဆရာ" ဟု ဟိုတယ်ပိုင်ရှင်က ချီးကျူးနေသေးသည်။

မာရီယာမရှိသော်လည်း 'ဓာဂုဏ်' ၏ ဟင်းကျွေးဟင်းလျာတွေက လျာရင်း မြက်လှ၏။ သူတို့သုံးဦး တပျော်တပါး စားသောက်ကြသည်။ သည်အလုပ်ကို ဝင်ကတည်းက ခရေစီအဖို့ ပထမဆုံး အပြင်ထွက်ခြင်းဖြစ်၏။

ဖယ်လီစီယာတစ်ယောက် အပျော်ကြီးပျော်နေသည့်အတွက် သူတို့ အမျိုးသားနှစ်ယောက်ပါ ရွှင်နေကြသည်။ အီလီယိုက ခရေစီကိုကြည့်ပြီး အံ့သြ နေသည်။ သည်ညအပြုံးမျိုး သူ့နှုတ်ခမ်းတွင် ဘယ်တုန်းကမှ မပြုံးဖူးခဲ့။ ဖယ်လီ စီယာ၏ဟာသများကို ရယ်ရယ်မောမောနှင့် နားထောင်နေ၏။ မပြောစဖူး သူက ရယ်စရာများကိုပင် ပြောနေသေးသည်။ သို့သော် သူ့ရယ်စရာများမှာ ဟာသရသ ကင်းမဲ့လှ၏။

ဖယ်လီစီယာက အက်တိုမိသားစု၏ အိမ်တွင်းရေးကို စိတ်ဝင်စားနေ၏။ အထူးသဖြင့် ရီကာအကြောင်း။ ရီကာဆိုသည့် မိန်းမချောကား အထက်တန်းလွှာ၏ အာရုံစုစည်းရာ မဟုတ်လား။ "လူတွေပြောနေကြသလောက် သူ လှသလားဟင်" လို့ ဖယ်လီစီယာက မေးတော့ ခရေစီက ခေါင်းညိတ်ပြသည်။ ဘယ်လိုပဲကြည့်ကြည့်၊ ဘယ်အလှဗေဒနဲ့ သရုပ်ခွဲခွဲ ရီကာကတော့ လှနေသည်ဆို၏။

"အန်ကယ်ခရေစီ သူ့ကို သိပ်သဘောကျနေပြီထင်တယ်" ဟု ဖယ်လီ စီယာက တစ်ဆင့်တက်ပြီး နောက်သည်။ ခရေစီက မဆိုင်းမတွ ခေါင်းညိတ် လိုက်သည်။ ကိုယ့်ကိုယ်ကိုယ် မညာတတ်သည့်လူတိုင်း သူ့လိုပင် ခေါင်းညိတ် မိမည်ဖြစ်၏။ အလှကို လူတိုင်း မြတ်နိုးကြသည်မဟုတ်လား။ ခရေစီက ဖယ်လီ စီယာရှေ့မှ ပြောင်သလင်းခါနေသည့် သီးသားပန်းကန်ကို လက်ညှိုးထိုးပြသည်။ "အဲသလိုပဲပေါ့၊ အရသာရှိတဲ့ အစားအစာကို လူကိုင်းကြိုက်တာပေါ့" ဟု ဆိုသည်။

"သူ့သမီးကလေးကကောဟင်၊ အမေနဲ့တူရဲ့လား"

ခရေစီက သည်မေးခွန်းကိုတော့ အလေးအနက်စဉ်းစားဟန် ပြုလိုက်သည်။ သူ့မျက်နှာတွင် စိတ်အားထက်သန်မှုတွေ လွှမ်းသွားသည်ကို အီလီယိုတို့လင်မယား မြင်လိုက်ကြရ၏။

ကလေးမလေး၏တာစုနေသည့် ငယ်မူငယ်သွေးကြည့်ပြီး မအေတူ အချော ကလေး တစ်ယောက် ဖြစ်လာမည်ဟု ပြောနိုင်ပါသည်။ သို့သော် စရိုက်ချင်းတော့ တူကြမည် မထင်။ ပင်တာက သူ့အမေထက် ပို၍ထက်မည်။ လောကအကြောင်း ပိုသိမည်။

ခရေစီက ပင်တာကလေး၏ စူးစမ်းမှုအာရုံ ပြင်းပြပုံတွေကို ပြောပြသည်။

ပင်တာသည် အရာတိုင်းကို တတ်သိနားလည်ချင်သည့် မိန်းကလေး။ တစ်ခုတော့ရှိသည်။ အပျိုဖြစ်လာလျှင်တော့ ပြောင်းလဲသွားချင် သွားပေလိမ့်မည်။ ရုပ်ဆင်းရူပကာ လှလွန်းခြင်းသည် အခြား ပင်ကိုအရည်အချင်းတွေကို ပျက်စီး စေတတ်သည် မဟုတ်လား။

ခရေစီက ပင်တာ့အကြောင်းပြောရင်း တွေးနေမိပြန်၏။ ဗီယက်နမ် စစ်ပြေး ဒုက္ခသည်များအကြောင်းကိုပြောပြီး နောက်ပိုင်းတွင် အရွယ်နှင့်မမျှသည့် မေးခွန်း မျိုးတွေ မေးလာသည်။ မနေ့ကလည်း ကြည့်လေ၊ ကျောင်းအပို့တွင် နောက်ခုံမှ လှမ်းမေးသည်။ 'လူ့အခွင့်အရေးဆိုတာ ဘာတွေလဲ' တဲ့။

ခုတလော သတင်းစာထဲတွင် ပါနေကျအကြောင်းအရာ၊ သမ္မတ ကာတာ အော်လွန်းဟစ်လွန်း၍ အခြားနိုင်ငံရေးသမားတွေ လက်သီးလက်မောင်း တန်းနေ ကြသည့် အကြောင်းအရာ။

စိတ်ရှည်လက်ရှည် ရှင်းပြနေမိသည်။ လူ့အခွင့်အရေးဆိုတာ ပုဂ္ဂလိက လွတ်လပ်ခွင့်ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းတစ်ခုတွင် အခြေခံ ရပိုင်ခွင့်ဖြစ်ကြောင်း။

ပြီးတော့ လက်ဝဲအုပ်စုနှင့် လက်ယာအုပ်စုများအကြောင်း၊ ထိုမှတစ်ဆင့် ဒီမိုကရေစီအခွင့်အရေးအကြောင်း။ ကျောင်းကိုရောက်သည်အထိ ရှင်း၍မဆုံးတော့။

ညနေ ကျောင်းကြိုတော့ မနက်ကအကြောင်း ဆက်ရှင်းပြမည်ဟု စိတ်ကူး ထား၏။ သို့သော် ပင်တာက သည်အကြောင်း စကားမစတော့။

သူတို့စားပွဲဆီ လူတစ်ယောက် လျှောက်လာနေသဖြင့် သူ့အတွေးစ ပြတ် သွားသည်။

"မစ္စတာခရေစီပါနော်၊ ဟုတ်တယ်မဟုတ်လား"

ရှေ့နေကြီး ဗစ်ကိုဖြစ်၏။ ခရေစီက အီလီယိုနှင့် ဖယ်လီစီယာကို ဗစ်ကိုနှင့် မိတ်ဆက်ပေးသည်။ ဗစ်ကိုက နှုတ်ခမ်းမွေးအောက်မှ သွားတွေကို ဖွေးခနဲ ပေါ်အောင် ပြုံးလိုက်၏။

"ခင်ဗျားလည်း တော်တော်အကောင်းကြိုက်ပုံရတယ်။ မီလန်မှာ ဒီဟိုတယ်ဟာ အကောင်းဆုံးဗျ။ ဘယ်လိုလဲ၊ ခံတွင်းတွေ့ကြရဲ့လား"

သူတို့သုံးယောက်က စားလို့သောက်လို့ကောင်းကြောင်း ပြန်ပြောလိုက်ကြသည်။ ဖယ်လီစီယာအား သွားအဖွေးသားနှင့် နောက်ဆုံးပြုံးပြပြီး ဗစ်ကိုက သူ့အဖော်တွေနှင့် ထွက်သွားသည်။

ခဏကြာတော့ စားပွဲထိုးတစ်ယောက် အရက်ချိုခွက်တွေနှင့် ဝင်လာပြီး ရှေ့နေကြီး မစ္စတာဗစ်ကို၏ မေတ္တာလက်ဆောင်ပါဟုဆိုပြီး ချပေးသည်။

"ချောတယ်နော်"

ဖယ်လီစီယာက ကော့ညက်တစ်ခွက် လှမ်းမှာရင်း မှတ်ချက်ချသည်။ ခရေစီက အီလီယိုကို လှမ်းကြည့်လိုက်၏။ ပြီးတော့ ပခုံးကို မသိမသာ တွန့်လိုက်သည်။

"သိပ်လည်တဲ့လူပေါ့" ဟု အစချီပြီး ဗစ်ကိုအကြောင်း ဆက်ပြောသည်။

"ရှစ်စပ်က ဂျင်ခြေလည်တဲ့လူဆိုတာ သူလိုလူမျိုးဗျ။ ကုန်သည်လောကကိုရော အစိုးရပိုင်းကိုပါ ခါးစောင်းတင်ထားတဲ့လူပေါ့။ မြေအောက်ဂိုဏ်းတွေနဲ့တောင် အဆက်အသွယ်ရှိတယ်လို့ နာမည်ထွက်နေတယ်"

အီလီယိုက မျက်နှာကို ရှုံ့လိုက်ပြီး

"ဒါထက် နောက်တစ်ခု သတင်းဖြစ်နေတာ ရှိသေးတယ်။ ဗစ်ကိုနဲ့ ခင်ဗျားရဲ့ သခင်မ ရီကာတို့ တိတ်တိတ်တွဲနေကြတယ်"

ခရေစီ ဒါကိုတော့ အံ့သြသည်။ ရီကာလိုမိန်းမမျိုး ပွေသည် ဆိုသည့်အတွက် အံ့သြခြင်းမျိုးမဟုတ်။ ဗစ်ကိုလိုလူနှင့် ရှုပ်သည်ဟု ကြားရခြင်းအတွက် အံ့သြခြင်း ဖြစ်၏။ သို့သော် အီလီယို့စကားဆုံးတော့ အလိုလိုရှင်းသွားသည်။

"အက်တိုရဲ့စက်ရုံတွေတိုးချဲ့ဖို့ ဘဏ်က ချေးငွေရရေးမှာ ဗစ်ကိုက အခရာဖြစ်နေတာကိုး။ သူ အာမခံမှ ရမယ်ဆိုပဲ။ အက်တိုရဲ့လုပ်ငန်းမှာလည်း တော်တော်အကျပ်အတည်း တွေ့နေပုံရတယ်"

အင်း... ဖြစ်လောက်သည်ဟု ခရေစီက တွေးနေ၏။ ရီကာလို မိန်းမက စည်းစိမ်ချမ်းသာကို မထိခိုက်ဖို့ ဘာမဆိုလုပ်မည့် မိန်းမစားမျိုး။ သို့သော် တစ်ခု စဉ်းစားစရာရှိသည်။

"အက်တိုမှာ စီးပွားရေးအကျပ်အတည်းတွေ့နေရင် ဘာပြုလို့ သူ့သမီး

အတွက် ပြန်ပေးရန်ကို ကြောက်နေရမှာလဲ" ဟု ခရေစီက ကောက်မေးလိုက်သည်။ အီလီယိုက ဟုတ်ကြောင်း၊ သည်ကိစ္စမှာ စဉ်းစားစရာဖြစ်ကြောင်း ပြောပြီး

"ရိကာ့အသိုက်အဝန်းတစ်ခုလုံးက သက်တော်စောင့် ငှားနေတော့ ဂုဏ်တု ဂုဏ်ပြိုင် ထလုပ်တာလည်း ဖြစ်နိုင်တာပေါ့လေ"

"ဟော၊ ဒါဆို ငါက ငပေါကြီးဖြစ်နေရောပေါ့"

ခရေစီပြောပုံကို ဖယ်လီစီယာက သဘောကျပြီး ရယ်သည်။ ခရေစီက အီလီယို၏ထင်မြင်ချက်နှင့် လုံခြုံရေးအတွက် ငွေကုန်မခံဘဲ တွန့်ဆုတ်တွန့်ဆုတ် လုပ်နေသည့် အက်တို၏အပြုအမူကို ဆက်စပ်ပြီး စဉ်းစားနေသည်။ မည်သို့ ဖြစ်စေ သူတို့လင်မယား ပါရီကပြန်လာလျှင်တော့ သူ ပြင်ဆင်မွမ်းမံထားသည့် ခြံစည်းရိုးကို သဘောကျကြမည် မုချ။ စိုက်ထုတ်ကုန်ကျထားသည့် သစ်ဖိုး၊ ဝါးဖိုး များကို ပြန်လည်ရတန်ကောင်းရဲ့ဟု တွေးနေမိသည်။

"သူ့စက်ရုံကို မင်းတို့ကုမ္ပဏီက စာရင်းစစ်ရသလား"

အီလီယိုက ခေါင်းယမ်းသည်။

"အခြားအဖွဲ့တစ်ခုက စစ်တာပါ။ ဒါပေမဲ့ ကျွန်တော်တို့ချင်း သတင်း ရတယ်လေ"

ဖယ်လီစီယာက နှာခေါင်းရှုံ့ပြီး

"စာရင်းစစ်တွေက ကမ္ဘာပေါ်မှာ သားပုပ်လေလွင့်အပြောဆုံးလူတွေပဲ။ မိန်းမတွေထက် ဆိုးသေးတယ်။ ရှင်တို့လည်း မြေအောက်မှောင်ခိုဒုစရိုက်ဂိုဏ်းနဲ့ ဘာထူးလဲ။ သူတို့က သေနတ်ကိုင်ပြီး ခြိမ်းခြောက်တယ်။ ရှင်တို့က အိတ်ဆောင် ဂဏန်းတွက်စက်ကလေးတွေကိုင်ပြီး..."

အီလီယိုက ညင်သာစွာပြုံး၍

"ဖယ်လီစီယာပြောတာ ဟုတ်သလိုလိုပဲ။ ကျွန်တော်တို့အချင်းချင်း သတင်းတွေ ဖလှယ်ကြတယ်။ ကျွန်တော်တို့အတွက် အရေးအကြောင်းဆိုရင် အကာအကွယ် ရနိုင်အောင်လို့လေ။ အီတလီလုပ်ငန်းရှင်ကြီးတွေဟာ သိပ်ပြီး လျှို့ဝှက်ကြတယ်။ အထူးသဖြင့် ဝင်ငွေခွန်ဥပဒေနဲ့ပတ်သက်လာရင် သူတို့ သိပ်ပြီး ပညာပြတတ် ကြတယ်။ ဒါကြောင့် စာရင်းစစ်တစ်ယောက်ရဲ့လက်နက်ဟာ စီးပွားရေးလောက သတင်းရဲ့ အတင်းအဖျင်းတွေပဲ။ ဒါကို ကျွန်တော်တို့ချင်း ဖလှယ်ပြီး တစ်ယောက်ကို တစ်ယောက် ကူကြရတယ်လေ။ ဒီတော့ ပျင်းစရာကောင်းလှတဲ့ နေ့စဉ် ကိန်း

ဂဏာန်းတွေနဲ့ လယ်ဂျာစာအုပ်ကြီးတွေကိုလည်း လှန်ချိန် နည်းသွားတာပေါ့"

ဇာဂုဏ်ဟိုတယ်ပိုင်ရှင်က သူတို့အတွက် မေတ္တာလက်ဆောင် အရက်ချိုတွေ လာချပေးပြန်သည်။ စားသောက်ပြီး ထွက်လာကြတော့ ဖယ်လီစီယာတစ်ယောက် အတော်ကလေး ထွေနေပြီ။

ဗစ်ကိုနှင့် လူနှစ်ယောက်၏စားပွဲအနီးသို့အရောက်တွင် သူတို့သုံးယောက် ခဏရပ်လိုက်ကြသည်။ ဗစ်ကိုတို့လူသိုက်ကလည်း ထရပ်လိုက်ကြသည်။ အပြန်အလှန် မိတ်ဆက်ပေးကြ၏။ အာလာပသလ္လာပများ၊ လောကဝတ်စကားများ ဆိုကြ၏။ ဗစ်ကို၏ ဧည့်သည်နှစ်ယောက်အနက် တစ်ယောက်မှာ အင်္ဂလိပ်လူမျိုးဖြစ်သည်။ ဝတ်ပုံစားပုံမှာ ဘဏ်သူဌေးတစ်ယောက်မှန်း သိသာလှ၏။ ခရေစီမှာ အက်တို မိသားစု၏သက်တော်စောင့်ဖြစ်ကြောင်း ဗစ်ကိုက သူ့ဧည့်သည်နှစ်ယောက်အား ပြောပြနေသည်။

"သမိုင်းဝင် စစ်ပြန်ကြီးပေါ့ဗျာ"

ဟု ပြုံးစစနှင့် ဗစ်ကိုကပြောတော့ ခရေစီက စိတ်ထဲ အောင့်သက်သက် ဖြစ်သွားသည်။ သူက လူတွေနှင့် သိပ်ရောချင်သူမဟုတ်။ အထူးသဖြင့် လူစိမ်း သူစိမ်းများနှင့် စကားမပြောလို။

ဟိုတယ်အပြင်ဘက်တွင် ဖယ်လီစီယာက သူ့ပါးနှစ်ဖက်စလုံးကို နမ်းပြီး နှုတ်ဆက်၏။ ကျေးဇူးတင်ကြောင်းပြောပြီး သူတို့အိမ်ကို တစ်ရက်ရက် လာစားဖို့လည်း ဖိတ်လိုက်သည်။

*

"ဟုတ်တယ်အစ်ကို။ သူ့ကြည့်ရတာ တော်တော်ကလေး နေသားကျနေပုံပဲ။ စိတ်ချမ်းသာနေတယ်နဲ့တူတယ်ဗျ။ အံမယ် ရယ်စရာတွေဘာတွေတောင် ပြောလို့ဗျား"

အီလီယိုက အစ်ကိုဖြစ်သူ ဂိုက်ဒိုဆီ ဖုန်းဆက် သတင်းပေးသည်။ ဂိုက်ဒို အံ့ဩမဆုံးဖြစ်နေသည်။ ခရေစီတစ်ယောက် သည်အလုပ်နှင့် ဖြစ်ပါ့မလားဟု တွေးပူနေခဲ့ရသည်မဟုတ်လား။ တော်ပါသေးရဲ့၊ စိတ်တည်ငြိမ်မှု ရသွားပြီထင်၏။

"ချာတိတ်မကလေးနဲ့ရော အဆင်ပြေရဲ့လားကွ"

"ကောင်မလေးက သိပ်အမေးအမြန်းထူတာပဲလို့တော့ ပြောတယ်အစ်ကို။ ဒါပေမဲ့ ကျေနပ်နေပုံပါပဲ"

"အမေးအမြန်းထူရင်တော့ ခရေစီနဲ့ ဖြစ်မှာမဟုတ်ဘူးထင်တယ် အီလီယို"

"သူက အမေးအမြန်းထူတာကိုပဲ သဘောကျနေသလားမှ မသိတာ။ ကလေးမ ကလေးက အရာတိုင်းကို စူးစမ်းချင်တဲ့စိတ် ရှိတယ်ကွလို့ ပြောပုံထောက်တော့ သူ သည်းခံနိုင်လို့ နေမှာပေါ့ အစ်ကိုရာ"

ဂိုက်ဒိုက အီလီယိုအား တယ်လီဖုန်းဆက်သည့်အတွက်နှင့် ခရေစီ့ အလုပ်ကိစ္စကို အကူအညီပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောသည်။ အီလီယိုကတော့ ကျေးဇူးရှင်အစ်ကိုကြီးအတွက် ဘာပဲလုပ်ပေးရလုပ်ပေးရဟု စိတ်ထဲမှာ စွဲထားသည်။

ဂိုက်ဒိုက တယ်လီဖုန်းကို ချပြီး အတွေးနက်နေသည်။ ကလေး မချစ်တတ်သည့် ခရေစီက အမေးအမြန်းထူလှသည့် ကလေးမလေးနှင့် အဆင်ပြေနေသည်ဆိုသည့်သတင်းမှာ အတော် အမြီးအမောက်မတည့်သည့် သတင်းဖြစ်၏။

အင်း... အသက်ကြီးသွားလို့ထင်ပါရဲ့။ ဒါမှမဟုတ် အရက်ကြောင့် သူ့ဦးနှောက်တွေ တစ်မျိုးတစ်ဖုံ ဖြစ်ကုန်တာများလား။ ဘာပဲဖြစ်ဖြစ်လေ သူ့အလုပ်ကို သူ ကျေနပ်နေတယ်ဆိုရင် ပြီးတာပဲ။

ပင်တာအဖို့ အကျဉ်းအကျပ်ထဲ ရောက်နေပြီ။ ခရေစီနှင့် ရင်းနှီးရဖို့ လက်တစ်ကမ်းသာ လိုတော့သည်ကို သိနေပြီ။ သို့သော် တစ်ဆင့်တက်ဖို့ လိုနေသေးသည်။ သူစိတ်ဝင်စားသည့်မေးခွန်းတွေ မေးနေရုံနှင့် မပြီးသေး။ သူကိုယ်တိုင်၏ ဘဝ ဇာစ်မြစ်ကို နားလည်ဖို့လိုသေးသည်။

နှစ်ယောက်သား စကားစမြည်ပြော၍ဖြစ်သည့်အဆင့်ကိုတော့ ရောက်နေပြီ။ သို့သော် သူတို့ပြောဖြစ်ကြသည်မှာ လူတွေအကြောင်း၊ တိုင်းပြည်တွေအကြောင်း၊ နိုင်ငံရေးတစ်စွန်းတစ်စ။ သည်မျှသာဖြစ်၏။ ခရေစီက သူ့အကြောင်းကိုတော့ တစ်ခွန်းတစ်စမျှ မဟ။ ပင်တာက အကွက်ချောင်းလျက်ရှိ၏။

သူ့အမေဆီတွင် ပင်တာက ခရေစီအကြောင်း တီးခေါက်ကြည့်၏။ ရီကာကလည်း ကိုယ်ရေးရာဇဝင်ပါ အချက်အလက်များမှလွဲ၍ ဘာမျှမသိ။ သမီးလုပ်သူက သည်သက်တော်စောင့်လူကြမ်းကြီးကို ခင်တွယ်နေသည့်အတွက် ရီကာ ပထမတော့ တွန့်သွားသည်။ ပင်တာက လျင်သည်။ အဖေနှင့် အမေဆီက ရသည့် သတင်းများကို အသာတေးထားပြီး သူ့အကြောင်း ထောက်လှမ်းခြင်းဖြစ်သည်။

တစ်ဖက်ကမူ ရီကာသည် သူတို့သက်တော်စောင့်ကြီး ခရေစီအတွက် ဂုဏ်ယူနေသူဖြစ်၏။ သူတို့အပေါင်းအသင်းတွေ ရထားသည့် သက်တော်စောင့်

တွေထဲတွင် ခရေစီလို 'ဒီဂေါ်သူရိယ' ဘွဲ့ရသည့်သူ တစ်ယောက်မှမပါကြောင်း ရီကာက မကြာခဏ အက်တိုအား ဂုဏ်ယူပြောဆိုလျက် ရှိသည်မဟုတ်လား။

ဟုတ်တော့လည်းဟုတ်သည်။ ခရေစီရခဲ့သည့် သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်တွေကလည်း နည်းသည်မဟုတ်။ ပြီးတော့ လေထီးတပ်သားဟောင်း။ တစ်ကိုယ်လုံး အမာရွတ်တွေနှင့်။ ရီကာ၏ ပတ်ဝန်းကျင် အသိုက်အဝန်းတည်း ဟူသော ဦးထုပ်တွင် ခရေစီသည် ငှက်မွေးလှလှကလေး ဖြစ်နေတော့၏။ အပေါင်း အသင်းတွေကို ခရေစီအကြောင်း မြိန်ရေရှက်ရေ ပြောပြတတ်၏။

တစ်နေ့တွင် နေ့လယ်စာအတူစားရင်း ဗစ်ကိုက အက်တိုအား မေးသည်။

"တကယ့်ကို ဈေးပေါပေါနဲ့ ရလိုက်တာကွ။ သူ့အခြေအနေ ဘယ်လိုလဲ"

"ဒီလူကြီးက အရက်စွဲနေတာကွ။ မသောက်ရရင် မနေနိုင်ဘူးလေ"

ဗစ်ကိုက ခေါင်းညိတ်ပြီး

"ဒါပေမဲ့ မသိသာဘူးနော်။ တော်တော်ကျွမ်းကျင်ပုံရတယ်"

"မင်းပြောတာ ဟုတ်တယ် ဗစ်ကို။ နေ့ကို ဖြတ်ဖြတ်ထားပြီး ညညမှာပဲ သောက်တယ်။ ခုနေတော့ သူ ကား ကောင်းကောင်းမောင်းနိုင်တယ်။ ဒါပေမဲ့ တကယ့်အရေးအကြောင်းဆိုရင်တော့ ဟန်လောက်ပဲရှိမယ်ထင်တယ်"

အက်တိုက ကျေနပ်စွာပြုံးလိုက်ပြီး ဆက်ပြောသည်။

"သူ့ကိုရတာ တော်တော်တန်ပါတယ်ကွာ။ သူက အအားမနေတတ်ဘူးကွ။ တောက်တိုမည်ရတွေ လျှောက်လုပ်နေတာ"

အက်တိုက တောင်ကုန်းတွေ ညှိပုံ၊ ခြံစည်းရိုးတွေ ပြင်ကာပုံတွေကို ပြောပြ နေ၏။

ဗစ်ကိုက ရယ်ပြီး

"မင်း လက်သမားငှားရင်တောင် သူ့ထက်ပိုပေးရဦးမယ်။ ဟိုနေ့က ပါတီ တစ်ခုမှာ ရီကာနဲ့ဆုံတယ်။ သူလည်း သိပ်ပျော်နေပုံပဲ"

"ဟုတ်တယ် ဗစ်ကို၊ ဈေးတော့ မှန်မှန်သွားတယ်။ ဒါပေမဲ့ ရီကာ အသုံး အစွဲ သိပ်မကြီးတော့ဘူးကွ"

ဗစ်ကိုက ခေါင်းတညိတ်ညိတ် နားထောင်နေသည်။

ပြီးတော့ သူတို့နှစ်ယောက် အလုပ်အကြောင်း ဆက်ဆွေးနွေးကြ၏။

*

ခရေစီ၏အတိတ်ဇာတ်ကြောင်းကို သိတန်သရွေ့တော့ သိပြီ။ သို့သော် ပင်တာက သူကိုယ်တိုင်ပြောတာကို နားထောင်ချင်နေ၏။ အဖေရော အမေပါ အိမ်မှာရှိကြချိန် ဖြစ်ပေမဲ့ ပင်တာက မီးဖိုချောင်ကို မကြာခဏပေါက်ချလာတတ်သည်။ တစ်နေ့တွင် ပြင်သစ်ကြေးစားတပ်ဖွဲ့အကြောင်းကို ခရေစီအား မေးသည်။ ရှာဘာနိုင်ငံ၊ နိုင်ယာပြည်နယ်သို့ လွှတ်သည့် ကြေးစားတပ်ဖွဲ့အကြောင်း သတင်းဆောင်းပါး ပါလာသည့် နေ့ကဖြစ်သည်။

ခရေစီ စိတ်ရှည်လက်ရှည် ရှင်းပြသည်။ သည်တပ်ဖွဲ့ ဖြစ်ပေါ်လာပုံနှင့် ဖွဲ့စည်းပုံတို့ကိုပါ ပြောပြသည်။ ပင်တာက တစ်ဆင့်တက်ပြီး နိုက်ယူရန် ဆုံးဖြတ်လိုက်သည်။

"ဦးဦးက အဲဒီတပ်ဖွဲ့ထဲ ဝင်ခဲ့ဖူးတယ်ဆို"

ခရေစီက ဖျတ်ခနဲ လှည့်ကြည့်လိုက်ပြီး

"ညည်း ဘယ်လိုလုပ်သိသလဲ"

"မေမေတို့အချင်းချင်း ပြောနေကြသံ ကြားမိသလားလို့ပါ"

ပင်တာက အပြစ်ကင်းသည့် ကလေးတစ်ယောက်အမူအရာနှင့် ပြန်ဖြေသည်။

ဘရူနိုက တယ်လီဗီးရှင်းကြည့်နေရာမှ ဖျတ်ခနဲ သူ့ဘက်သို့ လှည့်ကြည့်ပြီး

"ကျုပ်လည်း စစ်ထွက်ပဲ။ စစ်ကြီးဖြစ်တုန်းကလေ အာဖရိကတောင်ပိုင်းမှာ မောင်ဂိုမာရီ ကျုပ်ကို ဖမ်းမိသွားတာပေါ့"

ဘရူနို၏လေသံတွင် ဂုဏ်ယူဝင့်ကြွားမှုကလေး မသိမသာ ပါနေသည်။ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီကိုယ်တိုင် သူ့ကိုဖမ်းသွားသည့်နှယ်။ ခရေစီက အလိုက်သင့် ခေါင်းညိတ်ပြပြီး သတင်းစာ ဆက်ဖတ်နေ၏။

"ကိုရင်ကလည်း စစ်သားလူထွက်ဆိုတော့ ကျုပ်တို့နှစ်ယောက် စစ်ပြန် ကြီးတွေပေါ့၊ ဟုတ်စ"

ခရေစီက မော့ကြည့်ပြီး မသိမသာ ပြုံး၏၊

"ဒါပေါ့ ဒါပေါ့။ စစ်ပြန်အိုကြီးတွေပေါ့" ဟု ပြောပြီး အပေါ်ထပ် သူ့အခန်း ရှိရာသို့ ထသွားသည်။

ပင်တာက အိပ်ရာထဲတွင် ပက်လက်လှန်ပြီး စဉ်းစားနေ၏။ ခရေစီ၏ အတိတ်ကို တူးဖော်ဖို့ ကတိုက်ကရိုက်ချဉ်းကပ်၍တော့ ဖြစ်နိုင်ချေမရှိ။ အပေါ်ထပ် သူ့အခန်းဆီမှ သီချင်းသံက ညင်းညင်းကလေး လွင့်ပျံ့လာသည်။ သည်သီချင်းသံကို နားထောင်နေမိ၏။

နားယဉ်နေပြီ။ သီချင်းနာမည်ကိုလည်း သိထားပြီ။ တစ်နေ့ သူ ခြံစည်းရိုးတွင် အလုပ်ရှုပ်နေခိုက် သူ့အခန်းထဲ တိတ်တိတ်ဝင်ပြီး ကက်ဆက်ထဲမှ တိတ်ခွေကို ထုတ်ကြည့်ထားပြီး မဟုတ်ပါလား။ ညတိုင်း နောက်ဆုံးဖွင့်သည့် သီချင်းလေ။ လင်ဒါရွှန်းစတတ်၏ 'သံယောဇဉ်ကမ်းခြေပြာ'။

*

ခရေစီနှင့် ရင်းနှီးမှုရဖို့ အခွင့်အရေးကို ပင်တာ အကွက်ချနေခဲ့သည်မှာ ကြာပြီ။ သို့သော် မမျှော်လင့်ဘဲနှင့် အကွက်ဆိုက်လာခဲ့သည်။ အဖေနှင့်အမေ လန်ဒန်တွင် တစ်ပတ်ခန့် အလုပ်များနေချိန်။

တေးဆိုငှက်ကလေးတွေ အိမ်နောက်တွင် အသိုက်ဖွဲ့နေကြောင်း၊ အကောင် ပေါက်ကလေးနှစ်ကောင် အသိုက်ထဲတွင်ရှိနေကြောင်း ဘရူနိုက ပင်တာကို လာ ပြောသည်။ အသိုက်ဖွဲ့ထားသည့်နေရာမှာ မတ်စောက်သည့် ကျောက်ဆောင်ပေါ်တွင် ဖြစ်၏။ ပင်တာ ကြည့်ချင်လွန်းသဖြင့် လိုက်ပို့ဖို့ အတင်းပူဆာ၏။ နှစ်ယောက်သား တောင်ကုန်းပေါ်သို့ တက်ခဲ့ကြသည်။ ဤတွင် နင်းလိုက်သည့် ကျောက်တုံးတစ်တုံး ပေါ်မှ ခြေချော်ပြီး ပင်တာ လဲကျသွားတော့သည်။ ခရေစီက အထုပ်သိမ်းပြီး လက်သမားပစ္စည်းတွေ မနိုင်မနင်းနှင့် အိမ်ဘက်သို့ပြန်မည်အပြု အော်သံကြားသည့် ဘက်သို့ လှည့်ကြည့်လိုက်သည်။

နံဘေးသို့ လက်နှင့်နှိပ်လျက် ပက်လက်လဲကျနေသော ပင်တာ့ကို လှမ်း မြင်လိုက်သည်။ သူ့မျက်နှာကလေးမှာ နာကျင်မှုဝေဒနာကြောင့် ရှုံ့မဲ့လျက်။ ဘရူနိုက မြေမကိုင်မိ လက်မကိုင်မိနှင့် ထိုင်ချလိုက်ပြီး ပင်တာ့ခေါင်းကို သူ့ ပေါင်ပေါ်သို့ မ တင်နေသည်။

စက္ကန့်ပိုင်းအတွင်း သူတို့အနားသို့ ခရေစီ ရောက်သွား၏။ ပထမ ခြေမျက်စိ တစ်ဝိုက်ကို ကိုင်ကြည့်သည်။ သူကိုင်တွယ်ပုံမှာ သူ့အမူအကျင့်နှင့် လုံးဝ ဆန့်ကျင်၏။ ညင်သာလှသည်။ ချက်ချင်းရောင်တက်လာသည်။ သို့သော် အကြော တင်သွားရုံပဲ၊ဟု သူက ကောက်ချက်ချ၏။ ပြီးတော့ နံဘေးသို့ နှိပ်ထားသည့် လက်ကိုဖယ်ပြီး တီရှပ်အင်္ကျီကို ပင့်ကြည့်သည်။ အောက်ဆုံး နံရိုးနေရာတွင် သွေးခြည်ဥနေ၏။ ခရေစီက နံရိုးပေါ်သို့ လက်နှင့် ညင်ညင်သာသာ ဖိကြည့်သည်။ ပင်တာ့မျက်နှာကလေး ရှုံ့သွားသည်။

"သိပ်နာသလား"

"သိပ်မနာပါဘူး၊ ခြေထောက်က ပိုနာတယ်"

မငိုမိအောင် အံကြိတ်ထားရင်း ပြောနေရသဖြင့် ပင်တာ့အသံကလေး တုန်နေသည်။

"အပေါ်ယံတင်ပါ၊ အရိုးတွေ မကျိုးပါဘူး"

မာရီယာ ရောက်လာသည်။ စိုးရိမ်တကြီးနှင့်။ ခရေစီက သိပ်စိတ်မပူဖို့ ပြောရင်း ပင်တာကို မြို့ထဲခေါ်သွားပြီး ဓာတ်မှန်ရိုက်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ နာသည့်ဘက်ကို လုံးဝမထိခိုက်ရအောင် ပင်တာကို တစ်ကောင်းအနေအထားအတိုင်း ကားဆီသို့ ပွေ့ယူသွားသည်။

သူ့လှုပ်ရှားမှုတွေ၊ ကိုင်တွယ်ပုံတွေကို ကြည့်ပြီး မာရီယာ အံ့ဩနေ၏။ အလွန်ညင်သာသည်။ သူ့မျက်နှာတွင် စိုးရိမ်ခြင်း၊ ကရုဏာသက်ခြင်းတို့ဖြင့် ရောထွေးနေသည်။ တို့ထင်သလို လူကြမ်းကြီး မဟုတ်တန်ကောင်းပါဘူးဟုလည်း မာရီယာ တွေးနေမိ၏။ သို့သော် ခရေစီ၏အပြုအမူမှာ အလိုအလျောက်ဖြစ်နေသည့် ပင်ကိုအကျင့်ဖြစ်၏။ ဒဏ်ရသည့် ရဲဘော်တွေကို တစ်သက်လုံး သယ်ပိုးပြုစုလာခဲ့ရသူ မဟုတ်လား။

ဓာတ်မှန်အဖြေက ကောင်းသည်။ ဘယ်အရိုးမှ မကျိုး။ ဆရာဝန်က ခြေထောက်ကို ပတ်တီး စည်းပေးလိုက်သည်။ သောက်ဆေးလည်း ပေးလိုက်သည်။

အိမ်ပြန်ရောက်တော့ မာရီယာနှင့် ဘရူနိုကို စိတ်မပူဖို့ ပြောပြီး ပင်တာ့ကို သူ့အခန်းထဲ အရောက်ပို့ပေးသည်။ ပင်တာ့ကို မာရီယာနှင့် ထားခဲ့ပြီး ခရေစီက လန်ဒန် ဆဗွိုင်းဟိုတယ်တွင် ရောက်နေသည့် အက်တိုတို့လင်မယားဆီသို့ ဖုန်းဆက်ခေါ်သည်။ ရီကာ ဖုန်းကိုင်သည်။ ခရေစီက အဖြစ်အပျက်ကို ပြောပြသည်။ ပြန်လာဖို့ မလိုကြောင်း၊ စိုးရိမ်စရာမရှိကြောင်း၊ မနက်ဖြန် ကျောင်းတက်နိုင်မှာ ဖြစ်ကြောင်း။ ရီကာက သမီးကလေးကို အောက်မေ့နေကြောင်း ပြောဖို့ မှာပြီး ဖုန်းချလိုက်ကြသည်။ ခရေစီက ပင်တာ့ကို ကြည့်ဖို့ ပြန်လာခဲ့၏။

ပင်တာက ခေါင်းအုံးပေါ်တွင် လက်ထောက်ပြီး မှီနေသည်။ သူ့နံဘေးတွင် ဝက်ဝံရုပ်ကလေး။ ဟောင်းနွမ်းစုတ်ပြတ်နေပြီ။

ခရေစီက ခုတင်ခြေရင်းတွင် ဝင်ထိုင်လိုက်၏။

"ဘယ်နှယ့်လဲ နေသာရဲ့လား" လို့ မေးတော့ ပင်တာက ရှက်ကိုးရှက်ကန်း အမူအရာနှင့် ခေါင်းညိတ်ပြသည်။

ခရေစီက ဝက်ဝံရုပ်ကလေးကိုကြည့်ပြီး…

"နေ့တိုင်း သူနဲ့အတူတူအိပ်တာပဲလား"

ပင်တာက နောက်တစ်ကြိမ် ခေါင်းညိတ်ပြပြန်သည်။

"သူ့နာမည်က ဘာတဲ့လဲ"

"သူ့မှာ နာမည်မရှိပါဘူး"

ပင်တာ့မျက်နှာကလေးမှာ ဖြူရော်နေသည်။ နက်မှောင်သည့် ဆံပင်တွေမှာ ခေါင်းအုံးပေါ်တွင် ဝဲကျလျက်။ မျက်လုံးရွှဲကြီးတွေဖြင့် ခရေစီကို စိုက်ကြည့်နေ၏။ နှစ်ယောက်သား စကားပြတ်နေပြီး တစ်ခန်းလုံး တိတ်ဆိတ်နေသည်။ ခရေစီက ဖြုန်းခနဲ ထရပ်လိုက်သည်။

"ဆေးလုံးကလေးတွေ သောက်ပြီးရင် မင်း အိပ်ချင်လာလိမ့်မယ်။ တစ်ရေးနိုးလို့မှ နာနေတုန်းဆိုရင် နောက်ထပ် နှစ်လုံးသောက်လိုက် သိလား"

တံခါးဝရောက်မှ ပြန်လှည့်ပြီး

"မင်းအမေဆီ ငါ ဖုန်းဆက်လိုက်တယ်။ မင်းကို အောက်မေ့တဲ့အကြောင်း ပြောပေးပါတဲ့"

"ကျေးဇူးတင်ပါတယ် ဦး၊ ဂွတ်နိုက်"

"ဂွတ်နိုက် ပင်တာ"

ဆေးလုံးကလေးတွေကြောင့် မျက်တောင်တွေ စင်းလာသည်။

မီးခလုတ်ကို လှမ်းပိတ်လိုက်၏။ ဝက်ဝံရုပ်ကလေးကို ဖက်ပြီး မကြာမီ အိပ်ပျော်သွားသည်။

ခရေစီ့ကို ပင်တာ လိမ်ပြောလိုက်ခြင်းဖြစ်၏။

စင်စစ် ဝက်ဝံရုပ်ကလေးတွင် နာမည်ရှိသည်။

လန်ဒန်တွင် ဟိုတယ်သို့ အက်တို ပြန်လာခိုက် ရီကာက အကျိုးအကြောင်းကို ပြောပြလိုက်သည်။ ကုန်သည်ကြီးတစ်ဦးနှင့် တွေ့ဖို့ အက်တိုက အပြေးအလွှား ရေချိုးနေစဉ် ဖြစ်၏။

ရီကာက ရေချိုးခန်း အပေါက်ဝတွင် ရပ်နေသည်။

"မင်း ပြန်ချင်ပြန်နှင့်လေ။ လေယာဉ်ပျံ ည တစ်ခေါက်ရှိသေးတာပဲ"

ရီကာက ခေါင်းယမ်းလိုက်ပြီး

"ဟင့်အင်း၊ မလိုပါဘူး။ ခရေစီက ပြောတယ်၊ ဘာမှမဖြစ်ပါဘူးတဲ့"

အက်တိုက ရှမ်ပူပုလင်းကို လှမ်းယူသည်။ ရီကာဒက ရှေ့သို့ တိုးပေးလိုက်ရင်း

"သိပ်ဟန်ကျတာပဲနော်"

"ဘာဟန်ကျတာလဲ"

အက်တိုက ခေါင်းလျှော်နေရာမှ ပြန်မေးလိုက်၏။

"ဩော်၊ ရီကာဒတို့ အပြင်ထွက်နေခိုက် အိမ်မှာ စိတ်ချရတဲ့ လူတစ်ယောက် ရထားတာကို ပြောတာပါ။ မာရီယာ တစ်ယောက်တည်းသာဆိုရင် သွေးပျက်နေလောက်ပြီ။ ရီကာဒလည်း ချက်ချင်းပြန်ပြေးရမှာ။ ဒီည စမင်းစားပွဲကလည်း အရေးကြီးပါဘိနဲ့၊ ဟုတ်ဘူးလား"

အက်တိုက ရေပန်းကို တဖွားဖွားဖွင့်ချရင်း အပြေးအလွှား ချိုးသည်။ မျက်နှာသုတ်ပဝါ အဖြူကြီးကို လှမ်းဆွဲခြုံလိုက်ပြီး

"ဟုတ်တာပေါ့၊ ဒီည သိပ်အရေးကြီးတာ။ ရှိုင်းဟိန်းက တို့ခြေလှမ်းသစ်တွေကို သိပ်သဘောကျနေတာ။ သူ့ကုမ္ပဏီသာ တို့ကိုတင်ပေးရင် ဘာမှ ပူစရာမလိုတော့ဘူး"

အက်တိုက မျက်နှာသုတ်ပဝါကို ရောမခေတ် လွှတ်တော်အမတ်များ ပတ်သလို ကိုယ်တွင်ပတ်ပြီး မျက်နှာသစ် ကြွေခွက်ရှိရာသို့ လျှောက်သွားကာ မုတ်ဆိတ်ရိတ်သည်။

ရီကာဒက သူ့နောက်လိုက်သွားပြီး ကိုယ်ပေါ်မှ ရေစက်တွေကို မျက်နှာသုတ်ပဝါတစ်ထည်နှင့် သုတ်ပေးနေသည်။

"သူက ဘယ်လိုတင်ပေးမှာလဲ အက်တိုရဲ့"

"ကြော်ငြာတွေ၊ ဖက်ရှင်ပြပွဲတွေနဲ့ပေါ့ကွာ။ သူတို့တွေ တတ်ပါတယ်။ ဒါပေမဲ့ ကြော်ငြာစရိတ်က သိပ်ကြီးတာ။ ဒီတော့ တို့အပေါ်မှာ သူ စိတ်ချယုံကြည်နေဖို့တော့ လိုတယ်။ ကိုယ် ဒီည စည်းရုံးရမှာပဲ"

အက်တိုက မှန်ထဲမှနေ၍ ရီကာ့ကို လှမ်းကြည့်သည်။ ရီကာဒက ပြုံးလျက်။

"စည်းရုံးဖို့ ရီကာ့တာဝန်ထားစမ်းပါ၊ ရီကာဒကျွမ်းပါတယ်"

အက်တိုက မှန်ထဲမှ ပြန်ပြုံးပြရင်း မုတ်ဆိတ်ဆက်ရိတ်နေသည်။ စိတ်ထဲမှ တွေးလိုက်မိ၏။ အင်း၊ ခရေစီလို လူတစ်ယောက်ရထားတာ သိပ်တန်တာပဲ။

ရီကာအကြိုက်ဆုံး 'ပတ်ခ်' ဟိုတယ်တွင် သွားကြသည်။ ရှိုင်းဟိန်း ဆိုသည့် ပိုးထည်ကုန်သည်ကြီးကို ရီကာဒက အလွန်သဘောကျသည်။ စကားပြောကောင်းသည်။

ဒေသန္တရ ဗဟုသုတ စုံသည်။ သည်လိုပုံစံကိုတော့ ရီကာက အခက်အခဲမရှိ သူ့ဘက်ပါအောင် လုပ်နိုင်မည် ထင်၏။

တပြုံးပြုံးနှင့် စားရင်းသောက်ရင်း ရှိုင်းကလည်း ရီကာ့ဦးတည်ချက်ကို ကြိုသိနေသည်။ သူကလည်း သည်အတိုင်းလုပ်ဖို့ ဆုံးဖြတ်ပြီးသား။ ကြော်ငြာဖိုးကို လှိုင်လှိုင်သုံးပြီး မနှစ်ကထက် နှစ်ဆတိုးဝယ်ဖို့ စီစဉ်ပြီးသား။ သို့သော် ထုတ်မပြောသေးဘဲ အသာချိုထားပြီး စားပွဲတစ်ဖက်မှ မူယာပို ပျူငှာချိုနေသည့် အီတလီ မိန်းမလှကို အသာလွှတ်ပေးထားလိုက်သည်။

ညစာစားပြီးလျှင် လန်ဒန်တွင် အကောင်းဆုံး ညကလပ်တစ်ခုကို ခေါ်သွားမည်။ သည်ကလပ်မှာက ကစားဝိုင်းတွေ စုံလှသည်မဟုတ်ပါလား။ သည်လင်မယားဆီမှ မြက်မြက်ကလေး အနိုင်ရအောင် ကစားလိုက်မည်။ ပြီးမှ သူတို့အတွက် မင်္ဂလာသတင်းကို ထုတ်ပြောမည်။

ရီကာအဖို့ သည်လိုညခင်းမျိုးသည် တပ်မက်ဖွယ်အတိ ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် အသုံးဝင်သည်။ လေးစားမြတ်နိုးခြင်း ခံရသည် ဟူသည့် အသိဖြင့် ပီတိဝေလျက်ရှိ၏။

နောက်တစ်နေ့ မနက်စောစောအချိန် ဖြစ်၏။ အိညက်သည့် ဖဲမွေ့ရာပေါ်မှ လတ်ဆတ်သန့်ရှင်းသည့် ခင်းဖုံတွေ၊ စောင်တွေထဲတွင် နှပ်နေရင်း တန်ဖိုးရှိရှိ အချိန်ကုန်ခဲ့သော မနေ့က တစ်နေ့တာအကြောင်းကို စားမြုံ့ပြန်နေမိ၏။

မနက်ပိုင်း ဘွန်းလမ်းတွင် ဈေးဝယ်သည်။ ဆက်ဆွန်တွင် ဆံပင် အလှပြင်သည်။ ဟိုတယ်ပြန်ရောက်တော့ လက်ဖက်ရည်သောက်သည်။ သစ္စားသီးသားညှပ်မုန့်ကလေးတွေက ပါးပါးကလေး။ ရယ်စရာပင် ကောင်းသေးတော့။ ပြီးတော့ ခရေစီးထံမှ ဖုန်းလာသည်။ ညစာက အဆင့်အတန်း မြင့်လှသည်။ လန်ဒန်မှ လူကုံထံတစ်ဦးနှင့်ဆုံတော့ ပို၍ အဆင့်အတန်း မြင့်သွားသည်ပေါ့။ ပြီးတော့ ကစားကြသည်။ လူချင်း ခွဲခါနီးတွင်မှ ရှိုင်းဟိန်းက မျှော်လင့်ထားသည့် မင်္ဂလာသတင်းကို ထုတ်ပြောသည်။

ပျင်းရိပျင်းတွဲ အညောင်းဆန့်လိုက်၏။ ဟုတ်ပါရဲ့နော်။ သိပ်ကို တန်ဖိုးရှိတဲ့ နေ့တစ်နေ့ပဲ။ တစ်ခုပဲ ပြောစရာရှိတယ်။ အက်တိုက အရက်များသွားပြီး ဟိုတယ်ပြန်ရောက်ရောက်ချင်း အိပ်ပျော်သွားတယ်လေ။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ မိုးမလင်းသေးဘူးလေ။ ဟယ်... အခုမှ သတိရတယ်။ ကြည့်စမ်း၊ မနေ့က

ခရေစီဆီက ဖုန်းလာတာနဲ့ ဒီကိစ္စမေ့သွားတာ။ အိပ်ရာထဲမှ လူးလဲထပြီး အက်တိုကို လှုပ်နှိုးသည်။

"ရီကာ မေ့နေလိုက်တာ၊မနေ့က အက်တို့ကို လူတစ်ယောက် ဖုန်းဆက်တယ်။ ဒီနေ့မနက် ၁၁ နာရီ သူ့ရုံးခန်းမှာ လာတွေ့ပါတဲ့။ ဘာကိစ္စလည်း မပြောဘူး။ ဘာကိစ္စလဲဟင်"

အက်တိုက အိပ်ချင်မူးတူးအသံဖြင့်

"ငွေရေးကြေးရေးကိစ္စပါကွာ၊ ဗစ်ကို့မိတ်ဆွေတစ်ယောက်ပါ"

"အရေးကြီးလားဟင်"

အက်တိုက ပြန်တော့ ပြောသည်။ သို့သော် ဗလုံးဗထွေးနှင့် ဘာပြောမှန်းမသိ။ စက္ကန့်ပိုင်းအတွင်း ပြန်အိပ်ပျော်သွားပြန်သည်။

*

ပင်တာက လေ့ကားထစ်တွေကို ထော့နင်းထော့နင်းနှင့် ဆင်းရင်း ကားဆီသို့ လျှောက်လာသည်။ ခရေစီက ကားနောက်ခန်းတံခါးကို ထုံးစံအတိုင်း ဖွင့်ပေး၏။ ပင်တာ ခဏတွေနေပြီးမှ

"ပင်တာ ရှေ့ခန်းမှာပဲ ထိုင်မယ်။ ခြေထောက်ဆန့်စရာနေရာ ပိုကျယ်တယ်လေ"

ဝင်းတံခါး အပြင်ဘက်သို့ အရောက်တွင် ခရေစီက မေးသည်။

"ညက ကောင်းကောင်းအိပ်ပျော်ရဲ့လား ပင်တာ"

"ဟုတ်ကဲ့၊ အိပ်လို့ ရပါတယ် ဦး။ ဆေးလုံးတွေ သောက်ပြီးတာနဲ့ အိပ်ချင်လာတယ်။ တစ်ရေးပဲ နိုးတယ်"

"ခြေထောက်ကကော နာသေးလား။ အဲဒီဘက်ကို ဖိပြီး ထောက်နိုင်ရဲ့လား"

"သိပ်မနာတော့ပါဘူး။ မြန်မြန်ပျောက်ပါ့မလားဟင် ဦး။ ကျောင်းပြေးခုန်ပစ်တွေက နီးနေပြီ။ ငါးပတ်ပဲ လိုတော့တယ်။ မီတာ ၁၀၀ ပြေးမလို့ ဦးရဲ့"

"ဒီလောက်ဆို ပျောက်ပါတယ်ကွယ့်၊ သိပ်မညာနဲ့။ ဖိနင်းပေး၊ တစ်ပတ်နှစ်ပတ်အတွင်း ပျောက်သွားမှာပါ"

မီလန်လမ်းမကြီးပေါ်ရောက်တော့ ခရေစီက မေးသည်။

"ပင်တာ အပြေးသန်တယ်၊ ဟုတ်လား"

ပင်တာက ခေါင်းညိတ်ပြီး

"တာထွက်မှာ ပင်တာ ရှေ့ကချည်းပဲ။ ဒါပေမဲ့ ပန်းဝင်နေးတယ်"

"ထပ်ပြီးလေ့ကျင့်ပေါ့"

"ဟုတ်ကဲ့"

ပင်တာက ခေါင်းညိတ်ပြီး ပြန်ပြောသည်။

ခရေစီက အားကစားတွေ၊ ပြေးပွဲတွေအကြောင်း သိပ်မသိ။ သို့သော် စုပေါင်းလှုပ်ရှားမှုနှင့် အချိန်တိုက်မှုတို့ကို နားလည်ထားသည်။ ပင်တာအား သူ လေ့ကျင့်ပေးလျှင် ရမည်ကို သိ၏။ သို့သော် ဒါလောက်ပဲ ပင်သက်တာ ကောင်းပါ တယ်လေဟု စိတ်ကို လျှော့ပစ်လိုက်သည်။

"နာပေမဲ့ မညာနဲ့၊ ဖိသာနင်း။ ဒါမှ မြန်မြန်ပျောက်မှာ"

နှစ်ယောက် စကားပြတ်ပြီး ငြိမ်သွားကြပြန်သည်။

စင်စစ် ပင်တာ့ရည်ရွယ်ချက်တွေ တစ်မျိုးတစ်ဖုံ ပြောင်းလဲကုန်ပြီ။ သူ လိုချင်နေသည်မှာ မီတာ ၁၀၀ ဆု မဟုတ်တော့။ ခရေစီနှင့် မိတ်ဆွေဖြစ်ဖို့ အဓိက ဖြစ်နေ၏။ သူကလေးကိုယ်တိုင်၏ အသိဉာဏ် ထက်မြက်မှုကြောင့် ခရေစီ၏ ရင်ထဲတွင် ဘာတွေရှိနေသည်ကို ပင်တာ အထိုက်အလျောက် အကဲခတ်မိနေပြီ။ သည်လို တစ်ပိုင်းတစ်စ သိလာလေလေ၊ ပို၍ပို၍ သိချင်လာလေလေ ဖြစ်လာ၏။ ပြီးတော့ သူ့အလိုတွေကို ဖြည့်ဆည်းပေးချင်စိတ်တွေ ဖြစ်ပေါ်နေ၏။

သူ ပြုံးသည်ကို ပင်တာ တစ်ခါမျှ မမြင်ဖူး။ အမြဲတမ်း သုန်မှုန်နေ၏။ ကိုယ်နှင့် စိတ်နှင့် အတူမရှိသလို အဝေးသို့ ပျံ့လွင့်နေ၏။ ပင်တာ ယုံကြည်နေသည်။ သူသာ ခရေစီဘဝကို ပွင့်ထွက်လာအောင် လုပ်နိုင်လျှင် ထူးထူးဆန်းဆန်း အရာ တစ်ခုတော့ ဖြစ်လာရမည်ဟု ယုံကြည်နေ၏။

ခရေစီက ပင်တာကို မိတ်ဆွေအဖြစ် မသိမသာ လက်ခံနေပြီ။ တစ်စုံတစ်ခုက သူတို့နှစ်ယောက်ကို ဆက်သွယ်ပေးနေသကဲ့သို့ ရှိ၏။ သည်အတွက် ခရေစီက သူ့ကိုယ်သူ မကျေနပ်ဖြစ်နေ၏။ ဘာကြောင့် သည်လိုဖြစ်နေရသည်ကိုလည်း သူ နားမလည်နိုင်။ ၁၁ နှစ် သမီးကလေးတစ်ယောက် သူနှင့် သူငယ်ချင်းဖြစ်ရမည့် ကိစ္စမှာ ယုန်ကလေးနှင့် မြေခွေးတစ်ကောင် မိတ်ဆွေဖြစ်ကြမှ ဖြစ်နိုင်မည့် ကိစ္စ မျိုးဟု သူ ထင်နေ၏။ မည်သို့မျှ စဉ်းစား၍မရသည့် ကိစ္စဖြစ်သည်။ သည်တော့ သည်အကြောင်း မစဉ်းစားဘဲ နေလိုက်သည်။ သို့သော် သည်ကောင်မလေးက သူ့အာရုံကို လွှမ်းနေပြီကော။ ဘယ်လိုမှ မောင်းထုတ်၍ မရတော့။

တစ်နေ့ ကျောင်းအပြန်တွင် ပင်တာက အမေရိကတိုက် ရှာဖွေတွေ့ရှိခြင်း အကြောင်းကို မေးသည်။ အမေရိကတိုက်ကို စတွေ့သူများမှာ အီတလီလူမျိုးတွေ ဖြစ်ကြောင်း ကျောင်းတွင် သင်ရသဖြင့် ပင်တာတစ်ယောက် စိတ်ဓာတ် တက်ကြွနေသည်။

"လူအချို့ ယုံကြည်နေသလို ဗိုက်ကင်း ပင်လယ်ဓားပြတွေ စတွေ့တယ်တို့၊ အိုင်ယာလန် ဘုန်းကြီးတစ်ပါး စတွေ့တယ်တို့ ဆိုတာတွေဟာ သိပ်အဓိပ္ပာယ်မရှိပါဘူး"

သည်ကစပြီး စွန့်စားပြီး ရှာဖွေရေးသမားတွေအကြောင်း ပြောဖြစ်ကြ၏။ မာကိုပိုလို၏ တရုတ်ပြည် ခရီးအကြောင်း ပြောပြတော့ ပင်တာ သိပ်စိတ်ဝင်စားနေသည်။ ပင်တာက သည်အကြောင်းကို အပေါ်ယံကြောလောက်သာ ဖတ်ဖူး၏။ ပို၍သိချင်နေသောအခါ ခရေစီက ပြောပြရတော့သည်။ ဤအချိန်တွင် ခရေစီတစ်ယောက် သူ့မူလ ပင်ကိုအမူအကျင့်တွေကို မေ့နေတော့၏။ ထို့နောက် နှစ်ရက်အကြာတွင် ခရေစီက စာအုပ်ကြီးတစ်အုပ် ယူလာပြီး ပင်တာကို ပေးသည်။ မာကိုပိုလို၏ ခရီးစဉ် စာအုပ်ကြီး။

"မီလန်က စာအုပ်ဆိုင် တစ်ဆိုင်ပေါ်မှာ အမှတ်မထင် သွားတွေ့တာနဲ့ ဝယ်လာတာ"

အမှန်မှာ သူ သည်စာအုပ်ကို တစ်နာရီကြာ ရှာပြီး ဝယ်ခဲ့ခြင်းဖြစ်သည်။

"ဒါ ပင်တာ့အတွက် ဟုတ်လား ဦး၊ ဦးရဲ့လက်ဆောင်လားဟင်"

ပင်တာ့မျက်လုံးကလေးတွေက စိတ်လှုပ်ရှားမှုကြောင့် ဝင်းလက်နေသည်။

"အေး၊ အေး၊ ပင်တာ့အတွက် ဝယ်ခဲ့တာ"

ခရေစီ မနေတတ် မထိုင်တတ်ကြီး ဖြစ်နေသည်။

"မင်း စိတ်ဝင်စားတယ်ထင်လို့ ဝယ်လာတာ။ သူဟာ အီတလီရဲ့ အစွန့်စားဆုံး မဟာခရီးသည်ကြီး မဟုတ်လား။ သူ့အကြောင်း သိထားသင့်တယ်လေ"

"ကျေးဇူးတင်ပါတယ် ဦးရယ်"

ပင်တာက တိုးတိုးကလေးပြောလိုက်သည်။ စိတ်ထဲ ထင်လိုက်၏။ တံခါး တစ်ချပ်တော့ ပွင့်သွားပြီ။

သို့သော် လာမည့် တနင်္ဂနွေနေ့ မတိုင်မီအထိ မသေချာသေး။

*

"ကလေးမလေးကို သူ ဒီခေါ်လာပြီး နေ့လယ်စာ ကျွေးတယ်ဗျ"

"ဘာကွ၊ ဘာပြောတယ်"

"ကျွန်တော့်အိမ်ကို ခေါ်လာတာလေ။ ဒီနေ့ နေ့လယ်စာ စားတာ။ တကယ် ပြောတာဗျ၊ သူတို့ ခုပဲ ပြန်သွားကြတာ"

ဂိုက်ဒိုက နားနှင့် ဖုန်းကို ခွာလိုက်ပြီး မီးဖိုဆောင်ထဲမှ ပီထရိုကို လှမ်းကြည့်ပြီး ခေါင်းယမ်းလိုက်သည်။

"ဘာဖြစ်လို့လဲ ဆရာ"

ချာတိတ်က သူ့ဆရာ အထိတ်တလန့်ဖြစ်နေပုံကိုကြည့်ပြီး မေးလိုက်သည်။

ဂိုက်ဒိုက သူ့ကို ဂရုမစိုက်ဘဲ ဖုန်းခွက်ထဲသို့ စကားဆက်ပြောသည်။

"မင်း တကယ်ပြောနေတာလား အီလီယို၊ တကယ် မင်းဆီကို ရောက်လာတယ်ဟုတ်လား"

အီလီယို တစ်ဖက်မှ ရယ်နေသည်။

"ကလေးမကလေးက ဘယ်လိုနေလဲကွ"

အီလီယိုက စဉ်းစားပြီး ဖြေသည်။

"ကောင်မကလေးက သိပ်ချစ်စရာကောင်းတယ် အစ်ကို။ ချောလည်း ချောတယ်၊ လိမ်လည်း လိမ္မာတယ်။ ပြီးတော့ ဉာဏ်ထက်တယ်။ အံ့သြစရာကောင်းတာက ချာတိတ်မလေးက အစ်ကို့လူကြီးကို အရမ်းကြည်ညိုနေပုံပဲ"

"သူကရောကွ၊ ခရေစီကို ပြောတာ"

"ဆန်းတော့ ဆန်းတယ် အစ်ကိုရ၊ သူက ခပ်တည်တည်ပဲ။ သူ့အကြောင်း အစ်ကိုလည်း သိသားပဲ။ သူ့ရင်ထဲမှာ ဘာရှိတယ်ဆိုတာ သူများတွေကို သိရတာမှ မဟုတ်ဘဲ။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်ဗျ။ ချာတိတ်မကလေးကို ကျိတ်မှိတ်ပြီး သည်းခံနေပုံမျိုးလည်း မဟုတ်ဘူး။ ဖယ်လီစီယာကတော့ မိန်းမပီပီ တွေးတယ်။ သူ့မှာ ဘယ်တုန်းကမှ မရှိဖူးတဲ့ သမီးကလေးတစ်ယောက် ဖြုန်းစားကြီး ရလိုက်သလိုပဲတဲ့"

"ချာတိတ်မကလေးကို သူ စကားပြောတာ မင်းတွေ့လား"

အီလီယိုက ရယ်ပြီး

"ဟာ အစ်ကိုကလဲ၊ ချာတိတ်မကလေးရဲ့ မေးခွန်းမှန်သမျှ သူက စိတ်ရှည်လက်ရှည် ရှင်းရှင်းပြနေတာဗျ။ ကောင်မကလေးကလည်း သူ့ကို မေးသမျှ

ဖြေနေတဲ့ ကွန်ပျူတာကြီးများ အောက်မေ့နေသလား မသိဘူး။ သြော်... နေဦး၊ အစ်ကို ဖယ်လီစီယာနဲ့ ပြောပါလား။ သူက ကလေးမကလေးကို နေ့ခင်း တစ်ရေး သိပ်ပေးရသေးတယ်။

ဖယ်လီစီယာနှင့် ဂိုက်ဒို အကြာကြီးစကားပြောကြသည်။ ခရေစီတစ်ယောက် လုံးဝ ပြောင်းလဲသွားပြီဖြစ်ကြောင်း၊ ပင်တာဆိုသည့် ကလေးမကလေးအား သူ့သမီး အရင်းလို တွယ်တာနေပြီဖြစ်ကြောင်း ဖယ်လီစီယာက အတည်ပြု ပြောပြသည်။

"သူငယ်မကလေးက ချစ်စရာလေး အစ်ကိုရဲ့။ ဘယ်သူတွေ့တွေ့၊ တွေ့သမျှ လူက ချစ်မှာပဲ။ ဒါပေမဲ့ ကျွန်မတို့ ခရေစီကြီးက ဒီကလေးကို ချစ်နေတယ် ဆိုလို့သာ အံ့သြစရာကောင်းနေတာ"

ဂိုက်ဒို သဘောပေါက်ပြီ။ လုံးဝ မမျှော်လင့်သည့်သတင်း။ သူနှင့် ပေါင်း သင်းဆက်ဆံခဲ့သည့် အတွေ့အကြုံအရ ခရေစီသည် ကလေးတစ်ယောက်ကြောင့် မိမိ၏ဘဝကို အပြောင်းအလဲခံမည့် လူစားမျိုး မဟုတ်။ ဂိုက်ဒို ဘယ်လိုမှ စဉ်းစား မရ။ သို့သော် ဖုန်းချပြီး အေးအေးဆေးဆေး စဉ်းစားကြည့်သည်။ ခရေစီ တစ်ယောက် မာနပါးပျဉ်းကြီး ကျသွားပြီလား။

ဂိုက်ဒိုက သူ့ရဲဘော်ကြီးအတွက် စိတ်အေးသွားသည်။ တစ်ခုပဲ စဉ်းစား နေမိသည်။ ခရေစီတစ်ယောက် သည်ဇာတ်လမ်းတွင် ဘယ်လိုနိဂုံးချုပ်မည်နည်း။ သူ့ဘဝ သည့်ထက်ပို၍ ရင့်ကျက်စရာ ရှိပါဦးမည်လား။

❑

## (၇)

"ဦး ဦး၊ မောင်းမမိသံဆိုတာ ဘာလဲဟင်"

ကားလမ်းရှေ့တည့်တည့်ကို ကြည့်မောင်းနေသည့် သူ့မျက်လုံးတွေ နံဘေးရှိ ပင်တာ့ဆီသို့ ဖျတ်ခနဲ ရောက်သွားသည်။

"ဇနီးတစ်မျိုးပဲပေါ့"

ပင်တာ အံ့သြမဆုံး ဖြစ်သွားသည်။

"ဟင်၊ မောင်းမမိသံဆိုတာ ဇနီးတစ်မျိုး ဟုတ်လား။ ဟုတ်ရဲ့လား ဦးရာ။ ဒါဖြင့် တရုတ်ဘုရင်မှာ ဇနီး ၁၀၀၀ ရှိတယ်ပေါ့။ ဖြစ်နိုင်ပါ့မလား"

သည်ကိစ္စမှာ ရှင်းပြဖို့ သိပ်ခက်သည့် ကိစ္စမဟုတ်။ ပင်တာက သူ့အသက်အရွယ်ထက်ပို၍ ရင့်ကျက်နေသည့် ကလေးမ မဟုတ်လား။ မာကိုပိုလို စာအုပ်ကို ဖတ်ပြီး သည်လိုမေးခွန်းမျိုးတွေ ပင့်တာဆီမှ အများကြီး ထွက်လာသည်။

တစ်လင် တစ်မယားစနစ်ကို လူမျိုးတိုင်း ကျင့်သုံးခြင်း မရှိကြောင်း ရှင်းပြတော့ မရယ်မပြုံးဘဲ အသေအချာနားထောင်နေသည်။ အစ္စလာမ်အယူဝါဒနှင့် နှောင်းခေတ် ခရစ်ယာန်ဝါဒတစ်ခုဖြစ်သည့် မာမွန်အယူဝါဒအကြောင်းကိုလည်း ရှင်းပြဖြစ်သည်။ အမျိုးသားများအား ပင်တာက သနားနေသည်ကို တွေ့ရတော့ ခရေစီ ကျိတ်ပြုံးမိသည်။

"မိန်းမတွေ အများကြီး ယူထားရတာ ဘယ်လွယ်မလဲနော် ဦး"

ပင်တာက အလေးအနက်ထားပြီး စဉ်းစားပြောနေ၏။ သူ့အမေကိုကြည့်ပြီး ပြောနေခြင်းဖြစ်မည်။ သူ့အမေလို မိန်းမတစ်ယောက်ကို သူ့အဖေ အနိုင်နိုင်

ထိန်းနေရသည်ကို သူသိနေသည် မဟုတ်လား။ သူ့အမေလို မိန်းမမျိုး တစ်ထောင် ဆိုလျှင်... သည်လိုတွေးမိတော့ ပင်တာ ဦးနှောက်ခြောက်သွားပုံရသည်။

ခရေစီက ပင်တာ့မေးခွန်းတွေကို ဖြေသည့်အခါ ပြည့်ပြည့်စုံစုံဖြေသည်။ လူကြီးတစ်ယောက်ကို ပြောသလို ပြောပြသည်။ ကလေးတွေ နားလည်အောင်လည်း မပြောတတ်။ ရံဖန်ရံခါ ပင်တာ၏ အားမလိုအားမရ ဖြစ်မှုများကို တွေ့ရသည်။ ခရေစီအဖို့ အပြစ်ကင်းစင်ခြင်း၊ ကြည်လင်ခြင်း ပထမဆုံးအကြိမ် တွေ့ဖူးခြင်း ဖြစ်သည်။

ပင်တာက တယ်လီဗီးရှင်း ကြည့်သည့်အခါ နိုင်ငံရေးပါလာလျှင် မကြည့်ချင်တော့။ နိုင်ငံရေးသမားတွေက စကားသိပ်များတာ မဟုတ်လား။ ပြီးတော့ သူတို့တစ်တွေက ဘယ်တော့မှ မပြုံးကြဘူးလေ။ ဘာသာရေးကိုတော့ စိတ်ဝင်စားသည်။ ဘုန်းတော်ကြီးတွေက ဘယ်တော့မှ မုသားမပြောကြ။ ကျောင်းတက်ရတာတော့ ပျော်ပါရဲ့။ ဒါပေမဲ့ သဘောကျတဲ့ ဆရာမတွေ ပြတဲ့ ဘာသာရပ်မှ စိတ်ဝင်စားတာ။

မာရီယာနှင့် ဘရူနိုတို့က ပင်တာ့ကို ချစ်ကြပါရဲ့။ သို့ပေမဲ့ သူတို့နဲ့နေရတာ မပျော်။ သူတို့က ပင်တာ စိတ်ဝင်စားတာတွေကိုမှ စိတ်မဝင်စားကြတာ။

အချုပ်ဆိုရလျှင် အပြောကျယ်လှသော ကမ္ဘာကြီးအကြောင်း ပင်တာ ဘာမှ မသိ။ ပျော်စရာကောင်းတဲ့နေရာတွေကို ဘယ်မှမရောက်ဖူး။ သည်တော့ မြင်သမျှ ကြားသမျှတွေကို သိချင်နေသည်။ ခရေစီသည် သူ့အတွက် ရှေ့ဆောင်လမ်းပြ ဖြစ်လာ၏။ စွယ်စုံကျမ်းကြီးဖြစ်နေ၏။ အမေက သူ့ကိုယ်ပိုင်လောက ကျဉ်းကျဉ်း လေးထဲတွင် ကျင်လည်နေသူ။ အဖေကတော့ ခုထိ ပင်တာကို သူငယ်နှပ်စား ကလေးတစ်ယောက်လို ဆက်ဆံနေတုန်း။

ဒီတော့ ခရေစီသည် ပင်တာ့အတွက် ဗဟုသုတ ဟင်းလေးအိုးကြီး ဖြစ်နေတော့၏။ မကြာခင် ပင်တာ သိလာသည်။ သူပြောသမျှကို ထိုင်ပြီး နားထောင်နေရုံနှင့် မပြီး။ ဝေဖန်ရမည်၊ မကြေညက်လျှင် မေးရမည်။

ခရေစီနှင့် ပင်တာတို့ နှစ်ဦးစပ်ကြားတွင်ရှိနေသည့် အတားအဆီးအားလုံး သည် အီလီယိုနှင့် ဖယ်လီစီယာတို့အိမ်၌ နေ့လယ်စာ သွားစားသည့်နေ့က ပြိုကျ ပျက်စီး၍ လမ်းရှင်းသွားခဲ့သည်။ စင်စစ် လမ်းရှင်းပေးသူက ခရေစီ။ ပင်တာက အသာကလေး ဖြတ်ဝင်သွားခြင်း ဖြစ်၏။

ခရေစီက သူ့မိတ်ဆွေတစ်ယောက်၏ အိမ်ကို ခေါ်သွားကတည်းက ပင်တာအား မိတ်ဆွေအဖြစ် လက်ခံလိုက်သည့် သဘောဖြစ်၏။ ပင်တာ သိပ်ပျော်သွားသည်။ သို့သော် ဟန်ကိုယ့်ဖို့ ဆိုသည်ကိုတော့ မမေ့။ အီလီယို လင်မယား၏ ပျူပျူငှာငှာဧည့်ခံမှုကို ဖြည်းဖြည်းကလေး မျှောလိုက်နေသည်။ ခရေစီကို မကြာမကြာ လှမ်းကြည့်၏။

စကားဝိုင်းကို ခရေစီသာ ဦးဆောင်စေလိုသည့် အမူအရာ။ သို့သော် ခရေစီက စိတ်အေးလက်အေး အနားယူနေသည့် ပုံစံဖြင့် သူတို့ဝိုင်းကို အာရုံစိုက်။ အုပ်ထိန်းသူတစ်ယောက်အနေဖြင့်မဟုတ်ဘဲ မိတ်ဆွေတစ်ယောက်ကို မိတ်ဆွေတစ်ယောက် အိမ်သို့ ခေါ်လာသည့် ပုံမျိုး။ သည်တော့ ပင်တာကလည်း ရင်းနှီးပြီးသားအိမ်ကို ရောက်သွားသလို ဝင်လုံးလိုက်သည်။ ကလေးငယ်တွေနှင့် ကစားသည်။ ပြီးတော့ ဖယ်လီစီယာကို မီးဖိုထဲတွင် ဝင်ကူသည်။ နေ့လယ်စာ စားဝိုင်းတွင် အမျိုးသားနှစ်ယောက်ကို ဖယ်လီစီယာက နောက်ပြောင်ကျီစယ်တော့ ပင်တာကလည်း ဝင်ရောနေလိုက်သည်။

ဘာပဲဖြစ်ဖြစ် ပင်တာအတွက် အပျော်ဆုံးနေ့။ ခရေစီ၏ ပင်ကိုစရိုက်တွေကို နားလည်သည်ထက် နားလည်ရသော နေ့။ ပင်တာက ပထမ ဂိုက်ဒိုအကြောင်းကို မေးသည်။ အီလီယိုနှင့် ခရေစီတို့နှစ်ယောက်က ဂိုက်ဒိုအကြောင်းကို စားရင်းသောက်ရင်း ပြောပြသည်။

ဤတွင် ခရေစီနှင့် ဂိုက်ဒိုတို့၏ ပေါင်းသင်းဆက်ဆံရေးတွေ၊ နှစ်ရှည်လများ အတူနေခဲ့ပုံတွေကို သိရသည်။ ဂိုက်ဒို့အကြောင်းကို ပြောနေစဉ် ခရေစီ၏ မျက်နှာမှာ နူးညံ့နေ၏။ ပင်တာက ဆုံးဖြတ်လိုက်သည်။ ခရေစီ အကြောင်းကို သည့်ထက်ပို၍ သိအောင်လုပ်မည်။ ခရေစီအဖို့ မျိုသိပ်စိတ်တွေ ထွက်ပေါက်ရသလို ဖြစ်နေ၏။ ပင်တာနှင့် စကားပြောနေရသည်မှာ အဆင်ပြေ ချောမွေ့နေ၏။ အတွေ့အကြုံနှင့် အသိဉာဏ် မဖွံ့ဖြိုးသေးလို့ ဖြစ်ချင်ဖြစ်မည်။ သို့မဟုတ် သူ့အသိအာရုံတွင် ဘာမှ မတင်ဟပ်သေးဘဲ ဖြူစင်လွန်းနေ၍ ဖြစ်ချင်ဖြစ်မည်။ ပင်တာနှင့် စကားပြောနေချိန်များတွင် ဘဝ၏ အနိဋ္ဌာရုံတွေကို မေ့နေတတ်၏။ စက်ဆုပ်ရွံရှာဖွယ် ကောင်းလှသည့် စစ်၏ဒဏ်ရာဒဏ်ချက်များကို မေ့နေတတ်၏။

အီလီယိုတို့ အိမ်မှ နေ့လယ်စာ စားအပြီး အပြန်တွင် ပင်တာက သူ့လက်ကို လှမ်းကိုင်ပြီး

"ဦးဦးလက်တွေ ဘာဖြစ်တာလဲဟင်" ဟု မေးပြန်သည်။

သည်တစ်ခါ ခရေစီက လက်ကို မရုပ်လိုက်တော့။ အကွက်လိုက် အကွက်လိုက်ဖောင်းကြွနေသည့် အမာရွတ်တွေကိုသာ ငုံ့ကြည့်နေသည်။ ၁၉၅၄ ခုနှစ်ဆီသို့ သူ့အာရုံတွေ ပျံ့လွင့်သွားသည်။

ဒိန်ဘိန်ဖူးတိုက်ပွဲ ပြီးဆုံးချိန်ကာလ။ လက်နက်ချ အမိခံရသည့်အချိန်။ သုံ့ပန်းစခန်းရှိရာသို့ သုံးပတ်လုံးလုံး လမ်းလျှောက်ခိုင်းသည်။ တစ်နေ့တခြား အားအင်ကုန်ခမ်းလာကြသည်။ စားနပ်ရိက္ခာက အသက်ဆက်မိရုံသာ ကျန်တော့သည်။ လဲကျသွားလျှင် ဘယ်လိုမှ ပြန်မထနိုင်ကြတော့။ လမ်းတွင် ကျန်ရစ်ခဲ့သူတွေ အများကြီး။ ခရေစီက ဒဏ်ရာရလာသည့် အရာရှိတစ်ယောက်ကို ကျောပိုးပြီး စခန်းကို အရောက်လာနိုင်ခဲ့သည်။ အသက်နှင့်ကိုယ် အိုးစားမကွဲဘဲ သုံ့ပန်းစခန်းကို ရောက်ရှိခဲ့ပြီးနောက်တော့ မေးခွန်းတွေ မီးခိုးမဆုံး မိုးမဆုံး။

အပြောအဆို ယဉ်ကျေးသိမ်မွေ့သည့် ခေတ်ပညာတတ် ဗီယက်မင်း ဗိုလ်ကြီးမှာ ပုပုသေးသေးကလေး ဖြစ်သည်။ စားပွဲတစ်ဖက်တွင် ထိုင်နေသူက ရောမ ပြင်သစ်ကြေးစား စစ်သားကြီး။ ဗီယက်နမ်ဗိုလ်ကြီး မေးသမျှကို သုံ့ပန်းစစ်သားကြီးက တစ်မျိုးတည်းသာ ဖြေ၏။ ခေါင်းယမ်း၍ အဖြေပေးခြင်း။ ဗီယက်နမ်စစ်ဗိုလ်က စီးကရက်ကို အဆက်မပြတ်သောက်သူ။ စားပွဲပေါ်တွင် ဆေးလိပ်ပြာခွက်မရှိ။ ဆေးလိပ်ပြာခွက်မှာ စားပွဲခုံနှင့် ပူးချည်ထားသည့် သုံ့ပန်းစစ်သားကြီး၏ လက်ခုံတွေသာဖြစ်၏။

"ဆေးလိပ်ပြာခွက်တွေအဖြစ် အသုံးခံရတဲ့ လက်တွေလေ"

သည်တော့မှ ပင်တာ သဘောပေါက်တော့သည်။ မျက်လုံးအိမ်ထဲတွင် မျက်ရည်တွေ ပြည့်လျှံလာ၏။

ခရေစီက ပင်တာကို လှမ်းကြည့်၏။

"လောကကြီးမှာ အနိဋ္ဌာရုံတွေ အများကြီးလို့ တစ်ခါက ပြောဖူးတယ် မဟုတ်လား ပင်တာ"

ပင်တာက မျက်ရည်တွေကြားမှ ပြုံးလိုက်ပြီး

"မကောင်းတာတွေ ရှိသလို ကောင်းတာတွေလည်း ရှိပါတယ် ဦးရယ်"

သည့်နောက်ပိုင်း ပင်တာက ခရေ့စီ ဘဝဇာတ်ကြောင်းနှင့် ပတ်သက်သည့် မေးခွန်းမျိုးတွေ မမေးတော့။ သို့သော် သူ့ငယ်ဘဝကို တစ်စွန်းတစ်စသာ သိရသည်။

သူ့မိဘတွေ ဆင်းရဲကြ၏။ အသက်ပြည့်သည်နှင့် အမေရိကန် ကမ်းတက်တပ်ထဲ ဝင်လိုက်သည်။ ကိုရီးယားတွင် တိုက်ရည်ခိုက်ရည်ကို အသိအမှတ်ပြုခံရသည်။ စစ်ဗိုလ်တစ်ယောက်၏ တာဝန်မဲ့မှုကြောင့် လူတွေသေခဲ့ရသည်ကို ခွင့်မလွှတ်နိုင်၍ ၎င်းစစ်ဗိုလ်ကို ရိုက်နှက်ဆုံးမမိခဲ့သဖြင့် တပ်မှ အထုတ်ခံရသည်။ ဘယ်မှသွားစရာ မရှိ။ ဤတွင် ပြင်သစ်ကြေးစားတပ်ဖွဲ့သို့ ရောက်သွားခြင်းဖြစ်၏။

ဂိုက်ဒိုမှလွဲ၍ ခရေ့စီအကြောင်း အသိဆုံးမှာ ၁၁ နှစ် သမီးကလေး ပင်တာ ဖြစ်နေပြီ။

ရီကာတစ်ယောက် မြူးကြွနေသည်။ သူ့သဘောအကျဆုံး နွေဦးရာသီကို ရောက်ခဲ့ပြီ။ ဘဝသည် ပို၍ စိုပြည်လန်းဆန်းနေ၏။ အပေါင်းအသင်းတွေကို သူ့ရဲကောင်းကြီး ခရေ့စီအကြောင်းကို ပြောမဆုံးအောင် ဖြစ်နေ၏။

ပင်တာကလေးက ဘယ်လောက်ခင်မင်နေပုံ၊ဝက်ဝံကြီးနှင့် ခွေးကလေးတို့ တည့်နေကြသလို ဖြစ်နေသည့်ပုံ စသည် စသည်။

ခရေစီတစ်ယောက် နောက်ပိုင်းတွင် ပြောင်းလဲနေသည်ကို ရီကာ သတိ မပြုမိ။ ရီကာ့အတွက် ခရေစီသည် အသိရခက်နေဆဲ။ ဝေးလံနေဆဲ။ အက်တိုကိုတော့ ပြောပြလိုက်သည်။ သမီးကလေးက ခရေစီကြီးကို ယဉ်ပါးအောင် ထိန်းကျောင်းနေကြောင်း။ အက်တိုက သဘောပေါက်သလို ခေါင်းညိတ်သည်။

အက်တိုအတွက်တော့ ခရေစီသည် လူပိုသက်သက်ဖြစ်နေသည်ဟု ယူဆထားသည်။ သမီးကလေးအတွက် အသုံးဝင်သည်။ သူရှိနေ၍ ရီကာ လွတ်လွတ်လပ်လပ် ပျော်နေသည်။ ဒါထက် ဘာမှမပို။ လစာကလေး မဖြစ်စလောက်နှင့် ရထားသည့် အလုပ်သမားတစ်ဦး။ ပြီးတော့ ခွက်ပုန်း အရက်ချိုးကြီးတစ်ယောက်။

သို့သော် ခရေစီ့အတွက် အရက်သည် ပြဿနာကြီးတစ်ခု မဟုတ်တော့။ တဖြည်းဖြည်း လျော့လာခဲ့သည်မှာ ယခုဆိုလျှင် တစ်ည ဝီစကီတစ်ပိုင်းသာ ကုန်တော့၏။ စိတ်ကို ထိန်းနိုင်လာသည်။ ခရေစီသည် ဆေးစွဲနေသလို အရက်ကို စွဲနေသူမဟုတ်။ အရက်များလွန်း၍ လှုပ်ရှားမှုတွေ နှေးကွေးလေးလံနေခြင်းသာ ဖြစ်သည်။ ယခုဆိုလျှင် သူ့အသိအာရုံတွေ ပြန်၍ ထက်မြက်ကြည်လင်လာပြီ။ နောက်ပြီး ခရေစီက ကာယကြံ့ခိုင်မှုကိုပါ နဂိုအတိုင်း ပြန်ဖြစ်အောင်လုပ်ဖို့ ပြင်ဆင်လျက်ရှိ၏။ ပင်တာ့ကြောင့် စဖြစ်ခဲ့ခြင်း ဖြစ်၏။ လာမည့် ပြေးခုန်ပစ်ပွဲ အတွက် ပင်တာအား လေ့ကျင့်ပေးရာမှ စဖြစ်ခဲ့ခြင်းဖြစ်၏။

ပင်တာ့ခြေထောက် အနာသက်သာပျောက်သည်နှင့် ခရေစီက တာထွက် ခြေကန်ခုံ နှစ်ခုလုပ်ပြီး အိမ်ရှေ့မြက်ခင်းတွင် စိုက်ပေးသည်။ အပြာနှင့် အဖြူကြား အားကစား ဝတ်စုံကိုယ်စီနှင့် တာထွက်လေ့ကျင့်ခန်း စပြီးသင်ပေးသည်။ အချိန်၏ တုံ့ပြန်ပုံ အကြောင်း ရှင်းပြသည်။

"သေနတ်သံကို နားက စကြားတယ်။ နားကနေပြီး ဦးနှောက်ကို သတင်း ပို့တယ်။ ဦးနှောက်က တစ်ဆင့် မင်းရဲ့ ခြေတွေ လက်တွေထဲက အကြောအခြင် တွေကို သတင်းထပ်ပို့တယ်။ အဲဒီအမိန့်က ပြေးဆိုတဲ့ အမိန့်ပဲ"

အသံကို မည်သို့အာရုံစိုက်ရမည်ကိုလည်း ရှင်းပြသည်။ တာထွက် သေနတ် သံကို အာရုံစိုက်ပြီး နားထောင်နေဖို့မလို။ သေနတ်သံကြားသည်နှင့် အလိုအလျောက် တုံ့ပြန်ပြီးသားဖြစ်နေရမည်။ တာထွက်သေနတ်သံကို ခရေစီက လက်ခုပ်သံဖြင့် လေ့ကျင့်စေသည်။ တစ်ညနေပဲ လေ့ကျင့်ပေးရသေးသည်။ တာထွက်ခုံကို ခြေကန်ပြီး ပင်တာကလေး တာထွက်လာပုံမှာ အလန့်တကြား ပြေးထွက်သွားသည့် သမင်မ ကလေးတစ်ကောင်အလား။

"တို့ နေ့တိုင်း လေ့ကျင့်မယ်။ ပြိုင်ပွဲနေ့ကျရင် ပင်တာ ကျိန်းသေ ပထမ ရစေရမယ်" ဟုလည်း ခရေစီက အားပေးသည်။

ထိုညတွင် ဂျော်နီကက်ရှ်၏သီချင်းတွေကိုနားထောင်ရင်း ပင်တာ့အကြောင်း စဉ်းစားနေ၏။ သိပ်တက်ကြွပြီး သိပ်ကို အသင်ရလွယ်တဲ့ ကလေးပဲ။ သူ့ကိုယ် ကလေးဟာ ကျစ်လျစ်နေတာပဲ။ တစ်ဆက်တည်း ကိုယ့်အကြောင်းကို ဆက်စဉ်းစား မိသည်။ သုံးလလောက်ကြာပြီးလို့ သည်အလုပ်မှာ မြဲမည်ဆိုလျှင် ပင်တာနှင့်အတူ အားကစားရုံတစ်ခုခုမှာ သူကိုယ်တိုင် အနည်းဆုံး တစ်ပတ် နှစ်ကြိမ် ပြန်ကစားမည်။ ပျက်စီးယိုယွင်းနေသည့် သူ့ကြွက်သားတွေ၊ အကြောတွေကိုပြန်လည်တည်ဆောက်မည်။ သည်အတိုင်းကြာကြာပစ်ထားလျှင် ပြန်လည်တာစူ၍ ရတော့မည် မဟုတ်တော့။ သိပ်နောက်ကျသွားတော့မည်။

ပင်တာက သူ့အသိတရားတွေကို လှုပ်နှိုးပေးလိုက်ခြင်းဖြစ်ကြောင်း သူ အသိအမှတ်ပြုလိုက်ရပြီ။ သူ့ဘဝ လေဟာနယ်သည် တစ်စုံတစ်ခုဖြင့် ဖြည့်တင်း နေဘိသကဲ့သို့ ရှိသည်။ သူ့ဘဝလမ်းကြောင်းသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲ သွားပြီ။ အညွန့်တလူလူ ရှိနေသည့် ပင်တာကလေး၏ဘဝကို သူ စောင့်ကြည့် နေချင်သည်။ ပင်တာကလေး၏ဘဝတည်ဆောက်မှုကဏ္ဍတွင် သူ တစ်တပ်တစ်အား

ပါဝင်နေချင်သည်။ သည်ဘဝကဏ္ဍတွင် သေကြေပျက်စီးခြင်းမရှိ။ ပေါက်ကွဲလဲပြိုခြင်းမရှိ။ သွေးသံရဲရဲနှင့် ခြေပြတ်လက်ပြတ်တွေမရှိ။ အချုပ်ဆိုရသော် အကျိုးမဲ့စစ်ပွဲမျိုးမဟုတ်။

ဂျော်နီကကက်ရှ်၏ တိတ်ခွေ ဆုံးသွားပြီ။ တိတ်ခွေတစ်ခုကို လှမ်းယူပြီး လဲလိုက်သည်။

လင်ဒါရွန်းစတတ်၏ လှိုက်လှဲကြေကွဲဖွယ်ရာ 'သံယောဇဉ်ကမ်းခြေပြာ' သီချင်းသံ ထွက်ပေါ်လာ၏။ ပင်တာက အိပ်ရာထဲမှ နားထောင်ရင်း ပြုံးလိုက်သည်။

*

ရီကာက ဆံပင်အလှပြင်ဆိုင်ထဲမှထွက်လာပြီး လမ်းပေါ်တွင် ကားကို ရှာကြည့်သည်။ ရာသီဥတုမှာ အုံ့မှိုင်းရီဝေနေ၏။ မီးလန်လမ်းပေါ်တွင် ကားတွေ ပြွတ်သိပ်နေသည်။ မီတာ ၃၀ အကွာတွင် ရပ်ထားသော ကားကို နောက်မှ လှမ်းမြင်သည်။ ခရေစီက နံ့ဘေးတွင် ရပ်လျက်။ ရီကာက ကားဆီသို့ လျှောက်လာရင်း လမ်းတစ်ဖက်တွင် ရပ်ထားသည့် ဘောက်စဝက်ဂွန်းကားထဲမှ လူနှစ်ယောက် ခုန်ဆင်းလာသည်ကို ရိပ်ခနဲ လှမ်းမြင်လိုက်သည်။

သူတို့နှစ်ယောက် ဖီးယက်ကားဖြူကြီး၏တံခါးကို ဖွင့်နေသော လူတစ်ယောက်ဆီသို့ ပြေးသွားနေခြင်းဖြစ်၏။ သူတို့လက်ထဲတွင် သေနတ်တွေနှင့်။ ရီကာ လျှောက်လာသည့်နေရာမှ သေသေချာချာမြင်နေရ၏။ သေနတ်သံတစ်ချက် ဟိန်းထွက်သွားသည်။ ရီကာက တုံ့ခနဲ ရပ်လိုက်၏။ ဖီးယက်ကားအနီးမှ လူက သူ့အကျီအိတ်ထဲသို့ နှိုက်လိုက်သည်။ ထိုအချိန်တွင်မှ ခရေစီက ရီကာ့အနားသို့ ရောက်လာပြီး ခါးကိုသိုင်းဖက်၍ နီးရာဆိုင်တစ်ဆိုင်၏ အပေါက်ဝတွင် လှဲချလိုက်သည်။

ရီကာက ပထမကြောင်ပြီး ကြက်သေ သေနေခြင်းဖြစ်၏။ သတိရတော့မှ သူ့ကိုယ်သူ ပလက်ဖောင်းပေါ်တွင် လဲကျနေကြောင်း တွေ့ရသည်။လေးလံသည့် ခရေစီ့ခန္ဓာကိုယ်ကြီးက သူ့အပေါ်တွင် ဖိလျက်။

သေနတ်သံတွေ ဆက်တိုက် ပေါ်ထွက်လာသည်။ သူတို့ခေါင်းပေါ်မှ မှန်တွေ ကျကွဲသံကြားတော့ ရီကာက လန့်အော်လိုက်၏။ တုံးလုံးလဲလျက် အနေအထားမှ လက်တစ်ဖက်တွင် သေနတ်ကို ခရေစီက အသင့်အနေအထားဖြင့် ကိုင်ထားကြောင်း ရီကာ တွေ့လိုက်သည်။ ကားတံခါးပိတ်သံနှင့်အတူ တအားမောင်းထွက်သွားသံကို ကြားလိုက်ရပြီး တိတ်ဆိတ်သွားသည်။

"ဒီမှာ အဲဒီအတိုင်းနေ၊ မလှုပ်နဲ့နော်"

ခရေ့စီအသံက အေးဆေးတည်ငြိမ်လျက်။ သို့သော် အမိန့်ပေးသံ။ သူ ထရပ်လိုက်တော့မှ ရီကာ အသက်ရှူချောင်သွားသည်။ မှန်စတွေ ကိုယ်ပေါ် ကျမလာအောင် သတိကြီးစွာနှင့် ရွှေ့သည်။ ပြီးတော့ အခြေအနေကို စောင့်ကြည့်နေ၏။ ခရေ့စီက ကားဆီသို့ ပြန်ပြေးသွားသည်။ သူ့လက်ထဲတွင် သေနတ်မမြင်တော့။ ကားနံဘေးတွင် ရပ်ပြီး လမ်းတစ်ဖက်ကို ကြည့်နေ၏။ သူကြည့်ရာသို့ ရီကာ လိုက်ကြည့်လိုက်သည်။ ဖီးယက်ကား ရှေ့ပိုင်းတွင် ကိုယ်တစ်ပိုင်းတင်နေသည့် လူတစ်ယောက်။ အဖြူရောင်ကား အင်္ကျီအဖုံးမှာ သွေးတွေဖြင့် နီရဲလျက်။ သေနေပြီထင်ပါရဲ့။ ခရေ့စီက ကားနောက်ခန်း တံခါးကို ဖွင့်ပြီး ရီကာရှိရာသို့ ပြန်လျှောက်လာသည်။ လက်နှစ်ဖက်နှင့် ဆွဲထူသည်။ ရီကာက တုန်တုန်ယင်ယင် ဖြစ်နေ၏။ ခရေ့စီက ရီကာကို သိုင်းဖက်ပြီး ကားဆီသို့ တဖြည်းဖြည်း ခေါ်သွားသည်။

အမျိုးသမီးတစ်ယောက်က အထိတ်တလန့် အော်ငိုနေသည်။ ရဲကား ဥဩသံတွေ၊ လူနာတင်ကားသံတွေ တဖြည်းဖြည်းနီးလာသည်ကို ကြားနေရ၏။ ခရေ့စီက ရီကာကို ကားထဲသို့ သွင်းလိုက်သည်။

"ကားထဲမှာပဲနေပါ။ ခဏတော့ ကြာလိမ့်ဦးမယ်။ ရဲက လမ်းကို ပိတ်ပြီး ဟိုမေးသည်မေး လုပ်ဦးမှာ"

ရီကာ့အသားတွေ တုန်နေဆဲရှိသေး၏။ နက်မှောင်သည့် ဆံပင်တွေ၏ အလယ်မှ မျက်နှာမှာ ပို၍ဖြူရော်နေသည် ထင်ရ၏။ ရီကာ၏ပါးပြင်ကို ခရေ့စီက လက်ခုံဖြင့် စမ်းကြည့်သည်။ အေးစက်နေ၏။ ပြီးတော့ မေးစေ့ကို မပြီး သူ့မျက်နှာကို ငုံ့ကြည့်သည်။ မျက်လုံးတွေက အကြောင်သား။

"မင်း ဘာမှမဖြစ်ဘူးနော် ရီကာ။ ဒီမှာ ကျုပ်ကို သေသေချာချာကြည့်စမ်း"

သူ့မျက်လုံးတွေ တဖြည်းဖြည်း ကြည်လင်လာသည်။ ခေါင်းကို ဖြည်းဖြည်းကလေး ညိတ်ပြ၏။

ရဲကားတစ်စီး ရောက်လာသည်။ ဆူဆူညံညံအသံတွေ တိမ်ဝင်သွားပြီး ခေါင်မိုးပေါ်မှ မီးတွေ ပိတ်ချည်ပွင့်ချည်ဖြင့် ဝင်လာသည်။ အော်ဟစ်ပြောဆိုသံတွေနှင့် နောက်ထပ်ရောက်လာသည့် ကားသံတွေ ပွက်လောရိုက်နေ၏။ ရီကာက နောက် တစ်ကြိမ် ခေါင်းညိတ်ပြလိုက်ပြန်သည်။ စိတ်ထိန်းနိုင်သွားပြီ ဖြစ်ဟန်တူ၏။

"နေဦးနော်၊ ရဲရဲ့ သွားစကားပြောလိုက်ဦးမယ်။ ဒါမှ ဒီကမြန်မြန်ထွက်လို့ရမှာ"

ခရေစီက ရီကာ့ကိုသေသေချာချာ ငုံ့ကြည့်သေးသည်။ စိတ်ကျေနပ်မှ တံခါးကို ပိတ်ပြီး လမ်းကို ဖြတ်လျှောက်သွား၏။

မြေအောက် မာဖီးယားဂိုဏ်းတစ်ခု၏ လက်ချက်ဖြစ်သည်။ အသတ်ခံရသူမှာ ပြည်နယ်တစ်ခုမှ တရားသူကြီးဖြစ်၏။

မီလန်တွင် သည်ကိစ္စမျိုးမှာ သိပ်မဆန်း။ ခရေစီက သူ့သက်တော်စောင့်လိုင်စင်ကို ထုတ်ပြပြီး သူ မြင်လိုက်ရသမျှကို ပြောပြသည်။ သေနတ်သမားနှစ်ယောက်၏ ပုံသဏ္ဌာန်ကိုလည်း ပြောပြသည်။ မြို့ပေါ်မှ ထောင်ပေါင်းများစွာသော လူငယ်တို့၏ ပုံသဏ္ဌာန်။

ဘောက်စဝက်ဂွန်း ကားနံပါတ်ကိုလည်း ပြောပြလိုက်သည်။ ကားက ခိုးစီးလာသည့်ကား ဖြစ်မည်မှာ မုချ။

ကိုမိုသို့ မောင်းပြန်လာသည့် တစ်လမ်းလုံး ရီကာတစ်ယောက် နောက်ခုံတွင် ငြိမ်လျက်သား လိုက်ပါလာသည်။ နာရီဝက်လောက်ကြာတော့မှ ပေါက်ကွဲထွက်လာတော့၏။

"တိရစ္ဆာန်တွေ၊ လမ်းပေါ်က လူတွေကို လိုက်သတ်နေတဲ့ တိရစ္ဆာန်တွေ"

ခရေစီက ဘာမှမပြော။ ပခုံးကိုသာ တွန့်ပြလိုက်သည်။

"ရှင့်လက်ထဲမှာ သေနတ်ရှိလျက်နဲ့ ဘာလို့မပစ်တာလဲ"

ရီကာက ခရေစီဘက် လှည့်ပြီး မဲပြန်သည်။

"ကိုယ့်အလုပ်မှမဟုတ်ဘဲ"

ခရေစီက ပြတ်ပြတ်သားသားပင် ဖြေလိုက်၏။

"နောက်တစ်ခုက ကားပေါ်မှာ သေနတ်သမားတစ်ယောက်ရှိသေးတယ် ခင်ဗျ။ လက်ထဲမှာ စက်သေနတ်နဲ့။ ကျုပ်က ဟိုနှစ်ယောက်ကိုပစ်တာနဲ့ သူက ခင်ဗျားနဲ့ ကျုပ်ကို စကာပေါက်ဖြစ်အောင် လုပ်ပစ်မှာ။

သည်တော့မှ ရီကာ ငြိမ်သွား၏။

ခရေစီက နောက်ကြည့်မှန်ထဲမှ လှမ်းပြီး အကဲခတ်လိုက်သည်။ ရီကာသည် သူ့ကိုယ်ပိုင်ကမ္ဘာတွင် ငြိမ်းချမ်းပျော်ရွှင်စွာ သွားလာလှုပ်ရှားနေသူ ဖြစ်သည်။ သည်ကမ္ဘာကလေးကို ယနေ့အဖြစ်အပျက်က ကိုင်လှုပ်ပစ်လိုက်သကဲ့သို့ ရှိ၏။

အနီရောင်ရုံမြင်ကွင်းက ရပ်မြင်သံကြား မှန်ချပ်ထဲမှ ခုန်ထွက်လာပြီး သူ့ရှေ့

မှောက်သို့ တကယ်ပင် ရောက်လာခဲ့ခြင်းဖြစ်သည်။ ရီကာက သူ့ကိုယ်သူ ငုံ့ပြန်ကြည့်နေလိုက်သည်ကို ခရေစီက မှန်ထဲမှ တွေ့နေရ၏။ ရှေ့သို့ အနည်းငယ်ကိုင်းပြီး ဆံပင်ပေါ်တွင် တင်နေသည့် မှန်စကလေးကို ဖယ်ပစ်လိုက်သည်။

"ရှင် သိပ်မြန်တာပဲ ခရေစီ၊ ရှင် ဘယ်လို ရီကာ့အနားရောက်လာတယ်ဆိုတာတောင် မသိလိုက်ဘူး။ ဘုရားမလို့ပေါ့။ ရှင်သာ မလာခဲ့ရင်"

ခရေစီက အိမ်ရှေ့တွင် ထိုးဆိုက်လိုက်သည်။ ရီကာက ကားပေါ်မှဆင်းပြီး အိမ်ထဲသို့ လှမ်းဝင်မည်လုပ်ရင်း

"ရီကာ့ကို ဘရန်ဒီများများထည့်ပြီး ယူပေးပါလား ခရေစီ။ သောက်လိုက်မှဖြစ်မယ်၊ လာလေ"

ခရေစီက စတီယာရင်ပေါ်မှာ လက်မဖြုတ်ဘဲ

"ပင်တာအတွက်ကကော"

"ဟင်… ပင်တာ ဟုတ်လား"

"ငါးနာရီထိုးဖို့ ဆယ့်ငါးမိနစ်ပဲ လိုတော့တယ်လေ"

"အို… ဟုတ်သားပဲ။ စိတ်တွေလည်း ထွေကုန်ပါပြီ။ ဒါဖြင့် သွားလေ၊ ရှင်နဲ့ နောက်မှပဲ တွေ့တာပေါ့"

ကားကို နောက်ဆုတ် မောင်းထွက်သွားပုံကို ရီကာက တံခါးပေါက်တွင် ရပ်ပြီး ငေးကြည့် ကျန်ရစ်သည်။ အိမ်ထဲသို့ ဝင်ခဲ့သည်။ ဘရန်ဒီ ခွက်ထဲသို့ ခပ်များများ လောင်းထည့်သည်။ တည်ငြိမ်စပြုလာပြီ။

စောစောကမြင်ကွင်းကို မျက်စိထဲတွင် ပြန်မြင်လာသည်။ လျင်မြန်သည့် လှုပ်ရှားမှုတွေ၊ ကြောက်မက်ဖွယ် အသံဗလံတွေ၊ ပြီးတော့ ခရေစီ၏ လေးလံသောခန္ဓာကိုယ်ကြီး။ သူ၏ သွေးအေးစွာ တည်ငြိမ်မှု။ ကြောက်လိုက်တာ ဆတ်ဆတ်ကို တုန်နေတာပဲ။ ခရေစီကတော့ နကမွတ်။ လုံးဝတုန်လှုပ်မှုမရှိ။ အင်း ရောမ ရောက်နေတဲ့ အက်တိုဆီကို ဖုန်းဆက်ပြောဦးမှ။ အပေါင်းအသင်းတွေကိုလည်း ဖောက်သည်ချရဦးမယ်။ အမှတ်ထင်ထင်အဖြစ်အပျက်တစ်ခု မဟုတ်လား။

သက်တော်စောင့် ငှားမိတာ ဘယ်လောက်ဟုတ်သလဲ။ တကယ့်ကို သတ္တိကောင်းတဲ့ လူကြီး။ သေနတ်ဒဏ်ရာနဲ့ သေနေတဲ့လူကိုကြည့်ပြီးတော့ သူ့မျက်နှာက နည်းနည်းလေးမှ မပြောင်း။ ဘာမှခံစားမှု မရှိသလိုပဲ။ ဒါမျိုးတွေ မြင်နေကျထင်ပါရဲ့။ မိမိမျက်နှာ၊ မေးစေ့တို့နှင့် ထိတွေ့လာသည့် သူ့လက်တွေကိုလည်း

ရီကာ သတိရနေသည်။ အမာရွတ်တွေနှင့် လက်ကြီး။ သည်အမာရွတ်တွေအကြောင်း ပင်တော့ထံမှ သိပြီးဖြစ်သည်။ ပြီးတော့ မျက်တောင်တွေစင်းပြီး မိမိကို စိုက်ကြည့်နေသည့် မျက်လုံးများ။ မိမိရင်ထဲကို ထိုးဖောက် အကဲခတ်နေသည့် မျက်လုံးများ။ ဘရန်ဒီ နောက်တစ်ခွက် ထည့်လိုက်ပြန်သည်။ ဒုတိယခွက်ကို ဖြည်းဖြည်းချင်း သောက်နေ၏။

အက်တိုဆီကို မခေါ်တော့ပါဘူးလေ၊ မနက်ကျမှပဲ ပြောပြလိုက်တော့မယ်။

*

တကယ်တော့ ရီကာပြောသလို သူ မပြန်တော့။ မပြန်သည်မှ လူသာမန်တွေလောက် တောင် မပြန်လိုက်ဘူးထင်၏။ ကိုယ့်အဆင့်အတန်းနှင့်ကိုယ် လျင်မြန်မှုကို တိုင်းတာ မိ၍လားတော့ မသိ။ ခရေစီက အိပ်မပျော်နိုင်ဘဲ နေ့လယ်က မြင်ကွင်းကို ပြန်စဉ်း စားနေ၏။ ဒီညှ ကက်ဆက်လည်း မဖွင့်ဖြစ်။ အရက်လည်း မသောက်ဖြစ်။ သူ့အသိ စိတ်၏ တစ်ပိုင်းတစ်စက တစ်စုံတစ်ရာကို စောင့်စားလျက်ရှိ၏။ ကျန်သည့် အစိတ် အပိုင်းက အဖြစ်အပျက်ကို သရုပ်ခွဲ၍ ပြန်လည်သုံးသပ်နေသည်။ အကယ်၍ ရီကာ သည်သာ လူသတ်သမား၏ပစ်ကွင်းဖြစ်လျှင် သူ့နှေးကွေးပုံနှင့် ရီကာ ခုလောက်ဆို သေနေပြီ။

ယခင်ကသာဆိုလျှင် ကားပေါ်က သေနတ်သမားကို အရင်ရှင်းပြီး လျှပ်တစ်ပြက် အတွင်း ကျန်နှစ်ယောက်ကို ပစ်ခတ်တိုက်ခိုက်နိုင်မည် မုချ။ ငနဲသားနှစ်ကောင် ငါးလှမ်းပင် လှမ်းခွင့်ရမည် မဟုတ်။ သူတို့လုပ်ပုံကိုကြည့်ပြီး သူတို့ကို အကဲခတ်၍ ရသည်။ ကျွမ်းကျင်သူတွေ မဟုတ်။ သူတို့ပစ်သည့် ကျည်ဆန်က တရားသူကြီးကို တစ်ချက်သာ မှန်သည်။ သူတို့အတွက် ကံကောင်းထောက်မသဖြင့် တစ်ချက် တည်းနှင့် ကြွသွားခြင်းဖြစ်၏။ စင်စစ်သူတို့ တိုက်ခိုက်ပုံမှာ လုံး၀နစ်မကျ။ တစ်ယောက်မှ ကားပေါ်က ဆင်းဖို့မလို။ ဆယ်မီတာအကွာလောက်က စက် သေနတ်ဖြင့် ပစ်ရမည်။ သည့်ထက် သေချာသည့် အလုပ်မရှိ။ ဒါကြောင့် သူတို့ တစ်တွေကို မှန်း၍ရသည်။ မနူးမနပ် အကြမ်းဖက်သမားတွေ။

သို့သော် သူကိုယ်တိုင်က သည်မနူးမနပ် ချာတိတ်တွေနှင့်တောင် ယှဉ်နိုင် ပါတော့မလား။ လှုပ်ရှားမှုတွေ လေးလံ နှေးကွေးနေသည် အမှန်။ ကံကောင်း၍ ရီကာ မသေခြင်းဖြစ်သည်။

ခရေစီသည် ဘ၀တစ်လျှောက်လုံး သူ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို လက်နက် သဖွယ် သဘောထားခဲ့၏။ အခြားလက်နက်ပစ္စည်းတွေကို ဂရုစိုက်သလို စိုက်ခဲ့၏။

ဒဏ်ရာရလာလျှင် မူလအတိုင်း ပြန်ဖြစ်အောင် ပြုစုကုသသည်။ အစိတ်အပိုင်းအားလုံးကို ဦးနှောက်ဖြင့် လျင်မြန်စွာ အပေးအယူလုပ်နိုင်လာအောင် လေ့ကျင့်သည်။

ခုတော့ သည်လိုမဟုတ်တော့ပြီ။ သေနတ်တစ်လက်နှင့် မတူတော့။ တစ်ကိုယ်လုံးရှိ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို ပြန်လည်တည်ဆောက်ရမည်။ အလေ့သုံးဆယ် လုပ်၍မရ။ အချိန်ယူရလိမ့်မည်။ ဒုက္ခခံရလိမ့်မည်။ အပြင်ပန်းကြည့်လျှင်တော့ ဟုတ်သယောင်ယောင်။ ကိုယ်အလေးချိန်လည်း ပြေပလောက်အောင် မတက်။ ဂိုက်ဒိုတစ်ယောက်သာ သူ့အခြေအနေမှန်ကို သိနေသည်။ သူ့ကြွက်သားတွေမှာ အရင်ကလောက် တင်းတင်းရင်းရင်း မရှိတော့။ ဘယ်လောက်ကောင်းသည့် စက်ဖြစ်ဖြစ် ပစ်ထားလျှင် သံချေးတက်မည်သာ။

သူ့ကိုယ်သူ ပြန်လည်တည်ဆောက်မည်ဆိုလျှင် လပေါင်းများစွာ အချိန်ယူရလိမ့်မည်။ သတိကြီးစွာနှင့် စနစ်တကျ ပြန်စရမည်။ မနက်တိုင်း တစ်နေ့ဆယ်မိနစ် ကာယလေ့ကျင့်ခန်းကို အခန်းထဲတွင် ကျိတ်ပြီး လုပ်ရမည်။ နောက်မှ တစ်ဆင့်ပြီး တစ်ဆင့် ပြန်တက်ရမည်။ ပြီးတော့မှ အားကစားရုံတစ်ခုခုတွင် အလေးမ ခြင်း၊ တန်းဘားလွှဲခြင်းတို့ ဆက်လုပ်ရမည်။ ယခင်အတိုင်း ပြန်ဖြစ်ကို ဖြစ်ရမည်။ သိပ်နောက်မကျသေး။ သို့သော် အချိန်မိရုံကလေးသာ ကျန်တော့သည်။

*

"ဦးဦးရဲ့သေနတ်နဲ့ မပစ်ဘူးလား ဦးဦးရဲ့"

"မတူဘူးလေ ပင်တာ"

ကိုမိုကို အသွားတွင် ပင်တာ စပ်စုနေခြင်းဖြစ်၏။ ခရေစီက ပင်တာကို လေ့ကျင့်ပေးနေရာမှ တာထွက်ကို လက်ခုပ်သံအစား သေနတ်သံဖြင့် ထွက်စေချင်၍ ကစားစရာဆိုင်တွင် သေနတ်ရှာရန် ထွက်လာခဲ့ခြင်း ဖြစ်၏။

"ဦးသေနတ်လည်း ဒိုင်းခနဲ မြည်တာပဲ မဟုတ်လား"

"မြည်တာပေါ့၊ ကျည်ဆန်လည်းထွက်တယ်"

"ဒါဆို မိုးပေါ် ထောင်ပစ်လိုက်ပေါ့ ဦးရ"

"သြော်... ပင်တာကလည်း၊ ထောင်ပစ်တာတော့ ဟုတ်ပါပြီ။ အဲဒီ ကျည်ဆန်က ကောင်းကင်မှာ တင်နေမှာမဟုတ်ဘူး။ ပြန်ကျလာဦးမှာ။ တစ်မိုင်လောက်က ပြန်ကျလာမယ့် ကျည်ဆန်ရဲ့ အန္တရာယ်က ရှိသေးတယ်လေ"

ပင်တာက ခုမှ သဘောပေါက်သွားသည်။ ကားပေါ်တွင် သတင်းစာကို

လှန်ဖတ်ရင်း ငြိမ်သွား၏။ ကစားစရာဆိုင်ကြော်ငြာတွေကို လိုက်ကြည့်နေရာမှ ပေဒင်ကဏ္ဍကို အာရုံစိုက် ကြည့်နေပြန်သည်။

"ဦးဦးက ဘာနေ့သားလဲဟင်"

ခရေစီ စိတ်ရှုပ်သွား၏။

"ဦးဦးမွေးတဲ့ရက်ကို မေးတာပါ"

"ဧပြီလ ၁၅ ရက်"

"ဧပြီလ ၁၅ ရက် ဟုတ်လား။ ဟင် ဒါဖြင့် နီးနေပြီ"

ပင်တာက နေ့တွေ ရက်တွေကို တွက်နေပြီ။

"တနင်္ဂနွေနေ့ကျတယ်"

ခရေစီက ပခုံးတွန့်ပြသည်။ လုံးဝ စိတ်မဝင်စားသွားသည့်ပုံမျိုး။ သို့သော် ပင်တာလေးက မွေးနေ့မွေးရက်ပွဲများတွင် အလွန်ပျော်သည့်အရွယ်။

"ကျောင်း ပြေးခုန်ပစ်ပွဲ ပြီးတဲ့နေ့ပဲ ဦးရဲ့။ မာရီယာကို ကိတ်မုန့် ဖုတ်ခိုင်းမယ်။ ဦးဦး အဲဒီနေ့မှာ အသက်ဘယ်လောက်ရှိမှာလဲဟင်"

ခရေစီက ပင်တာကို ဘုကြည့် လှမ်းကြည့်သည်။

"မုန့်လည်း ဖုတ်မနေနဲ့။ မာရီယာကိုလည်း သွားပြီး ဒုက္ခပေးမနေနဲ့။ ကျုပ်အရွယ်က မွေးနေ့ပွဲတွေလုပ်တဲ့ အရွယ်ကို ကျော်ခဲ့ပြီခင်ဗျ"

"ဟာ... ဦးကလည်း မဟုတ်တာ။ တစ်ခုခုတော့ လုပ်ရမယ်။ မေမေနဲ့ ဖေဖေလည်း မရှိဘူး"

ပင်တာ့ဦးခေါင်းထဲသို့ အလင်းရောင်တစ်ချက် လက်သွားသည်။

"ပျော်ပွဲစားထွက်ရင် မကောင်းဘူးလား၊ တောင်ပေါ်ကိုလေ"

"ကောင်းပြီလေ၊ စနေနေ့ပွဲစဉ်တွေမှာ အနိုင်ရမှနော်"

"တကယ်နော်"

"တကယ်ပေါ့၊ နိုင်ရင်သွားမယ်၊ မနိုင်ရင် မသွားဘူး"

"စိန်လိုက်"

"ဒါလောက် လေ့ကျင့်ထားပြီးမှ မင်းနိုင်ဖို့ သေချာပါတယ် ပင်တာ"

*

ပြေးခုန်ပစ်ပြိုင်ပွဲနေ့တွင် အဖေနှင့် အမေ မရှိ၍ ပင်တာ အကြီးအကျယ် စိတ်ဓာတ်ကျနေ၏။ နယူးယောက်ခရီးက အရေးကြီးနေသဖြင့် အဖေ့နောက်သို့ အမေ

လိုက်သွားရသည်။ ရိုကာ စိတ်တော့မကောင်း။ နောက်လည်း ဒီပွဲမျိုးနဲ့ ကြုံဦးမှာ ပါလေဟု စိတ်ဖြေရ၏။

ကျောင်းရှေ့တွင် ကားထိုးရပ်လိုက်သည်။ ပင်တာက

"ဦးဦးပဲ လိုက်ခဲ့ပါ ဦးရယ် နော်၊ လာပါဦးဦးရယ်"

ခရေစီက ချီတုံချတုံဖြစ်နေသည်။ အထက်တန်းကျောင်းလွှာ မိသားစုတွေ စုဝေးရာအရပ်သို့ သူ ဝင်လို့ဖြစ်ပါ့မလား။ သူတို့ကကော အဝင်ခံပါ့မလား။

"လာပါ ဦးရယ်၊ ဘယ်သူမှ ဘာမှမပြောပါဘူး"

သနားစဖွယ် တောင်းပန်နေသော ပင်တာ့မျက်နှာကလေးကို ခရေစီက ငေးကြည့်နေသည်။ ပြီးတော့မှ ခေါင်းညိတ်ပြီး ကားပေါ်က ဆင်းလိုက်သည်။

စင်စစ် ပင်တာတို့ကျောင်း ပြေးခုန်ပစ်ပြိုင်ပွဲသည်အထက်တန်းလွှာတို့၏ စုဝေးပွဲတစ်ခုဖြစ်သည်။ မျဉ်းကြားဆွဲထားသော ရွက်ထည်မဏ္ဍပ်ကြီးထဲတွင် ယမကာ မျိုးစုံရသည်။ ဝတ်ကောင်းစားလှများကို တောက်ပသစ်လွင်စွာ ဆင်ယင်ထုံးဖွဲ့ ထားကြသည့် လူကုံထံတွေချည်း။ လက်ထဲတွင် ယမကာခွက် ကိုယ်စီနှင့်။

ပင်တာက အဝတ်လဲခန်းထဲသို့ ပြေးဝင်သွားတော့ ခရေစီတစ်ယောက်တည်း ငေါင်စင်းစင်း ကျန်ရစ်သည်။ ဆွေးဖော်ကြောဖက် လုပ်မည့်သူ မရှိ။ စိတ် မသက် မသာနှင့် လူရှင်းသည့် တစ်နေရာတွင် သွားရပ်နေသည်။ ဆရာမကြီးက သူ့ကို မြင်သွားပြီး သူ့ဆီလျှောက်လာတော့ ပို၍ အနေရအထိုင်ရ ကျပ်သွား၏။

"မစ္စတာခရေစီ မဟုတ်လား "ဟု ပြုံးပြီးမေးသည်။

ခရေစီက ခေါင်းညိတ်ပြီး ပင်တာ့မိဘတွေ ခရီးထွက်နေကြကြောင်း ပြောပြသည်။ ဆရာမကြီးက စိတ်မကောင်းဖြစ်သွားဟန်နှင့်

"ကလေးကတော့ ဒီလိုနေ့မျိုးမှာ သူ့မိဘတွေကို ရှိစေချင်မှာပဲနော်၊ ဒါကလည်း သဘာဝကိုး"

ဆရာမကြီးက ဖျတ်ခနဲ ခရေ့စီလက်မောင်းကို ဆွဲပြီး

"လာ၊ ကိစ္စမရှိဘူး။ ဒီနေ့ ရှင်က ပင်တာ့ရဲ့ ကိုယ်စားအဖေပေါ့။ လာပါ၊ တစ်ခုခုသောက်ပါဦး။ မီတာ ၁၀၀ ပွဲစဉ်က နာရီဝက်လောက် လိုသေးတယ်"

ဆရာမကြီးက ခရေစီကို ရွက်ထည်မဏ္ဍပ်အတွင်းသို့ခေါ်သွားသည်။ ရေခဲစိမ် ဘီယာပုလင်း ယူပေးပြီး နောက်ကျောင်းသားမိဘ တစ်ဦး နှစ်ဦးနှင့် မိတ်ဆက် ပေးသည်။

သို့သော် စိတ်ထဲတွင် တင်းကျပ်နေဆဲ။ ပွဲစဉ်တွေစလို့ မဏ္ဍပ်ထဲတွင် လူရှင်းသွားမှ နေသာထိုင်သာ ရှိသွား၏။

နေ့ဦးပေါက်ဖြစ်၍ ရာသီဥတုမှာ ကြည်လင်တောက်ပနေ၏။ ပြိုင်ပွဲဝင်ကျောင်းသူကလေးတွေမှာ အချို့ အပျိုဖော်ဝင်နေပြီ။ ဘောင်းဘီတိုကလေးတွေနှင့် ကြည့်၍ကောင်းလှ၏။ အားလုံးလှနေသည်။ ရှုမငြီးနိုင်သော မြင်ကွင်းဖြစ်၏။

မီတာ ၁၀၀ ပွဲစဉ်စချိန်တွင် ပင်တာ ထွက်လာသည်။ ပင်တာသည် အားလုံးထက်လှနေ၏။ သူ့ကိုယ်လုံးကလေးမှာ ဖွံ့ဖြိုးစ ပြုနေပြီ။ သို့သော် ပင်တာသည် ခရေစီအတွက် ပီဘိကလေးငယ်ကလေး။

ပင်တာတို့ တာထွက်ဖို့ ပြင်ဆင်နေချိန်တွင် ခရေစီ ရင်တွေခုန်နေသည်။ ပင်တာကို ထိပ်ဆုံးမှာ ရှိနေစေချင်သည်။

အို… ပူစရာမလိုပါဘူး။ သေသေချာချာလေ့ကျင့်ပေးထားတာပဲ။

ပင်တာ တာထွက်ပုံမှာ လေးညို့မှလွှတ်လိုက်သည့် မြားတစ်စင်းပမာ မြန်လွန်းလှသည်။ ပန်းဝင်တော့ သူ့နောက်မှ ကျောင်းသူကလေးကို ငါးကိုက်တိတိ ဖြတ်ချခဲ့သည်။ ပင်တာက ပန်းဝင်ပြီး ခရေစီရှိရာသို့ ဆက်ပြေးလာသည်။ ပြီးတော့ လည်ပင်းကို တအားခုန်ဖက်လိုက်ပြီး

"ပင်တာ ပထမ ဦးဦး၊ ပင်တာ ပထမ"

ဝမ်းသာအားရ အော်ပြောနေသည်။

ခရေစီ ဂုဏ်ယူဝင့်ကြွားစွာ ပြုံးနေ၏။ ပီတိသုခတွေ သူ့တစ်ကိုယ်လုံး ဆွတ်ပျံ့စွာ ဖြာဝေလျက်။

ပင်တာ့အတွက် အပျော်ဆုံးနေ့။ ပြီးတော့ ခရေ့စီအပြုံးကို ပထမဆုံး မြင်ဖူးသောနေ့။

*

"မွေးနေ့မင်္ဂလာပါ ဦးဦး"

မြက်ခင်းပေါ်တွင် ကော်ဇောအကြားကြီး ခင်းပြီး လှဲနေရာမှ ခရေစီက တအံ့တသြ ခေါင်းထောင်ကြည့်လိုက်သည်။

ပင်တာက စက္ကူဖာလေးတစ်ခု လှမ်းပေးသည်။

"ဘာလဲ ပင်တာ"

"မွေးနေ့လက်ဆောင်ပါ ဦးရ"

"ညည်းကို ကျုပ် ပြောမထားဘူးလား၊ ဘာမှမလုပ်နဲ့လို့"

ပင်တာက ကော်ဇောပေါ်တွင် ထိုင်ချလိုက်သည်။

"ပြေးပွဲမှာ ပထမရအောင် ကူညီတဲ့အတွက် ကျေးဇူးတင်လို့ပါ ဦးရဲ့"

ခရေစီက စက္ကူဖာလေးကို ကော်ဇောပေါ်တွင် ချပြီး ကားပေါ်မှ ပျော်ပွဲစားခြင်းတောင်း ယူရန် ထသွားသည်။ သူ စိတ်ရှုပ်ထွေးသွား၏။ 'ကျေးဇူးတင်ပါတယ်' ဟူသည့် စကားလုံးသည် သူ့အတွက် ပြောနေကျ စကားလုံးမဟုတ်။

လွန်ခဲ့သည့် အပတ်က သူ့အမေနှင့် ဈေးလိုက်သွားသည်။ သည်တုန်းက ဝယ်လာတာ ဖြစ်ရမည်။ အဖိုးတန်ပစ္စည်း မဟုတ်ပါစေနဲ့ဟုသာ ဆုတောင်းနေတော့မည်။ လက်ဆောင်ရသူအနေနှင့် မည်သို့ ဟန်ဆောင်ပန်ဆောင် လောကဝတ်စကား ဆိုရမည်ကို သူမသိ။

ပင်တာ ပျော်ပွဲစားခြင်းကို ဖွင့်နေသည်အထိ စက္ကူဖာကလေးကို မဖွင့်ရသေး။ ပင်တာကလည်း ခရေစီ အနေရကျပ်နေမှန်း သိသည်။

မာရီယာက စားစရာတွေ ဖွယ်ဖွယ်ရာရာ လုပ်ပေးလိုက်၏။ အားလုံးဖြေပြီးတော့ ပင်တာက အားရဝမ်းသာနှင့် အံ့သြနေသည်။ ကြက်ကင်အေး၊ ကြက်ဥ၊ နွားကလေးသား၊ ဝက်ပေါင်ခြောက် စုံနေသည်။ ဖလောရင့်ပြည်နယ် ခလေ့အရ ချက်ထားသည့်ဟင်းလျာတွေ။ ရေတ်ကောင်း၊ ထောပတ်သုတ်ထားသည့် ပေါင်မုန့်ညိုနှင့် ပစ်ဇာမုန့်ရှက်တွေလည်း ပါသည်။ ပြီးတော့ သစ်သီးမျိုးစုံနှင့် ဝိုင်ဖြူနှစ်ပုလင်းကို သတင်းစာနှင့်ပတ်ပြီး ထည့်ပေးလိုက်သေး၏။

'မက်ဂိုရီ' ကန်ရေပြင်ကို စီးမိုး၍ မြင်နေရသည့် မြက်ခင်းတစ်နေရာတွင် သူတို့ နေရာယူထားခြင်းဖြစ်၏။ ထင်းရှူးပင်တွေကို ခုတ်ပြီး နွေစားကျက်မြေ လုပ်ထားသည့် နေရာ။

ဟိုးအဝေးတွင် ဆွစ်ဇာလန်ပြည်ဘက်သို့ ဖြာဆင်းသွားသည့် တောင်တန်းကြီးများ။ မြင့်မားလှသည့် တောင်ထွတ်များပေါ်တွင် ဆီးနှင်းတွေဖွေးလျက်။ သူတို့ရှေ့တည့်တည့်တွင်ကား 'ပို' တောင်ကြား ချိုင့်ဝှမ်းဒေသ။ မိုးကုပ်စက်ဝိုင်းဆီသို့ ပြန့်ထွက်သွားသည်။

မကြာမီ အခင်းကော်ဇောကြီးပေါ်တွင် ပလတ်စတစ် ပန်းကန်တွေ၊ သံဘူးတွေနှင့် ပြည့်နှက်သွားတော့၏။ ခရေစီက ဝိုင်ခွက်နှစ်ခွက်ထဲသို့ ငှဲ့ထည့်သည်။

"ဗောက်ထရောက် စန်ကျဲ"

ခရေစီက ပြောတော့ ပင်တာက ပြန်မေးသည်။

"ဘာလဲ ဦးရဲ့"

"ပြင်သစ်လိုလေ။ အဓိပ္ပာယ်ကတော့ 'ကျန်းမာရေးအတွက် သောက်ကြပါစို့' ပေါ့"

"ယမ်းဆင်း" ဟု ပင်တာက ပြန်ပြောရင်း ခရေစီ တအံ့တသြဖြစ်နေသည်ကို ကြည့်ပြီး ရယ်နေ၏။

"တရုတ်စကားလေ"

"အေးပါ၊ ကျုပ်သိပါတယ်။ ဘယ်လိုလုပ်ပြီး ညည်းက"

ပြီးမှ သူ သတိရလိုက်သည်။ မာကိုပိုလိုစာအုပ် သူ ဖတ်ပြီးလောက်ပြီ။ အတော်မှတ်ဉာဏ်ကောင်းတဲ့ ကလေးမပါလား။

ဘာသာစကားများအကြောင်းပြောကြရင်း ခရေစီက ပင်တာကို ရယ်စရာ ပြောပြသည်။

ဥရောပခရီးကို ပထမဆုံးထွက်လာသည့် အမေရိကန်တစ်ယောက်အကြောင်း။ သင်္ဘောပေါ်တွင် နံနက်စာစားတော့ အင်္ဂလိပ်စကား လုံးဝမတတ်သည့် ပြင်သစ် လူမျိုးတစ်ယောက်နှင့် တစ်ဝိုင်းတည်းကျသည်။ အမေရိကန်ကလည်း ပြင်သစ် စကား တစ်ခွန်းမျှ မပြောတတ်။

အစားအသောက်တွေ ရောက်လာတော့ ပြင်သစ်က စပြောသည်။

"ဘွန် အပတ်တိ"

အမေရိကန်က သူ့ကိုယ်သူ မိတ်ဆက်သည် ထင်ပြီး

"ကျွန်တော်က ဟာဗေဂရန်ဂျာ ပါ" ဟု ပြန်ပြောလိုက်၏။ နောက်နေ့မနက် ဆုံတော့လည်း ပြင်သစ်က 'ဘွန် အပတ်တိ' ဟု ထပ်ပြောပြန်သည်။ အမေရိကန် ကလည်း 'ဟာဗေဂရန်ဂျာ' ဟု ပြောပြန်၏။

သည်လိုနှင့် နောက်ရက်ပေါင်းများစွာ စခန်းသွားနေကြပြီး တစ်နေ့ အရက် ကောင်တာတွင် အမေရိကန်အချင်းချင်းဆုံတော့ စကားစပ်မိကြပြီး ဟာဗေဂရန်ဂျာ ဆိုသူက

"ပြင်သစ်တွေက တော်တော်ဆန်းတယ်ဗျ"

"ဘယ်လိုဆန်းတာတုံး"

ဟာဗေက အဖြစ်အပျက်ကို ပြောပြပြီး

"ဘယ်ဗျာ၊ မိတ်ဆက်တာ တစ်ခါဆို တော်ရောပေါ့။ ခုတော့ အကြိမ် တစ်ဒါဇင် မကတော့ဘူး။"

"သူနာမည်က ဘယ်သူတဲ့တုန်းဗျ"

"ဘွန် အပတ်တိတဲ့ဗျ"

သည်တော့မှ အမေရိကန်က ခွက်ထိုးခွက်လန်ရယ်ပြီး

"သေပါတော့ဗျာ၊ ဘွန် အပတ်တိ ဆိုတာ ပြင်သစ်ထုံးစံအရ စားခါနီးမှာ စားလို့ မြိန်ပါစေလို့ ဆုတောင်းတာဗျ"

ဟာဘေ ရှက်သွားတာပေါ့။ ညစာစားဝိုင်းမှာ ကိုပြင်သစ်နှင့်ဆုံတော့ သူက စပြီး

'ဘွန် အပတ်တိ' လို့ စပြောလိုက်တယ်။ ပြင်သစ်က ဘာပြန်ပြောတယ် မှတ်သလဲ။ 'ဟာဘေဂရန်ဂျာ' တဲ့။

ပင်တာက လက်ခုပ်လက်ဝါးတီးပြီး ရယ်သည်။ ခရေစီက စက္ကူဖာကို လှမ်းယူပြီး ဖြေသည်။ စက္ကူပတ်တွေဖြေပြီး အတွင်းမှ သေတ္တာငယ်ကလေးကို ဖွင့်သည်။ ပင်တာက အရယ်ရပ်ပြီး ခရေစီ၏တုံ့ပြန်မှုကို အကဲခတ်နေသည်။

ရွှေဖြင့်အတိပြီးသည့် လက်ရာမြောက် လက်ဝါးကပ်တိုင် ဆွဲကြိုးကလေး။ ဘာပြုလို့ ဒါကိုမှ ပင်တာ ရွေးပြီး ပေးသည့်အကြောင်း ခရေစီက သဘောပေါက်သည်။

တစ်ခါတုန်းက သူတို့ ဘာသာရေးအကြောင်း ပြောဖြစ်ကြသည်။ ဘာသာ ရေးသည် ခရေစီအတွက် အလွန်မရေမရာနိုင်သည့် ဝိရောဓိ ပြဿနာကြီး ဖြစ်၏။

မိဘတွေက ဗရင်ဂျီဘာသာဝင်တွေ။ သူလည်း မိရိုးဖလာအစဉ်အလာအရ ဘုရင်ဂျီဘာသာဝင်။ သူ့အမေသည် ဂိုက်ဒို့အမေကဲ့သို့ပင် ဘုရားသခင်ကို အလွန် အမင်း ယုံကြည်သက်ဝင်သူ။ ဘုရားသခင်သည် အရာရာကို ကူညီစောင့်ရှောက် လိမ့်မည်ဟု စွဲမြဲယုံကြည်သူ။

သို့သော်...

သူတို့မိသားစုသည် ဘုရားသခင်ထံမှ မည်သည့်ကူညီစောင့်ရှောက်မှုကိုမျှ မခံခဲ့ရ။ လောကဓံကို အလူးအလဲခံကြရ၏။

*အမေ နမိုးနီးယားနှင့် အိပ်ရာထဲ* လဲနေချိန်တွင် ဆေးကုစရာ ပိုက်ဆံ တစ်ပြားမှ မရှိ။ အမေ သေသွားသည်။ နောက်တစ်နှစ်တွင် အဖေက အရက် ချိုးကပ်ဘဝဖြင့် အမေ့နောက် လိုက်သွား၏။ အသက် ၁၄ နှစ်တွင် အိမ်နီးနားချင်း

တစ်ဦးက ခေါ်ပြီး စောင့်ရှောက်ထားသည်။ စင်စစ် သူ့ယာခင်းတွင် ဈေးပေါပေါနှင့် အလုပ်သမားတစ်ဦး ရလိုက်ခြင်းဖြစ်၏။ ၁၈ နှစ်သားတွင် အိမ်မှ ထွက်ပြေးပြီး ကမ်းတက်တပ်သို့ ဝင်သည်။ ဤသည်မှာ ငယ်ဘဝ အတွေ့အကြုံများ။

ကြီးလာတော့လည်း ဘုရားသခင်ကို ယုံကြည်သက်ဝင်ဖို့ တစ်ခါမှ အခွင့်မကြုံ။ သူ့မျက်စိအောက်တွင် သန်းပေါင်းများစွာသော အပြစ်မဲ့သူတွေ သေကြေပျက်စီးနေကြ၏။

တန်ခိုးတော်ရှင်သည် ငိုရှိုက်သံတွေကို ကြားတော်မမူလေ။

ကလေးသူငယ်တွေ နပန်းအဆိပ်ဗုံးဒဏ်ကြောင့် လောင်ကျွမ်းသေဆုံးကြခြင်းသည် ဒုစရိုက် ပြမှားမိ၍တော့ မဟုတ်တန်ရာ။ ရက်စက်စွာ အဆက်မပြတ်မုဒိမ်းကျင့်ခံရသူ မိန်းကလေးတစ်ယောက် အဖဘုရားသခင်ကို အော်ဟစ်တမ်းတသည်။ မည်သည့်ကယ်တင်ရှင်မှ ရောက်မလာ။ ရဟန်းတစ်ပါးကို သေသည်အထိ ညှဉ်းပန်းနှိပ်စက်ခဲ့သော လူလွန်မသားတစ်ယောက်သည် အနာမဲ့စွာ အသက်ရှင်လျက်ရှိ၏။ နောင်ဘဝတွင်မှ သူငရဲကျမည်တဲ့လား။ သည်ဘဝတွင် အပြစ်မဲ့သူတွေကို အရှင်လတ်လတ် ငရဲကျစေခဲ့ပြီးလေပြီ။

ခရေစီက သည်တက္ကဗေဒကို ဘယ်လိုမှ သဘောမပေါက်။ ပုတ်ရဟန်းမင်းကြီး ဖိလစ်ပိုင်သို့ ကြွမြန်းစဉ် ထိုနိုင်ငံတွင် သူရှိနေသည်။ အာရှတွင် ဗရင်ဂျီဘာသာဝင် အများဆုံးနိုင်ငံ၊ အဆင်းရဲဆုံးနိုင်ငံလည်း ဖြစ်ကောင်းဖြစ်မည်။ တိုင်းပြည်နှင့် လူမျိုးကသာ မွဲသည်။ ဘုရားရှိခိုးကျောင်းကြီးတွေက ကြီးကျယ်ခမ်းနားလှစွာ၏။ ဖိလစ်ပိုင်ဂိုဏ်းချုပ်ကြီးသည် ပုတ်ရဟန်းမင်းကို ကြိုဆိုရန် အနိုင်နိုင်ငံမှ ဂိုဏ်းချုပ် ဘုန်းတော်ကြီးများနှင့်အတူ မနီလာတွင် စုဝေးလျက်ရှိ၏။ နောက်ရက်အနည်းငယ်တွင် မနီလာမှ ဟောင်ကောင်သို့ လေယာဉ်ဖြင့်ပြန်ခဲ့သည်။

ယင်းနှင့် ဆန့်ကျင်ဘက် လောကတစ်ခုကို ရောက်ဖူးသေးသည်။

ကွန်ဂိုနှင့် ဗီယက်နမ်မှ သာသနာပြုများ။ မည်သည့် ဆုလာဘ် ပကာသနမှ ချီးမြှင့်ပေးသနားခြင်း မခံကြရ။ ရှန်ပိန်ဆိုတာ မမြင်ဖူးကြ။ သည်လိုနှင့် သူတို့ဘဝတွေ ကုန်လွန်နေကြ၏။

ကွန်ဂိုတုန်းက သာသနာပြု ဆေးရုံတစ်ရုံသို့ သူနှင့် ဂိုက်ဒို ကားတစ်စီးနှင့် သွားခဲ့ကြပုံကို သတိရသေးသည်။ သူတို့က ဘဲလ်ဂျီယံ သီလရှင် လေးပါးအား အမြန်ဆုံး ဆေးရုံကိုစွန့်ခွာဖို့ သွားသတင်းပို့ခြင်းဖြစ်၏။ သူပုန်တွေ ၂၄ နာရီ

အတွင်း ရောက်လာတော့မည့်အကြောင်းကိုလည်း ပြောပြ၏။ စစ်တပ်က ဆုတ်ပေးရပြီဖြစ်၍ သူတို့ကို အကာအကွယ်ပေးမည့်သူ မရှိတော့ကြောင်းကိုလည်း ပြောပြ၏။ ဘယ်လိုမှ ပြော၍မရ။ သူတို့တာဝန်မှာ လူနာတွေနှင့် နေရမည်ဖြစ်ကြောင်း ပြောပြီး ဖွတ်ငြင်း၏။ သူတို့နှင့်အတူလိုက်မလာလျှင် သီလရှင်တွေ ဘယ်အထိ အခြေအနေ ဆိုးနိုင်ကြောင်း ခရေစီက တွက်ပြ၏။ သို့သော် မရ။

ခရေစီက လင်းရီဗာကားကို မောင်းထုတ်မည်ပြုပြီးမှ ချီတုံချတုံ ဖြစ်နေ၏။ သီလရှင်လေးဦးအနက် အငယ်ဆုံးသီလရှင်မှာ နုနယ်ပျိုမျစ်ပြီး ဖွံ့ချစ်စဖွယ် ရုပ်ရည်ရှင်ဖြစ်၏။ ခရေစီက စိတ်မချနိုင်ဘဲ သူ့ကို လှမ်းပြီးလက်ယပ်ခေါ်၍ ထပ်ပြောသည်။ အဆိုးဆုံးဖြစ်စရာရှိလျှင် သူကလေးသာ ဖြစ်ဖို့ရှိကြောင်း၊ ကျော်မကောင်း ကြားမကောင်းနှင့် မရှုမလှ သေရမည်ဖြစ်ကြောင်း ပြောပြသည်။

"ဘုရားသခင်ရဲ့ အလိုတော်အတိုင်းပေါ့ရှင်"

သီလရှင်ကလေးက တည်ငြိမ်စွာပြုံးရင်း ပြန်ပြောခဲ့သည်။

သူတို့ တပ်ဆုတ်ပေးရသည်။ တစ်ပတ်ကြာမှ ပြန်သိမ်းနိုင်သည်။ ဆေးရုံဆီသို့ အလျင်ပြေးကြည့်သူနှစ်ဦးက သူနှင့် ဂိုက်ဒီ။ မြင်ရကြားရသည်တို့က မကြားဝံ့ မနာသာ။ မတွေးဝံ့ မမြင်ဝံ့သည့် မြင်ကွင်းတွေ။

ထိုနေ့ညနေတိုက်ပွဲတွင် ခရေစီ အရမ်းကြမ်းတော့သည်။ စက်သေနတ်ကို လက်ကမချဘဲ မည်းမည်းမြင်ရာကို တရကြမ်းပစ်သည်။ သီလရှင်မကလေးကို မုဒိမ်းကျင့် သတ်ပစ်သည့် သူပုန်တွေထက် သူသတ်သည့် ဦးရေက ပိုများမည်ထင်၏။

ဘုရားသခင်က လက်စားချေခြင်းလော။ သို့မဟုတ်၊ ဘုရားသခင်၏ အလိုတော်ကျလော။

အဘယ်ယုတ္တိဗေဒ ပေတံနှင့် တိုင်းတာကြမည်နည်း။ ငြင်းကြခုံကြသည်ကို ကြားဖူး၏။ ဘာသာတရားကို စမ်းသပ်ပြီးမှ လက်ခံနိုင်သည်တဲ့။ စမ်းသပ်မည့် ပုဂ္ဂိုလ်တွေက မည်သူကျွေနည်း။ ရှုန်ပိန်သောက်နေသည့် ရဟာန်းကွေလား။

"ပင်တာကိုယ်တိုင်ဝယ်ခဲ့တာ ဦးရဲ့။ ပင်တာ မုန့်ဖိုးထဲက ဖုံ့စုထားတဲ့ ပိုက်ဆံနဲ့ ဝယ်လာတာ"

ခရေစီက ဘာမှပြန်မပြော။ ကလေးမကိုသာ ငေးကြည့်နေ၏။

"ဦးဦး ဒါလေးဆွဲရတာ မပင်ပန်းပါဘူးနော်"

ပင်တာက ပြုံးပြုံးကလေး ပြောလိုက်သည်။

ခရေစီက ပြန်ပြုံးပြီး ဆွဲကြိုးကလေးကို ဆွဲလိုက်၏။

"ကျေးဇူးတင်ပါတယ် ပင်တာ"

သူ့လက်တစ်ဖက်က ပင်တာ့ပခုံးကိုကိုင်ပြီး အသာအယာ ညှစ်လိုက်သည်။

"ကဲ မင်းလုပ်တာနဲ့ ငါ သူတော်စင်တစ်ယောက် ဖြစ်သွားပြီ၊ ဟုတ်လား"

ပင်တာ အားရပါးရ ရယ်လိုက်ပြီး ခုန်ထလိုက်သည်။

"ဦးဦး မကောင်းဆိုးဝါးနဲ့တွေ့ရင်လေ လက်ဝါးကပ်တိုင်ကလေးကို ရှေ့ထုတ်ပြီး ပြရတယ်တဲ့"

ခရေစီက မဲ့ပြုံး ပြုံးလိုက်၏။ အပြောင်းအလဲတစ်ခုပေါ့လေ။ စက်သေနတ်ကိုင်ခဲ့သည့်လက်က လက်ဝါးကပ်တိုင် ကိုင်ရမည်တဲ့။

ခလောက်သံကြားလိုက်ရသည်။ နွားမတစ်အုပ် သူတို့ရှိရာသို့ လာနေကြ၏။ ရှေ့တော်ပြေး ခွေးတစ်ကောင်က အလျင်ရောက်နှင့်လာသည်။

ပင်တာက ဝက်ပေါင်ခြောက်တစ်တုံး ပစ်ပေးပြီး ခွေးကလေးနှင့် မိတ်ဆက်လိုက်၏။ သူတို့နှစ်ယောက် ချက်ချင်းအဖွဲ့ကျသွားသည်။ ပင်တာက ခွေးကလေးနှင့် မြက်ခင်းပေါ်တွင် ဆော့ဖို့ ပြေးထွက်သွားသည်။ ခရေစီက နောက်မှရောက်လာသည့် နွားအုပ်ပိုင်ရှင်ကို ဝိုင်ငှဲ့တိုက်သည်။

မမေ့နိုင်တဲ့ ငြိမ်းချမ်းအေးမြလွန်းသော နေ့တစ်နေ့။ သူတို့နှစ်ယောက်က စကားတပြောပြောနှင့် ထိုင်ကြည့်နေသည်။

သူတို့ပတ်ဝန်းကျင်တွင် နွားမတစ်အုပ်က မြက်စားလျက်။ နွားအုပ်ထဲတွင် ပင်တာနှင့် ခွေးကလေးက လိုက်တမ်းပြေးတမ်း ကစားလျက်။

"ခင်ဗျားသမီးကလေးက တကယ်ချစ်ဖို့ကောင်းတဲ့ ကလေးပဲဗျာ"

နွားအုပ်ပိုင်ရှင်က မှတ်ချက်ချတော့ ခရေစီ အနေရ အထိုင်ရ ကျပ်သွား၏။

နေဝင်ချိန်ရောက်မှ သူတို့ပစ္စည်းတွေကို သိမ်းပြီး ကားရှိရာသို့ သယ်သွားကြသည်။ ရှင်းသန့်လက်ဆတ်သည့် လေက တဖြူးဖြူး။

ပင်တာတစ်ယောက် အဆော့လွန်ပြီး အိပ်ချင်မူးတူးဖြစ်နေ၏။ တောင်ပေါ်မှ အဆင်းတွင် တဝါးဝါးသမ်းရင်း ထိုင်နေသည့် ကုရှင်ပေါ်တွင် တဖြည်းဖြည်း ခွေကျလာသည်။ နောက်ဆုံး ခရေ့စီပေါင်ပေါ်တွင် ခေါင်းချပြီး ခွေခွေကလေး အိပ်ပျော်သွားတော့၏။

ခရေစီ ကားကို ဖြည်းဖြည်းငြိမ့်ငြိမ့်ကလေး မောင်းပြန်လာသည်။ ရှံဖန်ရှံခါ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေသည့် ပင်တာ့မျက်နှာကလေးကို ငုံ့ကြည့်လျက်။ ဆည်းဆာညခင်း၏ မှုန်ပျပျအလင်းရောင်တွင် အမာရွတ်ကြီးနှင့် သူ့မျက်နှာမှာ သိမ်မွေ့နူးညံ့နေ၏။ ကျေနပ်နှစ်သိမ့်နေ၏။

ငြိမ်းချမ်းအေးမြလေစွ။

□

## (၈)

စန္ဒရား လေ့ကျင့်ခန်းနေ့။

မီလန် အထက်တန်းလွှာ အသိုက်အဝန်းတွင် ကလေးတွေကို ဂီတပညာ သင်ပေးခြင်းသည် ဖက်ရှင်တစ်မျိုးလို ဖြစ်နေသည်။ ရီကာဒက ပင်တာကို ထရမ်းပက်တို့၊ ပလွေတို့ သင်ဖို့ စဉ်းစားမရ။ သူနှင့်လိုက်ဖက်ဆုံးမှာ စန္ဒရားပင် ဖြစ်ရမည်။

သည်တော့ အကောင်းဆုံးစန္ဒရားဆရာတစ်ယောက်ကို စုံစမ်းပြီး သင်စေသည်။ ခရေစီအတွက် စန္ဒရားဆရာဆီသို့ ပို့ရသည့်အလုပ် တိုးလာသည်။ ဆရာက ပင်တာတွင် ပါရမီခံ ရှိသည်ဆိုလျှင် ရီကာဒက စန္ဒရားဝယ်ပေးမည်ဆို၏။

ပင်တာက ဂီတကို ဝါသနာ မပါလှ။ စန္ဒရားကိုလည်း သိပ်စိတ်မဝင်စား။ ခရေစီကလည်း အလားတူ။ ပင်တာကလေး ပင်ပန်းကြီးစွာ လေ့ကျင့်တီးခတ်နေသည့် စန္ဒရားသံကို နားထောင်ဖို့ စဉ်းစားလို့မရ။

သို့သော် သူ့ကမ္ဘာကလေးတွင် ဤကိစ္စမှာ ဘာမှပြောပလောက်သည်မဟုတ်။ သူ အရက်ကို လုံးဝဖြတ်နိုင်ခဲ့ပြီ။ စားမြိန်စာအဖြစ်သောက်သည့် ဝိုင်တစ်ခွက် နှစ်ခွက်မှလွဲပြီး ဘာဆို ဘာမှမသောက်တော့။

မနက်တိုင်း အခန်းတွင်း လေ့ကျင့်ခန်း ယူနေပြီ။ နောက် ညပိုင်းကစားဖို့ အားကစားရုံတစ်ရုံနှင့်လည်း ဆက်သွယ်ထားပြီ။ မူလအခြေအနေအတိုင်း ပြန်ဖြစ်ဖို့ ကြိုးစားလေ့ကျင့်ရုံသာ ကျန်တော့သည်။

အက်တိုနှင့် ရီကာဒတို့ နယူးယောက်မှ ပြန်ရောက်လာကြပြီ။ ပြောဆိုနေသံကို ကြားရကတည်းက ခရေစီ နေမထိ ထိုင်မသာ ဖြစ်နေ၏။

"မဖြစ်ဘူး အက်တို၊ သူ့ကို မြန်မြန်ထုတ်ပစ်မှ"

"ဟော... ဘာဖြစ်လို့လဲ ရီကာရဲ့၊ မင်းပဲ သူ့ကို သဘောကျလှချည်ရဲ့ဆို"

အကြောင်းပြစရာ နှစ်ချက်ရှိသည်။ အလွန်ခိုင်လုံသည့် အကြောင်းပြချက်များ။ သို့သော် တစ်ခုပဲ ရီကာ အသိပေးနိုင်မည်။

"သမီးလေးက သူ့ကို သိပ်ခင်နေပြီ အက်တို"

"ဟာကွာ၊ မဟုတ်နိုင်တာ"

"ဟုတ်တယ်ရှင့်၊ ရှင့်ထက်ပိုပြီး ခရေစီကို ချစ်နေတာ။ အဖေလို တွယ်တာနေပြီ သိလား"

"ကတ်သီးကတ်သတ်ကွာ"

"ဩော်... ရှင်အတော် အပြောရကျပ်ပါလား။ သူတို့နှစ်ယောက်ဟာ တကယ့်သွေးရင်းသားရင်းလို သံယောဇဉ်ဖြစ်နေကြတာ။ အရင်တုန်းက ရီကာလည်း သတိမထားမိဘူး။ ဒီတစ်ခေါက်ပြန်လာမှ ပိုသိလာတာ"

အက်တိုက စဉ်းစားနေပြီး

"မင်း အတွေးလွန်နေတာပါ ရီကာရာ၊ သူနဲ့အနေများတော့ သူ့ကိုခင်မှာပေါ့။ တို့နဲ့က အတွေ့နည်းနေတာကိုး။ ဒါပေမဲ့ အဖေထက်တော့ ဘယ်သူ့ကို ပိုချစ်နိုင်မှာလဲကွာ"

ရီကာက သက်ပြင်းချသည်။

"အက်တို၊ ရှင်ဟာလေ သမီးကလေးနဲ့ပတ်သက်လာရင် ဘာမှအလေးအနက်မရှိဘူး။ ပင်တာက ခရေစီကို အံ့ဩစရာကောင်းလောက်အောင် တွယ်တာနေပြီ။ ညစာ စားရင်လည်း အပြေးအလွှားပဲ။ ပြီးတာနဲ့ မီးဖိုဆောင်ကို တန်းပြေးရော"

ဒါတော့ ဟုတ်သည်။ ခုမှ အက်တို သဘောပေါက်သလိုလိုရှိလာသည်။ မနာလိုချင်သလိုလိုလည်း ဖြစ်လာသည်။

"ရီကာကလည်း ခုတလော သိပ်အလုပ်ရှုပ်နေတော့ အိမ်ပြန်ရောက်လာရင် ကလေးကို သိပ်ဂရုမစိုက်နိုင်ဘူး မဟုတ်လား"

ရီကာ သက်ပြင်းချသည်။ ဖအေလုပ်သူက သမီးကို နားမလည်သေးပါလား။

"ကိုယ်နားလည်ပါတယ်ကွာ။ တို့က သူ့ကို ဂရုမစိုက်သလို ဖြစ်နေတာကိုး။ ပြန်ချော့လိုက်ပေါ့။ သမီးက လိမ္မာတဲ့ ကလေးပဲဟာ။ ပြီးတော့ သိပ်သိတတ်တာ"

ရီကာ သည်ကိစ္စကို စဉ်းစားလာသည်မှာ ကြာပြီ။ ခရေစီ့မွေးနေ့အတွက်

ရွှေလက်ဝါးကပ်တိုင်ဆွဲကြိုးလေး ဝယ်ကတည်းကဖြစ်၏။ အမေလုပ်သူကို လက်မောင်းဆွဲပြီး တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် စိတ်ကြိုက်မတွေ့မချင်း ရှာသည်။ သူလိုလူကို သည်ပစ္စည်းမျိုးဝယ်ပြီး လက်ဆောင်ပေးသည့်အတွက် ရီကာ အံ့သြနေကြောင်း ပြောတော့ ပင်တာက ရယ်ပြီး

"သမီးသိပါတယ် မေမေရဲ့၊ သူ မမျှော်လင့်တဲ့ ပစ္စည်းမျိုး ဝယ်ပေးချင်လို့ပါ။ ဒါပေမဲ့ ခရေစီဝက်ဝံကြီးက သိပ်ထူးဆန်းတယ် မေမေ။ သမီး ဘာကြောင့် ဒီပစ္စည်းကို ဝယ်ပေးတယ်ဆိုတာကို သူ သဘောပေါက်မှာပါ"

ခရေစီသည် အက်တိုအတွက် အန္တရာယ်ဖြစ်နေပြီဟု ရီကာ မြင်နေ၏။ အန္တရာယ်မှာ နှစ်ထပ်ကွမ်းအန္တရာယ်။ တစ်ခုမှာ ပင်တာနှင့်ပတ်သက်ပြီး တစ်ခုမှာ မိမိကိုယ်တိုင်နှင့် ပတ်သက်နေသည်မဟုတ်လား။

နယူးယောက်သို့ ရောက်နေသည့် အချိန်တွေမှာပင် ခရေစီကို သတိရနေမိ၏။ အိမ်ပြန်ရောက်ပြီး သူနှင့်တွေ့တော့ အန္တရာယ်ကို ပို၍မြင်လာသည်။ ထိုညတွင် ရီကာ့အချစ်ကို ခံယူနေသည့် အက်တိုကို အပေါ်ထပ်မှ ခရေစီဟု မှတ်ထင်ခဲ့မိ၏။

သည်အကြောင်းတွေကို အက်တိုအား ပြောပြ၍မဖြစ်တော့။ ပင်တာကိုပဲ အကြောင်းပြရတော့၏။ သမီးကလေးက သူ့အဖေအပေါ်ထားရှိသည့် သံယောဇဉ်ကြီး အတင်း အလျှော့ကို တစ်ခါမှ ရီကာ လေ့လာမကြည့်မိ။ လေ့လာစရာလည်း အကြောင်းမပေါ်ခဲ့။ ဟိုတုန်းက ပြိုင်ဘက်မှ မရှိခဲ့တာကိုး။ သမီးငယ်တို့နှင့် ခရေစီတို့၏ တွယ်တာမှု အတိမ်အနက်ကို ခန့်မှန်းမိတော့မှ ခုနေအခါမှာ ကလေး၏ အာရုံကို ပြောင်းအောင်လုပ်နိုင်လျှင်လုပ်၊ မလုပ်နိုင်လျှင် သိပ်နောက်ကျသွားတော့မည့် အကြောင်း သဘောပေါက်လာခြင်း ဖြစ်၏။

"သူ့ကို အမြန်ဆုံး ထုတ်ပစ်မှဖြစ်မယ် အက်တို"

"ကောင်းပြီလေ၊ သုံးလပြည့်ဖို့လည်း တစ်ပတ်ပဲ လိုတော့တာပဲ။ အဲဒီတော့ ရပ်လိုက်ရုံပေါ့။ စ ငှားကတည်းက ပြောပြီးသားပဲ"

"မဟုတ်ဘူး အက်တို၊ အချိန်ဆွဲမနေနဲ့။ မနက်ဖြန်က စဖြုတ်လိုက်ပါ။ တစ်ခုတော့ ရှိတယ်၊ သူ့အပြစ် ဘာမှမရှိတော့ တန်ရာတန်ကြေးတော့ ပေးလိုက်ပေါ့"

"တစ်ပတ်တည်းနှင့် ဘာများပိုထူးမှာလဲ မိန်းမရာ။ ပြီးတော့လည်း တို့အပေါ် မကောင်းထင်သွားရင် မနိပ်ဘူးလေ"

ရီကာက အကြောင်းအကန် ပြောနေပြန်သည်။ ချက်ချင်းထုတ်မပစ်လျှင်

ပင်တာကို ရောမသို့ ပို့ထားဖို့ တောင်းဆို၏။ သည်တော့မှ ခရေစီလည်း သုံးလ မပြည့်မီ သူ့ဘာသာသူ ထွက်သွားမည်ဟု အကြောင်းပြ၏။

သည်နေရာတွင် အက်တိုက ပြတ်သည်။ အလျှော့မပေး။ သည်တစ်ခါ ကျောင်းရက်ပျက်လျှင် သမီးပညာရေး ထိခိုက်နိုင်ကြောင်းဖြင့် ရီကာ့အဆိုကို ပယ်ချ၏။

အပြန်အလှန် ငြင်းခုံကြ၏။

"ဒီကိစ္စ မင်းပဲ စတာနော် ရီကာ။ မင်း အရှုံးထပြီး ကျက်တော်စောင့်ငှားတာ"

အက်တိုက အညှာကိုင်ပြောတော့မှ ရီကာ လက်မလျှော့စဖူး လက်လျှော့ သွားသည်။ နောက်အပတ်တွင်မှ ခရေစီကို အလုပ်မှ ရပ်နားမည်။

"သိပ်တော့မလွယ်ဘူးနော်"

အက်တိုက စဉ်းစားပြီး ပြောလိုက်၏။ ရီကာက ပခုံးတွန့်ပြီး

"အို သမီးက ငယ်သေးတာပဲ။ ခဏနေ မေ့မေ့ပျောက်ပျောက်ဖြစ်သွားမှာပေါ့"

သည်တစ်ခါတော့ အက်တို့အယူအဆ လေးနက်နေသည်။ အဖြစ်မှန်နှင့် နီးစပ်နေသည်။

"ပင်တာအတွက် ကိုယ်ပြောနေတာမဟုတ်ဘူး ရီကာ"

ပင်တာနှင့် ခရေစီတို့နှစ်ယောက်ကတော့ ခပ်ပျော်ပျော်ပင်။

ပင်တာကို စန္ဒရားသင်တန်းသွားပို့ရင်း လာမည့် တနင်္ဂနွေအကြောင်း ပြောလာခဲ့ကြသည်။ ခရေစီက အီလီယိုတို့ အိမ်ကို နေ့လယ်စာ သွားစားမည့်အကြောင်း ပြောတော့ ပင်တာက သူလည်းလိုက်မည်ဟု ဆို၏။

"ညည်း အဘိုးကြီး အဘွားကြီး ဘယ်မှမသွားဘူးမဟုတ်လား။ ညည်း သူတို့နဲ့ နေရမှာပေါ့"

ခရေစီက ပင်တာကို သာယာညင်းပျောင်းစွာ ဖျောင်းဖျ၏။ အချိန်တွေ အများကြီး ရှိသေးကြောင်း၊ သူ့မိဘတွေ ခရီးထွက်မှ လိုက်ဖို့အကြောင်း။

စန္ဒရားဆရာ၏အိမ်မှာ ဝင်းနှင့်ခြံနှင့် မြက်ခင်းနှင့် ဖြစ်သည်။ ခရေစီက ကားကို ဝင်းအပြင်တွင် ရပ်ထားခဲ့ပြီး ပင်တာကို အိမ်ထဲအရောက် လိုက်ပို့ပေးသည်။

"ပင်တာ သိပ်မကြာပါဘူး ဦး၊ တစ်နာရီလောက်ပါ"

"အေး၊ ပေါက်တတ်ကရတွေ တီးနော်"

ပင်တာက ရယ်ပြီး

"စိတ်ချပါ ဦးရဲ"

ကားထဲတွင် ပြန်ထိုင်ပြီး သတင်းစာဖတ်နေလိုက်သည်။ အိမ်အပေါ်ထပ်ဆီမှ စန္ဒရားသံသဲ့သဲ့ ပျံ့လွင့်နေ၏။

တစ်နာရီခန့်ကြာတော့ အိမ်ဆီသို့ လှမ်းကြည့်လိုက်သည်။

တံခါးပွင့်လာပြီး ပင်တာ ထွက်လာသည်။ အဝေးကြီးမှ လက်ပြပြီး ကားဆီသို့ ပြေးလာသည်။ ပင်တာနှင့် ကား မီတာ လေးဆယ်လောက်အလိုတွင် လမ်းထောင့်ချိုးမှ ကားနက်ကြီးတစ်စီး ဘွားခနဲ ပေါ်လာသည်။ လက်ဖောင်းပေါ်သို့ ဘီးတစ်ဖက်တင်ပြီး အတင်းချိုးကွေ့ကာ ပင်တာဆီသို့ တန်းမောင်းသွားသည်။ ကားပေါ်တွင် လူလေးယောက်။

အခြေအနေကို ချက်ချင်းသိလိုက်၏။ ဝုန်းခနဲ ကားပေါ်မှ ခုန်ဆင်းလိုက်ချိန်တွင် သေနတ်က လက်ထဲရောက်သွားပြီးသားဖြစ်နေသည်။ ပင်တာက ကြောင်ပြီး ရပ်နေ၏။

"ပြေး ပင်တာ ပြေး"

သူက တအားကုန်းအော်လိုက်သည်။

ပင်တာပြေးလာမည့်လမ်းကို ကားနက်ကြီး ပိတ်ရပ်ပြီးသားဖြစ်သွားသည်။ နောက်တံခါးပွင့်လာပြီး လူနှစ်ယောက် ခုန်ဆင်းလာသည်။ ပင်တာက လျှင်သည်။ သူတို့နှစ်ယောက်၏လက်မောင်းအောက်မှလျှိုကာ ခရေ့စီဆီသို့ ပြေးချလာသည်။ လူနှစ်ယောက်က သူ့နောက်မှ ကပ်လိုက်လာသည်။ သူတို့နှစ်ယောက်စလုံးတွင် သေနတ်ကိုယ်စီနှင့်။ ပစ်ခွင့်မသာ ဖြစ်နေ၏။ ပင်တာနှင့် သူတို့နှစ်ယောက်မှာ မျဉ်းဖြောင့်တစ်ကြောင်းတည်း ဖြစ်နေသည်။ တစ်ယောက်က ပင်တာကို မီလာပြီး လက်တစ်ဖက်ဖြင့် ဆွဲခနဲပွေ့ကာ သူတို့ကားဆီသို့ ပြန်ပြေးသွားသည်။ ကျန်တစ်ယောက်က သူ့ဆီကို စပစ်သည်။ ခေါင်းပေါ်ကျော်သွားသည်။ သို့သော် သူ ပြန်ပစ်သည့် ကျည်ဆန်က သေနတ်သမား၏ ရင်ဝတည့်တည့်ကို မှန်သည်။ နှစ်ချက်ဆင့်။

ပင်တာ့ကိုပွေ့ပြေးသူတစ်ယောက်က ကလေးမကို ကားထဲအရောက်သွင်းဖို့ ကြိုးစားနေ၏။ ပင်တာက ရှိသမျှ အင်အားသုံးပြီး အော်ဟစ်ကန်ကြောက်နေ၏။ နောက်ဆုံး ပင်တာကို ကားနောက်ပိုင်းထဲသို့ အတင်းထိုးထည့်ပြီးချိန်တွင် ခရေစီက သူ့အနားသို့ ရောက်လုနေပြီ။ သူက စပစ်ဖို့ ကြိုးစား၏။ သို့သော် နောက်ကျသွားပြီ။

ကားကို ထိမည်စိုး၍ ခရေစိက သူဦးခေါင်းကို ချိန်ပစ်လိုက်သည်။ ခဲတောင့်ကလေးက သူဦးနှောက်ကို ဖြတ်သန်းသွားသည်။ ကားတံခါးဘေးတွင် လဲကျသွား၏။ ဤတွင် ကားနက်ကြီး၏ ရှေ့တံခါးပေါက်မှ သေနတ်သံ သုံးချက် ထွက်လာသည်။ ခရေစိ လဲကျသွားပြီ။ ကားနက်ကြီးက စက်ကုန်ဖွင့်ပြီး မောင်းထွက်သွားသည်။ ပင်တာ ကလေးက သူ့နာမည်ကို တစာစာခေါ်ကာ အော်ဟစ်ငိုယိုရင်း ပါသွားသည်ကို ခရေစိအတိုင်းသား ကြားလိုက်မြင်လိုက်၏။

လဲကျသည့်အတိုင်း ငြိမ်နေလိုက်၏။ လုံးဝလှုပ်ရှား၍မရ။ ကျည်ဆန်က ချက်ကောင်းကို ထိသွားဟန်တူ၏။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်။ လဲနေရာမှ လာကူမည့်သူကို စောင့်နေ၏။ ပြင်းထန်သည့်ဝေဒနာနှင့် အုံ့ညထိတ်လန့်ခြင်းတို့ကြားမှ တစ်ခုတည်းသော မျှော်လင့်ချက်မှာ အသက်ရှင်ကျန်ရေး ဖြစ်၏။

ပင်တာ့အော်သံသည် သူ့နားထဲက မထွက်။ အကူအညီတောင်းသည့် အော်သံ မဟုတ်။ သူလဲကျသွားသည်ကိုမြင်ပြီး သူ့အတွက် စိုးရိမ်တကြီး အော်လိုက်သည့် အသံဖြစ်၏။

❑

## (၉)

ဆေးဒဏ်ကြောင့် မူးရီမူးဝေဖြစ်နေ၏။

ခုတင်နံဘေးတွင် သူနာပြုဆရာမလေးတစ်ယောက် စာထိုင်ဖတ်နေသည်ကို ပထမဆုံး သတိထားလိုက်မိသည်။

သတ္တုတိုင်တွင် စောက်ထိုးဆွဲထားသော ပုလင်းနှစ်လုံးကိုလည်း တဖြည်းဖြည်း မြင်လာသည်။ အရောင်မရှိသည့် အရည်တွေ။ ပလတ်စတစ်ပိုက်ထဲသို့ တစ်ပေါက်ချင်း စည်းချက်မှန်မှန် ကျနေကြ၏။ ပိုက်တစ်ခုက သူ့နှာခေါင်းထဲသို့ သွင်းထား၏။ အခြား ပိုက်တစ်ခုမှာ သူ့ညာဘက် လက်ကောက်ဝတ်မှ ပတ်တီးအောက်တွင် ပျောက်ကွယ် သွား၏။

အခန်းတံခါးပွင့်လာ၏။ ယူနီဖောင်းဝတ် ရဲသားတစ်ဦးက ဆရာမကို တိုးတိုး ပြောသည်။

"ဧည့်သည်တစ်ယောက်ပါတယ် ဆရာမ၊ ဆရာဝန်က တစ်မိနစ် တွေ့ခွင့် ပေးလိုက်တယ်"

ဂိုက်ဒိုဝင်လာသည်။ သူ့ကို ငုံ့ကြည့်ပြီး

"ကျွန်တော်ပြောတာ ကြားမလား ခရေစီ"

ခေါင်းကို လှုပ်သည်ဆိုရုံကလေးသာ လှုပ်ပြနိုင်သည်။

"စိုးရိမ်စရာ မရှိတော့ဘူး ခရေစီ"

နောက်တစ်ကြိမ် ကြိုးစားပြီး ခေါင်းညိတ်လိုက်ရပြန်သည်။

"ကျွန်တော် မီလန်မှာပဲ ရှိနေမယ်၊ ခင်ဗျား စကားပြောနိုင်မှ လာခဲ့ဦးမယ်"

ဂိုက်ဒ်က ဆရာမဘက်သို့လှည့်ပြီး "ဆရာမ ဒီမှာ အမြဲရှိနေပါနော်" ဟု ပြောလိုက်သည်။

"ကျွန်မတို့ တစ်ယောက်ယောက် ရှိနေမှာပါ"

ဂိုက်ဒ်က ဆရာမကို ကျေးဇူးတင်ကြောင်းပြောပြီး အခန်းထဲမှထွက်သွားသည်။ အပြင်ဝရန်တာတွင် အီလီယိုနှင့် ဖယ်လီစီယာတို့ စောင့်နေကြ၏။

"သတိတော့ရပြီ။ ဒါပေမဲ့ နောက် တစ်ရက် နှစ်ရက် စကားပြောနိုင်ဦးမှာ မဟုတ်ဘူး။ လာသွားကြစို့။ မနက်ဖြန်မှ ငါ တစ်ခေါက် လာကြည့်ဦးမယ်"

ဆရာဝန်က သူတို့ကို ရှင်းပြပြီးဖြစ်၏။ ခရေစီ ဆေးရုံရောက်လာတော့ အသက်ငွေ့ငွေ့ပဲ ပါတော့သည်။ အမြန်ဆုံး ခွဲစိတ်ဖာထေးရ၏။ အရေးပေါ် အသက်ဆက် ခွဲစိတ်ထားခြင်းမျိုး။ သည်ပဌမအကြိမ်ခွဲစိတ်မှုကို အောင်မြင်ပြီး သူကျန်းမာလာမှ နောက်တစ်ဆင့် ခွဲစိတ်ရဦးမည်။ ခုလောလောဆယ်အခြေအနေကတော့...

ဆရာဝန်က အဓိပ္ပာယ်ပါပါ ပခုံးတွန့်ပြသည်။

*

နှစ်ရက်လုံးလုံး ခရေစီအခြေအနေမှာ ဟိုဘက်သည်ဘက် လွန်ဆွဲနေသည်။ တတိယမြောက် နေ့တွင်မှ စိတ်ချရသည့်အခြေအနေသို့ ရောက်ခဲ့ခြင်းဖြစ်သည်။ သူ အသက်ပြန်ရှင်လာခြင်းသည် စိတ်ဓာတ်ကြောင့်ဖြစ်သည်ဟု ဆရာဝန်တွေက ယူဆကြ၏။ သူ့တွင် အသက်ရှင်နေဖို့အတွက် အလွန့်အလွန်ပြင်းပြသည့် ဆန္ဒတစ်ခု ရှိနေသည်ဟု ယုံကြည်ကြသည်။

နောက်တစ်နေ့တွင် သူ စကားပြောနိုင်လာသည်။

ဂိုက်ဒ်ကို ပထမဆုံးမေးသည့် မေးခွန်းမှာ

"ပင်တာကော"

"သူတို့တစ်တွေ အပေးအယူလုပ်နေကြတယ်လေ။ ဒါမျိုးက ချက်ချင်းတော့ ဘယ်ပြီးမလဲ"

"ငါ့အခြေအနေကော"

ဂိုက်ဒ်က ခွဲစိတ်ကုသချက်တွေကို ရှင်းပြနေသည်။ သည်ကိစ္စမျိုးတွင် သူတို့နှစ်ယောက်စလုံး နားကျေနေသူများဖြစ်ကြ၏။

"နှစ်ချက် မှန်တာဗျ။ တစ်ချက်က ဗိုက်မှာ၊ နောက်တစ်ချက်က ညာဘက်အဆုတ်မှာ။ ကံကောင်းတယ် သိလား။ ကျည်ဆန်တွေက .၃၂ တွေမို့။ ဒါထက်

နည်းနည်းလေးသာ အားများရင် ခင်ဗျား သွားပြီ။ အဆုတ်ကို ဖာလိုက်ရတယ်။ အဆုတ်က ပြဿနာ မရှိဘူး၊ ဗိုက်က ပြဿနာ။ ထပ်ပြီးခွဲရဦးမယ်။ ဆရာဝန်တွေက အတွေ့အကြုံများကြတယ်။ မစိုးရိမ်ရတော့ဘူးတဲ့။ ဒီဆေးရုံက သေနတ်ဒဏ်ရာ ကုနေကျလေ"

ခရေစီက ဂရုတစိုက်နားထောင်နေသည်။ ပြီးတော့ သူက ပြန်မေးသည်။

"ငါဆော်လိုက်တဲ့ နှစ်ကောင်ကော ကြွကုန်ပြီလား"

ဂိုက်ဒိုက ခေါင်းညိတ်ပြသည်။

"တစ်ယောက်က အသည်းကို ထိတယ်။ နောက်တစ်ယောက်က ဦးနှောက်ကို ထိတယ်။ သိပ်သေချာတဲ့ ပစ်ချက်တွေပဲ"

ခရေစီက ခေါင်းယမ်းသည်။

"ငါ သိပ်နေးတယ်ကွာ၊ နေးတယ်"

"သူတို့က လုပ်နေကျ လက်ရွေးစင်တွေဗျ"

"ငါသိပါတယ်ကွာ။ ဒါပေမဲ့ သူတို့က တန်ပြန်ထိုးစစ်ကို လုံးဝ မမျှော်လင့်ဘူး။ ခပ်ပေါ့ပေါ့ စီစဉ်လာကြတာ။ ပထမတစ်ချက်ပစ်တာ ကြည့်ပါလား။ ငါ့ကို ကျော်ပစ်တာပဲ။ ခြောက်ရုံလုန့်ရုံလောက်လေ။ ငါသာ ဒါ့ထက်မြန်ရင် လေးယောက်စလုံးရမှာကွ"

သူပင်ပန်းနေပြီ။ ဂိုက်ဒိုက ထလိုက်သည်။

"ကျွန်တော် အက်တို့နဲ့တွေ့ဖို့ ကိုမိုကို လိုက်သွားလိုက်ဦးမယ်။ ကျွန်တော်တတ်နိုင်တာရှိလည်း ကူညီရတာပေါ့"

ဂိုက်ဒိုက တစ်စုံတစ်ရာကို မြင်သွားပြီး မျက်လုံးအပြူးသားနှင့် အံ့သြမဆုံး ဖြစ်နေသည်။ ခရေစီ့လည်ပင်းမှ ခရစ်တော်လက်ဝါးကပ်တိုင်ဆွဲကြိုးလေး။ ခရေစီက ဂိုက်ဒို စိုက်ကြည့်နေသည်ကို သဘောပေါက်သွားပြီး

"ငါ ဒီအကြောင်း နောက်မှပြောပြပါ့မယ်ကွာ" ဟု စကားဖြတ်လိုက်သည်။

ကိုမိုရှိ အက်တို့အိမ်သို့ သွားခဲ့သည့် ဂိုက်ဒို၏ခရီးစဉ်မှာ အရာမထင်ခဲ့ပေ။ ဂိုက်ဒိုက အီလီယိုကိုပါ ခေါ်သွားသည်။ ဗစ်ကိုတို့လင်မယားလည်း ရောက်နေကြ၏။ ကိစ္စဝိစ္စအားလုံးကို ဗစ်ကို ကြီးကြပ်ဆောင်ရွက်နေပုံရ၏။

အက်တိုက စိတ်ဓာတ် အကျကြီး ကျနေ၏။ သို့သော် ရီကာက ဒေါသူပုန်ထနေသည်။ အဖြစ်မှန်ပေါ်သွားပြီ။ ခရေစီကို ချေးပေါပေါနှင့် မိမိ ကျေနုပ်ရုံ

ငှားပေးသည့်အကြောင်း ရီကာ သိသွားပြီ။ သည်တော့ ဂိုက်ဒို့မျက်နှာကို တည့်တည့် ကြည့်ပြီး အော်ပြောသည်။

"အရက်သမားကြီး၊ လက်စသတ်တော့ အရက်ချိုးကြီးကိုး။ ကျွန်မသမီးကို ကာကွယ်ဖို့ အရက်သမားကြီးကို ခေါ်ထားမိတာကိုး"

အက်တို့ဘက်သို့ လှည့်ပြီး

"ကင်းထောက်လူငယ် ကျောင်းသားကလေးတစ်ယောက်တောင် ဒါ လောက်ကို ကာကွယ်နိုင်တယ် သိလား"

အီလီယိုက ကန့်ကွက်ပြောဆိုဖို့ ဟန်ပြင်နေသည်ကို ဂိုက်ဒိုက ဟန့်တား လိုက်ပြီး ခရေစီ၏ပစ္စည်းတွေကို သိမ်းဆည်းသယ်ပိုးကာ ပြန်လာခဲ့ကြသည်။

"သူ့သမီးလေးကိုပြန်ရရင် ဒီအမျိုးသမီး ငြိမ်သွားမှာပါကွာ" ဟု အပြန် လမ်းတွင် ဂိုက်ဒိုက ထင်မြင်ချက်ပေးသည်။

အက်တိုနှင့် ရီကာတို့ဆီသို့ သွားတွေ့ကြောင်းကို ဂိုက်ဒိုက ခရေစီအား မပြောဘဲ ချုံထားသည်။

နောက်တစ်ပတ်အကြာတွင် ဆရာဝန်တွေက ဒုတိယအဆင့် ခွဲစိတ်ကုသ ကြ၏။ ခွဲစိတ်ခြင်း လုံးဝအောင်မြင်သည်။

*

ဂိုက်ဒို အခန်းထဲသို့ဝင်လာသည်။ ကုလားထိုင်ကိုဆွဲပြီး ခရေစီ့အနားသို့ တိုးသည်။ သူကြည့်ရသည်မှာ အတော်နေကောင်းနေပြီ။ မျက်နှာတွင် သွေးရောင်လွှမ်းနေပြီ။ ခရေစီက ဂိုက်ဒို တစ်ခုခုဖြစ်လာပြီဟု သိလိုက်သည်။ အမူအရာဖြင့် မေးလိုက်၏။

"ပင်တာသေပြီ ခရေစီ"

ဝမ်းဗိုက်နှင့် အဆုတ်တွင် ဒဏ်ရာရနေသော ထိုလူကြီး၏မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ မျက်လုံးတွေ အကြောင်သားနှင့် မျက်နှာကြက်ကို စိုက်ကြည့်နေ၏။

ဂိုက်ဒိုက ဆက်ပြောသင့် မပြောသင့် စဉ်းစားနေသည်။ ပြီးမှ စကား ဆက်သည်။

"တမင်သတ်တာတော့ မဟုတ်ဘူး။ တောင်းတဲ့ငွေကို လွှန်ခဲ့တဲ့နှစ်ရက်က ပေးပြီးပြီ။ အဲဒီညမှာပဲ ပင်တာကို လွှတ်ပေးတယ်ထင်တယ်။ ဒါပေမဲ့ အိမ်ပြန်ရောက် မလာဘူး။ နောက်တစ်နေ့မနက် ရဲက အခိုးခံရတဲ့ ကားတစ်စီးထဲမှာ သေတ္တာကြီး

တစ်လုံးတွေ့တယ်။ အဲဒီအထဲမှာ ပင်တာကို တွေ့တာ။ ပါးစပ်နဲ့ လက်တွေကို တိတ်နဲ့ ပတ်ထားတယ်။ ဓာတ်ဆီနံ့ကြောင့်လား မသိဘူး၊ အန်ထားတာလည်း တွေ့ရတယ်။ ဆရာဝန်စစ်ချက်အရတော့ အသက်ရှူကျပ်ပြီး သေရတာတဲ့ဗျ"

ဂိုက်ဒ့်အသံက တိမ်ဝင်သွားသည်။ အကြာကြီး တိတ်ဆိတ်သွားသည်။

နောက်ဆုံးမှ ခရေစီက ဆက်မေးသည်။

"ဒါပဲလား၊ နောက်ကော"

ဂိုက်ဒ့်က မတ်တတ်ထရပ်ပြီး ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။ ဆေးရုံအောက်မှ ပန်းခြံကို ငုံ့ကြည့်နေ၏။

သူ့နောက်မှ ခရေစီ၏ ခြောက်ကပ်ကပ်အသံ ပေါ်ထွက်လာသည်။

"ပြောလေကွာ"

ဂိုက်ဒ့်က သူ့ဘက်ကိုလှည့်ပြီး တိုးတိုးလေး ပြန်ပြောသည်။

"ကလေးမကလေးကို မတရားကျင့်ကြတယ်ဗျာ။ လက်မောင်းနဲ့ ပခုံးတွေမှာ ဒဏ်ရာတွေ တွေ့ရတယ်"

အကြာကြီးငြိမ်သွားပြန်သည်။

ဟိုအဝေးမှ ဘုရားရှိခိုးကျောင်းခေါင်းလောင်းသံသဲ့သဲ့ကို ကြားနေရ၏။

ဂိုက်ဒ့်က ခရေစီ့ခုတင်ဆီသို့ ပြန်လျှောက်လာပြီး မျက်နှာကို ငုံ့ကြည့်သည်။

သူ့မျက်နှာတွင် မည်သည့်ခံစားချက်မှ မတွေ့ရ။ မျက်လုံးတွေက မျက်နှာကြက်ကို စူးစူးစိုက်စိုက် မော့ကြည့်နေဆဲ။

သို့သော် ကြောင်တောင်တောင်မျက်လုံးတွေ မဟုတ်တော့။ ဒေါသမီးတွေ တဟုန်းဟုန်းတောက်နေသည့် မျက်လုံးများ။

*

မီလန်မှ နေပယ်လ်သို့ထွက်သည့် ညရထားသည် လက်တီနာဘူတာအဝင် လမ်းခွဲများတွင် ဆူဆူညံညံ လှုပ်ရှားသွားသည်။

အချိန်မှာ ဗွန်လလယ်။

ရှည်လျားထွေပြားလှသော ရထားကြီးက နွေရာသီ အပျော်ခရီးထွက်သူ အများအပြားကို သယ်ဆောင်လာသည်။ တောင်ပိုင်းသို့ နေပူဆာလှုံထွက်ကြမည့် ခရီးသည်များ ဖြစ်ကြ၏။ ပထမတန်း အိပ်ခန်းတွဲ တစ်တွဲတွင် ခရေစီက မှတ်စုစာအုပ်ကို ထိုင်ဖတ်ရင်း လိုက်လာသည်။ ရောမဘူတာတွင် သူ နိုးထလာခဲ့ခြင်းဖြစ်၏။

လေးနာရီလုံးလုံး အိပ်ပျော်ခဲ့၏။ ခဏနေပြီး ရေချိုးခန်းသို့ သွားမည်။ တွဲစောင့်နိုးမှ နိုးသေးရဲ့လား မသိ။ ကော်ဖီတစ်ခွက် မှာသောက်မည်။ သူ ကောင်းကောင်းအိပ်ရေးဝခဲ့သည်။ ရထားစီးတိုင်း စိတ်တိုင်းကျ အိပ်တတ်သည်မဟုတ်လား။

အရုဏ်ဦး ရောင်ခြည်ဖြာစ အလင်းရောင်တွင် သူ့မျက်နှာမှာ ပို၍ချောင်ကျနေသည် ထင်ရ၏။ ပို၍ဖြူရော်နေသည်ထင်ရ၏။ သူ့အသားအရေမှာ နေရောင်နှင့်မတွေ့ရသည့် အသားအရေမျိုး ဖြစ်နေ၏။ အရောင်လွင့်ပြယ်နေပြီဖြစ်သည့် ဂျင်းဘောင်းဘီကို ဝတ်ထားသည်။ အပေါ်ပိုင်းကို ဘာမှ ဝတ်မထား။ ရင်ဘတ်နှင့်ဝမ်းဗိုက်မှ လတ်လတ်ဆတ်ဆတ် အမာရွတ်နှစ်ခုမှာ နီမြန်းပြီး ဖောင်းကြွနေဆဲ။

မှတ်စုစာအုပ်ကိုဖတ်ပြီး သွားသည်။ အခန်းထောင့် စားပွဲငယ်ကလေးပေါ်မှ ဘောပင်ကို လှမ်းယူပြီး နောက်ဆုံးစာမျက်နှာလွတ်တွင် ရေးနေသည်။ ရေးနေရင်း တစ်ချက်ပြုံးလိုက်၏။

တစ်စုံတစ်ခုကို သတိရလိုက်၍ ဖြစ်သည်။

သူရေးပြီးတော့ မိုးစင်စင်လင်းပြီ။ ရေးထားသည့် စာရွက်ကို ယူလိုက်ပြီး တံခါးနောက်တွင် ချိတ်ထားသည့် ဂျာကင်အင်္ကျီအိတ်ထဲသို့ ခေါက်ထည့်လိုက်၏။

မှတ်ဆိတ်ရိတ် ဂျုတ်နှင့် မျက်နှာသုတ်ပဝါကို ယူပြီး အပြင်သို့ ထွက်ခဲ့သည်။ တွဲစောင့်က မီးဖိုခန်းတွင် မနက်စာအတွက် ပြင်ဆင်နေ၏။

"မင်္ဂလာပါဆရာ၊ နောက်တစ်နာရီဆိုရင် နေပယ်လ်ကို ရောက်ပါပြီ" ဟု လှမ်းနှုတ်ဆက်သည်။

ခရေစီက ပြန်ပြုံးပြလိုက်သည်။

"ဟာ... ကော်ဖီနဲ့ သင်းလို့ပါလား။ ရေချိုးခန်းတွေ အားတယ်နော်"

တွဲစောင့်က ခေါင်းညိတ်ပြီး

"ဘယ်သူမှ မနိုးသေးပါဘူးဆရာ"

ရေချိုးခန်းသို့ဝင်သည်။ အေးအေးလူလူ ကိုယ်လက်သန့်စင်သည်။ ရေချိုးသည်။ မှတ်ဆိတ်ရိတ်သည်။ သည်အရသာမျိုးကို ဘတ်စကားနှင့် သွားလျှင်လည်း မရနိုင်။ လေယာဉ်ပျံနှင့်သွားလျှင်လည်း မရနိုင်။

*

သူ နာလန်ထပုံက နှေးကွေးလှ၏။ ခရေစီသည် ဆေးရုံစည်းကမ်းနှင့် ဆရာဝန်တွေ၏ စကားကို အလွန်လိုက်နာသည့် လူနာတစ်ဦးဖြစ်သည်။

ဒုတိယအကြိမ် ခွဲစိတ်ပြီးလို့ တစ်ပတ်အကြာတွင် ခုတင်ပေါ်မှ ဆင်းခွင့်ရသည်။ လမ်းလျှောက်လို့တော့ မရသေး။ ဘီးတပ်ကုလားထိုင်နှင့် သွားလာရသည်။ နောက်ရက်အနည်းငယ်အတွင်း လမ်းလျှောက်နိုင်၏။

ခရေစီက အလေသုံးဆယ် မရှိ။ အလောတကြီးလုပ်၍ရသည့်ကိစ္စမျိုး မဟုတ်ကြောင်း သိထားသည်မဟုတ်လား။

ဆရာဝန်တွေက သူ့ကို ပန်းခြံထဲတွင် ခဏတစ်ဖြုတ် လမ်းလျှောက်ခွင့်ပေးသည်။ အကျိုးချုတ်၍ လျှောက်ခိုင်းသည်။ ပတ်တီးအောက်မှ အသားတွေ နေရောင်ခြည်နှင့် ထွေးနွေးစေရန်ဖြစ်၏။

ဆေးရုံဝန်ထမ်းတွေကြားတွင် ခရေစီသည် လူချစ်လူခင်များလျက်ရှိသည်။ သူက ဆေးရုံကို ဘယ်တော့မှ ဒုက္ခမပေး။ မလိုအပ်ဘဲ ဘာတစ်ခွန်းမှ အကူအညီမတောင်း။ သည့်အတွက် သူ့ကို သဘောကျနေကြ၏။

နောက်တစ်ခုက ခရေစီကို သူတို့တစ်တွေ သေမင်းလက်တွင်းက လုယူထားခဲ့ကြသည် မဟုတ်လား။

ဆရာမတစ်ယောက်ကို ပိုက်ဆံပေးထားပြီး ပင်တာ့ကိစ္စဖြစ်သည့်အချိန်မှစ၍ ထွက်သမျှသတင်းစာတွေ ဝယ်ခိုင်းပြီး ဖတ်သည်။ နောက်ပိုင်းတွင် ဆရာမက သတင်းစာဟောင်းများကိုပါ ရှာပေးသည်။ ခရေစီက ဆရာမဆီမှ မှတ်စုစာအုပ်တစ်အုပ်တောင်းပြီး မှတ်စုတွေ ထုတ်သည်။ တဖြည်းဖြည်းနှင့် မှတ်စုစာအုပ်မှာ ပြည့်လုခမန်း ဖြစ်သွားသည်။

တစ်ညနေတွင် သူ့ဆီသို့ မမျှော်လင့်သည့် ဧည့်သည်တစ်ယောက် ရောက်လာသည်။

ဆရာမကြီး ဒီလူကာ။

သစ်သီးခြင်းကိုဆွဲလျက်။ မျက်ရည်ကလေးစမ်းစမ်းနှင့်။ ပင်တာ့အကြောင်းကို နာရီဝက်ခန့် ထိုင်ပြောသွားသည်။ ပင်တာလို ကလေးကိုမှ ရွေးပြီး ဖြစ်ရလေခြင်းဆိုပြီး ဆရာမကြီးက ယူကျုံးမရဖြစ်နေသည်။ ခရေစီကပင် ပြန်၍တရားပြရသည်။ ဆရာမကြီးက ခရေစီမှာ သက်တော်စောင့်အစစ် မဟုတ်သည့်သတင်းကို ကြားပြီးဖြစ်သည်။ သို့သော် ကလေးမလေးကို သံယောဇဉ်ကြီးမှန်းသိ၍ လာခဲ့ခြင်းဖြစ်၏။

သည်ကိစ္စကို ဘယ်လို ဆက်လုပ်မလဲဟု ဆရာမကြီးက မေးသည်။ ခရေစီက ပခုံးတွန့်ပြပြီး ဘာအစီအစဉ်မှ သူ့အနေနှင့် မရှိကြောင်း ပြောပြလိုက်သည်။

ဆရာမကြီး ဒီလူကာ နားမလည်နိုင်အောင်ဖြစ်သွားသည်။ ခရေစီကိုကြည့်ရသည်မှာ အေးစက်စက်နိုင်လွန်းလှသည်။ သည်လိုတွေ့ရလိမ့်မည် မထင်ခဲ့။ နောက်ဆုံး ခရေ့စီပါးကိုနမ်း၍ နှုတ်ဆက်ပြီး ပြန်သွား၏။

အကြောဌာနတွင် ခရေစီ လေ့ကျင့်ခန်း မှန်မှန်ယူနေပြီ။ ပြီးတော့ ရေနွေးကန်တွင် ရေကူးသည်။ ဆရာဝန်တွေက သူ့ကို စပရိန်အငယ်ကလေးက စပြီး ဆွဲစေသည်။ လမ်းလျှောက်လေ့ကျင့်ခန်းကိုလည်း တဖြည်းဖြည်း အချိန်တိုးပေးသည်။ သူ့ကိုယ်တွင်းသို့ အားအင်တွေ တစ်စတစ်စ စိမ့်ဝင်နေသလို ခံစားရ၏။

နောက်တစ်လခန့်ကြာသောအခါ သူ့ကျန်းမာရေး ပြန်တက်လာပုံမှာ အံ့သြစရာကောင်းလောက်အောင်ဖြစ်နေကြောင်း ဆရာဝန်များ တွေ့ကြရ၏။ အလွန်ဆုံး ဆေးရုံမှာ ဆက်နေရင် နောက်တစ်ပတ်ပဲဟု ခရေစီက တွေးနေ၏။

ယင်းရက်သတ္တပတ်တွင် ခရေစီသည် အကြောဌာနလေ့ကျင့်ခန်းများကို အားစိုက်ခွန်စိုက် လုပ်တော့၏။

ဆေးရုံမှ ဆင်းတော့ သူ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေ ပုံမှန်အလုပ်လုပ်နေပြီ။ သို့သော် အားအင်တော့ မရှိလှသေး။

ဆရာဝန်တွေ၊ ဆရာမတွေ သူ့ကို ဝိုင်းနှုတ်ဆက်ကြသည်။ ဆုတောင်းပတ္ထနာ ပြုကြသည်။ သူက ကျေးဇူးတင်ကြောင်း အားလုံးကို ပြန်ပြောရသည်။ လက်ဆွဲသေတ္တာကို ဆွဲပြီး ဆင်းသွားသော သူ့ကို အားလုံး ငေးကြည့်ကျန်ရစ်ကြ၏။

"တော်တော်ထူးဆန်းတဲ့ လူကြီးပဲ"

ဆရာမကြီးတစ်ဦးက မှတ်ချက်ချသည်။ ဆရာဝန်တစ်ယောက်က ခေါင်းညိတ်ပြီး

"ဆေးရုံအတွေ့အကြုံတွေတော့ သူ့မှာ အများကြီးပဲဗျ"

*

နေပယ်လ်ဘူတာကြီးသို့ ရထားဝင်လာသည်နှင့် ခရေစီက တွဲစောင့်ကို ဘောက်ဆူးပေးပြီး ရထားပေါ်မှ ဆင်းခဲ့သည်။

ဘူတာရုံအပြင်တွင် တက္ကစီတစ်စီး အဆင်သင့်ရသည်။

"ငြိမ်းချမ်းရေး ပျော်ပွဲစားရုံကို မောင်းကွာ"

ကားဆရာက ခပ်တိုးတိုး ရေရွတ်ဆဲဆိုပြီး ကားကို ဆောင့်ကြီးအောင့်ကြီး မောင်းထွက်ခဲ့၏။ ဖွန်လထဲကိုရောက်လာပြီ။ ကမ္ဘာလှည့် နိုင်ငံခြားသားခရီးသည်နှင့်

တစ်ခါမှ မတိုးသေး။ ဒီလူကြီးကို အမေရိကန်ပဲထင်ပြီး စောင့်နေတာ။ လက်စသတ်တော့ သူလိုကိုယ်လို အီတလီပဲဖြစ်နေသည်ဟုထင်ပြီး ရေရွတ်လိုက်ခြင်းဖြစ်၏။

ခရေစီရောက်သွားချိန်နှင့် ပီထရိုဈေးဝယ်ပြန်လာချိန်မှာ တစ်ချိန်တည်းဖြစ်နေသည်။ ပီထရိုက ခရေစီကို ခြေဆုံးခေါင်းဆုံးကြည့်သည်။ ပြီးတော့မှ လက်ဆွဲနှုတ်ဆက်၏။

"ဆရာကြီး နေကောင်းတယ်နော်"

"ကောင်းပါတယ်ကွာ။ လာ၊ မင်း ခြင်းတွေ ငါကူဆွဲခဲ့မယ်"

သူတို့ဝင်လာတော့ ဂိုက်ဒို ကော်ဖီသောက်နေသည်။

"ဟေး ဂိုက်ဒို"

ခရေစီက ဈေးခြင်းတောင်းကို စားပွဲပေါ်တင်ရင်း နှုတ်ဆက်လိုက်သည်။

"ဟာ ခရေစီ"

ဂိုက်ဒိုက ခရေစီကို ခြေဆုံးခေါင်းဆုံးကြည့်ပြီးမှ ပွေ့ဖက်နှုတ်ဆက်သည်။

"သိပ် မဆိုးတော့ပါဘူး။ သူတို့ ခင်ဗျားကို ကောင်းကောင်းဖာထေးပေးလိုက်တာပေါ့၊ ဟုတ်လား"

"မီလန်က မကောင်းနစ်တွေ မဆိုးပါဘူး"

ပြောနေကျစကားလုံးတွေကိုပြန်ပြောနေရ၍ နှစ်ယောက်သား မြူးနေကြ၏။

ညစာစားပြီးတော့ ဥပစာအမိုးအောက်တွင် နှစ်ယောက်တည်း အေးအေးဆေးဆေး ထိုင်စကားပြောနေကြ၏။ သည်နေရာတွင် နောက်ဆုံး ထိုင်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဟု ခရေစီ၏စိတ်ထဲ ထင်နေ၏။

ခရေစီက သူ့အစီအစဉ်ကို ဂိုက်ဒိုအား ခပ်အေးအေးပင် ပြောပြသည်။ သူက လောကနီတိကို မစဉ်းစား။ တရားဥပဒေအကြောင်းကိုလည်း အားမကိုး။ သို့သော် ပြစ်မှုကျူးလွန်သူတို့သည် အပြစ်ဒဏ် ခံရမည်သာ။

သူ့ရဲဘော်ကြီးအကြောင်း ချေးခါးအူမ သိထားသူ ဂိုက်ဒိုက ခရေစီ ဘာဆိုလိုသည်ကို တန်းသိလိုက်၏။

သူ တန်ပြန်လက်စားချေတော့မည်။ သူ အမြတ်တနိုးထားသည့် ရတနာတစ်ပါးကို ဖျက်ဆီးချေမှုန်းသူတွေသည် တူညီသော တုံ့ပြန်မှု ခံကြရပေမည်။

"မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံးပေါ့၊ ဟုတ်လား"

ဂိုက်ဒိုက တိတ်ဆိတ်စွာ မေးလိုက်သည်။

ခရေစီက ခေါင်းကို ဖြည်းညင်းစွာ ယမ်းသည်။ ပြီးတော့ အလွန်လေးနက်သော စကားကို ဆိုသည်။

"မကဘူး။ ဒါထက် ပိုလိမ့်မယ်။ မျက်လုံးတစ်လုံးနဲ့ ငါ မကျေနပ်နိုင်ဘူး ဂိုက်ဒို။ သူတို့ကို တစ်စစီဖြစ်အောင် ငါဖြိုမယ်"

"ခရေစီ၊ ခင်ဗျား ဒီကလေးမလေးကို သိပ်ချစ်တာပဲထင်တယ်" ဟု ဂိုက်ဒိုက မေးတော့ သူ တွေပြီးစဉ်းစားနေသည်။ ဘယ်လိုပြောရမည်မသိ။ စကားလုံးရှာနေရသည်။ ဂိုက်ဒို နားလည်ဖို့ သိပ်အရေးကြီးသည်မဟုတ်လား။

"မင်းဟာ ငါ့အကြောင်းကို အသိဆုံးပါ ဂိုက်ဒို။ လွန်ခဲ့တဲ့ ငါးလလောက်က ငါ ဒီမှာ ထိုင်ခဲ့တယ်။ အဲဒီတုန်းက ငါ့မှာ ဘာအနာဂတ်မှမရှိဘူး။ ငါ ဒီအလုပ်ကို ဘာဖြစ်လို့ လက်ခံတာလဲ သိလား။ ကြာကြာနေရင် ငါ့နားထင်ကို ငါ တော့ဖြုတ်လိုက်မိတော့မှာမို့ လက်ခံလိုက်တာ"

ဂိုက်ဒို တအံ့တသြဖြစ်သွားသည်ကိုကြည့်ပြီး သူက နာကြည်းခါးသီးစွာ ပြုံးလိုက်သည်။

"ငါ တကယ်ပြောနေတာ ဂိုက်ဒို။ အဲဒီကိစ္စကို ငါ တကယ်စဉ်းစားသေးတာ။ ငါ့စိတ်ထဲမှာ လောကကြီးနဲ့ ငါနဲ့ ဒါလောက်ပဲ ပတ်သက်သင့်တယ်။ ပြီးပြီ၊ တော်လောက်ပြီလို့ ခွဲနေတယ်။ ဆက်နေလို့ ဘာလုပ်တော့မှာလဲ။ တကယ်တော့ ကလေးမကလေးက ငါ့ဘဝကို ပြောင်းလဲအောင် လုပ်ပေးလိုက်တာကွ။ ဘာကြောင့် ဒီလိုဖြစ်သွားရတာကိုတော့ ငါလည်း ရှင်းမပြတတ်ဘူး။ ငါ့ဘဝထဲကို သူ မသိမသာ စိမ့်ဝင်လာတာကွ"

ဂိုက်ဒိုက ဘာမှဝင်မပြောဘဲ ငြိမ်ပြီး နားထောင်နေသည်။

"မင်း ငါ့အကြောင်းကို အသိဆုံးပါ ဂိုက်ဒို"

ခရေစီက ဒီစကားလုံးကို ထပ်ပြောပြန်သည်။ သူ့အဖြစ်ကို ပိုပြီးပေါ်လွင်အောင် အလေးအနက် အတည်ပြုလိုက်ခြင်းဖြစ်၏။

"ကလေးတွေကို ငါ ဘယ်တုန်းကမှ မချစ်ခဲ့တာပဲ။ မချစ်တတ်တဲ့အပြင် စိတ်တောင် ပျက်သေးတယ်။ ပင်တာနဲ့ကျတော့ တစ်မျိုးကွ။ ကလေးမလေးက သိပ်ပြီးဖြူစင်တယ်။ ခရမ်းသီးပိန် ဓားတုန်း ဖြစ်နေတဲ့ ငါ့ဘဝမှာ ပင်တာ့မျက်လုံးတွေကတစ်ဆင့် ငါမမြင်တဲ့အရာတွေ မြင်လာတယ်။ ငါမသိတဲ့အရာတွေ သိလာတယ်။ သူ့ဦးနှောက်က သိပ်ကြည်လင်တယ်။ သူ့မှာ ဘယ်လိုအတိတ်အညစ်အကြေးတွေ

မှလည်း မစွန့်ထင်းသေးဘူး။ လောကကြီးထဲကို မနက်ပိုင်းကမှ ဒီအတိုင်း စဝင်လာသလိုပဲ"

တစ်ယောက်တည်းလိုလို ပြောနေသည့် စကားပိုင်းက တုံ့ခနဲရပ်သွားသည်။ မိန်းပိတ်အောင် မှောင်နေသော ပင်လယ်ရေပြင်နှင့် မီးလင်းနေသည့် သင်္ဘောကြီးများဆီကို သူငေးကြည့်နေသည်။ အတန်ကြာမှ တိုးတိုးကလေး ဆက်ပြော၏။

"ပင်တာကလေးက ငါ့ကို သိပ်ချစ်တာကွ။ ငါ့လိုကောင်ကိုမှ သူဘာလို့ ခင်တွယ်တယ်ဆိုတာကို ငါနားမလည်ဘူး။ မင်းလည်း နားလည်မှာမဟုတ်ဘူး"

ဂိုက်ဒိုက ဘာမှဝင်မပြော။ ခရေစီက စကားဆက်ပြောသည်။

"ငါ အရက်ကို လုံးဝဖြတ်နိုင်ခဲ့တယ်။ သူ့ကြောင့်ပဲ။ မနက်မနက်ဆို ငါ ကားပေါ်က စောင့်နေတုန်း သူပြေးထွက်လာတတ်ပုံကို မင်းမြင်စေချင်တယ် ဂိုက်ဒို။ သူ့မျက်နှာကလေးဟာ လမင်းကို ကြည့်ရသလိုပဲ။ ရွှင်ချိုပြီး အေးမြနေတယ်။ လောဘ ဒေါသ မောဟ ဘာမှမရှိသေးတဲ့ မျက်နှာကလေး"

သူပြောချင်သည့်စကားလုံးကို ဆက်ရှာ၍မရသလို အားမလိုအားမရ ဖြစ်နေသည်။ သူ့အတွက် ပြောနေကျစကားလုံးတွေမှ မဟုတ်ပဲကိုး။ သူက ဗြုန်းစားကြီး ကောက်မေးသည်။

"မင်း ဒေါက်တာဟုတ်ခ်ရဲ့ သီချင်းတွေ နားထောင်ဖူးလား"

ဂိုက်ဒို ခေါင်းယမ်းပြလိုက်သည်။

"သူက ကျေးလက်သီချင်းတွေ၊ ကောင်းဘွိုင်သီချင်းတွေဆိုတဲ့ကောင်လေကွာ။ သူ့သီချင်းတစ်ပုဒ်ထဲမှာ သူ့ထက်ကြီးတဲ့ အမျိုးသမီးတစ်ယောက်ကို ချစ်မိတဲ့အကြောင်း ပါတယ်။ ချစ်သူအတွက် ငွေကြယ်ကိုလည်း မခူးနိုင်ဘူးတဲ့။ တိမ်တိုက်ပေါ်လည်း မတက်နိုင်ဘူးတဲ့။ ချစ်သူကို ပြန်ငယ်အောင်လည်း မလုပ်နိုင်ဘူးတဲ့။ ဒါပေမဲ့ ဂိုက်ဒို၊ ပင်တာက အဲဒီသီချင်းတွေထဲကလို မဟုတ်ဘူးကွ။ ကြယ်ကို တက်ခြွေတာ"

ခရေစီလို လူတစ်ယောက်၏ပါးစပ်မှ သည်လိုစကားလုံးတွေ ထွက်လာသည်မှာ ယုံနိုင်စရာပင် မရှိ။ ရယ်စရာကောင်းသလိုလည်း ဖြစ်နေ၏။ သို့သော် ဂိုက်ဒိုကမူ ခံစားနားလည်နေ၏။ ရင်ထဲက ဝေဒနာကို မတတ် တတတ်နှင့် ဖွင့်အန်ပြနေခြင်း မဟုတ်လား။ အခြေခံချင်းမတူပေမဲ့ သူလည်း သည်လိုအဖြစ်နှင့် ကြုံဖူးသည်လေ။ သူ့ဘဝထဲကို ဂျူလီယာ ဝင်စတုန်းက။

ဂိုက်ဒို တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရလိုက်သည်။

"ဒါထက် ဆွဲကြိုးကလေးကကော"

"သူပေးတာကွ၊ ငါ့မွေးနေ့တုန်းက။ မွေးနေ့လက်ဆောင်တဲ့"

ခရေစီက ရင်နင့်ကြေကွဲဖွယ် အပြုံးမျိုးဖြင့် ပြုံးပြီး ဆက်ပြောသည်။

"ပြောသေးတယ်ကွာ၊ မကောင်းဆိုးဝါးတွေ တွေ့ရင် ထုတ်ပြီး မျက်နှာရှေ့မှာ ကိုင်ပြရမယ်တဲ့"

ပြောနေရင်း သူ့အသံတွေ တုန်လာသည်။ သူ့နှုတ်ခမ်းမှ အပြုံး ပြယ်သွားသည်။ အသံက မာလာ၏။

"ခွေးတိရစ္ဆာန်တွေ။ ငါ တွေးကြည့်တယ် ဂိုက်ဒို။ ကလေးရဲ့ မျက်စိတွေ ပါးစပ်တွေကို အကုန်ပိတ်ပြီး... တောက်"

သူ့တစ်ကိုယ်လုံး အမုန်းမီးလျှံတွေ ဖြာထွက်နေသလား အောက်မေ့ရ၏။

"ငါ ဘာကြောင့် သူတို့နောက်ကို လိုက်မယ်ဆိုတာကို မင်း နားလည်ပါတယ်နော် ဂိုက်ဒို"

ဂိုက်ဒိုက လက်ရန်းဆီသို့ လျှောက်သွားသည်။ သူ့ရင်ထဲတွင် ဆို့နင့်နေ၏။ ခရေစီ ဘယ်ရွေ့ဘယ်မျှခံစားနေရသည်ကို သူသိသည်လေ။ နောက်ဆုံးတော့ ပင်တာသည် သံချေးတက်နေသည်ဆိုသော ခရေစီ၏ဘဝတံခါးကို ဖွင့်နိုင်ခဲ့ခြင်း ပါလား။

"ကျွန်တော် သဘောပေါက်ပါတယ် ခရေစီ။ ကျွန်တော့်အဖြစ်နဲ့ သိပ်မထူးပါဘူး။ တူတော့ မတူဘူးပေါ့လေ။ ကျွန်တော်က ခင်ဗျားလို အခွင့်အရေးမရခဲ့ဘူး။ ဂျူလီယာသေတော့ ကျွန်တော် လက်စားချေဖို့စိတ်ကူးသေးတယ်။ ဒါပေမဲ့ ဘယ်သူ့ကို အပြစ်ပြောရမလဲ။ ကားမောင်းလာတာက ချာတိတ်ကလေး။ ကားချင်းတိုက်တော့ ဘယ်လိုမှ မထိန်းနိုင်ဘဲ ဖြစ်သွားတာ"

ဂိုက်ဒိုက ပခုံးတွန့်လိုက်ပြီး

"ဒါပေမဲ့ ခင်ဗျားအဖြစ်က ကစ်မျိုးပါ ခရေစီ။ ခင်ဗျား ဘယ်လောက်ခံစားနေရတယ်ဆိုတာ ကျွန်တော် သိပါတယ်။ ကျွန်တော် ဝေမျှခံစားနေပါတယ် ခရေစီ"

ခရေစီကပါ လက်ရန်းဆီကို ထလိုက်သွားသည်။

"ငါ မင်းအကူအညီလိုတယ် ဂိုက်ဒို"

ဂိုက်ဒိုက ခေါင်းညိတ်ပြီး ခရေစီ့ပခုံးကို လှမ်းကိုင်သည်။

"ရပြီးသား ထားလိုက်ပါ ခရေစီ။ ဒါပေမဲ့ ကျွန်တော် သတ်တဲ့ ဖြတ်တဲ့ အလုပ်ကို မလုပ်ချင်တော့ဘူး။ ဂျူလီယာ မသေခင်က ကျွန်တော် ကတိပေးပြီး ပြီလေ။ ဒါပေမဲ့ ကျန်တာ အကုန်လုပ်ပေးပါ့မယ်"

"မင်းလုပ်မယ်ဆိုရင်တောင် ငါ မင်းကို ဒီကိစ္စနဲ့ မပတ်သက်စိုင်းပါဘူး ဂိုက်ဒို။ ငါကိုယ်တိုင်လုပ်မှာပါ။ ဒါပေမဲ့ ငါ့ကိုကူညီလာတာနဲ့ မင်းမှာ အန္တရာယ် ရှိလာနိုင်တယ်နော်"

ဂိုက်ဒိုက ပြုံးလိုက်သည်။

"ငါ့တွက်ကိန်းအရဆိုရင်တော့ ဒီကိစ္စ သိပ်မလိုက်ရတော့ပါဘူး။ လုပ်နေကျ လူတွေပဲ"

ဂိုက်ဒိုက ခရေစီကို လှမ်းကြည့်သည်။ မေးခွန်းတွေ စုပြုံနေသည့် အကြည့်။

"ခင်ဗျား သိထားပြီလား"

ခရေစီက ခေါင်းညိတ်သည်။

"ငါ့ဘက်ကတော့ သေချာနေတာပဲ။ ငါ သူတို့ကို ကောင်းကောင်းတွေ့လိုက်တာပဲ။ ပြီးတော့ ငါ့မှာ သူတို့အကြောင်း လေ့လာချိန်တွေ အများကြီးရခဲ့တယ်လေ။ ငါ့ကိုပစ်သွားတဲ့ ကောင်က ဆန္ဒရီတဲ့။ ကားမောင်းတဲ့ ကောင်က ရက်ဘီယာ။ သူတို့ရဲ့ဆရာကြီးက ဖော်ဆယ်လာတဲ့"

ခရေစီက နာကြည်းပြုံး ပြုံးရင်း ဆက်ပြောသည်။

"သူတို့ကတော့ အပိုင်လုပ်ထားတာပေါ့ကွာ။ အခင်းဖြစ်ပွားချိန်မှာ သူတို့ နှစ်ယောက်လုံး 'တူရင်' မှာ ရှိနေတဲ့အကြောင်း သက်သေတစ်ဒါဇင်လောက် ပြနိုင် သတဲ့ဗျာ"

"သူတို့နာမည်တွေ ခင်ဗျား ဘယ်လိုလုပ် ရသလဲ"

"ရဲဌာနမှာ သူတို့ဓာတ်ပုံစာအုပ်ရှိတယ်။ ငါ လွယ်လွယ်လေးနဲ့ ရှာတွေ့ တာပေါ့"

"ခင်ဗျား ရဲကို အကျိုးအကြောင်း ပြောမပြဘူးလား"

ခရေစီက ခေါင်းခါသည်။

"မင်းကလည်းကွာ၊ သိလျက်သားနဲ့။ ကဲ တရားဥပဒေအရ အပြစ်ပေးပါ ပြီတဲ့၊ သူတို့ ဘယ်လောက်အပြစ်ကျမလဲ။ ဘယ်လိုပြစ်မှုမျိုးရမလဲ"

ခရေစီ့မေးခွန်းက ဖြေစရာမလို။ သို့သော် ဂိုက်ဒိုက ဖြေသည်။

"အလွန်ဆုံး ထောင် တစ်နှစ် နှစ်နှစ်ပေါ့။ ထောင်ထဲမှာလည်း ဒိမ်နဲ့လေ။ သူတို့အတွက် လိုတာ အကုန်ရနေတာ"

"အေး ဒီတစ်ခါ သူတို့ ဒီလိုမရတော့ဘူး ဂိုက်ဒို"

ဂိုက်ဒိုက တိုက်ကွက်ကို စဉ်းစားပြီး ပြောသည်။

"သိပ်ခဲရာခဲဆစ် လိုက်ရမယ်မထင်ပါဘူး။ သူတို့က ခါတိုင်းလိုပဲ အောက်မေ့ပြီး အေးအေးဆေးဆေးနေကြမှာ သေချာတယ်။ လွယ်လွယ်ကလေး ရှင်းနိုင်မှာပါ။ သူတို့တွေဟာ ထိပ်သီးတွေလည်း ဟုတ်ဟန်မတူပါဘူး"

"ဒီလိုတော့လည်း မဟုတ်သေးဘူးကွ"

ခရေစီ့အသံကိုက အေးဆေးတည်ငြိမ်လှသည်။ သို့သော် လေးနက်နေသည်။ ဂိုက်ဒိုက နားရှုပ်သွားပြီး

"ဒါဖြင့် ဘယ်လိုလဲဗျ"

"ဒီနှစ်ကောင်တည်း မကဘူးလေ။ ငါက မီးခိုးကြွက်လျှောက်လိုက်မှာ။ အသိုက်တစ်ခုလုံး ဖြိုချပစ်မှာ။ ဒါကြောင့် မင်းအကူအညီ ငါလိုတယ် ပြောတာပေါ့"

"ဒါဆိုရင် ခင်ဗျား ဘယ်လိုစီစဉ်မလဲ။ သူတို့ဖွဲ့စည်းပုံအကြောင်း ခင်ဗျား သိပြီးသားနော် ခရေစီ"

ခရေစီက ခေါင်းညိတ်သည်။

"သိတန်သလောက် သိပါတယ်။ ဒါပေမဲ့ ပိုင်ပိုင်နိုင်နိုင်တော့မဟုတ်ဘူး။ အခြေခံကိုတော့ ငါ သိထားတယ်။ မီလန်မှာ ခေါင်းဆောင်ကြီးနှစ်ယောက်ရှိတယ်။ ဖော်ဆယ်လာနဲ့ အဘာရာတာ။ ဖော်ဆယ်လာက ဒီအမှုမှာ ခေါင်းဆောင်ဆိုတော့ ရက်ဘီယာနဲ့ ဆန္ဒရီပြီးရင် သူဟာ ပစ်ကွင်းပဲ။ ရောမခေါင်းဆောင် ကွန်တီကိုလည်း သူတို့ ခွဲဝေဆက်သရတယ်။ ဒီတော့ သူလည်း စာရင်းဝင်တာပဲ။ ပြီးတော့ စစ္စလီက လူပုကလေး ကင်တာရီလာ။ သူက ဝေစု အမြဲရသူဆိုတော့ ငါပေးမယ့် ကျည်ဆန်ဝေစုမှာ သူလည်း ပါရမယ်"

ဂိုက်ဒိုက ခရေစီ ပြောပုံကို သဘောကျပြီး ကျိတ်ရယ်နေသည်။

"ကွန်တီကို ကျွန်တော် သိတယ်။ ခင်ဗျားစာရင်းထဲမှာ သူပါတာကိုတော့ ကျွန်တော်လည်း သဘောကျတယ်။ ဒီအကြောင်း နောက်မှ ကျွန်တော်ပြောမယ်။ ဒါထက် ခင်ဗျား ဒီသတင်းတွေ ဘယ်ကရသလဲ"

ခရေစီက ပခုံးတွန့်ပြပြီး

"သတင်းစာဟောင်းတွေပေါ့ကွ။ ငါ့မှာ လေ့လာဖို့ အချိန်တွေ အများကြီး ပါဆို။ ဒီကောင်တွေက ဘယ်သူမှ မထိရဲတော့ဘူး အောက်မေ့နေတာ။ သူတို့လုပ်ရပ်တွေက တစ်ခါတစ်ခါ သူတို့အကြောင်းကို ကြော်ငြာတာနဲ့တောင် တူနေသေးတယ်။ ပြီးတော့ သတင်းစာဆရာ အန်ဒါတိုရေးတဲ့ 'အခြားတိုင်းပြည်' ဆိုတဲ့ စာအုပ်တစ်အုပ်ကို ငါဖတ်ပြီးပြီကွ။ တော်တော်ကလေး အတွင်းနိူက် ရေးထားတာပဲ။ အဲဒီသတင်းစာဆရာ အသက်နဲ့ ကိုယ် အိုးစားမကွဲတာ ငါ အံ့သြမဆုံးဖြစ်နေတယ်"

ဂိုက်ဒိုက ခေါင်းယမ်းလိုက်သည်။

"စာအုပ်မထွက်ခင်တော့ ကြောက်ရတာပါ။ ထွက်သွားပြီးရင် သူတို့ မလုပ်ရဲပါဘူး"

ဂိုက်ဒိုက ခဏတွေ စဉ်းစားနေပြီး

"ဘာပဲဖြစ်ဖြစ် ကျွန်တော် အများကြီးကူညီနိုင်ပါတယ် ခရေစီ။ ကျွန်တော့်မှာ အဆက်အသွယ်တွေ ရှိသင့်သလောက် ရှိပါသေးတယ်။ သူတို့ လက်ရှိအခြေအနေကို ကျွန်တော် ရအောင်ယူပေးပါ့မယ်"

"အဆက်အသွယ် ဟုတ်လား"

ဂိုက်ဒိုက ပြုံးလိုက်သည်။

"ဟုတ်တယ်၊ ကြေးစားတပ်ထဲမဝင်ခင် ကျွန်တော့်အကြောင်း ခင်ဗျားကို မပြောရသေးဘူး။ ခုတော့ ရယ်စရာကောင်းနေပြီ။ ကဲ အဲဒီအကြောင်း နောက်မှ ပြောမယ်လေ။ ကျွန်တော် ဘာလုပ်ပေးရမလဲ"

နှစ်ယောက်သား မီးဖိုဆောင်သို့ ဝင်ခဲ့ကြပြီး ကော်ဖီသောက်ကြရင်း အသေးစိတ်တွေကို ဆွေးနွေးကြသည်။

ခရေစီက အလွန်စေ့စပ်သေချာသည့် သေနင်္ဗျူဟာ ချထားပြီးသား။ သေသေချာချာ မြေပုံနှင့်တကွ ရှင်းပြသည်။ ဂိုက်ဒို သဘောကျ၍မဆုံးဖြစ်နေ၏။ လိုအပ်သမျှကို မှတ်စုစာအုပ်နှင့် လိုက်မှတ်နေသည်။ သွားရေးလာရေးအတွက် ယာဉ်။ တည်းခိုဖို့နေရာ စသည် စသည်။

နောက်ဆုံးတွင် ကုလားထိုင်နောက်ကို မှီပြီး ကော်ဖီကို တစ်ကျိုက်ချင်း သောက်ရင်း ဂိုက်ဒိုက သူ့ရဲဘော်ကြီးအား အကဲခတ်နေသည်။

"အကွက်ကတော့ တကယ်ကောင်းတယ်ဗျာ။ ကျွန်တော် သိပ်သဘော

ကျတယ် ခရေစီ။ တစ်ခုတော့ ရှိတယ်။ မီလန်က ကိစ္စပြီးတာနဲ့ ခင်ဗျား မီးစင်ကြည့်ကရမယ့် အခြေအနေမျိုးနော်။ ခိုင်လုံတဲ့ သတင်းတွေ ဆက်တိုက်ရနေမှ ဖြစ်မယ်။ ခင်ဗျားရင်ဆိုင်ရမယ့် ထုထည် ဘယ်လောက်ကြီးသလဲဆိုတာ ခင်ဗျား တကယ် သိရဲ့လား ခရေစီ"

"ဆိုစမ်းပါဦး"

ဂိုက်ဒိုက သူ့အတွေးတွေကို စီချနေသည်။

"သူတို့တစ်တွေရဲ့အာဏာစက်ဟာ လူတွေထင်နေတာထက် ပိုပြီးကျယ်ပြန့်တယ်ဗျ။ မယုံမရှိနဲ့။ ရဲဆိုတာ သူတို့အိတ်ထဲမှာ။ တရားရုံးကိုလည်း ပိုင်တယ်ဗျာ။ နိုင်ငံရေးပိုင်းကိုလည်း ပေါင်းထားတာ ပြောမနေနဲ့။ ကျေးရွာကောင်စီကအစ ဝန်ကြီးအဆင့်ထိဗျာ"

"တချို့ဒေသတွေမှာဆိုရင် အထူးသဖြင့် စစ္စလီတောင်ပိုင်းဆိုရင် သူတို့လုပ်သမျှကို ဥပဒေလို့တောင် ပြောနေကြတဲ့ အထိပဲ။ ပြစ်ဒဏ်ပေးရင် သူတို့က သဘောတူမှ။ ဆုလာဘ်ချီးမြှင့်ရင်လည်း သူတို့ ခေါင်းညိတ်မှတဲ့ဗျား။ အကျဉ်းထောင် အာဏာပိုင်တွေဆိုတာ သူတို့ခြေဖဝါးအောက်ကလောက်ပဲ ရှိတာ"

"အစိုးရ အာဏာပိုင်တွေက သူတို့ဩဇာအောက်မှ ရုန်းထွက်ဖို့ အကြိမ်ကြိမ်ကြိုးစားကြတယ်။ ခုလည်း ကာလာဘရီယာမှာ ပြဿနာတစ်ခု ပေါ်နေတယ်။ သံမဏိလုပ်ငန်းကြီးတစ်ခုအတွက် မြေတွေဝယ်တဲ့ကိစ္စမှာ အကြီးအကျယ် လာဘ်ပေးမှုကြီးတစ်ခု ရုံးရောက်နေတယ်။ ဒါပေမဲ့"

စကားပြတ်သွားသော ဂိုက်ဒိုအား ခရေစီက ကော်ဖီခွက်နှင့် ငေ့ပြပြီး ဆက်ပြောဖို့ အချက်ပြသည်။

"အစိုးရမှာရှိတဲ့ လက်နက်က ရဲအဖွဲ့ရယ်၊ တရားရုံးရယ်၊ ထောင်ရယ်ပဲ ရှိတာ။ အဲဒါတွေကို သူတို့က ငွေနဲ့ပေါက်ပြီး အပိုင်စီးထားတယ်လေ။ ရဲအမှုထမ်းကောင်းတွေနဲ့ တရားမျှတတဲ့ တရားသူကြီးတွေ မရှိဘူး မဟုတ်ဘူး၊ ရှိတယ်။ ဒါပေမဲ့ သူတို့ မတိုးနိုင်ကြဘူး။"

"၁၉၃၀ ပြည့်နှစ်တစ်ဝိုက်ကပဲ တရားဥပဒေ အထိုက်အလျောက် စိုးမိုးနိုင်ခဲ့တယ်။ မုဆိုလီနီက ဖက်ဆစ်စနစ်နဲ့ အုပ်ချုပ်ရေး ယန္တရားကို ကိုင်ထားတာကိုး။ ဒုစရိုက်သမားတွေနဲ့ရောနှောပြီး အပြစ်မဲ့ပြည်သူတွေလည်း ခံရတာပေါ့လေ။ အဲမုဆိုလီနီခေတ် နောက်ပိုင်းမှာ သူတို့တစ်တွေ အင်နဲ့အားနဲ့ ခေါင်းထောင်လာကြ

တော့တာပဲ။ သူတို့တစ်တွေအတွက် သတင်းပေးမယ့် သူတွေကို ထောင်နဲ့ချီပြီး မွေးထားတယ်။ အဲဒီအထဲမှာ ရဲအဖွဲ့တွေလည်း ပါတာပဲ။ မြို့တိုင်းမှာ သူတို့ရဲ့ ပဌမ်တပ်သားတွေ ရှိတယ်။ ပြီးတော့ သူတို့ရဲ့ အမာခံအဖွဲ့အစည်းက ခေတ်မီ လက်နက်တွေ တပ်ဆင်ထားကြတဲ့ စစ်တပ်ကြီးတစ်တပ်နဲ့ မခြားဘူး"

ဂိုက်ဒိုက ကော်ဖီ ထပ်ငှဲ့ပေးရင်း ကွန်တီနှင့် သူ ပတ်သက်ခဲ့ပုံတွေကို ပြောပြလိုက်သည်။ ပြီးတော့ ခရေစီ၏တုံ့ပြန်မှုကို စောင့်ကြည့်နေ၏။

"မင်းပြောတာ ဟုတ်ပါတယ်၊ သိပ်မလွယ်ပါဘူး။ ဒါပေမဲ့ ငါ့ဘက်ကလည်း သာရည်တွေ ရှိနေတယ်လေ။ ပထမအချက်က ငါလည်း မူဆိုလီနီလိုပေါ့။ ရဲအဖွဲ့က မသုံးနိုင်တဲ့ သေနင်္ဂဗျူဟာတွေကိုပဲ သုံးရမှာပေါ့။ ဥပမာ အကြမ်းဖက်ဝါဒ၊ ဒီလူ သိုက်က သူများတွေကိုသာ အကြမ်းဖက် ရက်စက်တာ။ သူတို့ကိုယ်တိုင်က အဲဒီ အန္တရာယ်မျိုးကို ရင်ဆိုင်ဖူးတာ မဟုတ်ဘူး။"

"ဒုတိယအချက်က သတင်းရဖို့ပဲ။ ငါ့ရဲ့စစ်ဆင်ရေးကာလအတွင်းမှာ သတင်းတွေကို ကွင်းဆက်မပြတ် ရနေရမယ်။ ရဲက ဒီလိုသတင်းမျိုး မရနိုင်ဘူးလေ။ ဘာပြုလို့လဲဆိုတော့ ငါသုံးတဲ့နည်းကို သူတို့မှ မသုံးနိုင်ဘဲကိုး"

ဂိုက်ဒို နားလည်လိုက်သည်။ ခရေစီက သူတို့ကို စကားပြောအောင် လုပ်လိမ့်မည်။

"တတိယအချက်။ ငါနဲ့ ရဲနဲ့ မတူနိုင်တာက ငါ့ရည်ရွယ်ချက်ထဲမှာ သူတို့လို သက်သေအထောက်အထားတွေ စုစည်းပြီး တရားရုံးတက်ဖို့ မပါဘူး။ ငါ့ရည်ရွယ်ချက်က သူတို့ကို တွေ့ရာမှာ ဒဏ်ခတ်ဖို့ပဲ"

"စတုတ္ထအချက်။ ငါ့မှာ ရဲအဖွဲ့ထက် ပြင်းပြတဲ့ဆန္ဒရှိတယ်။ ရဲတွေမှာရော တရားရုံးတွေမှာပါ မရှိနိုင်တဲ့ ဆန္ဒမျိုး ငါ့မှာရှိတယ်။ သူတို့က မိသားစု စားဝတ် နေရေးအတွက် အလုပ် လုပ်နေကြသူတွေ။ ရာထူးရာခံကို မျှော်မှန်းနေကြရသူတွေ။ ငါ့မှာ ဒါတွေမရှိဘူး။ ဒီတော့ ငါချဉ်းကပ်ပုံဟာ သူတို့ တစ်ခါမှ မတွေးဖူးတဲ့ ချဉ်းကပ်ပုံမျိုးဖြစ်ရမယ်"

ဂိုက်ဒိုက စဉ်းစားနေသည်။ ခရေစီပြောတာတွေက ငြင်းစရာမရှိ။ သို့သော် အရေးကြီးတာကို သူ မပြောသေး။ ဂိုက်ဒိုက စမေးသည်။

"လက်နက်ပစ္စည်းကိစ္စကော"

ခရေစီက သူ့ဂျာကင်အိတ်ထဲမှ စာရွက်ကလေးကို နှိုက်ယူလိုက်သည်။

"လက်ကလဲယားတစ်ယောက် မာဆေးမှာ ရှိနေတုန်းပဲလားကွ"

"ရှိမယ်ထင်တယ်၊ ဖုန်းဆက်ပြီး မေးလိုက်ရင် ရပါတယ်"

ဂိုက်ဒိုက ခရေစီ ရထားပေါ်တွင်ရေးလာသည့် စာရွက်ကလေးကို လှမ်းယူပြီး ဖတ်ကြည့်လိုက်သည်။ ခပ်တိုးတိုးကလေး လေချွန်လိုက်သည်။

"ဘုရားသခင်... ခရေစီ၊ ခင်ဗျားဥစ္စာက စစ်ပွဲကြီးတစ်ပွဲ တိုက်တော့မယ့်အတိုင်းပါလား။ ဒါတွေအားလုံး လက်ကလဲယားဆီက ရနိုင်မတဲ့လား"

"သူ ရအောင် လုပ်ပေးနိုင်တယ်လေ။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ရိုးဒီးရှားကို သူပဲပို့ပေးနေတာပဲ။ ငါ့ကိုအကူအညီတောင်းလို့ တစ်ခါ သွားရသေးတယ်လေ။ ဒီကောင် တော်တော်ချမ်းသာနေပြီကွ။ သူ့အတွက် ဘယ်လောက်မှ ဝန်မလေးပါဘူး။ ဒီကောင် ငါ့အပေါ်မှာ သစ္စာရှိပါ့မလားကွ"

"ဟာ... ရှိရမှာပေါ့ဗျာ။ ကူကာဘူမှာ ခင်ဗျားမကယ်ရင် သူ အရိုးတခြားအသားတခြားဖြစ်တာ ကြာလှပြီ။ အထိုက်အလျောက်တော့ ကျေးဇူးသိတတ်ရမှာပေါ့"

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ ဒီကောင်က အကွက်သိပ်မြင်တယ်။ လက်နက်ကို သူကိုယ်တိုင်မသုံးတော့ဘဲ ရောင်းစားနေကတည်းက သူပွနေတာ။ လူတွေဟာ ချမ်းသာလာရင် ပြောင်းလဲသွားတတ်တယ်နော်။ သူ့ဆီကိုတော့ မင်းသွားကွာ"

"ရတယ်လေ... ဆို"

"သူ့ကို ဆေးရောင်စုံ အသုဘအကြောင်း ပြောပြဖို့ပါ"

ဂိုက်ဒိုက သတိရပြီး ပြုံးသည်။

"ဟုတ်ပြီ၊ ဒါဆိုရင် အလုပ်ဖြစ်တယ်"

ဂိုက်ဒိုက စာရွက်ကလေးကို ဝှေ့ပြပြီး

"ခင်ဗျား ဒါတွေ ဘယ်တော့လောက် လိုမှာလဲ"

"နောက်နှစ်လပေါ့၊ လုံးဝနေကောင်းအောင် ငါ အဲဒါလောက်တော့ စောင့်ဦးမယ်ကွ။ မာဆေးကို ငါကိုယ်တိုင်သွားယူမယ်။ ဘယ်လိုယူရမယ်ဆိုတာ ငါ စဉ်းစားပြီးပြီ"

ကျန်းမာရေးအကြောင်းရောက်သွားတော့ စဉ်းစားစရာအကြောင်း ပေါ်လာသည်။

"ငါ ငြိမ်ငြိမ်သက်သက် တစ်နေရာမှာ နားချင်တယ် ဂိုက်ဒို၊ မင်း စဉ်းစားစမ်းပါဦး"

ဂိုက်ဒို ခဏလေးပဲ စဉ်းစားလိုက်ရသည်။

"မော်လတာကို သွားပေါ့ဗျ။ ဂျူလီယာ့မိသားစုဆီကိုလေ။ သူတို့ယာတော ဆိုရင် ဘယ်လောက်ငြိမ်းချမ်းသလဲ။ ခင်ဗျားသွားရင် သူတို့ ဘယ်လောက်များ ဝမ်းသာလိုက်ကြမလဲ။ ကျွန်တော် တစ်နှစ် တစ်ခေါက် နှစ်ခေါက် ရောက်တယ်။ ဖုန်းလှမ်းဆက်လိုက်မယ်လေ"

ခရေစီက ခဏစဉ်းစားလိုက်ပြီး ခေါင်းညိတ်လိုက်သည်။

"အင်း... မဆိုးပါဘူး။ ငါ့အတွက် သူတို့ ဝန်များလေးနေမလားကွာ"

ဂိုက်ဒိုက ပြုံးပြီး

"ဒါဆိုရင် ခင်ဗျားက ပေါလ်ရဲ့ယာခင်းမှာ ကူလုပ်ပေးပေါ့။ ကျန်းမာရေး အတွက် ပိုတောင်ကောင်းသေးတယ်။ ခင်ဗျားက ဘာမဆို ကိုယ်တိုင်လုပ်ရမှ ကျေနပ်တာဆိုတော့ အတော်ပဲပေါ့"

ကိစ္စတစ်ခု ပြတ်သွားသည်။

ငွေရေးကြေးရေးကို ဆက်ဆွေးနွေးသည်။

ဂိုက်ဒိုက သူ့မှာ ငွေတွေရှိကြောင်း၊ လောလောဆယ် သူ့ငွေနှင့် သုံးထားဖို့ အကြောင်း၊ ခရေစီ့ငွေတွေ ဖြုန်းစားကြီး အပြောင်းအရွှေ့လုပ်ရင် မကောင်းကြောင်း၊ နောက်မှ သူ့ကို ပြန်ဆပ်ဖို့အကြောင်း ပြောပြသည်။

"တကယ်လို့ ငါအရေးနိမ့်ရင်"

ခရေစီက အလေးအနက် မေးလိုက်သည်။

သို့သော် ဂိုက်ဒိုက အလေးအနက်မထား။ ရယ်ပြီး နောက်လိုက်သည်။

"အဲဒီတော့မှ သေတမ်းစာ ပြင်ရေးတာပေါ့ဗျာ"

ခရေစီ ပြုံးလိုက်၏။ ဘာမှဆက်မပြောတော့။ သူတို့နှစ်ယောက်အကြားတွင် ပြောစရာလည်း မလို။

ညဉ့်နက်သည်အထိ စကားဆက်ပြောနေကြ၏။

ဆုံးဖြတ်ချက် ချလိုက်သည်။

နှစ်ရက်အတွင်း ခရေစီ သင်္ဘောနှင့် စစ္စလီကို လိုက်သွားမည်။ ကင်တာ ဒီလာ၏ အခြေစိုက်စခန်းကို အကဲခတ်ဖို့ဖြစ်၏။ ထိုမှတစ်ဆင့် ရထားဖြင့် ကာလာဘရီယာသို့ ခရီးဆက်မည်။ ပြီးတော့မှ သင်္ဘောဖြင့် မော်လတာသို့ ကူးမည်။

သူငယ်ချင်းနှစ်ယောက် အစီအစဉ်ဆွဲပြီးကြတော့ မိုးလင်းခါနီးနေပြီ။ သို့သော် နှစ်ယောက်စလုံး အချိန်ကို အမှတ်မထားမိကြ။ ဤသည်မှာ အတိတ်က မျိုးစေ့ ချထားခဲ့ပြီး ပစ္စုပ္ပန်တိုင် ရှင်သန်နေသည့် ရဲဘော်ရဲဘက်စိတ် ဖြစ်၏။ နှစ်ယောက်သား စားပွဲမှ ထလိုက်ကြသည်။ ဂိုက်ဒိုက မှတ်စုစာအုပ်ကို ကောက်ယူပြီး တဖျပ်ဖျပ်လှန်နေသည်။ အတေးအမှတ်တွေ ကျန်မနေစေရန် ပြန်စစ်နေခြင်း ဖြစ်သည်။ ပြီးတော့မှ ခရေစီကို မော့ကြည့်ပြီး ပြောသည်။

"အခု အရေးကြီးဆုံးကတော့ ခင်ဗျားကျန်းမာရေးပဲ"

ခရေစီက ခါးဆန့်ပြီး တစ်ချက်သမ်းသည်။

"ဒါပေါ့၊ ဒါပေါ့။ ကျန်းကျန်းမာမာနဲ့ တိုက်ပွဲဝင်ဖို့ပေါ့ကွာ"

❑

# (၁၀)

'မိလီတာလင်း' ကမ်းထိုးရေယာဉ်ကြီးက ရေကြောင်း ဗိသုကာ အတတ်ပညာ ပြယုဂ် တစ်ခုလို ဖြစ်နေသည်။ စစ်သင်္ဘောတစ်စင်းလို ခန့်ညားး၏။ သန့်ရှင်း၏။ သို့သော် သူ့တာဝန်မှာ နှစ်မိုင်မျှသာဝေးသော မော်လတာနှင့် ဂိုဇိုကျွန်းကို လူတွေ၊ ကားကြီး ကားငယ်တွေကို အသွားအပြန် ပို့ဖို့ဖြစ်၏။

ခရေဇီက အပေါ်ထပ် ကုန်းပတ်ပေါ်တွင်ရပ်၍ အပြင်သို့ ငေးလိုက်လာသည်။ လက်ဆွဲအိတ်ကို နံဘေးတွင် ထောင်လျက်။ မနေ့က အီတလီမှထွက်သည့် သင်္ဘောမှ ဆိပ်ကမ်းလုပ်သားတွေ သပိတ်မှောက်နေ၍ ၁၂ နာရီ နောက်ကျပြီး ထွက်ရသည်။ သို့အတွက် မော်လတာဆိပ်ကမ်းသို့ မနက်မိုးလင်းမှ ဆိုက်ရောက်သည်။ သည်တော့ မော်လတာတွင် တစ်ညအိပ်ဖို့ မလို။ ချက်ချင်း သင်္ဘောပြောင်းစီးလိုက်ရုံပင်။ ခရီးဆုံးကို ရောက်ချင်လှပြီ။ အလုပ် စချင်နေပြီ။

ကူးတို့သင်္ဘောက ကိုမီနိုကျွန်းကလေးကို ဖြတ်မောင်းလာခဲ့သည်။ မြင့်မား မတ်စောက်လှသည့် ကျောက်တောင်ထိပ်မှ နာရီစင်ကြီးကို လှမ်းမြင်နေရ၏။ အောက်ကိုငုံ့ကြည့်တော့ ပြာလဲ့ကြည်လင်နေသည့် ရေပြင်။ ဟိုအဝေးဆီကို မျှော် ကြည့်လိုက်သည်။ တစ်ပတ်ကြီး ကွေ့ဝိုက်နေသည့် အပြာရောင်ပင်လယ်ကမ်းခြေ။ သည်ကမ်းခြေတွင် တစ်ဝကြီး ရေကူးခဲ့ဖူးသည်လေ။ ရှစ်နှစ်တောင် ရှိခဲ့ပြီကော။

လေထုညစ်ညမ်းမှု မရှိတော့။ ရေပြင်က ကြည်လင်ပြာလဲ့နေ၏။ ပင်လယ် လေသည် ရှင်းသန့်လတ်ဆတ်နေ၏။ ကမ်းခြေမှ ကျောက်တောင်တန်းသည် တည်ငြိမ်လျက်။

ဂိုဇိုကို လှမ်းမြင်ရပြီ။ ပိုး၍မတ်စောက်သော တောင်တန်းများ။ ပို၍စိမ်းလန်းသော စိုက်ခင်းများနှင့် တောင်ပေါ်ရွာကလေးတွေ။ ဂိုဇိုသည် စိုက်ပျိုးရေး ကျွန်းကလေးဖြစ်၏။ စိုက်ခင်းများသည် တောင်ခြေမှ ရေစပ်ထိ မြကမ္ဘလာရုံကို လျှော ပြေပြေ လွှမ်းခြုံထားဘိသို့ ရှိ၏။

သည်ကျွန်းကလေးကို ခရေစီ သဘောကျသည်။ ကျွန်းသူ ကျွန်းသားတွေက စုစုစည်းစည်းရှိသည်။ လူတန်းစား ပြဿနာမရှိ။ ကျွန်းပေါ်မှ ဆင်းရဲသားတံငါသည်နှင့် အချမ်းသာဆုံး မြေပိုင်ရှင်တို့၏အကြားတွင် ကွာဟမှုများ မရှိ။ တန်းတူရည်တူပင်။

ကိုယ့်ကိုယ်ကိုယ် သူများထက်သာသည်ဟု အစွဲရှိသူတွေတော့ ဂိုဇိုကို မသွားသင့်။ ရောက်ခါစတော့ လူတွေက ပေါ့ပေါ့နှင့် ပျော်ပျော်နေတတ်သူတွေဟုပင် ထင်ခဲ့၏။ သို့သော် သူတို့ ခင်သွားပြီဆိုလျှင် အလွန်နှစ်နှစ်ကာကာရှိကြသည်။

ခရေစီ ဆိပ်ကမ်းပေါ်သို့ တက်သွားသည်။ နာမည် ခပ်ဆန်းဆန်းနှင့် အရက်ဆိုင်ကလေးရှိရာသို့ တန်းသွား၏။ ဆိုင်ရှင်ကို ဂျူလီယာ့မိဘများဆီသို့ ဖုန်းဆက်ခိုင်းသည်။

စောင့်နေရင်း ရေဆာလာသဖြင့် ဘီယာတစ်ခွက် မှာသောက်သည်။

ခဏနေတော့ လင်းရိုဗာ အစုတ်တစ်စီး ထိုးဆိုက်လာသည်။ လူရွယ်တစ်ယောက် ဆင်းလာ၏။ ခရေစီဆီကို တန်းလာပြီး လက်ဆန့်ပေးရင်း

"ကျွန်တော် ဂျိုးဝီးလေ"

ခရေစီက လက်ဆွဲနှုတ်ဆက်ရင်း အံ့သြနေသည်။ ဂျူလီယာ့မောင်လေးပဲ။ ဟိုတုန်းက သူ ၁၀ နှစ်သားပဲ ရှိသေးတာကိုး။ တစ်နေ့လုံး ကြက်သွန်နုတ်နေရ၍ ရေငတ်လာသည်ဟုဆိုပြီး ဂျိုးဝီးက ဘီယာမှာသောက်သည်။ ပြီးမှ မြင့်မား မတ်စောက်သည့် တောင်ပေါ်လမ်းအတိုင်း သူတို့ မောင်းလာခဲ့ကြ၏။

ယာတောအိမ်ကြီးမှာ ကျောက်တုံးနှင့်ဆောက်ထားသည့် အိမ်မျိုးဖြစ်သည်။ ဝင်းခြံကြီးကလဲတွင် ရှေးဆန်ဆန်ဆောက်ထားခြင်းဖြစ်၏။ အဆောင်တစ်ခုက နောက်မှ တိုးချဲ့ထားခြင်းဖြစ်ဟန်တူသည်။ သစ်လွင်လျက်ရှိသည်။

အရပ်မြင့်မြင့် တုတ်တုတ်ခိုင်ခိုင် အမျိုးသမီးကြီးတစ်ယောက် မီးဖိုဆောင်မှ ထွက်လာသည်။ မျက်နှာဝိုင်းဝိုင်းကြီးမှာ ပြုံးချိုနေ၏။ ကားဆီသို့ အပြေးကလေး လျှောက်လာပြီး ခရေစီကို ပွေ့ဖက်နမ်းရှုပ်၍ နှုတ်ဆက်သည်။

"ဝမ်းသာလိုက်တာ ခရေစီရယ်၊ ကြာပြီနော် မတွေ့ရတာ"

"အစ်ကိုကြီး ခရေစီ ရောက်လာတယ်ဗျ အမေရ"

ဂျိုးဝီးက ခရေစီကို ခပ်ပြုံးပြုံးကြည့်ပြီး ပြောလိုက်သည်။ အဘွားကြီးက သားလုပ်သူကို မျက်စောင်းထိုးပြီး ခရေစီ၏လက်ဆွဲအိတ်ကို ယူသွားဖို့ ပြောလိုက်၏။ ပြီးတော့မှ ခရေစီကို မီးဖိုဆောင်ဘက်သို့ ခေါ်သွားသည်။

သည်မီးဖိုဆောင်ကို ခရေစီ ကောင်းကောင်းကြီးမှတ်မိနေသည်။ သည်နေရာ သည်မိသားစု စုဝေးရာနေရာ၊ ရင်းနှီးချစ်ခင်မှုဖြင့် ထွေးနွေးနေသည့်နေရာ။ ထမင်းစားခန်းနှင့် ဧည့်ခန်းဆောင်ကို ထုံးတမ်းစဉ်လာအရ ဧည့်ခံရမည့်သူတွေလာမှသာ အသုံးပြုဖြစ်သည်။ သည်အိမ်သားတွေက ခရေစီကို မိသားစုစာရင်းဝင်တစ်ယောက်လို ဆက်ဆံကြသည်။ သည့်အတွက် ခရေစီမှာ အနေရအထိုင်ရ ကျပ်ခဲ့ဖူးပြီ။

အိမ်ရှင်မကြီး 'လောရာ' က ကော်ဖီအိုးတည်ရင်း ဂိုက်ဒို့အကြောင်းတွေ မေးနေ၏။ မကြာမီအတွင်း အိမ်ထောင်ဦးစီး ပေါလ် ယာခင်းထဲမှ ပြန်ရောက်လာသည်။ ပေါလ်က သူ့မိန်းမလောက် အလုံးအရပ်မထွား။ သို့သော် ခရေစီကို ပွေ့ဖက်နှုတ်ဆက်သည့် သူ့လက်မောင်းတွေက သန်မာကျစ်လျစ်လှသည်။ ခရေစီက ပေါလ်၏ ခန္ဓာကိုယ် ကြံ့ခိုင်မှုကို သဘောကျနေ၏။

ပေါလ်က ခရေစီကို စေ့စေ့ကြည့်ပြီး

"နေကောင်းတယ်နော်"

"ကောင်းပါတယ်"

ပေါလ်က စားပွဲတွင် ဝင်ထိုင်ပြီး လောရာပေးသည့် ကော်ဖီခွက်ကို လှမ်းယူလိုက်၏။ သူတို့မိသားစု ခရေစီကို လက်ခံကြိုဆိုပုံမှာ ရှစ်နှစ်ကြာ ဝေးနေသည့် မိတ်ဆွေတစ်ယောက်ကို ကြိုဆိုသည်နှင့်မတူ။ တစ်ညအိပ်ခရီး ထွက်သွားသည့် အိမ်သားတစ်ယောက် ပြန်ရောက်လာသည့်နှယ်။ ထို့ကြောင့် ခရေစီတစ်ယောက် လွတ်လွတ်လပ်လပ် ရှိနေ၏။ သက်သောင့်သက်သာ ဖြစ်နေ၏။

*

နေပယ်လ်မှ ကက်ဆက်ကလေးတစ်လုံး ဝယ်လာခဲ့သည်။

သီချင်းခွေကိုဖွင့်ပြီး အိပ်ရာပေါ်တွင် လှဲနေလိုက်၏။ သီချင်းနားထောင်ရင်း လက်ရှိအခြေအနေနှင့် ပတ်ဝန်းကျင်အကြောင်းကို တွေးနေမိသည်။ ဂိုဖိုကို အခြေမြဖို့ ဂိုက်ဒို့၏အကြံပေးချက်မှာ သိပ်မှန်ကြောင်း တွေ့နေရ၏။

သည့်မိသားစုတွင် မေတ္တာအငွေ့အသက်ကို ခရေစီ ထိတွေ့ခံစားနိုင်မည်ဟု ဂိုက်ဒိုက ယုံကြည်ထား၏။ ပြီးတော့ ပေါလ်တို့မိသားစု မြေတွေထပ်ဝယ်ပြီး စိုက်ခင်းတွေ တိုးချဲ့စိုက်ပျိုးဖို့ အစီအစဉ်ရှိသည်ကိုလည်း ဂိုက်ဒိုသိထား၏။ လုပ်သားတွေ အများကြီး လိုလာမည်ဖြစ်၏။

ခရေစီက အငြိမ်နေတတ်သူ မဟုတ်။ ပေါလ်အတွက် အထောက်အကူ အများကြီးရမည်ဖြစ်သည်။ ဂိုက်ဒိုက ပေါလ်ကို ခရေစီ၏အခြေအနေနှင့် ဖြစ်ကြောင်းကုန်စင်ကို တယ်လီဖုန်းနှင့် ပြောထားပြီးသား ဖြစ်၏။ ရှေ့လုပ်မည့် အစီအစဉ်ကိုတော့ တစ်ခွန်းမှမဟ။

သူ့ကိုပေးထားသည့်အခန်းမှာ အဆောင်သစ်မှ အခန်းဖြစ်ကြောင်း ခရေစီက သတိထားမိသည်။ သီးခြားလှေကား၊ သီးခြားဝင်ပေါက်နှင့်။ ထမင်းစားရင်း ပေါလ်က ရှင်းပြသည်။

"အရင်တုန်းက အဲဒီအခန်းဟာ ပစ္စည်းသိုလှောင်ခန်းကွ။ ကောက်ရိုးတွေထားတဲ့အခါလည်း ထားတယ်။ ဂိုက်ဒိုက ဂျူလီယာနဲ့ လက်ထပ်ပြီးနောက်ပိုင်း ငွေမှန်မှန်ပို့ပေးတယ်။ ဂျူလီယာ ဆုံးပြီးတဲ့နောက်ပိုင်းမှာလည်း ဆက်ပို့နေတယ်။ ပထမတော့ ငါ ဒေါပွတာပေါ့ကွ။ တို့က ငတ်နေတာမှ မဟုတ်ဘဲ။ ဒါပေမဲ့ မင်းအကောင်အကြောင်း မင်းသိတယ်မဟုတ်လား။ ပြောလို့မရဘူး။ ခုထိ ဆက်ပို့နေတုန်း။ သူကတော့ ဝင်ငွေခွန် သက်သာအောင်ပါလို့ အကြောင်းပြတယ်လေ"

ဂိုက်ဒိုပို့သည့် ငွေကို စုပြီး သည်အဆောင်ကို ပြုပြင်သည်။ သူလာလျှင် အဆင့်အတန်းမီမီ ထားနိုင်အောင်ဟု ဆိုသည်။ အခန်းကို နေချင့်စဖွယ် ပြုပြင်ထားသည်။ ဧည့်ခန်းနှင့် ရေချိုးခန်းကိုလည်း အဆောင်အသစ်တွင် သီးသန့်ထားပေးသည်။ ဟိုတယ်ခန်းတစ်ခုနှင့် မခြား ပြင်ဆင်ထားပေးသည်။ ကော်ဖီခန်းတွင် အရက်မျိုးစုံ ထားပေးသည်။ အရက်ကောင်တာလည်း ရှိ၏။ အင်း... နှစ်လတိတိ နေရမှာပါလား။ ရောက်သည့်ညတွင် ခရေစီတစ်ယောက် သက်သောင့်သက်သာ ရှိနေ၏။ စိတ်အေးလက်အေး ရှိနေ၏။

ဂိုဇိုကျွန်းသားများမှာ ရိုးသားသည့် လယ်သမားများဖြစ်ကြ၏။ သို့သော် ပညာရေး အဆင့်အတန်းမှာ မနိမ့်။ ခေတ်ပညာတတ်တွေ များသည်။ လူဦးရေ ထူထပ်သည့် ကျွန်းဖြစ်သည့်အလျောက် ခေတ်ပညာတတ်တွေ ပြည်ပသို့ထွက်၍ အလုပ်လုပ်ကြသည့် အစဉ်အလာရှိ၏။ အနားယူချိန်တွင် ဌာနေသို့ ပြန်လာပြီး

အိမ်လှလှလေးတွေဆောက်ကာ အေးအေးလူလူ နေကြသူတွေများ၏။ ထို့ကြောင့် သည်ကျွန်းကလေးမှာ အမြဲတမ်း ခေတ်မီနေသည်။ နုပျိုနေသည်။

ပေါလ်သည် ပုံစံကျ လယ်သမားတစ်ယောက်ဖြစ်သည်။ အလွန်သိုသိပ်သူလည်းဖြစ်၏။ ဘဏ်တွင် သူ့ငွေတွေ အများကြီးရှိ၏။ သို့သော် သူက အနေမှန်သည်။ သူသည် သူပိုင် လယ်ယာမြေတွေကို ကာရံထားသည့် ကျောက်တံတိုင်းကြီးနှင့် တူသယောင်ရှိ၏။ လှပသေသပ်ခြင်းတော့ သိပ်မရှိ။ သို့သော် ဘိလပ်မြေ သရိုးမကိုင်ဘဲ ကျောက်တုံး တစ်တုံးနှင့်တစ်တုံး အံဝင်ခွင်ကျရှိနေသဖြင့် ပေါလ်၏ ကျောက်စည်းရိုးသည် ဥတုသုံးပါး ခံ၏။ မုန်တိုင်းကိုလည်းမကြောက်။

လောရာက ပွင့်လင်းသည်။ အပေါ်ယံကြည့်လျှင် အိမ်ထောင်ကို သူက ဦးဆောင်နေသည်ဟု ထင်ရ၏။ သို့သော် လောရာက ပေါလ်မပါဘဲ ဘာမှမဆုံးဖြတ်။ ဂျိုးဝီးက အမေတူသား။ သဘောကောင်းသည်။ ပျော်ပျော်နေတတ်သည်။ လူက လူချော။ ကောင်မလေးတွေ ကြိုက်မည့်ပုံမျိုး။

နာဒီယာက ဂျူလီယာအောက်။ အံ့သြစရာကောင်းသည့် မိန်းကလေး ဖြစ်သည်။ မော်လတာ ကမ်းခြေဟိုတယ်တစ်ခု၌ ဧည့်ကြိုစာရေးမ လုပ်နေသည်။ မကြာမီ ယာခင်းကို ကူလုပ်ဖို့ ပြန်လာတော့မည်တဲ့။ နာဒီယာအကြောင်းကို ဂိုက်ဒ့်ထံမှ သိခဲ့ရ၏။

အင်္ဂလိပ်ရေတပ် အရာရှိကလေးတစ်ယောက်နှင့် လက်ထပ်ပြီး တစ်နှစ်အတွင်း ကွဲသွားကြသည်။ ခရေစီက နာဒီယာကို ဝိုးတဝါးသာ မှတ်မိတော့သည်။ ဂိုက်ဒ့်နှင့် ဂျူလီယာ လက်ထပ်တုန်းက မြီးကောင်ပေါက်မကလေး။ ဂျူလီယာလိုပဲ စကားနည်းနည်း ခပ်အေးအေး ဆိုတာလောက်ပဲ မှတ်မိတော့၏။ သူရောက်လာလျှင် မိမိ၏လွတ်လပ်မှုများကို ထိခိုက်လာမည်လားဟု ခရေစီက စိုးရိမ်နေ၏။ မနက်ဖြန်ဆိုလျှင် လေ့ကျင့်ခန်း စရတော့မည်။ မည်သည့်အနှောင့်အယှက်မှ အဝင်မခံနိုင်။

*

ပင်လယ်ကွေ့ကို စီးမိုး၍ ကြည့်နိုင်သည့် တောင်ကြောပေါ်ကိုရောက်တော့ အသက်ရှူဖို့ ခဏရပ်လိုက်သည်။ ဝတ်ထားသည့် အားကစားဝတ်စုံမှာ ချွေးစက်စက်စိုနေသည်။ နေမမြင့်သေး။ နေရောင်ခြည်သည် တောင်တန်းများကို ကျော်တက်ဖို့ ကြိုးစားတုန်း။ ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်ပြီး လေကို တစ်ဝကြီး ရှူပစ်လိုက်သည်။ တစ်ကိုယ်လုံး ရိုက်ထားသလို နာကျင်နေ၏။ ကြွက်သားတွေကလည်း

ဖြုန်းစားကြီး စလိုက်သည့် ပြင်းထန်လွန်းသော လေ့ကျင့်ခန်းများ၏ဒဏ်ကို မခံနိုင်ကြ။ အလွန်အမင်း လောမကြီးဖို့ ကိုယ့်ကိုယ်ကိုယ် သတိပေးနေရ၏။ တန်ဆေးလွန်ဘေးတဲ့။ အရင်လိုလျှင် အနှေးဖြစ်တတ်သည်တဲ့။

အရုဏ်မတက်မီ အိပ်ရာမှ ထသည်။ ပဏာမ လေ့ကျင့်ခန်း လုပ်သည်။ ပြီးတော့မှ ကြေးစားတပ်ထဲတုန်းက လုပ်ခဲ့သည့် ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို ဆက်လုပ်သည်။ သို့သော် အားလုံးမဟုတ်။ အခြေခံမှ ဖြည်းဖြည်းချင်း ပြန်စသည်။

ပြီးတော့ ရေအေးအေးချိုးပြီး အောက်ထပ်သို့ ဆင်းသည်။

သည်အချိန်ကြီးတွင် လောရာကို မီးဖိုချောင်တွင်တွေ့ရ၍ အံ့သြသွား၏။

"မနက် ငါးနာရီ ဝတ်ပြုအမီ ထတာလေ။ တစ်အိမ်လုံးရဲ့ ဒုစရိုက်မှုတွေအတွက် ကျွန်မတစ်ယောက်တည်းပဲ ကုသိုလ်ကောင်းမှုလုပ်နေရတယ် ခရေစီရဲ့" ဟု ခပ်ရွှင်ရွှင်ပြောသည်။

ခရေစီကလည်း ပြန်ပြုံးပြလိုက်သည်။

"ကျွန်တော့်အတွက်လည်း ဆုတောင်းပေးပါ လောရာ။ ကျွန်တော်လည်း ဒုစရိုက်ကောင်ပါပဲ"

လောရာက ခေါင်းညိတ်လိုက်သည်။ ပြီးတော့ ရုတ်တရက် အံ့သြသွားသည့် အမူအရာနှင့် သူ့လည်ပင်းက ဆွဲကြိုးကလေးကို စိုက်ကြည့်နေသည်။

"ရှင်က ဗရင်ဂျီဘာသာဝင်လားဟင် ခရေစီ"

ခရေစီက ပခုံးကို တွန့်ပြလိုက်၏။

"ကျုပ်က ဘာရယ်လို့တော့ မဟုတ်လှပါဘူးဗျာ"

လောရာက မတ်ခွက်ကြီးတွင် ကော်ဖီ အပြည့်ထည့်ပြီး ခရေစီရှေ့တွင် ချပေးသည့် ကော်ဖီပူပူကို တစိမ့်စိမ့်သောက်နေစဉ် ဂျူးဒီးနှင့် ပေါလ်တို့သားအဖ ကွင်းဆင်းအဝတ်တွေနှင့် မီးဖိုဆောင်သို့ ဝင်လာကြသည်။

"ကျွန်တော် တစ်ခေါက်ပြေးမယ်။ ပြီးတော့ ရေကူးမယ်။ အဲဒါပြီးရင် ယာတဲမှာ လာပြီးကူမယ်ဗျာ" လို့ ခရေစီကပြောတော့ လယ်သမားကြီး ပေါလ်က ရယ်နေသည်။

ပြီးတော့ သူ့ကို ခေါင်းညိတ်ခေါ်ပြီး အပြင်ထွက်သွားသည်။ ပင်လယ်ကွေ့ဆီကို လက်ညှိုးထိုးပြပြီး

"မင်း ရေကူးမယ်ဆိုရင် ဟောဒီလမ်းအတိုင်း လိုက်သွား၊ ဟောဟိုဘက်က

ကျောက်တောင်တွေဘက်ကို သွားကူး၊ အကောင်းဆုံးပဲ၊ လွတ်လည်း လွတ်လပ်တယ်"
ရေကူးပြီးသည်နှင့် နံနက်စာ လာစားဖို့ လောရာက မှာသည်။ ပေါလ် ညွှန်သည့် နေရာကလေးမှာ သီးခြားကမ္ဘာကလေးလို ငြိမ်းအေးတိတ်ဆိတ်နေသည်။ ပင်လယ်ရေနှင့် ထိစပ်နေသည့် ထုံးကျောက်ဆောင်တွေကို ရေတိုက်စားသဖြင့် အောက်ခြေတွင် ပြတ်နေသည်။ ကျောက်စွန်းကျောက်စွယ်ကြီးများက ရေပြင်ပေါ်သို့ စီးမိုးဖြန့်ကျက်ထား၏။ ရေပြင်မှာ ငြိမ်သက်ပြာလဲ့နေ၏။

ခရေစီက အဝတ်တွေကို ချွတ်ပြီး ကျောက်ဆောင်ပေါ်မှ ဒိုင်ဗင်ထိုးဆင်း လိုက်သည်။ ကိုမီနို ရေလက်ကြားဆီသို့ မီတာ ၁၀၀ လောက် ကူးသွားသည်။ ဟိုမှာဘက်ကမ်းမှ ကိုမီနိုကျွန်းကလေးက သူ့ကို လက်ယပ်ခေါ်နေသည့်အလား။ ခုတော့ မကူးနိုင်သေး။ တစ်မိုင်ခန့် ဝေးသေးသည်။ နေကောင်းလာလျှင် တဖြည်းဖြည်းနှင့် ကိုမီနိုကို အရောက်ကူးနိုင်ရမည်။ ထိုထက်ပို၍ ကျန်းမာလာလျှင် အသွားအပြန် ကူးနိုင်ရမည်။

အပြန်တွင် လောရာက နံနက်စာပြင်ပြီး စောင့်နေသည်။ ရောမ နံနက်စာပွဲ ဖြစ်၏။ ဝက်ပေါင်ခြောက်၊ ကြက်ဥပေါင်မုန့်နွေးနှင့် ခြံထွက်ပျားရည်။ အားရပါးရ လွေးနေသော ခရေစီကို လောရာက ကော်ဖီသောက်ရင်း ကျေနပ်နှစ်သိမ့်ခြင်း အပြည့်ဖြင့် ကြည့်နေ၏။

လွန်ခဲ့သည့် ရှစ်နှစ်က ဂိုက်ဒိုနှင့် ပါလာသည့် ခရေစီပုံစံကို လောရာ ပြန်လည်မြင်ယောင်နေသည်။ ဟိုတုန်းကလည်း သည်လိုပဲ။ ပြီးတော့ သောက တစ်ခုခု ရောက်နေသလိုပဲ။ ဂိုက်ဒိုက ဖုန်းထဲမှာပြောတော့ သေကောင်ပေါင်းလဲ ဖြစ်ခဲ့တယ်တဲ့။

ဂိုက်ဒိုသည် ဂျူလီယာ ဆုံးသွားပြီးတော့ လောရာအတွက် သားအရင်းလို ဖြစ်လာသည်။ ဂျူလီယာဆုံးတော့ လောရာ ယူကျုံးမရ ငိုခဲ့ရသည်။ လောရာ ပူဆွေး သောက ဖြစ်ခဲ့ရသည်မှာ ဂျူလီယာအတွက်ချည်း မဟုတ်။ ဂိုက်ဒိုအတွက်လည်း ပါ၏။

သူတို့လင်မယားနှစ်ယောက်ဆီသို့ ဂိုက်ဒို မိန်းမလာတောင်းပုံကို လောရာ သတိရနေ၏။ တစ်ယောက်တည်း ပေါက်ချလာခြင်းဖြစ်သည်။ သူ့အ တိတ်ဘဝ ဇာတ်ကြောင်းကို အနည်းအကျဉ်းပြောပြ၏။ သို့သော် အနာဂတ်တွင် အတိတ်၏ အရိပ်တွေ မထင်ဟပ်စေဖို့ ကတိပြု၏။ ဂျူလီယာကို ဘယ်ရွှေ့ဘယ်မျှ မေတ္တာ ရှိကြောင်း၊ သူတို့အိမ်ထောင်ရေးကို ဘယ်လိုစီမံကိန်းဆွဲထားကြောင်း၊ နောက်ဆုံး

တစ်ချက်မှာ အကယ်၍ သူ တစ်စုံတစ်ခုဖြစ်သွားလျှင် ဂျူလီယာအနေဖြင့် ခရေစီဆီမှာ လိုအပ်သမျှ အကူအညီ ရနိုင်ကြောင်း စသည် စသည်။

နောက်တစ်နေ့ လက်ထပ်မင်္ဂလာပွဲတွင် လောရာက အမေရိကန်ကြီးကို စောင့်ပြီး အကဲခတ်နေ၏။ သူငယ်ချင်း ဂိုက်ဒ်ိအတွက် သူဝမ်းသာနေပုံကိုကြည့်ပြီး မနေ့ညက ဂိုက်ဒ်ိ ပြောစကားကို လောရာ ယုံလိုက်သည်။ ဂိုက်ဒ်ိက ခရေစီဆီ ရောက်နိုင်သည့် လိပ်စာကို ထိုစဉ်ကတည်းက ပေးထားခဲ့သည်။ ဂျူလီယာဆုံးတော့ လောရာပင် ထိုလိပ်စာကို အကြောင်းကြားလိုက်ခြင်းဖြစ်၏။ ၎င်းတွင် အာဖရိကမှ နေပယ်လ်သို့ ခရေစီ ပြန်လာခဲ့ခြင်းဖြစ်သည်။ ခုတော့ လောရာက ခရေစီကို အားအင် ပြည့်ဖြိုးလာသည်အထိ ကျွေးမွေးစောင့်ရှောက်ခဲ့ပြုစုဖို့ ဆုံးဖြတ်ထားပြီး ဖြစ်၏။

လေ့ကျင့်ခန်းတွေနှင့် ယာတောအလုပ်က သူ့ကြွက်သားတွေကို ပြုပြင် ပြောင်းလဲပေးလိမ့်မည်။ သို့သော် အာဟာရဖြစ်သည့် အစားအစာကို လှိုင်လှိုင် ကျွေးဖို့ အဓိကဖြစ်သည်။

နံနက်စာ စားပြီးတော့ ကွင်းထဲလိုက်သွားသည်။ ပေါလ်ကိုရှာပြီး အကျီကို ချွတ်ကာ ဒိုးတူပေါင်ဖက် ဝင်လုပ်တော့၏။ ပေါလ်က ကျောက်စည်းရိုး စီနေခိုက် ဖြစ်သည်။ လွယ်သည့်အလုပ်မဟုတ်။ အရွယ်တူကျောက်တုံးတွေကိုရွေး၍ တတ်နိုင် သမျှ ညီပြီးစီရ၏။ တစ်ခဏအတွင်း ခရေစီ လုပ်တတ်သွားသည်။ ပေါလ်မှာ အံ့ဩမဆုံး ဖြစ်နေသည်။ ခရေစီတွင် ဆောက်လုပ်ရေးအတတ်ပညာ အခြေခံ မည်မျှ ရှိခဲ့သည်ကို ပေါလ်မသိ။

သို့သော် တစ်နာရီလောက် ဆက်တိုက် ကုန်းကုန်းကွကွနှင့်လုပ်တော့ သူ့နောက်ကျောတွေ အောင့်လာသည်။ ကာလအတန်ကြာ အငြိမ်းစားရနေသည့် လက်တွေ နာနေပြီး ပေါက်ပြဲကုန်သည်။ မွန်းတည့်ချိန်ရောက်မှ အလုပ်နားကြသည်။

နေ့လယ်စာကတော့ ရိုးရိုးအသား ဆားနယ်နှင့် အသီးအနှံ။ စားသောက် ပြီးကြတော့ နေ့လယ် ပူလောင်လောင်တွင် တစ်ဝကြီး အိပ်ကြသည်။ ကျောက်သား ထုက ထုပြီး မျက်နှာကြက်က မြင့်၍ ခရေစီ့အခန်းမှာ အေးမြနေ၏။ ကိုယ်တွေ လက်တွေ နာကျင်နေသော်လည်း ခရေစီ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သည်။ ညနေ သုံးနာရီထိုးမှ နိုးသည်။ တစ်ကိုယ်လုံး တောင့်တင်းလျက်။ လက်တွေမှာလည်း ပေါက်ပြဲနေသည်။ သို့သော် သည်မျှသော ဝေဒနာသည် ခရေစီအတွက် အသေး အဖွဲ့မျှသာ။ ညနေပိုင်းတွင် ပေါလ်တို့သားအဖနှင့်အတူ ကွင်းဆင်းကြပြန်သည်။

သုံးယောက်ဆိုတော့ အလုပ်မှာ တွင်ကျယ်လာသည်။ နောက်နှစ်နာရီခန့်အကြာတွင် လောရာက ရေခဲစိမ် ဘီယာတွေနှင့် ရောက်လာသည်။

နေပူကျဲကျဲတွင် အကျီချွတ်ကြီးနှင့် အလုပ်လုပ်နေသော ခရေစီကို လောရာက မြည်တွန်တောက်တီးနေသည်။ သူ့ကိုယ်ပေါ်မှ အမာရွတ်တွေကို ကြည့်ပြီး တော့လည်း မေးချင်နေသည်။

"အလို… ခရေစီက ကောင်းကောင်းလုပ်တတ်တာပဲ။ ယာထဲမှာပဲ တစ်သက်လုံး လုပ်ကိုင်စားပါတော့လား ခရေစီရယ်"

လောရာက ရင်ထဲတွင်ရှိသည့်အတိုင်း ပြောလိုက်၏။ ပြီးတော့မှ ပေါက်ပြဲ နေသည့် သူ့လက်တွေကို သတိပြုလိုက်မိသည်။ ပေါလ်ကို ဒေါပွသွား၏။

"ရှင်က အရမ်းခိုင်းနေတာပဲ၊ သူ့လက်တွေကိုလည်း ကြည့်ပါဦး"

ပေါလ်က ပခုံးနှစ်ဘက်ကို တွန့်ပြလိုက်ပြီး

"မင်းရအောင် ပြောလေ"

လောရာက ခရေစီလက်ဖဝါးတွေကို ယူကြည့်သည်။

"ညနေ ရေကူးလိုက်ရင် ပျောက်သွားမှာပါ။ ဆားရေက အနာကျက်လွယ် ပါတယ်။ တစ်ရက် နှစ်ရက်ဆို အသားမာတက်လာမှာပါ"

လောရာက သူ့လက်တွေကို လွှတ်လိုက်ပြီး ခရေစီကိုယ်မှ အမာရွတ် တွေကို ကြည့်၍ ခေါင်းယမ်းလိုက်၏။

"စိုက်ပျိုးရေး လုပ်စားတာပဲ ဘေးကင်းပါတယ်ကွယ်"ဟု ပြောလိုက် မိသည်။ နောက်သုံးရက်မှာ ခရေစီအတွက် အလွန်ဖားသော သုံးရက်ဖြစ်၏။ အိပ်ရာပေါ်ရောက်သည်နှင့် ခြေပစ်လက်ပစ် အိပ်ပျော်သွားတော့၏။

သို့သော် ဇယားဆွဲထားသည့်အတိုင်း လေ့ကျင့်ခန်းနှင့် အလုပ်ချိန်ကို အပျက်မခံ။ မနက်စောစော အပြေးနှင့် ရေကူးချိန်ကို ပို၍တိုးပေးသည်။ ပြီးတော့ နေပူကျဲကျဲတွင် အပေါ်ပိုင်း ကိုယ်တုံးလုံးနှင့် အလုပ်လုပ်သည်။ ညနေပိုင်း ရေတစ်ခါ ကူးသည်။ ညစာ စားပြီးတော့ တန်းအိပ်သည်။ သူ ကလေးအတွက်ယူဇနေရသည့် လေ့ကျင့်ခန်းတွေ မဟုတ်ပါလား။ ပင်တာ့ကို သတိရလိုက်သည်နှင့် အခြား ဘာကိုမှ မတွေးမိတော့။ သူ့တစ်ကိုယ်လုံးကို ပြင်းပြသည့် ဒေါသစိတ်ကသာ လွှမ်းခြုံရစ်ပတ် လိုက်တော့၏။

ပေါလ်နှင့် ဂျီးဝီးတို့ သားအဖသည် မြင်းကွင်းကို သေသေချာချာမြင်လိုက်

ရသည်။ တစ်ညနေ ထမင်းစားပြီးချိန်တွင် ဖြစ်၏။ အိမ်ရှေ့တွင်ထိုင်၍ ကော်ဖီနှင့် ဘရန်ဒီ ရောသောက်ရင်း စကားစမြည် ပြောနေကြချိန်။

ဘဝတွင် တိုရည်ရှားရည်နိုင်လှသော ပင်တာနှင့် ပျော်စရာအပိုင်းများကို ခရေစီ ပြန်လည်မြင်ယောင်နေ၏။ တစ်ဆက်တည်းတွင် ဂိုက်ဒို ဆေးရုံရောက်လာပြီး ကလေးမ၏ မကြားဝံ့ မနာသာ ကြေကွဲဖွယ် အမင်္ဂလာသတင်းကို ပြောသည့်နေ့ မြင်ကွင်းက အာရုံတွင် ထင်ဟပ်လာသည်။

ပေါလ်က တစ်စုံတစ်ခုကို ပြောမည်ပြုကာ ခရေစီမျက်နှာကို လှမ်းကြည့်လိုက်သည်။ ပြောမည့်စကားလုံးတွေ လည်ချောင်းထဲတွင် ပျောက်ကွယ် သွားကြတော့၏။ သူ့မျက်နှာသည် မုန်တိုင်းဆင်တော့မည့် ကောင်းကင်ပြင်လို အုံ့မှိုင်းရိုင်းစိုင်းနေ၏။ ပြီးတော့ ဗြုန်းခနဲထကာ နှုတ်ဆက်ပြီး အိမ်ဘက် ပြန်လျှောက်သွားတော့သည်။

ဂျိုးဝီးက သူ့အဖေကို လှမ်းကြည့်လိုက်သည်။ အမြဲတမ်း ပျော်ပျော်နေတတ်သည့် သူ့မျက်နှာကလေး ညှိုးနေ၏။

"သူ့ရင်ထဲမှာ မီးတောက်နေတယ်။ သူ့ကိုယ်ထဲမှာ တကယ့်ကို မီးလျှံတစ်ခု ရှိနေတယ်။ လူတစ်ယောက်ဟာ ဒါလောက် စိတ်ထိခိုက်ပြီး တစ်ပြိုင်တည်းမှာ ဒါလောက် ဒေါသဖြစ်နေတာကို ကျွန်တော် တစ်ခါမှ မတွေ့ဖူးဘူး ပါပါ"

ပေါလ်က ခေါင်းညိတ်သည်။

"ဒါပေမဲ့ သူက သိပ်သိုသိပ်တာကွ။ မင်းပြောတာ ဟုတ်တယ်။ သူ့ရင်ထဲက မီးလျှံနဲ့ ဘယ်သူတွေကို လောင်ကျွမ်းစေဦးမယ် မသိဘူး"

ဂျိုးဝီးက စိတ်ညစ်စရာတွေကို ချက်ချင်း ခေါင်းထဲမှ ဖယ်ထုတ်ပြီး

"ကျွန်တော့်ရင်ထဲမှာလည်း မီးလောင်နေတာပဲ ပါပါ။ ဒါပေမဲ့ အဲဒီမီးက တစ်မျိုး။ ဒီနေ့ သောကြာနေ့လေ။ ဟိုဘက်ကမ်း ကူးမယ်နော်။ ကမ္ဘာလှည့်ခရီးသည် ကောင်မလေးတွေ ကျွန်တော့်ကို မျှော်လှရော့မယ်"

အဖေလုပ်သူက သားကိုကြည့်ပြီး ခေါင်းယမ်းသည်။ သို့သော် သူ့မျက်နှာမှာ ပြုံးနေ၏။

"အေး... သိပ်တော့နောက်မကျစေနဲ့နော်။ နောက်တစ်နေ့ အလုပ်မလုပ်နိုင်ဘဲ နေဦးမယ်။ ကြက်သွန်ခင်း သုံးခင်းလောက် ကျန်သေးတယ်လေ"

ချာတိတ်က အမေရှိရာ မီးဖိုဆောင်ကိုကွင်းပြီး ကားဂိုဒေါင်ဘက်သို့

လျှောက်သွားသည်။ အမေနှင့်တိုးနေလျှင် နိုင်ငံခြားသူ ကောင်မလေးတွေအကြောင်း ဆုံးမစကားကို ဆိုနေဦးမည် မုချ။ အပေါ်ထပ် ခရေစီအခန်းမှ သီချင်းသံ ထွက်ပေါ်လာသည်။ ဂျိုးဝီးက ရပ်ပြီး နားထောင်နေ၏။ ချက်ချင်း ဒီသီချင်းကို မှတ်မိလိုက်သည်။ လွန်ခဲ့သည့် နှစ်နှစ်လောက်ကတည်းက နာမည်ကြီးနေသည့် သီချင်း။ 'သံယောဇဉ် ကမ်းခြေပြာ'။ ဂျိုးဝီးစိတ်ထဲတွင် အံ့သြနေ၏။

တော်တော်ထူးဆန်းတဲ့ လူကြီးပဲ။ စူဇူကီး မော်တော်ဆိုင်ကယ်ပေါ်သို့ လွှားခနဲခွလိုက်သည်။ စက်နှိုးလိုက်တော့ စက်သံက သီချင်းသံကို လွှမ်းမိုးသွားသည်။ ပြီးတော့ ဝေါခနဲ မောင်းထွက်ခဲ့တော့၏။

စနေနေ့တွင် နာဒီယာ အိမ်သို့ပြန်လာသည်။ သူတို့သုံးယောက် ယာတောမှ ပြန်လာတော့ နာဒီယာကို မီးဖိုစားပွဲတွင် ထိုင်လျက်သားတွေ့ရသည်။

"ခရေစီ၊ နာဒီယာလေ မှတ်မိရဲ့လား"

လောရာက ကလေးမကို မေးငေါ့ပြပြီး လှမ်းပြောသည်။

"ပြောပြလို့ သိတာပေါ့၊ ဟိုတုန်းက သူက ကျစ်ဆံမြီးကလေးနဲ့ပဲရှိသေးတာ"

နာဒီယာပြုံးနေသည်။ လှပသည့် သူ့မျက်နှာကလေးမှာ နူးညံ့နေ၏။ မတ်တတ်ထလာသည်။ ခရေစီ၏ပါးကို နမ်းပြီး နှုတ်ဆက်သည်။ အရပ်မြင့်မြင့် ကိုယ်လုံးသွယ်သွယ် လမ်းလျှောက်ပုံက ကျက်သရေရှိသည်။ တင်းရင်း မို့မောက်နေသည့် တင်သားတွေက နိမ့်တုံမြင့်တုံ။

နေ့လယ်စာဝိုင်းတွင် ခရေစီက နာဒီယာကို အကဲခတ်နေသည်။ စကားဝိုင်းကို စိုစိုပြည်ပြည်ဖြစ်အောင် သူ ပြောတတ်သည်။ အရက်နာ ကျနေသည့် မောင်ငယ် ဂျိုးဝီးကို စ နေသည်။ ပြီးတော့ အမေဆူတော့ သူကပါ လိုက်ဆူသည်။ ဂျိုးဝီးက မနက် နှစ်နာရီမှ ပြန်လာပြီး မိုးလင်းတော့ အလုပ်ဆင်းဖို့ မနည်းဆွဲထုတ်ရသည်။

မျက်နှာက ထက်မြက်ပါးနပ်မည့် မျက်နှာမျိုး၊ အလှကြီး မဟုတ်သော်လည်း သူ့မျက်နှာမှာ အားရှိသည်။ ရဲရင့်သည်။ ခွဲမက်စဖွယ် ကောင်းသည်။ ခရေစီကို လှမ်းကြည့်တော့ အကြည့်ချင်း ဆုံနေသည်။

"ဂိုက်ဒ်ိုကော အခြေအနေကောင်းရဲ့လား အစ်ကိုကြီး"

"ကောင်းပါတယ်၊ မင်းကို သတိရကြောင်း ပြောပေးဖို့ မှာလိုက်သေးတယ်"

"ဘယ်တော့လာမယ်လို့ မှာလိုက်သေးလဲ"

ခရေစီက ခေါင်းယမ်းပြီး ဖြေရင်း သည်ကလေးမနှင့် ဂိုက်ဒိုအကြားမှာ သံယောဇဉ်နှောင်ကြိုးတွေများ ရှိနေပြီလားဟု တွေးနေ၏။ သေသေချာချာကြည့်လေ ဂျူလီယာနှင့်တူလေ ဖြစ်နေသည်။ ဂိုက်ဒိုက နာဒီယာကို စိတ်ဝင်စားမည်ဆိုလျှင် အလွန်သဘာဝကျသည့်ကိစ္စဖြစ်သည်။ ဂျူလီယာဆုံးသည်မှာ ငါးနှစ်ပင် ပြည့်ခဲ့ပြီ မဟုတ်ပါလား။ ဟုတ်ချင်မှလည်း ဟုတ်မှာပါလေ။ ဟုတ်ရင် ဂိုက်ဒိုက ဖွင့်ပြောမှာပေါ့။

စားသောက်ပြီးကြ၍ အမျိုးသားတွေ နေ့လယ် တစ်ရေးအိပ်ဖို့ ထွက်သွားကြ၏။ နာဒီယာက အမေ့ကိုကူပြီး ပန်းကန်ခွက်ယောက်တွေကို ဆေးကြောနေသည်။

သားအမိနှစ်ယောက် စကားမပြောမိကြဘဲ အလုပ် လုပ်နေကြ၏။ နောက်မှ နာဒီယာက အဆက်အစပ်မရှိ

"နာဒီယာ သူ့ကို မမှတ်မိတော့ဘူး။ သူ့ကြည့်ရတာတစ်မျိုးပဲ။ ကြောက်စရာကြီးလိုပဲနော် မေမေ"

"ဟုတ်တယ်၊ တစ်မျိုးပဲ။ စကားလည်း သိပ်မပြောဘူး။ ဒါပေမဲ့ ဒီကို ရောက်တော့ တော်တော်တည်ငြိမ်သွားပုံရတယ်။ သမီးဖေဖေလည်း အကူအညီ အများကြီး ရနေတယ်လေ"

လောရာက ခဏစဉ်းစားပြီး ဆက်ပြောသည်။

"မေမေတော့ သူ့ကိုခင်တယ်။ ဖေဖေကတော့ သူဟာ တစ်ခုခုအတွက် အားမွေးနေတယ်လို့ပြောတယ်။ သက်စွန့်စံဖျားအလုပ်တစ်ခု ဖြစ်မယ်လို့ ထင်ကြေးပေးနေတယ်။ သူ အဲဒီအတွက် ပြန်ထွက်သွားဦးမှာတဲ့။ သူက သိပ်သတ္တိကောင်းတဲ့လူ။ မေမေတို့ တစ်အိမ်သားလုံး သူ့ကို ခင်နေကြတယ်"

နာဒီယာက တိတ်တိတ်ကလေး ဆက်ပြီး ပန်းကန်ဆေးနေသည်။ ပြီးတော့ မေးခွန်းတစ်ခု မေးသည်။

"သူ့အသက် ဘယ်လောက်ရှိပြီလဲ မေမေ"

လောရာက စဉ်းစားပြီးမှ ဖြေသည်။

"ငါးဆယ်လောက်တော့ ရှိရောပေါ့။ ဂိုက်ဒိုထက် ကြီးတာကိုး။ သူ အသက်ရှင်နေတာ ကံကောင်းလို့ဖြစ်မယ်။ အမာရွတ်ကြီးတွေကို ကြည့်ရတာ သေလောက်တဲ့ ဒဏ်ရာကြီးတွေပဲ"

နာဒီယာက ဆေးပြီးသားပန်းကန်များကို ကြောင်အိမ်ထဲသွင်းနေရင်း

"တကယ့်ကို ယောကျ်ားပီသတဲ့ လူပဲ မေမေ"

အမေက သမီးလုပ်သူကို စူးစမ်းသည့် အကြည့်ဖြင့် လှမ်းကြည့်သည်။ အမေ့ မျက်လုံးတွေ ကြေကွဲနေကြ၏။

"ဟုတ်တယ် မေမေ၊ ခရေစီဟာ ယောကျ်ားပီသတယ်ဆိုတာ အငြင်းပွားစရာ မရှိဘူး"

နာဒီယာက ပေါ့ပေါ့တန်တန် မှတ်ချက်ချသည် မဟုတ်။ ဘဝအတွေ့အကြုံအရ ယောကျ်ားတွေကို အကဲခတ်တတ်နေပြီ မဟုတ်လား။

နာဒီယာသည် အလွန်ယောကျ်ားပီသပြီး ချောမောခန့်ညားသည့် ယောကျ်ားတစ်ယောက်နှင့် လက်ထပ်ဖြစ်ခဲ့သည်။ ပျော်ပုံသစ်သည့် အိမ်ထောင်သည်ဘဝကို မျှော်လင့်ချက်ကြီးစွာဖြင့် အိမ်ထောင်ပြုခဲ့ခြင်းဖြစ်၏။ ဒဏ္ဍာရီဆန်လှသည့် အချစ်ဇာတ်လမ်းမျိုး။ ပြီးတော့ ကပွဲတွေ၊ ပြီးတော့ ပို၍ကျယ်ပြန့်သည့် မိုးကုပ်စက်ဝိုင်းအောက်မှ ပြည်ပတိုင်းပြည်တွေ၊ အို… အများကြီး။ သို့သော် စလယ်ဝင် ဖင်မမည်းခင် အိပ်မက်တွေ ကွဲကြေလဲပြိုကာ ကျွမ်းထိုးမှောက်ခုန်ဖြစ်ခဲ့ရ၏။ ဘဝနှင့်ယှဉ်၍ မမျှသည့် မုန်တိုင်းကို ရင်ဆိုင်ခဲ့ရ၏။ အိမ်ထောင်ရေးသုခကို လှလှကြီး ခံစားရတော့မည်ဟု အားခဲထားပြီးမှ တစ်စစီ ပျက်စီးခဲ့ရခြင်းဖြစ်၏။

နာဒီယာ့ခင်ပွန်းသည် တိုက်ပွဲတစ်ပွဲအဖြစ် နာဒီယာကို လက်ထပ်ခဲ့ခြင်းဖြစ်၏။ သူသည် လူပျိုဖော်ဝင်စအရွယ်တွင် စိတ္တဇဗေဒသဘောအရ မိန်းမလျာဆန်ခဲ့၏။ သို့သော် မိမိအသိစိတ်ဓာတ်ဖြင့် ယောကျ်ားပီသအောင်၊ ခန္ဓာကိုယ်ဖွံ့ဖြိုးလာအောင် အပြင်းအထန်ကြိုးစားခဲ့သည်။ ဤသို့ဖြင့် သူ့ရုပ်ရည်နှင့် ကိုယ်နေဟန်သည် မိန်းကလေးတိုင်း စွဲမက်လောက်အောင် ယောကျ်ားပီသလာ၏။ ချောမောခန့်ညားလာ၏။

နာဒီယာနှင့် လက်ထပ်ပြီးခါမှ သူသည် စစ်ရှုံးသူတစ်ယောက်အဖြစ် ဘူးပေါ်သလို ပေါ်တော့သည်။

နှစ်ယောက်သား ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြ၏။ ပူးပေါင်း၍ တိုက်ပွဲဝင်ကြ၏။ မအောင်မြင်သောအခါ နာဒီယာ့အတွက် ငရဲတမျှ ပူလောင်သည့် ဘဝသို့ ရောက်ခဲ့ရ၏။ သည့်ထက်ဆိုးသည်မှာ ခင်ပွန်းဖြစ်သူသည် သူ့ဘဝကို သူ မလွန်ဆန်နိုင်ဘဲ ပို့စမောက် ရေတပ်စခန်းတွင် အရက်မူးပြီး အရှက်တကွဲ အကျိုးနည်းဖြစ်ရသည့်ကိစ္စ ဖြစ်၏။

နာဒီယာက အဖေနှင့် အမေကို ဖြစ်ကြောင်းကုန်စင် ဖွင့်ပြောပြီး လမ်းခွဲခဲ့ခြင်းဖြစ်သည်။

နာဒီယာ ၂၆ နှစ် ရှိပြီ။ ဘာသာခလေ့အရ လက်ထပ်ဖို့ သည်ကျွန်းပေါ်တွင် မလွယ်။ နိုင်ငံခြားကိုလည်း စွန့်မသွားနိုင်။ နာဒီယာသည် မိသားစုနှင့် သည်မြေ၊ သည်ယာ၊ သည်အိမ်ခြေကို အလွန်တွယ်တာသည့် မိန်းကလေးဖြစ်၏။ အမေ့အိမ်ထက် ပို၍အေးမြသည့် လုံခြုံသည့်နေရာကို နာဒီယာ ရှာမတွေ့ပြီ။ ထို့ကြောင့် မော်လကာကို စွန့်ခွာခဲ့ပြီး ရွာကို ပြန်လာခဲ့ခြင်းဖြစ်၏။

တစ်ညနေတွင် ရေကူးဝတ်စုံကိုယူပြီး ကမ်းခြေဘက်သို့ ထွက်လာခဲ့၏။ ကျောက်ဆောင်တစ်ခုပေါ်တွင် အဝတ်တွေ ပုံထားသည်ကို တွေ့ရ၏။ ရေပြင်ဆီကို မျှော်ကြည့်လိုက်၏။ ခရေစီတစ်ယောက် ရေလက်ကြားကိုဖြတ်ပြီး ကူးနေသည်ကို တွေ့ရသည်။ မိတာနှစ်ရာလောက် ကူးသွားပြီး ပြန်လှည့်လာ၏။ နာဒီယာက စောင့်ကြည့်နေသည်။

ခရေစီ ရေထဲမှတက်လာတော့ နာဒီယာက

"နာဒီယာက အစ်ကိုကြီး ဟိုဘက်ကျွန်းထိ ကူးသွားမယ် အောက်မေ့နေတာ"

"နောက်တစ်ပတ်လောက်ဆိုရင် ကူးနိုင်ပါပြီကွ"

နာဒီယာ၏နံဘေးတွင် ဝင်ထိုင်ရင်း မောကြီးပန်းကြီးနှင့် လတ်လတ်ဆတ်ဆတ် ထိုအမာရွတ်နှစ်ခုကို လှမ်းကြည့်သည်။

"မင်း ရေကူးမလို့လား"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ ဟိုဘက်လှည့်နေ၊ နာဒီယာ အဝတ်လဲလိုက်ဦးမယ်လေ"

တစ်မိနစ်ခန့်ကြာတော့ ရေကူးဝတ်စုံအနက်နှင့် နာဒီယာ ကျောက်စွန်းပေါ်သို့ ပြေးတက်သွားသည်။ ပြီးတော့ လှပသေသပ်စွာ ဒိုင်ဗင်ထိုးဆင်းသွားသည်။

နာဒီယာသည် လှလှပပ ရေကူးနိုင်သူဖြစ်သည်။ ရေကူးနေရင်း သူ တကယ် ဟိုကျွန်းရောက်အောင် ကူးနိုင်ပါ့မလားဟု တွေးနေမိ၏။ ရေလက်ကြားအလယ်တွင် ရေစီးကြောင်းတစ်ခုရှိသည်။ အတော်သန်သည့် ရေစီးကြောင်း။ သည်အကြောင်း သူ့ကို ပြောပြမည် စိတ်ကူးသေး၏။ နောက်မှ မပြောဖို့ ဆုံးဖြတ်လိုက်သည်။ ခရေစီလိုလူစားက မိန်းကလေးတစ်ယောက်၏ စွက်ဖက်မှုကို လက်ခံမည့် လူစားမျိုးမဟုတ်ကြောင်း နာဒီယာ နားလည်ထားလိုက်သည်လေ။

နာဒီယာ ပြန်တက်လာသည်။ နှစ်ယောက်သား ပက်လက်လှန်၍ နေဆာလှုံကြသည်။ နာဒီယာက ဂိုက်ဒိုနှင့် သူ့လုပ်ငန်းအကြောင်းလောက်ကိုပဲ မေးသည်။ ကလေးမကလေး ပြန်ပေးဆွဲခံရပုံနှင့် ပစ်ကြခတ်ကြသည့်အကြောင်းကိုတော့ တစ်ခွန်းမျှ မဟ။ သတင်းစာထဲတွင် ပါသမျှတော့ နာဒီယာ ဖတ်ပြီးသား ဖြစ်၏။ သို့သော် ပို၍ သိချင်သေးသည်။

ဒါပေမဲ့ မမေးသေး။ အချိန်တွေ ရှိပါသေးတယ်လေ။

❑

## (၁၁)

ကူးတို့ဇက်ရေယာဉ် သင်္ဘောကြီးကို မီရုံကလေးရှိသည်။ ခရေစီက လင်းရိုဗာကား အစုတ်ကလေးကို တရကြမ်း မောင်းဆင်းသွား၏။ ဇက်ရေယာဉ် အမှုထမ်းများမှာ ခရေစီနှင့် ခင်မင်နေကြပြီ။

ဗစ်တာဆိုသူ လူငယ်တစ်ယောက်က သူ့ကို လှမ်းနှုတ်ဆက်ပြီး

"ခင်ဗျား ကံကောင်းလို့ မီတာနော်" ဟု ပြောသည်။

"မင်းတို့က နေ့တိုင်း နောက်ကျပြီး ခုမှ စောထွက်တာကိုးကွ"

"ဒီည အထူးလေဗျာ၊ ပါတီရှိတယ်။ နည်းနည်းပါးပါး ဟဲရဦးမယ်ဗျ"

သည်လူသိုက်၏ နည်းနည်းပါးပါးသည် အနည်းဆုံး နှစ်နာရီလောက် ထိုင်သောက်မည့်ဝိုင်း ဖြစ်သည်။ သည်နေ့တော့ သူတို့နှင့် ဝင်ပြီးရောလိုက်ဦးမှ။ သူတို့ကို တိုက်ဖို့ စိတ်ကူးရှိခဲ့သည်။ အခွင့်မကြုံခဲ့။

အပြင်းစား လေ့ကျင့်ခန်းများကို ကျော်လွှန်ခဲ့ပြီ။ တတိယပတ်တွင်းသို့ ရောက်သည့်အခါ သက်လုံကောင်းလာသည်။ သို့သော် ဟိုတုန်းကပုံစံကို ရောက်ဖို့တော့ အပုံကြီး လိုသေးသည်။

သည်နေ့ လေ့ကျင့်ခန်းမှာ ကျေနပ်စရာ ကောင်းလှသည်။ 'စိန့်ဘာယ်မို' ခံတပ်ဟောင်းကြီးအတွင်းမှာ ဖြစ်၏။ သည်အကြံကို ရခဲ့သည့်မှာ ဂျိုးဝီးကြောင့်ဖြစ်၏။ တစ်နေ့ ဂျိုးဝီးက သတင်းစာကို အသံထွက် ဖတ်နေသည်။ အနောက်ဂျာမဏီတွင် လေယာဉ်အနုကြမ်းစီးမည့်အဖွဲ့ကို 'အကြမ်းဖက်သမား အထူးနှိမ်နင်းရေးအဖွဲ့' က မည်သို့ကာကွယ်လိုက်ကြောင်း သတင်းဖြစ်၏။

ပေါလ်က သည်အဖွဲ့အစည်းမျိုး မော်လတာတွင်လည်း ရှိကြောင်း၊ သူတို့ရဲ့အရာရှိ ဂျော့ဇမ်မစ်က တပ်မှူးဖြစ်ကြောင်း ပြောပြသည်။

ခရေစီအတွက် စဉ်းစားစရာရလာ၏။ နောက်တစ်နေ့တွင် ပေါလ်ထံသို့ အကူအညီတောင်းတော့၏။ သည်အဖွဲ့တွင် သူလေ့ကျင့်ခန်းယူဖို့ ကိစ္စ။ ပေါလ်က တယ်လီဖုန်းဆက်ပြီး အလွယ်တကူ စီစဉ်ပေးလိုက်သည်။

တပ်ဖွဲ့ဝင်တွေက အင်္ဂလိပ်တွေကျန်ခဲ့သည့် လက်နက်တွေနှင့် လေ့ကျင့်နေကြခြင်း ဖြစ်၏။ သူတို့ အပစ်အခတ် လေ့ကျင့်နေသည့်ခံတပ်ဟောင်းကြီးမှာ လုံလုံခြုံခြုံရှိလှ၏။ လက်နက်မျိုးစုံကိုပြန်ကိုင်ရတော့ ခရေစီ ပျော်နေသည်။ သို့သော် နေ့ကွေးလေးလံနေ၏။ တစ်ပတ်လောက်ဆို ကျင့်သားရသွားမှပါဟု ကိုယ့်ကိုယ်ကိုယ် အားပေးရသည်။

လက်နက်မျိုးစုံကို လေ့ကျင့်ပစ်ခတ်ပြီး အားကစားရုံတစ်ရုံတွင် ခရေစီအပြင် တပ်ဖွဲ့ဝင် ၁၅ ဦး ပါသော သူတို့လူသိုက် လက်နက်မဲ့တိုက်ကွက်များကို လေ့ကျင့်ရပြန်သည်။ ဖွဲ့စည်းထားသည်မှာ မကြာသေးသော်လည်း အရည်အချင်းမှာ မဆိုးလှ။ ကြိုးစားပမ်းစား လေ့ကျင့်ကြ၏။ အပင်ပန်းခံကြ၏။ ဂျော့ဇမ်မစ်မှာ အလွန် သဘောကောင်းသည့် ရဲမှူးဖြစ်သည်။ ခရေစီ ကိုင်တွယ်ပစ်ခတ်ပုံကိုကြည့်ပြီး သူ အတွေးနက်နေသည်။

ခရေစီတစ်ယောက် ဇက်ရေယာဉ်ပေါ်တွင် ရှိနေစဉ်၌ ဂျော့က ဦးလေးဖြစ်သူ ပေါလ်ဆီသို့ ဖုန်းခေါ်သည်။

"ဦးလေး ခင်ဗျားဘယ်လိုလူစားမျိုးကို အိမ်ပေါ်တင်ထားတယ်ဆိုတာ သိရဲ့လား"

ပေါလ်က အေးအေးဆေးဆေး ပြန်ပြောသည်။

"သူက ဂိုက်ဒို့သူငယ်ချင်းပါကွ။ ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူး"

"ဒုက္ခမပေးတာတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ သူဟာ လက်နက်နဲ့ပတ်သက်ပြီး တကယ်တစ်ဖက်ကမ်းခပ်တဲ့သူဗျ။ သာမန်လူ မဟုတ်ဘူး။ သူ ဒီမှာ ဘာလာလုပ်နေတာလဲ"

ပေါလ်က ပြန်ပေးမှုအကြောင်း၊ ဒဏ်ရာရတဲ့အကြောင်း၊ ခု လာပြီး အနားယူနေခြင်းဖြစ်ကြောင်း ရှင်းပြသည်။

"သူ ဒီမှာ အလုပ်လုပ်ဖို့ အစီအစဉ်မရှိပါဘူးနော်"

"မရှိပါဘူးကွ၊ သူ ကြေးစားတပ်ထွက်မှန်း ငါသိပါတယ်။ ဂိုက်ဒိုနဲ့ အတူတူလေ။ သူလိုလူက ဒီမှာ ဘာလုပ်စရာရှိမှာလဲကွ"

ဂျော့က ရယ်ပြီး

"ဦးလေး၊ ခင်ဗျား အာဏာသိမ်းဖို့ ကျိတ်ကြံနေတာ မဟုတ်ပါဘူးနော်"

နှစ်ယောက်စလုံး ရယ်ကြသည်။

"မင်းပြောသလောက် ဟုတ်ကောဟုတ်ရဲ့လားကွ၊ ဂျော့"

ဂျော့က စဉ်းစားပြီး ဖြေသည်။

"ကျွန်တော်တွေ့ဖူးသမျှထဲမှာတော့ အတော်ဆုံးပဲ။ ကျွန်တော်လည်း သင်တန်းတွေ တက်လာတာ စုံနေပြီ။ အင်္ဂလန်မှာရော အီတလီမှာရော။ ဒါပေမဲ့ လက်နက်တွေကို သူကိုင်တွယ်ပုံမျိုး တစ်ခါမှ မမြင်ဖူးဘူး။ မွေးကတည်းက သေနတ်တွေနဲ့ ဖက်မွေးလာတာ ကျနေတာပဲ"

ခဏစကားပြတ်သွားပြီးမှ ဂျော့ စကားဆက်သည်။

"ကျွန်တော့်ကို ညစာစားဖို့ တစ်ရက်လောက် ဖိတ်ဗျာ။ သိပ်မရင်းနှီးသေးဘဲ ကျွန်တော် သူ့ကို တောင်မေးမြောက်မေး မမေးချင်ဘူး။ ရိုင်းရာကျနေမယ်။ ဒါပေမဲ့ သူ့အကြောင်း သိချင်နေတယ် ဦးလေးရ။ ကျွန်တော်တို့မှာ သင်တန်းဆရာ ကောင်းကောင်း လိုနေတယ်။ သူ့အကူအညီရမယ်ဆိုရင်၊ တရားမဝင်တဲ့နည်းနဲ့ ပြောတာပါ"

ပေါလ်က ဂျော့ကို လာမည့် စနေနေ့တွင် ညစာလာစားဖို့ ဖိတ်လိုက်သည်။ စိတ်ထဲတွင် ကျေနပ်နေ၏။

ဖက်ရေယာဉ်ပေါ်မှအဆင်းတွင် ခရေစ်ကားနှင့် ဗစ်တာက လိုက်လာသည်။ အရက်ဆိုင်မှာ ဆိပ်ကမ်းနှင့် သိပ်မဝေးလှ။ ဆိုင်တွင် လူစည်ကားနေပြီ။ သူတို့ နှစ်ယောက် ဝင်လာတော့ လမ်းဖယ်ပေးကြသည်။ တစ်နေ့တာ အလုပ်ချိန်ပြီး၍ သောက်သုံးနေကြခြင်းဖြစ်၏။ လွတ်လွတ်လပ်လပ်ပင် သောက်နေကြခြင်းဖြစ်၏။ အခန်းထောင့် တစ်နေရာမှ ဂျိုးဝီးက လက်လှမ်းပြသည်။ စားပွဲတစ်လုံးတွင် နာဒီယာက ဗစ်တာ၏အမျိုးသမီးနှင့် ထိုင်နေသည်ကိုလည်း လှမ်းမြင်လိုက်ရ၏။ ပတ်ဝန်းကျင်အခြေအနေက သူတို့နှစ်ယောက်ကို တစ်စုံတစ်ခုသို့ တွန်းအားပေးဘိသို့ ရှိ၏။

နှစ်ယောက်သား နေ့တိုင်း အတူတူ ရေကူးကြသည်။ သို့သော် နာဒီယာက ရောင့်မတက်။ ခါတိုင်းလိုပင် နှုတ်ဆိတ်ဆိတ်။ တစ်ချိန်လုံး သူ့အတွေးနှင့်သူ၊

သို့သော် သည်သူငယ်မသည် ခရေစီ၏အာရုံထဲသို့ တစ်စတစ်စ ကျူးကျော်ဝင်ရောက်နေ၏။

ခရေစီသည် သူ့ကိုယ်သူ ပြောင်းလဲနေသည်ဟူ၍ လက်မခံဘဲ မရတော့။ လူတွေနှင့် ဆက်ဆံတတ်လာသည်။ လူတွေအကြောင်း စိတ်ဝင်စားလာသည်။ နာဒီယာဆိုသည့် သူငယ်မကိုလည်း အာရုံစိုက်လာ၏။ နာဒီယာ၏ သွယ်လျကျစ်လျစ်သော ကိုယ်လုံးကလေးကိုရော၊ သူ့ကလေး၏ လေးနက်တည်ငြိမ်သည့် မျက်နှာကလေးကိုပါ သတိထားမိနေ၏။

တစ်ချက် သူ့ကို ငဲ့ကြည့်သည်။ နာဒီယာက သူ့ကိုကြည့်နေဆဲ။ မျက်လုံးတွေမှာ ရီဝေလျက်။ သည်မျက်လုံးတွေနှင့် သူရင်းနှီးနေသည်။ သူ့ကို အကဲခတ်ကြည့်နေကြသည့် မျက်လုံးများ။

မျက်နှာလွှဲလိုက်ပြီး အရက်ဆိုင်မှ တိုနီကို ရှိသမျှ ဖန်ခွက်တွေထဲသို့ အရက်တွေ ဖြည့်ခိုင်းလိုက်၏။

“မင်းအတွက်လည်း တစ်ခွက်ပေါ့ကွာ”

“မစောလွန်းဘူးလား ဆရာကြီး”

တိုနီက ပြန်မေးသည်။ သို့သော် ခရေစီက ကောင်တာပေါ်သို့ ပိုက်ဆံထိုးပေးနေပြီ။

*

စနေနေ့ မနက် အရုဏ်တက်ချိန်။

ကိုမီနီကျွန်း၏ အဖြူနှင့် အပြာရောင် ဟိုတယ် အဆောက်အအုံဆီသို့ ဆိုက်ရောက်အောင် ချိန်ပြီး ကူးနေသည်။ လေက ရေစီးကြောင်းဆန်ပြီး တဖြူးဖြူး တိုက်နေ၏။ ရေအတက်အကျကို မတွက်မိလိုက်။ လိုအပ်သည်မထင်၍ မတွက်မိခဲ့ခြင်းဖြစ်၏။

ဟိုတယ်အဆောက်အအုံကို ပို၍ပြတ်ပြတ်သားသားမြင်နေရပြီ။ ကူးရင်းကူးရင်း အရှေ့ဘက်သို့မျောနေကြောင်း သတိထားမိ၏။ ရေလက်ကြား၏ အလယ်ကောင် တည့်တည့်လောက် အရောက်တွင် ဦးတည်ချက်ပြောင်းပြီး ဓားလွယ်ခုတ်ဆန်၍ ကူးသည်။ သို့သော် မျောနေမြဲ။ သည်အတိုင်းဆိုလျှင် ဟိုတယ်ရှေ့ တည့်တည့်သို့ တိုက်ရိုက် မရောက်နိုင်။ အောက်တစ်ကွေ့တွင် သွားတင်မည် ဖြစ်၏။

သေသေချာချာမတွက်မိသည့် မိမိ၏မိုက်ပြစ်အတွက် ကျိန်ဆဲလိုက်သည်။

အောက်တစ်ကွေ့ကွေ့တွင် သွားတင်မည်ဆိုလျှင် ကမ်းခြေမရှိ။ မတ်စောက်သည့် ကျောက်ဆောင်တွေချည်း ဖြစ်၏။ သည်တော့ ပြန်လှည့်ပြီး ကူးခဲ့ရသည်။ သည် အတိုင်းဆိုလျှင် ကျွန်းနှစ်ကျွန်းလုံးကိုကျော်ပြီး မျောသွားနိုင်စရာအကြောင်းရှိနေ၏။

အားသွန်၍ကူးသည်။ ဂိုဇို၏တောင်ဘက် ပင်လယ်ကမ်းခြေလျှောပြေပြေကို လှမ်းမြင်ရ၏။ သို့သော် တစ်မိုင်ခန့်ဝေးသေး၏။ လက်ကို မှန်မှန်ပစ်၍ ကူးနေသည်။ တဖြည်းဖြည်း လက်ပန်းကျစ ပြုလာ၏။

အားအင်ကုန်ခန်းသည်ထက် ကုန်ခန်းလာသည်။ ရေထဲမှ သူ့အနေအထားမှာ တဖြည်းဖြည်း မတ်သည်ထက် မတ်လာသည်။ ရေ့ကို မတိုးနိုင်တော့။ ဦးခေါင်း မမြုပ်အောင် ရှိစုမဲ့စုအင်အားနှင့် ယက်နေသည်။ ဤအချိန်တွင် မော်တော်ဘုတ်သံ ကြားလိုက်ရခြင်းဖြစ်၏။

အသံလာရာဆီသို့ လှမ်းကြည့်လိုက်သည်။ ငါးဖမ်းမော်တော်ငယ်လေး တစ်စင်း။ ရေယာဉ်ဦးပိုင်းမှ နှစ်ယောက်ကို ဘယ်သူဘယ်ဝါတွေဆိုတာကို ချက်ချင်း သိလိုက်သည်။ နာဒီယာနှင့် ဂျီးဝီး။ လှမ်းအော်ဖို့ ကြိုးစားသည်။ လက်ပြဖို့ ကြိုးစားသည်။ သို့သော် လူတစ်ကိုယ်လုံး မြုပ်သွားသည်။ တတ်နိုင်သမျှ ရုန်းကန်ပြီး အသက်ရှူဖို့ ရေပေါ်သို့ နှာခေါင်းရောက်အောင် ကြိုးစားသည်။ သည်တော့မှ သူတို့ မြင်သွားကြပြီး မော်တော်ဘုတ်ကလေးကို တအားကွေ့ချလာသည်။ ထိုအချိန်တွင် ခရေစီ လုံးဝလက်ပန်းကျသွားပြီ။ ဘာမှမတတ်နိုင်တော့။ ဂျီးဝီးက ဒိုင်ဗင်ထိုးဆင်းပြီး သူ့ခန္ဓာကိုယ်ကြီးကို အောက်မှ ပခုံးနှင့် ဝင်ထမ်းသည်။ ငါးဖမ်းသမားနှစ်ဦးက ကူပြီး ဆွဲတင်ပေးကြသည်။

မော်တော် ဝမ်းဗိုက်ထဲတွင် အသက်ကို အနိုင်နိုင် ရှူနေရ၏။ ရေငန်တွေ တစ်ပိုင့်လောက် အန်ထွက်လာသည်။

အပြန်ခရီးတွင် ခရေစီသည် ငြိမ်လျက်ထိုင်လိုက်လာ၏။ မျက်နှာမှာ သုန်မှုန်လျက်။ အသက်ကို တစ်ချက်ချင်း ရှိုက်ရှူနေသည်။ နာဒီယာက မှုန်မှိုင်း နေသည့် သူ့မျက်နှာကို စောင့်ကြည့်နေ၏။ မနက်စောစော အိပ်ခန်းတံခါးကို ဖွင့်လိုက်တော့ ခရေစီ ရေထဲဆင်းသွားသည်ကို လှမ်းမြင်၏။ နာဒီယာက စောင့်ကြည့် နေခဲ့သည်။ လက်စသတ်တော့ သူ ဟိုဘက်ကျွန်းကို ကူးနေတာကိုး။ တဖြည်းဖြည်း ရေစီးကြောင်းအတိုင်း မျောပါသွားသည်ကိုမြင်တော့ ဂျီးဝီးကို အော်ခေါ်ပြီး မောင်နှမ နှစ်ယောက် ပြေးဆင်းလာခဲ့ကြသည်။ သည်အချိန်ဆိုလျှင် ငါးဖမ်းမော်တော်တွေ

အားလုံးထွက်ကုန်ပြီ။ ကံကောင်းထောက်မသဖြင့် ညက အမူးလွန်ပြီး အိပ်ရာထနောက်ကျနေသည့် မစ်ဇ်ဒီ ညီအစ်ကိုနှစ်ယောက်နှင့် ကမ်းခြေတွင် ဆုံသည်။ ဂျိုးဝီးက အကျိုးအကြောင်း အလောတကြီးပြောရင်း မော်တော်ပေါ် ခုန်တက်ပြီး မောင်းထွက်လာခဲ့ကြခြင်း ဖြစ်သည်။

"အစ်ကိုကြီး သိပ်ကံကောင်းတာပဲ၊ ဖြုန်းခနဲ ရှာတွေ့ဖို့ မလွယ်ဘူး"

"အေး... ဟုတ်တယ်၊ ငါကိုယ်တိုင် အသုံးမကျတာပါကွာ။ ရေတက်ရေကျကို မတွက်ဘဲ ရမ်းကူးသွားတာကိုး"

ပြောရင်း ကိုမီနီကျွန်းဆီကို မကျေမချမ်း လှမ်းကြည့်နေ၏။ နာဒီယာက အကဲခတ်မိလိုက်သည်။ သူ နောက်တစ်ကြိမ် ကူးဦးမည်ဖြစ်၏။

ဆိပ်ကမ်းကိုပြန်ရောက်ကြတော့ ခရေစီက ဂျိုးဝီးကို လှမ်းပြောသည်။

"ဒီရဲဘော်တွေ ငါးဖမ်းဖို့ နောက်ကျသွားပြီ။ ပိုက်ဆံလေး ဘာလေး ပေးလိုက်ပါကွာ။ ခုချိန်မှာဆို သူတို့ ဘာမှရတော့မှာမဟုတ်ဘူး"

ငါးဖမ်းသမား ညီအစ်ကိုက ရယ်ပြီး ခေါင်းယမ်းသည်။

"သည်တစ်နွေလုံး ဒီလောက်ကြီးတဲ့ငါး ဘယ်သူမှ မရသေးပါဘူးဗျ" ဟု တစ်ယောက်က နောက်လိုက်သည်။ နောက်တစ်ယောက်က

"ခင်ဗျားကို ကြော်စားရမလား၊ ကင်စားရမလား စဉ်းစားနေတာ" ဟု ထပ်ဖောက်သည်။

ခရေစီက သူတို့အားလုံးကို အရက်ဆိုင်သို့ ခေါ်သွားသည်။ သူကိုယ်တိုင်ကမူ ရေကူးဝတ်စုံနှင့်။

ထိုနေ့က အမှတ်ထင်ထင်နေ့ ဖြစ်၏။ အရက်ဆိုင်ရှင် တိုနီက ရေနစ်သူတွေအတွက် အကောင်းဆုံးဆေးကို စပ်လျက်ရှိ၏။ လက်ဖက်ရည်ပူကို ဘရန်ဒီများများ ရောနေခြင်းဖြစ်၏။ ပြီးတော့ ရမ်ကို ရေမရောဘဲ ထပ်ထည့်၏။ တိုနီက သူ့ဆေးနည်းကို သူသဘောကျသည်။ သူကိုယ်တိုင်လည်း လူနာနှင့်အတူ လိုက်သောက်၏။ ဇက်ရေယာဉ် ဝန်ထမ်းများဖြစ်ကြသော ဗစ်တာနှင့် မိုက်ကယ်တို့ကလည်း သတင်းကြား၍ ပြေးလာကြသည်။ သူတို့ပါ ဝိုင်းသောက်ဖြစ်သွားသည်။

"အစ်ကိုကြီးကို သူတို့ ကျေးဇူးတင်နေကြတယ်။ မနက်ပိုင်း အရက်သောက်ဖြစ်အောင် လုပ်ပေးလို့လေ" ဟု နာဒီယာက အားလုံးကို လှမ်းနောက်သည်။

ဗစ်တာက ခေါင်းညိတ်ပြီး

"နာဒီယာပြောတာ ဟုတ်တယ်။ ဒါပေမဲ့ အိုမိုက နှစ်မယ့်နှစ်လည်း များများ နှစ်တာ မဟုတ်ဘူး။ ဒါမှ သနားတဲ့အနေနဲ့ များများသောက်ရမှာ"

အပြန်တွင် ခရေစီက မေးသည်။

"ဘာလဲကွ၊ အိုမိုဆိုတာ"

သည်တော့မှ ဂျိုးဝီးက ရှင်းပြသည်။

"အစ်ကိုကြီးကို ချစ်စနိုး ခေါ်လိုက်တာလေ။ နာမည်ပေးလိုက်တာပေါ့။ အမိပွာယ်က သွေးသောက်ကြီးပေါ့ဗျာ။ ဒီကျွန်းပေါ်မှာ လူတိုင်းလူတိုင်း ချစ်စနိုး ပေးထားတဲ့နာမည် ရှိကြတာချည်းပဲ။ ဒါပေမဲ့ လူစိမ်းသူစိမ်းကိုတော့ ချစ်စနိုး နာမည် ပေးလေ့ပေးထမရှိဘူး"

ခရေစီကို ကျွန်းသားတစ်ယောက်အနေဖြင့် လက်ခံကြသည့် သဘော ဖြစ်သည်။

ဂျော့နှင့် ခရေစီတို့နှစ်ယောက် အိမ်ရှေ့ ဥပစာတွင် ထိုင်နေကြသည်။ ညစာကို မြိန်မြိန်ရှက်ရှက် စားသောက်ပြီးခါစဖြစ်၏။ လောရာနှင့် နာဒီယာတို့ သားအမိနှစ်ယောက်က တစ်နေ့ခင်းလုံး ချက်ပြုတ်ကြော်လှော်နေကြသည်။ နာမည် ကျော် မော်လတာကျွန်းပုံစံ ယုန်သားပေါင်းလည်း ပါသည်။ ခရေစီသည် ရေနစ်ပြီး နောက်နေ့တွင် တစ်ယောက်တည်း ငြိမ်သက်နေ၏။ ညနေပိုင်းတွင် ရဲဌာနသို့သွားပြီး ဒီရေအတက်အကျဇယား တောင်းယူခဲ့သည်။

ယနေ့ ပေါလ်နှင့် ဂျိုးဝီးတို့က ညစာ စားပြီးပြီးချင်း အပြင်သို့ထွက်သွား ကြသည်။ နာဒီယာက သူတို့နှစ်ယောက်ကို ကော်ဖီနှင့် ကော့ညက်ပုလင်း လာချပြီး မီးဖိုထဲသို့ ပြန်ဝင်သွားသည်။

ဂျော့က တစ်ခုခုကို အာရုံစိုက်နေသလိုပုံစံဖြင့် ရောမဆေးတံကြီးတွင် ဆေးတစ်ဆုံ ဖြည့်နေသည်။ မီးခြစ် ခြစ်သည်။ ပြီးတော့ မီးလျှံကို ဆေးတံအိုး ထဲသို့ စုပ်ယူလိုက်သည်။

ခရေစီက ကော်ဖီနှင့် ကော့ညက်ကို ရောငှဲ့နေသည်။ စိတ်ထဲတွင် အလိုလို သိနေ၏။ ဂျော့တွင် သူနှင့် ဆွေးနွေးစရာရှိသည် ဟူ၍။ ဒါကြောင့် ပေါလ်တို့ သားအဖ ရှောင်ထွက်သွားကြခြင်း ဖြစ်မည်။

ဂျော့က ဆေးတံကို အားရပါးရ ဖွာရင်း ကုလားထိုင်နောက်သို့ ပစ်မှီ လိုက်သည်။

"ကျွန်တော်ဟာ ကျွန်းတစ်ကျွန်းလုံးရဲ့ လုံခြုံရေးတာဝန်ခံဆိုတာ ခင်ဗျား သိပါတယ်နော် ခရေစီ"

ခရေစီက ခေါင်းညိတ်ပြီး ဖန်ခွက်ကို သူ့ဆီသို့ တွန်းပေးလိုက်သည်။

"ခင်ဗျား ကျွန်တော့်ကို လုံခြုံရေးအတွက် စိုးရိမ်နေလို့လား"

ဂျော့က ဆေးတံကို ဖွေ့ယမ်းရင်း ပျာပျာသလဲငြင်းသည်။

"ဒီလိုမဟုတ်ဘူး ခရေစီ၊ ဦးလေး ပေါလ်က အားလုံး ကျွန်တော့်ကို ပြောပြ ပြီးပါပြီ။ ကျွန်တော်ကိုယ်တိုင်လည်း ခင်ဗျားအကြောင်း လေ့လာပြီးသင့်သလောက် လေ့လာပြီးပါပြီ"

ဂျော့ မျက်နှာပူပူနှင့် ဆက်ပြောသည်။

"ကျွန်တော် ဒီနေ့မနက်ပဲ ပါရီကို တဲလက်စ် ပို့လိုက်တယ်"

"ဘာ... ပါရီကို ဟုတ်လား"

ခရေစီက နားရှုပ်သွား၏။

"ဟုတ်တယ် အင်တာပိုကို"

ဂျော့၏အပြုံးက ခရေစီ၏မျက်နှာကို ပျော့ပျောင်းသွားစေ၏။

"ခင်ဗျားထင်သလို မဟုတ်ပါဘူး ခရေစီ၊ ကြေးစားတပ်သားဟောင်းတွေရဲ့ မှတ်တမ်းဟာ အင်တာပိုမှာပဲ စုံတယ်လေ"

ခရေစီက ဘာမှဝင်မပြောဘဲ နားထောင်နေလိုက်သည်။

"အဓိကအချက်ကတော့ ခင်ဗျားကို ကျွန်တော့်တပ်ဖွဲ့နဲ့ ဆက်သွယ်ဖို့ ခွင့်ပေးတာက ကျွန်တော့်ဦးလေးနဲ့ ပတ်သက်နေလို့။ ဒါပေမဲ့ ခင်ဗျားဟာ ဘယ်သူ ဘယ်ဝါဆိုတာ ကျွန်တော်သိလာတော့ ခင်ဗျားအကြောင်းတော့ နည်းနည်းပါးပါး သိထားဖို့ လိုတာပေါ့။ အဖုအထစ်ကလေးများ ရှိနေမလားလို့ပါ"

"ကျုပ်နားလည်ပါတယ် ဂျော့။ အဲဒီတော့ ဘာအဖုအထစ်တွေများ တွေ့လဲ"

ဂျော့က ခေါင်းယမ်းပြီး စာရွက်ခေါက်ကလေးတစ်ခုကို အိတ်ထဲမှ နှိုက်ပြီး လှမ်းပေးသည်။

"နေ့လယ်က ပြန်လာတဲ့ တဲလက်စ်လေ"

ဂျော့က ပခုံးတွန့်ပြီး

"တကယ်တော့ ကျွန်တော် ခင်ဗျားကို မပြသင့်ဘူးလေ"

ဂျော့ ဆေးတံသောက်နေခိုက် ခရေစီက တဲလက်စ် ကြေးနန်းစာကို

ဖတ်နေသည်။ ဘာမှမပြောဘဲ အကြာကြီး တိတ်ဆိတ်နေကြပြန်သည်။ နောက်ဆုံးတော့ ခရေစီက မေးလိုက်သည်။

"နောက်ပိုင်းက ဟာတွေက ဘာတွေလဲဗျ၊ လုပ်ပါဦး"

ဂျော့က တဲလက်စ်စာရွက်ကို ငုံ့ကြည့်ပြီး နောက်ဆက်တွဲ လျှို့ဝှက်သင်္ကေတကို ဖတ်ပြသည်။

"နိုင်ငံရေး အာရုံ စူးစိုက်မှု မရှိ။ ရာဇဝတ်မှု ကင်း။ အဖွဲ့အစည်း သံယောဇဉ် မရှိ။ အသေးစိတ်သိလိုလျှင် ထပ်တောင်း"

ခရေစီက စာရွက်ကို ခေါက်ပြီး ပြန်ပေးသည်။

"အဲဒါတွေ အကြမ်းအားဖြင့် မှန်ရဲ့လားဗျ"

ခရေစီက ခေါင်းညိတ်လိုက်ပြီး ပထမဆုံးအကြိမ်အဖြစ် ပြုံးလိုက်သည်။

"သူတို့မသိတဲ့ နောက်ပိုင်း သက်တော်စောင့်လုပ်တာပဲရှိတယ်။ သူတို့ပြောတဲ့ အသေးစိတ်ဆိုတာ ဘာတွေပါလိမ့်"

"ကျွန်တော်က သူ့ဆီကို 'ခ' အဆင့် သတင်းကိုပဲ လှမ်းတောင်းလိုက်တာဗျ။ ဈေးပေါတယ်လေ။ ကျွန်တော်တို့အဖွဲ့က ငွေများများ မသုံးနိုင်ဘူး။ ဒါကြောင့် သူတို့က အတိုချုပ်ပဲ ပို့လိုက်တာ။ 'က' အဆင့်ကို ကျွန်တော်တို့က တတ်နိုင်ရင် ခင်ဗျားအကြောင်းကို ချွေးခါးအူးမ သိနိုင်တယ်ဗျ"

ခရေစီက သူတို့အဖွဲ့ကို လုံးဝသဘောတွေ့သွားသည်။

"ဒါလောက် ကျယ်ကျယ်ပြန့်ပြန့် သူတို့ ဘယ်ကများ ရကြပါလိမ့်"

"ဒါတော့ ရှင်းပြပါတယ်ဗျာ။ ပထမအချက်က ကျွန်တော်တို့ချင်း သတင်းအပေးအယူ ရှိတယ်။ ဒုတိယက ကြေးစားတပ်သားဟောင်းတွေဟာ ဂရုစိုက်ရမယ့် လူတွေ မဟုတ်လားဗျ။ အိန္ဒိယသမုဒ္ဒရာထဲက ကိုမိုနီကျွန်းကို သူတို့သဘောနဲ့ သူတို့ အပိုင်စီးလိုက်ကြတာကြည့်လေ။ ခင်ဗျားတို့လူတွေထဲမှာ ဇရက်သုတ်ခတွေ အများကြီးပါတယ်နော်"

"ခင်ဗျားပြောတာ မှန်တယ်။ အဲဒီဇရက်သုတ်ခတွေကြောင့် ကျွန်တော်တို့လို ကလေကချေလူတွေ အနေရကျပ်တဲ့ ကိစ္စတွေပါတယ်။ ကိုမိုနီကျွန်းလို ဖြစ်မှာစိုးလို့ ခင်ဗျား စိုးရိမ်နေတာဆိုပါတော့"

ဂျော့က ခေါင်းယမ်းပြီး

"ကတ်သီးကတ်သတ်ဗျာ၊ မစိုးရိမ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံက

လွတ်လပ်တဲ့ ကြားနေနိုင်ငံလေ။ ဒါကြောင့် တိုင်းတစ်ပါးသားတွေ ဒီမှာလာပြီး လုပ်ရှားဖို့တို့၊ အခြေစိုက်ဖို့တို့တော့ ကျွန်တော်တို့ မလိုလားဘူးလေ"

"ကျုပ်က တစ်ယောက်တည်းသမားပါဗျာ။ ခင်ဗျားရဲ့ တဲလက်စ်ထဲက လိုပါပဲ၊ ဘယ်အဖွဲ့အစည်းနဲ့မှ မပတ်သက်ပါဘူး။ ခင်ဗျား မျက်နှာပျက်မယ့်အလုပ်မျိုး ကျွန်တော် ဘယ်တော့မှ မလုပ်ပါဘူး။ ကျွန်တော် ဒီမှာလာနေတဲ့ရည်ရွယ်ချက်က ကျွန်တော့်ကျန်းမာရေးနဲ့ ကြံခိုင်ရေးအတွက်ပါ။ အားမွေးဖို့ ဆိုပါတော့လေ"

"ကြိုက်ပြီဗျို့၊ ခင်ဗျား ကြိုက်သလို ကျွန်တော်တို့ဆီမှာ လေ့ကျင့်နိုင်ပါတယ်။ လုံးဝ တရားမဝင်တဲ့ နည်းနဲ့နော်"

"ကျေးဇူးပဲ ရဂျာ"

ရဂျာက ပြုံးပြီး

"တစ်ခုတော့ရှိတယ် ခရေစီ၊ ခင်ဗျားအတွက် သိပ်တော့တာဝန်ကြီးမယ် မထင်ပါဘူး။ ခင်ဗျားဆီက ပညာကို ကျွန်တော်တို့ ရချင်တယ်"

ရဂျာက အိတ်ကပ်ကို နှိုက်ရင်း ပြောလိုက်သည်။

"ဘယ်လိုဗျ"

ဆေးတံမီး သေသွားသဖြင့် မီးညှိသည်။ ပြီးတော့ ဆေးတံကို ဖွာရင်း စကားလုံးတွေကို ကုံးသီနေသည်။

"ကျွန်တော်တို့ရဲ့ ဒီတပ်ဖွဲ့ကလေးဟာ လေယာဉ် အကြမ်းဖက်သမားတွေကို ကာကွယ်ဖို့ ရည်ရွယ်ပြီး ဖွဲ့စည်းထားတာပါ။ ဒါပေမဲ့ ကျွန်တော်တို့မှာ ဘာအတွေ့အကြုံမှ မရှိသေးဘူး။ ကျွန်တော်တို့ မော်လတာကျွန်းရဲ့ သမိုင်းကိုက နိုင်ငံခြားသားတွေရဲ့ လက်အောက်ခံဖြစ်ခဲ့တော့ တိုင်းပြည်ရဲ့ လုံခြုံရေးကိုလည်း သူတို့ပဲ စီမံခဲ့တယ်လေ။ ခု ကျွန်တော်တို့မှာရှိတဲ့ စစ်တပ်ဟာ ဟိုတုန်းကလို တိုင်းပြည် ကာကွယ်ရေးနဲ့ ငြိမ်ဝပ်ပိပြားရေး တစ်ခုတည်းကို အာရုံမစိုက်နိုင်တော့ဘူး။ ကျွန်တော်တို့ နိုင်ငံက ဆင်းရဲတော့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကိုပါ တွဲလုပ်နေရတယ်။ လမ်းတွေ ဖောက်၊ တံတားတွေဆောက်ပေါ့။ ဒါပေမဲ့ ကျွန်တော်တို့မှာ နိုင်ငံခြားက ကျွမ်းကျင်တဲ့ ပါရဂူတွေ မငှားနိုင်တော့ သိပ်မတွင်ကျယ်ဘူး။ ကျွန်တော်တို့မှာ ကျွမ်းကျင်တဲ့ သင်တန်းဆရာတွေ သိပ်လိုနေတယ်။ ပြည်သူ့လုပ်ငန်းတွေအတွက်ရော၊ စစ်ရေး အတွက်ပါပေါ့။ အင်္ဂလိပ်တွေက သူတို့ ထွက်မသွားခင် သူတို့ထားခဲ့တဲ့ လက်နက် ပစ္စည်းတွေကို ကိုင်တွယ်သုံးစွဲတတ်ဖို့ သင်ကြားတော့ ပေးပါရဲ့။ ဥပမာ ရဟတ်

ယာဉ်တွေ၊ တိုက်ရေယာဉ်တွေ သုံးစွဲတတ်ဖို့လေ။ ဒါပေမဲ့ဗျာ သိပ်အားရစရာ မရှိပါဘူး။ တကယ့်အထူးကိစ္စရပ်အတွက် ဖွဲ့ထားတဲ့ ကျွန်တော်တို့ တပ်ဖွဲ့မျိုးကျတော့ တကယ့်ကို ကျွမ်းကျင်တဲ့ သင်တန်းဆရာတွေ လိုတယ်ဗျ။ ကျွန်တော်တို့မှာ လက်တွေ့မရှိဘူး၊ တပ်ဖွဲ့မှူးလုပ်နေတဲ့ ကျွန်တော့်ပဲကြည့်လေ၊ ပြည်တွင်းပြည်ပ သင်တန်းတွေကို ကျွန်တော် တက်ပြီးပါပြီ။ ဒါပေမဲ့ ကျွန်တော် တကယ့်တိုက်ပွဲကို မမြင်ဖူးဘူး။ စာတွေ့ပဲ ရှိတယ်။ ပုံသေနည်းတွေပဲ သိတယ်။ ဒါပေမဲ့ ဒီနေ့ အကြမ်းဖက်လောကမှာ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ မမျှော်လင့်တဲ့ အဖြစ်တွေ ဖြစ်နေတာ"

ဂျော့က ကုလားထိုင်ကို နောက်ပစ်မှီလိုက်ပြီး၊ ဆေးတံကို ခဲထားလိုက်ပြီး ခရေစီကို အကဲခတ်ကြည့်နေသည်။

"ခင်ဗျားကတော့ တိုက်ပွဲပုံစံမျိုးစုံမှာ နေကျေလာတော့..."

"ဟုတ်ပြီလေ၊ ကျုပ်တတ်နိုင်သလောက် လုပ်ပေးမယ်။ ကျွန်တော် တွေ့ဖူးပြီးသား လက်နက်ပစ္စည်းတွေအပြင် ခင်ဗျားဆီမှာ ဘာတွေရှိသေးသလဲ"

နှစ်ယောက်သား ဆက်၍ အသေးစိတ်ကိစ္စများကို ဆွေးနွေးကြ၏။ နံနက်နှစ်နာရီထိုးမှ ပြီးဆုံးသည်။ အပြန်အလှန်နားလည်မှုကို ကျေနပ်စွာ ရရှိခဲ့ကြ၏။ နှစ်ယောက်စလုံး လက်တွေ့သမားများ ဖြစ်ကြ၍ သူတို့သည် ကျီး ဘုတ် ရှိသေ၊ ဘုတ် ကျီး ရှိသေ ဆက်ဆံမှုမျိုးကို ရရှိကြခြင်းဖြစ်သည်။

*

ကျောက်ဆောင်ပေါ်မှ ရေထဲသို့ ဒိုင်ဗင်ထိုးဆင်းလိုက်သည်။ ဒီရေမတက်ခင် ၁၅ မိနစ်အလို။ လေက အနောက်ဘက်သို့ တဖြူးဖြူးတိုက်နေဆဲ။ သို့သော် ပြေပလောက်အောင် ရေစီးအားမသန်လှ။ တစ်နေရာသို့ ဦးတည်ပြီး ကူးနေသည်။

နာဒီယာက သူ့အိပ်ခန်း ပြတင်းပေါက်မှ ရပ်ပြီး အဖေ့မှန်ပြောင်းကြီးနှင့် ခရေစီ ရေကူးနေသည်ကို လှမ်းကြည့်နေ၏။ သူ ဦးတည်ပြီး ရေကူးနေသည့် ရေဆိပ်သို့ တန်းတန်းမတ်မတ် ရောက်သွားသည်ကို မြင်နေရ၏။ သူက အရှိန်မသတ်သေးဘဲ ဟိုတယ်ရှေ့ ရေချိုးဆိပ်ကမ်းတစ်ဝိုက် လှည့်ပတ် ကူးခပ်နေသေးသည်။

အောက်ထပ်သို့ ဆင်းခဲ့ပြီး ဂျိုးဝီးဆီသို့ ဖုန်းဆက်သည်။ ဂျိုးဝီးအား ခရေစီကို မနက်တိုင်း စောင့်ကြည့်ဖို့ ဆိပ်ကမ်းအနီးမှ အရက်ဆိုင်တွင် ကင်းချထားသည်မှာ သုံးရက်ရှိပြီ။

ခရေစီက နောက်ထပ် ကျွန်းဖြတ်ပြီး ရေကူးဖို့ ကြိုးစားနေသည့်ကိစ္စကို နာဒီယာတို့အား လုံးဝ မပြောဘဲထား၏။ အရိပ်အကဲကို အမြဲတမ်း စောင့်ကြည့်နေသည့် နာဒီယာက သူ့ခြေလှမ်းကို ကြိုမြင်နေခဲ့ခြင်း ဖြစ်၏။

ကိုမီနိုကမ်းခြေဟိုတယ်မှ သူ့သူငယ်ချင်းဖြစ်သူ ညှော်ကြိုစာရေးမလေးကို ဖုန်းဆက်သည်။ ခရေစီက ဖိနပ်မပါပဲ ရေထဲက တက်လာသည့်ပုံစံအတိုင်း ဟိုတယ်ရှေ့သို့ လျှောက်သွားသည်။ ဤတွင် သူ့နာမည်ကို အော်ခေါ်သံ ကြားလိုက်ရ၏။ မိန်းကလေးတစ်ယောက်။ သူ့လက်ထဲတွင် ပလတ်စတစ်အိတ်တစ်လုံးနှင့် ဇရာမဘီယာဖန်ခွက်ကြီး တစ်လုံး။ ရေခဲချေးတွေ စို့လျက်။

အမျိုးသမီးကလေးက ပြုံးရွှင်သော မျက်နှာကလေးဖြင့်

"နာဒီယာရဲ့လက်ဆောင်ပါရှင့်"

သည်တော့မှ သဘောပေါက်သွားသည်။ တစ်ချက် ရယ်လိုက်မိ၏။ တစ်ဖက်ကမ်းဆီသို့ သမင်လည်ပြန် မျှော်ကြည့်လိုက်သည်။

တောင်ကုန်းပေါ်မှ ယာတောအိမ်ကြီးကို အလွယ်တကူမြင်နေရ၏။ အပေါ်ထပ် ပြတင်းပေါက်ဆီမှ အလင်းတန်းတစ်ခု လက်သွား၏။ မှန်ပြောင်းဝကို နေရောင်ခြည် ဖြတ်သန်းသွားခြင်း ဖြစ်မည်။ လက်တစ်ဖက်ကို ငွေ့ယမ်းပြရင်း တစ်ဖက်မှ ဘီယာခွက်ကို မြှောက်ပြလိုက်သည်။

ပလတ်စတစ်အိတ်ထဲတွင် ဂျင်းဘောင်းဘီတစ်ထည်နှင့် တီရှပ်အဖြူတစ်ထည်။ ပြီးတော့ ရာဘာဖိနပ်တစ်ရံ။ အားလုံး အသစ်တွေချည်းဖြစ်သည်။ မျက်နှာသုတ်ပဝါပေါ်တွင် စာရွက်ခေါက်ကလေး တင်လျက်။

"ဒီတိုင်းပြည်က ဘာသာတရားကိုင်းရှိုင်းတဲ့ တိုင်းပြည်။ မလုံ့တလုံနဲ့ လျှောက်သွားမနေနဲ့"

အမျိုးသမီးက အခန်းတစ်ခန်းကို လက်ညှိုးထိုးပြပြီး

"အဲဒါ အဝတ်လဲခန်းပါရှင့်။ ပြီးတော့ ဟောဒီလမ်းအတိုင်းလိုက်သွားရင် သင်္ဘောဆိပ်ကို ရောက်ပါတယ်။ မိနစ်လေးဆယ်အတွင်း သင်္ဘောထွက်ပါလိမ့်မယ်"

ကျေးဇူးတင်ကြောင်း ပြောပြီး ဖန်ခွက်ကို လှမ်းပေးလိုက်သည်။

ဘောင်းဘီနှင့် အင်္ကျီကို ဝတ်ကြည့်တော့ တိုင်းချုပ်ထားသည့်အတိုင်း။ နာဒီယာကို စိတ်ထဲမှ ကျိတ်၍ ချီးကျူးလိုက်မိ၏။ ဟိုတယ် ညှော်ကြိုမိန်းကလေး ညွှန်းလိုက်သည့် လမ်းအတိုင်း လိုက်ခဲ့၏။

ကျောက်တောင်လမ်းတွေက မြင့်သွားလိုက် နိမ့်သွားလိုက်နှင့်။ ရောမ ပင်လယ်ကွေ့ကြီးမှာ စိမ်းလဲ့ပြာလွင်နေ၏။

နေရောင်ခြည်က ဖြာဆင်းစပြုပြီး လမ်းတွင် လူကြီးတစ်ယောက်နှင့် တွေ့သည်။ သူဝတ်ထားသည့် ဘောင်းဘီပွပွကြီးမှာ အိတ်တွေ အများကြီးနှင့် ဖြစ်၏။ သားရေခါးပတ်ကြီးကို ပတ်ထား၏။ ပလတ်စတစ်အိတ်တစ်လုံးကို ခါးတွင် ချိတ်ထားသေးသည်။ ဦးထုပ်အဝိုင်းကြီးကို ဆောင်းထားသေးသည်။ မီးခိုးရောင် ရှပ်အင်္ကျီလက်ရှည်ကို လက်ကောက်ဝတ်ထိ ကြယ်သီးတပ်ထားသည်။ ဂိုဇိုကျွန်းသား လယ်သမားတစ်ယောက်၏ ဆင်ယင်ထုံးဖွဲ့မှုမျိုး။ အခက်တွေ မသတ်ဘဲထားသည့် ဝါးတံတစ်ချောင်းဖြင့် မြေပြင်ကို တဖြန်းဖြန်းရိုက်နေသည်။ ရုံဖန်ရုံခါ တစ်စုံတစ်ခုကို ကောက်ယူ၍ ပလတ်စတစ်အိတ်ထဲသို့ ထည့်၏။

ဇက်ရေယာဉ်ထွက်ချိန်က လိုသေးသဖြင့် ကျောက်ဆောင်တစ်ခုပေါ် ထိုင်ကာ ထိုလူကြီး၏အပြုအမူကို ကြည့်နေမိသည်။ ဘာကောင်တွေ ဖမ်းထည့် နေပါလိမ့်။

သင်္ဘောထွက်ချိန်နီးတော့ ဆိပ်ကမ်းဘက်ကို ဆက်လျှောက်ခဲ့၏။ သင်္ဘော ပေါ်ကျတော့ ထိုလူကြီးနှင့် ထပ်ဆုံသည်။ သူ့ခါးမှ ပလတ်စတစ်အိတ်ထဲတွင် နှံကောင်တွေပါလား။ အရှင်တွေ။ ဩော် ငါးမျှားဖို့ ငါးစာထင်ပါရဲ့။

သို့သော် သင်္ဘောစထွက်ပြီး ပင်လယ်ကွေ့အပြင်သို့ရောက်သည်နှင့် အံ့ဩ စရာကို တွေ့ရတော့၏။ အဘိုးကြီးက အိတ်ထဲမှ ငါးမျှားတံတစ်ချောင်း ထုတ်သည်။ ပြီးတော့ စုတ်ဖွားဖွား ကြက်ပေါင် ငါးရပ်ကလေးတစ်ခုက ငါးမျှားချိတ်တွင် ချိတ်နေ ပြီးသား။

သိချင်စိတ်ကို အောင့်ပြီး မထားနိုင်တော့။

"နှံကောင်တွေက ဘာအတွက်လဲဗျ"

အဘိုးကြီးက ငါးစာ ချိတ်နေရာမှ လှည့်ကြည့်ပြီး

"အိမ်မှာ ငှက်တစ်ကောင် မွေးထားတယ်လေ။ သူ့ကိုကျွေးဖို့"

ခရေစီက ခုထိ နားမရှင်းသေး။

ဘာလို့ တကူးတက ဒီဘက်ကိုလာပြီး ဖမ်းရတာလဲ"

အဘိုးကြီးက ပြုံးလိုက်သည်။

"ဒီဘက်ကမ်းက နှံကောင်တွေက ပိုပြီးအရသာရှိတယ်လေ"

နှစ်ယောက်သား ငြိမ်သွားကြသည်။

ငါးမျှားကြိုးဖျားမှ ရေပေါ်တွင် ရုပ်ပြားလိုက်လာသော ငါးရုပ်ကလေးကို စိုက်ကြည့်နေကြ၏။

"ငါးတွေ အများကြီး ရဖူးလား"

ခရေစီက အဘိုးကြီးကို စမေးလိုက်သည်။

အဘိုးကြီးက ခေါင်းခါပြီး

"တစ်ခါတလေသာ ရတာပါကွာ"

ခရေစီက အတွေးနက်နေမိ၏။ အသက်အရွယ်ကြီးရင့်အိုမင်းလာခြင်းနှင့် ငါးစာ မကောင်းခြင်းကြောင့် ငါးများများ မရခြင်း ဖြစ်မည်ဟု စဉ်းစားနေ၏။

ရေမှာ ကြည်လွန်းသဖြင့် ငွေရောင်ငါးတွေ တဖျပ်ဖျပ်ကူးခပ်နေသည်ကို မြင်နေရ၏။ ဖက်ရေယာဉ်ပေါ်မှ ခရီးသည်တွေ ဆူဆူညံညံ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ငါးမျှားချိတ်တွင် ငါးမိနေပြီ။ ရေယာဉ်ဝန်ထမ်း သုံးဦးစလုံး အဘိုးကြီး ဆီသို့ ပြေးချလာသည်။ ငါးမျှားတံကို အာရုံစိုက် လိုက်လာကြသည့် ခရီးသည် အားလုံးကလည်း တစ်ယောက်တစ်ပေါက်အော်ဟစ်ပြီး ဟိုလိုဆွဲပါလား၊သည်လို ဆွဲပါလားနှင့် အမျိုးမျိုး အကြံပေးနေကြ၏။

သို့သော် အဘိုးကြီးက ပရိသတ်နှင့်အတူလိုက်ပြီး လှုပ်လှုပ်ရှားရှားမဖြစ်။ ရစ်ဘီးကို အသာရစ်ပြီး တဖြည်းဖြည်းဆွဲယူနေ၏။ မိသည့်ငါးမှာ ရောမအကောင်ကြီး ဖြစ်သည်။ တဖြည်းဖြည်း နီးလာလေလေ ရေယာဉ်ခရီးသည်တွေ စိတ်လှုပ်ရှား လေလေ ဖြစ်နေ၏။ အော်ဟစ်အားပေးသံတွေ ဆူညံသည်ထက် ဆူညံလာ၏။

အဘိုးကြီးက နောက်ဆုံးတစ်ချီ အားသွန်ပြီးဆွဲဖို့ ရှေ့သို့ ကိုင်းလိုက်သည်။ တအားဆွဲယူလိုက်သည်။ ရေပြင်ပေါ်မှလွတ်ပြီး လေထဲတွင် ငွေရောင်တဖျပ်ဖျပ်နှင့် ငါးကြီး ပါလာသည်။ လက်ထဲရောက်ခါနီးမှ စားစရာ ငါးသတ္တဝါက တအား ရုန်းကန်လူးလွန့်ပြီး ရေထဲ ပြန်ပြုတ်ကျသွားတော့၏။

ခရီးသည်အားလုံး ဟယ်ခနဲဖြစ်သွား၏။ သို့သော် အဘိုးကြီးက နကမူတိ။

"ကျွန်တော်တို့အားလုံး ခင်ဗျားအတွက် စိတ်မကောင်းပါဘူး"

ခရေစီက စာနာစိတ်နှင့် ပြောလိုက်သည်။

အဘိုးကြီးက ခေါင်းယမ်းပြီး ပြန်ပြော၏။

"စိတ်မကောင်းစရာ မရှိပါဘူး။ လွတ်သွားတဲ့ ငါးအတွက်ကတော့ ပျော်စရာကြီးပေါ့"

*

"ကိုမိနီကျွန်းပေါ်က နံ့ကောင်တွေက ဂိုဇိုကျွန်းက နံ့ကောင်တွေထက် ဘာလို့ ပိုပြီး အရသာရှိရတာလဲ ပေါလ်"

ညစာစားနေတုန်း ခရေစီက ပေါလ်ကို လှမ်းမေးလိုက်သည်။ ပေါလ်က ဘာမှနားမလည်သလို ခရေစီကို အကြောင်သား ငေးကြည့်နေ၏။ သည်တော့မှ ခရေစီက သူတွေ့ခဲ့သည့် အဘိုးကြီးအကြောင်း ပြောပြလိုက်သည်။

ပေါလ်က ရယ်ပြီး

"ဆာလ်ဗူးကြီးနဲ့တွေ့ခဲ့ပြီထင်တယ်။ သူမှာ ယာလေးတစ်ကွက်ရှိတယ်ကွ။ နေ့တိုင်း ကူးတို့သင်္ဘောပေါ်လိုက်ပြီး ငါးမျှားတယ်"

လောရာက ဆာလ်ဗူးကြီးအကြောင်း ဆက်ပြောပြသည်။

"ဒီအဘိုးကြီးက စိတ်ဝင်စားစရာတော့ ကောင်းတယ် ခရေစီ။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က သူ့မိန်းမဆုံးသွားတယ်။ တနင်္ဂနွေနေ့တိုင်း ဘုရားမှန်မှန် ရှိခိုးတယ်။ ဝန်ချတယ်။ သူဝန်ချတဲ့ မကောင်းမှုတွေကလည်း ကြောက်ခမန်းလိလိတဲ့"

"ဝန်ချတာ၊ ဘုန်းကြီးနဲ့ အပြစ်ဖြေတဲ့ လူနှစ်ယောက်တည်း သိရတဲ့ လျှို့ဝှက်ကိစ္စ မဟုတ်လား လောရာ"

ခရေစီက မရှင်း၍ ဖြတ်မေးလိုက်သည်။

"ဟုတ်တယ်လေ။ အဲဒါတွေက ဘုန်းကြီးဆီက ဘယ်သိရမှာလဲ။ အဘိုးကြီး ကိုယ်တိုင် သူ့အပြစ်တွေကို ထုတ်ပြောလေ့ရှိတာ"

"နောက်တစ်ခါ ငါးရရင် ကျွန်တော့်ကို ဖိတ်ကျွေးမလို့တဲ့"

ပေါလ်က ဝမ်းသာအားရ ပြုံးပြပြီး

"ဟ... အဲဒါ ဖြစ်တောင့်ဖြစ်ခဲကွ။ သူက ဘယ်သူ့မှ ဖိတ်ကျွေးလေ့မရှိဘူး။ သွားသာသွား။ ဂိုဇိုကျွန်းပေါ်မှာ အကောင်းဆုံး ဝိုင်ချက်နိုင်တာ ဆာလ်ဗူးကြီး တစ်ယောက်ပဲရှိတာကွ"

တယ်လီဖုန်းလာသဖြင့် စကားစပြတ်သွားကြသည်။

နေပယ်လ်မှ ဂိုက်ဒို ဆက်ခြင်းဖြစ်၏။ သူတို့နှစ်ယောက် ပြောကြသည်မှာ စကားလုံးနည်းနည်းနှင့် ခဏကလေးဖြစ်သည်။ သို့သော် အဓိပ္ပာယ်တွေက အများကြီး။

လက်ကလဲယားနှင့် မာဆေးတွင် အဆက်အသွယ်ရပြီးဖြစ်သည်။ လိုသည့် အကူအညီကို ရနိုင်မည်။ အခြားပြင်ဆင်မှုတွေ ချောချောမွေ့မွေ့ ပြင်ဆင်ပြီးနေပြီ။

ခရေစီက နောက်ထပ် လေးပတ်မှ ခြောက်ပတ်အတွင်း သူ့ဘက်ကလည်း အဆင်သင့်ဖြစ်မည်ဟု အကြောင်းပြန်ကြားလိုက်သည်။

ထိုညတွင် ကျော်နီကက်ရှိ သီချင်းတွေကိုနားထောင်ရင်း ခရေစီက အခြေအနေကို ပြန်လည်သုံးသပ်နေ၏။ ခန္ဓာကိုယ်ကြံ့ခိုင်မှုရော စိတ်ဓာတ်ကြံ့ခိုင်မှုအတွက်ပါ ဖြစ်သည်။ တိုးတက်မှုအခြေအနေကို ကျေနပ်နေ၏။

နောက်တစ်လဆိုလျှင် ဦးနှောက်နှင့် အကြောအခြင်တွေ စည်းချက်ညီညီ တုံ့ပြန်မှုရတော့မည်။ ကျော့လိုလူနှင့်တွေ့ပြီး သူ့တပ်ဖွဲ့နှင့် တွဲဖက်လေ့ကျင့်ရခြင်းမှာ အခွင့်ကောင်းတစ်ရပ်ဖြစ်သည်။ မော်လတာမှ ပြန်လည်ထွက်ခွာချိန်သည် သူ့အတွက် အသင့်အနေအထားဖြစ်နေမည့် အချိန်ဖြစ်သည်။

စိတ်ဓာတ်ရေးရာတွင်လည်း အခြေခံအားဖြင့် ပြောင်းလဲခဲ့ပြီဖြစ်ကြောင်း သူ့ကိုယ်သူ အသိအမှတ်ပြုလိုက်ရပြီ။ ဘဝကို သုံးသပ်ရာတွင် အမြင်ကြည်လင်လာပြီ။ ရုံဖန်ရံခါ ကရုဏာနှင့်ပင် ကြည့်တတ်လာပြီ။

ယခင်ကဆိုလျှင် လောကအမြင်တို့မှာ သူ့ရုပ်ပတ်ဝန်းကျင် အနေအထားအရ ဘဝနှင့် ဝေးကွာလှသည်။ ပြင်းထန်ခါးသီးလှသည်။ သည်အရာအားလုံးကို ပင်တာက ပြောင်းလဲပစ်လိုက်ခြင်း ဖြစ်သည်။

ပင်တာကလေးအကြောင်းကို စဉ်းစားမိပြန်၏။ အဘိုးကြီး ဆာလ်ဗူးနှင့်ဆိုလျှင် ပင်တာ မည်မျှပျော်လိုက်မည်နည်း။ ဂိုဇိုကျွန်းပေါ်မှ လူတွေကို ပင်တာ ခင်မင်တွယ်တာလေမည်မှာ မုချ။

နာဒီယာ့အကြောင်း ခေါင်းထဲတွင် ဝင်လာပြန်၏။ သူတို့နှစ်ဦးအကြားမှ မမြင်ရသည့် ခွန်အားတစ်ရပ်ကို ခရေစီ ခံစားမိသည်။ ဒါကို အပြတ်အသတ် တိုက်ခိုက်တွန်းလှန်ရမည်ဖြစ်သည်။ ပြဿနာအားလုံး ရှုပ်ကုန်နိုင်သည်။ လုပ်စရာတွေက အများကြီး။ အချိန်က သိပ်မရှိတော့။

*

ယာတောအိမ်ကြီး၏ အပေါ်ထပ်အခန်းထဲတွင် နာဒီယာသည်လည်း အတွေးရေယာဉ်ကြောမှာ မျောပါနေသည်။

ဘဝအတွေ့အကြုံအရ နာဒီယာသည် တစ်ကိုယ်ကောင်းဆန်ချင်နေ၏။

အနာဂတ်သည် မိမိအတွက် နေရာမရှိတော့ပြီမဟုတ်လား။ သည်ပတ်ဝန်းကျင်တွင် တစ်လင်ကွာ မိန်းကလေး၏ဘဝသည် ကျဉ်းမြောင်းလှစွာ၏။

တရားဥပဒေအရ ဒုတိယအကြိမ် လက်ထပ်ခွင့်ရသည်ထားဦး၊ ဘဝကို အသစ်ပြန်စဖို့ နာဒီယာ စိတ်မကူးတော့။ အဘယ်မိခင်ကမှ သူ့လိုမိန်းကလေးကို ချွေးမတော်ချင်ကြမည် မဟုတ်။ အစ်ကို ကာလသားများကလည်း သူ့ကို ရွံရှက်ဆန္ဒဖြင့်သာ ကြည့်ကြမည်။ ဇနီးကြင်လျာအနေနှင့်ကား စဉ်းစားကြမည်မဟုတ်။

သည်အတွက် နာဒီယာ ထူး၍မနာကြည်းတော့ပါ။ ပို၍ ခါးခါးသီးသီး မဖြစ်တော့ပါးလေ။ ကိုယ့်ဘဝ ထောင့်ကျဉ်းကလေးကို အားပြုပြီး လောကကို ရင်ဆိုင်ရမည်ပေါ့။

ယခုတော့လည်း တစ်ခုသာ လိုချင်တော့သည်။ တစ်လောကလုံး၏ စွန့်ပစ်မှုကို ခံရခြင်းတော့ မဖြစ်တန်ရာ။ အခြားမိန်းကလေးတွေ အိမ်ထောင်ရှင် အဖြစ်ကို ထိုက်ထိုက်တန်တန် ခံယူနိုင်ကြပါစေ။ သားသမီးတွေ မွားစီးပြီး သာယာနိုင်ကြပါစေ။ အာမခံချက် ရှိကြပါစေ။ မိမိအတွက် လုပ်ပိုင်ခွင့် အနည်းအကျဉ်းတော့ ကျန်သင့်သည်လေ။ ပတ်ဝန်းကျင်အသိုင်းအဝန်းက ပြောချင်တာတွေ ပြောကြပါစေ။ မမှုနိုင်တော့ပြီ။ ကိုယ့်မိသားစု နားလည်လျှင် တော်ပြီ။

အဖေနှင့် အမေကလွဲ၍ ဂရုစိုက်စရာ မမြင်တော့။ အဖေ၊ အမေ၏ နားလည်မှုဖြင့် ဘဝတိုက်ပွဲကို ယုံယုံကြည်ကြည် ဆက်လက်ဆင်နွှဲမည်။

အချိန်က သိပ်မရှိတော့။ လေးလပါ၊ သို့မဟုတ် ခြောက်ပတ်ပဲ ကျန်တော့သည်တဲ့။ သူ တယ်လီဖုန်း ပြောနေသံကို ကြားလိုက်ရသည်လေ။ အချိန်ဆွဲနေ၍ မဖြစ်တော့ပေ။

*

အဖေနှင့် ဂျိုးဝီးတို့နှစ်ယောက် အစောကြီး ကွင်းထဲဆင်း၏။ ခရေစီက ရေကူးနေ၏။ ကိုမိုနီကျွန်းနားရောက်နေပြီ။ ပြာလဲ့လဲ့ပင်လယ်ပြင်မှ အမည်းစက်ကလေးကို လှမ်းမြင်နေရသည်။ မေမေကလည်း မြို့တက်ပြီး ဈေးဝယ်နေသဖြင့် အိမ်တွင် နာဒီယာတစ်ယောက်တည်း။ အောက်ထပ်ကိုဆင်းခဲ့ပြီး ဂိုက်ဒိုဆီ ဖုန်းဆက်သည်။ ခဲအို ဂိုက်ဒိုကို နာဒီယာက အစ်ကိုရင်းတစ်ယောက်လို အားကိုးသည်လေ။ ခရေစီ့ အကြောင်းကို မေးသည်။ ဘာအတွက် ခရေစီ လေ့ကျင့်ပြင်ဆင်နေခြင်းလဲ၊ ဘယ်ကို သွားမှာလဲ၊ ဘာအတွက်လဲ စသည်စသည်။

ဂိုက်ဒိုက ချက်ချင်း အခြေအနေကို သဘောပေါက်လိုက်သည်။ နာဒီယာ အတွက်လည်း အကြီးအကျယ် စိတ်မကောင်းဖြစ်သွားသည်။ ခရေစီအတွက် အနာဂတ်ဆိုတာ မရှိကြောင်း၊ ခရေစီကို သံယောဇဉ်ဖြစ်လျှင် စိတ်ဆင်းရဲရရုံသာ ရှိမည်ဖြစ်ကြောင်းကို ဂိုက်ဒိုက ရှင်းပြသည်။ ဒါထက်ပို၍ ဘာမှမပြော။

ဂိုက်ဒိုက လုံးဝမပတ်သက်စေချင်သော စေတနာနှင့်ပြောသည်ကို ဂရုပြုမိ၏။ တစ်ပြိုင်တည်းတွင် သူ စိတ်မကောင်းဖြစ်သည်မှာလည်း ထင်ရှားနေ၏။ ခရေစီ၏ အနာဂတ်မှာ အသက်ရှင်ခွင့် သိပ်နည်းနေသည်တဲ့။ သည်အတွက် နာဒီယာက ဆုံးဖြတ်ချက်ကို ပြင်ဖို့ မကြိုးစားသည့်အပြင် ပို၍ခိုင်မာအောင် ထပ်မံအတည်ပြု လိုက်၏။ ညနေပိုင်းတွင် ကွင်းထဲသို့လိုက်သွားသည်။

ဖေဖေနှင့် ခရေစီတို့နှစ်ယောက် နောက်ဆုံး ကျောက်ရိုးကို အပြီးသတ် နေကြသည်။ အိမ်မပြန်ခင် သူ ရေတစ်ခေါက်ကူးဦးမည်။

သူတို့နှစ်ယောက် အလုပ်လုပ်နေကြသည်ကို ကျောက်တုံးတစ်တုံးပေါ်မှ အသာစောင့်ကြည့်နေ၏။ အဖေက အရပ်ပုပု။ အမေရိကန်ကြီး၏ အရပ်က ခြောက်ပေကျော်။ ခရေစီတစ်ယောက် သိသိသာသာပြောင်းလဲခဲ့ပြီ။ အသားတွေ ညိုလာသည်။ ကြွက်သားတွေမှာ တောင့်တောင့်တင်းတင်း ဖြစ်လာသည်။

"ညည်း ဘာမှအလုပ်မရှိဘူးလား"

ပေါလ်က သမီးဖြစ်သူကို လှမ်းမေးလိုက်၏။ သူမေးပုံက မကျေနပ်သလို။ သို့သော် ပေါလ်၏လေသံမှာ နူးညံ့နေ၏။

"သမီး အလုပ်တွေ ပြီးပြီလေ။ ရေကူးမလို့ အစ်ကိုကြီးကို စောင့်နေတာ"

ခရေစီက ကျောက်တုံးကြီးတစ်တုံးကို မ လာပြီး ကျောက်ရိုးပေါ်ကို လှမ်းတင်ရင်း

"ဘာလဲ၊ ညည်းက ငါ့ကို ခုထိ ရေနစ်မှာ စိုးနေတုန်းလား"

နာဒီယာက ခေါင်းယမ်းပြီး

"မဟုတ်ပါဘူး၊ အစ်ကိုကြီးနဲ့ ပြောစရာရှိလို့ပါ"

"အလို၊ ဘာများပါလိမ့်"

"ရေကူးပြီးမှ ပြောမယ်"

"ကဲ… မင်းသွားတော့လေ ခရေစီ။ ငါ လက်စသတ်လိုက်ပါ့မယ်။ နေမဝင်ခင် သွားကူးကြလေ"

နှစ်ယောက်သား ကမ်းခြေမှ ခပ်လှမ်းလှမ်းသို့ရောက်အောင် ကူးသွားကြသည်။

ရေပြင်မှာ ပြာလဲ့ငြိမ်သက်နေ၏။ ငါးတွေ ရေပေါ်သို့ ပျံတက်မြူးတူးခိုက် တဒင်္ဂတွင်သာ လှိုင်းကလေးတွေ ထကာ လှုပ်ရှားသွားတတ်သည်။ နာဒီယာက အရင်ပြန်လှည့်လာသည်။ ခရေစီက ဆက်ကူးသွား၏။ နာဒီယာ၏ အခြေအနေကို သူ ရိပ်မိနေသည်။ စိတ်ညစ်နေ၏။

ကမ်းခြေကိုပြန်ရောက်တော့ နာဒီယာက မျက်နှာသုတ်ပဝါကြီးတစ်ထည်ကို ကျောက်ဖျာပေါ်တွင်ခင်းပြီး လှဲနေသည်။ ခရေစီက နံဘေးတစ်နေရာတွင် ဝင်လှဲပြီး နေရောင်နုနုကို ခံစားနေ၏။

တစ်ဖက်ကမ်းမှ ကိုမီနိုကျွန်းကလေးမှာ ရွှေအိုရောင် တောက်ပလျက်ရှိ၏။ နှစ်ယောက်စလုံး နှုတ်ဆိတ်နေကြ၏။ အတန်ကြာမှ နာဒီယာက စကားစသည်။

"အစ်ကိုကြီး၊ နာဒီယာ အစ်ကိုကြီးကို ချစ်နေပြီ"

တစ်ဆက်တည်းတွင် လက်ကာပြပြီး

"နေပါဦးလေ၊ နာဒီယာ ဆက်ပြောမယ် နားထောင်။ အစ်ကိုကြီး ဖြတ်မပြောနဲ့"

နာဒီယာက ဂရုတစိုက် စကားလုံးတွေ ရွေးနေသည်။

"အစ်ကိုကြီးလည်း နာဒီယာနဲ့ပတ်သက်ပြီး စိတ်လှုပ်ရှားနေတာပဲမဟုတ်လား။ ဒါပေမဲ့ မပတ်သက်ချင်ဘူး။ ဟုတ်တယ်မဟုတ်လား။ နာဒီယာ သိပါတယ်။ အစ်ကိုကြီးနဲ့ နာဒီယာက အနှစ် နှစ်ဆယ်လောက် ကွာတယ်။ ပြီးတော့ နောက်တစ်လလောက်ဆိုရင် အစ်ကိုကြီး သွားတော့မယ်။ ပြန်လာချင်မှလည်း ပြန်လာမယ်"

နာဒီယာက သူ့စကားကို ခဏရပ်ပြီး ခရေစီကို တစ်ချက်ငဲ့ကြည့်သည်။

"ဒါတွေသိပေမဲ့ နာဒီယာ အစ်ကိုကြီးကို ချစ်လျက်ပဲ။ ဒီတော့ အစ်ကိုကြီး ဒီမှာနေသရွေ့ နာဒီယာဟာ အစ်ကိုကြီးရဲ့ ချစ်သူပေါ့"

ခရေစီသည် ကောင်းကင်ကို စိုက်ကြည့်နေသည်။ မလှုပ်မယှက်။ အတန်ကြာမှ ခေါင်းကို ဖြည်းလေးစွာ ခါသည်။

"နာဒီယာ၊ မင်း ရူးနေသလားဟင်။ မင်းပြောတာတွေဟာ အားလုံးမှန်တယ်။ အမှန်ဆုံးကတော့ ငါ့မှာ ပြန်လာဖို့ လမ်းမမြင်ဘူးဆိုတဲ့ အချက်ပဲ။ ဒီတော့ ငါ့မှာ

အနာဂတ်မရှိဘူး။ ချစ်တယ်ဆိုတဲ့ စကားကို မင်း အလေလောတကြီး မသုံးနဲ့လေ"

"နာဒီယာ သိပါတယ် အစ်ကိုကြီးရာ။ နာဒီယာ့ဘဝမှာ ဒီစကားကို တစ်ခါပဲ သုံးခဲ့ဖူးပါတယ်။ အဲဒီတစ်ခါဟာလည်း ဘဝပျက်ခဲ့ရတဲ့ တစ်ခါပါ"

နာဒီယာက သူလက်ထပ်ခဲ့ပုံနှင့် ငရဲဘုံ အိမ်ထောင်ရေးအခြေအနေ အကြောင်းကို ပြောပြနေသည်။

ခရေစီက မတ်တတ်ထရပ်သည်။ သူ့မျက်နှာမှာ သုန်မှုန်လျက်။ နာဒီယာကို ငုံ့ကြည့်သည်။

"ဒါဆိုရင် မင်း နှစ်ခါ မနာသင့်ဘူးလေ နာဒီယာ။ ဘာပြုလို့ မျှော်လင့်ချက် လုံးဝမရှိတဲ့ဓာတ်လမ်းကို တို့ ကကြမလဲ"

နာဒီယာ လက်နှစ်ဖက်ကို ပတ္တာဆက်ပြီး ခေါင်းငုံ့ထား၏။ အသား အရေမှာ စိုပြည်ဝင်းလက်နေ၏။ အနက်ရောင် ရေကူးဝတ်စုံနှင့် လိုက်ဖက်လှသည်။ တည်ငြိမ်စွာနှင့် ခရေစီကို မော့ကြည့်နေ၏။

"အစ်ကိုကြီး နာဒီယာ့ကို သဘောမကျဘူးလားဟင်"

"မင်းကို ငါ သဘောကျပါတယ်။ ဒါလည်း မင်းသိပါတယ်။ ဒါပေမဲ့ ဒီလို မဖြစ်သင့်ဘူးလေ။ အရှည်ကို တို့ ကြည့်ရမယ် နာဒီယာ"

ပြောပြောဆိုဆို အဝတ်တွေကို ကုန်း ကောက်ယူလိုက်သည်။

"ပြီးတော့ မင်းဟာ သိပ်ငယ်သေးတယ် နာဒီယာ။ ငါနဲ့စာရင် မင်းဟာ ကလေးတစ်ယောက်ပဲ။ ပြီးခဲ့တာတွေ မေ့လိုက်တော့ပေါ့။ မင်းမှာ ဘဝတစ်ခုလုံး ခရီးဆက်ဖို့ ရှိနေသေးတယ်။ ရွယ်တူတန်းတူတစ်ယောက်ကို လက်တွဲပြီး အဲဒီ ဘဝခရီးကို ဆက်လျှောက်ပေါ့ နာဒီယာရယ်"

နာဒီယာ၏ပေါက်ကွဲမှုကို ခရေစီက ခပ်ပေါ့ပေါ့ဖြစ်အောင်လုပ်ပစ်သည်။ နာဒီယာ မတ်တတ်ထရပ်သည်။ မျက်နှာသုတ်ပဝါကို ကောက်ယူသည်။

"အစ်ကိုကြီးပြောတာ သဘာဝကျပါတယ်။ အဲဒီလိုလုပ်ဖြစ်ချင်လည်း လုပ်ဖြစ်မှာပေါ့။ ဒါပေမဲ့ လောလောဆယ်တော့ အစ်ကိုကြီးနဲ့ပဲ လက်တွဲ လျှောက် ချင်တယ်"

သည်တစ်ခါ ခပ်ပေါ့ပေါ့ပြောလာသူက နာဒီယာ။ ခရေစီ စိတ်ဓာတ် အကျကြီး ကျသွား၏။

"ဩော် ခက်ပါလား နာဒီယာ။ ဒီကိစ္စမျိုးကို မင်းဆုံးဖြတ်ပုံက ကလေး

ကလား နိုင်လှချည်လားဟင်။ ရုပ်ရှင်သွားကြည့်တာ မဟုတ်ဘူး နာဒီယာ။ နောက်ပြီးတော့ မင်း မိဘတွေကိုလည်း ထည့်မစဉ်းစားတော့ဘူးလား။ ငါဟာ ဒီအိမ်မှာ သူတို့ရဲ့ဧည့်သည်။ အိမ်သည်ကို ငါ ဘယ်တော့မှ မစော်ကားဘူး နာဒီယာ"

"သူတို့ နားလည်နိုင်ကြမှာပါ။ နာဒီယာ ဖွင့်ပြောမှာပါ အစ်ကိုကြီး"

ခရေစီ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

"ဘာပြောတယ်"

နာဒီယာက ပြုံးသည်။

"အစ်ကိုကြီးရယ်၊ နာဒီယာ့မိဘတွေက ခေတ်နောက်ကျတဲ့ လယ်သမားတွေဖြစ်ပေမဲ့ မိဘဟာ မိဘပါပဲ။ နာဒီယာ သူတို့ကို နားလည်ပါတယ်။ ဘယ်လိုရှင်းပြရမယ်ဆိုတာ နာဒီယာ သေသေချာချာ သိပါတယ်။ အစ်ကိုကြီးနဲ့ နာဒီယာဟာ ပရမ်းပတာသမားတွေမှ မဟုတ်ဘဲ။ မပြေလည်နိုင်စရာ အကြောင်းမရှိပါဘူး"

အဝတ်တွေကို ကောက်ယူပြီး ဝတ်သည်။ ခရေစီက ဘာပြောရမှန်းမသိဘဲ ကြောင်ပြီး ငေးနေသည်။ နာဒီယာက လာလမ်းအတိုင်း ပြန်လျှောက်သွားတော့၏။

"ဟေး နေဦး၊ နေဦးလေ"

ခရေစီက လှမ်းအော်ခေါ်သည်။ နာဒီယာက ကျောက်ဆောင်ပေါ်တွင် ရပ်ပြီး သူ့ကို ငုံ့ကြည့်နေ၏။ သူ့မျက်နှာပေါ်တွင် စိတ်ရှုပ်နေပုံပေါ်၏။ တစ်စုံတစ်ခုကို အပြင်းအထန် စဉ်းစားနေဟန်တူသည်။

"မင်းလုပ်တာ ဘာအဓိပ္ပာယ်လဲ။ ဒါ တိရစ္ဆာန်အရောင်းအဝယ်လုပ်နေတာ မဟုတ်ဘူး နာဒီယာ"

ခရေစီက အဝတ်တွေကို ဝှေ့ယမ်းပြရင်း စကားလုံး ရွေးနေ၏။

"ငါ့ဘက်က ဘာမှပြောရေးဆိုခွင့် မရှိတော့ဘူးလား။ ပြောပြီးသားဟာတွေ အကုန်မေ့ပစ်လိုက်တော့။ ဒီအထဲ ငါမပါချင်ဘူး။ မင်းနားလည်လား နာဒီယာ"

နာဒီယာ ပြုံးလိုက်၏။ ပဟေဠိ အပြုံး။

"ဒါပေမဲ့ အစ်ကိုကြီး နာဒီယာကို သဘောကျတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

ပြောရင်း စကားလုံးရှာတွေ့သွားသည်။ သူ့ရင်ထဲတွင်ရှိနေသည့် အမှန်တရားကို ပြောလိုက်၏။

"သဘောကျတာနဲ့ ချစ်တာ တခြားစီပဲ နာဒီယာ"

"လောလောဆယ်တော့ သဘောကျနေတယ်ဆိုရင်ပဲ နာဒီယာ ကျေနပ်နေပါပြီ အစ်ကိုကြီးရယ်"

နာဒီယာက သမင်လည်ပြန် ပြောပြီး ဆက်လျှောက်သွားတော့၏။

ကျောက်ဖျာပေါ်တွင် ခရေစီတစ်ယောက်တည်းသာ ကျန်ရစ်သည်။

လုံးဝ မကျေနပ်။ ရှက်လည်း ရှက်နေ၏။

*

ညတွင် တော်တော်နှင့် အိပ်မပျော်နိုင်။ ဘယ်အချိန်များ ဝင်လာမည်လဲဟု စိုးရိမ်စိတ်နှင့် တထိတ်ထိတ်ဖြစ်နေ၏။

တကယ်ပဲ သူပြောသည့်အတိုင်း သည်ကောင်မလေး သူ့မိဘတွေကို ဖွင့်ပြောနေမည်လား။ တခြားတစ်နေရာကို မြန်မြန်လစ်ရင် ကောင်းမလား။ ဒါမှမဟုတ် ပေါလ်ကို ဖွင့်ပြောရမည်လား။

သို့သော်...

စဉ်းစား၍ရသမျှ ဘယ်ကိစ္စမှမလွယ်။ သမီးလုပ်သူ၏လက်ရှိအခြေအနေကို ဖအေလုပ်သူအား မည်သို့ပြော၍ ဖြစ်ပါမည်နည်း။ နာဒီယာကို စိတ်ထဲမှ ကျိတ်၍ ကျိန်ဆဲလိုက်သည်။

ညကြီးနက်မှ စိတ်ပျက်လက်ပျက် အိပ်ပျော်သွား၏။

မနက်အစောကြီး ထပြေးသည်။ အရုဏ်ဦး ဝတ်ပြုပွဲမှ ပြန်လာသော လောရာ နှင့် လမ်းတွင် တွေ့သည်။ လောရာက လှမ်းပြီး လက်ပြသည်။ ပြန်ပြီး ဝှေ့ယမ်းပြလိုက်၏။ တော်ပါသေးရဲ့။ နာဒီယာ သူ့မိဘတွေကို ဖွင့်မပြောသေး။ လောရာ လက်ပြဖော်ရနေသေးသည်။ သူ့မျက်နှာတည့်တည့်ကို ကျောက်ခဲနှင့် မပေါက်သေး။

နံနက်အလင်းရောင်တန်းနှင့်အတူ အတွေးအမျှင်တွေ ကြည်လင်လာသည်။ နာဒီယာသည် စွန်လွှတ်နေသူတစ်ဦးနှင့် အကူတူပင်။

တစ်ဖက်၏ တုံ့ပြန်မှုကို စောင့်ကြည့်နေခြင်းဖြစ်မည်။ သူက ခါးခါးသီးသီး ငြင်းလိုက်သည့်အခါ တစ်ဖက်သို့ ကွေ့ရှောင်သွားဖြစ်မည်။ ပြောနေရင်း ကိုယ့်ဘာသာကိုယ် ဝန်ခံမိသည်။

ဆန္ဒရှိသည်တော့ အမှန်။

နယ်ပျိုမျှစ်၍ ချစ်ကြင်မြတ်နိုးဖွယ်ရာအဝတ်ဖြစ်သည့် မိန်းကလေးတစ်ယောက်က ဘဝကို ပုံအပ်နေခြင်း။ အကြင်မိန်းမငယ်က သူ့သမီးအရွယ်ကလေး။

ပြေးနေရင်း ကြွက်သားတွေ အပြိုင်းပြိုင်းထနေသည့် ဝမ်းဗိုက်ကို ပုတ်လိုက်သည်။ ခန္ဓာကိုယ် ကြံ့ခိုင်သန်စွမ်းမှုသည် ပြဿနာ၏ အရင်းအမြစ် ဖြစ်နေမည်ထင်၏။ သည်လိုအရွယ်နှင့် သည်လိုကျန်းမာရေးမျိုး တစ်ရာတွင် တစ်ယောက်ရှိမည်လား။ တစ်ထောင်တွင်ကော...။

ကွေ့တစ်နေရာတွင် ကျန်းသားတွေ သူ့အား ချစ်စနိုးပေးထားသည့်နာမည်ကို ခေါ်သံကြားလိုက်ရသည်။

"ဟေး... အိုမို"

အဘိုးကြီး ဆာလ်ဗူးဖြစ်၏။ သူ့ယာခင်းထဲမှ လှမ်းအော်ခေါ်ခြင်းဖြစ်သည်။ စကားပြောချင်လို့ ထင်ပါရဲ့။ ခဏရပ်လိုက်သည်။

"ဟိုဘက်ကျွန်းမှာ မတွေ့တာ နှစ်ရက်လောက်ရှိပြီထင်တယ်"

အဘိုးကြီးက လှမ်းမေးနေသည်။

"ဟုတ်ကဲ့၊ မနက်ဖြန် ကျွန်တော် ကျွန်းဖြတ်ကူးမယ်။ ဘယ်လိုလဲ၊ ငါးမရသေးဘူးလား"

အဘိုးကြီးက ခေါင်းယမ်းပြီး

"ရမှာပါကွ။ ရတာနဲ့ ငါ မင်းကို မှာလိုက်ပါ့မယ်"

ဆက်ပြီး ပြေးလာခဲ့သည်။ ကူးနေကျ ရေဆိပ်သို့ ရောက်သည့်အခါ တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေပြီ။ အားကစားဝတ်စုံကို ဆွဲချွတ်ပြီး ရေထဲသို့ ခုန်ဆင်းလိုက်သည်။ ပင်လယ်ရေမှာ ပြာလဲ့အေးမြနေသည်။

အဲဟောသုခံ ချမ်းသာလေစွ။

ရေကူးပြီးတော့ ကျောက်ဖျာပေါ်တွင် ပက်လက်လှန်ကာ နားနေလိုက်၏။ နာဒီယာ့အကြောင်းကို စဉ်းစားမိပြန်သည်။ ပြန်တွေ့လျှင် သူ့ကို ရှက်နေမည်ဟု ထင်၏။ တစ်အိမ်သားလုံး၏ ဆက်ဆံရေး မပြောင်းလဲတန်ရာ။ အချိန်စေ့ခါနီးမှ သည်လိုပြဿနာနှင့် ခွဲကြရမည်ဆိုလျှင် မျက်နှာကို ဓားနှင့် လှီးပစ်ဖို့ပဲ ကောင်းတော့သည်။

နာဒီယာကို မသိလိုက်မသိဘာသာ မေ့ပြီး ဆက်ဆံရမည်။ ဟာသလုပ်တန် လုပ်ပစ်ရမည်။ နာဒီယာသည် ပေါ့ပေါ့တွေးပြီး ပေါ့ပေါ့နေတတ်သည်

မိန်းကလေးတော့ မဟုတ်။ ဘဝအတွေ့အကြုံအပြည့်နှင့် မိန်းကလေးဖြစ်သည်။ သည် အိမ်ထောင်သည်ဘဝ အတွေ့အကြုံကြောင့်ပဲ ခုလို ခပ်ရမ်းရမ်းဆုံးဖြတ်ခြင်း ဖြစ်မည်ထင်သည်။

သည်တစ်ကြိမ် သူမ ထပ်မံချဉ်းကပ်လာလျှင် ညင်ညင်သာသာကလေးသာ ရှောင်ရပေမည်။ သို့သော် ပြတ်သားရမည်။ သည်အဖြစ်မျိုးကို လက်ခံနိုင်လောက် အောင် ဘဝအခြေအနေက ပေးသေးသည်မဟုတ်။

မတ်တတ်ရပ်လိုက်သည်။ နေရောင်ခြည်တွင် တစ်ကိုယ်လုံး လှန်းနေ လိုက်၏။ ပြီးမှ အားကစားဝတ်စုံကို ကောက်စွပ်လိုက်ပြီး အိမ်ပြန်လာခဲ့သည်။

နာဒီယာကို အရိပ်အရောင်မှ မမြင်ရ။ လောရာတစ်ယောက်သာ မီးဖို ဆောင်ထဲတွင် ရှိနေသည်။

လောရာကို သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

"မနက်စာ စားတော့မလား။ ဒီမနက် ပိုပြီး စောထွက်သွားတယ်မဟုတ်လား"

တော်သေးရဲ့၊ စိတ်ထဲပေါ့သွားသည်။ လောရာက ဘာမှမပြောင်းလဲ။ စားပွဲတွင် ဝင်ထိုင်လိုက်သည်။

လောရာက ကြက်ဥလေးလုံးကို ဒယ်အိုးထဲ ဖောက်ထည့်လိုက်သည်။ ပြီးတော့ ဝက်ပေါင်ခြောက်ကို အမြှောင်းလိုက် ထပ်ထည့်သည်။

"အမေရိကန်တွေ မနက်စာစားရင် ကိတ်မုန့်ပါတယ်ဆိုတာ ဟုတ်ရဲ့လား ခရေစီ"

လောရာက သမင်လည်ပြန်လှည့်ပြီးမေးသည်။

ခရေစီက ခေါင်းညိတ်သည်။

"ဟုတ်တယ် လောရာ၊ သစ်သီးရည် တစ်မျိုးမျိုးနဲ့ပေါ့။ ဒါပေမဲ့ အဲဒီ မနက်စာမျိုးနဲ့ ဝေးခဲ့တာ ကျွန်တော် ကလေးဘဝကတည်းကပါပဲ"

လောရာက ဝက်ပေါင်ခြောက်၊ ကြက်ဥကြော်ပန်းကန်တို့နှင့်အတူ ပေါင်မုန့် နွေးကိုလည်း တစ်ပုံကြီးချပေးသည်။ ကော်ဖီကြမ်းကို မတ်ခွက်ကြီးနှင့် ချပေးသည်။

သကြားသုံးဇွန်း မောက်မောက် ကော်ထည့်ကာ သူ့အတွက်လည်း ကော်ဖီ တစ်ခွက်ဖျော်ပြီး လောရာက မျက်နှာချင်းဆိုင်တွင် ထိုင်သည်။ အငမ်းမရလွေးနေ သော ခရေစီကိုကြည့်ပြီး ကျေနပ်နေသည်။ မြိန်ရေရှက်ရေစားမှ ကြိုက်တတ်သည့် အိမ်ရှင်မတို့၏သဘာဝဖြစ်သည်။ ချက်ရပြုတ်ရကျိုးနပ်သည်မဟုတ်လား။

လောရာက မီးဖိုချောင်ကိစ္စတစ်ခုကိုပြောသလို စကားစသည်။

"နာဒီယာက အဖေနဲ့အမေကို ညက ဖွင့်ပြောတယ်လေ"

ပေါင်မုန့်တွေ ခရေစီလည်ချောင်းထဲတွင် နင်သွား၏။

"ဘယ်လိုမှ မအောက်မေ့ပါနဲ့ ခရေစီရယ်၊ ကျွန်မတို့တစ်တွေဟာလည်း သွေးရင်းသားရင်းလို ဖြစ်နေပြီပဲ။ နာဒီယာဟာ သိပ်ရိုးသားတဲ့ မိန်းကလေးပါ။ မိဘမသိဘဲ သူ ဘာမှမလုပ်ဘူးလေ"

"ကျွန်တော်တော့ သိပ်မိုက်တဲ့ မိန်းကလေးလို့ပဲထင်တယ်။ အားလုံး ဒုက္ခဖြစ်ကုန်မယ် လောရာ"

ခရေစီက ရှက်ဒေါသ ပေါက်ကွဲပြီး အရမ်းပြောချလိုက်သည်။ လောရာက ပြုံးနေ၏။

"မိန်းကလေးတွေဟာ ချစ်လာမိရင် ဒီလိုပဲ ခရေစီရဲ့။ ဒါဟာ နိယာမပဲလေ၊ မဟုတ်ဘူးလား"

"ချစ်တယ်ဆိုတာ နှစ်ဦးသဘောတူမှ ဖြစ်နိုင်တယ်မဟုတ်လား လောရာ။ ကျွန်တော်က သူ့ကို မျက်နှာသာ တစ်ချက်မှမပေးဘဲ ဘာလို့ သူ ဒီလိုဖြစ်ရတယ်ဆိုတာ စဉ်းစားလို့မရဘူး"

လောရာက ဟန်ပါပါ ခေါင်းညိတ်လိုက်သည်။

"ခရေစီ မျက်နှာသာမပေးဘူးဆိုတာ အားလုံးသိပါတယ်။ ဒါကြောင့် ဒီအကြောင်းကို ကျွန်မ စပြောတာပါ။ ကျွန်မရော၊ ပေါလ်ပါ ဒီကိစ္စနဲ့ပတ်သက်ပြီး ရှင့်ကို ဘယ်သူမှ အပြစ်မတင်ပါဘူးဆိုတာ သိစေချင်လို့လေ"

ခရေစီက စိတ်အားထက်သန်စွာနှင့် ဆက်ပြောသည်။

"ဒီမယ် လောရာ၊ ကျွန်တော် နာဒီယာ့ကို သဘောကျပါတယ်။ ဒါထက် ဘာမှမပိုပါဘူး။ ဒါကို သူ သဘောမပေါက်တာခက်တယ်။ မကြာခင် ကျွန်တော် ဒီက သွားရတော့မှာ။ ကျွန်တော့်မှာ လုပ်စရာတွေ ရှိတယ်။ ကျွန်တော် ဒီတစ်ခါ သွားပြီးရင် ပြန်လာဖို့လမ်း မရှိတော့ဘူး။ အဲဒီမှာ သူ့ဘဝ ထပ်ပျက်သွားလိမ့်မယ်။ သဘာဝ မကျပါဘူး လောရာ"

လောရာက ခရေစီကို ကြည့်ပြီး ပြုံးနေပြန်သည်။

"သဘာဝ မကျဘူး ဟုတ်လား။ အချစ်မှာ သဘာဝကျတယ် မကျဘူးဆိုတာ မရှိပါဘူး ခရေစီ"

လောရာက လက်ကာပြီး

"နေဦးလေ၊ နားထောင်ပါဦး။ နာဒီယာ လက်ထပ်ခဲ့ဖူးတာကို ရှင်သိတယ် နော်။ သူ့ခမျာ အကြီးအကျယ်ခံခဲ့ရတယ် ခရေစီ။ ဒီအဖြစ်အပျက်က သူ့ရဲ့စိတ်ဓာတ် ကိုသာ ညှိုးနွမ်းစေရုံမကဘူး၊ ဂိုဇိုကျွန်းပေါ်မှာ ဆက်နေဖို့ မသင့်လောက်အောင် မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ ကျဆင်းခဲ့တယ်။ ဒါပေမဲ့ သူ ဘယ်မှမသွား ခဲ့ဘူး။ စိတ်ဓာတ်သိပ်ခိုင်တဲ့ ကလေးမ။ ဒီမှာနေသမျှ သူ နောက်ထပ် ဘယ်တော့မှ လက်ထပ်ခွင့် မရနိုင်တော့ဘူးလေ။ ဒါပေမဲ့ နာဒီယာက သွေးနဲ့သားနဲ့ပါ ခရေစီ။ မရှက်နိုင်မကြောက်နိုင် ညက ဖအေနဲ့ မအေကို ဖွင့်ပြောရှာတယ်လေ"

ခရေစီက ခေါင်းယမ်းသည်။

"ဘာဖြစ်လို့များ ကျွန်တော့်လို သက်ကြားအိုကြီးကို နာဒီယာက စိတ်ဝင်စား ရတာလဲဗျာ။ ပြီးတော့ ကျွန်တော်က ပြန်လမ်းရှိချင်မှ ရှိမယ့်ခရီးကို သွားတော့မယ် ဆိုတာလည်း သူသိလျက်သားနဲ့"

လောရာက သေသေချာချာ စိုက်ကြည့်လိုက်သည်။

"မဖြစ်ဘူး မဖြစ်ဘူး၊ ခင်ဗျား သူ့ကို နားလည်အောင် ရှင်းပြမှဖြစ်မယ်။ ဒီအဓိပ္ပာယ်မရှိတဲ့အဖြစ်အပျက်ကို မေ့ပစ်ခိုင်းရမယ်"

လောရာ တွေပြီး စဉ်းစားနေသည်။ ခရေစီ စဉ်းစားသလို သူတို့လည်း စဉ်းစားပြီးသားဖြစ်သည်။ သို့သော် နာဒီယာက ဆိုခဲ့စေမြဲစေဆိုသည့် မိန်းကလေး။ ညက သူပြောပုံမှာ ပွင့်လင်းသည်။ တည့်တိုးဆန်သည်။ အဖေလုပ်သူက ဖျောင်းဖျသည်။ မကြာခင် သူ သွားတော့မည့်အကြောင်း၊ ဘယ်အရာကမှ တားဆီး၍ ရနိုင်မည် မဟုတ်ကြောင်း ပြောပြသည်။ သမီး သိပါတယ်လေတဲ့။ အနာဂတ်ဆိုတာကိုလည်း မမျှော်မှန်းပါဘူးတဲ့။ သည်တိုတောင်းလှတဲ့ တဒင်္ဂပျော်ရွှင်မှုမျိုးကိုရဖို့ သူ့မှာ အခွင့်အရေး ရှိသင့်တယ်တဲ့လေ။

လောရာက ခေါင်းယမ်းပြီး

"နာဒီယာကို တားလို့ရမှာ မဟုတ်ဘူး ခရေစီ။ ရှင့်အစီအစဉ်တွေကိုလည်း သူ နှောင့်နှေးကြန့်ကြာအောင် လုပ်မှာမဟုတ်ဘူး"

ခရေစီ စိတ်ရှုပ်သွားသည်။ ဇဝေဇဝါဖြစ်နေသည့် အမူအရာကို လောရာ အကဲခတ်နေမိသည်။ နူးညံ့ပျော့ပျောင်းသည့်လေသံနှင့် လောရာ စကား ဆက် ပြောသည်။

"ရှင် တစ်ခုသိထားရမှာက ရှင်ဟာ ယောက်ျားပီသတယ်၊ အရွယ်တင်တယ်ဆိုတဲ့ အချက်ပဲ ခရေစီ။ အမျိုးသမီးတွေ စွဲမက်စေတဲ့ အရည်အချင်းမျိုး ရှင့်မှာရှိတယ်။ ဒီတော့ တစ်နည်းမဟုတ် တစ်နည်းနဲ့ ပတ်သက်လာမှာပဲ။ ရှင်တစ်ယောက်တည်း တစ်သက်လုံး အထီးကျန်ဘဝနဲ့ နေသွားဖို့ မျှော်လင့်မထားသင့်ဘူးလေ။

"ဥပမာ ဒီအိမ်ကိုပဲကြည့်၊ ဂျိုးဝီးဆိုပါတော့။ ရှင့်ကို သူ့ရဲ့သူ့ရဲကောင်းကြီးအဖြစ်ကို ကိုးကွယ်နေပြီ။ ဒါက သဘာဝကျတယ်လေ။ သူ မမြင်ဖူးပေမဲ့ ကြားဖူးနေတဲ့ ရှင့်စွန့်စားခန်းတွေရဲ့ အရှိန်အဝါတွေပဲပေါ့။ နာဒီယာ ရှင့်ကိုချစ်နေတာလည်း သဘာဝပါပဲ။ အိမ်ထောင်ပျက်မလေးဟာ သူ့ယောက်ျားမှာမရှိခဲ့တဲ့ အရာမှန်သမျှ ပြည့်စုံနေတဲ့ ရှင့်လို ယောက်ျားတစ်ယောက်နဲ့ နီးနီးကပ်ကပ်နေရတော့"

လောရာက ခရေစီကိုကြည့်ရင်း တစ်စုံတစ်ခုကို သတိရပြီး ပြုံးလိုက်မိသည်။ စားပွဲပေါ်တွင်ထောက်ထားသည့် သူ့လက်မောင်းအိုးတွေမှာ ကြွက်သားတွေ လုံးကျစ်နေသည်။ အမာရွတ်တွေက လက်မှာရော၊ မျက်နှာမှာရော။

"ရှင်ဟာ ပန်းပွင့်နုနုကလေး မဟုတ်ဘူး ခရေစီ"

ခရေစီ ဘာမှ မတုံ့ပြန်တော့။ နောက်ပိုင်း လောရာပြောသည့် စကားလုံးများကိုလည်း မကြားတော့သလို။ စကားတစ်လုံးက သူ့ကို လှုပ်နိုးလိုက်သည် မဟုတ်ပါလား။ 'တစ်ကိုယ်တည်း အထီးကျန်ဘဝနဲ့ တစ်သက်လုံးနေသွားဖို့ မမျှော်လင့်နဲ့တဲ့'။ သူ့အာရုံတွေ ဟိုအဝေးကြီးသို့ လွင့်မျောသွားသည်။ အတန်ကြာမှ မတ်တတ်ထပြီး

"ဒီကိစ္စမျိုးက နှစ်ယောက်စလုံး သဘောတူမှ ဖြစ်တာပါဗျာ။ သူ့စိတ်ထဲမှာ ဘာတွေရှိနေရှိနေ မေ့ပစ်လို့ ရပါတယ်"

ပြောပြောဆိုဆို အခန်းထဲမှ ထွက်လာခဲ့သည်။ တံခါးဝသို့ရောက်မှ လှည့်ပြီး

"ကျွန်တော် စိတ်မကောင်းပါဘူး လောရာ။ ကျွန်တော့်ကြောင့် ဘာပြဿနာမှ မဖြစ်ပေါ်စေချင်ဘူးလေ။ ကျွန်တော် သွားတော့မှ ကောင်းမယ်ထင်ပါတယ်ဗျာ"

လောရာက ပခုံးတွန့်ပြီး

"ကျွန်မတို့အနေနဲ့တော့ ပြဿနာရယ်လို့ မအောက်မေ့ပါဘူး။ ပြဿနာလည်း မဟုတ်ပါဘူး။ ရှင် ဒီမှာရှိနေတဲ့အတွက် ကျွန်မတို့ ပိုလို့တောင် စိတ်ချမ်းသာနေပါသေးတယ်။ ပြီးတော့ ရှင် ပေါလ်ကိုကူတဲ့ လုပ်အားက နည်းတာမှမဟုတ်တာ။ နာဒီယာ့ကိစ္စကတော့ ရှင့်ဘာသာရှင် ဆုံးဖြတ်ပါလေ။ ကျွန်မ ဘာမှ ထပ်မစွက်ဖက်တော့ပါဘူး"

လောရာက ပြုံးလိုက်ပြီး ဆက်ပြောသည်။

"ရှင်ကြည့်ရတာ အရှုံးပေး ထွက်ပြေးတတ်တဲ့ လူစားမျိုးနဲ့တော့ မတူပါဘူး ခရေစီ"

လောရာကို ခရေစီ ဘုကြည့်ပြန်ကြည့်သည်။ သို့သော် လောရာက ပြုံးလျက်။

တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်ပြီး ထွက်သွားသည်။

*

နောက်နှစ်ရက်ကြာမှ နာဒီယာ ပေါ်လာသည်။

ညဥ့်လယ် သန်းခေါင်ယံအချိန်။

တံခါးကို အသာကလေး ဖွင့်ဝင်လာသည်။ ကျောက်သား အခင်းပေါ်တွင် ဖိနပ်မပါသည့် ခြေသံသဲ့သဲ့ကို ကြားနေရ၏။ ပြတင်းပေါက်မှ ဖြတ်သန်းစီးဝင်နေသည့် လရောင်သည် တံခါးဝတွင်ရပ်နေသော သူ့ကိုယ်ပေါ်သို့ ဖြာကျနေသည်။ မှုန်ရေးရေး။

ခဏရပ်နေပြီး အကဲခတ်နေ၏။ ပြီးတော့မှ ခုတင်ဆီသို့ ဖြည်းဖြည်းကလေး လျှောက်လာသည်။ အရိပ်ပမာ။ တစ်လောကလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ သူလျှောက်လာစဉ် သူ့ကိုယ်နှင့် ညဝတ်ရုံလွှာတို့ ပွတ်တိုက်သံကိုပင် ကြားနေရ၏။

"သွား... သွား၊ မင်းအခန်း မင်းပြန်"

ခရေစီက ဆီးပြောလိုက်သည်။

သူ့ကိုယ်ပေါ်တွင် လွှားထားသော လွှာချင်းစောင်ကို နာဒီယာက ဆွဲပြီး နံဘေးတွင် ဝင်လှဲလိုက်သည်။

"နာဒီယာ၊ မင်းကို ငါ မလိုချင်ဘူးလို့ ပြောပြီးပြီပဲ။ သွား၊ သွား"

နူးညံ့သည့် လက်မောင်းတစ်ဖက်က သူ့ခါးကို သိုင်းဖက်လာသည်။

*

စစ်ဆင်ရေး ယူနီဖောင်းကို ဝတ်ထားသည့် သူ့ခန္ဓာကိုယ်က ဝတုတ်တုတ် ပုကွကွ။ သူ့ရင်ဘတ်တွင် လက်ပစ်ဗုံးတွေ၊ ကြေးနန်း စကားပြောကိရိယာတွေနှင့် ရှုပ်ယှက်ခတ်နေ၏။ လက်ထဲတွင် စတာလင် စက်သေနတ်ကို ကိုင်လျက်။

ကျောက်နံရံကြီးကို မှီပြီး အသက်ရှူနေသည်။ အိမ်ရှေ့ကွက်လပ်ကို ဖြတ်၍ နှစ်ထပ်တိုက်ဆီသို့ တအားပြေးလာခဲ့ပြီး အမောဖြေနေခြင်းဖြစ်၏။

အသင့်အနေအထားသို့ ပြောင်းလဲသွားသည်။

အဆောက်အအုံ၏ ထောင့်ဘက်သို့ တရွေ့ရွေ့ တိုးသွားသည်။

အခြားမျက်နှာစာတွင် ပြတင်းပေါက် မရှိသည့် ဝရန်တာ တစ်ခုရှိပြီး ယင်း၏ အစွန်းဘက်တွင် အပေါ်ထပ်သို့တက်သည့် လှေကားရှိကြောင်း သူသိထား၏။

ကုန်းကုန်း ကုန်းကုန်းနှင့် ရှေ့သို့သွားသည်။ သူ့လက်ညှိုးမှာ စက်သေနတ် ခလုတ်ပေါ်တွင် တင်းတင်းကွေးလျက်။

ပြီးတော့ အဆောက်အအုံတစ်ခုလုံး စက်သေနတ်သံတွေ နားပွင့်လုမတတ် ဆူညံသွားသည်။ ခရေစီက လှေကားရင်းမှရပ်ပြီး ဆူညံလှုပ်ရှားမှုတွေကို အသေးစိတ် မှတ်နေ၏။

လှေကားဆီသို့ သူ ရောက်လာသည်။ နံရံကို ကျောပေး ကပ်လိုက်ပြန်သည်။ ရော်ဘာအောက်ခံနှင့် သူ့ဖိနပ်သံမှာ တကျွိကျွိနှင့်။ ကျည်ခွံတွေ ကြမ်းပြင်ပေါ်သို့ ကျသံက တဖြောက်ဖြောက်။ ပြီးတော့ ကျည်ကတ်တစ်ခုလုံး ပြုတ်ကျသံ။

လက်တစ်ဖက်က စကားပြောကိရိယာကို ကောက်ကိုင်ပြီး "တက်တော့မယ်" ဟု ပြောရင်း ခရေစီကို လှမ်းကြည့်သည်။ ပြီးတော့ လွှားခနဲလွှားခနဲ ခုန်တက်ပြေးသွား၏။ ခရေစီက နောက်မှတက်လိုက်သွား၏။ သေနတ်သံတွေ ပွက်လောရိုက်သွားသည့် အဆောက်အအုံ၏ တစ်ဖက်စွန်းဆီတွင် လက်ပစ်ဗုံး ပေါက်ကွဲသံကိုလည်း ကြားရ၏။

ကျောက်ဆောင်တွေ ထူထပ်လှသည့် ခြံကြီးထဲသို့ သူတို့ တန်းစီပြီး ထွက်သွားခဲ့ကြသည်။ အားလုံး ၁၅ ယောက်။ အားလုံး စစ်ဆင်ရေးယူနီဖောင်း အကျႌတွေကို ဝတ်ထားကြ၏။ သူတို့တစ်တွေ အားရပါးရ စကားပြောလာကြ၏။ နောက်ဆုံးမှ လိုက်လာသည့် ဂျော့က သူတို့ကို ကျောက်တန်း ခပ်နိမ့်နိမ့်ပေါ်တွင် ထိုင်ခိုင်းလိုက်သည်။

လှေကျင့်ခန်းလုပ်သည့်အချိန်မှာ ငါးမိနစ်မျှသာ ကြာ၏။

သို့သော် ပြန်လည်သုံးသပ်ဆွေးနွေးခန်းက တစ်နာရီမျှကြာသည်။

ဂျော့က သူတို့၏လှုပ်ရှားမှုတွေကို ချီးကျူးလိုက်၊ ဝေဖန်လိုက်နှင့်။ သူတို့ ရှေ့တွင် ခရေစီနှင့် ဂျော့က ရပ်လျက်။ တပ်ခွဲတစ်ခုလုံး စိတ်ဓာတ် တက်ကြွနေကြသည်။ လက်တွေ့သရုပ်ပြ တိုက်ပွဲဖြစ်၍ အသံဗလံတွေနှင့် လှုပ်ရှားမှုတွေမှာ စိတ်လှုပ်ရှားဖွယ်ရာ ကောင်းနေ၏။

ဂျော့က ဝေဖန်သင်ကြားပြီး ခရေစီဘက်သို့ လှည့်၍

"ပြောစရာရှိသေးလား"

ခရေစီက ရှေ့တစ်လှမ်းတိုးလိုက်သည်။ တပ်ခွဲက ငြိမ်သက်စွာ စောင့်ဆိုင်းလျက်ရှိ၏။

"အားလုံးခြုံကြည့်ရင်တော့ မဆိုးပါဘူး"

တပ်သားအားလုံး တစ်ပြိုင်နက်တည်း ပြုံးလိုက်ကြသည်။

"ဒါပေမဲ့ တကယ့်တိုက်ပွဲသာဆိုရင် ရဲဘော်တို့ တစ်ဝက်ကျပြီး ကျန်တဲ့ တစ်ဝက်လောက်က အတုံးအရုံး ဒဏ်ရာရကြမှာပဲ"

သူတို့နှုတ်ခမ်းမှ အပြုံးတွေ ပျောက်ကွယ်သွားကြ၏။

ခရေစီက ပုပုကွကွတစ်ယောက်ကို လက်ညှိုးထိုးပြပြီး

"ဂရာဇီယို၊ မင်း ဝရန်တာက ဆင်းလာတော့ နံရံကို ရင်ဘတ်နဲ့ပွတ်ပြီး ဆင်းလာတယ်နော်။ နံရံက ကျောက်နံရံ။ တကယ့်ရန်သူသာဆိုရင် ပစ်လို့ သိပ်လွယ်တာပေါ့။ သေနတ်ကို နံရံနဲ့ ကပ်ပြီး ဖြတ်လိုက်ရုံပဲ။ လှေကားကိုတက်တက်၊ ဆင်းဆင်း အလယ်က သွားဖို့ ငါ ပြောဖူးတယ်နော်။ ပေါ်တင်ကြီးလို့ ထင်ရပေမဲ့ ပိုပြီးအန္တရာယ်ကင်းတယ်။

"အိမ်ထောင့်ကို ရောက်တဲ့အထိတော့ မင်း ကုန်းလာပါရဲ့၊ ဒီဘက်ရောက်တော့ ခါးဆန့်လိုက်ပြီး သေနတ်ကို ခါးအမြင့်မှာ မင်းက ချိန်ထားတယ်။ အမြဲတမ်း နှိမ့်ပြီး ချိန်ရမယ်၊ ကြားလား။ ရန်သူဟာ ကြမ်းပြင်ပေါ်မှာ လှဲရုံပဲ လှဲနေနိုင်မယ်၊ လေထဲကိုတော့ ပျံတက်မသွားနိုင်ဘူး"

ဂရာဇီယိုက ခေါင်းညိတ်သည်။ မျက်နှာတွင် ရှက်သွေးဖြာလျက်။ သို့သော် ခရေစီက မကျေနပ်သေး။

"ငါသာ ရန်သူဆိုရင် မင်း အခု အလောင်းဖြစ်နေပြီ။ နောက်တစ်ခုက မင်း ကျည်ကတ်လဲတာ သိပ်နှေးတယ်။ ဒီအချိန်ဟာ သိပ်အရေးကြီးတယ်။ မင်း လက်တွေ ပေါက်ပြဲကုန်တဲ့အထိ လေ့ကျင့်ရမယ်"

သူ့မျက်လုံးတွေက တပ်ခွဲတစ်ခုလုံးကို ခြုံကြည့်လိုက်၏။

"ရဲဘော်တို့အားလုံးဟာ လေ့ကျင့်ရမယ်။ လေ့ကျင့်မှုနည်းတာနဲ့ များတာဟာ ရှင်ဖို့နဲ့ သေဖို့ကို အဆုံးအဖြတ်ပေးမယ့် အချက်ပဲ"

ခရေစီက အရပ်ရှည်ရှည် မုတ်ဆိတ်မွေးရှည်ကြီးနဲ့ တစ်ယောက်ကို ညွှန်ပြရင်း

"ဒိုမီ၊ မင်းက ချာလီနောက်က လိုက်သွားတယ်။ အခန်း ၂ ထဲကို၊ အမှန်မှာ

မင်းက ဝရန်တာမှာပဲ နေခဲ့ရမှာ။ အခန်း ၃ နဲ့ ၄ ကို မင်း စောင့်ရမှာ။ နှစ်ယောက်စလုံး ဝင်သွားစရာ မလိုဘူး။ အဲဒီအခန်းက အိပ်ခန်းလည်း မဟုတ်ဘူး။ မင်းတို့ကို စောင့်နေတဲ့ ကောင်မလေးတွေလည်း အထဲမှာ မရှိဘူး"

တပ်ခွဲတစ်ခုလုံး ဝါးခနဲ ပွဲကျသွားသည်။ ဒိုမီက စွံသည်ဟု နာမည်ကြီးနေသူ မဟုတ်လား။

ခရေစီက တပ်ခွဲတစ်ခုလုံးအတွက် တစ်ယောက်ချင်း၏ အားနည်းချက်များကို ထောက်ပြသည်။ ဂျော့က ငြိမ်ပြီး နားထောင်နေရင်း ခရေစီ၏ အသေးစိတ်မြင်တတ်မှုကို အံ့ဩမဆုံး ဖြစ်နေ၏။ ခရေစီ သင်တန်းပေးနေချိန်တွင် ပင်ကိုစရိုက်တွေ ပျောက်နေတတ်ပုံကိုလည်း သတိထားမိသည်။

မထုံတက်သေးအမူအရာတွေ ဘယ်လိုမှ ရှာမတွေ့တော့။ သူ့ လေယူလေသိမ်းတွေ ပြတ်သားကြည်လင်နေ၏။ သင်တန်းသားများ၏ စိတ်ဝင်စားမှုကို အမိအရ ဖမ်းထားနိုင်၏။ စိုးမိုးနိုင်၏။ သူတို့တစ်တွေ ခရေစီ၏ လက်နက်သင်တန်းများကို တက်ခဲ့ကြပြီးဖြစ်သည်။

စတာလင် စက်သေနတ်ကို သူ ကျည်ကတ်ထည့်ပုံများမှာ လျှပ်ပြက်သလို မြန်ဆန်လှသည်။ စက်ကလေးနှင့် ကာဘိုင်သင်တန်းတွင်လည်း အားလုံးရင်သပ်ရှုမောဖြစ်ကြရ၏။ စက်သေနတ်ကို တစ်စစီဖျက်လိုက်ပြီး ပြန်လည်တပ်ဆင်ပုံမှာ သူ့အတွက် ဖွန်းခက်ရင်း ကိုင်သည်နှင့် မခြား။

လက်နက်မဲ့တိုက်ပွဲ လေ့ကျင့်ခန်းများတွင် သူ့လျင်မြန်ဖျတ်လတ်မှုကိုကြောက်ခမန်းလိလိ တွေ့ကြရပြန်သည်။ သူတို့တစ်တွေသည် ကျန်းမာသန်စွမ်းသည့် နှစ်ဆယ်ဝန်းကျင် လူငယ်ကလေးတွေဖြစ်သည်။ ခရေစီသည် သူတို့ထက် အသက်နှစ်ဆမက ကြီးသော်လည်း ဘယ်ဘက်ကစမ်းစမ်း သူတို့နှင့် မယှဉ်နိုင်သည်ကို သဘောပေါက်ပြီးသား ဖြစ်သည်။

ထို့ကြောင့်လည်း သူတို့တစ်တွေ လေးလေးစားစား သင်ကြားနာခံကြခြင်းဖြစ်၏။

ခရေစီက သူတို့၏ ပထမပိုင်းလေ့ကျင့်ခန်းများကို ကျေနပ်စရာ ကောင်းကြောင်းနှင့် သူတို့၏လျင်မြန်မှုကို ချီးကျူးသွားသည်။ အဆောက်အအုံထဲသို့ ရောက်ပြီးနောက်ပိုင်း တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်နေပုံကို ထောက်ပြပြီး

"ယောင်တောင်တောင်လုပ်နေလို့မရဘူး။ အမြဲတမ်း လှုပ်ရှားနေရမယ်။

မျက်စိရှင်နေရမယ်။ သေနတ်ပစ် လေ့ကျင့်ခန်းမှာ စက်ကွင်းပစ်တော့ မင်းတို့ သိပ်လက်ဖြောင့်ကြတယ် မဟုတ်လား။ အဲဒါ အချိန်ရလို့ပေါ့ကွ။ ဒါကြောင့် မျက်စိ တစ်ချက် ပိုလျင်လေ တစ်စက္ကန့် ကိုယ့်တွက် ကျန်လေပေါ့။ ဒါကြောင့် နိမ့်နိမ့်ချိန်၊ အမြဲလှုပ်ရှား၊ မျက်စိလျင်လျင်ထား"

ခရေစီက နောက်သို့ တစ်လှမ်း ပြန်ဆုတ်လိုက်သည်။

ဂျော့က စကားအနည်းငယ်ပြောပြီး တန်းဖြုတ်လိုက်သည်။ နှစ်ယောက်တည်း ကျန်ရစ်တော့မှ ဂျော့က မေးသည်။

"ဘယ်လိုလဲဗျ အခြေအနေ။ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းပြောပါဦး"

ခရေစီက နှစ်ထပ်တိုက် အဆောက်အအုံကို ငေးကြည့်နေသည်။သည်နေ့ သရုပ်ဆောင် လေ့ကျင့်ခန်းမှာ အကြမ်းဖက်သမားလေးယောက်တို့က အဆောက်အအုံကို သိမ်းထားသည်။ သုံ့ပန်း တစ်ယောက်မှမပါ။ အပေါ်ထပ်တွင် ခိုအောင်းနေသည်ဟု ယူဆထား၏။ လက်နက်ချဖို့ ဆွေးနွေးလို့မရ။ အဆောက်အအုံကို ဝင်စီးရှို့ဖို့ အမိန့်ပေးထားသည်။

"စစ်ဆင်ရေးက တစ်ဖက်စောင်းနင်း ဖြစ်နေတယ်ဗျ။ ခင်ဗျားက ငါးယောက်ကို အဆောက်အအုံရဲ့ အပြင်စည်းကို တာဝန်ပေးပြီး ဆယ်ယောက် အထဲကို ဝင်ခိုင်းတယ်"

"ဘာဖြစ်လို့လဲဆိုတော့ တစ်၊ အပေါ်မှာ လူတွေ သိပ်များပြီး ရှုပ်နေတယ်။ နှစ်၊ တိုက်ပွဲစလို့ အကြမ်းဖက်သမား လေးယောက်ဟာ သေနတ်သံကြားတာနဲ့ ထွက်လာဖို့များတယ်။ ထွက်လာရင်လည်း ပြုထွက်လာမှာမဟုတ်ဘူး။ တစ်နေရာစီကို ပြေးထွက်လာကြမှာ"

ခရေစီက အပေါ်ထပ်သို့ လက်ညှိုးထိုးပြီး

"သူတို့ ခုန်ချမယ်ဆိုရင် ခုန်ချလို့ရတယ်ဗျ။ တွေ့လား၊ သိပ်မမြင့်ဘူး"

ခရေစီက သူ့လေသံကို နှိမ့်လိုက်သည်။

"ဝင်တဲ့ပုံစံကတော့ ကောင်းပါတယ်။ ကားကို တောင်ဘက် အဆောင်အောက် မောင်းဝင်သွားပုံက အချိန်လည်း ကိုက်တယ်။ တိုက်ရှေ့ကနေပြီး စစ်မြူ တိုက်ပွဲစတာလည်း မှန်တယ်။ သူတို့အာရုံကို ပြောင်းပေးလိုက်တဲ့ သဘောပေါ့"

ခရေစီက ဂျော့၏ပခုံးပေါ်သို့ လက်တစ်ဖက်တင်လိုက်ပြီး

"ဒါက စိတ်ကူးယဉ် စီမံချက်ကိုးဗျ။ ဒါပေမဲ့ ကျွန်တော် စကားပြောတာ ဓိရိယာကို အားမကိုးဖို့ အကြံပေးခဲ့တယ်။ ဒါမျိုးတွေက အိမ်တစ်အိမ်ကို မသက်လို့

ဝင်ရှာတဲ့ရဲတွေ သုံးဖို့လောက်သာ အသုံးကျတာပါ။ ခုလို လျှပ်တစ်ပြက်တိုက်ပွဲတွေမှာ လှုပ်ရှားမှုမှန်သမျှကို တစ်ယောက်နဲ့တစ်ယောက် အလိုလိုသတင်းပို့ပြီးသားဖြစ်နေရမယ်။ အဲဒီလို စမ်းခိုင်းကြည့်ပါ ဂျော့"

ခရေစီက ပြုံးလိုက်သည်။

"ခြုံပြီးပြောရရင်တော့ ပထမဆုံး စမ်းသပ်တိုက်ပွဲအနေနဲ့ ကျေနပ်လောက်ပါတယ် ဂျော့"

ဂျော့၏မျက်နှာ ဝင်းပသွားသည်။

"ကျေးဇူးပါပဲဗျာ။ ဒီအဆောက်အအုံကို ကျွန်တော် တစ်လလောက်သုံးနိုင်သေးတယ်။ နောက်ထပ် နှစ်ကြိမ်လောက်တော့ လေ့ကျင့်နိုင်ပါလိမ့်မယ်။ မော်လတာလေကြောင်းကုမ္ပဏီကိုလည်း ဘိုးအင်းတစ်စင်း နှစ်နာရီလောက်ငှားဖို့ ကျွန်တော် စီစဉ်ထားပါတယ်။ လေယာဉ်အနုကြမ်းစီးပုံကိုလည်း လက်တွေ့ပြဦးမယ်လေ"

တပ်ဖွဲ့ပိုင် လင်းရိုဗာကား အနီးတွင် တပ်ဖွဲ့ဝင်တွေ စုပြီး ကားပေါ်တွင်ပါလာသည့် ရေခဲစိမ်ဘီယာတွေကို မော့နေကြသည်။ ဂျော့နှင့် ခရေစီတို့လည်း ကားဆီသို့လျှောက်သွားပြီး သူတို့အဖွဲ့နှင့် ရောလိုက်သည်။ ဂျော့က နောက်သလိုလို အတည်လိုလိုနှင့်

"ဒါထက် ခင်ဗျား မော်လတာမှာ အလုပ်လုပ်ဖို့တော့ အစီအစဉ်မရှိပါဘူးနော် ခရေစီ"

ခရေစီက ပထမ ကြောင်သွားသည်။ အတန်ကြာမှ

"ဟာ.. မရှိပါဘူးဗျ။ ခင်ဗျားရဲ့ဦးလေးကို ကျွန်တော်က အားတဲ့အခိုက်မှာကူလုပ်တာလောက်ပါ"

ရဲတပ်ဖွဲ့ဝင် ၁၅ ယောက်စလုံး အပြုံးကိုယ်စီဖြင့် သူတို့နှစ်ယောက်ကိုအာရုံစိုက်နေကြ၏။ ဂျော့က ပြုံးပြီး

"ကျွန်တော်က အဲဒါကို ဆိုလိုတာ မဟုတ်ပါဘူးဗျ၊ ခင်ဗျားသိပါတယ်။ ခင်ဗျားလုပ်တာ တစ်မျိုးတော့ ကောင်းတယ်ဗျ။ တရားဥပဒေစိုးမိုးရေးအတွက် ကျွန်တော်တို့ အလုပ်ရ သက်သာသွားတာပေါ့"

လွန်ခဲ့သည့် နှစ်ရက် အဖြစ်အပျက်ကို ရည်ညွှန်း၍ ပြောနေခြင်းဖြစ်၏။ မော်လတာကျွန်းသားများ၏ အကြိုက်ဆုံး ငါးတစ်မျိုးဖြစ်သည့် 'လင်ပူတီ'

ငါး ပေါ်ချိန်ဖြစ်သည်။ ပေါ်ဦးပေါ်ဖျား စားချင်၍ ငါးဝယ်ရန် ဆိပ်ကမ်းသို့ ခရေစီက နာဒီယာ့ကို လိုက်ပို့သည်။ ငါးဖမ်းစက်လှေတွေကိုစောင့်ရင်း နာဒီယာ့ကို ကမ်းနားတွင် ထားခဲ့ပြီး ကမ်းခြေ အရက်ဆိုင်ဘက်သို့ ဘီယာတစ်ခွက်လောက် သောက်ချင်သည်နှင့် ထွက်လာခဲ့သည်။

ဗစ်တာနှင့် မိုက်ကယ်တို့ လူငယ်တစ်သိုက်က သူ့ကို ဘီယာ ဆီးတိုက်သည်။ သူတို့တစ်တွေ အကြောင်းအရာတစ်ခုကို အလေးအနက် ဆွေးနွေးနေကြ၏။ ခရေစီက အသာ ဂရုစိုက်နားထောင်နေသည်။

သူတို့ပြောနေကြသည်မှာ ဂိုဇိုကျွန်း၏ ဓာတ်လိုက်ကြီး ဘင်နီအကြောင်း။ ဘင်နီကို မင်ကြောင်ဟု နာမည်ပေးထားကြသည်။ သူ့လက်မောင်း လက်ဖျံတွေမှ ထိုးကွင်းတွေကြောင့် သည်အမည်ကို ရခြင်းဖြစ်သည်။ သူက ဂိုဇိုကျွန်းသား။ သို့သော် မော်လတာတွင် အနေများသည်။

ဘင်နီမှာ ရောမ လူသန်ကြီးဖြစ်သည်။ သူ့အကြောင်းတွေကို ခရေစီ ကြားဖူးသည်။

တစ်ခုမှာ ပြီးခဲ့သည့် ရွေးကောက်ပွဲတုန်းက အဖြစ်အပျက်ဖြစ်သည်။ နိုင်ငံရေးသမားတစ်ယောက်က သူ့ကို အသုံးချသည်။ ရွေးကောက်ပွဲနိုင်လျှင် သူ့ကို အလုပ်ပေးမည်ဟူသော ကတိကို ယုံပြီး ဘင်နီက သူ့အရှိန်အဝါကို သုံး၍ ကြိုးကြိုးစားစား လုပ်ပေးသည်။

ဘင်နီက အလွန်ယုံလွယ်သူ။ ရွေးကောက်ပွဲ နိုင်သည်။ အမတ်မင်း၏ ရုံးခန်းသို့ သွားသည်။ ရုတ်တရက် တွေ့ခွင့်မရ။ နှစ်နာရီလောက် စောင့်ရပြီးမှ သူ့နာမည်ကို အမတ်မင်း မကြားဖူးကြောင်း၊ အလုပ်ပေးဖို့ စာရင်းတွင်လည်း သူ့နာမည် မပါကြောင်း၊ အလုပ်များ၍ အတွေ့လည်း မခံနိုင်ကြောင်း အမတ်မင်း၏ အတွင်းရေးမှူးထံမှ သိရသည်။

ဘင်နီက အတွင်းရေးမှူးကို လက်နှင့် အသာဖယ်ပြီး အမတ်မင်း၏ရုံးခန်းဆီသို့ တန်းသွားသည်။

တစ်ကွက်ကျော်မြင်သည့် နိုင်ငံရေးသမားက တံခါးကို အတွင်းမှ ချက်ချပြီးသား။

ဘင်နီ ဒေါသကို မထိန်းနိုင်တော့။ တံခါးကို လက်ဝါးစောင်းနှင့် ရိုက်ခွဲချင်ပြီး ဝင်သည်။ သည်တော့မှ အမတ်မင်းခမျာ ပြတင်းပေါက်မှ ခုန်ဆင်းထွက်ပြေးရ

ရှာသည်။ ကံကောင်းသည်မှာ သူ့ရုံးခန်းကို မြေညီထပ်တွင် ဖွင့်လှစ်မိခြင်းဖြစ်သည်။

သူ့ရုံးခန်းမှာ ခေတ်မီစွာခြယ်ထားသော ရုံးခန်းဖြစ်၏။ ဘင်နီ ဒေါသူပုန်ထတော့၏။ ရဲတွေရောက်လာတော့ ရုံးခန်းတစ်ခုလုံး ရှုပ်ပွရာမရှိ။ ဖျက်ဆီးပေါက်ခွဲသံတွေနှင့် ဆူညံနေ၏။

ဘယ်ရဲမှ ဝင်မဖမ်းရဲ။ ဘင်နီအကြောင်း သူတို့သိကြသည်လေ။

ရဲများတွင် အယ်လ်ဖေးရှင်း ခွေးကြီးနှစ်ကောင် ပါလာသည်။ အသံချဲ့စက်နှင့် အော်ပြောသည်။ အေးအေးဆေးဆေး အဖမ်းခံဖို့အကြောင်း၊ ဆက်ပြီးသောင်းကျန်းနေလျှင် ခွေးနှစ်ကောင်ကို လွှတ်ပေးရလိမ့်မည်ဖြစ်ကြောင်း။

ခဏငြိမ်သွားပြီး မှန်ခွဲသံတွေ ထွက်ပေါ်လာပြန်၏။ သည်တော့မှ ရဲက ခွေးနှစ်ကောင်ကို လွှတ်ပေးလိုက်သည်။ မိနစ်ဝက်အတွင်း ခွေးနှစ်ကောင် ပြတင်းပေါက် အပြင်ဘက်သို့ လွင့်ထွက်လာသည်။ ကုပ်တွေကျိုးလျက်။

ဘင်နီ ကံကောင်းသည်။ တရားသူကြီးက ခွေးချစ်တတ်သူ မဟုတ်သည့်ပြင် ထိုအမတ်မင်းကို ထောက်ခံသူ မဟုတ်။ ထို့ကြောင့် သုံးလသာ ထောင်နန်းစံခဲ့ရသည်။

မော်လတာကျွန်းပေါ်မှ ကမ်းခြေအရက်ဆိုင်တစ်ဆိုင်တွင် အလုပ်တစ်ခုရဖူးသည်။ သဘော်သားတွေ၊ ရေတပ်သားတွေနှင့် ခပ်ဆိုးဆိုးလူငယ်တွေစုဝေးရာကမ်းခြေအရက်ဆိုင်တစ်ခုတွင် ဖြစ်၏။

သူ့အလုပ်မှာ အဓိကရုဏ်း ထိန်းပေးရန်ဖြစ်သည်။ သည်တော့ သူ့တွင် ရန်သူပေါ်လာသည်။ အဓိကရုဏ်းတစ်ခုကို ထိန်းရာတွင် လူနှစ်ယောက်ကို ဆေးရုံတင်ပြီး နှစ်ရှည်လများ ကုယူရ၏။

ထိုတရားသူကြီးပင် သူ့ကို အပြစ်ပေးခဲ့ခြင်းဖြစ်သည်။ ထောင်ဒဏ်တစ်နှစ်။ ထောင်ကထွက်လျှင် ခြောက်လတိတိ ကောင်းမွန်စွာနေစေ။ သည်တွင် ထောင်ထွက်ကြီး ဘင်နီ ဂိုဇိုသို့ ပြန်ရောက်လာခဲ့ခြင်းဖြစ်၏။

ဇာတိချက်ကြွေ ဂိုဇိုကျွန်းပေါ်တွင်တော့ ဘင်နီသည် လူချစ်လူခင်များသည်။ သူက လူမှုရေးစိတ်ဓာတ် အပြည့်ရှိသည်မဟုတ်လား။ လူတကာကို အကူအညီပေးတတ်သည်။ ခရေစီနှင့်လည်း အဖွဲ့ကျနေသည်။

ခရေစီက သူ့ကို သဘောကျသည်။ တစ်ခါတွင် ကမ္ဘာလှည့်ခရီးသည် ချောချောကောင်မလေးတစ်ယောက်နှင့် တွဲလာသည်။ ကောင်မလေးက ထွေနေပြီး သူ့ခန္ဓာကိုယ်ကြီးကို သဘောကျနေပုံရသည်။ ကောင်မလေးက သူ့ဘီယာခွက်ကို

နှစ်ကြိမ်တိုင်တိုင် မှောက်ပစ်သည်။ တစ်ခါမှာ သူ အိမ်သာဝင်နေတုန်း မှောက်ပစ်ခြင်း ဖြစ်၏။ ခရေစီက ကောင်မလေးကို ဝင်ဟောက်ပစ်လိုက်သည်။

"မတော်တဆဖြစ်တာပဲ၊ ရှင်နဲ့ဘာဆိုင်လို့လဲ။ ကျွန်မကို ဒီလိုလေသံနဲ့ မပြောပါနဲ့"

ကောင်မလေးက ပြန်ပက်၏။

ဘင်နီ အိမ်သာမှ ပြန်ထွက်လာတော့ ကောင်မလေးက ဆီးတိုင်သည်။ သူ့ကို စော်ကားပါသည်ဟု စွပ်စွဲသည်။

အရက်ခန်းတစ်ခုလုံး ငြိမ်ကျသွားသည်။ အားလုံး ရင်တမမနှင့် အခြေအနေကို စောင့်ကြည့်နေကြ၏။ ဘင်နီက ခရေစီကို လှမ်းကြည့်သည်။

"သူ တမင်လုပ်နေတာကွ ဘင်နီ၊ ငါ စောင့်ကြည့်နေတာ"

ဘင်နီက ခေါင်းညိတ်ပြီး ဘီယာနှစ်ခွက် ထပ်မှာသည်။

ကောင်မလေးက မကျေမနပ်ပုံစံဖြင့်

"ရှင် သူ့ကို ကြောက်တယ်ပေါ့၊ ဟုတ်လား"

ဘင်နီက ခေါင်းယမ်းသည်။

"မကြောက်ပါဘူး။ သူကလည်း ငါ့ကို မကြောက်ဘူး။ ကဲ... နင်ဘာမှ စကားများမနေနဲ့၊ သွားတော့"

သည်ကတည်းက ခရေစီ ဘင်နီကို သဘောကျသွားခြင်း ဖြစ်သည်။ ထို့ကြောင့် ဘင်နီအကြောင်းပြောနေသည့် လူငယ်တစ်သိုက်၏စကားကို သူ အာရုံစိုက် နားထောင်နေခြင်း ဖြစ်၏။

ကြားနေရသလောက်ဆိုလျှင် ဘင်နီ ကောင်းမွန်စွာနေသည့်ကာလမှာ ခြောက်လပြည့်တော့မည်။ မော်လတာမှ သူ့ရန်ဖက်တွေက သူ့ကို ရန်စပြီး ပြဿနာရှာမည်။ ရန်ဖြစ်လျှင် ဘင်နီ ထောင်ထဲပြန်ဝင်ရမည်။

ဇက်ရေယာဉ် နောက်တစ်ခေါက်နှင့် သူတို့ သည်ဘက်ကမ်းကို ကူးတော့မည် ဖြစ်သည့်အကြောင်းကို ဇစ်တာက သကင်းရလာခြင်းဖြစ်၏။ ဇစ်တာတို့လူသိုက် သည်ကိစ္စကို ခေါင်းချင်းရိုက်ပြီး အဖြေရှာနေကြခြင်းဖြစ်၏။

ဘင်နီဆီကို လာနေသည့် မိတ်ဆွေက နှစ်ယောက်တဲ့။ ဘင်နီကို ရှောင်ခိုင်း၍တော့ ရမည်မဟုတ်။ ဘင်နီနှင့်ပတ်သက်လာလျှင် ရဲကလည်း ကင်းကင်းနေတတ်၍ ရဲကို အားကိုး၍မရ။ ခရေစီသည် သူများရန်ပွဲကို ဘယ်တော့မှ ဝင်လေ့ရှိသူမဟုတ်။

သို့သော် သည်ကျွန်းကလေး၏ ကျေးဇူးတွေ သူ့အပေါ်တွင်များလှသည်။ သည်တော့ သူတို့ပြဿနာကို ကိုယ့်ပြဿနာလို သဘောထားလာသည်။ ပြီး ဘင်နီကို သူ ခင်နေပြီမဟုတ်လား။

ဗစ်တာက နာရီကိုကြည့်ပြီး သင်္ဘောထွက်ချိန် နီးပြီဖြစ်ကြောင်း ပြောပြီး ထသည်။ ခရေစီက သူတို့ဝိုင်းသို့ ထလာသည်၊ လေကောင်းလေသန့်ရှူချင်၍ သင်္ဘော လိုက်စီးလိုကြောင်း ပြောပြီး နာဒီယာကို တစ်ယောက်ယောက်က ပြန်မောင်းပို့ ပေးဖို့ ပြောလိုက်သည်။

ခရေစီက ဗစ်တာနှင့်အတူ ဆလင်ခန်းတွင် ထိုင်လိုက်လာသည်။

"အဲဒါ သူတို့ကားပဲဗျ။ ရှေ့ဆုံးက စီထားတဲ့ကား"

ဒေါ့ချ်ကား ဟောင်းကြီး ဖြစ်သည်။ ဖက်ရေယာဉ်ပေါ်တက်ဖို့ အသင့် အနေအထားနှင့် ရှေ့ဆုံးမှ စောင့်နေသည်။

"အိုမို သတိထားနော်၊ ဒီကောင်တွေက သိပ်ဆိုးတာ"

ဗစ်တာက ခရေစီကို သတိပေးလိုက်သည်။

"သင်္ဘောပြန်ထွက်ချိန် ဘယ်လောက်လိုသေးသလဲ"

"နာရီဝက်လောက်လိုသေးတယ်"

ခရေစီက ဆလင်ခန်းတံခါးကို ဖွင့်လိုက်သည်။

"ဒီတစ်ခေါက်မမီရင် ငါ နောက်တစ်ခေါက်မှ လိုက်ခဲ့မယ်၊ ကြားလား။ မင်း ဘာမှမပူနဲ့"

ဖက်ရေယာဉ်ပေါ်မှ ကားတွေ တရွေ့ရွေ့ လိမ့်ဆင်းနေကြပြီ။ ခရေစီက ကမ်းပေါ်မှ ကားတန်းကြီးဆီသို့ ခရီးသည်တွေနှင့် ရောပြီး တက်သွားသည်။ ဒေါ့ချ် ကားအနီးသို့ အရောက်တွင် ရုတ်တရက် ရပ်လိုက်သည်။ နောက်တံခါးကို ဖွင့်ပြီး ကားပေါ်သို့ တက်လိုက်သည်။

ဗစ်တာက ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေ၏။

ဆလင်ခန်းမှ ကားထဲသို့ လှမ်းမမြင်နိုင်။ ကားခေါင်မိုး တငြိမ့်ငြိမ့် လှုပ်နေ သည်ကို တွေ့ရ၏။ အခန်းထဲမှထွက်ပြီး ဝရန်တာထောင့်ချိုးဆီသို့ ပြေးသွားပြီး ကြည့်သည်။ သဲသဲကွဲကွဲ မမြင်ရ။

ဒေါ့ချ်ကားကြီး လှုပ်ရှားနေရာမှ ငြိမ်သွားသည်။ စက်နှိုးသံ ကြားရ၏။ ဗစ်တာက လှမ်းကြည့်ပြီး ရင်တွေ တုန်နေ၏။

နာရီဝက်ခန့်ကြာတော့ ကားတွေ တင်ပြီးသွားသည်။ ကားတွေကို ကြိုးကြပ်တင်ပေးနေသည့် ရေယာဉ် အမှုထမ်းတစ်ယောက်က ကားကူးတံတားကြီးကို မ ပြီး တင်ဖို့လုပ်နေသည်။

"နေဦးဟေ့ နေဦး၊ မတင်နဲ့ဦး"

ဗစ်တာက အပေါ်ထပ် ဆလင်ခန်းမှနေ၍ လှမ်းအော်သည်။ ဒေါ့ချ် ကားကြီးကို လှမ်းမြင်လိုက်ရ၍ ဖြစ်၏။ ကမ်းခြေအထိ မောင်းဆင်းလာသည်။

ခရေစီ ဆလင်ခန်းထဲသို့ ဝင်မလာခင် ဗစ်တာက အလောတကြီး ဆီးမေးသည်။

"ဘယ်လိုဖြစ်တာလဲဗျ။ ပြောစမ်းပါဦး"

ခရေစီ ပခုံးတွန့်ပြသည်။

"သူတို့ ဟိုဘက်ကမ်းကို ဒီတစ်နေ့လုံး အလည်အပတ်မလာဖို့ ဆုံးဖြတ်လိုက်ကြပြီးပြီ။ ဒါပါပဲကွ"

ခရေစီ ဘာမှ ထပ်မပြောရအောင် ပိတ်ပြောလိုက်သည်။ ဗစ်တာ ဘာမှ မမေးရဲတော့။

အပြန်ခရီးတွင် သူတို့နှစ်ယောက် တိတ်ဆိတ်စွာ လိုက်ပါလာခဲ့ကြ၏။

*

"ဂျော့၊ ခင်ဗျား ဒီကျွန်းပေါ်မှာ အပ်ကျတာကအစ သိတယ်ဟုတ်လား"

ခရေစီက မေးလိုက်ခြင်းဖြစ်သည်။

ဂျော့က ခေါင်းညိတ်လိုက်သည်။

"ခင်ဗျား သူတို့ကို ဘာလုပ်လိုက်တယ်ဆိုတာကိုတော့ အသေးစိတ် မသိဘူးဗျ"

"ဒီလိုပေါ့ဗျာ၊ ဆွေးနွေးရတာပေါ့"

ခရေစီက စကားလမ်းကြောင်း ပြောင်းပြီး

"ဒါထက် နောက်လှေကျင့်ခန်း ကျုပ်တို့ ဘယ်နေ့လုပ်ကြမလဲ"

ဂျော့က ရယ်ပြီး

"နောက်အပတ် ဒီအချိန်ပဲ လုပ်တာပေါ့။ အင်း... ခင်ဗျားတို့ ဆွေးနွေးပွဲက တော်တော်တော့ ကြမ်းမယ်ထင်တယ်။ အဲဒီနှစ်ကောင် သုံးရက်လုံးလုံး အပြင်ထွက်တာ မတွေ့ရတော့ဘူး"

"ပညာပေးမှုရမယ့် ကောင်မျိုးတွေကိုးဗျ"

ခရေစီက စကားဖြတ်ပြီး ခပ်လှမ်းလှမ်းမှ ရဲဘော်တစ်သိုက်ဆီသို့ လှမ်းကြည့်ပြီး "ဟေး... ဂရာဇီယို၊ ပြင်ပြီးပြီကွ။ မင်း အခုလိုက်ပို့နိုင်မလား" ဟု အော်ပြောလိုက်သည်။

ပေါလ်၏ လင်းရီဗာ ပျက်နေသဖြင့် သည်ဘက်ကမ်းတွင် ယူလာပြီး ပြင်ရသည်။ ဂရာဇီယိုက ဆိပ်ကမ်းထိ သူ ပြန်ပို့ပေးပါမည်ဟု ကတိပြုထား၏။

*

ကမ်းခြေလမ်းတစ်လျှောက်တွင် ဂရာဇီယိုက စကားပြောချင်နေသည်။ ခရေစီက တစ်စုံတစ်ခုကို စူးစူးစိုက်စိုက် စဉ်းစားနေပုံရသဖြင့် ဂရာဇီယို လက်လျှော့လိုက်ရသည်။ သူစဉ်းစားလာသည်မှာ သည်ကျွန်းကလေးမှ မကြာမီ ထွက်ခွာရတော့မည့် အရေးဖြစ်၏။ နှစ်ပတ်မျှသာ လိုတော့သည်။ သည်နှစ်ပတ်အတွင်း သူ့လေ့ကျင့်မှုကာလ ပြည့်စုံလောက်ပြီဟု သူက တွက်ထား၏။ ထွက်သွားဖို့ကိစ္စကို စဉ်းစားတော့ စိတ်ထဲ မတင်မကျကြီး ဖြစ်နေ၏။

ကြိုတင်ပြင်ဆင်မှုမှာ အဘက်ဘက်မှ ထောင့်စေ့နေပြီ။ တိုက်ကွက်တွေ၊ ရုတ်ခြည်း ဖြေရှင်းရမည့် ပြဿနာတွေကိုပါ ကြိုမြင်နေပြီ။

အသိအာရုံတွေ ခန္ဓာကိုယ်ထက် ရှေ့ကို ပြေးနေသည်။ ဆန္ဒက သူ့ရုပ်ခန္ဓာကို စောင့်နေရ၏။ နောက်နှစ်ပတ်ဆိုလျှင် စိတ်နှင့် ကိုယ်နှင့် တစ်သားတည်း ဖြစ်တော့မည်။

နာဒီယာ။ နာဒီယာက တစ်မှောင့် ဖြစ်နေ၏။ ပြီးတော့ သည်ကျွန်းကလေးပေါ်မှ သူ့ဘဝ တဒင်္ဂ။ သည်တစ်ကြိမ် ဂိုဇိုမှ ထွက်ခွာခြင်းသည် အပြီးအပိုင် ထွက်ခွာခြင်းမျိုး ဖြစ်နိုင်သည်ဟု စိတ်ထဲက သိနေသည်။

နာဒီယာကို သူ တကယ်ချစ်မိနေပြီ။ အိပ်ပျော်နေသည့် သွေးကြောတွေကို နာဒီယာက လှုပ်နိုးလိုက်ခြင်းဖြစ်၏။

ပထမတွေ့ကြပြီး နောက်တစ်ညတွင် နာဒီယာက သူ့အဝတ်အစားတွေကိုပါ ယူလာပြီး သူ့အခန်းသို့ ပြောင်းလာသည်။

သူ လက်မခံ၍ မရတော့။

ဘယ်တတ်နိုင်တော့မလဲလေ။ သို့သော် သည်သဘောထားမှာ ရက်အနည်းငယ်သာ ခံသည်။ တစ်မနက်ခင်းတွင် သူက နာဒီယာထက် စောပြီး နိုးသည်။

ကလေးမ၏မျက်နှာပေါ်တွင် နေရောင်ခြည် လဲ့လဲ့ကလေး ဆွတ်ဖျန်းပေးနေ၏။ တည်ငြိမ်သည့် မျက်နှာ၊ ရဲရင့်ပြတ်သားသည့် မျက်နှာ။ သည်မှစ၍ နာဒီယာကို သူ့အချစ်တွေနှင့် တုံ့ပြန်ခဲ့ခြင်းဖြစ်၏။

အကြင်မိန်းကလေးသည် သူ့ဘဝထဲသို့ဝင်လာပြီး တဒင်္ဂ ပဟံ အချစ်ခံပါရစေ၊ အလုပ်အကျွေးပြုပါရစေဟု သူ့ကိုယ်သူ ဆက်သလာသည်။

ထိုမိန်းကလေးသည် ပြောသလို လုပ်ပြီး၊ လုပ်သလိုလည်း ပြောသည့် မိန်းကလေးဖြစ်၏။ သူ့ဘဝကို ပို၍ပြည့်စုံလာအောင် ဖေးကူလက်တွဲလာသည့် မိန်းကလေးဖြစ်၏။

ပထမနေ့၏နောက်ပိုင်းတွင် အချစ်အကြောင်းကို တစ်ခွန်းတစ်ပါဒမှ မပြောတော့။ သူ့အတွက် အနှောင့်အယှက်ဖြစ်အောင် မနေ။ ပိုင်စိုးပိုင်နင်းမရှိ။ လက်တွေ့ဘဝနှင့် ရမ္မက်ဆန္ဒကို မျှမျှတတ ရောမွှေ၍ ချစ်သက်သေထူလျက်ရှိ၏။

ညင်သာသိမ်မွေ့သည့် ကမ္ဘာကျဉ်းကျဉ်းကလေးတစ်ခုကို နာဒီယာက တည်ဆောက်လျက်ရှိ၏။

အရုဏ်တက်ချိန်တွင် အိပ်ရာပေါ်မှ အသာကလေး လျှောဆင်းသွားတတ်သည်။ အောက်ထပ်သို့ ဆင်းသွားပြီး ကော်ဖီတစ်အိုးဖျော်၍ ပြန်တက်လာလျှင် သူ ပြန်ရောက်ချိန်နှင့် ခရေစီ နိုးချိန်မှာ အမြဲတမ်း အံကိုက်။

ပြီးတော့ ခရေစီ လေ့ကျင့်ခန်းလုပ်သည်ကို ခုတင်ပေါ်တွင်ထိုင်၍ အားရကျေနပ်စွာ ကြည့်နေတတ်သည်။ သူတို့နှစ်ယောက် စကားများများ မပြောဖြစ်ကြ။

ယခုဆိုလျှင် ခရေစီ မနက်တိုင်း ငါးမိုင် ပြေးနိုင်နေပြီဖြစ်၏။ ပင်လယ်ကမ်းခြေတွင် ဘီယာအေးဖြင့် နာဒီယာက အဆင်သင့် စောင့်နေတတ်၏။

ကိုမီနိုကို နေ့တိုင်း အသွားအပြန် ကူးနေနိုင်ပြီ။ ရေကူးပြီးလျှင် နှစ်ယောက်သား ကျောက်ဖျာပေါ်တွင် နာရီဝက် နေစာလှုံ အနားယူကြ၏။

ပြီးမှ အိမ်သို့ ဖြည်းဖြည်းလျှောက်ပြန်သည်။ ခရေစီအတွက် နံနက်စာကို နာဒီယာကိုယ်တိုင် ပြင်ဆင်ပေးသည်။ နံနက်စာ စားပြီးလျှင် ပေါလ်နှင့် ဂျူးဝီးကို ကူရန် ခရေစီက ကွင်းထဲသို့ လိုက်သွားတတ်သည်။

ညနေဆည်းဆာချိန်များသည် နာဒီယာအတွက် ထူးခြားသည့် အချိန်ကာလများဖြစ်သည်။

ကမ်းခြေတွင် ကြိုပြီး သွားစောင့်နေသည်။ သူနှင့်အတူတူ ရေကူးသည်။

လွတ်လွတ်လပ်လပ် စကားပြောကြသည်။ အရေးကြီးသည့် အကြောင်းအရာတွေ မဟုတ်။ သို့သော် တရင်းတနှီး ရှိသည်။ ပွင့်လင်းသည်။ ဟာသတွေ ပြောဖြစ်သည့် အခါလည်း ရှိသည်။ သည်လိုညနေမျိုးတွင် သူ့အပြုံးကို နာဒီယာ တွေ့မြင်ရခြင်း ဖြစ်သည်။

ခရေစီ့ဘဝတွင် နာဒီယာလို ထက်မြက်သည့် မိန်းကလေးမျိုး မတွေ့ဖူးခဲ့။ သူ့ဘဝတွင် ဟာနေသည့် ကွက်လပ်ကို ဖြည့်ပေးသည့် မိန်းကလေး။

သို့သော် နာဒီယာသည် သူ့အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုလို မဖြစ်စေရန် အမြဲသတိရှိသည့် မိန်းကလေးမျိုးလည်း ဖြစ်၏။

ညစာစားပြီးလျှင် လမ်းလျှောက်ထွက်ဖြစ်ကြ၏။ နာဒီယာက သူနှင့်တွဲပြီး အရပ်ထဲတွင် လည်ချင်သည်ဟု ခရေစီက ရိပ်မိ၏။ သူတို့နှစ်ယောက်၏ ဆက်ဆံမှုကို လူသိရှင်ကြား ကြေညာချင်သည်။ လုံးဝ ရှက်ရွံ့သိမ်ငယ်ခြင်း မရှိ။ နာဒီယာက ခရေစီခါးကို ဖက်ရင်း လမ်းလျှောက်လေ့ရှိ၏။ အားလုံးက သူတို့နှစ်ယောက်ကို ထူးထူးခြားခြား မဝေဖန်ဘဲ လက်ခံကြသည်။

သည်ကိစ္စနှင့်ပတ်သက်ပြီး စကားဟဟပြောလာသူမှာ ဂျိုးဝီးတစ်ယောက်သာ ရှိသည်။ နာဒီယာက အဝတ်အစားတွေပါယူ၍ သူ့အခန်းကိုပြောင်းလာပြီး နောက်နေ့တွင်ဖြစ်၏။ ကြက်သွန်အိတ်တွေကို ထွန်စက်နောက်တွဲပေါ်သို့ ခရေစီက ကူတင်ပေးနေစဉ် ဂျိုးဝီးက ဆိုင်းမဆင့် ဗုံမဆင့် စကားစသည်။

"နာဒီယာကိစ္စ ပြောရအောင် အစ်ကိုကြီး"

သူ့လေသံက လေးနက်တည်ငြိမ်နေ၏။

"သူ့မောင်တစ်ယောက်အနေနဲ့၊ အဲ… အိမ်မှာ ဘာဖြစ်နေလဲဆိုတာကို ကျွန်တော်သိတယ် အစ်ကိုကြီး။ ကျွန်တော့်ကို အထင်မလွဲစေချင်ဘူး"

"ဘာကိုအထင်လွဲရမှာလဲကွ ဂျိုးဝီးရ"

ခရေစီက ညင်သာစွာ ပြန်မေးသည်။

"ဒီလိုဗျာ၊ လူတစ်ယောက်ဟာ အိမ်ရှင်ရဲ့နှမကို သွေးဆောင်ယင် အိမ်ရှင်ရဲ့ မောင်တစ်ယောက်အနေနဲ့ တစ်ခုခုတော့ လုပ်ရမယ်ဗျ"

သူတို့နှစ်ယောက်စလုံး သည်အကြောင်းပြောပြီး ရှက်နေကြသည်။

"အေး ငါက သွေးဆောင်တာမှ မဟုတ်ဘဲကွ"

ခရေစီက သံပြတ်ဖြင့် ပြောလိုက်၏။

"ကျွန်တော် သိပါတယ်ဗျ"

ဂျိုးဝီးက ကြက်သွန်အိတ်ကို မတင်ပြီး

"ဒီလိုပါ အစ်ကိုကြီး။ ကျွန်တော်က ကျွန်တော့်အစ်မရဲ့ ဂုဏ်သိက္ခာကို မကာကွယ်ဘူးလို့ အစ်ကိုကြီး ထင်မှာစိုးလို့ပါ။ တကယ်လို့ အစ်ကိုကြီးကစပြီး နာဒီယာကို သွေးဆောင်မယ်၊ သူ့ဂုဏ်သိက္ခာကို ထိခိုက်အောင် လုပ်မယ်ဆိုရင်တော့ ကျွန်တော် တွယ်ရမှာပဲ။ ကျွန်တော်လည်း ခင်ဗျားလောက်တော့ သတ္တိရှိပါတယ်ဗျ"

ခရေစီက ပြုံးလိုက်သည်။

"မင်း သတ္တိကောင်းမှန်း ငါသိပါတယ်ကွ။ ငါ ဘယ်တော့မှ နာဒီယာကို ထိခိုက်အောင် မလုပ်ပါဘူးကွာ။ အဲ တတ်နိုင်သမျှ နာဒီယာကို မနစ်နာဖို့အတွက် တော့ ငါ ကြိုးစားရမှာပေါ့ ဂျိုးဝီးရာ"

နှစ်ယောက်သား ငြိမ်ပြီး အလုပ်ဆက်လုပ်နေကြပြန်သည်။ ဂျိုးဝီးက တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ပြုံးလိုက်ပြီး

"ပြောလို့သာ ပြောတာပါလေ၊ ကျွန်တော် ဒီကိစ္စတွေကို ဝင်စွက်ရင် နာဒီယာကလည်း ကျွန်တော့်ကို ချမ်းသာပေးမှာ မဟုတ်ဘူး"

*

တစ်ခါတစ်ရံ သူတို့စုံတွဲ အပြင်ထွက်ပြီး စားကောင်းသောက်ဖွယ်များရတတ်သည့် အီတလီဟိုတယ်ကလေးများတွင် သွားစားတတ်သည်။ ဈေးကြီးသော်လည်း ဟင်းလျာ တွေက အဆင့်အတန်းမြင့်လှသည်။

တစ်ခါတလေ တောင်ပေါ်မှ ဘာထရယ်လာ ဒစ္စကိုရိပ်သာကို သွားတတ် ကြသည်။ လယ်တောအိမ်ကြီးကို ကပွဲခန်းမ လုပ်ထားခြင်းဖြစ်၏။ အရက် ကောင်တာကို ခေါင်မိုးပေါ်တွင် ဖွင့်ထားသည်။ ခရေစီက သည်နေရာကို အလွန် သဘောကျသည်။ ပင်လယ်လေ တဖြူးဖြူးနှင့် ကြယ်ရောင်အောက်တွင် လွတ်လပ် ကျယ်ပြန့်လှသည်။ အေးမြ ငြိမ်းချမ်းလှသည်။

ညဥ့်နက်သန်းခေါင်ထိ ဘယ်တော့မှမနေ။ နာဒီယာက စောစောပြန်ဖို့ အမြဲသတိရှိသည်။ သူ့လေ့ကျင့်ခန်းတွေကို ထိခိုက်မည် စိုးသည်လေ။

နာဒီယာအတွက် တရှိုက်မက်မက် အဖြစ်ရဆုံး အချိန်ကတော့ အစ်ကို ကြီး၏ ရင်ခွင်တွင် ပါးအပ်ပြီး တင်းတင်းဖက်၍ အိပ်ရသည့်အချိန်များ ဖြစ်သည်။

သူ့ကိုယ်ကလေးကိုထွေးပိုက်ထားသည့် လက်မောင်းလက်ဖျံတွေသည်

မနက်မိုးလင်းသည့်တိုင် အနေအထားမပျက် သည်အတိုင်း ရှိနေမည်ကို နာဒီယာ သိထားသည် မဟုတ်လား။ ပြီးတော့ ကလေးတစ်ယောက်လို ထွေးနွေးလုံခြုံစွာ စိတ်ချလက်ချ အိပ်နိုင်သည့် ရင်ခွင်မျိုးလေ။

လောရာ ပြောသည်ကို သွားသတိရသည်။ သမီးကို ကောင်းကောင်းကြီး နားလည်သော အမေမျိုးပါလား။

နာဒီယာက သူ ခရီးထွက်မည့်အကြောင်းကို လုံးဝမမေး။

နှစ်ဦးလုံး နားလည်ထားကြသည့် မဝေးတော့သော နာဂတ်အကြောင်းကို တစ်ခွန်းမျှ မဟာ။

*

ကားပေါ်မှ ဆင်းပြီး ဂရာဇီယိုကို နှုတ်ဆက်လိုက်သည်။

"ကျေးဇူးပဲ ဂရာဇီယို။ နောက်အပတ်မှ ပြန်ဆုံမယ်မဟုတ်လား။

ကျည်ကတ်လဲတာကိုလည်း ကြည့်ထားဦးနော်"

"ဟုတ်ကဲ့၊ ကျွန်တော့်လက်ချောင်းတွေ ပြတ်ထွက်တဲ့အထိ လေ့ကျင့် ပါ့မယ်"

ဓာက်ရေယာဉ်ပေါ်ရောက်တော့ ဆလင်ခန်းပေါ်ကို တက်ခဲ့သည်။ ဗစ်တာကို မတွေ့။ မိုက်ကယ့် ဂျူတီဖြစ်သည်။ ဟိုဘက်ကမ်းတွင် ဆာလ်ဗူးအဘိုးကြီး သူ့ကို စောင့်နေကြောင်း ဆီးပြောသည်။

ဆာလ်ဗူးက ဘီယာဆိုင်ရှေ့တွင် ရပ်ပြီး ခရေစီကို စောင့်နေသည်။ ဘီယာဆိုင်ထဲတွင် လူတွေ များနေပြီ။ ဆိုင်ရှင် တိုနီနှင့် ဆမ်တို့ လက်မလည် နိုင်အောင် ဖြစ်နေ၏။

ဂျိုးဝီးနှင့် နာဒီယာကို ထောင့်တစ်နေရာတွင် တွေ့လိုက်ရသည်။ လှမ်းပြီး လက်မြှောက်ပြကြ၏။ အားလုံးက ခရေစီကို ဝိုင်းနှုတ်ဆက်ကြသည်။

ဆာလ်ဗူးက လူတောထဲ အတင်းတိုးပြီး ဘီယာခွက်ယူ၍ ခရေစီအား လှမ်းပေးသည်။

"ဒီနေ့ညစာ ငါ့ဆီမှာစားဟေ့ အိုမို။ ဟိုနေ့ကကောင်ကြီး ငါပြန်ရပြီကွ"

"ဟုတ်လား၊ အဲဒီအကောင်ပဲလား"

အဘိုးကြီးက ပြုံးပြီး

"ဟာ သိပ်သေချာတာပေါ့ကွ"

"ခင်ဗျား ဘယ်လိုလုပ်ပြီး ပြောနိုင်သလဲ ဆာလ်ဗုး"

အဘိုးကြီးက ထပ်ပြုံးလိုက်သည်။

"ငါ သုတ်လိုက်ပြီး လက်ထဲလည်း ရောက်ရော ဒီကောင်ကြီးက ငါ့ကို သေသေချာချာကြည့်ပြီး ပြောတယ်ကွ။ ဟာ… ခင်ဗျားလက်က မလွတ်နိုင်ပါလားတဲ့"

ဆာလ်ဗုးက နာဒီယာကို မေးငေါ့ပြီး

"မင်းကောင်မလေးလည်း ခေါ်ခဲ့နော်။ မင်းတစ်ယောက်တည်း ပြန်နိုင်မှာ မဟုတ်ဘူး"

*

မမေ့နိုင်သည့် ညတစ်ည။

ယာတောအိမ်ညိုကြီး၏ မီးဖိုဆောင်တွင် အဘိုးအိုကြီးတစ်ယောက် ငါးတစ်ကောင်နှင့် အလုပ်ရှုပ်နေသည်ကို စောင့်ကြည့်ရင်း ဝိုင်အရက်ပြင်းကို သူတို့နှစ်ယောက် သောက်နေကြသည်။

အိမ်ကြီးမှာ ၁၆ ရာစုခေတ်က ဆောက်ခဲ့သည့် ယာတောအိမ်အိုကြီး ဖြစ်သည်။ သံကျွတ်မီးဖိုကြီးမှာလည်း ထိုခေတ်ကတည်းက အိမ်နှင့်အတူ ဆောက်ခဲ့ဟန်တူသည်။

ငါးကို မနက်ကတည်းက အကွင်းလိုက် အကွင်းလိုက် လှီးပြီး သံပရာရည်နှင့် ဝိုင်ရောထားသည့် အိုးထဲတွင် စိမ်ထားသည်။ ဟင်းမွှေးမဆလာတွေ ထပ်ထည့်သည်။ ပြီးတော့မှ အိုးလိုက် သံမီးဖိုကြီးထဲသို့ ထည့်လိုက်၏။

ဆာလ်ဗုးက သူတို့ထိုင်သည့်စားပွဲသို့ လျှောက်လာပြီး ဝိုင်တစ်ခွက် ငှဲ့လိုက်သည်။ နာဒီယာ့ဘက်သို့လှည့်ပြီး မျက်ခုံးချီ၍

"မိနစ် ၄၀ ကြာရင် စားနိုင်ပြီလေ။ ကဲ… ဝိုင်လေးချလိုက်ကြရအောင်"

မျက်နှာကြက်တွင် ငှက်လှောင်အိမ်တစ်ခု တွဲလောင်းဆွဲထားသည်။ ငှက်ကလေးက လူစိမ်းတွေကို အိပ်ချင်မူးတူးနှင့် တအံ့တသြ ကြည့်နေ၏။

"ခင်ဗျားငှက်က ဝဖီးနေပါလားဗျ၊ နံ့ကောင်တွေ အဝကျွေးထားတယ် ထင်တယ်"

"ဒါပေါ့ကွ။ သူ့ကိုလည်း လေ့ကျင့်ခန်း လုပ်ခိုင်းရမယ်။ မင်း မနက်ထထပြေးရင် သူ့ပါခေါ်သွားစမ်းပါကွာ"

နာဒီယာကပါ ဝင်နောက်သည်။

"ရေပါ လိုက်ကူးခိုင်းပါလား။ နံကောင်တွေကိုလည်း သူ့ဘာသာ ရှာစားနိုင်တာပေါ့"

ဆာလ်ဗူးက ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်သည်။

"မလုပ်ပါနဲ့ကွာ၊ ရေဘဲစိတ် ပေါက်သွားပြီး နေ့တိုင်း ငါးတောင်းနေပါဦးမယ်"

မီးလင်းဖိုထဲမှ ငါးအိုးကို ထုတ်ယူလိုက်သောအခါ အနံ့မှာ မွှေးကြိုင်နေသည်။ ပေါင်မုန့်မီးလင်းဖိုထဲတွင် ထည့်နွှေးသည်။ ဆာလ်ဗူးက ခြံထွက်အသီးအနှံတွေနှင့် ဖွယ်ဖွယ်ရာရာ ကျွေးသည်။ အရသာရှိလေစွ။

ခရေစီနှင့် နာဒီယာတို့က မြိမ်မြိမ်ကလေး စားနေကြသည်။

အဘိုးကြီး ဆာလ်ဗူးက ဝိုင်ကလေးတွေတွေနှင့် ဟိုးရှေးရှေးတုန်းက အကြောင်းများကို စားမြုံ့ပြန်လျက်ရှိ၏။ ဂိုဇိုကျွန်း၏ ခေတ်ဟောင်း လူဆိုးကြီးများ အကြောင်းကို ကြားရတော့ နာဒီယာ သဘောကျနေ၏။

"နာဒီယာတို့အဖေဘက်ကတော်တဲ့ အဘိုးဆိုရင် နာမည်ကြီးပေါ့ကွ"

"အို... အဘိုးကြီးကလဲ၊ နာဒီယာ့အဘိုးသေတာ အနှစ် ၂၀ ရှိခဲ့ပြီပဲ။ အပုပ်ချမနေပါနဲ့တော့"

နာဒီယာက ဝင်ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ အဲဒီအသုဘမှာ မိန်းကလေးတွေ အများကြီး ကျိတ်ငိုရတာပေါ့"

အဘိုးကြီးက ဆက်၍ နာဒီယာတို့အဘိုး မြာစွံပုံတွေ၊ အရှောင်အတိမ်း ကောင်းပုံတွေကို ပြောပြနေ၏။

"နာဒီယာကိုလည်း မင်း သတိထားနော်။ မျိုးဆက်သွေးဆိုတာလည်း ကျန်စမြဲပဲကွ"

ငရုတ်ကောင်းထောပတ်နှင့် ညစာကို သူတို့ အဆုံးသတ်ကြသည်။

"ဒါလေးနဲ့ပိတ်မှ သောက်လို့ကောင်းတာကွ"

ဆာလ်ဗူးက ပြောပြောဆိုဆို ဖန်ချိုင့်ထဲမှ ဝိုင်လက်ကျန်ကို ခရေစီဖန်ခွက်ထဲသို့ လောင်းထည့်သည်။ ပြီးတော့ နောက်တစ်ချိုင့်ထပ်ယူသည်။ ဆာလ်ဗူး၏ ယာတောအိမ်မှ သူတို့နှစ်ယောက် ပြန်လာတော့ သန်းခေါင်ကျော်နေပြီ။

ခရေစီက မပြန်ခင် ဆာလ်ဗူးကို တံခါးဝ၌ ပြောခဲ့သေးသည်။

"တရုတ်စကားပုံတစ်ခု ရှိတယ်ဗျ။ တိုင်းပြည်တစ်ပြည်ကို ငါးကလေး တစ်ကောင် ချက်သလို အုပ်ချုပ်ရတယ်တဲ့။ ခင်ဗျား ဝန်ကြီးချုပ်ဖြစ်ဖို့ ကောင်းပြီ ဆာလ်ဗူး"

သူသောက်သည့် ဝိုင်ခွက်အရေအတွက်နှင့် အိမ်တံခါးဝထိ လိုက်ပို့နိုင်သည့်မှာ အံ့ဩစရာအထိ ဖြစ်၏။ ခရေစီကိုယ်တိုင် တွေနေပြီ။ အပြန်လမ်းတွင် နာဒီယာက ခါးဖက်ပြီး ထိန်းလာခဲ့ရသည်။

မနက်မိုးလင်းတော့ ခေါင်းတွေ အုံနေသည်။

နာဒီယာက ကော်ဖီဗန်း လာချပြီး

"ဒီနေ့ အနားယူလိုက်ပါလား အစ်ကိုကြီး"

ခရေစီက ရီဝေနေသည့် မျက်လုံးတွေနှင့် နာဒီယာကို လှမ်းကြည့်သည်။ ပြီးတော့ ရေချိုးခန်းဆီသို့ ထလျှောက်သွားသည်။ ရေပန်းဖွင့်ပြီး ရေချိုးသံ ကြားနေရသည်။ အတန်ကြာတော့ မျက်နှာသုတ်ပဝါကို ခါးတွင်ပတ်ပြီး ပြန်ဝင်လာသည်။

လုပ်နေကျ လေ့ကျင့်ခန်းကို စလုပ်သည်။

နာဒီယာက ခုတင်ပေါ်တွင် ထိုင်ပြီး စောင့်ကြည့်နေ၏။ သူ့ကို ဘယ်အရာနဲ့မှ တားဆီးလို့ ရနိုင်မှာ မဟုတ်ဘူးထင်ပါရဲ့ဟု တွေးနေမိ၏။

လေ့ကျင့်ခန်းပြီးတော့ နာဒီယာ့ဘေးမှာ ဝင်ထိုင်သည်။

"နာဒီယာ၊ နောက် ၁၀ ရက်အတွင်း အစ်ကိုကြီး သွားရတော့မယ်"

ခရေစီ့အသံက တိုးညင်နေ၏။

"မာဆေးကို သွားရမှာ။ ဒီနေ့ပဲ သင်္ဘောလက်မှတ် စီစဉ်ရတော့မယ်"

နာဒီယာက ဘာမှ မလှုပ်ရှားသည့် အမူအရာနှင့် ပြန်ပြောသည်။

"နာဒီယာ လုပ်ပေးမှာပေါ့ အစ်ကိုကြီးရဲ့။ သင်္ဘောလက်မှတ် အရောင်းဌာနမှာ သူငယ်ချင်းတစ်ယောက် ရှိတယ်လေ။ ပထမ ဖုန်းဆက်ကြည့်မယ်။ သင်္ဘောက ဘစ်ပတ်တစ်ခါ ရှိတယ်ထင်တယ်"

*

နောက်တစ်နေ့တွင် ဂိုက်ဒ့်စာ ရောက်လာသည်။

ခရေစီက အိမ်ပေါ်သို့ ယူသွားပြီး အိမ်ခန်းထဲတွင် စာအိတ်ကို သေသေချာချာ စစ်ဆေးကြည့်သည်။ ဖွင့်ဖတ်ပြီးမှ ပြန်ပိတ်ထားသည့် စာအိတ်။

စာအိတ်ကို ကိုင်ပြီး အကြာကြီး ထိုင်စဉ်းစားနေသည်။ ပြီတော့မှ ဖွင့်ဖတ်သည်။ စာက လေးမျက်နှာ။ မာဆေးဘူတာတွင် တန်ဆာရွေးဖို့ လက်မှတ်ဖြတ်ပိုင်းတစ်ခုကို ပထမစာမျက်နှာနှင့် တွဲထားသည်။

ထိုညတွင် ခရေစီ စာနှစ်စောင် ရေးသည်။

တစ်စောင်မှာ ပါရီမှ ပြင်သစ်ဗိုလ်ချုပ်တစ်ယောက်ဆီသို့ဖြစ်၏။ ဒိန်ဘိန်ဖူး တိုက်ပွဲတုန်းက စစ်ဗိုလ်ပေါက်စကလေး။ အကြီးအကျယ် ဒဏ်ရာရခဲ့၏။ သုံးပတ်လုံးလုံး သူ့ကိုကျောပိုးပြီး ခရေစီ လမ်းလျှောက်ခဲ့ရသည်။ သုံ[illegible]န်းစခန်းကိုရောက်သည်အထိ။ စစ်ဗိုလ်ကလေးသည် ခရေစီကို အသက်သခင်ကျေးဇူးရှင်အဖြစ် သတ်မှတ်ထားသည်။

သို့သော် သူ့ကို ကျေးဇူးကြေးဆပ်ဖို့ သူ့တွင် တစ်ခါမှ အခွင့်မကြုံခဲ့။ ခုမှပဲ ခရေစီက သူ့ဆီသို့ အကူအညီ တောင်းဖြစ်တော့၏။ သူ့ထံမှ ရယူလိုသည့်ပစ္စည်းမှာ သူ၏ တစ်ကိုယ်တော်စစ်ဆင်ရေးတွင် သုံးမည့် အထောက်အကူပစ္စည်းတစ်မျိုးဖြစ်၏။

ဆက်သွယ်ပေးပို့ရမည့် လိပ်စာမှာ မာဆေးမြို့ တစ်နေရာ။

ဒုတိယစာမှာ ဘရာဆယ်မှ အရက်ဆိုင်ပိုင်ရှင်တစ်ဦးဆီသို့ ဖြစ်သည်။ မိတ်ဆွေဟောင်း ကြေးစား စစ်သားလူထွက်တစ်ဦးဖြစ်၏။ သူ့ထံသို့ အကူအညီတောင်းသည့်ပစ္စည်းမှာ ပါဆယ်ထုပ်ကလေးတစ်ထုပ်။

ပို့ပေးရမည့် လိပ်စာမှာ မာဆေး။

❑

## (၁၂)

အချိန်က ပို၍ပို၍ ကုန်လွယ်လာသည်။

မာဆေးကို ခရီးထွက်ဖို့ နှစ်ရက်သာလိုတော့သည်။ မနက်ဖြန်တစ်ရက်သာ အချိန်ရှိတော့၏။ ထိုတစ်ရက်မှာ ဂျော့၏တပ်ခွဲကို နောက်ဆုံးလက်တွေ့ တိုက်ပွဲ သင်တန်းပေးဖို့ သတ်မှတ်ပြီးသား။

ညဉ့်နက်သည်အထိ တစ်ယောက်တည်း အလုပ်ရှုပ်နေ၏။ ပွင့်နေသော အိပ်ခန်းတံခါးမှ နာဒီယာ အိပ်နေသည်ကို လှမ်းမြင်နေရသည်။ နက်မှောင်သော ဆံပင်တွေက ဖြူဖွေးဖွေးခေါင်းအုံးကို လွှမ်းထား၏။

သူ့အပေါ်တင်ရှိနေသည့် ဒီကျွန်းကလေး၏ကျေးဇူးကို သူ ဆပ်နေခြင်း ဖြစ်၍ စိတ်ထဲတွင် ကျေနပ်နေ၏။ သူ သည်ည ပြင်ဆင်နေသည်မှာ ဂျော့အတွက် ဖြစ်သည်။ ဂျော့နှင့်တိုင်ပင်ပြီး နှစ်ယောက်တစ်တွဲ တိုက်ခိုက်ပုံစနစ်ကို သင်ကြားဖို့ စီမံကိန်းချနေခြင်းဖြစ်သည်။

ဂိုက်ဒိုနှင့် သူတို့နှစ်ယောက်၏ အောင်မြင်မှုတွေကို ပြန်လည်မြင်ယောင် နေ၏။ တစ်ယောက်နှင့်တစ်ယောက် အပေးအယူ မှုပြီး တစ်ဦးနှင့်တစ်ဦး အထာ ပေါက်လျှင် နှစ်ယောက်တစ်တွဲ တိုက်ပွဲဆင်ခြင်းသည် တစ်ဦးချင်းထက်ပို၍ ခရီး ရောက်သည်။ ခရေစီက တပ်ခွဲ၏ တစ်ဦးချင်း အရည်အချင်းတွေကို လေ့လာပြီးပြီ။ ဘယ်သူနှင့် ဘယ်သူ တွဲပေးရမည်ကိုလည်း စဉ်းစားပြီးပြီ။

အတွဲတစ်တွဲစီအတွက် သီးခြားသင်တန်းပေးဖို့ မှတ်စုတွေ ထုတ်နေခြင်း ဖြစ်၏။ လိုအပ်သည့် လက်နက်ပစ္စည်းစာရင်းကိုလည်း ရေးချပြီးပြီ။ သူတို့ တကယ်

ရင်ဆိုင်ရမည့်အခါ နဖူးတွေ့ဒူးတွေ့ တွေ့မည့် အခြေအနေမျိုးနှင့် ကိုက်ညီမည့် တိုက်ကွက်စနစ်တွေကိုလည်း မှတ်စုထုတ်ပြီးပါပြီ။

ကိုးနာရီကတည်းက ထိုင်လုပ်နေခြင်း ဖြစ်၏။ အားလုံးပြီးတော့ သန်းခေါင်ကျော်နေပြီ။ စားပွဲတစ်ခုလုံး စက္ကူတွေ ရှုပ်ပွလျက်။ မတ်တတ်ထသည်။ အညောင်းဆန့်သည်။ ညာဘက်လက်ချောင်းကလေးတွေကို တဖြောက်ဖြောက်ချိုးပြီး အိပ်ခန်းတွင်းသို့ ဝင်သွားသည်။

အဝတ်တွေကို ချွတ်ရင်း နာဒီယာ့ကို ငုံ့ကြည့်လိုက်၏။

ပူနွေးသည့် ညဖြစ်၍ စောင်ပါးကလေး တစ်ထည်သာ ခါးအထိ လွှမ်းထားသည်။ ကြည့်လို့မဝနိုင်သည့် မြင်ကွင်းမျိုး။ ရုပ်ဆင်းရူပကာ ဖွံ့မကိစရာကောင်းသလောက် စိတ်ထားဖြူစင်ရှာသည့် မိန်းကလေးပါကလား။

သူ့နံဘေးသို့ အသာကလေး ဝင်ထိုင်သည်။ ပြီးမှ နာဒီယာမနိုးစေလို၍ သတိကြီးစွာနှင့် ဖြည်းဖြည်းကလေးလှဲလိုက်သည်။

အင့်ခနဲ တစ်ချက်ညည်းပြီး အလိုအလျောက် အောက်သို့လျှောကျသွားသည်။ မျက်နှာနှင့် ရင်ဘတ်ကို အပ်သည်။ သူ့ခါးကို သိုင်းဖက်သည်။ ပြီးတော့ နှစ်နှစ်ခြိုက်ခြိုက် ပြန်အိပ်ပျော်သွားသည်။

ကျေနပ်ရောင့်ရဲမှုအပြည့်ဖြင့် အသက်ကို မှန်မှန်ရှူလျက်။

ချစ်သူကို ရင်ခွင်မှာသိပ်၍ ငြိမ်သက်စွာ ထွေးပိုက် အိပ်စက်ရသည့် ချမ်းမြေ့မှုမျိုးမှာ အဘယ်ပီတိသုခမျိုးနှင့်မှ မတူပါလေတကား။

*

သူတို့တစ်တွေ၏တိုးတက်မှုမှာ သိသိသာသာကြီး မြင့်မားလာသည်။ တပ်ခွဲတစ်ခုလုံး တက်ကြွနေ၏။ များများစားစား အဝေဖန် မခံရတော့။

သူတို့အားလုံးက ခရေဇီကို နှုတ်ဆက်ပွဲလုပ်ဖို့ စီစဉ်ထားကြ၏။ ခရေဇီက အတန်တန်တောင်းပန်သည်။ နောက်ဆုံး သဘော်လွတ်သွားလျှင် ပြဿနာဖြစ်မည့်အကြောင်းလည်း ပြောပြသည်။

သို့သော် သူတို့က အားလုံးစီစဉ်ပြီးသား။ ကင်းလှည့်မော်တော်တစ်စင်းနှင့် ပြန်ပို့ဖို့ လုပ်ထား၏။

"နာဒီယာကိုလည်း ကျွန်တော် ဖုန်းဆက်ထားပြီးပြီဗျ။ ရှစ်နာရီမှာ ဟိုဘက်ကမ်းက သူ လာစောင့်ပါလိမ့်မယ်"

ဟိုတယ် အရက်ခန်းထဲတွင် သူတို့က လည်စည်းတစ်ခု လက်ဆောင်ပေးသည်။ ဒီဇိုင်းက အဖြူနှင့် အနီစင်းပေါ်တွင် သိန်းနက်ကြီးတစ်ကောင်။ သိန်းနက်ကြီးက ယခုချက်ချင်းပဲ ထပျံပြီး ရန်သူကို တိုက်ခိုက်တော့မည့်နှယ်။

အဖြူနှင့် အနီစင်းမှာ မော်လတာ၏ ရိုးရာအရောင်ဖြစ်၏။ ဒီဇိုင်းမှာ သူတို့တပ်ဖွဲ့၏ အမှတ်အသားဖြစ်သည်။ ခရေစီကို တပ်ဖွဲ့ဝင်အဖြစ် တရားမဝင်သည့်နည်းဖြင့် အသိအမှတ်ပြုလိုက်ခြင်း ဖြစ်သည်။

ဂျော့က နှုတ်ဆက်ပွဲတွင် အဖွင့်အမှာစကား ပြောသည်။ သူတို့ကို ခုလို ကူညီသည့်အတွက် ကျေးဇူးတင်ကြောင်း၊ သူ့အနာဂတ်အတွက် ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း စသည် စသည်။ ပြီးတော့ အားလုံး သောက်ကြသည်။

ခရေစီက ဂျော့ကို အခန်းထောင့် စားပွဲသို့ ခေါ်သွားသည်။

ညက ရေးလာသည့် မှတ်စုစာရွက်တွေကို ထုတ်ပေးသည်။ လက်နက်ပစ္စည်းတွေအကြောင်း ရှင်းပြသည်။ အချို့စာရင်းပါ ပစ္စည်းများကို လက်နှင့်ထောက်ပြီး

"ဒါတွေက ရှားရှားလုပ်ပစ္စည်းတွေ။ လစ်ဗျားကနေ ခင်ဗျား ရနိုင်တယ်"

ဂျော့က ပြုံးသည်။

"ရပါတယ်။ သူတို့ စစ်သံမှူးကို မနက်ဖြန်မှာ နေ့လယ်စာ ဖိတ်ကျွေးလိုက်ရင် ပြီးတာပဲ"

ဂျော့က ခရေစီကို စိုက်ကြည့်ပြီး

"ခင်ဗျားကျေးဇူးတွေကတော့ ဆပ်မကုန်နိုင်အောင်ပါပဲဗျာ။ ခင်ဗျားအတွက် ကျွန်တော် ဘာလုပ်ပေးရမလဲဟင်"

ခရေ့စီမျက်နှာ ရုတ်ခြည်း တည်သွားသည်။ အသံမှာ အနိမ့်အမြင့် မရှိတော့။

"မေးစရာတစ်ခုရှိတယ် ဂျော့။ ခင်ဗျား ကျုပ်စာအိတ်ကို ဖောက်သလား"

ဂျော့သည် ပင်ကိုအားဖြင့် ရိုးသားသူတစ်ယောက်ဖြစ်၏။ ဟန်မဆောင်တတ်။ ချက်ချင်းမျက်နှာပျက်သွားသည်။ သူ့မျက်နှာက သူ့အပြစ်ကိုဝန်ခံပြီးသားဖြစ်နေသည်။

ခရေစီက ဘီယာခွက်ကိုကိုင်ပြီး ကုလားထိုင်နောက်ကို မှီထိုင်သည်။ စိတ်ထဲတွင် ပေါ့သွားပြီ။

ဂျော့တစ်ယောက် ရှက်ရှက်နှင့် အသံမှုမမှန်တော့။

"ကျွန်တော့်အလုပ်ကို ခင်ဗျားလည်း သိပါတယ် ခရေစီ။ ကျွန်တော်

မစပ်စုချင်ပါဘူး။ ဒါပေမဲ့ အဲ... ကျွန်တော့်အလုပ်ကိုက စပ်စုရမယ့်အလုပ်ဖြစ်နေတော့၊ ပြီးတော့ ခင်ဗျားက ဒီမှာ တခြားညွှဲသည်တွေနဲ့ မတူဘူးလေ"

"ဟုတ်ပါပြီလေ။ ကျွန်တော် ခင်ဗျားကို အပြစ်မတင်ပါဘူး။ ဒါထက် ခင်ဗျားလူတွေထဲက ဘယ်သူတွေ ဒီစာကိုဖတ်သေးလဲ။ အဲဒါတော့ ကျွန်တော် သိဖို့ လိုတယ်ဗျ"

ဂျော့က ခေါင်းယမ်းပြီး

"ဟင့်အင်း၊ ဘယ်သူမှ မဖတ်ပါဘူး။ ကျွန်တော်တစ်ယောက်တည်း ဖတ်တာပါ။ ကျွန်တော်ကိုယ်တိုင်ဖွင့်ပြီး ကျွန်တော်ကိုယ်တိုင် ပြန်ပိတ်တာပါ"

ဂျော့က အလေးအနက် စဉ်းစားနေသည်။

ခရေစီက ပြုံးလိုက်သည်။

"ခင်ဗျား အဲဒီဘက်မှာလည်း လေ့ကျင့်ဖို့ လိုသေးတယ် ဂျော့"

ခရေစီ၏အမူအရာကိုကြည့်ပြီး ဂျော့မှာ ခုမှ သက်ပြင်းချနိုင်တော့သည်။ ပြီးတော့ အလေးအနက် စကားဆိုသည်။

"ဂိုက်ဒိုက သိပ်မြှုပ်ရေးထားတာဗျ။ ဒါပေမဲ့ ကျွန်တော် သဘောပေါက်ပါတယ်။ ခင်ဗျား ခရီးထွက်မယ့် ကိစ္စလေ။ ကျွန်တော် ကူညီချင်ပါတယ်ဗျာ။ ဒါပေမဲ့ ကျွန်တော် လုပ်လို့ မဖြစ်လို့ပါ"

ခရေစီက ခေါင်းယမ်းပြီး

"ဒါပေမဲ့ ခင်ဗျားက ထောက်လှမ်းရေး အကြီးအကဲပဲ။ ကျွန်တော့်အကြောင်း အင်တာပိုကို ပို့သင့်တယ်လို့ ခင်ဗျား မထင်ဘူးလား"

ဂျော့က ပထမ ကြောင်သွားသည်။ ပြီးတော့မှ

"ဟာဗျာ၊ ခင်ဗျားကြီးကလဲ။ ကဲ ချလိုက်ပါဦး၊ စားမယ့်အဖွဲ့တွေ စောင့်နေကြပြီ။ ဒါထက် နောက်ကျရင် နာဒီယာ ကျွန်တော့်ကို ပွက်နေလိမ့်မယ်။ သူ့လည်း ကြောက်ရသေးတယ်ဗျ"

နှစ်ယောက်သား တရယ်ပ်လိုက်ကြသည်။ တပ်ဖွဲ့ဝင် ရဲဘော်တွေဆီကို မသွားခင် ဂျော့က ထပ်ပြောသည်။

"ခင်ဗျားကိုတော့ အားလုံးက သိပ်ခင်နေကြပြီ။ ဂိုဇိုကျွန်းပေါ်မှာ ပိုများမှာပေါ့။ ခင်ဗျားခရီးစဉ်ရဲ့အဖြေ ဘယ်လိုပဲထွက်ထွက် ဒါကိုတော့ မမေ့ပါနဲ့ဗျာ"

"မမေ့ပါဘူးဂျော့၊ ကျေးဇူးတင်ပါတယ်"

သည်ညသည် နှုတ်ဆက်ပွဲ ည ဖြစ်နေ၏။ ခရေစီက နာဒီယာကို ရိုဗို ကျွန်းပေါ်မှ အကောင်းဆုံး စားသောက်ဆိုင်တွင် ညစာကျွေးဖို့ စီစဉ်ထားသည်။

သို့သော် ကမ်းနားဘီယာဆိုင်မှာ သူ့ကို တစ်အုပ်ကြီး စောင့်နေကြ၏။ အနည်းဆုံး တစ်နာရီတော့ အချိန်ပေးရမည်။

စိတ်ထဲတွင် တစ်မျိုးကြီးဖြစ်နေ၏။

ကြိုဆိုနေသည့် လူအုပ်ထဲသို့ လှမ်းဝင်သွားရင်း မိမိကိုယ်မိမိ အံ့သြနေခြင်း ဖြစ်၏။ ဘယ်တုန်းကမှ မိတ်ဆွေအပေါင်းအသင်း မရှိခဲ့သူတစ်ယောက်။

ခုတော့ ဝိုင်းဝိုင်းလည်နေ၏။ ခင်မင်မှုမေတ္တာဖြင့် ထွေးနွေးနေ၏။ လယ်သမားတွေရော၊ တံငါသည်တွေ စုံနေသည်။ ဘင်နီ၊ ရှရိတ်၊ မစ်ဇ်ညီအစ်ကိုတွေ၊ ပေါလ်နှင့် လောရာလည်းပါသည်။ ဂျူးဝီးက သူ့အဖွဲ့တွေနှင့်ရောလျက်။

ဇစ်တာက ဘီယာတစ်ခွက်ကို သူ့ဆီသို့ ကမ်းပေးသည်။ နာဒီယာက နံဘေးတွင် လာရပ်ပြီး နေ့လယ်က ရောက်လာသည့် သံကြိုးစာကို လှမ်းပေးလိုက်သည်။ ပါရီမှလာသည့် သံကြိုးဖြစ်၏။ ပြင်သစ်ဗိုလ်ချုပ်က သူတောင်းသည့် အကူအညီကို ဝမ်းမြောက်ဝမ်းသာ ပေးပါမည့်အကြောင်း။

သောက်ရင်းစားရင်း စကားတွေ ဖောင်ဖွဲ့နေကြ၏။ ခရေစီ၏ရင်ထဲတွင် တစ်ခါမှမပေါ်ဖူးသည့် ငြိတွယ်လှုပ်ရှားမှုမျိုးဖြင့် လှိုင်းခတ်လှုပ်ရှားနေ၏။

ခရီးထွက်ရမည့်အတွက် ဝမ်းနည်းနေခြင်း မဟုတ်။

သို့သော် ဘဝတွင် သူတို့တစ်တွေနှင့် ပျော်ရွှင်မှုကို ပထမဆုံးအနေဖြင့် ရရှိခဲ့သည်တော့ အမှန်။

သို့သော် ဆက်နေ၍ကား မဖြစ်တော့။

မည်သည့်အပြောင်းအလဲကမှ သူ့မူလရည်ရွယ်ချက်ကို မှေးမှိန်သွားအောင် မလုပ်နိုင်ကြ။ သည်ရည်ရွယ်ချက်နှင့် သည်ဆန္ဒသည် ပိတ်ထားသည့် အံဆွဲတစ်ခုနှင့် တူနေသည်။

မနက်ဖြန်ဆိုလျှင် သည်အံဆွဲကို ဖွင့်ရတော့မည်။ မနက်ဖြန်၏ ဟိုမှာဘက်တွင်တော့ သည်ဆန္ဒကလွဲ၍ သူ့ခေါင်းထဲတွင် ဘာမျှကျန်တော့မည်မဟုတ်။

သို့သော် သည်ညအထိတော့ အံဆွဲမှာ ပိတ်ထားဆဲပင်ရှိသေး၏။ အားလုံး ပျော်ပျော်ပါးပါး။ နာဒီယာပင်လျှင် ရယ်လို့မောလို့လေ။ နာဒီယာကလေးကိုတော့ ညကျမှ အေးအေးရှင်းပြမည်ဟု စိတ်ကူးထား၏။ သည်မျှတော့ နာဒီယာ့ကို တုံ့ပြန်

သင့်သည်လေ။ နာဒီယာက မသွားဖို့တစ်ချက်မှ မတားခဲ့။ မသွားစေလိုကြောင်းကို အမူအရာလေးနှင့်ပင် မပြ။ သည်အတွက် အံ့သြမဆုံး ဖြစ်နေမိ၏။

ဩော်... နာဒီယာ၊ တစ်ချက် ဆုံးဖြတ်ပြီးလျှင် ဘယ်တော့မှ ပြန်မပြင်သည့် မိန်းကလေး။

ဘင်နီက နောက်ထပ် ဘီယာတစ်ခွက်ယူလာပေးရင်း နာဒီယာ့ထံ ခွင့်ပန်၍ ခရေစီကို ခေါ်သွားသည်။

"အိုမို၊ ခင်ဗျားမှာ ဘာအကူအညီပဲလိုလို ကျွန်တော့်ကို အကြောင်းကြားနော်။ မကြားရင် ခင်ဗျားနဲ့ ကျွန်တော် အပြတ်ပဲ"

ခရေစီက ပြုံးလိုက်၏။

"အရေးအကြောင်းရှိရင် မင်းကို ငါ ပထမဆုံး သတိရမှာပါကွာ"

ဘင်နီက ကျေနပ်သွားသလို ခေါင်းညိတ်လိုက်သည်။

"ဟောဒီဆိုင်ကိုသာ သံကြိုးပို့လိုက်၊ သိလား။ တိုနီက ကျွန်တော့်ကို ရှာပြီးပေးလိမ့်မယ်။ အချိန်မရွေးနော်"

သူတို့နှစ်ယောက် အထဲကို ပြန်ဝင်လာခဲ့ကြသည်။ ခရေစီက ပေါလ်ကို နံဘေးသို့ ဆွဲထုတ်လာပြီး

"ခင်ဗျားကို ကြွေးဆပ်ရဦးမယ် ပေါလ်"

"ဘာအတွက်လဲကွ"

လယ်သမားကြီးက ဘာမှနားမလည်ဘဲ တအံ့တသြဖြစ်နေပြီးမှ

"ကျွန်တော် နှစ်လလုံးလုံး လာနေတဲ့အတွက်ရယ်၊ တစ်နေ့တစ်နေ့ လူ ငါးယောက်စာလောက် စားတဲ့ စရိတ်တွေရယ်အတွက်ပေါ့ဗျာ"

ပေါလ်က ပြုံးလိုက်ပြီး

"ကောင်းပြီလေ။ မင်းကို ငါ တစ်ပတ် ၁၅ ပေါင်နှုန်းနဲ့ စာရင်းတွက်လိုက်မယ်။ အဲဒီနှုန်းက ယာခင်းလုပ်သားတစ်ယောက်ရဲ့ နေ့တွက်နှုန်းပဲ။ အဲဒီတော့ မင်းဆီက ရစရာနဲ့ မင်းကို ပေးစရာ ကြေသွားရောပေါ့"

ခရေစီက ဖြတ်ပြောမည့်ဟန်ပြင်တော့ ပေါလ်က လက်ကာပြပြီး

"ငါ့ကို မင်း ကူလုပ်သွားတဲ့ အလုပ်ဟာ လူငှားနှစ်ယောက်စာလောက် ရှိပါတယ်ကွာ၊ တကယ်ပြောတာပါ။ ဒီတော့ အဲဒီအကြောင်း ဆက်မပြောပါနဲ့တော့"

ပေါလ်က လူအုပ်ထဲသို့ ပြန်ဝင်သွားသည်။ ခရေစီ ဘာမှမတတ်နိုင်တော့။

ပခုံးတွန့်ပြီး နောက်မှလိုက်သွားရတော့သည်။ အားလုံးနှင့် အပြန်အလှန် နှုတ်ဆက်ပြီး ပွဲသိမ်းလိုက်ကြသည်။

နှစ်ယောက်သား ဆယ်ကျော်သက် သမီးရည်းစားများလို ပျော်နေကြသည်။ မကြာမီ ခွဲရတော့မည်ဆိုသည့် အသိကို မေ့ထားကြသည်။

ဟိုတယ်ကလေး၏ ဥပစာမြက်ခင်းတွင် နေရာယူကြ၏။ စားပွဲတွင် ထိုင်ပြီး ငါးဟင်း မှာစားကြသည်။ အရသာရှိသော်လည်း ဆာလ်ဗုံးလက်ရာကို မမီကြောင်း မှတ်ချက်ချကြ၏။

စားပြီးတော့ ဝိုင်သောက်ကြသည်။ ခရေစီအတွက် ပို၍ရင်ကွဲနာကျစရာ ကောင်းသည့် ညဖြစ်သည်။ နာဒီယာ၏ ကြည်နူးပျော်ရွှင်နေသည့် အမူအရာကြောင့်သာ ခံသာသလို ရှိနေ၏။

မနက်ဖြန်ကစပြီး သည်ပတ်ဝန်းကျင်တစ်ခုလုံးကိုကျောခိုင်း၍ သေမင်းနှင့် စစ်ခင်းရတော့မည် မဟုတ်လား။ စိတ်မကောင်းဖြစ်နေသည်မှာ အခြားကြောင့် မဟုတ်။ မိမိအတွက် သူတို့တစ်တွေ သောကရောက် ကျန်ရစ်မည့် ကိစ္စဖြစ်၏။

ညစာစားပြီး အိမ်ပြန်ကြသည်။

လမှာ ထိန်ထိန်သာလျက်ရှိ၏။

နောက်ဆုံးအကြိမ်အဖြစ် ရေကူးကြသေးသည်။ ရေထဲတွင် တစ်ယောက်ကို တစ်ယောက် မခွဲနိုင်မခွာရက်သလို ဖက်ထားကြသည်။ နာဒီယာ့ခန္ဓာကိုယ်လေးမှာ ရေစိုနေသည့် ဖန်ခွက်တစ်ခွက်လို ပြောင်ချောနေသည်။

လရောင်အောက်မှ ကျောက်ဖျာသည် သူတို့နှစ်ယောက်အတွက် ဖဲမွေ့ရာ ဖြစ်နေ၏။

အေးမြသော ည။ သို့သော် နွေးထွေးသောည။

ပြီးတော့ ကမ္ဘာဦးလူသားဆန်သည့် အချစ်ည။

ကျောက်ဖျာစွန်းတွင် အာဒမ်နှင့် ဧဝလိုထိုင်ရင်း ခရေစီက သူသွားမည့် ခရီးစဉ်အကြောင်း၊ ဘာ့ကြောင့် သည်ခရီးထွက်ရမည့်အကြောင်းများကို အပြည့်အစုံ ပြောပြနေသည်။

နေပယ်လ်ကို ရောက်စတုန်းက ကျန်းမာရေးနှင့် စိတ်ဓာတ်အခြေအနေ၊ ဂိုက်ဒိုနှင့် အီလီယန်တို့က အလုပ်ရှာပေးပုံ၊ ပင်တာကလေးအကြောင်း စသည် တို့ကို ခရေစေ့တွင်းကျ ပြောပြသည်။

ဘဝတွင် ပထမဆုံးအကြိမ်အဖြစ် ခရေစီက စကားလုံးတွေ ကြွယ်နေ၏။ စိတ်ထဲမှာ ရှိသည်တို့ကို ပြည့်ပြည့်စုံစုံ ထုတ်ဖော်နိုင်စွမ်းနေ၏။ ချစ်သူက စိတ်ဝင်တစား နားထောင်နေ၍လား မသိ။ ခံစားမှု၊ နာကြည်းမှုများနှင့် အဖြစ်အပျက်များသည် စကားလုံးများအဖြစ်သို့ အလွယ်တကူ ကူးပြောင်းနေကြ၏။

တောင်ပေါ်သို့ ပျော်ပွဲစားထွက်သည့်နေ့အကြောင်း၊ လက်ဆောင်ပစ္စည်းကလေးအကြောင်းကို ပို၍ခရေစေ့တွင်းကျပြောပြသည်။ ဘဝတွင်အပျော်ဆုံးနေ့။ မိခင်သဘာဝနှင့် အနီးစပ်ဆုံးနေ့ မဟုတ်ပါလား။

နာဒီယာက ပင်တာကလေးကို မမြင်ဖူးဘဲနှင့် စိတ်ထဲက သိလာ၏။ မျက်စိထဲတွင် မြင်ယောင်လာ၏။

နောက်ဆုံးနေ့။ ပြန်ပေးဆွဲခံရပုံ၊ ပစ်ကြခတ်ကြပုံ၊ မြက်ခင်းပေါ်တွင် သူ လဲနေပုံ။ ပင်တာ၏ နောက်ဆုံးအော်သံကလေးကို နားထဲမှ မထွက်ပုံတွေ။

ပြီးတော့ မရှုမလှ သေဆုံးရသည့်အကြောင်းကို ဂိုက်ဒို လာပြောသည့်နေ့။

ဖြစ်ကြောင်းကုန်စင်တစ်ခုလုံးကို ပြောပြပြီးတော့ ပင်လယ်ကမ်းခြေတစ်ခုလုံး တိတ်ဆိတ်သွားသည်။

နာဒီယာက ဦးခေါင်းကို ဒူးပေါ်သို့ မှောက်ချလိုက်သည်။ ရေစိုနေသည့်ဆံပင်တွေက ကျောက်ဖျာနှင့်ထိလုမတတ် ဝဲကျနေ၏။ ခေါင်းမော့လာတော့ မျက်ဝန်းနက်များထဲတွင် မျက်ရည်များ ပြည့်လျှံနေ၏။ မျက်ရည်ဥတွေက လရောင်ဖြင့် တဖျပ်ဖျပ် လက်ပြီး ငွေရောင်လက်ကာ ပါးပြင်ပေါ်သို့ စီးကျနေ၏။

"အစ်ကိုကြီး၊ အစ်ကိုကြီးသွားမယ်ဆိုလို့ နာဒီယာ ငိုတာမဟုတ်ဘူးနော်။ လုံးဝမျက်ရည်မကျဖို့ နာဒီယာ ဆုံးဖြတ်ပြီးသားပါ။ အစ်ကိုကြီး ဒီမှာရှိနေတုန်း နာဒီယာ ဘယ်တော့မှ မျက်ရည်မကျဘူး သိလား"

သူ့ အသံကလေးက ပြောရင်း တုန်လာသည်။

"ပင်တာကလေးအတွက် နာဒီယာ ငိုတာပါ။ အစ်ကိုကြီးပြောတာတွေကို နားထောင်နေရင်း ဒီကလေးမလေးကို နာဒီယာ မျက်စိထဲမှာမြင်လာတယ်။ နာဒီယာ့ သမီးလိုပဲ ထင်လာတယ်။ အစ်ကိုကြီးလည်း အဲဒီလိုပဲ ခံစားနေတယ်မဟုတ်လားဟင်။ ပင်တာ့အတွက် နာဒီယာ ငိုတာပါ အစ်ကိုကြီးရယ်"

နာဒီယာ့ကိုကြည့်ပြီး ခံကျနပ်သလိုဖြစ်သွားသည်။ ဘာကြောင့် ခရီးထွက်ရမည့်အကြောင်း နာဒီယာ သဘောပေါက်လောက်ပြီ။

"နာဒီယာ မင်းကို ကိုယ် သိပ်ချစ်ပါတယ်ကွယ်"

ခရေစီက နာဒီယာ့ပခုံးသား ဝိုင်းဝိုင်းကလေးကို ဖက်ပြီး တီးတိုးကလေး ပြောလိုက်သည်။

နာဒီယာ ခေါင်းမော့လာသည်။

"နာဒီယာသိပါတယ်။ ဒါပေမဲ့ အစ်ကိုကြီး ဖွင့်ပြောလိမ့်မယ်လို့ မထင်ခဲ့ဘူး"

"ဟုတ်တယ် နာဒီယာ၊ ဖွင့်ပြောဖို့ မရည်ရွယ်ခဲ့ဘူး"

"ဒါဖြင့် ဘာလို့ပြောလဲ"

"ဘာဖြစ်လို့ပြောမိလဲ မသိပါဘူးကွာ။ ပင်တာကလေးအကြောင်း ပြောဖြစ်လို့ ထင်ပါရဲ့။ ပင်တာကလေးက သိပ်ရိုးသားတယ်လေ။ အဲဒါကြောင့် ကိုယ်လည်း ပင်တာ့ခေတ် ကူးသွားတယ်ထင်ပါရဲ့။ နောက်တစ်ခုက ကိုယ် မသွားခင် မင်းသိစေချင်လို့ပါ။ သိရုံကလွဲပြီး ဘာမှတော့ လုပ်လို့မရတော့ဘူး နာဒီယာ"

"ဘာဖြစ်လို့လဲ အစ်ကိုကြီးရဲ့"

နာဒီယာသည် ရင်ထဲမှာရှိသမျှတွေကို ပြောချလိုက်ချင်သည်။ သို့သော် မျိုသိပ်ထားဖို့ ဆုံးဖြတ်ပြီးသား ဖြစ်နေ၏။ မတ်တတ်ထရပ်ပြီး လရောင် ရွှန်းမြနေသည့် ပင်လယ်ပြင်ကို ငေးကြည့်နေ၏။

"ဒီတိုက်ပွဲကိုနိုင်ဖို့ အစ်ကိုကြီးဘက်က အခွင့်အလမ်း ဘယ်လောက် ရှိသလဲဟင်"

နာဒီယာက ခရေစီကို မကြည့်ဘဲ မေးလိုက်သည်။

"သိပ်နည်းတယ်"

"ဒါပေမဲ့ အစ်ကိုကြီးကိစ္စပြီးရင် နာဒီယာ့ဆီပြန်လာမယ်မဟုတ်လားဟင်"

"ဒါပေါ့ နာဒီယာ။ ဒါပေမဲ့ ကိုယ့်ကို မစောင့်ပါနဲ့။ ကိုယ့်ကိုယ်ကိုယ် အသေခံဖို့သွားတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ကိုယ့်ဘက်က တစ်ရာခိုင်နှုန်းတောင် နိုင်ဖို့ မရှိဘူး"

ခရေစီက ထလာပြီး နာဒီယာ့ကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

"ဘာပဲဖြစ်ဖြစ် မထင်တာတွေက ဖြစ်လာတတ်တယ်လေ။ ဒါပေမဲ့ ကိုယ့်ကို မစောင့်နဲ့၊ ဟုတ်ပြီလား"

နာဒီယာက ခရေစီ့လည်ပင်းကို ခြေဖျားထောက်ပြီး ခပ်ကြမ်းကြမ်း နမ်းသည်။ ပြီးတော့မှ ပြင်းထန်မာကျောစွာဖြင့်

"မုန်းတယ်၊ သူတို့ကို နာဒီယာ မုန်းတယ်။ သူတို့ကို ထိုက်တန်တဲ့အပြစ် ပေးပေးပါ အစ်ကိုကြီး"

ခရေစီကိုဖက်ထားသည့် နာဒီယာ့လက်တွေ တင်းသည်ထက် တင်းလာသည်။

"နာဒီယာ့အတွက် အစ်ကိုကြီး ဘာမှမစဉ်းစားနဲ့။ ထည့်လည်း မတွက်နဲ့။ သူတို့ကို အပြစ်ပေးဖို့ပဲ စဉ်းစား။ သူတို့ပြစ်ကို သူတို့ ခံရအောင် လုပ်ပေးပါ အစ်ကိုကြီး"

နာဒီယာ့အသံတွင် ခါးသီးမုန်းတီးမှု အပြည့်။

"အစ်ကိုကြီးရဲ့လုပ်ငန်းတစ်ခုလုံး အောင်မြင်ပါစေ။ လောကရဲ့အလှကို ဖျက်ဆီးပစ်တဲ့ ဒီမြေအောက်ဂိုဏ်းသားတွေနဲ့ သူတို့ရဲ့လက်ပါးစေတွေကို အစ်ကိုကြီး အပြစ်ပေးနိုင်ပါစေလို့ မနက်တိုင်း မေမေနဲ့လိုက်ပြီး နာဒီယာ ဆုတောင်းပေးပါ့မယ်။ အဲဒီဒုစရိုက်မှုအတွက် နာဒီယာ ဝန်မချဘူး။ စိတ်ချ။ အစ်ကိုကြီး သေသွားတဲ့နေ့၊ ဒါမှမဟုတ် ပြန်လာတဲ့နေ့မှပဲ နာဒီယာ ဝန်ချမယ်"

အဝတ်အစားတွေကို ပြန်ကောက်ဝတ်ကြသည်။ အိမ်ဘက်သို့ ပြန်လျှောက်လာခဲ့ကြ၏။

နာဒီယာ၏ပေါက်ကွဲမှုကိုတွေ့တော့ ခရေစီ ထိခိုက်ရသည်။ သည်ကလေးမတွင် သူ မမြင်သေးသည့် အရည်အချင်းတွေ ရှိနေပါသေးသလား။

နာဒီယာက အိပ်ချင်စိတ် မရှိတော့။ အရက်တက်ဖို့လည်း သိပ်မလိုတော့။

ခရေစီ့ရင်ဘတ်ပေါ်တွင် ပါးအပ်ပြီး သူ့အသက်ရှူသံကို နားထောင်နေသည်။

အလင်းရောင်လာတော့ အိပ်ရာပေါ်မှ အသာကလေး လျှောဆင်းပြီး အဝတ်အစားတွေကို ခေါက်သိမ်း၍ သေတ္တာထဲ ထည့်နေ၏။

ကက်ဆက်ကို သေတ္တာပေါ် တင်ထားလိုက်သည်။ အခွေ ခြောက်ခွေကို ဂျာကင်အကျႌအိတ်ထဲသို့ ထည့်သည်။

ပြီးတော့မှ နာဒီယာ တစ်ချက်ပြုံးပြီး အခွေတွေကို ပြန်ထုတ်သည်။ အခွေတစ်ခွေကို ရွေးပြီး ကက်ဆက်ထဲသို့ ထည့်ထားလိုက်သည်။ ဖွင့်ရန်အသင့်။

မီးဖိုဆောင်သို့ ဆင်းခဲ့သည်။

ကော်ဖီနှပ်ပြီး မနက်စာအတွက် ချက်ပြုတ်သည်။

အားလုံးပြီးမှ နံနက်စာ လင်ဗန်းကို ကိုင်ပြီး အပေါ်ထပ်သို့ ပြန်တက်ခဲ့သည်။

မော်လတာသို့ထွက်မည့် သင်္ဘောအမီ ဆင်းရမည်။

ဂျိုးဝီးက အဝတ်အစားသေတ္တာကို လင်းရိုဗာပေါ်သို့ ယူတင်သည်။ ပြီးတော့ နှုတ်မှ တတွတ်တွတ် ဆုတောင်းနေ၏။ ခရေစီက သူ့ကို အဝကျွေးပြီး အားဖြည့်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြန်ပြောနေ၏။

ပြီးတော့ ပေါလ်နှင့် လက်ဆွဲနှုတ်ဆက်သည်။

"ကဲ သွားမယ် ပေါလ်"

"ကောင်းပြီ ခရေစီ"

နာဒီယာက သင်္ဘောဆိပ်သို့ လိုက်မပို့ဖို့ ဆုံးဖြတ်ထား၏။ ခရေစီဆီကို လျှောက်လာသည်။ နှုတ်ခမ်းကို နမ်းပြီး နှုတ်ဆက်သည်။ ကံကောင်းထောက်မပါစေဟု ဆုတောင်းသည်။

ပြီးတော့ အဖေနှင့် အမေနားသို့ ပြန်လာသည်။ လင်းရိုဗာကားကလေး မောင်းထွက်သွားသည်။ နာဒီယာ တစ်ချက်ကလေးမှ မျက်နှာမပျက်။

နောက်နာရီဝက်ခန့်ကြာမှ သင်္ဘောကြီး စထွက်သည်။ ပင်လယ်ကွေ့ထဲသို့ တရွေ့ရွေ့ထွက်သွားသည်ကို နာဒီယာ အိမ်နံဘေးမှ ရပ်ကြည့်နေသည်။

သူ ဆလွန်ခန်းထဲတွင် ရှိနေမည်။ ဗစ်တာတို့နှင့် စကားပြောနေလိမ့်မည်။ ဟော... ထွက်လာပြီ။ နာဒီယာကို လှမ်းမြင်သွားတော့ လက်မြှောက်ပြသည်။

ကိုမီနိုကျွန်းနောက်တွင် ကွယ်သွားသည်အထိ မျက်စိတစ်ဆုံးကြည့်ပြီး လက်ပြနေကြ၏။

နာဒီယာ မီးဖိုချောင်တွင် အမေ့ကို လာကူနေသည်။ အမေလုပ်သူက နားမလည်နိုင်အောင် ဖြစ်နေ၏။

ဂိုဇိုကျွန်းသူ ကျွန်းသားများသည် ခံစားလွယ်သော၊ မျက်ရည်လွယ်သော သူများ ဖြစ်ကြသည်။ သမီးဖြစ်သူ၏မျက်နှာမှာ မည်သည့်ခံစားမှုမှ မရှိသည့် မျက်နှာပါကလား။

ညနေဘက်တွင် ကမ်းခြေဘက်သို့ လမ်းလျှောက်ထွက်သည်။ ကျောက်ဖျာပေါ်တွင်ရပ်ပြီး နောက်ဆုံး သင်္ဘောကြီးကိုမြင်လိုက်ရသည့် မိုးကုပ်စက်ဝိုင်း တစ်နေရာဆီသို့ ငေးကြည့်နေ၏။ ပြီးတော့မှ အိမ်ဘက်သို့ တစ်လှမ်းချင်း ပြန်လျှောက်လာခဲ့၏။

အပေါ်ထပ်သို့ တန်းတက်ခဲ့သည်။

ခုတင်ပေါ်တွင် လှဲချလိုက်သည်။ သူ့ခေါင်းအုံးကို ယူပြီး ရင်ခွင်ထဲသို့ ထည့်ကာ တအားဖက်ထားလိုက်၏။

ပြီးတော့မှ အားရပါးရ ငိုချလိုက်တော့သည်။

ညနက်သည့်တိုင် ငိုရှိုက်သံ မစဲတော့။

□

## (၁၃)

အလွန်စကားပြောရ လက်ပေါက်ကတ်သည့် အာရပ်နှစ်ယောက်ပါလား။ ဒုံးကျည်တွေ မရလျှင် အခြားလက်နက်ပစ္စည်းတွေပါ မဝယ်နိုင်ဟု အကျပ်ကိုင်နေ၏။

လက်ကလဲယားတစ်ယောက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေသည်။ အခြားသော လက်နက်ပစ္စည်း မှောင်ခိုသမားလို သူ့တွင်လည်း အစိုးရပိုင်းနှင့် အဆက်အသွယ်ရှိသည်။ သူတို့အလုပ်က တိုင်းပြည်၏ လက်နက်ထုတ်လုပ်ရောင်းချမှုကို တရားမဝင်သည့်နည်းနှင့် အထောက်အကူပြုနေသည် မဟုတ်ပါလား။

သည်အာရပ်နှစ်ယောက်ကို ဒုံးကျည်လက်နက် မရောင်းဖို့ သက်ဆိုင်ရာက သူ့ကို ကြိုပြီး ပိတ်ထားသည်။ သူတို့တွင် တစ်ဆင့်ပြန်မရောင်းဖို့ ကတိပြုဝန်ခံချက်တွေ ပါလာပေမဲ့ ပါးရှင်းပင်လယ်ကွေ့ နိုင်ငံရေးက ရှုပ်လွန်းသည် မဟုတ်လား။ ဘေရွတ်မှတစ်ဆင့် သယ်ရမည်ဆိုကတည်းက ပါလက်စတိုင်း ပြောက်ကျားရော၊ ခရစ်ယာန်တပ်ဖွဲ့ရော၊ လက်ဝဲလက်ယာဂိုဏ်းတွေနှင့်ပါ ပြဿနာတွေ ရှုပ်လာနိုင်သည်။

လက်ကလဲယားက သက်ပြင်းချသည်။ သက်ဆိုင်ရာနှင့် ထပ်ညှိရဦးမည်။

"ကျွန်တော် ကြိုးစားကြည့်မယ်လေ၊ နှစ်ခုလောက်တော့ ရမလားမသိဘူး"

အာရပ်နှစ်ယောက်အနက် အဝတ်အစား သေသေသပ်သပ် ဝတ်ထားသည့် သိန်းငှက်မျက်နှာနှင့် အသက်ကြီးကြီးတစ်ယောက်ကို လက်ကလဲယားက ဦးတည်ပြီး ပြောလိုက်သည်။

"အနည်းဆုံး ခြောက်ခုလောက်ရမှ ဖြစ်မယ် မွန်စီယာလက်ကလဲယား။

မရရင်တော့ ကျွန်တော်တို့ တစ်နေရာရာမှာ ရှာရပါလိမ့်မယ်။ မွန်တီကာလိုမှာ ဖြစ်ဖြစ်ပေါ့"

သူပြောသည့် ပြင်သစ်စကားမှာ ပီသလှ၏။

သက်ပြင်းတစ်ချက် ချလိုက်ရပြန်သည်။

စိတ်ထဲမှ ကျိတ်ပြုံးပြီး သည်အမေရိကန်ကောင်ကို ကျိန်ဆဲလိုက်သည်။ မွန်တီကာလိုတွင် လက်နက် မှောင်ခိုလောကကို သူတစ်ယောက်တည်းဝင်ပြီး လက်ဝါးကြီးအုပ်နေသည့် ငနဲ။ သူ့မှာက တတိယကမ္ဘာစစ်ကို တိုက်နိုင်လောက်အောင် ဒုံးကျည် လက်နက်တွေ ရှိနေသည်။

"ကြည့်မယ်လေဗျာ၊ ကျုပ်တတ်နိုင်သလောက် လုပ်ပေးမယ်။ မနက်ဖြန် ဆယ့်တစ်နာရီမှာ လာခဲ့ကြပါ"

ခပ်မြန်မြန်စကားဖြတ်ပြီး လက်ဆွဲနှုတ်ဆက်၍ လက်ကလဲယားက အာရပ်နှစ်ယောက်ကို ရုံးခန်းအပြင်သို့ လိုက်ပို့သည်။

ခရေစီက ဧည့်ခန်းတွင်ထိုင်ပြီး မဂ္ဂဇင်းတစ်စောင်ကို ဖတ်နေသည်။

"ကျွန်တော့်ရုံးခန်းထဲကို ဝင်နှင့်ဗျာ ခရေစီ။ ကျွန်တော် ခုပဲပြန်လာမယ်"

လက်ကလဲယားပြန်လာတော့ ခရေစီက သူ့ရုံးခန်းနံရံမှ လက်နက် ခဲယမ်း မီးကျောက်ပုံတွေကို လိုက်ကြည့်နေ၏။ ပြင်သစ်က ခရေစီကို အမူအရာဖြင့် ထိုင်ဖို့ ပြောပြီး သူကိုယ်တိုင်လည်း စားပွဲနောက်တွင် ဝင်ထိုင်သည်။ တစ်ယောက်ကို တစ်ယောက် အကဲခတ်နေကြ၏။ လက်ကလဲယားက စကားစသည်။

"ခင်ဗျားကြည့်ရတာ သိပ်နုပျိုနေပါလားဗျ။ နောက်ဆုံး ကျုပ် တွေ့လိုက်ရတုန်းကနဲ့ တခြားစီပဲ"

"အဲဒီတုန်းက ကျုပ် ငမူးဖြစ်နေတာကိုးဗျ"

ခရေစီက ခပ်ပြတ်ပြတ်ပြန်ပြောလိုက်သည်။ မလိုတမာလေသံ ပါနေ၏။

"ဒီကိစ္စမှာ ကျုပ်ကို ဂိုက်ဒိုက ခြိမ်းခြောက်စရာ မလိုပါဘူးဗျာ"

ခရေစီက ဘာမှဝင်မပြောဘဲ ပြင်သစ်ကိုသာ အကဲခတ်နေသည်။

လက်ကလဲယားမှာ အရပ်အမောင်းကောင်းသူဖြစ်သည်။ ဗိုက်ရွှဲစ ပြုနေပြီ။ မီးခိုးရင့်ရောင်ဝတ်စုံကို ဝတ်ထား၏။ မုတ်ဆိတ်ကျင်စွယ်ကို ကျကျနနရိတ်ထား၏။ လက်သည်းကစ လှလှပပလှီးဖြတ်ထားသည်။ သန်းကြွယ်သူဌေးတစ်ယောက်နှင့် တူနေ၏။ ကြေးစားတပ်ထဲတုန်းက အလွန်မာကျောရက်စက်ခဲ့သူ ဖြစ်သည်။

လက်ကလဲယား သက်ပြင်းချပြီး ပခုံးနှစ်ဖက် တွန့်လိုက်၏။

"ကဲ ခရေစီ၊ ခင်ဗျားနဲ့ ကျုပ် တပ်ထဲတုန်းက မရင်းနှီးကြပေမဲ့ လိုတာကို ကူညီမှာပေါ့ဗျာ။ ခင်ဗျားကြွေးတွေက ကျွန်တော့်အပေါ်မှာ နည်းတာမှမဟုတ်ဘဲ။ နှစ်ထပ်ကွမ်းတင်တာလေ။ ကတန်ဂါမှာ ခင်ဗျား ကျွန်တော့်အသက်ကိုကယ်ခဲ့တာ တစ်ခုတည်းနဲ့ ခင်ဗျားရဲ့ကျေးဇူးက ဆပ်လို့မကုန်ပါဘူး။

"နောက်တစ်ခါ ရိုဒီးရှားနဲ့ အရောင်းအဝယ်ဖြစ်တဲ့ကိစ္စ ကျွန်တော် အမြတ်တွေ နင့်နေအောင် ရလိုက်ပါတယ်။ ဒီတော့ ခင်ဗျား ကျွန်တော့်ကို ဘာအကူအညီ တောင်းတောင်း မပေးလို့ဖြစ်ပါ့မလားဗျာ။ ဂိုက်ဒိုက ဆေးရောင်စုံအသုဘအကြောင်း ပြောဖို့ မလိုပါဘူး"

"ရိုဒီးရှားကိစ္စ မေ့ထားလိုက်ပါလေ။ ကျုပ်လည်း ဟိုဘက်က ပွဲခရတာ ပါပဲ။ သူတို့လိုတုန်း ရသွားလို့ ခင်ဗျားကိုတောင် ကျေးဇူးတင်နေသေးတယ်"

"ထားပါလေ။ ဒါပေမဲ့ ကတန်ဂါကိစ္စကျတော့ တစ်မျိုးဗျ။ ဒါကြောင့် ခင်ဗျားကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ ရှိနေတာကိုတော့ လက်ခံပါ ခရေစီ။ ပြီးတော့ ကျွန်တော့်ကို ဂိုက်ဒိုလို သဘောမထားနိုင်တောင်မှ မိတ်ဆွေတစ်ယောက် အဖြစ်တော့ သတ်မှတ်ထားပါဗျာ"

"ကောင်းပြီလေ၊ ကျုပ် လက်ခံပါတယ်"

လက်ကလဲယားက သူ့ရှေ့တွင်ထိုင်နေသည့် ခရေစီ၏ အမူအရာ၊ အပြော အဆို ပြောင်းလဲသွားပုံကို သတိထားလိုက်မိ၏။ အရင်တုန်းကအတိုင်းပင် ကြောက်စရာ ကောင်းဆဲဖြစ်ပေမဲ့ မျက်နှာအမူအရာတော့ ပျော့ပျောင်းလာသည် ထင်ရ၏။

"ကျုပ်ပြောတဲ့ ပစ္စည်းတွေတော့ အားလုံးရှိပါတယ်နော်"

လက်ကလဲယားက တစ်ချက်စဉ်းစားပြီးခေါင်းညိတ်လိုက်၏။

"ရပါတယ်။ တချို့ မရှိတဲ့ပစ္စည်းကျတော့ မျိုးတူ တစ်မျိုးမျိုးနဲ့ အစား ထိုးပေးနိုင်ပါတယ်"

လက်ကလဲယားက နာရီကို ငုံ့ကြည့်ပြီး

"ကျွန်တော်တို့ နေ့လယ်စာ သွားစားကြရအောင်။ ပြီးတော့မှ ဂိုဒေါင်ကို သွားကြတာပေါ့။ ကျွန်တော့်လူတွေနဲ့ စီစဉ်လိုက်ဦးမယ်"

ခရေစီ ခေါင်းညိတ်သည်။ သို့သော် မထသေး။ တစ်စုံတစ်ခုကို စဉ်းစား နေပုံ။ ပြီးတော့ ဆုံးဖြတ်ချက် ချလိုက်ဟန်နှင့်

"လက်ကလဲယား၊ ခင်ဗျားမှာ စာရွက်စာတမ်းတွေ အတုလုပ်နိုင်တဲ့လူ ရှိသလား။ မှတ်ပုံတင်တို့၊ ကားလိုင်စင်တို့ပေါ့ဗျာ"

"ရှိပါတယ်။ ဘယ်တိုင်းပြည်မှတ်ပုံတင်ကို လိုချင်တာလဲ"

"ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ကနေဒါ။ ဒါမှမဟုတ် အမေရိကန်ပေါ့။ တိုင်းပြည်က အရေးမကြီးပါဘူး။ ကျုပ် ပြင်သစ်စကား ကောင်းကောင်းပြောနိုင်တာပဲ။ အရေးကြီးတာက မြန်မြန်ရဖို့ပဲဗျ"

လက်ကလဲယားက လက်ချောင်းကလေးတွေကို ဆွဲရင်း စဉ်းစားနေသည်။

"ပြင်သစ်က လွယ်မယ်ထင်တယ်။ ဒီတိုင်းပြည်ထဲမှာ အသုံးမပြုဘူးဆိုရင် ပိုလွယ်လိမ့်မယ်"

"ဟင့်အင်း၊ ဒီတိုင်းပြည်မှာ ကျုပ် ဘာမှမသုံးဘူး။ လက်နက်တွေလည်း ဒီမှာသုံးဖို့မဟုတ်ဘူး။ ဒါတော့ ခင်ဗျားစိတ်ချ လက်ကလဲယား"

လက်ကလဲယားက ခေါင်းညိတ်ပြီး

"ဂိုက်ဒ့်စာထဲမှာလည်း ပါပါတယ်။ ဒါ့ထက် ဓာတ်ပုံတွေကော"

ခရေစီက အတွင်းအိတ်ထဲမှ စာအိတ်တစ်လုံးကို ထုတ်ပြီး စားပွဲပေါ် တင်ပေးလိုက်သည်။

"ကောင်းပြီလေ၊ ဒီညနေ အပြီးလုပ်ကြတာပေါ့"

လက်ကလဲယားက အားတုံ့အားနာနှင့် ဆက်ပြောသည်။

"ဈေးတော့ များလိမ့်မယ် ခရေစီ။ ကျွန်တော့်အတွက် ကော်မရှင် လုံးဝ မယူပါဘူး။ ဒါပေမဲ့ အချိန်က သိပ်မြန်တော့ ပိုပေးရလိမ့်မယ်"

ခရေစီက ပြုံးလိုက်သည်။

"ရပါတယ်။ ကဲ နေ့လယ်စာ စားကြစို့"

ခရေစီပြုံးသည်ကိုမြင်လိုက်ရတော့ လက်ကလဲယား ကျေနပ်သွားသည်။

*

မနေ့ညက မာဆေးကို သဘော်ဆိုက်ခဲ့ခြင်းဖြစ်၏။

ဘူတာရုံသို့ တက္ကစီငှားပြီး ထွက်ခဲ့သည်။ ဂိုက်ဒ်ီ ပို့လာသည့် ဖြတ်ပိုင်းကို ပြပြီး ခရီးဆောင် သားရေအိတ်ပြားကလေးကို ရွေးယူလိုက်၏။ ဘူတာရုံ စားသောက်ခန်းသို့ ဝင်သည်။ လူရှင်းသည့် ထောင့်တွင် ထိုင်ပြီး ကော်ဖီတစ်အိုး မှာသည်။

ဂိုက်ဒ့်စာကို ပြန်ဖတ်သည်။

စာပါအညွှန်းအတိုင်း သေတ္တာသော့ဂဏန်းများကိုလှည့်ပြီး ဖွင့်သည်။ ရောမ စာအိတ်ညိုကြီးတစ်လုံးကို တွေ့ရ၏။ စာအိတ်ထဲတွင် သော့တစ်ချောင်း၊ မာဆေးမြေပုံတစ်ခုနှင့် မှတ်ပုံတင်နှစ်ခု။ တစ်ခုမှာ 'လူဂျီရက်ကာ' အမည်နှင့် ဖြစ်၏။ အီတလီတောင်ပိုင်းမှ ကုန်စိမ်းသွင်းကုန်ပိုင်ရှင်။ နောက်တစ်ခုမှာ တိုယိုတာကား တစ်စီးအတွက် ယာဉ်မောင်းလုပ်ငန်းလိုင်စင်ဖြစ်၏။

မြေပုံကို ထုတ်ကြည့်သည်။ မင်နီဖြင့် ဝိုင်းထားသည့် နေရာနှင့် နံဘေး မှတ်ချက်ကို စိတ်ထဲတွင် ဘေးမှတ်လိုက်သည်။

ပြီးတော့မှ စာအိတ်ကြီးကို သေတ္တာထဲ ပြန်ထည့်ပြီး ပိတ်လိုက်သည်။

ကော်ဖီသောက်ရင်း ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်၏။ မှန်သားနံရံကိုဖြတ်ပြီး အပြင်တွင် လူတွေ ရှုပ်ယှက်ခတ်နေသည်ကို မြင်နေရ၏။ ဂိုက်ဒိုကို သတိရနေ၏။ သူ့အကူအညီသာ မရလျှင် မလွယ်ရေးချ မလွယ်။ အကွက် လည်း စေ့ပါပေသည်။

လူဂျီရက်ကာသည် တကယ်ရှိသည့် ကုန်စိမ်းသည်တစ်ဦးဖြစ်မည်။ သို့သော် သူ့နာမည်ကို တစ်စုံတစ်ယောက်က သုံးထားသည်ကို သိရှာမည်မဟုတ်။

မှတ်ပုံတင်နှင့် စာရွက်စာတမ်းတွေက နေပယ်လ်မှ အကောင်းဆုံးလက်ရာ ရှင်၏ ဖန်တီးမှုတွေဟု သိလိုက်၏။ နေပယ်လ်သည် အတုအပလုပ်သည့်နေရာတွင် ကမ္ဘာကျော်မြို့ကြီး မဟုတ်လား။ နေပယ်လ်ကို ပြန်ရောက်လျှင် အစစအရာရာ အသင့်ဖြစ်နေလောက်ပြီ။ လုပ်ငန်း စနိုင်လောက်ပြီ။ တိုယိုတာကတော့ မာဆေးကို ကုန်းလမ်းမှ ပီထရို မောင်းယူလာခြင်းဖြစ်မည်။ လုပ်ငန်းစပြီဆိုသည်နှင့် ချာတိတ် ကလေး၏ လုံခြုံရေးကိုပါ ပိုပိုလိုလို စီစဉ်ထားဖို့ ဂိုက်ဒိုအား ပြောရမည်။

ကော်ဖီသောက်ပြီးတော့ တက္ကစီတစ်စီး ငှားပြီး စာတိုက်သို့ ထွက်ခဲ့၏။ ပါရီနှင့် ဘရပ်ဆယ်မှ ပို့လိုက်သည့် ပါဆယ်ထုပ်ကို ရွေးယူလိုက်သည်။

ပြီးတော့ ဟိုတယ်ငယ်ကလေးတစ်ခုတွင် အခန်းတစ်ခန်းယူလိုက်သည်။ လူဂျီရက်ကာ၏ မှတ်ပုံတင်ဖြင့်။

*

သံမဏိယက်မပေါ်မှ ကျောက်သားအခင်းပေါ်တွင် သူတို့၏ခြေသံတွေမှာ ဟိန်းထွက် နေ၏။ ဂိုဒေါင်တစ်လျှောက်တွင် သေတ္တာကြီးငယ်တွေ တန်းစီလျက်။ မီးသတ် ဘူးတွေ၊ မီးသတ်ပိုက်တွေနှင့် စနစ်တကျ ရှိလှ၏။

နှာခေါင်းထဲတွင် ရင်းနှီးပြီးသား အနံ့တစ်မျိုး ဝင်လာ၏။ သံပေါ်တွင် သုတ်သည့် အမဲဆီနံ့။

ရောမ သံမဏိတံခါးကြီး ပိတ်ထားသည့်အခန်းကို လက်ကလဲယားက သော့ဖွင့်သည်။ တံခါးကြီးပွင့်သွားတော့ မီးခလုတ်ကိုဖွင့်သည်။ မီးချောင်းတွေ တဖျပ်ဖျပ်လင်းလာသည်။ အခန်းအလယ်တွင် သစ္စာစားပွဲရှည်ကြီးနှစ်လုံးရှိ၏။ တစ်လုံးက အလွတ်၊ တစ်လုံးပေါ်တွင်တော့ လက်နက်ပစ္စည်း မျိုးစုံတင်ထား၏။

လက်ကလဲယားက အခန်းဝတွင် ရပ်ပြီး ကျန်ရစ်သည်။ ခရေစီက ခပ်ဖြည်းဖြည်းချင်း လျှောက်ဝင်သွားသည်။ အမျိုးအစားအလိုက် ခွဲခြားထားသည့် လက်နက်မျိုးစုံကို လိုက်ကြည့်နေသည်။ စားပွဲဆုံးအောင်ကြည့်ပြီးမှ ပထမဆုံး စကြည့်သည့်ဘက်သို့ ပြန်လျှောက်လာ၏။ လက်ကလဲယားက သူ့ဆီသို့ လျှောက်သွားသည်။

"ခင်ဗျားအော်ဒါထဲမှာ .၄၅ တစ်လက်နဲ့ သူ့ထက်ငယ်တဲ့ ပေါ့ပေါ့ သေးသေး တစ်လက် လိုချင်တယ်ဆို"

လက်ကလဲယားက ကဲ ကြိုက်တာယူလေ ဟူသည့် အမူအရာဖြင့် မေးငေါ့ ပြသည်။

စားပွဲပေါ်တွင် အတိုင်းတိုင်း အပြည်ပြည်မှလာသည့် ပစ္စတို တစ်ဒါဇင် ခန့်စီ ပြထားသည်။ အသံတိတ်ကိရိယာတွေလည်း အများကြီး။ ခရေစီက ကိုလ် ၁၉၁၁ တစ်လက်နှင့် ဗြိတိသျှလုပ်ဝက်ဗလေ .၃၂ တစ်လက်ကောက်ယူလိုက်၏။ ဝက်ဗလေ .၃၂ ကို ခရေစီ ရွေးလိုက်သည့်အတွက် လက်ကလဲယား မသိမသာ အံ့သြသွားသည်။

"ကျုပ်သိပါတယ်။ ဒီဝက်ဗလေက ခေတ်မမီတော့ဘူး။ ဒါပေမဲ့ စိတ်ချ ရတယ်။ ကျုပ်သုံးနေကျ သေနတ်ပေါ့"

ခရေစီက နောက်သို့လှည့်ပြီး လွတ်နေသည့် စားပွဲပေါ်တွင် သေနတ် နှစ်လက်ကို တင်ထားလိုက်သည်။

"ကျည်ဆန်တော့ တစ်မျိုးကို ၅၀၀ စီယူမယ်"

လက်ကလဲယားက မှတ်စုစာအုပ်ကလေးကို ထုတ်ပြီး ဘောလ်ပင်နှင့် ရေးမှတ်လိုက်သည်။

ပြီးတော့ သူတို့နှစ်ယောက် စားပွဲတစ်နေရာသို့ ရွှေ့သွားကြသည်။ စက် သေနတ်မျိုးစုံ စီချထားသော နေရာ။

အားလုံး လေးမျိုး။ အစွဲရေးလုပ် အူဇီ။ အင်္ဂလန်လုပ် စတာလင်။ ဒိန်းမတ်ပြည်လုပ် မက်ဆန်။

ခရေစီက အင်္ဂရမ် မော်ဒယ် ၁၀ ကို ကောက်ယူလိုက်၏။ တစ်ဆစ်ချိုး၍ ရသည့် စက်သေနတ်မျိုး။ အရှည် ၁၀ လက်မခွဲသာရှိသည်။ စက်သေနတ်ကလေးနှင့် မတူဘဲ ပစ္စတို အကြီးစားနှင့် တူနေ၏။ ကျည်ထွက်နှုန်းမှာ တစ်မိနစ်လျှင် ၁၁၀၀ ရှိသည်။

"ခင်ဗျား ဒီကောင်မျိုး သုံးဖူးလား"

လက်ကလဲယားၡ၏အမေးကို ခရေစီက ခေါင်းညိတ်ဖြေလိုက်၏။ သေနတ်ကို ဘယ်ဘက်လက်နှင့် ဆရင်း

"ဗီယက်နမ်မှာ သုံးတာပေါ့။ ဝန်ကျဉ်းပြီး သိပ်ထိရောက်တဲ့ သေနတ်ဗျ။ ကျည်ထွက်နှုန်းကလည်း မတရားပဲ။ ကျုပ်အတွက် အကိုက်ပဲ။ ကျည်ကတ်ကို ရှစ်ကတ်ပဲ ယူမယ်။ ၂၀၀၀ ပေါ့"

ခရေစီက သေနတ်ကို သူ့နောက်မှ စားပွဲပေါ်ကို လှမ်းတင်ရင်း ပြောလိုက်သည်။

နောက်တစ်မျိုးမှာ ချောင်းမြောင်းပစ်ခတ်သည့် လက်ဖြောင့် ရိုင်ဖယ်တစ်မျိုး ဖြစ်၏။ အမ် ၁၄ ကို ခေတ်မီ ချိန်သီး ကိရိယာ တပ်ပြီး ပြုပြင်ထားသည့် ရိုင်ဖယ်ကို ရွေးလိုက်၏။

"ဟိုကောင်တွေထက် ကျည် နှစ်ဆ ဝင်တယ်။ နှစ်ကတ်ပေးဗျာ"

ခရေစီပြောသည့်အတိုင်း လက်ကလဲယားက လိုက်မှတ်သည်။

ဒုံးကျည်တွေ ထားသည့်ဘက်သို့ သူတို့နှစ်ယောက် ဆက်လျှောက်သွားကြသည်။

"ပြပွဲလုပ်မှာမှမဟုတ်ဘဲ၊ ဒုံးကျည်ကိုတော့ ပေါ့ပေါ့ပါးပါးပဲ အာရ်ပီဂျီ (၇)ကိုပဲ ယူမယ်"

လက်ကလဲယားက ခပ်ဂမ်မှာမှော့တင်ထားသည့် ဒုံးပစ်မော်တာကိုဆွဲယူပြီး ပြီးလျှက် ပြောင်းအလယ်မှ ဝက်အူရစ်ကို ချွတ်ပြသည်။

ခရေစီက ကျေနပ်သလို ခေါင်းညိတ်ပြပြီး

"ဒုံးကျည်နံပါတ်တွေကော"

"နံပါတ်ရှစ်နဲ့ ပစ်လည်းရတယ်၊ ဆယ့်နှစ်နဲ့လည်း ပစ်နိုင်တယ်လေ"

"နံပါတ်ရှစ် တစ်သေတ္တာပေးဗျာ"

လက်ပစ်ဗုံးတွေကိုကြည့်ပြီး ခရေစီက ၃၆ စိတ် ကွဲသည့် ဗြိတိသျှ လက်ပစ်ဗုံးနှင့် မီးစုန်းဗုံး ၈၇ ကို ရွေးလိုက်သည်။

"ဆယ့်ငါးလုံးပါတဲ့ သေတ္တာကို လူတစ်ယောက် မ နိုင်ပါ့မလား လက်ကလဲယား"

"မ နိုင်ပါတယ်"

ခရေစီက နှစ်လုံးပြူးပြောင်းတိုကို ရွေးလိုက်ပြန်သည်။ လက်ပစ်ဗုံးတွေ နံဘေးတွင် ချထားလိုက်သည်။

"ကျည်ဆန်ကတော့ အကြိမ် အကြိမ် ဂျီပေါ့ဗျာ၊ နှစ်ဘူးပေးပါ"

လက်ကလဲယားက မှတ်စုစာအုပ်ထဲ ရေးထည့်လိုက်ပြန်သည်။

ခရေစီက ကွန်မန်ဒို ဓားတစ်ချောင်းနှင့် တိတ်ခွေကြိုး တစ်ခွေကိုပါ ယူလိုက်သည်။

နောက်ဆုံးတွင် စားပွဲအစွန်းရှိ သတ္တုဗန်းထဲမှ ပစ္စည်းအသေးအမွှား ကလေးတွေကို ခရေစီက သေသေချာချာ ကြည့်ရှုစစ်ဆေးသည်။

"အဲဒါ နောက်ဆုံးပေါ်တွေဗျ။ ခင်ဗျားတို့ ကျွန်တော်တို့ ခေတ်တုန်းက မမြင်ဖူးတာတွေပေါ့"

လက်ကလဲယားက ခရေစီနောက်မှ လှမ်းပြောလိုက်သည်။

ခရေစီက ပြွန်ချောင်းကလေးတစ်ချောင်းကို ကိုင်ကြည့်ပြန်သည်။ တစ်ဖက် စွန်းမှ လက်မဝက်ခန့်အကွာတွင် အိမ်မြှောင်လေးတစ်ခု ပါသည်။

"ဒီစနက်တံမျိုးတော့ ကျုပ် သုံးဖူးတယ်။ ဒါပေမဲ့ ဒီလိုချိန်မှတ်ကိရိယာ တော့ မပါဘူး"

လက်ကလဲယားက သတ္တုပြွန်ချောင်းတစ်ခုကို ကောက်ကိုင်လိုက်သည်။ တစ်ဖက်စွန်းက နှစ်ခွ။ အရစ်ကို လှည့်ချုတ်လိုက်သည်။ အတွင်းမှ ထွက်လာသည့် ဓာတ်ခဲနှင့် ဒိုင်ခွက်နှစ်ခုကို ခရေစီ့ရှေ့သို့ ချပြလိုက်သည်။

ပြီးတော့မှ စနက်တံနှင့် ပြွန်ချောင်းထိပ်ရှိ အစွန်းနှစ်ခုကို ဆက်လိုက်သည်။ အားလုံးဆက်လိုက်သည့်အခါ အလျား နှစ်လက်မ၊ အချင်း တစ်လက်မသာ ရှိသည်။ လက်ကလဲယားက ပြုံးလိုက်ပြီး

"လျှပ်စစ်ပစ္စည်းတွေ တိုးတက်ထွန်းကားလာတော့ ပိုလွယ်လာတာပေါ့ဗျာ။

ဂိုက်ဒ့်အော်ဒါထဲမှာ ဒိုင်းနမိုက် ၁ ကီလိုပါတယ်။ ကျွန်တော် အသင့်လုပ်ထားပါပြီ"

"ကောင်းပါလေ့ဗျာ"

ခရေစီက လက်နက်ပစ္စည်းကိရိယာတွေပုံနေသည့် စားပွဲကို လှည့်ကြည့်ပြီး

"ကျွန်တော်လိုသမျှ အားလုံး ရပါပြီ"

ခရေစီလို လူတစ်ယောက်က ကျေနပ်သွားသည်ကို တွေ့ရသဖြင့် လက်ကလဲယား ဝမ်းသာသွားသည်။

သည်လက်နက်တွေကို သူ ဘာအတွက်ဝယ်သည့်ကိစ္စကို လက်ကလဲယားက မစုံစမ်း။ လာမည့်သတင်းတစ်ပတ်အတွင်း အီတလီသတင်းစာတွေကိုစောင့်ဖတ်လျှင် သိရမည်မဟုတ်ပါလား။ ခရေစီ၏အကြောင်းကို လုပ်ဖော်ကိုင်ဖက်တစ်ယောက်အနေဖြင့် သိထားခဲ့၍ ပွဲကြီးပွဲကောင်းတစ်ခုတော့ ကြားရလိမ့်ဦးမည်ဟု လက်ကလဲယားက ယုံကြည်ထားလိုက်၏။

"စလွယ်သိုင်း ခြောက်လုံးပြူးအိတ် ပေါ့ပေါ့ပါးပါးတစ်ခုလည်း လိုချင်တယ်ဗျာ၊ ဝက်ဗလေ အတွက်လေ။ ကိုလ့်အတွက်ကတော့ ရိုးရိုးခါးပတ်အိတ်ပဲ ပေးပါ"

လက်ကလဲယားက ခေါင်းညိတ်ပြီး

"ရှိပါတယ်။ ကိုလ့်အတွက်က ပတ္တူနဲ့ရမယ်လေ"

ခရေစီက သံမဏိ ပေကြိုးခွေကလေးနှင့် မှတ်စုစာအုပ်ကို အိတ်ထဲမှ ထုတ်လိုက်ပြီး

"ခင်ဗျားမှာ ကတ္တားရှိသလား"

"ဟာ ရှိတာပေါ့ဗျာ"

လက်ကလဲယားက ပင်မဂိုဒေါင်ဘက်ဆီသို့ ပြန်လျှောက်သွား၏။ ခရေစီက ပေကြိုးတစ်ခုနှင့် အလုပ်ရှုပ်ကျန်ခဲ့သည်။

*

"ခင်ဗျား ဘယ်မှာဆင်းမလဲ ခရေစီ"

"ငါးဖမ်းဆိပ်ကမ်း တစ်နေရာရာမှာ ချပေးဗျာ"

ခရေစီက သူတည်းသည့်ဟိုတယ်ကို လက်ကလဲယားအား မပြောလိုက်။ သူ့ကို စိတ်ချယုံရသည်ဟုမှန်းသော်လည်း အကျင့်လိုဖြစ်နေသဖြင့် ဖွင့်မပြောလိုက်။

လက်ကလဲယားက နောက်ထပ်မေးခွန်းတစ်ခု မေးသေးသည်။

"မာဆေးမှာ ကျွန်တော်လုပ်ပေးနိုင်တာ ဘာများရှိသေးသလဲ။ အနိပ်ကလေးတွေရှိတယ်။ သုံးချင်ရင် ပြောနော်"

ခရေစီက ခေါင်းယမ်းပြီး ပြုံးလိုက်သည်။

"ခင်ဗျားကို ကျုပ်က လက်နက်ပဲ အရောင်းအဝယ်လုပ်တယ်ထင်နေတာ"

"ဒီအလုပ်အကြောင်း ခင်ဗျားလည်း သိလျက်သားနဲ့ဗျာ။ အရောင်းအဝယ်ရယ်လို့ လုပ်ပြီဆိုမှတော့ ကိုယ့်ပစ္စည်းထွက်အောင် လာဘ်ထိုးသင့်ရင် ထိုးရတယ်ဗျ။ အာရပ်တွေ အဆိုးဆုံးပေါ့။ သူတို့ဆီမှာ မိန်းမရှားတယ် ထင်ပါရဲ့"

"ခင်ဗျားအလုပ် ရှေ့လျှောက် ကောင်းဦးမှာပါ။ သူတို့ဆီမှာက စစ်ပွဲကလေးတွေ ပေါက်ပေါက်လှော်နေသလို နေရာတကာမှာဖြစ်နေတာမဟုတ်လား။ အာရပ်နိုင်ငံတွေကြောင့် ဥရောပက လက်နက်စက်ရုံတွေ နာရီပို ဆင်းနေကြရဦးမှာပါ"

ဆိပ်ကမ်းရောက်တော့ ခရေစီက ကားတံခါးကိုဖွင့်ပြီး

"ကြာသပတေးနေ့ ည ၁၀ နာရီ ကျုပ်လာခဲ့မယ်" ဟု ပြောလိုက်သည်။

"ကောင်းပြီလေ ကျုပ်စောင့်နေမယ်"

လက်ကလဲယားက ခေါင်းညိတ်ပြီး ပြန်ပြောသည်။

*

ခရေစီက တက္ကစီမောင်းသမားကို လမ်းထောင့်တွင် ရပ်ပေးရန် ပြောလိုက်သည်။

ဟိုတယ်တွင် စောစောက ဝတ်လာသည့် အဝတ်အစားတွေကို ချွတ်ပြီး ရိုးရိုးအလုပ်ခွင်ဝတ်စုံမျိုးကို လဲဝတ်သည်။

မျက်စိလျှင်လျှင်ထားပြီး အပြင်ထွက်ခဲ့သည်။ ခရေစီက မာဆေးကို သဘောကျနေ၏။ လမ်းပေါ်သို့ ဆင်းလိုက်သည်နှင့် လူအုပ်ထဲတွင် ကိုယ်ရောင်ဖျောက်ပြီးသား ဖြစ်သွားသည်။ လူတွေက ကိုယ့်အလုပ်နှင့်ကိုယ် ပျာယာခတ်နေကြသည်။ ဥရောပတွင် မူးယစ်ဆေးဝါး အရောင်းအဝယ် အကောင်းဆုံးနှင့် လက်နက်မှောင်ခိုဈေးကွက် မြို့ကြီးမဟုတ်လား။

ကားခပေးပြီး တက္ကစီပေါ်မှ ဆင်းလျှောက်သွားသည်။ ၁၀ မိနစ်ခန့် လျှောက်ပြီးတော့ 'ရူးကက်တီနစ်' လမ်းကို ရောက်သည်။ လမ်းကို အကဲခတ်ကြည့်သည်။

လက်လုပ်လက်စားရပ်ကွက် ဖြစ်ဟန်တူ၏။ တိုက်ခန်းတွေ၊ စက်ရုံငယ်ကလေးတွေ၊ မော်တော်ကား ဝပ်ရှော့တွေနှင့်။

လမ်း၏အောက်ပိုင်းမှ ကားရုံတွေမှာ သော့ပိတ်ထားကြ၏။ နံပါတ် ၁၁ ကို ဂရုစိုက်ပြီး ကြည့်သွားသည်။ တွေ့တော့ အားဘီကို မကြည့်ဘဲ ခပ်တည်တည် ချိုးဝင်သည်။ သော့ကို အိတ်ထဲမှ ထုတ်ပြီး တံခါးကို ဖွင့်သည်။ အတွင်းရောက်မှ မီးဖွင့်ပြီး တံခါးကို ပြန်ပိတ်သည်။

မီးခိုးရောင် တိုယိုတာ ဗင်ကားမှာ ကားရုံကလေးနှင့် ပြည့်လုနေ၏။ နံဘေးတွင် "လူ့ဂျီရက်ကာ၊ ကုန်စိမ်းရောင်းဝယ်ရေး" ဟူသည့် စာတန်းမှာ မှေးမှိန်နေပြီ။

ကားမှာ အိုလှပြီ။ သို့သော် အင်ဂျင်ကို စိတ်ချရလောက်အောင် ပြုပြင်ပြီး ဖြစ်သည်မှာ သံသယဖြစ်စရာမလို။ နောက်တံခါးကို ဆွဲဖွင့်သည်။ ပထမဆုံး တွေ့ရသည့်အရာမှာ ဝိုင်ယာကြိုးခွေတစ်ခွေ။ တစ်ဖက်စွန်းတွင် နှစ်ပင်ပလပ်တစ်ခု တပ်ပြီးသား။ ကိုင်ပြီး နံရံမှ ပလပ်ပေါက်ထဲသို့ ထိုးလိုက်သည်။ ကားထဲမှ မီးလုံး တစ်လုံး လင်းထိန်သွားသည်။ ကားထဲရှိပစ္စည်းအားလုံးကို မီးမောင်းထိုးပြလိုက် သကဲ့သို့ ရှိ၏။

သစ်သားတွေလည်းပါ၏။ အိတ်တွေက အများကြီး။ တင်းတင်းရင်းရင်း ချုပ်ထားသည်။ သစ်သားခုံရှည်တစ်ခုလည်း ပါသည်။ ဂျူးစတွေလည်း အများကြီး။ ဗိုက်စ်ခုံတစ်ခု တပ်ဆင်ထားသည်။ သက္ကလတ်ကြမ်း တစ်လိပ်နှင့် ကီရိယာတန်ဆာ ပလာထည့်သည့် သံသေတ္တာရှည်ကြီးက တစ်လုံး။ ပစ္စည်းအားလုံးကို ကားပေါ်မှ သယ်ချလိုက်၏။ ပြီးတော့မှ ကားရှေ့ပိုင်းကို သွားပြီး ဒရိုင်ဘာခုံ၏ နောက်ပိုင်းကို သေသေချာချာ ကြည့်ရှုစစ်ဆေး၏။

ပစ္စည်းသေတ္တာကိုဖွင့်ပြီး ဝက်အူလှည့်တစ်ချောင်း ယူလိုက်သည်။ ထိုင်ခုံတွေ အောက်မှ သံပြားအခင်းတွင် ခေါင်းမြှုပ်ဝက်အူ တစ်ဒါဇင်လောက်ကို လိုက်ဖြုတ်သည်။

ကားဘော်ဒီတွင် အထူးစီမံထားသည့် အံ့ဝှက်တစ်ခုပေါ်လာသည်။ အနက် တစ်ပေရှိပြီး အကျယ်မှာ ကား၏အကျယ်အဝန်းအတိုင်းရှိသည်။

အံ့ဝှက်ကို ဖြည်းဖြည်းချင်း ထုတ်ယူပြီး ကားရုံနံရံတွင် ထောင်ထား လိုက်သည်။ ပြီးတော့ ပေကြိုးနှင့် မှတ်စုစာအုပ် တစ်အုပ်ကို ထုတ်ယူ၍ အံ့ဝှက်၏ အတွင်းအကျယ်အဝန်းကို အတိအကျတိုင်းယူသည်။ မှတ်စုစာအုပ်ထဲတွင် အသေးစိတ် ရေးမှတ်ထားလိုက်၏။ ပထမစာမျက်နှာထဲတွင် မှတ်စုတွေကိုပါ ပုံကြမ်းတစ်ခုဆွဲ၍ ကားရုံတံခါးတွင် ကပ်ထားလိုက်သည်။

နောက်နှစ်နာရီလုံးလုံး ဖြည်းဖြည်းမှန်မှန် အလုပ်လုပ်နေသည်။ သစ်သားတွေကို တိုင်းထွာပြီး လျှပ်စစ်လွှပိုင်းကလေးဖြင့် ခွဲခြမ်းစိတ်ဖြာသည်။

လက်သမားအလုပ်ကို လုပ်ရင်း စိတ်ထဲ ပျော်နေမိ၏။ သို့သော် ကြာရှည် မလုပ်နိုင်။ တံခါးပိတ်ထားသဖြင့် လေမဝင်။ မကြာခဏ အပြင်သို့ထွက်၍ လေရှူရသည်။

အပြင်တွင် မှောင်နေပြီ။ ပျော်ပွဲစားရုံတစ်ခုကိုရှာပြီး ညစာစားလိုက်သည်။

နောက်နေ့မနက် ရှစ်နာရီတွင် ကားဂိုဒေါင်သို့ အရောက်လာခဲ့၏။ မွန်းတည့်ချိန်အထိ အလုပ်ဆက်လုပ်သည်။

ပြီးတော့ မနေ့ညက စားသည့် ပျော်ပွဲစားရုံကလေးမှာပင် နံနက်စာသွားစားသည်။ ပြင်သစ်စကားကို ချောမောစွာ ပြောတတ်ပြီး အလုပ်ခွင်ဝတ်စုံကို ဆင်မြန်းထားသော သူ့ကို စားပွဲရုံထဲတွင် အထူးတလည် ဂရုစိုက်သူ မရှိ။ သူ့လို ကိုယ်လို ဖြစ်နေသည် မဟုတ်ပါလား။

ညနေပိုင်းတွင် သစ်သားတွေကို စရွေးထွင်းသောအလုပ် ပြီးသွားသည်။ ပထမ ဘောင်ခွေသည်။ ပြီးတော့မှ ကန့်လန့်တန်းတွေ ထည့်သည်။ စရွေးဆန်နှင့် ဆောက်ထွင်းပေါက်တွေ အံဝင်ခွင်ကျ။ အဖို အမ ကွက်တိ။

မတ်တတ်ရပ်ပြီး ကြည့်သည်။ ကိုယ့်ဟာကိုယ် သဘောကျနေ၏။ ကြာသပတေးနေ့ဆိုလျှင် သည်အကန့်တွေ ပြည့်သွားပေလိမ့်မည်။

ဟိုတယ်ကို ပြန်ရောက်တော့ တယ်လီဖုန်းစာအုပ်ကိုလှန်ပြီး အငှားကားကုမ္ပဏီတစ်ခုကို ဖုန်းဆက်သည်။ လူဂျီရက်ကာအမည်ဖြင့် ဖီးယက် ဗင်တစ်စီး ငှားလိုက်သည်။

ကားကို မနက်ဖြန်တွင် ယူမည်။ ၂၄ နာရီ သုံးမည်။

*

လက်ကလဲယားက အစောင့်တစ်ယောက်နှင့်အတူ ခရေစီကို စောင့်နေသည်။ လမ်းပေါ်တွင် လူသူလေးပါး ကင်းရှင်းလျက် ရှိ၏။ ၁၁ နာရီ ၅ မိနစ်တွင် အပြာရင့်ရောင် ဖီးယက် ဗင်ကားတစ်စီးဝင်လာသည်။ မီတာ ၁၀၀ အတွင်း ရှေ့မီးကို ပိတ်ချည်ဖွင့်ချည်လုပ်ပြီး ကားရပ်သွားသည်။

"မင်း ဂိုဒေါင်ထောင့်က သွားစောင့်နေ။ ကား ထွက်မသွားမချင်း ပြန်မလာနဲ့၊ ကြားလား"

လက်ကလဲယားက ညစောင့်သမားကို အမိန့်ပေးလိုက်သည်။ ညစောင့် လုပ်သူ အမှောင်ထဲတွင် ပျောက်ကွယ်သွားသည်။ ကားက ရှေ့တိုးလာ၏။

"အိုကေလားဗျို့"

ခရေစီက ကားပေါ်မှဆင်းပြီး လှမ်းမေးလိုက်၏။

"အိုကေပါတယ်"

လက်ကလဲယားက ပြန်ပြောပြီး တံခါးဖွင့်လိုက်သည်။ ဖော့ကလစ် ဝန်ချီ စက်ကလေးပေါ်တွင် သေတ္တာသုံးလုံး တင်ထားပြီးသား။ ဧ၊ ဘီ၊ စီ ဟု စာလုံး ကြီးများနှင့် ရေးထားသည်။ လက်ကလဲယားက တစ်ခုချင်း တစ်ခုချင်း လက်ညှိုး ထိုးပြပြီး

"ခဲယမ်းမီးကျောက်၊ လက်နက်နဲ့ အခြားပစ္စည်းတွေ"

မိနစ်ဝက်အတွင်း သေတ္တာသုံးလုံး ကားပေါ်သို့ ရောက်သွားသည်။ ခရေစီက ကားပေါ်သို့ ခွေ့ခနဲ ပြန်တက်သည်။ လက်ကလဲယားက သူ့ကိုလှမ်းကြည့်ပြီး ပြောလိုက်သည်။

"မနက်ဖြန် ကျွန်တော့်ရုံးခန်းကို လာခဲ့ဗျာ။ မှတ်ပုံတင်တွေ အသင့်လုပ်ထား လိုက်မယ်"

ခရေစီက ခေါင်းညိတ်ပြပြီး ကားကို မောင်းထွက်သွားသည်။

မိနစ်လေးဆယ်လုံးလုံး မြို့ထဲတွင် ကားကို လျှောက်မောင်းနေလိုက်သည်။ အချိုးအကွေ့ အမျိုးမျိုးလုပ်ပြီး လျှောက်မောင်းနေခြင်းဖြစ်၏။ နောက်ယောင်ခံ ကား တစ်စီးမှမရှိကြောင်းသေချာမှ ရူကန်တီနက် လမ်းဘက်သို့ မောင်းလာခဲ့၏။

မော်တော်ကားရုံနှင့် မီတာ ၅၀ အကွာတွင် ကားကို ရပ်ထားလိုက်၏။ မီးမှိတ်လိုက်သည်။ စက်သတ်လိုက်သည်။

နာရီဝက်တိတိ ကားပေါ်တွင် ထိုင်ပြီး အခြေအနေကို စောင့်ကြည့်နေ လိုက်၏။ ပြီးတော့ ကားကို စက်နှိုးလိုက်ပြီး ကားရုံကလေးဆီသို့ နောက်ပြန်ဆုတ် သွားသည်။

သေတ္တာသုံးလုံးကို အမြန်ဆုံးနှုန်းဖြင့် ကားပေါ်မှ ပွေ့ချပြီး ကားရုံထဲသို့ သွင်းသည်။ ကားရုံသော့ကို ပြန်ပိတ်သည်။ ပြီးမှ ဟိုတယ်ဆီသို့ ပြန်မောင်းခဲ့သည်။ သူ့မျက်လုံးတွေက နောက်ကြည့်မှန်မှ မခွာ။

ငှားထားသည့် ကားကို မနက်စောစော ပြန်အပ်လိုက်သည်။

ကိုးနာရီတွင် ကားရုံသို့ ပြန်ရောက်လာသည်။ သေတ္တာသုံးလုံးကို ဖွင့်သည်။ သေတ္တာရှည်ကို ကားရှေ့ခန်း အံဝှက်ထဲသို့ ထည့်သည်။

လက်ပစ်ဗုံးနှင့် သေနတ်တွေကို အကန့်လိုက် အကန့်လိုက် သေတ္တာထဲသို့ သွင်းသည်။ လွတ်နေသည့်နေရာတွေကို ဂျူးစတွေနှင့် အပြည့်အကျပ်သိပ်သည်။ သေတ္တာ၏ပတ်ပတ်လည်ကို သက္ကလတ်ကြမ်းစဖြင့် လိုက်ကပ်သည်။ ပြီးမှ အံဝှက်အဖုံးကို ပြန်ပိတ်သည်။

သုတ်ထားသည့်ဆေးရောင် မပျက်စေရန် သတိကြီးစွာထားပြီး ခေါင်းမြှုပ်ဝက်အူတွေကို ပြန်စုပ်သည်။ အားလုံးပြီးမှ ခြေထောက်ကို ချဲလိုက်ပြီး တစ်ဖက်ဆီသို့ ဖိနင်းကြည့်သည်။ ကားအောက်မှ လေးတွေ အလုပ်လုပ်ခြင်းကို စစ်ဆေးကြည့်လိုက်ခြင်းဖြစ်၏။

ကျေနပ်သွားပြီး တစ်ယောက်တည်း ခေါင်းတညိတ်ညိတ်လုပ်နေ၏။

လက်နက်သယ်ပို့ယာဉ်ကလေး အသင့်ဖြစ်သွားပြီ။

*

လက်ကလဲယားက စာအိတ်တစ်လုံးကို စားပွဲရှေ့မှ ခရေစီဆီသို့ လှမ်းပေးလိုက်သည်။ ခရေစီက စာအိတ်ကို သွန်ချပြီး မှတ်ပုံတင်ကတ်ပြားတွေကို သေသေချာချာစစ်သည်။

"ကောင်းပါတယ်။ ကျူပ်ထင်တာထက် ပိုကောင်းနေတယ်။ ဘယ်လောက်ကျသလဲ"

"ဖရန့် ၁၁၀၀၀"

"တန်ပါတယ်ဗျာ"

ခရေစီက ငွေစက္ကူတွေကို နှိုက်ယူပြီး ရေတွက်ရင်း

"ကျန်တာတွေအတွက် ငွေချေဖို့ ခင်ဗျားနဲ့ ဂိုက်ဒို ညှိပြီးသား မဟုတ်လား"

"ဟုတ်ပါတယ်။ ဘရပ်ဆယ်မှာရှိတဲ့ ကျွန်တော့်ဘဏ်စာရင်းထဲကို သူထည့်ပေးလိမ့်မယ်။ အားလုံး ခင်ဗျားကို ကျူပ် အရင်းအတိုင်းပေးတာပါ။ တစ်ပြားမှ မတင်ထားပါဘူး"

"ကျေးဇူးပဲ လက်ကလဲယား။ ခင်ဗျားပြောတဲ့ ကျေးဇူးတွေဆိုတာ ကျေလောက်ရောပေါ့ဗျာ"

"ကျွန်တော့်အသက်ရဲ့တန်ဖိုးဟာ ဒီလောက်မနည်းပါဘူး ခရေစီ"

နှစ်ယောက်သား မတ်တတ်ထရပ်လိုက်သည်။ ခရေစီက လက်ကမ်းပေးရင်း

"ကျေးဇူးတုံ့ပြန်တဲ့နေရာမှာ နည်းတယ် များတယ်ဆိုတာ မရှိပါဘူးဗျာ။ သိတတ်တယ် မသိတတ်ဘူးဆိုတဲ့အပေါ်မှာသာ တည်တာပါ။ ပြောဘ် ဒါထက် ခင်ဗျားက အလုပ်နဲ့ပတ်သက်ပြီး အစိုးရပိုင်းနဲ့ဆက်ဆံနေရတော့ ကျုပ်တို့ ရောင်းတာ ဝယ်တာက တရားဝင်မဟုတ်ပေမဲ့ ခင်ဗျားမှာ အမေးအမြန်းတွေ ရှိလာနိုင်တယ်။ အဲဒီတော့လည်း ပြောလိုက်ပေါ့ဗျာ၊ ကျုပ် ရှိဒီးရှားအတွက်ပဲ ဝယ်တာဖြစ်မှာပေါ့လို့။ အဲ... ဒါပေမဲ့ ဒီမှတ်ပုံတင်ကိစ္စကိုတော့ ဘယ်သူမှ မပြောနဲ့နော်။ ဂိုက်ဒိုကိုတောင် မသိစေချင်ဘူးဗျာ"

လက်ကလဲယားက ပြုံးလိုက်ပြီး

"အိုကေ၊ ကျုပ်က လိုအပ်ရင် သိုးကလေးလို၊ ယုန်ကလေးလို နေတတ်နေပါပြီဗျ၊ စိတ်ချပါ။ ကဲ... ကံကောင်းပါစေ"

တံခါးဝတွင် ရပ်ပြီး ခရေစီက တစ်စုံတစ်ခုကို ချီတုံချတုံဖြစ်နေသည်။ ပြီးတော့မှ ဆုံးဖြတ်လိုက်ပြီး

"ခင်ဗျား ကျုပ်အတွက် တော်တော်ဒုက္ခခံတာပဲ လက်ကလဲယား၊ ကျေးဇူးပဲဗျာ"

ခရေစီ့အသံက တည်ငြိမ်လှသည်။ ပြီးတော့ စကားဆက်သည်။

"ကျုပ် ဒါအတွက် ခင်ဗျားကို အသိအမှတ်ပြုပါတယ်။ ခင်ဗျားမှာ ဘယ်လို အခက်အခဲမျိုးတွေ့တွေ့ ကျုပ်ကို အကြောင်းကြားပါ။ ဂိုက်ဒိုကတစ်ဆင့်ပေါ့လေ"

တံခါးပိတ်သွားပြီး လက်ကလဲယား ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်သည်။ ခရေစီလိုလူမျိုးထံမှ တစ်သက်လုံး မကြားဖူးသည့် စကားလုံးမျိုးကို ကြားလိုက်ရ၍ ဖြစ်၏။

နဖူးနှင့် ရင်ဘတ်ကို ညာလက်ဖြင့်ထိ၍ လက်ဝါးကပ်တိုင် အမှတ်အသား ပြုကာ ဘုရားတလိုက်သည်။

*

ဂိုက်ဒိုက ဝရန်တာတွင် ရပ်ပြီး ဆိပ်ကမ်းသို့ ဝင်လာသည့် သင်္ဘောကြီးကို မှန်ပြောင်းဖြင့် လှမ်းကြည့်နေသည်။ မှတ်ပုံတင်အတွက် ပူစရာမရှိ။ သို့သော် မာဆေးက လာသည့် မော်တော်ယာဉ်ဆိုလျှင် ရှာဖွေရေးက စေ့စေ့စပ်စပ်ရှာတတ်သည်။ သင်္ဘောရှေ့တံခါးကြီးပွင့်သွားပြီး ကားကလေးတွေ ဝမ်းဗိုက်ထဲမှ အန်ထွက်လာသည်။ ကားကြီးတွေက နောက်မှ ဆင်းရသည်။ အားလုံး သုံးလိုင်းစီပြီး ထွက်လာကြသည်။

မီးခိုးရောင် တိုယိုတာ ဗင်ကားကလေးကို ဂိုက်ဒိုက အာရုံစိုက်ပြီးကြည့်နေ၏။

စစ်ကြောရေးရုံးခန်းနံဘေးသို့အရောက်တွင် ခရေစီက ကားထဲမှ ထွက်လာသည်။ ပျင်းရိပျင်းတွဲ မထုံတက်သေးနှင့်။ ဝတ်ထားသည့် ဂျင်းဝတ်စုံက အရောင်လွင့်ပြယ်နေပြီ။ လက်ထဲမှ စာအိတ်ညိုကြီးကို ခြေသလုံးနှင့် တဖျပ်ဖျပ် ရိုက်နေ၏။

မိနစ်နှစ်ဆယ်ကြာမှ သူ့အလှည့်ကို ရောက်လာသည်။ စစ်ကြောရေး ပုဂ္ဂိုလ်က သူ့ဆီသို့ လျှောက်လာသည်။

ထိုအခိုက်တွင် ပီထရို အပြင်ထွက်လာပြီး လှမ်းမေးသည်။

"သူ ပါလာပြီလား ဆရာ"

"အေး"

ဂိုက်ဒိုက မှန်ပြောင်းအကြည့်မပျက် ပြန်ပြောလိုက်သည်။

အမှုထမ်းတစ်ယောက်က ခရေစီ့မှတ်ပုံတင်နှင့် စာရွက်စာတမ်းတွေကို သေသေချာချာ ကြည့်ရှုစစ်ဆေးနေသည်။

ပြီးတော့ စာအိတ်ကို ပြန်ပေးကာ ကားပေါ်သို့ တက်သည်။

ဂိုက်ဒို့စိတ်ထဲတွင် ထိုတဒင်္ဂကို တစ်ကမ္ဘာကြာသည်ဟု ထင်သည်။

ဟိုက်... သူ့လက်ထဲမှာ ဘာပါလိမ့်။ တစ်စုံတစ်ခုကိုကိုင်ပြီး ကားပေါ်မှ ဆင်းလာသည်။ ဂိုက်ဒိုက မှန်ပြောင်းကို ပြန်ချိန်ပြီး သေသေချာချာကြည့်သည်။ သူ့လက်ထဲမှ အရာဝတ္ထုကို ကွဲကွဲပြားပြား မြင်ရတော့မှ ဟာ သေတော့မှာပဲ။ ဂိုက်ဒို ခုမှ သက်ပြင်းချနိုင်တော့၏။

"ဆရာ ဘာလဲဟင်"

ပီထရိုက မေးလိုက်သည်။

"ဖရဲသီးကွ။ မအေပေးတွေက ဂိတ်ကြေးယူလိုက်တာထင်ပါရဲ့"

ပီထရိုက ရယ်ပြီး

"ဂိတ်ကြေးကလည်း ဈေးပေါလှချည်လား ဆရာ"

မီးခိုးရောင် ကားကလေးကို လုံခြုံရေး ဂိတ်အနီးတွင် တစ်ခါ ရပ်ပေးရ ပြန်သည်။ သို့သော် ခဏအတွင်း ကိစ္စပြီးသွားသည်။

ဂိုက်ဒိုက မှန်ပြောင်းကိုချပြီး နာရီကို ကြည့်လိုက်သည်။

"သူ တစ်နာရီအတွင်း ရောက်လာမှာပါ။ ငါ အပြင်မှာထွက်ပြီး သူနဲ့အတူ နေ့လယ်စာ စားမယ်။ ဆိုင်မှာ မင်းတစ်ယောက်တည်း ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ဆရာ။ ကျွန်တော် ဆုမွန်ကောင်း တောင်းပေးနေတဲ့အကြောင်း ပြောပေးနော်"

"အေးအေး၊ ငါ ပြောပေးပါမယ်ကွာ။ သူ့ကို ဆုတောင်းပေးဖို့ တကယ် လိုနေပြီကွ"

*

ဂိုက်ဒိုက ပျော်ပွဲစားရုံထဲသို့ ပတ္တမြားအိတ်တစ်လုံးကို ကိုင်ပြီး ဝင်သွားသည်။

အတွင်းမှ ခပ်မှိန်မှိန်အလင်းရောင်ကို မျက်စိ ကျင့်သားရသွားအောင် တံခါးဝတွင် အသာရပ်နေလိုက်သည်။

အချိန်မှာ မွန်းမတည့်သေး။

ခရေစီကို အခန်းထောင့် စားပွဲတစ်လုံးတွင် တွေ့ရ၏။ တစ်ဆိုင်လုံးတွင် ပျင်းရိပျင်းတွဲစောင့်နေသည့် စားပွဲထိုးတစ်ယောက်နှင့် ခရေစီသာရှိ၏။ တိတ်ဆိတ် ငြိမ်သက်နေသည်။ ဂိုက်ဒိုဝင်လာသည်ကိုမြင်တော့ ခရေစီက ထလာပြီး ဝမ်းသာ အားရ ပွေ့ဖက်လိုက်၏။

ဂိုက်ဒိုက သူ့မိတ်ဆွေကြီးကို နောက်တစ်လှမ်းဆုတ်ပြီး သေသေချာချာ ပြန်ကြည့်သည်။

"ခင်ဗျားနဲ့ ဂိုဇို တည့်တယ်ထင်တယ် ခရေစီ။ ခင်ဗျား ဆယ်နှစ်လောက် ပြန်ငယ်သွားသလိုပဲ"

ခရေစီက ပြုံးလျက်

"မင်းကို အားလုံးက အောက်မေ့နေကြတယ်ကွ"

နှစ်ယောက်သား ထိုင်ပြီး နေ့လယ်စာ စားကြသည်။

စားပွဲထိုး ထွက်သွားသည်နှင့် ဂိုက်ဒိုက မေးသည်။

"မာဆေးမှာ အားလုံး အဆင်ချောရဲ့လား"

"အားလုံး ကွက်တိပဲကွ။ လက်ကလဲယားကလည်း ငါထင်တာထက် ပိုပြီး အကူအညီပေးပါတယ်။ မင်း ခြိမ်းခြောက်တာကိုတော့ ငနဲ နာကောက်နေတယ်"

ဂိုက်ဒိုက ရယ်ပြီး

"ဘာပဲဖြစ်ဖြစ်လေ အလုပ်ဖြစ်ဖို့က အဓိကပဲ။ ဒါ့ထက် နာဒီယာကော"

ဂိုက်ဒို့အမေးကြောင့် ခရေစီ ခဏတွေသွားသည်။

"နေကောင်းပါတယ်။ တို့အကြောင်း မင်းသိနေပြီနော်"

"ကျွန်တော် ခန့်မှန်းမိပါတယ်"

ဂိုက်ဒိုက နာဒီယာ သူ့ဆီ ဖုန်းဆက်သည့် အကြောင်း၊ နောက်ဆုတ်ဖို့ တိုက်တွန်းပြောဆိုခဲ့ပုံအကြောင်းကို ပြန်ပြောပြသည်။

"ဒါပေမဲ့ ကျွန်တော် သိပါတယ်။ သူ ဘယ်နည်းနဲ့မှ နောက်မဆုတ်ဘူး ဆိုတာလေ"

ခရေစီက ခေါင်းယမ်းပြီး

"ဟုတ်တယ်ကွာ၊ ဘယ်လိုမှ ပြောလို့မရဘူး"

"ခင်ဗျားထွက်လာတော့ သူ ဘယ်လိုကျန်ခဲ့သလဲ"

ခရေစီက ပခုံးတွန့်လိုက်၏။ သူကိုယ်တိုင် အံ့သြခဲ့ရသည့်အဖြစ်။

"ဒီအတိုင်းပဲ။ ဘာမှမဖြစ်သလိုပဲ။ မျက်ရည်တစ်ပေါက် မကျဘူး။ တော်တော်လေး ဆန်းတဲ့ ကလေးမကွ"

စားပွဲထိုးက စားစရာတွေနှင့် ဝိုင်တစ်ပုလင်း ယူလာပေးပြီး ပြန်ထွက်သွားသည်။

"မာဆေးအရောက် ကားသွားဖို့ ပေးတာ ပီထရိုဗျ။ ရောမနဲ့ မီလန်မှာ အောက်ခြေသိမ်းအလုပ်တွေကို သူပဲလုပ်သွားတာ"

"ချာတိတ်က လူတော်ပဲကွ"

နှစ်ယောက်စလုံး စကားမပြောဘဲ ငြိမ်သက်စွာ စားသောက်နေကြ၏။ ပီထရိုကို စိတ်ချရသည်ဟု ယုံကြည်ထား၏။ သို့သော် ခရေစီက တစ်စုံတစ်ခုကို ပြောဖို့ လိုသေးသည်ဟု ထင်နေ၏။

"သူ့မှာ အန္တရာယ်တော့ ရှိနိုင်တယ်နော်"

ဂိုက်ဒိုက ခေါင်းညိတ်ပြီး

"အလုပ်စတာနဲ့တစ်ပြိုင်နက် သူ့ကို ဂိုဇိုမှာ သွားရှောင်နေခိုင်းဖို့ စဉ်းစားပြီးသားပါ။ သူလည်း အနားရတာပေါ့"

"အေးကွာ ပေးသင့်တာပေါ့။ ဒါထက် သူ မရှိတော့ကော မင်းတစ်ယောက်တည်း ဖြစ်ပါ့မလား"

ဂိုက်ဒိုက ပြုံးလိုက်၏။

"ကျွန်တော်လည်း ဆိုင်ခဏပိတ်ထားမယ်လေ။ အမြဲတမ်း စားနေတဲ့ လူတွေလောက်ပဲ ဆက်ကျွေးနေမယ်။ ဒါဆို အလုပ်အများကြီး ပေါ့သွားမှာပေါ့"

ဝင်ငွေကျသွားမည်ဖြစ်၍ စိတ်မကောင်းကြောင်း လောကဝတ်စကားကို ခရေစီ မဆို။ သူတို့နှစ်ဦးအကြားတွင် ဒါတွေ မလိုဘူးလေ။

ဂိုက်ဒိုက ပတ္တူအိတ်ထဲမှ သော့တွဲ ငါးတွဲ ထုတ်ယူလိုက်၏။ လမ်းမြေပုံ နှစ်ပုံနှင့် ဖိုင်တွဲတစ်ခုလည်းပါသည်။ သော့တွဲများတွင် စာတန်းကတ်ပြားလေးများ ပါပြီးသား။

"မီလန်က အခန်းအတွက်ရယ်၊ ဗိုင်ဂျင်တီနိုက တိုက်ပုကလေးအတွက်ရယ်၊ မြို့အပြင်ကလေးတင်ပဲ။ ပြီးတော့ ရောမက အခန်းအတွက်ရယ်၊ နောက်တစ်ခုက ရောမမှာသုံးမယ့် ရေးနေ့ ကားအတွက် သော့"

ဂိုက်ဒိုက သော့တွဲတွေကို လှမ်းပေးရင်း ရှင်းပြသည်။

ခရေစီက ပြုံးပြီး

"အင်း... ငါလည်း ဂိုဒေါင်မှူးနဲ့ တူနေပါပြီလား"

ဂိုက်ဒိုက ပြန်ပြုံးလိုက်၏။

"အဲဒါတွေအားလုံး သုံးလအတွက် ငှားထားတာ။ လွန်ခဲ့တဲ့ ၁၁ ရက်က စငှားလိုက်တာလေ"

"မင်းဆီကို မီးခိုးကြွက်လျှောက် လိုက်မလာနိုင်ဘူးလား ဂိုက်ဒို"

ဂိုက်ဒိုက ခေါင်းယမ်းပြီး

"ဘယ်လိုမှ မလိုက်နိုင်ပါဘူး။ တိုက်ပုလေးနဲ့ တိုက်ခန်းကို ဘရပ်ဆယ်က ရီမှာ့စ်ဆိုတဲ့လူက ငှားတာလေ။ အဲဒီလူနဲ့ ကျွန်တော့်ကြားမှာ ဘာအဆက်အသွယ်မှ မရှိဘူး။ ကားကိုတော့ လူဂျီရက်ကာ နာမည်နဲ့ ငှားထားတယ်။ ဒီလူက တကယ် ရှိတဲ့လူ။ ကံကောင်းချင်တော့သူက သူ့သမီးရှိတဲ့ ဩစတြေးလျကို သွားနေတယ်"

ဂိုက်ဒိုက လမ်းမြေပုံကို ဖြန့်လိုက်သည်။ မီလန်တွင် ငှားထားသည့် တိုက်ရှိရာ နေရာကို ဝိုင်းပြထား၏။

"သိပ်လွတ်လပ်တိတ်ဆိတ်တဲ့ နေရာကလေးပဲ။ နောက်ဘက်မှာ သော့ခတ်ထားတဲ့ ကားရုံရှိတယ်။ ကားရုံထဲမှာ အယ်လ်ဖက်တာ ကားလေး ရှိတယ်"

ဂိုက်ဒိုက ရောမရှိ တိုက်ခန်းနေရာကို ထောက်ပြပြီး

"ရောမ ဘန်ဂလိုကတော့ ကားရုံနဲ့ ဝေးတယ်။ နှစ်ပြလောက် ရှိမယ်။ အဲဒီကားရုံထဲမှာတော့ ရေးနေ့ရှိမယ်။ တိုက်ခန်းမှာရော ဘန်ဂလိုမှာပါ စားစရာတွေနဲ့ ဘူးတွေ အမျိုးစုံ ထည့်ထားပြီးသား"

ဂိုက်ဒိုက ဖိုင်တွဲကို ပုတ်ပြပြီး

"လိပ်စာတွေကတော့ ဒီအထဲမှာ အားလုံးပါတယ်"

"အိုကေ။ ဒါ့ထက် ဟိုဟာကလေးတွေရော လုပ်ဖြစ်မလား"

ဂိုက်ဒိုက ရယ်ပြီး ပတ္တူအိတ်ထဲမှ ပြောင်လက်နေသည့် ဆလင်ဒါပုံလေး နှစ်ခုကို နှိုက်ယူပြီး ခရေစီအား လှမ်းပေးလိုက်သည်။ သူက တစ်ခုစီကို သေသေချာချာ စစ်ဆေးကြည့်ရှုနေသည်။

အသုံးပြုထားသည့် သတ္တုပြားမှာ ပြောင်လက်နေ၏။ အရှည် သုံးလက်မ ခွဲခန့်ရှိပြီး အချင်းမှာ တစ်လက်မခန့် ရှိသည်။ အဖျားနှစ်ဖက်ကို ရှူးထား၏။ အစွန်းပိုင်းကို လှည့်ချွတ်လိုက်တော့ လှပသေသပ်သည့် အရစ်ကလေးများမှတစ်ဆင့် ကျွတ်ထွက်လာသည်။

အတွင်းပိုင်းကို လက်နှင့်စမ်းကြည့်သည်။ အပြင်ဘက်အတိုင်း ချောမွတ်နေသည်။

ဂိုက်ဒိုက ဆလင်ဒါကလေးနှစ်ခုကို ပြန်ယူပြီး အိတ်ထဲသို့ ထည့်ရင်း

"ဝပ်ရှော့တစ်ခုမှာ လုပ်ထားခိုင်းတာလေ။ နည်းနည်းကြီးထားတော့ အတော်ကလေး အခံရခက်နေမှာပဲဗျ"

ခရေစီက ယဲ့ယဲ့မျှ ပြုံးလိုက်၏။

"ငါက သက်သက်သာသာ လုပ်မှာပါကွာ"

ဂိုက်ဒိုက မြေပုံတွေကို ဖယ်လိုက်သည်။ ဖိုင်တွဲကိုမူ ခရေစီ့ရှေ့တွင် သည်အတိုင်း ချန်ထားခဲ့၏။

"ခင်ဗျား ဗာဂူဝါကို မှတ်မိလား ခရေစီ၊ ပြင်သစ်ကြေးစားတပ်ထဲတုန်းကလေ"

"မှတ်မိသားပဲ။ အာရ်၊ အီး၊ ပီ တပ်ခွဲ ၂ က မဟုတ်လား။ ထွက်သွားတာလေ၊ အသက်ကြီးကြီး"

"ဟုတ်တယ်၊ ဟုတ်တယ်၊ သူပဲ။ သူ အခု နေပယ်လ်မှာ ရောက်တယ်ဗျ။ သူ တပ်ကထွက်ပြီး ဆယ်နှစ်လုံးလုံး မြေအောက်ဘုရင် ကင်တာရီလာရဲ့ စစ္စလီဌာနခွဲမှာ လုပ်နေတာတဲ့"

"ခုတော့ သူ့ကို ပထုတ်လိုက်ပြီလေ။ ဒီမှာရှိတဲ့ သူ့သမီး အိမ်ထောင်သည် တစ်ယောက်နဲ့ လာနေတာတဲ့။ ကျွန်တော့်ဆိုင်ကို မကြာမကြာ လာစားတယ်။ ရှေးဖြစ်ဟောင်းတွေ ပြန်ပြီး ချေးခြောက် ရေနူးတာပေါ့လေ။ သူနဲ့ ကျွန်တော်

တယ်ထဲမှာတုန်းက မသိလိုက်ပါဘူး။ ကျွန်တော်ရောက်ပြီး မကြာခင် သူထွက်သွား
တာကိုး။ ဒါပေမဲ့ ခင်ဗျားကိုတော့ သူ ကောင်းကောင်းမှတ်မိနေတယ်။ ဗီယက်နမ်
အကြောင်းလည်း ခဏခဏပြောတယ်"

ခရေစီက ခေါင်းညိတ်ပြီး

"တော်တော်စကားများတဲ့ အဘိုးကြီးကွ။ တို့အစီအစဉ်တွေ သူ သိသလား"

ဂိုက်ဒိုက ခေါင်းယမ်းလိုက်သည်။

"လုံးဝ မသိပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ စဉ်းစားဖို့ ကောင်းတာက
ကင်တာရီလာကို သူ တော်တော်နာကြည်းနေတဲ့ အချက်ပဲ။ သူ့ကို ပစ်စလက်ခတ်
ပစ်ထားတယ်ဆိုပြီး အဘိုးကြီးက အတော့်ကို မကျေမချမ်းဖြစ်နေတယ်ဗျ။ သူ့
ဝသီအတိုင်းပြောတာလည်း ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ ကျွန်တော်တို့အတွက်
အမြတ်ပဲ။ နည်းနည်းလေး အစ်လိုက်တာနဲ့ ကင်တာရီလာရဲ့ 'ကိုလာစီ' စံနန်းတော်
အကြောင်း အိတ်သွန်ဖာမှောက် ပြောတော့တာပဲဗျ"

ဂိုက်ဒိုက ဖိုင်တွဲကိုလှမ်းပေးလိုက်ရင်း

"ကျွန်တော် စုဆောင်းလို့ရသမျှ အားလုံး မှတ်စုထုတ်ထားတာလေ"

ခရေစီက ဖိုင်တွဲကို ဖတ်နေသည်။ ကိုလာစီရဲ့ အနေအထားပုံကြမ်းတွေ
အမျိုးမျိုးပါသည်။ ရေးထားသည့် မှတ်စုတွေက စာမျက်နှာပေါင်းများစွာ။

ဂိုက်ဒိုကို မော့ကြည့်လိုက်သည်။

"တကယ်တန်ဖိုးရှိတဲ့သတင်းတွေကို မင်း ရလိုက်တာပဲ ဂိုက်ဒို။ ငါ တကယ်
တန်ဖိုးထားပါတယ်ကွာ"

ဂိုက်ဒိုက ဘာမှမပြောဘဲ ပခုံးကို တွန့်ပြပြီး စားပွဲထိုးကို ကော်ဖီယူလာရန်
လှမ်းမှာလိုက်၏။

"သတင်းတွေ အဆက်မပြတ်ရနေဖို့ အရေးကြီးတယ်ဆိုတာ ကျွန်တော်
သိပါတယ်လေ။ ဒါမှ ခင်ဗျားအတွက် အချိန်ကုန် အများကြီးသက်သာမှာမဟုတ်လား"

ခရေစီက မြေပုံတွေနှင့် ပုံကြမ်းတွေကို ငုံ့ကြည့်နေရာမှ ခေါင်းညိတ်ပြီး

"ဒါပေါ့၊ ဒါပေါ့။ အင်း၊ ကိုလာစီစံအိမ်ကြီးရဲ့ ဖွဲ့စည်းပုံကတော့ ရဲတိုက်ကြီး
တမျှပဲ။ ကင်တာရီလာက အဲဒီအထဲက ဘယ်မှမထွက်ဘူးတဲ့"

"သူ့မှာ အန္တရာယ်ရှိနေပြီဆိုတာ သူသိရင် ပိုတောင်မထွက်ဘဲနေဦးမယ်။
အထဲကိုဝင်ဖို့နည်းလမ်း စဉ်းစားပြီးပြီလား"

"နည်းလမ်းတွေ အများကြီးပါကွာ။ ဒါပေမဲ့ ထပ်တော့လေ့လာရဦးမှာပေါ့"

စင်စစ် အထဲကိုဝင်ဖို့ သူ စီမံကိန်း ဆွဲထားပြီးသား။ လွန်ခဲ့သည့် သုံးလက ပါလာမိုကို ရောက်ပြီးတော့ ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်၏။ ဂိုက်ဒိုနှင့်တိုင်ပင်ဖို့ ဖြစ်သော်လည်း အကြောင်းတစ်ခုရှိနေ၍ မပြောဘဲ ချိုထားခြင်းဖြစ်၏။

ကော်ဖီရောက်လာသည်။ တစ်ကျိုက်ချင်းသောက်ရင်း ခရေစီက ပြန်ကောက်လာသည်။

"ရောမမှာ ကွန်တီကို ရှင်းပြီးရင် ငါ ကိုယ်ရောင်ဖျောက်နေမယ်။ အခြေစိုက်စခန်း သတ်မှတ်မထားတော့ဘူး။ ဘယ်သူနဲ့မှလည်း အဆက်အသွယ်မလုပ်တော့ဘူး။ ကားနစ်စီးလုံးကိုလည်း ဖျောက်ဖျက်ပစ်လိုက်ရမယ်၊ ဟုတ်တယ်မဟုတ်လား"

"ဒါပေါ့။ မဟုတ်ရင် ကင်တာရီလာကရော ရဲကပါ ဘယ်သူ့လက်ချက်ဆိုတာကို ခြေရာကောက်လို့ ရသွားမှာပေါ့"

ခရေစီက ခေါင်းညိတ်လိုက်၏။

"ငါက မင်းနဲ့ပါ ဖြတ်ထားလိုက်တော့ အမေးအမြန်းရှိလာတောင် မင်းဘာမှမသိဘူးလို့ ပြောနိုင်တာပေါ့။ သိနေရင် ဖြေရတော့မယ်လေ။ မသိတော့ အန္တရာယ်ပိုကင်းတာပေါ့"

"ခင်ဗျားအတွက် ပိုခက်နေမလားလို့။ အရေးအကြောင်းကြုံလာရင် ကျွန်တော်မကူညီနိုင်ဘဲ ဖြစ်မှာပေါ့"

ခရေစီက ပြုံးလိုက်ပြီး

"ကောင်းပြီလေ။ ဒါဖြင့် အရေးအကြောင်းဆိုတာမျိုးဖြစ်လာရင် တို့ ဆက်သွယ်မယ်။ မထူးရင်တော့ လုံးဝဖြတ်ထားကြရအောင်။ ဖုန်းနဲ့တော့ ငါ မပြောချင်ဘူး။ ငါ ဘယ်လိပ်စာနဲ့ ဆက်သွယ်ရမလဲ"

ဂိုက်ဒိုက ဖိုင်တွဲကို လက်ညှိုးထိုးပြပြီး

"ကျွန်တော် အဲဒီအထဲက ပထမ စာမျက်နှာမှာ စာတိုက်ဖုန်းတစ်ခုရဲ့ နံပါတ် ပေးထားတယ်။ ဆက်သွယ်ရမယ့် အချိန်လည်း ပါတယ်။ ခင်ဗျား မခေါ်နဲ့။ သတ်မှတ်ထားမယ့်အချိန်မှာ ကျွန်တော်ခေါ်မယ်"

ခရေစီက တယ်လီဖုန်းနံပါတ်ကို ရှာပြီး ဖတ်နေ၏။

"ကောင်းပြီလေ၊ အားလုံး အိုကေ ဆိုရင်တော့ ပြီးတဲ့ထိ တို့ မတွေ့ကြတော့ဘူးနော်"

စကားပြတ်ပြီး ငြိမ်သွားကြ၏။

"ခင်ဗျား ခုထိ ဆုံးဖြတ်ချက်ကို ပြင်ဖို့ မစဉ်းစားသေးဘူးထင်တယ်"

"ဟင့်အင်း မဖြစ်ဘူး ဂိုက်ဒို၊ ငါသူတို့ကို သဲကြီးမဲကြီး လိုချင်နေတယ်"

"ကျွန်တော်က နာဒီယာ့ကြောင့် ခင်ဗျား စိတ်ပြောင်းသွားမယ် ထင်နေသေးတာ"

ခရေစီက အတန်ကြာ စဉ်းစားပြီးနေသည်။

ထို့နောက် ဦးခေါင်းကို မသိမသာ ယမ်းပြီး

"နာဒီယာကို ငါချစ်ပါတယ် ဂိုက်ဒို။ သူကလည်း ငါ့ကို နှစ်နှစ်ကာကာ ရှိပါတယ်။ ဒါပေမဲ့ ငါ့ရင်ထဲကမီးကို အဲဒီအချစ်စိတ်နဲ့ မငြိမ်းအေးနိုင်ဘူး။ ငါ့ရင်ထဲမှာ ပင်တာကလေး ရှိနေသေးတယ်။ သူ့အတွက် လုပ်စရာရှိတာတွေကို ဆက်လုပ်ရမှာပဲ"

သူ့မျက်နှာ လေးထောင့်ကြီးမှာ လေးနက်တည်ငြိမ်နေ၏။ သူ့အသံက စိတ်လှုပ်ရှားမှုဖြင့် လှိုင်းထနေ၏။

"ငါ နာဒီယာကို အားလုံးပြောပြလိုက်တယ်။ တော်တော်တော့ ဆန်းတယ်ကွ။ သူက ငါ့ကို မတားတဲ့အပြင် ငါနဲ့ တစ်သဘောတည်းဖြစ်နေတယ်။ ခုထိ ငါ့နံဘေးမှာ လိုက်ပြီး အားပေးနေသလိုပဲ"

ခရေစီက ကုလားထိုင်ကို နောက်ပစ်မှီလိုက်ပြီး သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။ လှုပ်ရှားနေသည့်စိတ်ကို ငြိမ်အောင် ထိန်းနေ၏။

"ငါ့အလုပ်နဲ့ နာဒီယာနဲ့ ပြဒါးတစ်လမ်း သံတစ်လမ်းပဲဆိုတာ ငါ သိပါတယ်ကွာ။ သူ့အကြောင်း မတွေးမိအောင်လည်း ငါကြိုးစားရမှာပဲ"

ခရေစီက ပြုံးလိုက်ပြီး

"မင်း ယုံကော ယုံရဲ့လား ဂိုက်ဒို။ ငါလို ငါးဆယ်ကျော် သက်ကြားအိုကြီးက အချစ်အကြောင်းတွေ ပြောနေတာလေ"

ဂိုက်ဒို့ရင်ထဲတွင် နင့်သွားသည်။ ခေါင်းကို အသာယမ်းနေမိ၏။

"ခင်ဗျား ဘယ်တော့စမှာလဲ"

ခရေစီက ရှေ့သို့ ကိုင်းလာပြန်သည်။ သူ့ဖြေသံက ခပ်ပေါ့ပေါ့ပင်။

"ငါ ဒီနေ့ မီလန်ကို ဆက်သွားမယ်လေ။ မနက်ဖြန် အစောကြီး မင်းငှားထားတဲ့ ဘန်ဂလိုကို ငါရောက်နေမှာပဲ။ ပထမ ရက်ဘီယာနဲ့ ဆန္ဒရီကို အမိ

ဖမ်းရမယ်။ သူတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်ကိုပဲ ငါ စကားပြောဖို့ လိုမှာပါ။ ရက်ဘီယာနဲ့ ပြောဖြစ်မယ်ထင်တယ်။ သူက ဦးနှောက်သိပ်မရှိတဲ့ ဗလ အားကိုးသမား မဟုတ်လား။ ဆန္ဒရီထက် သူ့ဆီက လိုချင်တာကလေးတွေ ပိုပြီး မြန်မြန်ရမယ်လေ"

ပခုံးတစ်ချက်တွန့်လိုက်၍

"တစ်ရက်နှစ်ရက် စောင့်ကြည့်ပြီး ငါ သူ့ကို ကုတ်မယ်"

ဂိုက်ဒို စားပွဲပေါ်မှ ဖိုင်တွဲကို ပတ္တူအိတ်ထဲသို့ ပြန်ထည့်သည်။ ထို့နောက် ဇစ်ကို ဆွဲပိတ်လိုက်သည်။

နှစ်ယောက်စလုံး ထရပ်လိုက်ကြ၏။

"ကဲ ခင်ဗျားအရင်ထွက်"

"အိုကေ။ ပီထရိုကို ပြောလိုက်ပါကွာ၊ ကျေးဇူးတင်ပါတယ်လို့"

"ကျွန်တော် ပြောလိုက်ပါ့မယ်။ သူကလည်း ခင်ဗျားအတွက် ဆုတောင်းပေးမယ့်အကြောင်း မှာလိုက်တယ်"

တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ပြီး နှုတ်ဆက်ကြသည်။ ခရေစီက ပတ္တူအိတ်ကို ကောက်ယူပြီး ထွက်သွားသည်။

❑

## (၁၄)

ရက်ဘီယာတစ်ယောက် ယနေ့ အလုပ်များနေသည်။

ပင်ပန်းသည့်အလုပ်မျိုးတော့ မဟုတ်။

မီလန်မြို့ရှိ အရက်ဆိုင်တကာကို နှစ်နာရီလုံးလုံး လည်သောက်နေသည့် အလုပ်။

ကြာသပတေးနေ့ဆိုတော့ ဆရာကြီးထံမှ ငွေထုတ်ရသည့်နေ့လေ။ သူ့အတွက် လခထုတ်ရက်ပေါ့။

ရက်ဘီယာမှာ ရောမ ဗလကြီးဖြစ်သည်။ အလွန်လည်း စိတ်မြန်၏။ သူ စိတ်တိုလာပြီဆိုလျှင် သူ့လှုပ်ရှားမှုတွေ မြန်ဆန်လာတတ်သည်။ လူတွေကို ရိုက်နှက်ရသည့်အလုပ်မျိုး၌ အလွန်ဝါသနာထုံသူဖြစ်၏။ သူ့အလုပ်နှင့်သူ အလွန် လိုက်ဖက်၏။ လူမှန် နေရာမှန် ဖြစ်၏။ သူ့ဆရာသခင်တွေ ပေးအပ်သည့်တာဝန်ကို ကျေကျေပွန်ပွန် ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်သူလည်း ဖြစ်၏။

သန်းခေါင်ကျော်လောက်တွင် အရက်ဘားတကာကို အနံ့သွားသည်။

ပြီးတော့မှ ညကလပ်တွေဘက်သို့ ဦးလှည့်သည်။

သူက ရောမ ခန္ဓာကိုယ်ကြီးကို ပို၍ အဟန့်ကြီးအောင် ဂျာကင်အင်္ကျီ ဖားဖားကြီး ဝတ်ထားသည်။ ချိုင်းအောက်တွင် ဘာရက်တာ ပစ္စတိုက အမြဲပါသည်။ ညာလက်မောင်းတွင် သားရေအိတ်တစ်လုံး ချိတ်ထားသည်။ ကြိုးရှုံ့ဆာလာအိတ်။ အိတ်တစ်ဝက်လောက်က ဖောင်းနေသည်။

ကားမရပ်ရဟု အထင်အရှားရေးထားသည့် နေရာကိုရွေးပြီး သူက

လန်စီယာ ကားကြီးကို ထိုးရပ်လိုက်၏။ 'ပါပါဂါယို' ညကလပ်၏ရှေ့တွင် ဖြစ်၏။

ကားထဲမှ သက်သောင့်သက်သာ ဆင်းလိုက်သည်။

သူက သည်ကားကြီးအတွက် အမြဲတမ်း ဂုဏ်ယူတတ်သူဖြစ်သည်။ ဆေးရောင်က ငွေမှုန်ကြဲ။ ကားဘွန်းက စတီးရီယို။ တီးလိုက်လျှင် ဂီတသံစုံထွက်သည့် ဟွန်းမျိုး။ နောက်ပိုင်းမှန်နှင့်ကပ်လျက် ဂျာမန် ခွေးရုပ်ကလေးတစ်ခု။ သူ့ကို ကောင်မလေးတစ်ယောက် လက်ဆောင်ပေးထားခြင်း ဖြစ်၏။ ကားသွားနေလျှင် ခေါင်းကလေး တညိတ်ညိတ်နှင့်။

ရက်ဘီယာက သူ့ကားကို ဘယ်တော့မှ သော့ခတ်သွားလေ့ မရှိ။ စက်နှိုးသည့် သော့ချောင်းကလေးကိုပင် ဖြုတ်ယူမသွား။ သည်ကား၏ပိုင်ရှင်ကို မီလန်ရှိ သူခိုးပေါက်စကလေးကအစ သိနေသည် မဟုတ်လား။ ဘယ်သူထိရဲမလဲ။

ကလပ်ပိုင်ရှင်က သူ့ကိုမြင်လိုက်သည်နှင့် လက်ဖျောက်တီး အချက်ပေးလိုက်သည်။ ဘားကောင်တာ ဝန်ထမ်းက ခွက်ထဲသို့ ဝီစကီအပြည့် လောင်းထည့်ပြီးသား ဖြစ်သွား၏။

ဝီစကီကို ဟန်ပါပါနှင့်သောက်ပြီးမှ အခန်းထဲသို့ တစ်ချက်ဝေ့ကြည့်သည်။

စန္ဒရားသမားက တစ်ယောက်တည်း။

ကနေကြသည့် စုံတွဲတွေက အများကြီး။

ကောင်မကလေးတွေက ညကလပ်မယ်ကလေးတွေဖြစ်သည်။ အမျိုးသားတွေက လူလတ်ပိုင်းတွေ။ ကုန်သည်ပွဲစားလောကမှ လျှမ်းလျှမ်းတောက် အောင်မြင်နေသည့် ပုံစံတွေ။ တော်ရုံတန်ရုံလူ လာနိုင်သည့် ညကလပ်မျိုး မဟုတ်။

အဝတ်လဲသည့်အခန်းမှထွက်လာသည့် အမျိုးသမီးကလေးကို ရက်ဘီယာက စောင့်ကြည့်နေ၏။ တင်ကားကား ရင်ထွားထွားနှင့်။ လည်ပင်းပေါက် မတရား ဟိုက်ထားသည့် အင်္ကျီမျိုးကို ဝတ်ထား၏။

သည်သူငယ်မကို အရင်က မတွေ့ဖူးခဲ့။ အသစ်ကလေးထင်ပါရဲ့။ တစ်နေ့ တော့ သူ့ကိုခေါ်မည်ဟု ရက်ဘီယာက ဒိုင်ယာရီထဲတွင် တေးမှတ်ထားလိုက်၏။

ဝီစကီဖန်ခွက်ကုန်သည်နှင့် ကလပ်ပိုင်ရှင် အနားသို့ရောက်လာပြီး ငွေစက္ကူ တစ်ထပ် လှမ်းပေးသည်။ ရက်ဘီယာက တစ်ရွက်ချင်းရေပြီး ဆာလာအိတ်ထဲသို့ ထည့်လိုက်၏။ ကလပ်ပိုင်ရှင်ကို ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ ပြီးတော့ စောစောက အမျိုးသမီးကလေးကို မေးငေါ့ပြပြီး

"အဲဒီအသစ်ကလေးကို ကျုပ်ဆီ ပို့ပေးဗျာ။ တနင်္လာနေ့ ညနေ သုံးနာရီ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဆီညော်ရက်ဘီယာ"

*

လမ်းပေါ်ရောက်တော့ ပြင်ပလေကို တဝကြီး ရှူပစ်လိုက်သည်။ ပြီးတော့မှ လန်စီယာ ကားဆီသို့ တစ်လှမ်းချင်း လျှောက်သွားသည်။

အကယ်၍ သူသာ မျက်စိလျင်သူဖြစ်လျှင်၊ သို့မဟုတ် အလင်းရောင်သည့်ထက်များလျှင် ကား၏နောက်ပိုင်းမှ ခွေးရုပ်ကလေး၏ဦးခေါင်း မသိမသာ လှုပ်နေသည်ကို သတိထားမိမည်ဖြစ်သည်။

ကားထဲသို့ ဝင်လိုက်သည်။ ကားသော့ကို ဖွင့်မည့်ဆဲဆဲတွင် အေးစက်စက် အရာဝတ္ထုတစ်ခုနှင့် သူ့ဇက်ပိုးကို အထောက်ခံလိုက်ရသည်။ နောက်မှထွက်လာသည့် အသံကလည်း အေးစက်စက်။

"မလှုပ်နဲ့၊ ငြိမ်ငြိမ်နေ"

ပထမဆုံး ရက်ဘီယာ၏ တုံ့ပြန်မှုမှာ အံ့သြလွန်းခြင်းဖြစ်၏။

"ငါ ဘယ်သူဘယ်ဝါဆိုတာ မင်းသိပါတယ်နော်"

"မင်းနာမည် ရက်ဘီယာလေ။ ကဲ တစ်ခွန်းမှ မဟနဲ့တော့။ ဟတာနဲ့ မင်း ကြုံပြီသာမှတ်"

လက်တစ်ဖက်က ဂျာကင်အင်္ကျီကို ဆွဲဖွင့်ပြီး ချိုင်းအောက်သို့ လျှို့သွင်းကာ သေနတ်ကို ဆွဲယူသွားသည်။ သူ့လှုပ်ရှားမှုတွေက မြန်ဆန်သလောက် သေသပ်လှ၏။

ရက်ဘီယာ ကျောထဲ စိမ့်သွားသည်။

သူ့နောက်မှ လူသည် ငွေအိတ်အတွက် တိုက်ခိုက်ခြင်း ဟုတ်ဟန်မတူ။ ပြဿနာတော့ အကြီးအကျယ် စပြီဟု ထင်လိုက်၏။ တစ်ဖက်အုပ်စု၏ ထိုးနှက်မှု စလေပြီလား။

နောက်မှအသံကြောင့် သူ့အတွေးစ ပြတ်သွား၏။

"ကဲ မင်းစက်နှိုး၊ ပြီးတော့ ငါပြောတဲ့အတိုင်း မောင်း။ ဘယ်သူမှ ဂရုမစိုက်မိအောင် မောင်း။ လိမ်လိမ်မာမာလုပ်နော်။ မဟုတ်ရင်တော့ စက္ကန့်ပိုင်းအတွင်း မင်းခေါင်းထဲကို ကျည်ဆန်ထည့်ပေးလိုက်မယ်"

ရက်ဘီယာက သတိကြီးစွာနှင့် မောင်းနေ၏။ ထိုလူသည် သူ့ကို အပျော်တမ်း ခြိမ်းခြောက်နေခြင်းမဟုတ်ကြောင်း သူ အလိုလိုသိနေ၏။

မြို့ပြင် လူပြတ်သည့်နေရာသို့ရောက်သည်နှင့် ရက်ဘီယာ ဆောက်တည်ရာမရ ဖြစ်လာ၏။ အုပ်စုတိုက်ပွဲ စပြီဆိုလျှင်တော့ သူ့အတွက် မျှော်လင့်ချက် မရှိတော့။

သို့သော် နောက်မှအသံကြောင့် သူ ဇဝေဇဝါဖြစ်နေ၏။ နေပယ်လ်သံခပ်ဝဲဝဲ။ အီတာလီလူမျိုးတော့ မဟုတ်တန်ရာ။ ဆရာကြီး ဖော်ဆယ်လာနှင့် မာဆေးက လူတွေ ဘိန်းဖြူ အရောင်းအဝယ်ကိစ္စနှင့် စကားများနေကြတဲ့ကိစ္စ ဖြစ်နိုင်တယ်။

ဗိုက်ဂျင်တီနို မရောက်ခင် မြေနီလမ်းကလေးတစ်ခုသို့ ချိုးကွေ့ဖို့ အမိန့်ပေးသဖြင့် နာခံလိုက်ရပြန်သည်။ ရက်ဘီယာက လွတ်လမ်းကို စဉ်းစားသည်။ ကားပေါ်မှ ဆင်းချိန်တွင် ဖြစ်နိုင်၏။ ဇက်ပိုးမှာ တေ့ထားသည့် သေနတ်ပြောင်းဝ ခဏကလေးရွှေ့သည်နှင့် သူ၏လျင်မြန်သည့်လှုပ်ရှားမှုကို အသုံးပြုဖို့ ဆုံးဖြတ်လိုက်၏။

ကားမီးရောင်တွင် ဘန်ဂလိုပုပုကလေး ဘွားခနဲပေါ်လာသည်။ မီးလန်သူဌေးတွေ နားရက်များတွင် လာပြီး စိမ်ခံသည့် ဘန်ဂလိုပုံစံ။

အသံရှင်က နောက်ဘက်သို့ ပတ်မောင်းခိုင်းသည်။ ကျောက်စရစ်ခဲကလေးတွေပေါ်ကို မော်တော်ကားတာယာ ဖြတ်သွားသံ တကျွတ်ကျွတ်မြည်သွား၏။

"တော်ပြီ ရပ်။ လက်ဆွဲဘရိတ်ကို ဖမ်းထား။ ပြီးတော့မှ စက်သတ်"

ရက်ဘီယာက ဘရိတ်ကိုဆွဲဖို့ ရှေ့သို့ကိုင်းလိုက်၏။

သေနတ်ပြောင်းဝက ထက်ကြပ်မကွာ ကပ်ပါလာသည်။ အသာ ဖြည်းဖြည်းချင်း ပြန်မတ်ထိုင်သည်။ ဤတွင် ဇက်ပိုးမှ သေနတ်ပြောင်းဝ ရုတ်ခြည်းကွာသွားခြင်းဖြစ်၏။

အခွင့်အရေးကို အပြည့်အဝသုံးမည်အပြုတွင် သူ့မျက်လုံးထဲမှာ ကြယ်တွေလတွေ ပြိုးပြိုးပြက်ပြက် ဝင်းလက်ဖြာထွက်သွားတော့၏။

*

တဖြည်းဖြည်း သတိပြန်ရလာသည်။

ဦးခေါင်း၏ နောက်ပိုင်းတစ်ခုလုံး မခံနိုင်လောက်အောင် နာကျင်ကိုက်ခဲနေ၏။ နှိပ်ဖို့ လက်ကို မ လိုက်သည်။ ဟင်... လက်တွေ လှုပ်လို့မရတော့ပါလား။ မေးစေ့မှာ ရင်ဘတ်နှင့်ထိအောင် ဇက်ကျိုးကျနေ၏။

တဖြည်းဖြည်း မျက်လုံးတွေ ကြည်လာသည်။ လက်နှစ်ဖက်လုံးကို

ကုလားထိုင် လက်တန်းပေါ်တင်ပြီး တိပ်ပြားကြီးနှင့် ပတ်ထားသည်ကို တွေ့ရ၏။

ဘယ်လိုဖြစ်တာပါလိမ့်။ တဖြည်းဖြည်း သတိရလာသည်။ ဦးခေါင်းကို အသာမော့ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

သူ့ရှေ့တွင် သစ်သားစားပွဲ တစ်လုံး။ စားပွဲပေါ်တွင် ပစ္စည်းမျိုးစုံ တင်ထား၏။ တူတစ်လက်။ သံချွန်နှစ်ခု။ ဟင်းခုတ်ဓားတစ်ချောင်း။ ပြီးတော့ တစ်ပေခန့်ရှည်သည့် ဓာတ်ကြိုးတန်းလန်းနှင့် သံမဏိချောင်း တစ်ချောင်း။

ဦးခေါင်းကို ကြိုးစားပြီး ထပ်မော့လိုက်သည်။ စားပွဲတစ်ဖက်တွင် ထိုင်နေသည့် လူတစ်ယောက်ကို မြင်ရ၏။ မျက်နှာမှာ အမာရွတ်တွေနှင့်။ သူ့ကို တွေ့ဖူးပါတယ်။ ဘယ်မှာတွေ့ဖူးပါလိမ့်။ သူ့ရှေ့တွင် မှတ်စုစာအုပ်တစ်အုပ် ချထား၏။ ဖွင့်လျက်သား။ စာအုပ်နံဘေးတွင် ဘောလ်ပင်တစ်ချောင်းနှင့် တိတ်ခွေတစ်ခွေ။

"မင်း သတိရပြီလား။ ငါပြောတာ ကြားလား"

ရက်ဘီယာက ခေါင်းညိတ်ပြပြီး ပြန်ပြောသည်။

"မင်း ဒီအတွက် ကောင်းကောင်း ပြန်ပြီးဒဏ်ခတ်ခံရမယ်သိလား။ မင်း ဘာကောင်ပဲဖြစ်ဖြစ် ခံရမှာပဲ"

ထိုလူက သူ့စကားကို လုံးဝဂရုမထား။ စားပွဲပေါ်မှ ပစ္စည်းတွေကို လက်ညှိုးထိုးပြပြီး

"မင်းရှေ့မှာရှိနေတဲ့ပစ္စည်းတွေကို သေသေချာချာကြည့်ပြီးတော့ သေသေချာချာ နားထောင်။ မင်းကို ငါ မေးခွန်းတွေ မေးစရာ အများကြီးရှိတယ်။ တော်တော်များများ မေးမယ်။ အဲဒီမေးခွန်းတွေကို ပြည့်ပြည့်စုံစုံ မဖြေဘူး၊ မှန်မှန်ကန်ကန် မပြောဘူးဆိုရင် မင်းရဲ့ဘယ်ဘက်လက်ကို စားပွဲပေါ် ရွှေ့ကပ်လိုက်မယ်။ ဒါပေမဲ့ တိပ်နဲ့တော့ မဟုတ်ဘူး။ သံချောင်းနဲ့ တူကို သုံးရတော့မယ်"

ရက်ဘီယာ၏မျက်လုံးတွေက သံမဏိရောင် လက်နေသည့် သံချောင်း နှစ်ချောင်းဆီသို့ တစ်ချက်ဝေ့ကြည့်လိုက်သည်။

အေးစက်စက် အသံရှင်က ဆက်ပြောသည်။

"နောက်ပြီးတော့ မင်းလက်ချောင်းတွေကို တစ်ချောင်းချင်း..."

သူ ဓားဆီသို့ ဖျတ်ခနဲ ကြည့်လိုက်ပြန်သည်။

"သိပ်မကြောက်ပါနဲ့ ကိုယ့်လူ။ သွေးမလွန်စေရပါဘူး။ ဟောဟို လျှပ်စစ် သံပူကောက်နဲ့ သွေးကြောတွေကို ငါ ပိတ်ပေးမှာပါ"

ရက်ဘီယာ၏မျက်နှာမှာ ချွေးသီးချွေးပေါက်တွေ ချက်ချင်း ဥတက်လာသည်။ စားပွဲတစ်ဖက်မှ လူက သူ့ကို ခံစားမှု အလျဉ်းမရှိသည့် မျက်လုံးတွေနှင့် စိုက်ကြည့်နေ၏။

"အဲဒီနည်းနဲ့မှ မင်းက ကောင်းကောင်းမွန်မွန် မဖြေသေးဘူးဆိုရင်တော့ နောက်တစ်ဆင့်က ညာလက်။ အဲဒီထက် နောက်တစ်ဆင့်ကတော့ ခြေထောက်ပေါ့ကွာ"

*

ရက်ဘီယာဆိုသည့် လူဆိုးဗိုလ်သည် အခြားအခြားသော လူမိုက်များနည်းတူ အလွန်ကြောက်တတ်သူဖြစ်သည်။ စားပွဲတစ်ဖက်မှ လူကြီး၏မျက်လုံးတွေကို စိုက်ကြည့်ပြီး သည်လူသည် ပြောသည့်အတိုင်း လုပ်မည့်သူဖြစ်ကြောင်း သဘောပေါက်လိုက်၏။

ကြောက်စိတ်သည် တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွား၏။

ဘာကြောင့်လဲ။ သည်လူကြီးက ဘယ်သူလဲ။ သူ့ကို ဘယ်မှာမြင်ဖူးတာလဲ။

ကြောက်စိတ်ကို ဒေါသစိတ်ဖြင့် အစားထိုးရန် ကြိုးစားလိုက်၏။ စဉ်းစားလို့ရသမျှ အယုတ္တ အနတ္တ စကားလုံးတွေနှင့် ပစ်ပေါက်ဆဲဆိုလိုက်၏။ ထိုသူက ထိုင်ရာမှ ထလာတော့ အလိုလို အဆဲရပ်သွားသည်။ ဘာမှတော့ မပြော။ တိပ်ခွေကြီးကို ဆွဲဖြန့်ပြီး အနည်းငယ် ပိုင်းယူလိုက်၏။

ရက်ဘီယာက တစ်စုံတစ်ခုကို ပြောဖို့ ကြိုးစားသေးသည်။ သို့သော် သူ့ပါးစပ်ကို ကန့်လန့်ဖြတ်ပြီး အလွန်စေးကပ်သည့် တိတ်ပြားကြီးနှင့် အကပ်ခံလိုက်ရတော့၏။ ဘာမှ ပြောမရတော့။

ဝမ်းဗိုက်ဆီသို့ ပြင်းထန်သည့် လက်သီးချက်တွေ ဝင်လာသည်။ မျက်စိတွေ ပြာဝေသွား၏။ နားအုံကို တစ်ချက် အကိုင်ခံလိုက်ရသည်တွင် လောကကြီး ဒုတိယအကြိမ် မှောင်ကျသွားပြန်သည်။

သည်တစ်ကြိမ် သတိပြန်ရလာတော့ ဦးခေါင်းဆီက ဝေဒနာကို သူ သတိမရတော့။ သူ့ဘယ်ဘက်လက်တစ်ခုလုံး မီးလောင်ခံရသလို ပူလောင်နေ၏။ မျက်စိဖွင့်ပြီး သူ့လက်ကို သူ ပြန်ကြည့်သည်။

ဘုရား ဘုရား။ မျက်လုံးတွေ ပြာဝေသွားပြန်သည်။ ပထမတော့ မယုံ။ သူ့ဦးနှောက်က သူမြင်တာတွေကို လက်မခံ။

သို့သော် မယုံကြည်၍ မရတော့။

နာကျင်လွန်းသည့် ဝေဒနာကြောင့် ပါးစပ်အပိတ်ခံထားရသည့်ကြားမှ မပီမသ ညည်းတွားသံကို မိမိကိုယ်တိုင် ပြန်ကြားနေရသည် မဟုတ်လား။

ဘယ်ဘက်လက်ဝါးမှာ သစ်သားစားပွဲပေါ်တွင် မှောက်လျက်။ သံမဏိချောင်းသည် လက်ဝါးအလယ်တည့်တည့်မှ ဖောက်ထွင်းပြီး အောက်ခံသစ်သားအတွင်းသို့ နစ်ဝင်နေသည်။ သွေးတွေက လက်ချောင်းကလေးတွေကြားထဲမှ တစ်ဆင့် စားပွဲပေါ်သို့ စီးဆင်းနေ၏။

ထိုလူကြီးကို ရက်ဘီယာက မချိမဆန့်ခံစားရင်း ကြည့်လိုက်သည်။ သူ့မျက်လုံးတွေက ကြောက်စရာကောင်းလှ၏။ ရုတ်တရက် အကြဲရပြီး ထလုပ်သည့် ပုံစံမျိုးမဟုတ်။ တည်ငြိမ်အေးစက်လှ၏။ စာအုပ်စင်တစ်ခုကို ဖျက်နေသည့်အလား။

ထိုလူကြီးက သူ့ဆီသို့ ထလျှောက်လာသည်။

ရက်ဘီယာ တစ်ကိုယ်လုံးတောင့်တင်းသွား၏။ ခေါင်းယမ်းပြလိုက်၏။ တစ်စုံတစ်ခုကို ပြောဖို့ ကြိုးစားသည်။ သို့သော် လည်ချောင်းထဲတွင် အသံပျောက်သွား၏။

လူကြီးက သူ့ဆံပင်တွေကို စုပြီး တအားဆွဲ၍ ခေါင်းကို မတ်မတ်ထားလိုက်၏။ ပါးစပ်တွင် ကပ်ထားသည့် တိတ်ကို ဆွဲခွာလိုက်သည်။ ပြီးတော့မှ သူ့နေရာသို့ ခပ်အေးအေး ပြန်လျှောက်သွား၏။

ရက်ဘီယာသည် နာကျင်ခြင်း၊ ကြောက်ရွံ့ခြင်းတို့ဖြင့် ရောထွေးကာ ကြက်သီး ဖျန်းဖျန်းထသွားသည်။

တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်တွေနှင့် စက်စက်နစ်နေသည့် လူဆိုးကြီးသည် ဆောက်တည်ရာမရဖြစ်နေသည်။ မိမိ၏ကြောက်စိတ်ကို ကြာမြင့်စွာ အချိန်ယူ၍ ထိန်းနေရ၏။ သူ့မျက်လုံးတွေက သူ့ဘယ်လက်နှင့် စားပွဲပေါ်မှ ပစ္စည်းများကို တစ်လှည့်စီကြည့်လျက်။ အတန်ကြာမှ ဣန္ဒြေဆည်နိုင်လာသည်။ ပြီးတော့ မျက်လုံးများကို ပင့်ကာ ခြောက်ကပ်အက်ကွဲသည့်အသံဖြင့်

"ခင်ဗျား ဘာလိုချင်တာလဲ"

သည်တော့မှ ထိုလူကြီးက မှတ်စုစာအုပ်ကို လှမ်းယူသည်။

ဘောလ်ပင်ကို ထုတ်သည်။

"တို့ ပထမဆုံး ပင်တာဆိုတဲ့ ကျောင်းသူကလေး ပြန်ပေးဆွဲတဲ့အမှုက စကြရအောင်"

ရက်ဘီယာ၏ခေါင်းထဲတွင် လျှပ်ပြက်သလို တစ်ချက်လင်းသွားသည်။ သည်မျက်နှာကို မှတ်မိပြီ။

*

တစ်နာရီကျော် ကြာသွားသည်။

မေးခွန်းတွေကို ရက်ဘီယာက မဆိုင်းမတွ ဖြေ၏။ ဖော်ဆယ်လာအကြောင်း မေးသည့်အခါတွင် တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်နေသည်။

မေးခွန်းမေးသူက ဘောလ်ပင်ကိုချပြီး မတ်တတ်ထမည်ပြုသည့်အခါ အဖြေတွေ တရဟော ထွက်လာတော့၏။

ပင်တာကလေး ပြန်ပေးမှုမှ စကြသည်။

ထိုစဉ်က ကားမောင်းလာသူမှာ ရက်ဘီယာ။ ကလေးမ၏ သက်တော်စောင့်ကို ပစ်ထည့်လိုက်သူက ဆန္ဒရီ။ သက်တော်စောင့်၏လက်ချက်ဖြင့် သေသွားသူက ဒိုရီဂိုနှင့် ခရီမက်ကို။

ငွေအပေးအယူကိစ္စကို ရက်ဘီယာ ဘာမှမသိ။ သူ့တာဝန်မှာ သတ်မှတ်ထားသည့်နေရာမှ ကလေးမကို ယူလာပြီး အိမ်တစ်အိမ်တွင် ခေါ်ထားရန်သာ ဖြစ်၏။

သည်ကိစ္စမှာ ချီကတည်းက ယဉ်သကို ဖြစ်ခဲ့ရသည်။ ဖော်ဆယ်လာ၏ အမိန့်အရ ကလေးမတွင် သက်တော်စောင့်တစ်ယောက်ရှိကြောင်း၊ သို့သော် ပူစရာမလိုကြောင်း၊ သက်တော်စောင့်ကို နှစ်ချက်လောက် ပစ်ပြီး ခြောက်လိုက်လျှင် ထွက်ပြေးသွားမည်ဖြစ်ကြောင်း ပြောသည်။ သို့ဖြင့် အမိန့်အတိုင်း လုပ်ခဲ့ကြ၏။

သူတို့ အတွက်လွဲခဲ့ကြသည်။

"ကလေးမကလေးကို မတရားကျင့်တာ ဘယ်သူလဲ"

"ဆန္ဒရီပါ။ သူ သိပ်စိတ်ဆိုးနေတယ်လေ။ ဒိုရီဂိုက သူ့အခင်ဆုံး သူငယ်ချင်းကိုး။ ပြီးတော့ သူ့ဝါသနာကိုက ငယ်ငယ်ကလေးတွေ ကြိုက်တတ်တယ်။ ဒီတစ်ယောက်ကတော့ သူ့ကို အသေအလဲတိုက်ခိုက်သွားတာပဲ။ မျက်နှာတစ်ခုလုံး စုတ်ပြတ်ပြီး ကျန်ခဲ့တယ်"

"မင်းကော မပါဘူးလား"

ရက်ဘီယာ၏နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်နေ၏။ အတန်ကြာမှ သူက ခေါင်းညိတ်ပြီး

"မထူးတော့ဘူးဆိုပြီး ကျွန်တော်လည်း ပါမိပါတယ်"

ရက်ဘီယာက စားပွဲတစ်ဖက်သို့ လှမ်းကြည့်ပြီး လူကြီးကို အကဲခတ်လိုက်သည်။ ငြိမ်နေ၏။ သူ့စိတ်တွေ တစ်နေရာသို့ လွင့်ပျံ့နေသည့်အလား။ အတန်ကြာမှ ဆက်မေးသည်။

"နောက် ဘယ်သူတွေပါသေးလဲ"

"ဘယ်သူမှ မပါပါဘူး။ ကျွန်တော်တို့နှစ်ယောက်တည်း စောင့်ရတာပါ။ အမှုက သိပ်ကြာသွားတော့။ နှစ်ပတ်လုံးလုံးလေ။ ကျွန်တော်တို့ ဘယ်မှမသွားရဘူး"

"ဒီတော့ မင်းတို့ နှစ်ပတ်လုံးလုံး စခန်းသွားနေကြတယ်ပေါ့"

ရက်ဘီယာ့မေးစေ့သည် ရင်ဘတ်နှင့် ထိနေပြီ။ နဖူးပြင်တွင် ချွေးတွေ တသွင်သွင် စီးဆင်းလျက်။

ဖျစ်ညှစ်ထွက်လာသည့် အသံဖြင့် တိုးတိုးဖြေသည်။

"ဟုတ်... ဟုတ်ပါတယ်။ ကောင်မလေးကလည်း သိပ်လှတော့"

ရက်ဘီယာ၏အသံ တိမ်ဝင်သွားပြီး စားပွဲတစ်ဖက်မှ မျက်လုံးနှစ်လုံးကို လှမ်းကြည့်လိုက်၏။ မျက်လုံးတွေကို သူမမြင်။ မျက်လုံးများ၏နေရာတွင် မီးလျှံနှစ်ခု အစားဝင်နေ၏။

"ဖော်ဆယ်လာကကော မင်းတို့ကို ဘာပြောလဲ"

"သူ စိတ်ဆိုးတယ်။ ကလေးမကလေး သေရတာ မတော်တဆ ဖြစ်ရတာပါ။ ဒါကို သူ ခွင့်မလွှတ်ဘူး။ ကျွန်တော်တို့ဝေစု ဆယ်သန်းရမှာကို တစ်ပြားမှ မပေးတော့ဘူးလေ"

"မင်းတို့ကျူးလွန်ခဲ့တဲ့ပြစ်မှုအတွက် ခံစားရတဲ့ပြစ်ဒဏ်က ရသင့်ရထိုက်တဲ့ ပိုက်ဆံကို မပေးဘဲ ထားလိုက်ရုံပေါ့၊ ဟုတ်လား"

ရက်ဘီယာက ခေါင်းညိတ်လိုက်သည်။ မေးစေ့မှ ချွေးပေါက်တွေကျလာ၏။

"ဆန္ဒရီက သူ့တူမို့ ကျွန်တော့်ထက် သက်သာတာပါ"

"ကဲ မင်းအကြောင်း တော်လောက်ပါပြီ။ ဆန္ဒရီအကြောင်း စကြရအောင်"

မေးခွန်းတွေက စေ့စပ်လှသည်။ ရက်ဘီယာသိသမျှကို တစ်ခုမကျန် ညှစ်ထုတ်နေ၏။ ဆန္ဒရီ၏ အပေါင်းအသင်းတွေအကြောင်း၊ လှုပ်ရှားမှုတွေနှင့် အကျင့်စရိုက် စသည်စသည်။

ပြီးတော့မှ ဖော်ဆယ်လာ့အကြောင်း ဆက်သည်။

ရက်ဘီယာက သူ့လက်မှာ မခံမရပ်နိုင်အောင် နာလှပြီဖြစ်ကြောင်း ပြောတော့

"နောက် သိပ်မကြာတော့ပါဘူးကွ။ ကဲ ကွန်တီနဲ့ ကင်တာရီလာအကြောင်း ပြောပါဦး"

သည်ဂိုဏ်းချုပ်ကြီးများအကြောင်းတော့ ရက်ဘီယာ သိပ်မသိ။ ကင်တာရီလာက စစ္စလီကျွန်းပေါ်ရှိ ကိုလာစီစံအိမ်ကြီးထဲက ဘယ်မှမထွက်ကြောင်း၊ မိမိကိုယ်တိုင် သူ့ကို တစ်ခါမှ မမြင်ဖူးကြောင်း။

"ဒါပေမဲ့ ဖော်ဆယ်လာကတော့ သူတို့ဆီကို အမြဲသွားရတယ်။ ရောမက ကွန်တီဆီကိုလည်း တစ်လ တစ်ခေါက် သွားရတယ်"

မေးခွန်းတွေ ရပ်သွားပြီ။ သူက မှတ်စုစာအုပ်ကို ပိတ်လိုက်ပြီး ဘောလ်ပင်ကို အိတ်ထဲသို့ ထည့်လိုက်၏။

*

ရက်ဘီယာ၏ထိတ်လန့်မှုမှာ အထွတ်အထိပ်သို့ ရောက်နေပြီ။ ဆန္ဒရှိနှင့် ဖော်ဆယ်လာ့အကြောင်းတွေကို ဗလုံးဗထွေးနှင့် ထပ်ပြောနေ၏။

သို့သော် စားပွဲတစ်ဖက်မှ လူကြီးက လုံးဝစိတ်ဝင်စားဟန် မပြတော့။ သူက မတ်တတ်ထရပ်လိုက်ပြီ။ ဂျာကင်အင်္ကျီ ချိုင်းအောက်မှ သေနတ်ကို ဆွဲထုတ်လိုက်သည်။

ရက်ဘီယာနှုတ်မှ ကရားရေလွှတ်ထွက်နေသည့် စကားလုံးတွေ ရပ်တန့်သွား၏။ မရှုမလှ ခံစားနေရသည့် နာကျင်မှုဝေဒနာကိုလည်း သတိမရနိုင်တော့။ စိတ်ညို့ခံထားရသူလို သူ့လှုပ်ရှားမှုတွေကို အကြောင်သား ငေးကြည့်နေ၏။

သူက အသံတိတ်ကိရိယာကို သေနတ်ပြောင်းဝနှင့် တစ်ရစ်ချင်းလှည့်ပြီး တပ်နေ၏။ စားပွဲကို ပတ်ပြီးလျှောက်လာသည်။ ရက်ဘီယာ၏မျက်လုံးအစုံက သေနတ်ပြောင်းဝမှ မခွာတော့။

ကဖြည်းဖြည်း နီးလာသည်။

တဖြည်းဖြည်း မြင့်လာသည်။

မျက်နှာနှင့် အေးစက်စက် သံပြောင်းဝ ထိတွေ့မှုကို သတိထားမိလိုက်၏။

ရွေ့လျားနေသော သေနတ်ပြောင်းဝသည် ညာဘက်မျက်ခုံးအောက်တွင် ရပ်တန့်သွားသည်။

"မင်း မပျင်းစေရပါဘူး ရက်ဘီယာ။ ငရဲပြည်မှာ မင်းအဖွဲ့တွေနဲ့ ပြန်ဆုံမှာပါ"

ရက်ဘီယာ နောက်ဆုံးကြားလိုက်ရသည့် စကားလုံးများဖြစ်၏။

*

ဂရန့်နယ်လီယိုဟိုတယ်တွင် သောကြာနေ့များ၏ထုံးစံအတိုင်း လူစည်ကားလျက်ရှိ၏။

မာရီယိုဆက်တာသည် တစ်ယောက်တည်း နေ့လယ်စာ စားနေ၏။ သူ့ကိုကြည့်ရသည်မှာ ရဲအရာရှိနှင့်မတူဘဲ ရုပ်ရှင်မင်းသားတစ်ယောက်နှင့် တူနေ၏။ လူက လူချော။ အဝတ်အစားကို ကောင်းပေ့၊ ညွန့်ပေ့ဆိုသည့် နောက်ဆုံးပေါ် အသစ်အဆန်းများကိုသာ ဝတ်လေ့ရှိသည်။

အခြားစားပွဲမှ အမျိုးသမီးတွေက သူ့ကို ခိုးကြည့်ကြ၏။ သူသည် ငွေကြေးချမ်းသာသည့် မိသားစုမှ ဆင်းသက်ခဲ့သူဖြစ်သည်။ ဝါသနာပါ၍ ရဲဘက်သို့ဝင်ခဲ့ခြင်း ဖြစ်၏။

အမေက အစ်ကိုလုပ်သူလို ဆေးပညာသင်ပြီး ခွဲစိတ်ဆရာဝန်ကြီး ဖြစ်စေချင်သည်။ သို့သော် ဆက်တာက ရဲအရာရှိဘဝကိုသာ မက်မောသည်။ ယိုယွင်းပျက်စီးနေသည့် တိုင်းပြည်၏ စာရိတ္တမဏ္ဍိုင်ကိုထိန်းဖို့မှာ အီတလီ၏ အလောသုံးဆယ်လုပ်ရမည့်အလုပ်ဟု သူက ခံယူထား၏။

ငွေကြေးချမ်းသာပြီး ဝါသနာပါ၍ ရဲဖြစ်လာသူဖြစ်သဖြင့် လာဘ်ပေးလာဘ်ယူ ကင်း၏။ ပင်ကို ရိုးသားမှုနှင့် ထက်မြက်မှုရှိ၍ အလုပ်တွင် အောင်မြင်၏။

သူ့ဘဝရည်မှန်းချက်များမှာ ကောင်းကောင်းစားမည်၊ မိန်းမလှကလေးတွေနှင့် တွဲမည်၊ အံစာကစားမည် ဆိုသည့် အချက်ကလေးများလည်း ပါဝင်နေ၏။

မှုခင်းကိစ္စများကို ဂျိမ်းဘွန်းဟန်နှင့် ဆောင်ရွက်မည်။ နေ့လယ်စာကို မီလန်မှ အကောင်းဆုံးဟိုတယ်တွင် စားမည်။ ရုံးတွင် ခဏထိုင်ပြီး လိုအပ်သည်များကို ညွှန်ကြားမည်။ ပြီးတော့ ခန့်ညားလှသည့် သူ့ကိုယ်ပိုင်အခန်းကြီးထဲတွင် ညစာကို ကိုယ်တိုင်ချက်ပြီး မိန်းမလှကလေးတစ်ယောက်နှင့် အတူစားမည်။

ပြီးတော့ အံစာ ကစားမည်။

ဤသို့ဖြင့် သူ့ဘဝသည် အောင်မြင်နေ၏။ မွေ့ပျော်ဖွယ် ကောင်းနေ၏။

အီတလီမြို့ကြီးများရှိ မာဖီးယားခေါ် မြေအောက်ဒုစရိုက်ဂိုဏ်းကြီးများ၏ သတင်းကို အများဆုံး ထောက်လှမ်းစုံစမ်းနိုင်သူလည်း ဖြစ်လည်။ သည်အတွက်

သူ့လက်ထောက် ရဲအရာရှိ ဘဲလူးက "ဆရာ ဒီအလုပ်ကို လုပ်မနေဘဲ မာဖီးယား ဂိုဏ်းဘက်ကို ပြောင်းရင် ပိုကြီးပွားမယ်" ဟု မကြာခဏ နောက်တတ်၏။

မီလန်မှ 'အဘာရာတာ' နှင့် 'ဖော်ဆယ်လာ' တို့၏ ခြေလှမ်းများကိုလည်း မျက်ခြေမပျက် အကဲခတ်နိုင်သူဖြစ်၏။ မြေအောက် တယ်လီဖုန်းကြိုးများကို ဖောက်၍ သွယ်ထားခြင်းမျိုးနှင့် ခိုငှက် ထောက်လှမ်းရေးမျိုးကိုပါ လုပ်နိုင်သူ ဖြစ်၍ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဥပဒေကို လက်တစ်လုံးခြားလုပ်နေသည့် သည်ဂိုဏ်းကြီးတွေကို ဖြိုနိုင်ရမည်ဟု ယုံကြည်ထားသူဖြစ်၏။

လွန်ခဲ့သည့်နှစ်ကစပြီး ပြည်သူလူထု၏အကူအညီကို အများကြီးရခဲ့၏။ နှစ်ရှည်လများ ရွံကြောက် ကြောက်ခဲ့ရသော သည်အဖွဲ့အစည်းများ၏ ဩဇာကို ပြည်သူတွေက ဆက်ပြီး သည်းမခံနိုင်တော့။ ကွန်မြူနစ်ပါတီကလည်း အံ့ဩစရာ ကောင်းလောက်အောင် အကူအညီရသည်။

သည်ည သူ့အခန်းတွင် ရုပ်ရှင်မင်းသမီးတစ်ယောက်နှင့် ချိန်းထားသည်။ ကောင်မလေးက အံ့စာ ကောင်းကောင်းကစားတတ်သည်တဲ့လေ။

စားပွဲထိုးက အချိုပွဲ လာပို့ရမည့်အစား လက်ထဲတွင် တယ်လီဖုန်းကို ကိုင်ပြီး သူ့စားပွဲဆီသို့ လာနေသည်။

"ရုံးကတဲ့ ဆရာ၊ အရေးကြီးလို့ပါတဲ့"

တပည့်ကျော် ဘဲလူးဖြစ်သည်။ ခဏနားထောင်ပြီး

"အေး၊ ငါ နာရီဝက်အတွင်း ရောက်အောင်လာခဲ့မယ်"

ပြောပြီး ဖုန်းချလိုက်သည်။ စားပွဲထိုးကိုခေါ်ပြီး အချိုပွဲ ပေးမနေနဲ့တော့ဟု မျက်နှာ မသာမယာနှင့် ပြောလိုက်သည်။ ပြီးတော့မှ တယ်လီဖုန်းနံပါတ် တစ်ခုကို လှည့်ပြီး ချိန်းထားသည့် ကောင်မလေးကို ရက်ရွှေ့လိုက်ရသည်။

တနင်္ဂနွေနေ့။

*

ရက်ဘီယာ၏အလောင်းကို ရေမြောင်းထဲတွင် ပက်လက်လန်လျက် တွေ့ကြရသည်။ လမ်းပေါ်တွင် ရဲတွေ၊ ကားတွေ ရှုပ်ယှက်ခတ်နေ၏။ ထမ်းစင်ပေါ်တွင် ပလတ်စတစ် အိတ်အနက်ကြီးက အသင့်။ ဓာတ်ပုံရဲသားတစ်ယောက်က အလောင်းကို တဖျပ်ဖျပ် ဓာတ်ပုံရိုက်နေ၏။

**ပုဂံစာအုပ်တိုက်**

မာရီယိုဆက်တာက သူ့တပည့် မက်ဆီမိုဘဲလူး၏နောက်မှ ရပ်ပြီး အလောင်းကို ကြည့်ရှုစစ်ဆေးနေ၏။

"အင်း၊ ကောလိပ်တော်အရာရှိမင်း စခန်းသိမ်းသွားရှာပေါ့"

ဆက်တာက ခပ်အေးအေး မှတ်ချက်ချလိုက်၏။

"မနေ့ညက အသတ်ခံရတာ ဆရာ။ အလောင်းကတော့ လွန်ခဲ့တဲ့ တစ်နာရီလောက်ကမှ တွေ့တာ"

ဘဲလူးက သူ့ဆရာကို ရှင်းပြနေသည်။

"ဒဏ်ရာက ခေါင်းက တစ်ချက်တည်းလား"

"ဟုတ်တယ်ဆရာ။ အနီးကပ်ဆော်တာ။ ကျည်ဆန်ဝင်ပေါက်တစ်ဝိုက်မှာ မီးလောင်ဖုကလေးတွေလို ဖြစ်နေတယ်"

"လက်က ဘာဖြစ်တာလဲကွ"

ဘဲလူးက ခေါင်းယမ်းလိုက်ပြီး

"ထုတ်ချင်းပေါက်နေတာ ဆရာ။ ဘာနဲ့ဖောက်လဲဆိုတာတော့ ကျွန်တော် မသိဘူး"

ဓာတ်ပုံရဲက သူ့အလုပ်ပြီးသွားပြီဖြစ်ကြောင်း သတင်းပို့သည်။

"ကျွန်တော်တို့ ယူသွားလို့ရပြီလားဆရာ"

ရဲသားတစ်ယောက်က လာမေးသည်။

"အေး၊ ယူသွားတော့။ ဆရာဝန်စစ်ချက်ကို ငါ အမြန်ဆုံးလိုချင်တယ်"

ဆက်တာက အမိန့်ပေးပြီး သူ့ကားဆီသို့ လျှောက်သွားသည်။

ဘဲလူးက နောက်မှလိုက်သွား၏။

"အုပ်စုတိုက်ပွဲ စပြီလို့ ဆရာထင်သလား"

ဆက်တာက ကားကိုမှီပြီး ဘဲလူးအား တွက်ပြသည်။

"ဖြစ်နိုင်တာ သုံးခုရှိတယ်ကွ။ အဘ ရာတာနဲ့ ဖော်ဆယ်လာတို့ နယ်လုပွဲ ဖြစ်ကြတယ်။ ဒါပေမဲ့ ဒီကိစ္စက ရှင်းသွားပြီ။ အဝေတည့်သွားကြပြီ။ ကွန်တီနဲ့ ဆရာကြီး ကင်တာရီလာတို့က ညှိပေးလိုက်ကြတယ်လေ။ လောလောဆယ် အုပ်စုတိုက်ပွဲ မဖြစ်စေချင်ကြဘူးပေါ့ကွာ။

"အဲ ဒုတိယအချက်က ရက်ဘီယာဟာ သူတို့ကို ဆက်ကြေးကောက်ပေးနေတဲ့ ကောလိပ်တော် အရာရှိ ကျွန်ယုံကြီးတစ်ယောက်ပဲကွ။ ဆရာသခင်တွေကို

သိပ်သစ္စာရှိတဲ့ကောင်ကြီး။ တတိယအချက်က ဒါဟာ အချင်းချင်းလုပ်တာ မဖြစ်နိုင်ဘူး"

ဘဲလူးက ဖြတ်ပြီး

"ဒါဖြင့် ဘယ်သူက ဘာအတွက် ဝင်လုပ်ရတာလဲ ဆရာ"

ဆက်တာက ပခုံးတွန့်လိုက်ပြီး ကားပေါ်တက်လိုက်၏။

"ရက်ဘီယာရဲ့ ကိုယ်ရေးရာဇဝင် ဖိုင်တွဲကို ငါ လိုချင်တယ်။ ပြီးရင် လွန်ခဲ့တဲ့ ၇၂ နာရီအတွင်း သူနဲ့ဆက်သွယ်တဲ့ တယ်လီဖုန်းနံပါတ်တွေ လိုချင်တယ်၊ နားလည်လား"

ဘဲလူးက နာရီကိုကြည့်ပြီး သက်ပြင်းချလိုက်၏။

"ဟော့၊ မင်းမှာ ဘာအစီအစဉ်တွေရှိရှိ မေ့လိုက်တော့။ ငါလည်း အရေးကြီးတဲ့ဟာတွေအကုန်လုံး လက်လွှတ်လိုက်ရပြီ"

ဆက်တာက တစ်ချက်တွေ စဉ်းစားနေပြီး

"တကယ်လို့ သူနဲ့ဆက်သွယ်တဲ့လူတွေက တို့စာရင်းဝင်တွေဖြစ်နေရင်"

သူက ကားစက်ကို နှိုးလိုက်၏။

"သွားမယ်ကွာ၊ ရုံးကျမှ ပြန်တွေ့မယ်"

ပြောပြောဆိုဆို ကားကို မောင်းထွက်သွားတော့၏။

*

ဘဲလူးက ထွက်သွားသည့်ကားကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့၏။

သူနှင့် ဆက်တာ တွဲခဲ့သည်မှာ လေးနှစ်ထဲ ဝင်လာပြီ။ အစကတော့ သူ့ပုံစံကို မကြိုက်။ ပေါ့ပေါ့နေ ပေါ့ပေါ့စားထဲကဟု အောက်မေ့ခဲ့၏။ တဖြည်းဖြည်းမှ သဘောကျလာခဲ့ခြင်းဖြစ်သည်။

ဆက်တာက ဆရာဝန်၏စစ်ဆေးတွေ့ရှိချက်ကို အသံထွက်ဖတ်နေ၏။

"သေဆုံးချိန် ည ၁၂ နာရီ နှင့် မနက် ၆ နာရီကြား"

ဘဲလူးကို လှမ်းကြည့်လိုက်သည်။

"ပါပါဂါယိုကလပ်က သူ ပြန်သွားတော့ သန်းခေါင်ကျော်၊ဟုတ်လား"

ဘဲလူးက ခေါင်းညိတ်သည်။

"ဟုတ်တယ် ဆရာ။ သူတို့က အဲဒီအတိုင်း အစစ်ခံတယ်။ ဒါကြောင့် သူ့နောက်ဝင်ရမယ့် 'ဘလူးနုတ်' ကလပ်ကို မရောက်တော့ဘူးလို့ ယူဆတယ်"

ဆက်တာက ဆရာဝန်စစ်ချက်ကို ဆက်ဖတ်သည်။

"သေဆုံးချိန်း အကြောင်းရင်း။ ဦးနှောက်သွေးကြောများ အများအပြား ပျက်စီးခြင်း။ ကျည်ဆန်လမ်းကြောင်းကြောင့် ဖြစ်နိုင်ရာ၏"

ဘဲလူးကို လှမ်းကြည့်လိုက်ပြန်သည်။ သူ့မျက်နှာမှာ သုန်မှုန်လျက်။

"ကျည်ဆန်သွားကြောင့်လို့ ပြောလိုက်ရင် ပြီးတဲ့ကိစ္စကို"

ဘဲလူးက ပြုံးလိုက်သည်။

"အဲဒါဆို သူသူငါငါပြောတဲ့စကားမျိုး ဖြစ်သွားမှာပေါ့ဆရာ"

ဆက်ဖတ်ပြန်သည်။

"ကျည်ဆန်ပေါက်ဝတွင် မီးလောင်ပေါက်သဖွယ်ဖြစ်နေခြင်းကို ကြည့်၍ အနီးကပ် ပစ်သည်ဟု ယူဆနိုင်၏။ ဘယ်လက်မှ ဒဏ်ရာ"

ဆက်တာ စိတ်ဝင်စားစ ပြုလာသည်။

"လက်ဝါးတွင် သစ်သားအစအနများတွေ့ရ၍ ၎င်းဒဏ်ရာမှာ ချွန်ထက်သော အရာဝတ္ထုတစ်ခုနှင့် လက်ခုံမှ ရိုက်သွင်းပြီး သစ်သားမျက်နှာပြင်နှင့် လက်ဝါးကို သံမှိုစွဲထားသည်ဟု ယူဆနိုင်၏။ လက်မှ သွေးစသွေးနများကို စစ်ဆေးကြည့်ရှုရာ ၎င်းဒဏ်ရာသည် မသေမီ နှစ်နာရီခန့်က ရခဲ့သည်ဟု ယူဆသည်။

ဆက်တာက ကုလားထိုင်ပေါ်တွင်ပြန်ထိုင်ပြီး သရော်ပြုံး ပြုံးလိုက်သည်။

"တို့မိတ်ဆွေကြီး ရက်ဘီယာဟာ လက်စသတ်တော့ ခရစ်တော်တစ်ပိုင်း ဖြစ်သွားတာကိုးကွ"

ဘဲလူးက ပြန်ပြုံးပြီး

"ဒါပေမဲ့ သုံးရက်အတွင်းတော့ ရှင်ပြန်ထမြောက်လာမှာ မဟုတ်ဘူး ဆရာရေ့"

"ကျည်သွားလမ်းကြောင်းကြောင့် ဦးနှောက်သွေးကြောတွေ ပြတ်ကုန်တာ ကိုးကွ"

ဆက်တာက စိတ်ဝင်စားစွာ ဆက်ဖတ်သည်။

"သေဆုံးသူ၏ လက်ကောက်ဝတ်နှင့် ပါးစပ်တို့တွင် တိပ်ကပ်ထားခြင်း ခံရသည့် လက္ခဏာများ တွေ့ရ၏"

ဆက်တာက ဖိုင်တွဲကို ပစ်ချပြီး ကုလားထိုင်နောက်သို့မှီကာ စဉ်းစားခန်း ဝင်နေသည်။

ဘဲလူးက သူ့ဆရာ၏ထင်မြင်ချက်ကို စောင့်မျှော်နေ၏။

"ကလပ်က ရက်ဘီယာဟာ အထွက်မှာ အမိခံလိုက်ရတယ်။ သူ့ကို တိတ်ဆိတ်တဲ့ တစ်နေရာကို ခေါ်သွားတယ်။ ကုလားထိုင်နဲ့ လက် ပူးပြီး တိပ်နဲ့ အပတ်ခံရတယ်။ မေးခွန်းတွေ အများကြီးမေးတယ်။

"သူက တွန့်ဆုတ်တွန့်ဆုတ် လုပ်နေတော့ သူ့လက်ဝါးကို ဓားမြှောင် စိုက်လိုက်တာဖြစ်မယ်။ သူတို့လိုချင်တာတွေ အကုန်ရတော့မှ သေနတ်နဲ့ တော့ ဖြုတ်ပြီး လက်စသတ်လိုက်တာ ဖြစ်ရမယ်"

သူက ရှေ့သို့ ကိုင်းပြီး ဖိုင်တွဲကို လှန်လှောနေပြန်သည်။

"သူ့ကားကိုတွေ့တော့ ကားထဲမှာ ဘာမှ စိတ်ဝင်စားစရာ မတွေ့ရဘူး။ ခေါင်းညိတ်တတ်တဲ့ ခွေးရုပ်ကလေးက လွဲလို့လေ"

တယ်လီဖုန်းဆက်သွယ်မှုကို စစ်ဆေးကြည့်ပြန်သည်။ ဘာမှသဲလွန်စ မရ။

"မာဆေးဘိန်းဖြူကိစ္စဆိုရင်တော့ တို့ အလုပ်ရှုပ်ဦးမှာပဲ။ အပြန်အလှန်တွေ လာတော့မယ်လေ"

"ဖြစ်နိုင်တယ် ဆရာ။ ဖော်ဆယ်လာဟာ ဒီမနက်က စပြီး သက်တော် စောင့်တွေ တိုးချထားတယ်။ ငြိမ်ချက်သားလည်း ကောင်းနေတယ်"

ဆက်တာက တစ်ခုခုကို ဆုံးဖြတ်လိုက်သလို အမူအရာနှင့်

"မာဆေးကို ဖုန်းခေါ်စမ်းကွာ။ မွန်ပီလီယာကို ဘာများ ထူးသလဲလို့ မေးကြည့်ရအောင်"

မွန်ပီလီယာမှာ သူနှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်သည်။ အစည်းအဝေးများတွင် မကြာမကြာ ဆုံသည်။

မွန်ပီလီယာထံမှ ဘာမှ ထူးထူးခြားခြား မသိရ။

ထူးခြားလျှင် အကြောင်းကြားလိုက်ပါမည်ဟု ပြန်ပြောလာသည်။

*

စစ္စလီကျွန်း၏မြို့လယ် ပါလဲမိုတွင် ကင်တာရီလာကလည်း သည်အကိုင်း ကောက်ချက်ဆွဲသည်။

"မာဆေး ဘိန်းဖြူ အရောင်းအဝယ်ကိစ္စရဲ့ အဆက်ဖြစ်မယ်"

ကင်တာရီလာက စားပွဲတွင်ထိုင်နေကြသည့် လူသုံးယောက်ကို ရှင်းပြနေ၏။ ရောမကရောက်လာသည့် ကွန်တီနှင့် လက်ထောက်နှစ်ယောက် ဖြစ်သည်။

ကွန်တီက အနေရအထိုင်ရ ကျပ်နေ၏။ မခံမရပ်နိုင်လည်း ဖြစ်နေ၏။ မီလန်သည် သူ့လက်အောက်ခံနယ်မြေ မဟုတ်ပါလား။

"ဖော်ဆယ်လာလုပ်ပုံတွေ မဟုတ်ဘူး။ နောက်ပိုင်း သူ့လုပ်ပုံတွေ မှားတယ်၊ သိပ်မှားတယ်။ နောက်ဆုံးလုပ်တဲ့ အရောင်းအဝယ်ကိစ္စမှာ မာဆေးက ပြင်သစ်တွေကို သူ တစ်ပတ်ရိုက်တာဟာ မိုက်မဲတာပဲ"

ကင်တာရီလာ၏လက်ထောက်တစ်ယောက်ဖြစ်သည့် 'ဒါကင်ဒီယာ' က ဝင်ဆွေးနွေးသည်။

"သူ့အရည်အသွေး ကျလာတာတော့ အမှန်ပဲ။ နောက်ဆုံး ဟိုကလေးမကလေး ပြန်ပေးမှုကိုလည်း သူကိုင်တွယ်ပုံ၊ စီမံပုံ လုံးဝညံ့တယ်။ ကလေးမကို မတရားကျင့်တယ်။ ငွေယူပြီး ပြန်ပို့တော့ အသက်မပါတော့ဘူး။ ဒါအတွက် တစ်တိုင်းပြည်လုံး မခံမရပ်နိုင် ဖြစ်သွားတယ် မဟုတ်လား"

အခြားလက်ထောက်တစ်ဦးဖြစ်သည့် ဂရာဘယ်လီက

"တာဝန်မဲ့တဲ့လူတွေကို ချက်ချင်းရှင်းပစ်ရမှာ။ ဒါပေမဲ့ တစ်ယောက်က ဖော်ဆယ်လာရဲ့ တူဖြစ်နေတော့"

သူက ဟန်ပါပါ ခေါင်းယမ်းပြီး

"လုပ်ငန်းမှာ စည်းကမ်းဟာ အရေးကြီးတယ်။ ကျွန်တော့်အထင်တော့ ဖော်ဆယ်လာဟာ လျော့ရဲရဲဖြစ်လာတယ်ထင်တယ်"

အပြန်အလှန်ဆွေးနွေးကြပြီးတော့ ခေါင်းဆောင်ကြီး ကင်တာရီလာ၏ တုံ့ပြန်မှုကို စောင့်ဆိုင်းနေကြသည်။ လူညက်ကလေးက ကျူရှင်မြင့်မြင့်တပ်ထားသည့် ကုလားထိုင်ပေါ်တွင်ထိုင်ပြီး အတန်ကြာစဉ်းစားနေသည်။ ပြီးမှ ယဉ်ကျေးသိမ်မွေ့သည့်အသံဖြင့် အမိန့်ပေးသည်။

လက်ထောက်တစ်ယောက်ကို မာဆေးသို့လွှတ်သည်။ တစ်ယောက်ကို မီလန်သို့ လွှတ်ပြီး ဖော်ဆယ်လာအား သတိပေးခိုင်းသည်။

ပြီးမှ ကွန်တီဘက်သို့ လှည့်ပြီး

"အမှန်ကတော့ ဖော်ဆယ်လာကို မင်းက ညွှန်ကြားမှုပေးရမှာ။ အခြေအနေအရ ငါကိုယ်တိုင် ပေးနေရပြီ ကွန်တီ။ ဒီကိစ္စတွေကို ထိပ်တန်း လျှို့ဝှက်ချက်အနေနဲ့ လုပ်ရမယ်။ ဖော်ဆယ်လာအခြေအနေ မကောင်းဘူးဆိုတာ သူ့ပြိုင်ဘက်အုပ်စု အဘရာတာတို့ မသိစေရဘူး"

အစည်းအဝေး ရုပ်သိမ်းပြီး ဝီစကီသောက်ကြသည်။

ကွန်တီက ဝီစကီမကြိုက်။

သို့သော် ဒွန်ကင်တာရီလာက ငှဲ့ပေးသည်ကို ငြင်းရိုးထုံးစံ မရှိကြ။

*

စနေနေ့မနက်။

ဂိုက်ဒိုက ဆိုင်ရှေ့ပိုင်းတွင် ကော်ဖီသောက်ရင်း အေးအေးလူလူထိုင်နေ၏။ လူမကျခင်အချိန်ကလေးတွင် အနားယူရခြင်းဖြစ်သည်။

သတင်းစာတစ်စောင်ကို ကိုင်ပြီး ပီထရို ဝင်လာသည်။ သတင်းစာ အတွင်းသားကို ဖြန့်ချပြီး သတင်းကလေးတစ်ပုဒ်ကို လက်ညှိုးထိုးပြသည်။

ရက်ဘီယာ အသတ်ခံရပုံသတင်း။

"မင်း မနက်ဖြန် ဂိုဒိုသွားဖို့ အထုပ်အပိုးပြင်တော့ ပီထရို၊ ကြားလား"

ဂိုက်ဒိုက အမိန့်ပေးလိုက်သည်။

*

ဆန္ဒရီက အိပ်ရာပေါ်မှ လိမ့်ဆင်းလိုက်သည်။ မတ်တတ်ရပ်ပြီး အညောင်းဆန့်သည်။ အိပ်ရာနံဘေး စားပွဲပေါ်မှ နာရီကို ကောက်ကြည့်လိုက်၏။

ည ၁၀ နာရီ ကျော်ကျော်ကလေးပဲ ရှိသေးသည်။

ပြတင်းပေါက်ဆီသို့သွားပြီး အောက်သို့ငုံ့ကြည့်လိုက်၏။ ဒရိုင်ဘာထိုင်သည့်ဘက်တွင် တံတောင်ဆစ်တစ်ခု အပြင်ထွက်နေ၏။ ဝိုင်အိုလက်တီ၏ လက်။

ခန်းဆီးကိုပြန်ချပြီး ခုတင်ပေါ်မှ ကောင်မကလေးကို လှမ်းကြည့်လိုက်၏။ ကလေးမက သူ့ကို စောင့်ကြည့်နေသည်။

သူက ပြုံးပြလိုက်ပြီး

"ဘယ်လိုလဲ၊ ချာတိတ်၊ ပျော်ရဲ့လား"

ကလေးမကလေးက ခေါင်းညိတ်ပြီး မကျေနပ်သည့်အမူအရာလုပ်ပြသည်။

"ဘာလဲ၊ ဒီမှာ ကောင်းကောင်းမွန်မွန်နေပြီး ဖောဖောသီသီ သုံးနေရတာ မကြိုက်ဘူးလား။ ဟင်း ဟိုအိမ် ပြန်ရောက်သွားမယ်"

ကလေးမက ဘာမှ မပြော။

သူက ကိုယ်လုံးပေါ် မှန်ကြီးရှေ့တွင် အဝတ်အစားလဲရင်း အကျေနပ်ကြီးကျေနပ်နေ၏။ သည်တစ်ယောက်ကို လဲဖို့ အချိန်တန်နေပြီ။

တစ်နိုင်ငံလုံး၏ ပြည့်တန်ဆာလုပ်ငန်းကြီးကို အုပ်စီးနေသည့်အဖွဲ့ဖြစ်၍ ကလပ်တွေ၊ ဂေဟာတွေဆီသို့မပို့ခင် ဆန္ဒရီက ဦးဦးဖျားဖျား ထည်လဲနှင့် မြည်း၏။

သည်တစ်ခါတော့ သည့်ထက် ငယ်တာကလေး ရှာရမည်။ အသက်ကကြီးလာလေ ပို၍နုငယ်သည့် အနိပ်ကလေးတွေနှင့် ပျော်ချင်လေဖြစ်လာ၏။ သဘောအကျဆုံးကတော့ သေသွားရှာသည့် ပင်တာကလေး။

အတွေးစကို ဖြတ်ပြီး ခပ်သွက်သွက် ဖိနပ်စီးရသည်။ ရက်ဘီယာကိစ္စနဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့ ဦးလေး ဖော်ဆယ်လာက ခေါ်ထားသည်မဟုတ်လား။ ပြင်သစ်ကောင်တွေရဲ့လက်ချက်ပဲ ဖြစ်မှာပါ။

ဖိနပ်စီးနေရင်း သူ့ဘာသာသူ ကျေနပ်နေ၏။ ရက်ဘီယာကတော့ တုံးလွန်းသည်။ ဉာဏ်မှ မပြေးတာ။ တုံးတဲ့သူ ခံစတမ်းပေါ့။

မိမိကမူ ရှေ့တစ်ဆင့်တက်ဖို့ပင် လမ်းပွင့်နေပြီ။ လက်ထောက်တစ်ယောက်တောင် ရထားပြီမဟုတ်လား။ ဝိုင်အိုလက်တီက အလွန်အားကိုးရသည့် လက်ထောက်တစ်ယောက်ဖြစ်သည်။

သေနတ်ပါသည့် ပခုံးစလွယ်ကို လွယ်သည်။ ဂျာကင်အင်္ကျီ ထပ်ဝတ်သည်။ ကလေးမက ခုတင်ပေါ်မှ ထလိုက်၏။

"ဘယ်တော့ပြန်လာမှာလဲ"

မကျေနပ်သံကလေးနှင့် မေး၏။

သူက ကလေးမကို ငုံ့ပြီး နမ်းလိုက်ရင်း

"မနက်ဖြန်။ မင်းကို ငါ အပြင်ခေါ်သွားပြီး စပယ်ရှယ်ကျွေးမယ် သိလား။ သူငယ်ချင်းတစ်ယောက်နဲ့လည်း မိတ်ဆက်ပေးမယ်"

အခန်းတံခါးကိုဖွင့်ပြီး အပြင်သို့ လှမ်းထွက်လိုက်သည်။

"ဆန္ဒရီ"

တစ်စုံတစ်ယောက်က သူ့နာမည်ကို လှမ်းခေါ်သံ ကြားလိုက်၏။ သူ့လက်က အလိုအလျောက် ချိုင်းအောက်သို့ ရောက်သွားသည်။

ဆန္ဒရီသည် အလွန်အသိဉာဏ်လျှင်မြန်ထက်မြက်သူဖြစ်၏။ ယင်းအသိဉာဏ်ကပင် သူ့လက်တွေကို မလှုပ်ရှားဖို့ ထိန်းချုပ်လိုက်သည်။

မည်းနက်ပြောင်လက်နေသည့် သေနတ်ပြောင်းဝ နှစ်ခုကို အနီးကပ် မြင်လိုက်ရ၍ ဖြစ်၏။

စက္ကန့်ပိုင်းအတွင်း မည်းနက်နက် ပြောင်းဝများမှ ဝါကြန့်ကြန့် မီးလျှံနှစ်ခု ဖြာထွက်လာသည်။

*

ဆက်တာက မကျေမနပ် ဖြစ်နေသည်။

ရွှေမင်းသမီး အံစာပွဲတွင် ကံကောင်းနေ၏။ အကွက်မြင်သင့်သလောက် မြင်သည်တော့ အမှန်။ သို့သော် သူ့ကို ငါးပွဲတွင် သုံးပွဲနိုင်နေခြင်းမှာ ကံကောင်းနေ၍ဖြစ်သည်ဟု ဆက်တာကို ယုံကြည်ထား၏။

မင်းသမီးက သူ့ကို သနားစရာသတ္တဝါတစ်ကောင်ကို ကြည့်သလို ကြည့်ပြီး ပြုံးနေ၏။

အမူအရာ ကောင်းပါပေသည်။

လည်ပတ်အင်္ကျီကို ဝတ်ထားသည်။ ရင်သားများက အတွင်းမှ ဝင့်ကြွား နေ၏။ သူ့အာရုံသည် ကစားဝိုင်းတွင် စူးစိုက်၍မရဘဲဖြစ်နေ၍ ရှုံးနေခြင်းဖြစ်၏။

ကစားပြီးတော့ သူကိုယ်တိုင် စီမံချက်ပြုတ်ထားသည့် ညစာကို တည်ခင်း စားသောက်ကြသည်။ ယမကာမှာ ရှန်ပိန်။

ရွှေမင်းသမီးက သူ့လက်ရာ ဟင်းလျာများကို ခံတွင်းတွေ့နေ၏။ အားလုံး အဆင်ချောနေသည်။ အိပ်ခန်းထဲတွင်လည်း မပြေလည်စရာအကြောင်း မရှိတော့။

စားသောက်ပြီးစီးချိန်တွင် ဆက်တာ၏ သွေးခုန်နှုန်းတွေ မြန်စပြုလာသည်။

ဤတွင် တယ်လီဖုန်းသံ မြည်လာခြင်းဖြစ်၏။

*

ဘဲလူးက ကားနက်ကြီး၏နံဘေးတွင် ရပ်စောင့်နေသည်။ ရဲကားတစ်စီးလည်း ရောက်နေသည်။ ဆက်တာက ကားထဲမှ ထွက်လာသည်။ သူ၏အမူအရာမှာ အလွန် စိတ်တိုနေမှန်း သိသာလှ၏။ လွန်ခဲ့သည့်ဆယ့်ငါးမိနစ် ဖုန်းသတင်းကိုရကတည်းက ဒေါသကို ချုပ်ထိန်းထားရသည် မဟုတ်ပါလား။

ကားထဲသို့ လှမ်းကြည့်လိုက်သည်။

"ဝိုင်အိုလက်တီလေ။ ဆန္ဒရီက အပေါ်ထပ်မှာ"

"ဒီအတိုင်းတွေ့တာလား"

"မဟုတ်ဘူးဆရာ၊ စတီယာရင် ဘီးပေါ်မှာ သူ့ကိုယ် အပေါ်ပိုင်းက မှောက် နေတာ။ ညာဘက် တံတောင်ဆစ်က အပြင်ထွက်နေတယ်တဲ့။ ကျွန်တော်တို့

ပဋ္ဌာရောင်ရဲတွေက တွေ့တော့ အပြင်ထွက်ခိုင်းတာ မထွက်တာနဲ့ တံခါးကို ဆွဲဖွင့်လိုက်တော့ အလောင်းကြီးက သူ့ဘက် ထွက်ကျလာတယ်တဲ့ဆရာ။ သူ့ကိုယ်မှာ သွေးတွေလည်း ရွှဲသွားတာပဲ။ သူလည်း ကြောက်အားလန့်အားနဲ့ တွန်းထုတ်လိုက်တော့ အဲဒီအတိုင်း ကူရှင်ပေါ် ကျသွားတာတဲ့"

ဆက်တာက ကားထဲသို့ ငုံ့ကြည့်လိုက်ပြန်သည်။

ဝိုင်အိုလက်တီ၏ကိုယ်ကြီးက ရှေ့နှစ်ခုံပေါ်တွင် ကန့်လန့်ဖြတ်ကြီး လဲကျနေသည်။ သွေးတွေအိုင်ထွန်းလျက်။ မေးစေ့အောက်တွင် တ[?]င်သွင်စီးဆင်းနေဆဲ။ ဆက်တာ နှာခေါင်းရှုံ့ပြီး တစ်ဖက်သို့ လှည့်လိုက်သည်။

"ကဲ အပေါ်ထပ် တက်ကြည့်ကြရအောင်"

ဆန္ဒရိုက ဒုတိယထပ် လှေကားရင်းတွင် ပက်လက်လဲကျနေ၏။ ဦးခေါင်းနှင့်ပခုံးကို မျက်နှာသုတ်ပဝါတစ်ထည်ဖြင့် အုပ်ထား၏။ ရဲဓာတ်ပုံဆရာက သူ့ပစ္စည်းတွေကို သိမ်းဆည်းနေ၏။

တိုက်ခန်းတံခါးက ပွင့်လျက်သား။ အိပ်ခန်းကို လှမ်းမြင်နေရ၏။

စောင်တစ်ထည်နှင့် ကိုယ်ကို မလုံမလဲ ပတ်ထားသည့် မိန်းကလေးတစ်ယောက်က ခုတင်ပေါ်တွင် ထိုင်လျက်။ မှတ်စုစာအုပ်တစ်အုပ်နှင့် စစ်ချက်ယူနေသည့် ရဲသားလူငယ်က ကလေးမကို မကြည့်မိအောင် မနည်းကြီး ထိန်းပြီး မေးမြန်းနေရဟန်တူသည်။

ဘဲလူးက အလောင်းကို မေးငေါ့ပြပြီး

"သူက ကောင်မလေးနဲ့အလုပ်ဖြစ်ပြီး ထွက်လာလာချင်းဖြစ်တာ ဆရာ"

ဆက်တာက အလောင်းကို ငုံ့ကြည့်ရင်း ခပ်တိုးတိုးပြန်ပြောလိုက်သည်။

"အေး၊ သူကတော့ ငါ့ထက် ကံကောင်းသေးတာပေါ့ကွာ"

"နှစ်လုံးပြူးပြောင်းတို ဆရာ။ အနီးကပ်ပစ်တာ"

ဘဲလူးက ထင်မြင်ချက် ပေးလိုက်၏။

ဆက်တာက သွေးစွန်းနေသည့် မျက်နှာသုတ်ပဝါကို ဖယ်ပြီး

"ဆရာဝန်စစ်ချက်ကို ငါ ကြိုပြောလိုက်မယ်။ ကျည်သွားလမ်းတစ်လျှောက်မှာ ဦးနှောက်သွေးကြောများ ပျက်စီးခြင်း"

အခန်းထဲသို့ ဝေ့ပြီး

"ကဲ မင်းသိတာတွေ ငါ့ကို ပြောပါဦး"

"ဒီအခန်းက ဆန္ဒရီရဲ့ အပျော်ခန်းသက်သက်လေ။ ကောင်မလေးတွေကို မှန်မှန်လဲပြီး ဒီမှာထားတယ်။ ညတိုင်းလိုလို သူ ဒီအခန်းကိုရောက်တယ်။ ရက်ဘီယာ အသတ်ခံရပြီးတဲ့နောက် သူ့အနားမှာ ဝိုင်အိုလက်တီ အမြဲပါနေတာ တွေ့ရတယ်။

လူသတ်သမားက ဝိုင်အိုလက်တီရဲ့လည်ပင်းကို ပြတ်လုခမန်းလှီးပြီး ဒရိုင်ဘာခုံမှာ ထိုင်လျက်သား ထားခဲ့တယ်။ အလင်းရောင် သိပ်မရှိတော့ လမ်းသွားလမ်းလာတွေက သူ့ကို စတီယာရင်ပေါ် မှောက်ပြီး အိပ်နေတယ်ပဲ ထင်ကြမယ်။ ဒီကိစ္စပြီးမှ လူသတ်သမားဟာ အပေါ်ထပ်ကို တက်သွားပြီး ဆန္ဒရီကို သွားစောင့်နေတယ်။ ဆန္ဒရီထွက်လာတော့ နှစ်လုံးပြူး ပြောင်းတိုနဲ့ တော့ဖြုတ်လိုက်တာပဲ"

"ကောင်မကလေးက ဘာတွေမြင်လိုက်သလဲ"

"ဘာမှမတွေ့လိုက်ရဘူး။ ငယ်ပေမဲ့ ကောင်မလေးက မဆိုးဘူး။ ခေါင်းအုံးနဲ့ မျက်နှာနဲ့ ကပ်ထားပြီး ရဲမလာမချင်း ဘယ်သူမေးတာမှ မပြောဘူး"

ဘဲလူးက လက်မနှင့် အပေါ်ထပ်ကို ညွှန်ပြရင်း

"အပေါ်ထပ်မှာနေတဲ့ အမျိုးသမီးက သေနတ်သံကြားတော့ တံခါးဖွင့်ပြီး လှေကားကို ကြည့်တယ်တဲ့ ဆရာ။ မျက်နှာတစ်ခြမ်းမရှိတော့ဘဲ လဲကျနေတဲ့ ဆန္ဒရီကိုမြင်တော့ လန့်ပြီး တအားကုန်းအော်တော့တာပဲတဲ့။ အကြောက်လွန်ပြီး တက်သွားတယ်။ မနည်း နှာနပ်ပြီး ခုမှစစ်ချက်ယူရတယ်"

"စိတ်ဝင်စားစရာတော့ ကောင်းတယ်ကွ"

ဆက်တာက ထင်မြင်ချက် စပေးသည်။

"ဘာပါလိမ့်ဆရာ"

"စောစောက မင်းပြောတဲ့အထဲမှာ လူသတ်တရားခံကို တစ်ယောက်တည်းလို့ ပြောသွားတယ်နော်"

ဘဲလူးက ပခုံးတွန့်သွားပြီး

"ဘာကြောင့်မှန်း မသိဘူး၊ ကျွန်တော်တော့ ရက်ဘီယာကိုရော ဒီနှစ်ကောင်ကိုပါ ရှင်းပစ်တဲ့လူဟာ တစ်ယောက်တည်းပဲလို့ စိတ်ထဲမှာ စွဲနေတယ်"

"ဖြစ်နိုင်ပါတယ်"

ဆက်တာက နှာခေါင်းတစ်ချက်ရှုံ့ပြီး အခန်းထဲသို့ ဝင်သွားသည်။

*

သူဝင်လာသည်ကိုမြင်သည်နှင့် ကောင်မလေးကို စစ်ချက်ယူနေသည့် ရဲသားကလေးက မှတ်စုစာအုပ်ကို ဖွင့်ပြီး ဖတ်ပြသည်။

"သူ့နာမည်က အေမီလီယာ၊ အသက် ၁၅ နှစ်၊ အိမ်ပြေးမကလေး။ ဒီနာမည်ကို ကျွန်တော် မှတ်မိတယ်ဆရာ။ လွန်ခဲ့တဲ့ ၆ ရက်လောက်က လူပျောက် တိုင်ထားတာ ရှိတယ်။ သူ ဒီကိုရောက်တာလည်း ၆ ရက်ရှိပြီတဲ့ ဆရာ"

ခုတင်ပေါ်တွင် တုန်တုန်ယင်ယင်နှင့်ထိုင်နေသည့် ကလေးမကို တစ်ချက် ငေးကြည့်ပြီး အမိန့်ပေးလိုက်၏။

"သူ့ကို အဝတ်ဝတ်ခိုင်းကွာ။ ပြီးတော့ စခန်းကိုခေါ်သွား။ ဆန္ဒရီ အကြောင်း သူ့ဆီက ရနိုင်သလောက် မေးပြီး ယူထားလိုက်။ ပြီးတော့မှ လူပျောက် ဌာနကို အပ်လိုက်။ သူ့လုံခြုံရေးကိစ္စတော့ အချိန်ပြည့် ဂရုစိုက်နော်"

ဆက်တာက အခန်းတံခါးကိုပိတ်ပြီး ထွက်ခဲ့၏။ ပြီးတော့မှ တစ်စုံတစ်ခုကို သတိရသလို တံခါးပြန်ဖွင့်ပြီး

"ဟေ့... သူ အဝတ် ဝတ်ဖို့ မင်း အပြင်ထွက်ပေးလိုက်ဦးလေကွာ"

"တစ်ဖက်နဲ့ တစ်ဖက် ပွဲကြီးပွဲကောင်းစပြီ ထင်တယ်ဆရာ၊ သုံးရက် အတွင်း ဆက်တိုက်ဖြစ်တာ"

ဘဲလူးက ဆီးပြောသည်။

ဆက်တာက ခဏတွေစဉ်းစားပြီးမှ ဝေဖန်ချက်ပေးသည်။

"မာဆေးကကောင်တွေလက်ချက် သေချာပါတယ်။ စားတို့၊ နှစ်လုံးပြူး ပြောင်းတိုတို့ဆိုတာ ဒီကောင်တွေပဲ သုံးကြတာမဟုတ်လား။ ဒီကောင်တွေ လွန်လာ ပြီကွ။ အုပ်စုတိုက်ပွဲကြီးတွေ စဖြစ်လာရင် အပြစ်မရှိတဲ့လူတွေ အဆစ်ပါကုန် ကြတော့မယ်"

ဆက်တာက ဆန္ဒရီအလောင်းကို ငုံ့ကြည့်ပြီး

"ရက်ဘီယာဟာ ဆန္ဒရီ ဘယ်မှာရှိတယ်ဆိုတာကို ပြောခဲ့တယ်။ နောက် ဘာတွေပြောခဲ့သေးသလဲဆိုတာကိုတော့ မတွေးဝံ့အောင်ပဲ"

ဆန္ဒရီ၏အလောင်းကို ပလတ်စတစ်အိတ်ကြီးထဲသို့ ထည့်ကြသည်။ ဆက်တာက ပြီးသည်အထိ စောင့်ကြည့်နေပြီး ဘဲလူးဘက်သို့လှည့်၍

"မင်းနဲ့ ငါ ရုံးပြန်သွားကြရအောင်။ ဒီညတော့ တို့ သောက်လုပ်ရှုပ်မှာပဲ။ ဒီတစ်ပတ်လုံး ရှုပ်မယ်ထင်တယ်ကွ"

*

သုံးရက်အတွင်း လူသတ်မှု သုံးခု။

သတင်းစာတိုက်တွေက စိတ်ဝင်စားလာကြပြီ။ မှုခင်းသတင်းထောက်တွေ ခြေရှုပ်နေကြပြီ။ ခေါင်းကြီးပိုင်းတင်ပြီး ဝေဖန်ရေးသားကြသည်။ သူတို့ ကောက်ချက်မှာ ဆက်တာနှင့် ကင်တာရီလာတို့၏ကောက်ချက်နှင့် အတူတူပင်။

တရားဥပဒေစိုးမိုးရေးကို တောင်းဆိုရေးသားကြ၏။

သည်တော့ ဆက်တာကို အထက်လူကြီးတွေက ဝက်အူတင်းကြသည်။ အီတလီမြေအောက် ဒုစရိုက်ဂိုဏ်းသားချင်း သတ်ကြသည်ဖြစ်လျှင်လည်း မိမိတို့အဖွဲ့ အနေဖြင့် သိက္ခာကျကြောင်း၊ ပြင်သစ်တို့၏လက်ချက်ဆိုလျှင် သာ၍ပင်ဆိုးကြောင်း ရဲမင်းကြီးကိုယ်တိုင် ဆက်တာ့ကို ခေါ်ပြောသည်အထိ ဖြစ်လာ၏။

သတင်းစာဖတ်ပရိသတ်က အမျိုးမျိုး ထင်ကြေးပေးလျက်ရှိကြသည်။

သတင်းစာဖတ်ပြီး တိုက်ပွဲမှာ အစသာရှိသေးကြောင်း သဘောပေါက်သူ နှစ်ဦးသာ ရှိသည်။

နေပယ်လ်မှ ဂိုက်ဒိုနှင့် မာဆေးမှ လက်ကလဲယား။

*

ဖော်ဆယ်လာက ဒေါသူပုန်ထနေသည်။ တစ်ပြိုင်တည်းတွင် စိတ်မကောင်းလည်း ဖြစ်နေ၏။ သူ့လူတွေ ဆုံးရှုံးရသည့်အတွက် စိတ်မကောင်းခြင်းဖြစ်ပြီး ကင်တာရီလာ၏ ရာဇသံကြောင့် ဒေါသူပုန်ထနေခြင်းဖြစ်၏။

ဖော်ဆယ်လာသည် ကင်တာရီလာကို ဘယ်တုန်းကမှ မကျေနပ်ခဲ့။ လူလည်ကျလွန်းသည်။ စံအိမ်တော်ကြီးထဲက တစ်ဖဝါးမှမခွာဘဲ အခန့်သား ထိုင်ပြီး ဝေစုယူနေသူဖြစ်၏။

ကားထဲတွင်ထိုင်ရင်း အံကြိတ်ထားလိုက်၏။ သူ့လက်ပါးစေ ယူလာသည့် စာကို ကြည့်လေ။

"မင်းလုပ်နေပုံတွေကို ငါတို့ လုံးဝမကြိုက်နိုင်တော့ဘူး" တဲ့။

တော်တော်လူပါးဝတဲ့ ငပု။ ကွန်တီသာ ကြားထဲမှာခံမနေရင် မကြိုက် နိုင်တော့ မင်းက ဘာလုပ်နိုင်သလဲလို့ မေးလိုက်ချင်၏။

ဗုဒ္ဓဟူးနေ့ ညနေခင်းဖြစ်သည်။ ဘာယင်ရွာကလေးတွင် အမေနှင့် ညစာ စားနေသည့်နေ့ ဖြစ်သည်။ အမေ့အတွက်မှ လိမ္မာသည့် သားဖြစ်သည်။ ဘယ်တော့မှ ပျက်ကွက်လေ့မရှိ။ ဗုဒ္ဓဟူးနေ့တိုင်း သွားသည်။

အမေစိတ်ဆိုးမှာကို ကင်တာရီလာစိတ်ဆိုးမှာထက် ကြောက်၏။

ဖော်ဆယ်လာက ခရီးသွားလျှင် သူ့လုံခြုံရေးကို အမြဲဂရုစိုက်သူဖြစ်သည်။ သက်တော်စောင့် ကားနှစ်စီးက လက်နက်အပြည့်နှင့်။ ရှေ့တစ်စီး၊ နောက်တစ်စီး။

ခွေးသား ပြင်သစ်တွေ၊ ငွေလေး သန်းနှစ်ဆယ်လောက် ဆုံးတာကို ရေးကြီးခွင့်ကျယ်လုပ်နေကြ၏။ ရှေ့လျှောက် ပူစရာ မရှိတော့။ ငွေကို ပြန်ပို့ခိုင်းလိုက်ပြီ။

ရွာထဲကိုဝင်ပြီး အမေ့အိမ်သို့ ချိုးသည့် လမ်းကလေးတွင် ကိုယ်ရံတော်တပ်ဖွဲ့က ကားပေါ်မှပြေးဆင်းပြီး အသီးသီးနေရာယူလိုက်ကြသည်။ သည်ကောင်တွေ ဝီရိယ ပိုလွန်းနေသည်ထင်၏။ ဘယ်ပြင်သစ်က ဒီလိုရွာကလေးထိ လိုက်လာခဲ့မည်နည်း။

"မင်းတို့ ဒီမှာစောင့်နေကြ၊ ငါ နှစ်နာရီလောက်ပဲကြာမယ်"

ဘာမှ ပူပန်မှုမရှိသလို အမိန့်ပေးခဲ့၏။

ဖော်ဆယ်လာက ဝဝပုပုနှင့် ထိပ်ပြောင်ပြောင်။ ကျောက်လှေကားကို တစ်ထစ်ချင်း နင်းပြီး အမေ့အိမ်ပေါ်သို့ တက်သွား၏။

ဟိုက်...။

ဒေါသအမျက်ခြောင်းခြောင်းထွက်နေသည့် အမေ့မျက်လုံးတွေကို အရင်မြင်လိုက်ရ၏။ သို့သော် အမေ ဘာမှမပြောနိုင်။ ပါးစပ်ကို တိပ်ပတ်ထား၏။ ကုလားထိုင် လက်တန်းနှင့် လက်တွေကိုလည်း တိပ်နှင့် ပတ်ထား၏။

အမေ့နောက်တွင် ဇရာမလူကြီးတစ်ယောက် ရပ်လျက်။ သူ့လက်ထဲမှ နှစ်လုံးပြူးပြောင်းတိုသေနတ်က အမေ့နားအုံကို တေ့ထားသည်။

"မင်း အသံနည်းနည်းကလေးထွက်လိုက်တာနဲ့တစ်ပြိုင်နက် မင်းဟာ အမိမဲ့သား ဖြစ်သွားပြီမှတ်"

ဖော်ဆယ်လာက အမိန့်ကိုနာခံပြီး နံရံကို မျက်နှာမူသည်။ လက်နှစ်ဖက်ကို မြှောက်၍ နံရံနှင့် ကပ်ထားသည်။ ပြီးတော့ ခြေထောက်ကို ချဲပြီး ရပ်သည်။ ထိုလူကြီးကို ဘယ်သူဘယ်ဝါဟု မခွဲခြားနိုင်မီ လောကကြီး မှောင်အတိ ကျသွားတော့၏။

သတိပြန်ရတော့ ခြေတွေ လက်တွေကို တိပ်နှင့်ပတ်ထားခြင်းခံရကြောင်း သိလိုက်၏။ ပါးစပ်ကိုလည်း ပတ်ထားသည်။ ဒေါသထွက်ခြင်း၊ ရှက်ခြင်းတို့ ရောထွေးနေ၏။ ကိုယ့်အဖြစ်ကိုလည်း ကျိန်ဆဲ၍ မဆုံးတော့။ ဘယ်လောက်

သတ်သေချင်စရာကောင်းလိုက်သလဲလို့။ ထိုလူကြီးက သူ့ကို ကလေးတစ်ယောက်အား ပွေ့သလို ပွေ့သွားသည်လေ။

မီးခိုးရောင်ကားတစ်စီး အိမ်နောက်ဖေးမှ မြေနီလမ်းကလေးပေါ်တွင် ရပ်ထားသည်။ ဘေးတံခါးက ဖွင့်လျက်သား။ သူ့ကို ကားထဲသို့ ပစ်တင်လိုက်ပြီး ထိုလူကြီးက တံခါးကို ဖြည်းဖြည်းပိတ်လိုက်သည်။

ကားကို စက်မနှိုးဘဲ အဆင်းလမ်းအတိုင်း လိမ့်ဆင်းသွားသည်။ မီတာသုံးဆယ်လောက်အကွာတွင် စောင့်နေကြသည့် သက်တော်စောင့်တွေကို သတိရလိုက်၏။ စိတ်ထဲက ကျိတ်ပြီး ကျိန်ဆဲလိုက်ပြန်၏။ ဒေါသနေရာတွင် ကြောက်စိတ်တွေ အစားဝင်လာသည်။

သူ့မျက်စိကို ပိတ်မလာခဲ့။ ကားနံဘေးမှ 'လူဂျီရက်ကာ ကုန်စိမ်းရောင်းဝယ်ရေး' ဟူသည့် စာတန်းကို သေသေချာချာမြင်လိုက်သည်။ သည့်အတွက် သူ့တွင် ပြန်လမ်း မရှိနိုင်တော့ဟု သဘောပေါက်လိုက်၏။

ကားပေါ်တွင် နှစ်နာရီလုံးလုံး လိုက်လာခဲ့၍ တစ်ကိုယ်လုံး တောင့်တင်းကိုက်ခဲလာသည်။ တိုက်ပုကလေးရှေ့တွင် ကားကို ရပ်လိုက်သည်။

မှောင်စပြုပြီ။

သူ့အာရုံတွင် ထက်မြက်ကြည်လင်နေဆဲဖြစ်၏။ သို့သော် ဘယ်လိုမှ အဓိပ္ပာယ်ကောက်လို့မရ ဖြစ်နေသည်။

ကားတံခါးကိုဖွင့်ပြီး သူ့ကို စောစောကလို ပွေ့ယူသွားပြန်သည်။ အိမ်ထဲရောက်တော့ ကျောက်သား ကြမ်းခင်းပေါ်သို့ ခပ်ကြမ်းကြမ်း ပစ်ချလိုက်၏။ ပြီးတော့မှ မီးဖွင့်လိုက်သည်။

ထိုလူကြီး သွားလာလှုပ်ရှားနေသည့် ခြေသံတွေကို ကြားနေရ၏။

အတန်ကြာမှ သူ့ဆီကိုလျှောက်လာပြီး ဖိနပ်ဦးနှင့် မ၍ တစ်ပတ်လှိမ့်လိုက်သည်။ ပက်လက်လန်ကျသွားတော့ သူ့အရပ်ကြီးမှာ မျက်မှာကြက်နှင့် ထိနေသည်ဟု ထင်မိလိုက်၏။

သူက ဆတ်ခနဲ ဒူးထောက်ထိုင်ချပြီး ဖိနပ်ချွတ်ပေးသည်။ ပြီးတော့မှ ဒူးတွင် ပတ်ထားသည့် တိပ်တွေကို ခွာပေးသည်။ ဖော်ဆယ်လာက အညောင်းဆန့်လိုက်၏။ သည်ထက်ပို၍ လှုပ်ရှားဖို့ မကြိုးစား။ ခွန်အားကို သုံး၍ ရနိုင်စရာ အကြောင်းမမြင်။

လက်နှစ်ဖက်ကိုကား ဖြေမပေးသေး။ တစ်ကိုယ်လုံး နာကျင်နေသည်။ ကြောက်စိတ်သည် ကျောရိုးထဲထိကို စိမ့်ဝင်သွားသည်။ ဘုရား၊ ဘုရား၊ မိမိ၏ ခါးပတ်ကို ဖြုတ်နေသည်ပါလား။ ပြီးတော့ ဇစ်ကိုဆွဲကာ အတွင်းခံကိုပါ ဆွဲချွတ်သည်။ မတ်တတ်ရပ်ပြီး ဖိနပ်ဦးနှင့် ကော်လိုက်တော့ အားလျားမှောက် အနေအထားသို့ ရောက်သွားသည်။

ခေါင်းနပန်း ကြီးသွား၏။

နားရွက်၏နောက်ကို ဖိနပ်နှင့် အကန်ခံလိုက်ရပြန်သည်။ ပြင်းထန် နာကျင်လွန်းသည့်ဝေဒနာနှင့်အတူ လောကကြီးတစ်ခုလုံး မှောင်သွားပြန်သည်။

*

သတိပြန်ရချိန်တွင် ထူးထူးခြားခြား မနာကျင်တော့ဘဲ အနေရကျပ်နေ၏။ ထိုင်ရတာ မအီမသာကြီးပါလား။

ရှေ့တွင် စားပွဲကြမ်းတစ်လုံးရှိနေ၏။ စားပွဲ၏ဘယ်ဘက်အစွန်းနားတွင် ညိုပုပ်ပုပ် အကွက်တစ်ကွက်။ အလယ်တွင် အပေါက်ကလေးတစ်ပေါက်။

မျက်နှာချင်းဆိုင် ထိုင်နေသည့် စားပွဲတစ်ဖက်စွန်းမှ လူကြီးကို သူက မျက်လွှာပင့်ကြည့်လိုက်သည်။ သူ့ရှေ့တွင် ဖွင့်ထားသည့် မှတ်စုစာအုပ် တစ်အုပ်နှင့် ပစ္စည်းမျိုးစုံ စီချထားသည်။ ပြီး စားပွဲတင်နာရီတစ်လုံး။ အချိန်က ၉ နာရီ ၂ မိနစ်။

"မင်း သတိရပြီလား၊ ငါပြောတာ ကြားလား"

ဖော်ဆယ်လာက ခေါင်းညိတ်လိုက်၏။ သူ့ပါးစပ်မှ တိပ်ကို ခွာထား ပေးပြီး ဖြစ်သည်။ လက်နှစ်ဖက်ကိုမူ ကုလားထိုင် လက်တန်းနှင့် ကပ်ထား၏။

သို့သော် သူက ရက်ဘီယာလို ရိုင်းရိုင်းပျပျ တစ်ခွန်းမျှ မဟ။ သူက အသက်ပိုကြီးပြီး အတွေ့အကြုံ ပို၍များသည်လေ။

လူကြီးက ပစ္စည်းတစ်ခုကို ကောက်ကိုင်လိုက်သည်။ ထိပ်နှစ်ဖက်ရှုး သတ္တုဆလင်ဒါလေး။ အရစ်ကို လှည့်ချွတ်လိုက်တော့ အပိုင်းနှစ်ပိုင်းဖြစ်သွားသည်။

"ဒါက ထောင်သားတွေ၊ ဘိန်းဖြူမှောင်ခိုသမားတွေ သုံးတဲ့ပစ္စည်းပဲ။ ပိုက်ဆံတို့၊ ဘိန်းဖြူတို့အထဲမှာထည့်ပြီး ယောကျ်ားကိုယ်ထဲ ထည့်ယူတဲ့ နည်းလေ"

ခပ်ညီညီ ယမ်းထုပ်တစ်ထုပ်ကို ကောက်ကိုင်ပြီး စကားဆက်သည်။

"ဒါက ယမ်းဘီလူး၊ အားသိပ်ကောင်းတဲ့ ယမ်းဘီလူး"

သူက ဆလင်ဒါ၏အပိုင်းတစ်ခုထဲသို့ထည့်ပြီး ပစ္စည်းကလေးတစ်ခုကို

ကောက်ယူလိုက်ပြန်သည်။ တစ်ဖက်ထိပ်တွင် ဆူးကလေးပါသည့် ခပ်ဝိုင်းဝိုင်း အရာဝတ္ထုကလေးတစ်ခု။

"ဒါက စနက်တံ"

နောက်ထပ်ပစ္စည်းငယ်ကလေးတစ်ခုကိုယူပြီး ဆလင်ဒါ၏အခြားတစ်ပိုင်းတွင် ထည့်၍ စနက်တံနှင့်ဆက်သည်။

"ဒါက အချိန်ကိုက်ကိရိယာ"

ဆလင်ဒါပိုင်းနှစ်ပိုင်းကို ဝက်အူရစ်၍ ပြန်ပိတ်ပြီး လက်ညှိုးနှင့် လက်မ ကြားတွင် ထောင်ကိုင်လိုက်သည်။

"အဲဒီတော့ ဘိန်းဖြူတို့၊ ပိုက်ဆံတို့ထည့်တဲ့ ပစ္စည်းကလေးက ဗုံးဖြစ်သွား တာပေါ့ကွာ။ ဟုတ်လား။ အမြင်ကတော့ သေးသေးကလေးရယ်။ ဒါပေမဲ့ အားက မသေးဘူးကွ"

သူ့လေသံက အေးအေးဆေးဆေး။

"သိပ္ပံပညာ ထွန်းကားလာတဲ့ အကျိုးပေါ့ကွာ။ လွန်ခဲ့တဲ့ ဆယ်နှစ်က ဆိုရင် ဒါလောက်အားကောင်းကဲ့ ဗုံးတစ်လုံးဟာ တစ်ကီလိုမက လေးတယ်"

အေးစက်စက်မျက်လုံးအစုံက ဖော်ဆယ်လာကို စိုက်ကြည့်လျက်။

အသံက အနိမ့် အမြင့် မရှိ။

"မင်းကိုယ်ထဲမှာ ဒါမျိုး ဗုံးကလေးတစ်လုံး ရောက်နေပြီ။ ပေါက်ကွဲ ချိန်က ၁၀ နာရီ"

ဖော်ဆယ်လာက နာရီကို ဖျတ်ခနဲလှမ်းကြည့်လိုက်၏။ ကိုးနာရီ ခုနစ်မိနစ်။

"ကဲ ငါမေးတဲ့ မေးခွန်းတွေကို မင်း မှန်မှန်နဲ့ ပြည့်ပြည့်စုံစုံဖြေရင် ၁၀ နာရီ မတိုင်ခင် ဗုံးကို ငါပြန်ထုတ်ပေးမယ်"

ဖော်ဆယ်လာက မယုံ။ သူ့ကို ဒီလို ဘယ်နည်းနှင့်မှ အရှင်ထားမည်မထင်။ လှမ်းပြီး အကဲခတ်လိုက်သည်။

လူကြီးက ပခုံးတွန့်ပြသည်။ သူ့မျက်နှာတွင် မည်သည့်ခံစားမှုမျိုးမှ ရှာမရ။ တစ်မိနစ်မှ တခ်မိနစ်သို့ ရွေ့လျားနေ၏။

နာရီစက်သံသည် တစ်ခန်းလုံးကို လွှမ်းမိုးနေ၏။

ဖော်ဆယ်လာ အသက်ရှူမြန်လာသည်။ ဝမ်းဗိုက်ထဲတွင် ပို၍မအီမသာ ဖြစ်လာသည်။

ကိုးနာရီ နှစ်ဆယ့်နှစ်မိနစ်။

အို ငါ့အတွက် ဘာမှ ထပ်မရှုံးနိုင်တော့ပါဘူး။

"ကဲ ခင်ဗျား ဘာသိချင်သလဲ"

သူ့ရှေ့မှ လူကြီးက ဘောလ်ပင်ကို ကောက်ကိုင်လိုက်သည်။

"ကွန်တီနဲ့ ကင်တာရီလာအကြောင်း ငါသိချင်တယ်။ ဒါပေမဲ့ ပထမဆုံး ငါသိချင်တာက လူတွေအကြောင်းကို ချေးခါးအုမ သိတဲ့ မင်းတို့တစ်တွေ ဘာဖြစ်လို့ စီးပွားရေး ချွတ်ခြုံကျနေတဲ့ လူတစ်ယောက်ရဲ့ သမီးကလေးကို ပြန်ပေးဆွဲတယ် ဆိုတဲ့ အချက်ပဲ"

၉ နာရီ ၅၃ မိနစ်တွင် အမေးအဖြေကိစ္စ ပြတ်သွားသည်။

ထိုလူကြီးက မှတ်စုစာအုပ်ကို ပိတ်၊ ဘောလ်ပင် မင်ချောင်းကို နှိပ်သွင်းပြီး ထိုင်ရာမှ ထသည်။ ဖော်ဆယ်လာကို တစ်ချက်စိုက်ကြည့်ပြီး ထွက်သွားသည်။

ကားစက်နှိုးပြီး မောင်းထွက်သွားသံ ကြားလိုက်၏။ စက်သံ တဖြည်းဖြည်း ဝေးပြီး လုံးဝပျောက်ကွယ်သွားသည်။ ခပ်မှန်မှန်မြည်နေသော နာရီစက်သံမှလွဲ၍ ဘာမှမကြားရတော့။ ဖော်ဆယ်လာက အော်ဖို့လည်း မကြိုးစား၊ ရုန်းကန်ဖို့လည်း အားမထုတ်။ အတောင့်သား ထိုင်၍ နာရီဒိုင်ခွက်ကိုသာ ပြူးကြည့်နေသည်။

၉ နာရီ ၅၈ မိနစ်တွင် သတိပေးခေါင်းလောင်းသံမြည်လာတော့ သူ့အသိစိတ်တွေ တစ်စစီလွင့်စဉ်သွားသည်။

နောက်ထပ် နှစ်မိနစ်အကြာတွင် သူ့ခန္ဓာကိုယ်သည်လည်း...။

*

ဆက်တာက သတင်းကြီးသည့် မင်းသမီးကို ငုံ့ကြည့်နေ၏။ သူ့ခန္ဓာကိုယ်ကလေးမှာ ချွေးကလေးများပင် စို့နေပြီ။ နီစွေးနုထွေးနေသည့် နှုတ်ခမ်းအစုံမှာ ရမ္မက်ဆန္ဒဖြင့် ခပ်ဟဟကလေး ပွင့်နေ၏။

ဆက်တာက သတင်းကြီးသည့် မင်းသမီးကိုမှ အနိုင်ယူချင်နေ၏။ သူ့ခြေတော်ရင်းတွင် ဝပ်စင်းစေရမည်။

❑

## (၁၅)

"ဒါ ဘယ်နည်းနဲ့မှ မာဆေးက ပြင်သစ်တွေရဲ့လက်ချက် မဖြစ်နိုင်ဘူး"

ဆက်တာက ဆရာဝန်စစ်ချက်ကို သေသေချာချာဖတ်ပြီး ပြောလိုက်သည်။ စားပွဲရှေ့တွင် ဘဲလူးက ထိုင်လျက်။

"ဘယ်လိုကြောင့် ဆရာ အတိအကျပြောနိုင်တာလဲ"

"ဒီကောင်တွေမှာ ဒါလောက်အဆင့်အတန်းမြင့်တဲ့ လုပ်နည်းလုပ်ဟန်တွေ အတွေးအခေါ်တွေ မရှိဘူး။ ဓားရယ်၊ နှစ်လုံးပြူးပြောင်းတို့ရယ်၊ ခြောက်လုံးပြူးရယ် သုံးတဲ့အထိတော့ ထားတော့။ ဒါပေမဲ့ ဗုံးကို လူကိုယ်ထဲထည့်ပြီး..."

သူက ခေါင်းယမ်းလိုက်၏။

"ဒါက သိပ်ထူးဆန်းတဲ့ ရည်ရွယ်ချက်မျိုးပဲ"

ဖော်ဆယ်လာ အသတ်ခံရပြီး နောက်နှစ်ရက်အကြာတွင်ဖြစ်သည်။

ဆက်တာကို အထက်က ဝက်အူရစ် တစ်ရစ်ပြီးတစ်ရစ် တင်းနေပြီ။ အဖြေထုတ်ခိုင်းနေပြီ။ သတင်းစာတွေကလည်း ရဲအဖွဲ့ကို သရော်လှပြီ။

မာဆေးရဲအဖွဲ့ကို လှမ်းစုံစမ်းတော့လည်း သည်ကိစ္စတွေ သူတို့ဘက်နှင့် ပတ်သက်ခြင်းမရှိကြောင်း အကြောင်းပြန်လာသည်။

မြေအောက် ဒုစရိုက်ဂိုဏ်းကြီးတွေ ယုန်ထင်ကြောင်ထင်ဖြစ်ကုန်ကြပြီ။ နှစ်ပေါင်း ၃၀ လောက် သံတမန် ပရိယာယ်မျိုးစုံသုံးပြီး စိုးမိုးအုပ်ချုပ် မင်းလုပ်ခဲ့သော ကင်တာရီလာတစ်ယောက် ဆောက်တည်ရာမရ ဖြစ်လာ၏။

ဘယ်သူ့လက်ချက်လဲ။

ဆက်စပ် တွေးခေါ် မြော်မြင်မှု သဘောတရားတွင် အလွန်တော်သည့် ဆက်တာတစ်ယောက်ကိုသာ အားကိုးစရာရှိတော့၏။ သူသာလျှင် အရင်ဆုံး ဖော်ထုတ်နိုင်သူ ဖြစ်ရမည်။ နှစ်ရက်လုံးလုံး ရုံးက မပြန်ဘဲ ဆက်တိုက် အလုပ် လုပ်သည်။

သတင်းကြီးသည့် မင်းသမီးလုလုကလေးနှင့်လည်း ကွဲခဲ့ရပြီ။

ဆက်တာက အခြားကိစ္စတွေကို ဘေးချိတ်ထားလိုက်ပြီး သည်တစ်ခုကို အားရုံစူးစိုက်ထားသည်။ အမျိုးမျိုးစဉ်းစားသည်။ ကောက်ချက်တွေ တစ်ခုပြီးတစ်ခု ဆွဲကြည့်သည်။

ရာဘီယာ၊ ဝိုင်အိုလက်တီ၊ ဆန္ဒရီ၊ ဖော်ဆယ်လာ။ ဝိုင်အိုလက်တီကို စာရင်းထဲက ဖယ်ကြည့်သည်။

သည်တော့မှ သူ့ခေါင်းထဲတွင် အလင်းတန်းတစ်ခု လက်ခနဲ ဖြတ်သန်း သွားသည်။ ဝိုင်အိုလက်တီက ဆန္ဒရီရဲ့လက်ထောက်အဖြစ် တာဝန်ကျနေစဉ် အဆစ် ပါသွားခြင်း ဖြစ်နိုင်သည်။

"ဟေး၊ ပင်တာဆိုတဲ့ကောင်မလေး ပြန်ပေးဆွဲမှု"

ဘဲလူးက မျက်ခုံးချီပြီး

"အဲဒါ ဘာဖြစ်သလဲဆရာ"

ဆက်တာ၏ မျက်နှာသည် တစ်စုံတစ်ခုကို အဖြေတွေ့တော့မလို တက်ကြွ အားရနေ၏။

"ဆက်စပ်မှုရှိတယ်ကွ။ ဒီကိစ္စမှာ ရက်ဘီယာရယ်၊ ဆန္ဒရီရယ် ပါတယ်လေ။ စီစဉ်ထုတ်လုပ်သူက ဖော်ဆယ်လာ"

နောက်ထပ် နှစ်နာရီလုံးလုံး သူတို့ ဆရာတပည့်နှစ်ယောက် အလုပ်ရှုပ် နေသည်။

သည်ကိစ္စတွင် အက်တိုကိုယ်တိုင် ပါဝင်လိမ့်မည်မဟုတ်။ သမီးအတွက် လက်တုံ့ပြန်ရေးတွင် ငွေရေးကြေးရေးလောက်တော့ အကူအညီပေးမည် မုချ။

သူတို့နှစ်ယောက် သက်တော်စောင့်အကြောင်း ဆက်စဉ်းစားကြပြန်သည်။ သည်သက်တော်စောင့်သည် ပရိမီယံသက်တော်စောင့်ဖြစ်ကြောင်း သူတို့ သိထား ကြပြီးသားဖြစ်၏။ အရက်စွဲနေသည့် အဘိုးကြီး။

သို့သော် ဆေးရုံကို ထပ်ဖုန်းဆက်ကြည့်တော့ စဉ်းစားစရာတွေ ထပ်တိုး

လာသည်။ ဆက်တာက သူ့အစ်ကို၏သူငယ်ချင်း ဆရာဝန်ကြီးကို ဖုန်းဆက်မေးကြည့်သည်။

"ဒီလူကြီးကို တို့ ကောင်းကောင်းမှတ်မိတာပေါ့။ သူ့ကျန်းမာရေး သိပ်ကောင်းသွားပြီ။ သူ့မှာ သေလောက်တဲ့ဒဏ်ရာတွေ ရခဲ့တာကွ။ တို့တော်လို့ချည်း မဟုတ်ဘူး။ သူ့မှာ အသက်ရှင်ဖို့ အလွန့်အလွန်ပြင်းပြတဲ့ဆန္ဒတစ်ခုရှိနေလို့ မသေတာလို့ တို့ယူဆထားကြတယ်"

ဆေးရုံက သတင်းရပြီး သက်တော်စောင့် အလုပ်ရှာဖွေရေးအေဂျင်စီသို့ ဖုန်းဆက်ကြည့်သည်။

တစ်ချိန်က ကြေးစား စစ်သားဟောင်းကြီးဖြစ်ကြောင်း သိကြရပြန်သည်။ ပါရီသို့ သူ့ကိုယ်ရေးရာဇဝင်ကို လှမ်းတောင်းလိုက်သည်။

ပါရီမှပြန်လာမည့် တဲလက်စ်ကိုစောင့်ရင်း ငြိမ်းချမ်းရေး စားတော်ဆက်ပိုင်ရှင် ဂိုက်ဒိုနှင့် အဆက်အသွယ်ရှိကြောင်း ခြေရာကောက်မိသည်။

ဆက်တာ၏အဆင့်အတန်းနှင့် သူ့အရှိန်အဝါကြောင့် လိုချင်သည့်အဖြေကို လျင်မြန်စွာ ရရှိခဲ့ကြသည်။

ရောမရှိ လူဝင်မှုကြီးကြပ်ရေး ညွှန်ကြားရေးမှူးချုပ်ဆီကိုတော့ လူကိုယ်တိုင်သွားတွေ့သည်။ ဌာနဆိုင်ရာ ကွန်ပျူတာက ချက်ချင်း အဖြေထုတ်ပေးလိုက်၏။ သက်တော်စောင့်ကြီးသည် ဆေးရုံမှ ဆင်းပြီး ခြောက်ရက်အကြာတွင် မော်လတာသို့ သင်္ဘောဖြင့် ခရီးထွက်သွားခဲ့သည်။

ထိုမှစ၍ အီတလီသို့ ပြန်ဝင်လာသည်ကို မတွေ့ရသေး။

*

သည်တစ်ကြိမ် ဆက်တာ ဆက်သည့် တယ်လီဖုန်းမှာ ပြည်ပ ပင်လယ်ရပ်ခြားပြောတယ်လီဖုန်း။ မော်လတာမှ ဂျော့မစ်ဇစ်ဆီသို့ ဖြစ်၏။ ဂျော့နှင့် ရောမတွင် သင်တန်းအတူတူတက်နေရင်း ရင်းနှီးခဲ့ကြခြင်း ဖြစ်သည်။ ဂျော့နှင့်စကားပြောပြီး တယ်လီဖုန်းချလိုက်သည်။

ဘဲလူးကိုကြည့်ပြီး မျက်မှောင်ကြုတ်လိုက်၏။ အပြင်းအထန် စဉ်းစားနေဟန်။

"စိတ်ဝင်စားစရာလည်း ကောင်းတယ်၊ သိချင်စရာလည်း တိုးလာပြန်ပြီကွ"

"ဘယ်လိုလဲ ဆရာ"

"မော်လတာကို ရောက်လာတာတော့ အမှန်ပဲတဲ့။ ဒါပေမဲ့ လွန်ခဲ့တဲ့ သုံးပတ်လောက်က မာဆေးကို ပြန်ထွက်သွားပြီတဲ့"

"ဒါပဲလား ဆရာ"

ဆက်တာက ခေါင်းညိတ်ပြီး

"အေး၊ ဒါပဲ"

"ဖြင့် ဘာများ စိတ်ဝင်စားစရာ၊ သိချင်စရာ ရှိလို့လဲ ဆရာရယ်"

ဆက်တာက ပြုံးလိုက်၏။

"မော်လတာ ရဲတွေဟာ နာမည်တစ်လုံးနဲ့ နေတာကွ။ သိပ်တော်တာ။ အင်္ဂလိပ်စနစ်ကို အမွေရလိုက်တဲ့ ကျေးဇူးပေါ့။ ဒါပေမဲ့ ဒီကိစ္စမှာ ငါ အားမရဘူးကွ။ ကွန်ပျူတာ အဖြေထုတ်ချက်လည်း မပေးဘူး။ ကျော့က ခပ်ပေါ့ပေါ့ပဲ ပြန်ဖြေတော့ သူနဲ့ ပုဂ္ဂိုလ်ရေးဆက်သွယ်မှု ရှိနေသလားလို့"

"ဒါထက်ပိုပြီး သူ့အကြောင်း ဘာများသိသေးသလဲ မေးတော့ တစ်နှစ်တစ်နှစ်ကို ဧည့်သည်ပေါင်း သန်းဝက်လောက် လာနေတာတဲ့။ သူ့မှာက လူနည်းနည်းကလေးရယ်တဲ့။ မနိုင်မနင်းပဲတဲ့။ ငါ့စိတ်ထဲမှာ သူ တစ်ခုခုကို ထိမ်ချန်ထားတယ်လို့ ထင်နေတယ်။ အဲဒါဘာကြောင့်လဲဆိုတဲ့ ပြဿနာတစ်ခု စဉ်းစားရဦးမယ်"

ပါရီမှ တဲလက်စ် ပြန်ဝင်လာသည်။ သူတို့နှစ်ယောက် စကားပြတ်သွားကြသည်။ စက်က တဖြောက်ဖြောက် ရိုက်နေ၏။

ရိုက်ပြီးသားစာလုံးတွေကို ဆက်တာက စောင့်ဖတ်နေသည်။ တော်တော်နှင့် မဆုံးနိုင်။ ဖတ်ပြီးသား အပိုင်းကို လိပ်ရင်း ဆက်တာက ဆက်ဖတ်သွားသည်။

တဲလက်စ်စာရွက် သုံးပေကျော်သွား၏။ ပြီးတော့ စာရွက်လိပ်ကို ဘူးထဲထည့်လိုက်ပြီး

"အင်း... ပရီမီယံသက်တော်စောင့်ဆိုတဲ့လူကြီးဟာ တကယ်တော့ အရမ်းတော်တဲ့ ကြေးစားလူထွက်ကြီးကွ"

သူက ဖျတ်ခနဲ ထရပ်လိုက်ပြီး

"ကဲ... တို့ အပျင်းပြေ ကားမောင်းရင်း ကိုမိုကိုသွားရအောင်။ အက်တိုဘောလက်တို အိမ်ကိုလေ။ သူ့ရဲ့ဇနီးအကျော်အမော်ကိုလည်း တွေ့ရတာပေါ့ကွာ"

*

နန္ဒာကန်သာနံဘေးမှ အက်တိုဘော်လက်တိုအိမ်ကြီးတွင် လင်မယားနှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်၍ ညစာ စားလျက် ရှိကြ၏။

ရီကာမှာ သိသိသာသာရှုံးကျသွားသည်။ သို့သော် လှမ်းလှလျက်။ အက်တိုက ဘာမှမပြောင်းလဲ။ ရင်သွေးရတနာကလေး ဆုံးရှုံးရသူက ရီကာ မဟုတ်လား။

အက်တိုက စီးပွားရေး နာလန်ထူလာတော့ သူလိုချင်သည့်အခြေအနေကို ဆုပ်ကိုင်ထိန်းသိမ်းနိုင်ခဲ့၏။ တံခါးပွင့်လာသည်။ မာရီယာ အချိုပွဲနှင့် ဝင်လာသည်ဟု ထင်လိုက်ကြသည်။

သို့သော် တံခါးပေါက်ဝတွင် မားမားကြီးရပ်လာသူက ခရေစီ။ မျက်လုံးအစုံက သူတို့နှစ်ယောက်ကို တစ်လှည့်စီကြည့်လျက်။ အက်တိုလင်မယား ကြက်သေသေနေ၏။

ပထမ သတိဝင်လာသူက အက်တို။

"ခင်ဗျား ဘာလိုချင်လို့လဲ"

ခပ်ပြတ်ပြတ် မေးလိုက်သည်။

ခရေစီက အခန်းထဲသို့ လျှောက်သွားပြီး ကုလားထိုင်တစ်လုံးကို ဆွဲယူလိုက်သည်။ ပြောင်းပြန်လှည့်ပြီး ခွထိုင်သည်။ လက်နှစ်ဖက်ကို ကျောမှီပေါ်တင်လျက်။

အက်တိုကို စိန်းစိန်းကြီးကြည့်လိုက်သည်။

"ကျုပ် ခင်ဗျားမိန်းမနဲ့ စကားပြောဖို့လာတာ။ ခင်ဗျား တစ်ချက်မှ မလှုပ်နဲ့။ တစ်ခွန်းမှ ဝင်မပြောနဲ့။ ကျုပ်ပြောတဲ့အတိုင်းမလုပ်ရင် ခင်ဗျားကို ချက်ချင်း သတ်ပစ်မယ်"

ချိုင်းအောက်မှ ရှောမပစ္စတိုကြီးကိုယူပြီး စားပွဲပေါ်တင်ထားလိုက်သည်။

"မောင်းတင်ပြီးသားနော်"

ခရေစီက မသိမသာကလေး သရော်လိုက်၏။

အက်တိုက သေနတ်ကို စိုက်ကြည့်ပြီး ကုလားထိုင်နောက်သို့ ခပ်လျော့လျော့ မှီချလိုက်သည်။

ခရေစီက ရီကာဘက်သို့ လှည့်လိုက်၏။ သူ့မျက်နှာပေါ်မှ တင်းနေသည့် အကြောကြီးတွေ လျော့ပြေသွားသည်။ အသံမှာလည်း ညင်ညင်သာသာ ဖြစ်လာသည်။

"ကျုပ် မင်းကို ဝတ္ထုတစ်ပုဒ်ပြောပြမယ် ရီကာ၊ နားထောင်"

ဖော်ဆယ်လာဆီမှ ကြားရသည့်သတင်းကို ခရေစီက ပြန်ပြောပြလိုက်သည်။

ပင်တာကလေးကို ပြန်ပေးဆွဲရန် စီမံကိန်းချမှတ်ရာတွင် အဓိကပါဝင်သူ နှစ်ယောက် ရှိသည်။ တစ်ယောက်မှာ ဖော်ဆယ်လာဖြစ်ပြီး တစ်ယောက်မှာ အက်တိုကိုယ်တိုင်ဖြစ်သည်။

လန်ဒန် လျှို့ဝှက်ဘဏ်တွင် ပြန်ပေးအာမခံ လီရာ ကုဋေနှစ်ရာကို အက်တိုက လျှို့ဝှက်ထားပေးခဲ့သည်။ ယင်းငွေ၏ တစ်ဝက်ကို ဖော်ဆယ်လာက အက်တိုကို ပြန်ပေးမည်ဟူသည့် သဘောတူညီမှုဖြင့် အပေးအယူ တည့်ခဲ့ကြခြင်း ဖြစ်သည်။

ဤကိစ္စကို ပွဲစားလုပ်ပေးသူက ဗစ်ကိုမန်ဆူတီ။ ဗစ်ကိုသည် ရှိသမျှ မြေအောက်ဂိုဏ်းတွေနှင့် အဆက်အသွယ်ရှိသူဖြစ်သည်။ သူက ကော်မရှင်စား။

ရီကာက ခရေစီကို စိုက်ကြည့်ပြီး နားထောင်နေသည်။ ခရေစီ့ဇာတ်လမ်း ဆုံးတော့မှ သူ့ယောက်ျားဘက်သို့ လှည့်ကြည့်သည်။ ရီကာ၏ မျက်နှာမှာ ဒေါသခိုး တို့ဖြင့် မည်းမှောင်အုံ့မှိုင်းလျက်ရှိ၏။ အက်တိုက ခေါင်းမဖော်တော့။ မျက်နှာ အောက်ချလျက်။

"ကျန်တဲ့လူတွေကိုကော ရှင် အပြစ်ပေးပြီးပြီလား"

ခရေစီက ခေါင်းညိတ်ပြလိုက်သည်။

"ကျုပ်က အားလုံးကို အပြစ်ပေးမှာ။ အဲဒီအထဲမှာ ဆရာကြီးတွေလည်း ပါတယ်"

ခမ်းနားထည်ဝါလှသော ထမင်းစားခန်းကြီးထဲတွင် တိတ်ဆိတ်သွား ပြန်သည်။ နောက်ဆုံးမှ ရီကာက သူ့ကိုယ်သူ ပြောသလိုနှင့်

"ခုမှ သူ နှစ်သိမ့်တာ သဘောပေါက်တော့တယ်။ တို့နှစ်ယောက် ဘဝ ခရီးကို ဆက်လျှောက်နိုင်ပါသေးတယ်တဲ့"

ရီကာက ခရေစီကို ဖျတ်ခနဲ မော့ကြည့်သည်။ သူ့မျက်လုံးတွေက စောစော ကလို အတိတ်အရိပ်တွေနှင့် ရီဝေမနေတော့။ ပြတ်သားမာကျောနေ၏။

"ရှင် ခုတင်က ပြောတဲ့အထဲမှာ အားလုံးလို့ ပါတယ်နော်"

ခရေစီက ခေါင်းညိတ်ပြီး စားပွဲပေါ်ကပစ္စတိုကို ကောက်ယူလိုက်သည်။

"အဲဒီအတွက် ကျုပ်လာခဲ့တာလေ"

အက်တိုက ခေါင်းထောင်ကြည့်လိုက်သည်။ ခရေစီကိုမဟုတ်။ ရီကာဆီသို့ ဖြစ်၏။ သူ့မျက်နှာမှာ ဆီးရွက်လောက်သာ ကျန်တော့သည်။

ခရေစီက မတ်တတ်ရပ်ပြီး ချိန်ထားသည့် ပြောင်းဝကို နိမ့်ချလိုက်၏။

"ကျုပ် သူ့ကိုတော့ မင်းအတွက် ချန်ခဲ့ရင် ကောင်းမယ်ထင်တယ်"

အံကြိတ်၍ ပြောလိုက်သည့် ရီကာ၏အသံကို ကြားရသည်။

"ဟုတ်တယ်၊ ကျွန်မတာဝန်ထားလိုက်ပါ"

ခရေစီ တံခါးဝရောက်တော့မှ ရီကာက လှမ်းခေါ်သည်။

"ဗစ်ကိုအတွက်ရော"

"အဲဒီအတွက် မပူပါနဲ့"

တံခါးကို နောက်ပြန်ပိတ်ပြီး ခရေစီ ထွက်သွားသည်။

*

ဆက်တာနှင့် ဘဲလူးတို့နှစ်ယောက် ကန်ပတ်လမ်းအတိုင်း မောင်းလာခဲ့ကြသည်။ လမ်းတွင် အယ်လဖက်တာ ကားပြာကြီးတစ်စီး ဖြတ်သွား၏။

*

ဗစ်တိုက တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

အက်တိုပြောတာတွေ တစ်လုံးမှနားမလည်။ တုန်တုန်ယင်ယင်နှင့် ဘာတွေ ပြောနေမှန်းမသိ။ ဘာပြောတာပါလိမ့်။

"ငါ ခုချက်ချင်း လာခဲ့မယ်။ မင်း ကိုယ့်ကိုယ်ကိုယ် ထိန်းစမ်းပါ အက်တို။ တစ်နာရီအတွင်း ရောက်လာမယ်"

အပေါ်အင်္ကျီကို ကမန်းကတန်းကောက်စွပ်သည်။ အမေးအမြန်းထူနေသည့် မိန်းမကို ကိစ္စတစ်ခုပေါ်လာလို့ဟုလောက်သာ အကြောင်းပြပြီး ထွက်ခဲ့သည်။

မာစီဒီးကားကြီးပေါ်သို့တက်ပြီး ကားသော့ကို လှည့်ဖွင့်လိုက်၏။ စက်ကို နှိုးစေမည့် ဝိုင်ယာကြိုးကို ကီလိုဝက်ခန့် လေးသည့် မိုင်းဗုံးနှင့် ဆက်ထားကြောင်း ဗစ်ကို မသိရှာပေ။

*

ဆက်တာက ဟင်းလျာတွေကို သဘောအကျကြီး ကျနေသည်။ လျှာရင်းမြက်လှ၏။

"ကျွန်တော် ထင်ပြောပါရစေ၊ ဒါလောက်ကောင်းတဲ့ ယုန်သားပေါင်း ကျွန်တော် တစ်ခါမှ မစားဖူးသေးဘူး"

ဂိုက်ဒိုက ပခုံးတွန့်လိုက်ပြီး

"နေပယ်လ်မှာလည်း အဆင့်အတန်းမီတဲ့ဆိုင်တွေ ရှိပါတယ်ဗျာ" ဟု ပြောလိုက်၏။

ဆက်တာက လက်သုတ်ပဝါဖြင့် ပါးစပ်ကို သုတ်လိုက်ကာ

"ထူးကိုထူးလွန်းလို့ ကျွန်တော်က ချီးမွမ်းနေတာပါဗျ။ ကြေးစားတပ်ထွက်ကြီးတစ်ယောက်က အချက်အပြုတ်မှာ ထူးချွန်တယ်ဆိုတာ တကယ့်ကို အံ့သြစရာပဲ။ ဒါထက် ခင်ဗျား အံစာပစ်တတ်တယ်နော်"

ဂိုက်ဒိုက စိတ်ရှုပ်သွားဟန်နှင့်

"ပစ်တတ်ပါတယ်။ ဒါနဲ့ ဘာဆိုင်တုံးဗျ"

ဆက်တာက ပြုံးလိုက်ပြီး

"ကျွန်တော့်စိတ်ထဲမှာ ခင်ဗျား အံစာပစ်တတ်တယ်လို့ပဲထင်နေလို့ပါ။ ကျွန်တော် ဒီမှာနေတုန်း ကစားဖော်ရတာပေါ့"

"ခင်ဗျားကို ကျွန်တော် ပြောပြီးပြီပဲ။ ကျွန်တော့်လုပ်ငန်း ပိတ်ထားပါတယ်လို့။ တခြားဟိုတယ်တစ်ခုကို သွားပါဗျာ"

ဆက်တာက ဟင်းချိုကို အားရပါးရသောက်လိုက်ပြီး စကားဆက်သည်။ ဟာသ လေ မပါတော့။

"ခင်ဗျား ပိုနားလည်ဖို့ကောင်းတယ် မစ္စတာ ဂိုက်ဒို။ အဖြစ်မှန်ကို မြင်အောင် ပြန်ကြည့်စမ်းပါဗျာ။ ခုလောက်ဆိုရင် သူ့နားရွက်ကို ဘယ်သူ တံတွေး ဆွတ်တယ်ဆိုတာကို ကင်တာရီလာ သိလောက်ပြီ။ သူတို့ရဲ့ယန္တရားဟာ ကျွန်တော်တို့ထက် သာချင်သာမယ်၊ မညံ့ဘူး။ အဲဒီတော့ မကြာခင်မှာပဲ ခင်ဗျားဆီကို သူတို့ ရောက်လာကြတော့မယ်။ အဲ သူတို့က ကျွန်တော့်လောက် ယဉ်ယဉ်ကျေးကျေး မေးကြမှာ မဟုတ်ဘူး။ မစ္စတာဂိုက်ဒို"

ဂိုက်ဒိုက ပခုံးတွန့်ပြီး

"ကျွန်တော့်အတွက် ခင်ဗျား မပူပါနဲ့"

ပြောလို့သာ ပြောရသည်၊ ဆက်တာပြောသည့်အတိုင်း ဖြစ်လာမည်ဟု သူတွက်ပြီးသား။ လွန်ခဲ့သည့် တစ်နာရီလောက်ကပင် အီလီယို ဖုန်းဆက်သေးသည် မဟုတ်လား။ ဝတ်ကောင်းစားလှနှင့် လူနှစ်ယောက် သူ့ဆီကိုရောက်လာပြီး သက်တော်စောင့်အလုပ် ဆက်သွယ်ပေးရခြင်းအကြောင်းကို ခြိမ်းခြောက်မေးမြန်းသည် ဆို၏။ ဂိုက်ဒိုက နောက်တစ်ခါလာလျှင် သူ့ကိုပုံချလိုက်ဖို့ ပြန်ပြောလိုက်သည်။ မကြာခင် သူ့ဆီသို့ မေးမြန်းဖို့ ရောက်လာကြတော့မည်။ ရဲမှူးကိုယ်တိုင် ရောက်နေ၍သာ သူတို့ ခပ်လှမ်းလှမ်းမှ စောင့်ကြည့်နေကြခြင်း ဖြစ်မည်။

"ကဲဗျာ၊ ဒါဖြင့် ခင်ဗျားကို ကျွန်တော် အခန်းတစ်ခန်း ပြင်ပေးမယ်။ ဒါပေမဲ့ ခင်ဗျား မနက်စာကိုတော့ မမျှော်လင့်နဲ့"

ဆက်တာက ဝမ်းသာအားရလက်ခံကြောင်း အမူအရာနှင့် ပြလိုက်သည်။

"မနက်စာက အကြောင်းမဟုတ်ပါဘူးဗျာ။ ကျွန်တော်ပြောတာ ယုံပါ။ ခင်ဗျားနဲ့ ကျွန်တော် ပြောစရာစကားတွေ အများကြီး ရှိသေးတယ်ဗျ"

*

မီလန်မှ မောင်းလာခဲ့ပြီး ညနေပိုင်းတွင် နေပယ်လ်သို့ ရောက်သည်။ ဆက်တာက ခရီးဝေး မောင်းရခြင်းကို သဘောကျသည်။ ကားမောင်းရင်း စဉ်းစားချိန် ရသည်လေ။ တစ်ပတ်လုံး ရခဲ့သည့် သတင်းကို စုစည်း၍ ပြန်လည် သုံးသပ်ချိန်လည်းရသည် မဟုတ်လား။

တစ်နိုင်ငံလုံး အင်အားအတောင့်ဆုံးဆိုသည့် ဂိုဏ်းကြီးကို လူတစ်ယောက်တည်းက အန်တုု၍ တစ်ကိုယ်တော် တိုက်ပွဲဆင်နေသည်ဟူသည့် သူ၏ယူဆချက်ကို အခိုင်အမာပြုရန် မဝေးတော့ပြီ။

အက်တိုလင်မယားနှင့် တွေ့ရပုံကို ပြန်စဉ်းစားကြည့်နေ၏။ အလွန်စဉ်းစားစရာကောင်းသည့် တွေ့ဆုံပွဲဖြစ်သည်။ သာမန်အားဖြင့် အာဝဇ္ဇန်းရွှင်လှသော အက်တိုသည် တုန်တုန်ယင်ယင်နှင့် မျက်နှာတစ်ခုလုံး သွေးမရှိတော့သလို ဖြူရော်နေ၏။

မိန်းမချော ရီကာက အေးစက်စက်။

ပထမ အက်တိုက မေးခွန်းမှန်သမျှကို မဖြေဘဲ ငြင်းသည်။ သူ့ရှေ့နေရောက်လာသည်အထိ စောင့်ဖို့ပြောသည်။

ဗစ်ကိုတစ်ယောက် ရုတ်တရက်သေဆုံးသွားကြောင်း သတင်းကြားရတော့ အက်တို မေ့မြောသွားမတတ် ကျွေပျက်သွားသည်။ သည်တော့မှ ရှိခိုးဦးတင် အမူအရာနှင့် ဆက်တာအား ဖြစ်ကြောင်းကုန်စင်ကို အိတ်သွန်ဖာမှောက် ပြောပြလေတော့၏။

သူ့ကို နားလည်အောင်၊ သနားအောင် အက်တိုက ကြိုးကြိုးစားစား ရှင်းပြသည်။ ဆက်တာက ဘာမှမပြောဘဲ ထိုင်နားထောင်နေ၏။ ရံဖန်ရံခါသာ မရှင်းသည့်အချက်များကို ဝင်ထောက်သည်။ သူ့အသံနှင့် သူ့မျက်နှာအမူအရာက စာနာထောက်ထားမှုအပြည့်နှင့်။

ဘဲလူးက မှတ်စုစာအုပ်ကိုဖွင့်ပြီး အပြင်းအထန် လိုက်ရေးနေ၏။

ရီကာက အေးစက်စက်မျက်လုံးများနှင့် သူ့ယောကျ်ားကို တစ်ချက်မှ အလစ်မပေးဘဲ ကြည့်နေ၏။ ရွှံ့ရှာမုန်းတီးသည့် အမူအရာအပြည့်ဖြင့်။

ခရေစီ၏ တစ်ကိုယ်တော် တိုက်ပွဲစဉ်တွင် ကွန်တီနှင့် ကင်တာရီလာ တို့ပါ စာရင်းဝင်ဖြစ်နေကြောင်းသိရတော့ ဆက်တာ အံ့သြမဆုံးဖြစ်သွားသည်။ ဖော်ဆယ်လာတို့လူသိုက်ကို ရှင်းပြီး သည်သက်တော်စောင့်ကြီး နယ်ခြားဆီသို့ ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ပြေးပြီဟု ထွက်သွားခဲ့သည်မဟုတ်လား။

အက်တိုကီစွကို တရားဥပဒေထုံးတမ်းစဉ်လာအရ ဆက်လုပ်ဖို့ ဘဲလူးနှင့် လွှဲခဲ့ပြီး စဉ်းစားခန်းဝင်ရန် မိမိအခန်းသို့ ပြန်လာခဲ့သည်။

*

ဆက်တာ့တွင် အလေးအနက်ထား စဉ်းစားရန် နှစ်ပိုင်းဖြစ်နေ၏။ တစ်ဖက်တွင် ခရေစီ၏အမူအရာက မြေအောက် ဒုစရိုက်ဂိုဏ်း၏အရှိက်ကို ထိုးနှက်သလိုဖြစ်နေသည့် အချက်ဖြစ်၏။ စွန့်စားရဲတင်းလွန်းလေစွ။ ပြီးတော့ တစ်ကိုယ်တည်း။

ကွန်တီကို ဆက်ဖြိုလျှင် ပုရွက်ဆိတ်အုံကို တုတ်နှင့် ဆွသလို ဖြစ်တော့မည်မှာ မုချ။ မတွေးဝံ့စရာပင်။

ကင်တာရီလာကိုပါ တစ်ပြိုင်တည်း ရှင်းနိုင်မည်ဆိုလျှင် သွေးချောင်းစီး တိုက်ပွဲ၊ အာဏာလုတိုက်ပွဲကြီးတွေဖြစ်လာမည်မှာ မြေကြီးလက်ခတ်မလွဲတော့။

ကင်တာရီလာနှင့် ကွန်တီတို့၏ အပြင်းအထန် နားလည်မှုယူထားခြင်းသည် သူတို့လုပ်ငန်းတွေ တည်တံ့အောင်မြင်ရေးအတွက် သော့ချက်ဖြစ်သည်။ ရဲအဖွဲ့အနေနှင့် သည်ဂိုဏ်းကြီးတွေ အင်အားကြီးထွားမလာအောင် ဟန့်တားရုံသာ ဖြစ်နိုင်ပေမည်။ ဖြိုခွင်းဖို့ကား မစဉ်းစားရဲကြ။

သို့သော် အခွင့်အရေးက သူ့အလိုလိုပေါ်လာပြီ။

နောက်တစ်ချက်မှာ သူ့တာဝန်နှင့် ဝတ္တရားဖြစ်သည်။ မည်သူက မည်သည့် အတွက်ကြောင့် မည်သူ့ကို သတ်သည်ဖြစ်စေ တားမြစ်ဖမ်းဆီးရမည်သာဖြစ်သည်။

ဆက်တာသည် ဖြစ်ချင်သည့်ဆန္ဒနှင့် ဖြစ်သင့်သည့် တာဝန်ကို အမြဲတမ်း စဉ်းစားနိုင်သူဖြစ်၏။

မတတ်သာသည့်အဆုံးတွင်တော့ သည်စည်းကို ကျော်သင့်က ကျော်ရပေမည်။

**ပုဂံစာအုပ်တိုက်**

အရေးအခင်းမှာ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲရမည့် အရေးအခင်းဖြစ်သည်။ ဆက်တာ၏လောကအမြင်မှာ ဥပဒေသည် ကွေး၍ဆန့်၍ဖြစ်သည့် အရာမျိုး ဖြစ်သင့်သည်။ သို့သော် ဥပဒေကတော့ ရှိရမည်။ ဥပဒေကို လိုက်နာကျင့်သုံးနိုင်အောင် ထိန်းကွပ်ကြသူများတွင်သာ ဥပဒေကို အလျှော့အတင်းလုပ်သည့် အခွင့်အရေး ရှိသင့်သည်။ တရားမဝင် ပေးထားသည့် အခွင့်အရေးမျိုး။

ခရေစီသည် သူ့ကို ဒွိဟဖြစ်အောင်၊ တွေဝေအောင် လုပ်လိုက်သည်ဟု ဆက်တာက တွေးလိုက်၏။ ပုဂ္ဂလိက လုပ်ပိုင်ခွင့်ကို ကျစ်ကျစ်လျစ်လျစ် အသုံးချပြီး လက်ရှိ တရားဥပဒေ၏ အားနည်းချက်ကို စိန်ခေါ်ခြင်း၊ သရော်ခြင်းလည်းဖြစ်၏။

ဆက်တာသည် ညဉ့်နက်သည်အထိ အတွေးအခေါ် ပဋိပက္ခနှစ်ခုကြားတွင် အိပ်မပျော်ဘဲ ဖြစ်နေ၏။ နောက်ဆုံးတွင်မှ ဆုံးဖြတ်ချက်တစ်ခုကို ချနိုင်ခဲ့သည်။

*

နောက်တစ်နေ့မနက်စောစောတွင် လူကြီးများကို သိထားသမျှ အားလုံးဖွင့်ချပြီး မိမိလုပ်ချင်သည့် စီမံချက်တစ်ရပ်ကိုပါ တင်ပြလိုက်သည်။

အပြန်အလှန်ဆွေးနွေးကြပြီး သည်ပွဲကို ဆက်တာအား လုံးဝလုပ်ပိုင်ခွင့် ပေးလိုက်သည်။ သတင်းစာတိုက်တွေကို လုံးဝ သတင်းမပေးဖို့ ဆုံးဖြတ်ကြ၏။

သို့သော် သူ့ကို မကြာခင်အတွင်း အနံ့ရတော့မည်မှာ မုချ။

ဘဲလူးကို ထားခဲ့သည်။

မီလန်တွင် ကိစ္စပြတ်အောင်လုပ်ပြီး ရောမကိုသွားဖို့နှင့် ကွန်တီကို အနီးကပ် စောင့်ကြည့်ဖို့လည်း မှာခဲ့သည်။ ဤတွင် မိမိက အီတလီတောင်ပိုင်းရှိ နေပယ်လ်သို့ ကားတစ်စီးဖြင့် ထွက်ခဲ့ခြင်းဖြစ်၏။

သူက ဂိုက်ဒိုကို အရေးကြီးသည့် လူတစ်ယောက်အဖြစ် မြင်ထားသည်။ ခရေစီ၏ စစ်ဆင်ရေးပြင်ဆင်မှုများတွင် ပါလိမ့်မည်ဟု ယုံကြည်နေ၏။

ငြိမ်းချမ်းရေး ပျော်ပွဲစားရုံ တယ်လီဖုန်းကို ဖြတ်သွယ်ရန်နှင့် စာပေးစာယူကို စစ်ဆေးရန် အမိန့်ပေးလိုက်သည်။

လောလောဆယ် ခရေစီဆိုသည့် လူကြီးအကြောင်းကို ပို၍သိချင်နေသည်။ သူ့အရည်အချင်း၊ သူ့အတွေးအခေါ်၊ သူ့ဘဝ။ အစီရင်ခံစာများတွင် မတွေ့နိုင်သည့် အနီးကပ် ရုပ်ပုံလွှာကို ဂိုက်ဒိုဆီမှ လွဲ၍ ဘယ်မှာမှ မရနိုင်။

နေပယ်လ်သို့ နေ့ချင်းပေါက် မောင်းချလာခဲ့သည်။

ထိုအချိန်တွင် မီလန်ရဲအဖွဲ့မှ မှတ်တမ်းထိန်း အရာရှိတစ်ယောက်က လျှို့ဝှက်ဖိုင်တွဲတစ်ခုကို လှန်၍ သေသေချာချာဖတ်သည်။ ညနေပိုင်းတွင် ဆက်တာ တစ်ယောက် ယုန်သားပေါင်းကို မြိန်မြိန်ရှက်ရှက်လွေးနေစဉ် မီလန်မှ ခေါင်းဆောင် အဘရာတာ၏ တယ်လီဖုန်း သတင်းပို့ချက်ကို ကွန်တီက ရောမနေအိမ်တွင် ဂရုစိုက် နားထောင်လျက် ရှိ၏။

အဘရာတာ၏သတင်းပို့ချက်မှာ ခရေစီအကြောင်း အပြည့်အစုံဖြစ်သည်။ တယ်လီဖုန်းထဲမှ သူ့အသံမှာ စိုးရိမ်ကြောင့်ကြသံမပါ။ ခရေစီ၏ စာရင်းထဲတွင် သူ့နာမည် မပါ၍ဖြစ်သည်။

ကွန်တီက လိုအပ်သည့် ပြင်ဆင်မှုမျိုးကို အဆင်သင့်ပြုလုပ်ရန် အမိန့် ပေးလိုက်သည်။

ပြီးတော့ အကြာကြီး ငြိမ်စဉ်းစားနေသည်။

ပြီးမှ ပါလာမိုသို့ လျှို့ဝှက်နံပါတ်ကိုသုံးပြီး ဖုန်းဆက်သည်။ ကင်တာ ရီလာဆီသို့ ထပ်ဆင့်သတင်းပို့ခြင်းဖြစ်သည်။ ခရေစီ၏ပုံပန်းကို အတိအကျ မပေးနိုင်သေး။

ထူးဆန်းသည့်အချက်တစ်ခုကိုတော့ ထည့်ပြီး အစီရင်ခံလိုက်သည်။ သည်ကိစ္စတွင် ရဲက ငြိမ်ချက်သား ကောင်းလွန်းနေခြင်း။

ရဲမှူး ဆက်တာတွင် သဲလွန်စတွေ အများကြီး ရထားပြီဖြစ်ကြောင်း၊ သို့သော် ယနေ့ မနက်ပိုင်းမှစ၍ ဆက်တာ ပျောက်နေကြောင်း၊ မီလန်မှ တစ်နေ ရာရာသို့ ထွက်သွားပြီဖြစ်ကြောင်းများကို အစီရင်ခံနေ၏။

တယ်လီဖုန်းချပြီး ကွန်တီ အတွေးနက်နေပြန်၏။ ကင်တာရီလာ၏အသံတွေ တုန်တုန်ယင်ယင်ဖြစ်နေ၏။ အလွန်အကွက်မြင်ပြီး လျှင်မြန်စွာ အဆုံးအဖြတ်ပေးလေ့ ရှိသည့် ကင်တာရီလာတစ်ယောက် သည်တစ်ခါ ဏှာခြေပျက်နေ၏။ ဘာလုပ်ရင် ကောင်းမလဲဟု မေးလာသည်။

ကွန်တီက စိတ်အေးအေးထားဖို့ ပြောလိုက်ရသည်။ ရဲအဖွဲ့၏အကူအညီ မပါဘဲ ခရေစီကို မကြာခင် ရှင်းပစ်နိုင်မည်ဖြစ်ကြောင်း၊ ညွှန်ကြားချက်တွေ ထုတ်ပြန်ပြီးဖြစ်ကြောင်း စသည် စသည်။

ဘာကြောင့် ကင်တာရီလာ ဆောက်တည်ရာမရနိုင်အောင် ဖြစ်နေသည်ကို ကွန်တီ နားမလည်နိုင်အောင် ဖြစ်နေသည်။ ခရေစီ အများဆုံး သုံးနေသည့်

အကောင်းဆုံးလက်နက်မှာ ကိုယ်ဖျောက်ထားနိုင်ခြင်း ဖြစ်၏။ ယခု ဘယ်သူဘယ်ဝါ ဆိုတာ ပေါ်နေပြီလေ။ ဒင်း ဘယ်ပြေးမလဲ။

စင်စစ် ကင်တာရီလာသည် တိုက်ပွဲတွေကို ဖြစ်စေသူသာ ဖြစ်သည်။ ကိုယ်တိုင် ဝင်တိုက်ဖူးသူမဟုတ်။ သူက နိုင်ငံရေးပရိယာယ်နှင့် ခေါင်းဆောင် ဖြစ်လာသူ။ ကွန်တီလို တိုက်ရည်ခိုက်ရည် ရှိသူမဟုတ်။

နောက်တစ်ချက်က သူ့အသက်အန္တရာယ်ကို ဘယ်တုန်းကမှ တိုက်ရိုက် ခြိမ်းခြောက်ခံခဲ့ရဖူးသူမဟုတ်။

ကွန်တီ တဖြည်းဖြည်း သဘောပေါက်လာ၏။

နောက်ဆုံးတော့ မိမိကိုယ်တိုင် လုံခြုံရေးကို ဂရုစိုက်ရဦးမည်။ အိပ်ရာ မဝင်မီ လိုအပ်သည်များကို ဆက်လက်ညွှန်ကြားသည်။

သူ့အခန်းမှာ သူပိုင် ၁၀ ထပ်တိုက်ကြီး၏ အပေါ်ဆုံးထပ်တွင် ဖြစ်သည်။ ကားရုံမှစ၍ လှေကားပေါက်နှင့် အဆောက်အအုံတစ်ခုလုံးကို အစောင့်တွေ ထူထပ်စွာ ချထား၏။ ကြွက်တစ်ကောင် ဝင်ဖို့ထွက်ဖို့ပင် မလွယ်။

ရုံးအဆောက်အအုံမှာလည်း သူပိုင်တိုက်ကြီးဖြစ်၏။ အလားတူပင် လုံခြုံရေးစီမံချက်ကို အားဖြည့်ထားသည်။ သည်နှစ်နေရာကိုတော့ ကွန်တီက လုံးဝ မစိုးရိမ်။

သွားရာလာရာတွင်ကော။ နယူးယောက်မှ မိတ်ဆွေတစ်ယောက်က လက်ဆောင်ပေးထားသည့် ကျည်ဆန်လုံ ကာဒီလက် ကားကြီးကို ဘယ်သူပစ်ရဲ ပါ့မလဲ။ ယမ်းအားအကောင်းဆုံး ပစ္စတိုနှင့်တစ်ခါ၊ စက်သေနတ်နှင့် တစ်ခါ အပစ်ခံရဖူးသည်။ ကာဒီလက်ကားကြီးက လုံးဝမဖြုံ။ ကားထဲမှ ကွန်တီ လုံးဝ ကျွန်ဩမပျက်ခဲ့။

ယခုတော့ သက်တော်စောင့်ကားတစ်စီးကို သွားလေရာ ကပ်လိုက်ဖို့ အမိန့်ထုတ်ထားပြီ။ အစားအသောက်လည်း အပြင်ထွက်မစားဖို့ ဆုံးဖြတ်လိုက်ပြီ။

ဆရာ့ဆရာကြီးများ၏ ဇာတ်သိမ်းခန်းတော်တော်များများမှာ ပျော်ပွဲစားရုံ များတွင် စားရင်းသောက်ရင်း ဖြစ်တတ်ကြောင်းကို ကွန်တီ ကောင်းကောင်းကြီး သိထားခဲ့သည် မဟုတ်လား။

ကင်တာရီလာတစ်ယောက် တကယ်ပင် ထိတ်လန့်တုန်လှုပ်နေ၏။ သူ တစ်ခါမှ မခံစားဖူးသေးသော ခံစားမှုမျိုးဖြစ်သည်။

အလွန်ကြောက်မက်ဖွယ်ကောင်းသည့် လူတစ်ယောက်က သူ့ကို ပစ်ကွင်းအဖြစ် သတ်မှတ်ထားသည်ကို သိထားပြီးကတည်းက ဆောက်တည်ရာမရတော့။

ဒေါသစိတ်ကို ကြောက်စိတ်ကသာ နောက်ဆုံး အနိုင်ယူသွားတတ်၏။

ကွန်တီက မစိုးရိမ်ဖို့ အားပေးသဖြင့် တစ်နာရီခန့်မျှ စိတ်အေးလက်အေးဖြစ်သွားသလိုရှိ၏။ သို့သော် မကြာမီ စာကြည့်ခန်းထဲတွင်ထိုင်ရင်း ဖောချွေးများဖြင့် ရွှဲလာပြန်သည်။ နဖူးနှင့် ပခုံးနှစ်ဖက်ကို ညာလက်ဖြင့် ထိလိုက်ပြီး စာရေးစက္ကူကတ်ကို ဆွဲယူလိုက်သည်။

ကိုလာစီ စံအိမ်ကြီး၏ လုံခြုံရေးကို ပြန်လည်စိစစ်ရမည်။

အနားကို မသီနိုင်အောင် စီမံထားရမည်။

မှတ်စုတွေရေးနေစဉ် တယ်လီဖုန်းသံ မြည်လာသည်။

နေပယ်လ်မှ သတင်းပို့ချက်ဖြစ်၏။ ငြိမ်းချမ်းရေးပျော်ပွဲစားရုံသို့ ဝင်လို့မရသေး။ ဂိုက်ဒိုနှင့်အတူ ရဲမှူး ဆက်တာ ရှိနေခြင်းကြောင့် ဖြစ်သည်တဲ့။

ကင်တာရီလာ၏စိုးရိမ်မှုတွေ အထွတ်အထိပ်သို့ တက်လာကြပြီ။

*

ကြွေပွဲတွင် ဂိုက်ဒိုချည်း နိုင်နေ၏။

"ကျုပ်တော်တော့ ကွဲပါပြီဗျာ။ ခင်ဗျားစကားကိုနားထောင်ပြီး တခြားဟိုတယ်တစ်ခုခုမှာ သွားတည်းလိုက်ရင် အကောင်းသား"

ဆက်တာရောက်နေသည်မှာ သုံးရက်ပင် ရှိသွားပြီ။

ဟင်းတွေကို ခံတွင်းတွေ့နေဆဲ။ ဝါသနာအလျောက် ဂိုက်ဒိုကို မီးဖိုဆောင်တွင် ကူညီသည်။ ဘယ်လိုရဲအရာရှိကြီးပါလိမ့်မှာ ဂိုက်ဒို့ဆိုင်တွင် အမြဲတမ်းလာစားနေကြသူတွေက တအံ့တသြဖြစ်နေသည်။

ကြွေပွဲတွင် နေ့တိုင်းရှုံးနေ၏။ လီရာ သုံးသောင်း ကျော်သွားပြီ။ သို့သော် ဆက်တာက ပျော်နေ၏။ ကိုယ့်ထက်သာ၍ ရှုံးရခြင်းမို့ ရှုံးပျော်သည်ဟု ဆက်တာက ယူဆထား၏။ ဂိုက်ဒိုကိုလည်း ခင်မင်နေမိ၏။

သူ့တွင် အတွေ့အကြုံတွေ အများကြီးရှိမှန်း သိလာတော့ လေးလေးစားစားပင် ခင်မင်လာသည်။ သူ့အတိတ်ကို တဖြည်းဖြည်းသိလာပြီး ခုလုပ်နေတဲ့အလုပ်ကို မငြီးငွေ့ဘူးလားဟု မေးကြည့်၏။

ဂိုက်ဒိုက ခေါင်းယမ်းသည်။

စိတ်လှုပ်ရှားချင်တဲ့အခါ ရင်ခုန်စရာအကြောင်းတွေကို ပြန်စဉ်းစားလိုက်ရုံပဲလေဟု ပြန်ပြော၏။ သို့သော် သည်အလုပ်ကိုပဲ သံယောဇဉ်တွယ်ပြီး ကျေနပ်နေသည်တဲ့။

တနင်္ဂနွေနေ့တိုင်း တယ်လီဗီးရှင်းတွင် ဘောလုံးပွဲကြည့်သည်။ တစ်ခါတစ်ရံ မြို့ထဲ ထွက်သွားတတ်၏။ ကောင်မလေးတွေနှင့် ဆုံခြင်းဖြစ်မည်။

ဂိုက်ဒိုသည် သူ့ဘဝကို ကျေနပ်ရောင့်ရဲနေသူ ဖြစ်သည်။ အထူးသဖြင့် သူ့ထက် များစွာအဆင့်မြင့်သည့် ရဲအရာရှိကြီးဆီမှ ကြွေနို သည့်အခါတွင် ပို၍ ကျေနပ်နေ၏။

ဆက်တာ့ကို ဂိုက်ဒိုက နားမလည်နိုင်အောင်ဖြစ်နေသည်။ ပထမတော့ အထက်တန်းလွှာမှ လူ့ပေါ်ကြော့တစ်ယောက်ဟု မြင်ခဲ့၏။ သို့သော် တဖြည်းဖြည်းနှင့် သူ့တွင် ဖြူစင်သန့်ရှင်းသည့် အတွင်းသဘောရှိကြောင်း သိလာရ၏။

သူရောက်ပြီး ဒုတိယညတွင် သူ့အစ်ကို ခွဲစိတ်ကုဆရာဝန်ကြီး ရောက်လာပြီး အတူ ညစာ စားကြသည်။ ဥပစာ အမိုးအောက်တွင် သူတို့သုံးယောက် အတူတူသောက်ကြသည်။ စကားပြောကြသည်။

ညီအစ်ကိုနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြင်ကြင်နာနာရှိကြသည်။ ဂိုက်ဒိုကိုလည်း တရင်းတနှီးဆက်ဆံသည်။

ခရေစီကလွဲပြီး ဘယ်သူနှင့်မှ မရင်းနှီးဖူးသည့် ဂိုက်ဒိုသည် သည်ညီအစ်ကိုနှစ်ယောက်ကို သဘောကျနေမိသည်။

ခရေစီအကြောင်းကို အများကြီးပြောဖြစ်ကြသည်။ သို့သော် ဆက်တာက ဂိုက်ဒိုကို ရေလာမြောင်းပေး စကားများဖြင့် ချူခြင်း၊ အစ်ခြင်းများ လုံးဝမပြုလုပ်။

ရောမကို နေ့စဉ်ဖုန်းဆက်ပြီး ဘဲလူးထံမှ အခြေအနေကို မေးသည်။ ဘာမှအကြောင်းမထူး။

"ဆရာနဲ့ ကျွန်တော် ခုပြောတာတွေကတော့ သူတို့အတွက် အကြောင်းထူးနေမလားပဲ"

ဆက်တာက စိတ်ရှည်လက်ရှည်စောင့်ဖို့ ဆုံးဖြတ်လိုက်သည်။

သတင်းစာတွေက ခရေစီသတင်းကို အနံ့မခံမိသေး။

သို့သော် မိမိသမီးအရင်းကို ပြန်ပေးဆွဲဖို့ မြေအောက်ဂိုဏ်းနှင့် ပူးပေါင်းကြံစည်သူ စက်ရုံပိုင်ရှင်ကြီး အက်တိုဘော်လက်တိုအကြောင်းကို ရစရာမရှိအောင်

ရေးကြသည်။ နိုင်ငံကျော် ရှေ့နေကြီး ဗစ်ကိုကိုလည်း တစ်စစီဖြစ်အောင် ဝိုင်းရေးကြသည်။

သတင်းကြီး သတင်းကောင်းတွေ ဝေဝေဆာဆာပါလာဖို့ သိပ်မလိုတော့။

ဆက်တာသည် ခရေစ့်အကြောင်းကို ပို၍ပို၍သိလာလေလေ သူ့ကို စာနာစိတ်နှင့် ကရုဏာဖြစ်လာလေလေ ဖြစ်နေသည်။ ခရေစ့်ပုံကို မျက်စိထဲတွင် မြင်ယောင်ကြည့်သည်။ စိတ်ထဲမှ ခင်မင်လေးစားနေ၏။ မိုးကိုတက်၍ ဒူးနှင့်တိုက်မည့် အာဂယောကျ်ားမျိုးပါလား။

ဂိုက်ဒိုက သူတို့နှစ်ယောက်၏ ရေးဖြစ်နောက်ကြောင်းများကို ပြောပြသည်။ သို့သော် လက်ရှိအခြေအနေကိုတော့ တစ်ခွန်းမှမဟ။ သူ နောက်ဆုံးတွေ့လိုက်ရသည်မှာ ဆေးရုံမှ ဆင်းသည့်နေ့ ဖြစ်ကြောင်းနှင့်သာ နိဂုံးချုပ်လေ့ရှိ၏။

ဆက်တာကလည်း အတင်းအကျပ် မမေးတော့။

ကိစ္စမရှိဘူးလေ။ ကွန်တီနှင့် ကင်တာရီလာတို့ ပူကြပစေပေါ့။

"တော်ပြီဗျို့၊ ကျွန်တော်က အစိုးရ အမှုထမ်းဗျ။ နေ့တိုင်းသာ ရှုံးနေရင် လခပါ ပြုတ်လိမ့်မယ်"

နှစ်ယောက်သား ဆိုင်ရှေ့ မြက်ခင်းပြင်ပေါ်တွင်ထိုင်၍ ဟိုအဝေး မိုးကုပ်စက်ဝိုင်းဆီသို့ နေလုံးကြီး မြုပ်ဝင်နေပုံကို ေဘာင့်ကြည့်နေကြသည်။

မကြာခင် ဂိုက်ဒို ညစာနှင့် အလုပ်ရှုပ်တော့မည်။ ခုတော့ အားလပ်ဆိတ်ငြိမ်နေခိုက်ဖြစ်သည်။ ပင်လယ်ရေပြင်သည် အရောင်အမျိုးမျိုး ပြောင်းလဲလျက်ရှိ၏။

ထိုအချိန်တွင် ရဲမှူး ဆက်တာအတွက် မီလန်မှ တယ်လီဖုန်း လာနေခြင်းဖြစ်သည်။

ဂိုက်ဒိုက မီးဖိုချောင်သို့ တန်းသွားပြီး ခုတ်ထစ်ကြော်လှော်နေသည်။

အတန်ကြာကြာ ဖုန်းပြောပြီးမှ ဆက်တာက မီးဖိုဆောင်သို့လိုက်လာသည်။

"အက်တိုဘော်လက်တိုတစ်ယောက် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားပြီတဲ့ဗျ"

"သူ့ကိုယ်သူ သတ်သေတယ်ဆိုတာ သေချာရဲ့လားဗျ"

ဂိုက်ဒိုက ပြန်မေးလိုက်သည်။

"သေချာပါတယ်။ ရှစ်ထပ်မှာရှိတဲ့ သူ့ရုံး ပြတင်းပေါက်ဘောင်ပေါ်မှာ နာရီဝက်လောက်ထိုင်နေပြီးမှ သူ စိတ်ဆုံးဖြတ်လိုက်တာတဲ့"

"ဒီလူ ဘယ်တုန်းကမှ ပိုင်ပိုင်နိုင်နိုင် စိတ်ဆုံးဖြတ်နိုင်စွမ်းရှိတဲ့လူ မဟုတ်ပါဘူးဗျာ"

ဂိုက်ဒိုက ဟင်းသီးဟင်းရွက်တွေ သင်နေ၏။

ဆက်တာက အိုးတွေခွက်တွေ ပြင်ဆင်နေရာမှ

"ခင်ဗျား သူ့မိန်းမကို တွေ့ဖူးသလား ဂိုက်ဒို"

"တစ်ခါပဲ တွေ့ဖူးပါတယ်ဗျာ။ ကောင်းကောင်းမွန်မွန်တွေ့ရတာ မဟုတ်ပါဘူး"

ဂိုက်ဒိုက သူတို့ညီအစ်ကိုနှစ်ယောက် သွားသည့်နေ့အကြောင်း ပြောပြတော့ ဆက်တာက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း စိတ်မကောင်းဖြစ်နေသည်။

"ခင်ဗျားတို့ရောက်သွားတဲ့အချိန်က အဆိပ်တက်နေတဲ့အချိန်ကိုးဗျ။ ခုတော့ ဒီအမျိုးသမီး လုံးဝ အမြင်ပြောင်းလဲသွားပြီ။ သူကိုယ်တိုင်လည်း အရင်လို မဟုတ်တော့ဘူးဗျ"

နှစ်ယောက်သား အလုပ်ဆက်လုပ်နေကြပြန်သည်။

အတန်ကြာမှ စကားကို ဆက်တာက ဆက်သည်။

"ရဲက သိတော့ အက်တိုကို လာပြီး ချော့ခေါ်ဖို့ ရီကာဆီကို ဖုန်းဆက်တယ်တဲ့ဗျ။ သူက ဘာပြန်ပြောတယ်မှတ်သလဲ"

ဆက်တာက ခေါင်းယမ်းပြီး

"ဘာမှ ပြန်မပြောဘူး။ ရယ်လို့ချည်း နေတယ်တဲ့ဗျား"

နှစ်ယောက်သား အချက်အပြုတ်ကိစ္စနှင့် ဆက်အလုပ်ရှုပ်နေကြပြန်သည်။ အတန်ကြာမှ ဆက်တာက တွေးတွေးဆဆ ပြောသည်။

"တော်တော်ထူးဆန်းတဲ့ မိန်းမဗျ။ ထူးဆန်းသလောက်လည်း လှတယ်"

ဂိုက်ဒိုက ဆက်တာကို နားမလည်သလို လှမ်းကြည့်ပြီး တစ်ခုခု ပြောမည်ပြုလာသည်။

ပြီးတော့မှ မပြောတော့တဲ့ ပခုံးတွန့်ပြီး အလုပ်ကို ဆက်လုပ်နေတော့သည်။

❑

## (၁၆)

ဥရောပမြို့တော်တိုင်းတွင် ဩစတြေးလျသံရုံးများ ရှိ၏။ သံရုံးတိုင်း၏နံဘေးတွင် နေ့အခါ လူနေ ကေဘင်ကားကြီးများ ရပ်ထားသည်ကို တွေ့ရမည် ဖြစ်သည်။ ရောင်းဖို့ ဖြစ်၏။

ဘာကြောင့် သံရုံးနှင့်နီးနီးကပ်ကပ်ထားသည်ကိုတော့ ဘယ်သူမှ မသိကြ။ ရောမရှိ ဩစတေးလျသံရုံးနံဘေးတွင် တစ်စီးတည်းသာ တွေ့ရ၏။ ဘက်ဖို့ဒ် ကားကြီး။

ဝိတ်မန်းနှင့် သူ့အဆက် ကောင်မလေး ပက်ဒီကောလင်းတို့နှစ်ယောက်က တိုရေ့ရှားရေနိုင်လှသော ဝယ်သူကို စောင့်ဆိုင်းလျက် ရှိကြ၏။

ဝိတ်မန်းက အသက် ၂၀ ခန့်။ ခပ်ပုပု။ ဆံပင်တွေက ကုပ်ပေါ်ထိ ဝဲကျလျက်။ မသေမသပ်နှင့် မျက်နှာပေါ်တွင်လည်း တိုးလိုးတွဲလောင်းကျနေ၏။ စူးရှထက်မြက်သည့်မျက်လုံးတွေက ဆံပင်အောက်မှ တောက်ပလျက်။ ဝတ်ထားသည့် ချည်ထည်မှာလည်း ဟောင်းနွမ်းလှပြီ။

အမျိုးသမီးက ၃၀ ခန့်။ ရောမ ခန္ဓာကိုယ်ကြီးနှင့် ဖြစ်၏။ ဝခြင်းမဟုတ်။ ပင်ကို အဆက်အပေါက်ကိုက ကြီးခိုင်ခြင်းဖြစ်၏။ နှာခေါင်းမှ ခြေဖျားအထိ အားလုံးကြီးသည်။ သို့သော် မလှ မဟုတ်။ လှသည်။ ဆွဲဆောင်မှုရှိသည်။ သို့သော် မိန်းကလေးတစ်ယောက်အတွက် ရှိသင့်သည့်ထက် ပိုလွန်းနေခြင်းသာ ဖြစ်၏။ အဝတ်ကို ကျေးလက်ဆန်ဆန် ဝတ်ထားသည်။ ကျပ်ကျပ်တည်းတည်း။

နှစ်ယောက်စလုံး ဩစတြေးလျ ပြည်ပေါက်တွေဖြစ်၏။

ဝိတ်မန်းက ညကျောင်းတစ်ခုတွင် အီတလီကျောင်းသားတွေကို အင်္ဂလိပ် ကျူရှင်ပေးသည်။ ဤတွင် ဥရောပသို့ ပညာရှာရန် ထွက်လာသည့် ပက်ဒီနှင့် တွေ့ခြင်းဖြစ်၏။ ပက်ဒီအတွက် ကြင်ယာ အရင်တွေ့ခြင်း။

နှစ်ယောက်စလုံး အီတလီစကားကို ဩစတြေးလျသံခပ်ဝဲဝဲဖြင့် ပြောနိုင်ကြ၏။ သူတို့နှစ်ယောက်၏ ရည်ရွယ်ချက်မှာ သည်ကားကြီးနှင့် ကမ္ဘာလှည့်ပြီး ကားပေါ်တွင်ပင် အိမ်ထောင်သားမွေးလုပ်သွားရန်ဖြစ်သည်။ သို့သော် ပက်ဒီက အသည်းရောင်အသားဝါဖြစ်ပြီး ဖျားတော့ ရှိစုမဲ့စုကလေး ချောသွား၏။ အီရန် အစိုးရအပြောင်းအလဲကြောင့် အရှေ့အာရှသို့ ဖြတ်ဖို့ မလွယ်သည်ကလည်း တစ်မှောင့်။

သည်အတွက် ကားကြီးကို သံရုံးနံဘေးတွင် ထိုးပြီး ဝယ်သူကို ထိုင်စောင့် နေကြခြင်း ဖြစ်သည်။

သုံးရက်အတွင်း မေးသူ တစ်ယောက်ပဲရှိသည်။ အိတ်ထဲ ပိုက်ဆံတစ်ပြားမှ မရှိဘဲ ဝင်မေးသည့် တူရကီလူမျိုးတစ်ယောက်။

ကားကြီးတစ်စီး ထိုးဆိုက်လာပြီး မျက်နှာတွင် အမာရွတ်တွေနှင့် လူကြီး တစ်ယောက် ဆင်းလာတော့ သူတို့နှစ်ယောက် မျှော်လင့်တကြီး စောင့်နေကြ၏။

လူကြီးက ဘက်ဖို့ဒ်ကေဘင်ကားကြီးကို လှည့်ပတ်ကြည့်ပြီး အီတလီ စကားဖြင့် မေးသည်။

"ရောင်းဖို့လား"

"ဟင့်အင်း၊ မဟုတ်ပါဘူး။ ကျွန်တော်တို့ အလှပြထားတာပါ"

ဝိတ်မန်းခေါ် ဝေါလီက အီတလီစကားဖြင့် ပြန်ပြောလိုက်သည်။ ထိုလူကြီးက မပြုံးမရယ်ပဲ ကားကို ဆက်ပြီး ကြည့်နေ၏။

ပက်ဒီက ထသွားပြီး

"တကယ်စိတ်ဝင်စားလို့လားဟင်"

ထိုလူကြီးက ဝေါလီကို မကြည့်ဘဲ ပက်ဒီကိုကြည့်ပြီး ခေါင်းညိတ်သည်။

"စက်ကို ကြည့်ရအောင်"

ဝေါလီက သူတို့နောက်မှလိုက်သွားပြီး ကားကြီး၏ပြည့်စုံပုံကို ကြော်ငြာသည့် အနေနှင့် ဖိတ်မန္တက ပြုလိုက်၏။

"အထဲကို ကြွပါခင်ဗျာ၊ ဘီယာအေးအေးကလေးသောက်ရင်း စကား ပြောကြတာပေါ့"

ကားကြီး၏အသက်မှာ နှစ်နှစ်မျှသာ ရှိသေး၏။ မိုင်တစ်သောင်းပင် မမောင်းရသေး။ လီရာ ဆယ်သန်းနှင့် ဈေးတည့်သွားသည်။

"မင်းတို့မှာ စာရွက်စာတမ်းတွေ အပြည့်အစုံပါရဲ့လား"

ပက်ဒီက ခေါင်းညိတ်ပြီး

"ပါပါတယ်ရှင့်။ ကျွန်မတို့ အခွန်တံဆိပ်ခေါင်းကပ်ပြီး ရဲဌာနမှာ လွှဲပြောင်းပေးပါ့မယ်"

ပုံစံတွင် အမည်တွေ ဖြည့်ကြသည်။ ဝယ်သူ့အမည်မှာ ပက်ထရစ် ဂျူးဗား လီယား။ လူမျိုး – ပြင်သစ်။

"သုံးရက်အတွင်း ကျုပ် လာမယူနိုင်သေးဘူး"

ပြင်သစ်ကြီးက စာရွက်တွေကို ခေါက်စားပွဲကလေး၏တစ်ဖက်သို့ ထိုးပေးရင်း ပြောလိုက်သည်။

ပက်ဒီက မယုံသင်္ကာဖြစ်သွားသည်။

"ရှင် စရန်တော့ ပေးခဲ့ရမယ်နော်"

ဤတွင် သူတို့နှစ်ယောက် ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။ ပြင်သစ်ကြီးက အိတ်ထဲမှ လီရာငွေစက္ကူ တစ်သောင်းတန်များ အထပ်လိုက် ထုတ်ယူလိုက်၍ဖြစ်သည်။ ရေတွက်ပြီး ထိုးပေးလိုက်သည်။

"ဒါပေမဲ့ စာရွက်စာတမ်းတွေကို လုပ်မထားနဲ့ဦး"

အားလုံး ငြိမ်သွားကြသည်။

ဝေါ်လီက ပထမဆုံးအနေဖြင့် စကားဝိုင်းထဲသို့ ဝင်သွားသည်။

"ခင်ဗျား ကျွန်တော်တို့ကို ယုံလား။ ကျွန်တော်တို့ မောင်းပြေးသွားရင်ကော"

ခရေစီက ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။

"မင်းတို့ အဲဒီလိုလုပ်မယ်လို့ ငါ မယုံပါဘူး"

ဝေါ်လီက ပြင်သစ်ကြီး၏မျက်လုံးတွေကို စိုက်ကြည့်နေမိ၏။ စိတ်ရှုပ်သွားသည်။

ရေခဲသေတ္တာထဲမှ ဘီယာ သံဘူးတွေ ချပေးလိုက်သည်။

"ဒီနေရာမှာပဲ ကားကို လာယူမှာလားရှင့်"

ပက်ဒီက မေးလိုက်၏။

ခရေစီက ခေါင်းယမ်းပြီး ရောမမြေပုံတစ်ခု ဆွဲထုတ်လိုက်သည်။ မြို့ပြင်တစ်နေရာ၏ ကြက်ခြေခတ်အမှတ်အသားကလေးတစ်ခုကို ထောက်ပြပြီး

"ဟောဒီနေရာကို ပို့ပေးပါ။ မနက်စောစောပေါ့"

"ကျွန်မတို့ ခုလောလောဆယ်တော့ ကားကို သုံးနိုင်သေးတယ်ပေါ့နော်။ ပစ္စည်းတွေကို ဘူတာရုံကို သွားပို့ချင်လို့ပါ"

"မင်းတို့က ဘယ်သွားကြမှာတုံး"

"ဘရင်ဒီဆီကိုပါ။ အဲဒီကမှ ဂရိကို ကူးမယ်"

ခရေစီက ဘီယာကို မော့ရင်း အခန်းတွင်းကို ဝေ့ကြည့်သည်။ အထိုက်အလျောက် ကျယ်ပြီး အဆင့်အတန်းမီမီ ပြင်ဆင်ထားသည်။ ပြီးတော့ ဩစတြေးလျ စုံတွဲကို အကဲခတ်ကြည့်သည်။

နောက်ဆုံးမှ သူ့အစီအစဉ်ကို ပြောပြလိုက်သည်။

"ငါလည်း တောင်ပိုင်းကို သွားမှာကွ။ မင်းတို့လည်း လိုက်ခဲ့ကြပေါ့"

သူတို့က ဝမ်းသာအားရ သဘောတူကြသည်။ ခရေစီက နာမည်ပြောင်းမည့်ကိစ္စကိုပါ ဘရင်ဒီဆီကိုရောက်မှ လုပ်ဖို့ပြောလိုက်သည်။

အရောင်းအဝယ်ဖြစ်သည့် အထိမ်းအမှတ်အဖြစ် နေ့လယ်စာ ကျွေးပါရစေဆိုပြီး ပက်ဒီက ဘူးတွေကို ဖောက်ပြီး ချက်ပြုတ်ကြော်လှော်တော့သည်။

ဝေါ်လီက ဘီယာတွေကို ထပ်ထုတ်လာပြန်သည်။

ခရေစီပြန်သွားတော့ ပက်ဒီက ဝေဖန်သည်။

"ဒီလူကြီး ပြင်သစ်မဟုတ်ဘူး၊ အမေရိကန်"

"အလို ခင်ဗျားက ဘယ်လိုလုပ်သိတာလဲ"

"စားပုံသောက်ပုံကို ကြည့်ပါလား။ ပြင်သစ်နဲ့ အမေရိကန် အကွာကြီးပဲ"

ဝေါ်လီက အတွေးနက်သည်။

ပက်ဒီက သူ့အယူအဆကို အခိုင်အမာ တင်ပြနေ၏။

"သူတို့ ဇွန်း ခက်ရင်း ကိုင်ပုံကတော့ သူများတွေလိုပါပဲ။ ဒါပေမဲ့ အသားတုံးကို လှီးတဲ့အခါမှာ ဓားကိုချပြီး ခက်ရင်းကို ညာဘက် ပြောင်းကိုင်တယ်။ အဲဒါ အမေရိကန်တိုင်းရဲ့ အကျင့်ပဲ"

"အဲဒီတော့"

"ဘာမှမဖြစ်ပါဘူး။ သူ ပြင်သစ်မဟုတ်ဘူးဆိုတဲ့အကြောင်းကို ပြောတာပါ"

"နင် ဘယ်လိုထင်သလဲ ပက်ဒီ။ ပိုက်ဆံတွေ ပေးပြီး သူ့ လိပ်စာတောင် မပြောဘဲ ဒီအတိုင်း ထပြန်သွားတယ်"

ပက်ဒီက ပခုံးတွန့်လိုက်ပြီး

"အို... နင်ကလဲ၊ ပိုက်ဆံရရင် ပြီးတာပဲ"

ပက်ဒီက ပြောရင်း တွေသွားသည်။ ပြီးမှ နောက်ဆက်တွဲ မှတ်ချက်ချသည်။

"အေးဟ၊ တစ်မျိုးတော့ တစ်မျိုးပဲ"

"ကြည့်ရတာတော့ လူကြမ်းကြီးနဲ့ တူတယ်။ နည်းတဲ့လူကြီးမဟုတ်ဘူး။ နင့်ထက်တောင် ကြီးသေးတယ် ပက်ဒီ"

ပက်ဒီက ရယ်ပြီး တွေးတွေးဆဆပြောသည်။

"ငါတော့ သူ့ကို သဘောကျတယ်။ အပိုတွေမပါဘူး။ လိုရင်းပဲ ပြောတယ်။ ကြည့်ကြသေးတာပေါ့လေ"

*

ကန့်လန့်ကာတစ်ဖက်မှ ထွက်လာသည့်အသံကို ဆရာတော်က မှတ်မိနေ၏။

လောရာ၏အသံ။

"ကျွန်တော်မျိုးမ ကျူးလွန်ခဲ့မိတဲ့ ဒုစရိုက်မှုအတွက် သနားခွင့်လွှတ်တော်မူပါဘုရား"

"ဒါယိကာမ ဘယ်လိုဒုစရိုက်မျိုး ကျူးလွန်ခဲ့သလဲ"

လောရာက ဝန်ခံခြင်းပြုသည့် အပြစ်များမှာ အသေးအဖွဲကိစ္စလေးများသာ ဖြစ်သည်။

ဆရာတော်က လက်ခံကြားနာပြီး နောက်တစ်ယောက်၏အလှည့်ကို စောင့်နေကာ နားထောင်နေလိုက်သည်။ သို့သော် ကန့်လန့်ကာတစ်ဖက်မှ လောရာဆိုသည့် အမျိုးသမီးက ထ မသွားသေး။ လှုပ်ရှားသံ မကြားရ။

"ဘာများ အထူးရှိသေးလို့လဲ"

"ခွင့်လွှတ်ပါ ဆရာတော်။ ကျွန်မ၏သမီးလည်း ဒုစရိုက်မှုကို ကျူးလွန်ခဲ့ပါတယ်"

"အပြစ်ဖြေခြင်းအမှုကို ကိုယ်တိုင်သာ ပြုနိုင်ပါတယ် ဒါယိကာမ"

ဆရာတော်သည် ပေါလ်၏သမီး နာဒီယာဆိုသည့်မိန်းကလေးကို နားမလည်နိုင်အောင်ဖြစ်နေ၏။ ဘယ်တုန်းကမှ ဘုရားကျောင်းကန်ဆီကို မရောက်သည့်

ကလေးမ။ ယခုတော့ မနက်တိုင်း ဘုရားဝတ်ပြုရာတွင် ပါနေသည်။ တစ်ရက်မှ မပျက်။ သို့သော် ဝန်ချခြင်းပြုကြသည့် အခန်းကိုမူ တစ်ခေါက်မှ ရောက်မလာ။

"မိမိကိုယ်တိုင်အတွက်သာ အပြစ်ဖြေခြင်းပြုနိုင်တယ် ဒါယိကာမကြီး"

"မှန်ပါတယ် ဆရာတော်။ ကျွန်တော်မျိုးမ ဘယ်လိုဆက်လုပ်ရမယ် ဆိုတာသာ အမိန့်ရှိပေးပါ"

မကြုံဖူးသည့်ကိစ္စမို့ ဆရာတော် တွေနေသည်။

"သမီးကလေးမှာ ကိုယ်လေးလက်ဝန် ရှိနေပါပြီ ဆရာတော်"

ဩော်၊ ဒီသူငယ်မ ဘဝခရီးက ကြမ်းတမ်းလှပါလား။ ဆရာတော်က သက်ပြင်းချလိုက်ပြီး

"ဟို အမေရိကန်ဧည့်သည်နဲ့ပဲလား"

"မှန်ပါ။ လက်ထပ်ခွင့်မရဘဲ ကျူးလွန်ခဲ့ခြင်း ဖြစ်ပါတယ်"

ဆရာတော်က မကျေနပ်။ သို့သော် အသံထိန်းပြီး

"ဘယ်လိုညွှန်ကြားမှုမျိုးကို ဒါယိကာမက လိုချင်လို့လဲ"

တည်ငြိမ်ညင်သာစွာ မေးလိုက်၏။

"သူ့ကို အကြောင်းကြားသင့်၊ မကြားသင့်ပါ ဆရာတော်"

ဆရာတော်သည် သတင်းစုံ ကြားထားပြီးသူ ဖြစ်သည်။

"ဒီအမေရိကန် ဘာလုပ်နေတယ်ဆိုတာကို ဒါယိကာမ သိတယ်မဟုတ်လား"

"မှန်ပါတယ် ဆရာတော်"

"ကြီးမားတဲ့ ဒုစရိုက်မှုပေပဲ"

"သူ့မှာ လုံလောက်တဲ့ အကြောင်းပြချက် ရှိပါတယ် ဆရာတော်"

"လက်စားချေခြင်းအလုပ်ကို ဘုရားသခင်က ခွင့်ပြုတော်မမူဘူး"

ဆရာတော်က သက်ပြင်းချပြီး

"ဒါယိကာမ သူ့ဆီကို အကြောင်းကြားချင်သည့်တိုင်အောင် ဆက်သွယ်ဖို့ လွယ်မလား"

"ဖြစ်နိုင်တဲ့ နည်းလမ်းတွေ ရှိပါတယ် ဆရာတော် ဘုရား"

"ဒါယိကာမရဲ့ခင်ပွန်းနဲ့ ဒီကိစ္စကို ဆွေးနွေးပြီးပြီလား"

"မပြောရသေးပါဘူး ဆရာတော်။ သူ သဘောတူမှာမဟုတ်ဘူးဆိုတာကို ကြိုသိနေလို့ပါ ဘုရား"

**ပုဂံစာအုပ်တိုက်**

ဆရာတော် အနေရအထိုင်ရ ကျပ်နေသည်။ အတန်ကြာ စဉ်းစားနေ၏။

"အကြောင်းကြားသင့်တယ် ဒါယိကာမ"

"ကျေးဇူးတင်လှပါတယ် ဆရာတော်ဘုရား"

*

ဂိုက်ဒိုက ဥပစာ မြက်ခင်းဘက်သို့ လျှောက်လာသည်။ တစ်ခုခုထူးခြားလာသည်ဟု ဆက်တာ နားလည်လိုက်၏။ သူက ကုလားထိုင်တစ်လုံးဆွဲထိုင်ပြီး ကော်ဖီအိုးကို လှမ်းဆွဲသည်။

တစ်စုံတစ်ခုအတွက် ချီတုံချတုံဖြစ်နေပုံရ၏။

တယ်လီဖုန်း ပြောပြီးကတည်းက ထူးခြားနေခြင်းဖြစ်၏။ ဆက်တာ့ အတွက် အရေးမကြီး။ တစ်နာရီအတွင်း ဖုန်းပြန်လာလျှင် ဂိုက်ဒို ဘယ်သူနှင့် ဘာပြောသည်ကို သိရမည် မဟုတ်လား။

ကော်ဖီကို မော့ချလိုက်ပြီး ဂိုက်ဒိုက စိတ်ဆုံးဖြတ်လိုက်သည်။

"ခုနေ ခရေစီကိုယ်တိုင်က သူ့ကိုယ်သူ လာအပ်မယ်ဆိုရင် ဘယ်လိုအပြစ်မျိုး ရနိုင်မလဲ"

သည်တစ်ခါ လှုပ်လှုပ်ရှားရှားဖြစ်သွားသူက ဆက်တာ။ စောစောက တယ်လီဖုန်းမှာ အလွန်အရေးကြီးသည့် တယ်လီဖုန်းဖြစ်ရမည်။

ဆက်တာက ပခုံးတွန့်ပြီး

"ထောင်ထဲတော့ သွားရမှာပေါ့ဗျ။ ဒါပေမဲ့ သူ့ဦးတည်ချက်နဲ့ သူ့လုပ်ဆောင် ချက်တွေက တစ်မျိုးဆိုတော့ ရိုးရိုးရာဇဝတ်မှုနဲ့စာရင်တော့ သက်သာမှာပေါ့။ ငါးနှစ်လောက်တော့ ကျလိမ့်မယ်။ ဒါပေမဲ့ ဒါမျိုးတွေက အကြံအဖန်လုပ်လို့ ရပါတယ်။ သုံးနှစ်လောက်နဲ့ ထွက်လာရမှာပါ"

"ထောင်ထဲက ထွက်လာတော့ အသက်ပါပါဦးမလားဗျ"

ဆက်တာက မျက်မှောင်ကြုတ်ပြီး

"ခင်ဗျား ဘာဆိုလိုတယ်ဆိုတာ ကျွန်တော်သိပါတယ်။ ကျွန်တော်တို့ ထောင်အသစ်တစ်ခု ဆောက်ပြီးပြီလေ။ အဆင့်အတန်းခွဲပြီး ထားပေးတော့မှာပါ။ အဲ တကယ်အန္တရာယ်များတာက ထောင်ကထွက်တဲ့အခါမှဗျ"

ဂိုက်ဒိုက ရဲအရာရှိကို တွေကြည့်နေသည်။ သေသေချာချာ အကဲခတ်နေခြင်း ဖြစ်၏။ ဆုံးဖြတ်ချက် ချသင့် မချသင့်ကို စဉ်းစားသည်။

ဆက်တာက ငြိမ်လျက်။

အမေးအမြန်းထူ၍ ကောင်းသည့်အချိန် မဟုတ်တော့။

"ကောင်းပြီ။ ကျွန်တော်တို့ ရှောမကို သွားမယ်။ ကျွန်တော် သူ့ကို ပြောမယ်"

"ဟာ... နေပါဦး ဂိုက်ဒိုရ။ ဘယ်လိုဖြစ်တာလဲ။ ကျွန်တော့်ကိုလည်း ပြောပါဦး"

"ကဲဗျာ၊ ကားပေါ်တက်။ ကျွန်တော် လမ်းကျမှပဲ ရှင်းပြတော့မယ်။ အချိန်မရှိတော့ဘူး"

ဆက်တာက လက်ကာပြီး

"ဒါဖြင့်လည်း ကျွန်တော် ဘဲလူးကို ခေါ်ပါရစေဦးဗျာ။ သူက လူတော်ပါ။ ခရေစီကို ၁၀ မိနစ်အတွင်း သူ ရအောင် လုပ်ပါလိမ့်မယ်"

ဂိုက်ဒိုက ခေါင်းယမ်းလိုက်ပြီး

"ခင်ဗျားလူတွေထပ်သေရင် ကျွန်တော့်လူ ပိုပြီး ထောင်ရက်ရှည်နေမှာ စိုးလို့ပါ"

ဆက်တာက နားလည်သွားသည်။

"ဒါဖြင့် ဖုန်းဆက်လို့ မရဘူးလားဗျ"

"မရဘူး၊ ဖုန်းမရှိဘူး။ လာသွားစို့"

သူတို့နှစ်ယောက် ဆက်တာ၏ကားဆီသို့အရောက်တွင် ရဲမော်တော်ဆိုင်ကယ်တစ်စီး ဝေါခနဲ ထိုးဆိုက်လာသည်။

"ဆရာ့အတွက် တဲလက်စ်ခင်ဗျ"

ဆက်တာက ဂိုက်ဒိုကို မောင်းခိုင်းသည်။

လမ်းတွင် ဂိုက်ဒိုက ရှင်းပြသည်။

"သူ ကလေးအဖေ ဖြစ်တော့မယ်ဗျ"

ဆက်တာက တအံ့တသြ ဖြစ်သွားသည်။ သည်တစ်ချီတော့ သူ ခံလိုက်ရသည်။ ဘာမှ ဆက်စပ်မတွေးတတ်တော့။

သည်တော့မှ ဂိုက်ဒိုက ဂိုဒိုအကြောင်း၊ နာဒီယာအကြောင်း ပြည့်ပြည့်စုံစုံ ပြောပြသည်။

ရဲဘက်က နားလည်ထားဖို့ အရေးကြီးသည်မဟုတ်လား။

"အဲဒီအတွက် သူ စိတ်ပြောင်းသွားမယ်လို့ ခင်ဗျားထင်နေသလား ဂိုက်ဒို"

ဂိုက်ဒိုက စဉ်းစားပြီး ခေါင်းညိတ်သည်။

"အဲဒီတစ်ခုကလွဲပြီး သူ့ကို ဘာနဲ့မှ အာရုံပြောင်းလို့ရမှာမဟုတ်ဘူး။ ကျွန်တော် ရှင်းမပြတတ်ဘူး"

ဆက်တာက ခရေစီအကြောင်း စဉ်းစားရင်း လိုက်လာသည်။ နောက်မှ ဂိုက်ဒိုနှင့် တစ်သဘောတည်းဖြစ်ကာ အမြင်ချင်း တူသွားသည်။

ဆက်တာက နောက်သို့မှီလိုက်ပြီး ရှေ့မှ စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။ ဂိုက်ဒိုက ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ဆက်တာက လက်ကာပြသည်။

နှစ်မိနစ်အတွင်း ရောမမှ ဘဲလူး ပြန်ထူးသည်။

"ဂိုက်ဒိုဖုန်းကိုဖြတ်သွယ်ပြီး အသံသွင်းထားတဲ့ တိတ်ခွေကို မင်းကိုယ်တိုင် ဖျက်ဆီးပစ်ပါ။ စာအသွားအလာကို မဖောက်နဲ့တော့။ ဘယ်သူမှ မသိစေနဲ့"

ဘဲလူး ဦးနောက်ခြောက်သွားသည်။

"မင်း ငါ့ကို ရောမက ဌာနချုပ်မှာ စောင့်နေ။ ငါ မကြာခင် ရောက်လာမယ်"

ဂိုက်ဒိုက ကျေးဇူးတင်ကြောင်း ထုတ်ပြောလိုက်သည်။ ဆက်တာက ပခုံးတွန့်ပြပြီး

"ဘဲလူးကို ဘယ်လောက်ပဲ ကျွန်တော်ယုံယုံ ကျွန်တော်တို့အထဲမှာ သူတို့လူတွေ ဘယ်လောက်ရှိနေတယ်ဆိုတာကို မပြောနိုင်ဘူးဗျ"

ဆက်တာက ဖြုန်းခနဲ တဲလက်စ်စာအိတ်ကို သတိရပြီး ဖွင့်လိုက်သည်။

"ဟိုက်... ဘုရားသခင်"

ဆက်တာက တိုးတိုးကလေး ရေရွတ်လိုက်သည်။

"ဘာတဲ့လဲဗျ"

မာဆေးမှ လက်နက် ခဲယမ်း မီးကျောက်တွေ ခရေစီ သယ်သွားပြီဟု ဆက်တာက ထင်လိုက်၏။ ဆက်တာက မာဆေးမှ သူ့မိတ်ဆွေတွေကို မီးခိုးကြွက်လျှောက် အလိုက်ခိုင်းခဲ့သည် မဟုတ်ပါလား။

တဲလက်စ်ကို ပြန်ဖတ်သည်။

"ဘာလဲဗျ အာရ်၊ ပီ၊ ဂျီ (၇) ဆိုတာ"

"တင့်ကားပစ် ဒုံးပျံလက်နက်လေ"

ဂိုက်ဒိုက ပြုံးပြီး ဆက်ပြောသည်။

"ကျွန်တော်တို့ တပ်ထဲတုန်းကတော့ 'ဂျူးဘစ္စူးကာ' လို့ ခေါ်ကြတာပဲ"

"အစ္စရေးလုပ်လားဗျ"

"မဟုတ်ပါဘူး၊ ရုရှားလုပ်ပါ။ ဒါပေမဲ့ ဒုံးကျည်ထည့်ပြီး မောင်းတင်လိုက်ရင် ရှင်ပြုထားတဲ့ ဂျူးဟိုဒင်းနဲ့တူလို့ အဲဒီနာမည် တွင်သွားတာလေ"

"ခရေစီက ဒီလက်နက်ကို သုံးတတ်တယ်၊ ဟုတ်လား"

"ဘယ်လိုလက်နက်ပဲဖြစ်ဖြစ် ခရေစီ့အတွက်ကတော့ ဘောင်းဘီဇစ်ကိုဖွင့်ပြီး ရှူးရှူးပန်းသလောက်ပဲဗျ"

သည်တစ်ကြိမ် ပြုံးရသူက ဆက်တာ။ သို့သော် နားမရှင်းသေး။ မြေအောက်ဒုစရိုက်သမားတွေတွင် လက်နက်ပစ္စည်းစုံလှသည်မှာ မှန်၏။ သို့သော် တင့်ကားတော့ မရှိ။

ဂိုက်ဒိုက ဆက်ရှင်းပြသည်။

"တခြားလည်း သုံးနိုင်တယ်လေဗျာ။ အဆောက်အအုံတွေကို ဖြိုနိုင်တယ်။ ၁၂ လက်မ ထူတဲ့ သံထုကိုတောင် ဖောက်နိုင်တော့ ဝင်းတံခါးကြီးတွေ ဘာတွေကို ဖြိုနိုင်တာပေါ့"

ဆက်တာက ငြိမ်ပြီး စဉ်းစားနေပြန်သည်။ ပြီးတော့မှ ခပ်ရွှင်ရွှင်ကလေးနှင့်

"ရှူးရှူးပေါက်တာထက် ပြင်းမှာပေါ့နော်"

ဂိုက်ဒိုက ရယ်နေသည်။

*

ထိုအချိန်တွင် အာရ်၊ ပီ၊ ဂျီ (၇) ဒုံးလက်နက်သည် ဒုံးကျည်နှစ်လက်နှင့်အတူ ရောမမြို့ထဲသို့ ရောက်ပြီဖြစ်သည်။

ပတ္တူအိတ်နှင့် ထည့်လာခြင်းဖြစ်သည်။ အိတ်မှာ သိပ်မကြီးလှ။

ဒုံးကျည်ပစ် ကိရိယာက ၃၇ လက်မသာ ရှိသည့် ရိုးရိုးမော်တာပြောင်းပုံစံ။ အရစ်ဖြုတ်လိုက်လျှင် နှစ်ပိုင်းဖြစ်သွား၍ ကိုင်ရတွယ်ရ ပိုလွယ်သည်။

အလေးချိန်မှာ ၁၅ ပေါင်။

ဒုံးကျည်တစ်ခုစီ၏ အလေးချိန်က ၅ ပေါင်စီ။

*

ဂူစီပီနှင့် သရီဆာတို့ လင်မယားမှာ အိုမင်းလှပြီ။ သရီဆာက ခြေထောက်တစ်ဖက် သိပ်မသန်တော့။ နေ့လယ်စာ စားပြီးချိန်တွင် တံခါးခေါက်သံကို ကြားရသဖြင့် ဂူစီပီက ဖွင့်ပေးလိုက်သည်။ ပထမဆုံး မြင်လိုက်သည်မှာ အသံတိတ်ကိရိယာ တပ်ထားသည့် ပစ္စတိုတစ်လက်။ အဘိုးကြီး ကြက်သေသေသွား၏။ သူ့မျက်နှာကို မြင်ရတော့ ပိုပြီးကြောက်သွားသည်။ တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွား တော့၏။

သို့သော် သူ့စကားသံက ချိုသာလှသည်။

"ကျွန်တော် သူခိုးမဟုတ်ဘူးနော်။ ဦးကြီးတို့ကိုလည်း လုံးဝ အန္တရာယ် မပေးဘူး။ ဘာမှမစိုးရိမ်နဲ့ သိလား"

သူက အဘိုးကြီး ဂူစီပီကို အသာဖယ်ပြီး အခန်းထဲသို့ ဝင်လိုက်လေသည်။

မိနစ် အနည်းငယ်အတွင်း အဘိုးကြီးနှင့် အဘွားကြီးကို ကုလားထိုင် နှစ်လုံးတွင် ယှဉ်ထိုင်စေပြီး လက်တွေကို ကုလားထိုင်နှင့် တိပ်ပတ်လိုက်သည်။ သို့သော် ညင်ညင်သာသာ တောင်းတောင်းပန်ပန်။ သူ့လေသံက နေပယ်လ်သံ ခပ်ဝဲဝဲ။

သူတို့အိမ်ကို ခဏကလေး အသုံးပြုဖို့ ငှားရမ်းခြင်းဖြစ်ကြောင်း၊ မည်သည့် အန္တရာယ်မှ မဖြစ်စေရကြောင်း အထပ်ထပ်ပြောနေ၏။

တဖြည်းဖြည်း အကြောက်ပြေသွားကြသည်။ သူ့ကို စိတ်ဝင်စားစွာ စောင့်ကြည့်နေကြ၏။ ပတ္တူအိတ်ကိုဖွင့်ပြီး ပြောင်းကြီးနှစ်ခုကို ထုတ်လိုက်သည်။ ဝက်အူရစ် တပ်ပြီး ဆက်လိုက်သည်။

ငယ်ငယ်တုန်းက စစ်တိုက်ဖူးသူဖြစ်၍ ဂူစီပီက လက်နက်တစ်မျိုးမျိုး ဖြစ်ရမည်ဟု သဘောပေါက်လိုက်သည်။

ပြောင်းကို ခြေထောက်နှစ်ဖက် တပ်သည်။ ပြီးတော့မှ ဒုံးကျည်နှစ်ခုကို ထုတ်ယူလိုက်သည်။ ဆူးတောင့်ကလေးတွေကို အသာဖိပြီး ပြောင်းထဲသို့ သွင်း လိုက်သည်။ ရော်ဘာမျက်နှာဖုံးတစ်ခုနှင့် နောက် ဒုံးကျည်တစ်ခုကို လက်က ကိုင်ပြီး အိမ်၏ နောက်ဖေးဘက်ကို တိတ်တိတ်ကလေး ထွက်သွားသည်။

အုတ်တံတိုင်းခပ်နိမ့်နိမ့်တစ်လျှောက်တွင် နေရာယူဖို့ အကွက်ရှာနေ၏။

လမ်းမဆီသို့ ကြည့်ကာကြည့်ကာနှင့်။

*

အချိန်မှာ နေ့လယ် နှစ်နာရီခွဲ။

ကွန်တီသည် မြေညီထပ်သို့ ခတ်လေ့ကားရောက်သည်နှင့် လှမ်းထွက် လိုက်ပြီး ကားရုံဘက်သို့ လျှောက်သွားသည်။ ကိုယ်ရံတော်တစ်ယောက်က နောက်မှ ထက်ကြပ်မကွာ ကပ်ပါလာ၏။

ကာဒီလက် ကားကြီးက အသင့်စောင့်နေလျက်။ စက်နှိုးပြီးသား။ လန်စီယာ ကားနက်ကြီးကလည်း သက်တော်စောင့် လေးယောက်နှင့် အသင့်စောင့်နေ၏။

ကုန်းလျှောပေါ်သို့ ကားနှစ်စီး မောင်းတက်သွားသည်။ လမ်းပေါ်သို့ ရောက်တော့ နေရောင်က ရှေ့တည့်တည့်မှထိုးနေ၍ သက်တော်စောင့်တွေ မျက်စိကို မှေးထားကြရသည်။ ရှေ့တစ်အိမ်ကျော်မှ အုတ်တံတိုင်းအတွင်းတွင် လူရိပ်တစ်ခု သူတို့ မြင်လိုက်သည်။ မျက်နှာအပေါ်ပိုင်းကို ဖုံးထား၏။ သူ့ပခုံးပေါ်တွင်လည်း ဧရာမ ပိုက်လုံးကြီးကို ထမ်းလျက်။

သူတို့ ဘာမှမလုပ်နိုင်မီ ပြောင်းဝမှ မီးလျှံတစ်ခု ဖြာထွက်ပြီး မည်းမည်း အရာတစ်ခု ပျံထွက်လာသည်။ ထိုအရာဝတ္ထုကလေးက ကြီးသည်ထက် ကြီးလာပြီး စက္ကန့်ပိုင်းအတွင်း သူတို့ဆီသို့ ရောက်လာသည်။

ကွန်တီက လန့်ပြီးအော်လိုက်သည်။ ဒရိုင်ဘာက ဘရိတ်ကို ဆောင့်နင်း လိုက်၏။ လန်စီယာ ကားနက်ကြီးသည် မျက်စိအောက်တွင်ပင် အစိတ်စိတ် အမြွှာမြွှာ လွင့်စဉ်သွားတော့၏။ ကားကြီး၏နေရာတွင် မီးလျှံတို့သာ ကျန်တော့သည်။

ကာဒီလက် ကားကြီးက ကြောက်အားလန့်အားနှင့် ပြန်ကွေ့ဖို့ ကြိုး စားသည်။ ထိုစဉ်တွင် ဒုတိယဒုံးကျည်က ရှေ့ဝင်ရိုးတည့်တည့်ကို လာမှန်၏။ ကျွမ်းပျံလွင့်ထွက်ပြီး မီးလျှံဘဝသို့ တစ်မဟုတ်ချင်း ရောက်သွားသည်။

တစ်ယောက်သာ ရှင်သည်။ အားလုံးပွဲချင်းပြီး။ ထိုတစ်ယောက်မှာ သက်တော်စောင့်ကားပေါ်မှ လွင့်စဉ်ထွက်သွားသူဖြစ်သည်။ ပေါက်ကွဲ လွင့်စဉ် နေသည့် သံတိုသံစတွေက သူ့ကိုမထိ။ သေနတ်ကိုင်လျက် ပြေးနေရင်း နောက်သို့ လှည့်ကြည့်လိုက်သည်။ သူ့မျက်စိကို သူ မယုံနိုင်အောင် ဖြစ်သွားသည်။

ဘယ်လိုအရာဝတ္ထုမျိုးနှင့် တိုက်ခိုက်ခံလိုက်ရသည်ကိုပင် မသိလိုက်။ ကြောက်ကြောက်နှင့် မလှမ်းမကမ်းရှိ ကားရုံဆီသို့ ပြန်ပြေးသည်။

ထိုအချိန်တွင် ရဲကား ထိုးဆိုက်လာသည်။

*

ဆက်တာက ကားထဲတွင် စောင့်ကျန်ရစ်ခဲ့သည်။ ရင်ထဲတွင် တထိတ်ထိတ်နှင့်။ ဂိုက်ဒိုတစ်ယောက်တည်း ပြန်ပေါ်လာသောအခါတွင်မှ မသိမသာ သက်ပြင်းချနိုင်သည်။

"သူ မရှိတော့ဘူးလား"

ဂိုက်ဒိုက ခေါင်းယမ်းလိုက်ပြီး

"ခဏစောင့်ကြည့်ရအောင်ဗျာ"

သူတို့ ကြာကြာမစောင့်လိုက်ရ။ သုံးမိနစ်အတွင်း ရေဒီယို တယ်လီဖုန်းမြည်လာသည်။ ရဲအရာရှိ ဘဲလူးက သူ့ဆရာဆက်တာကို အရေးတကြီးခေါ်သည့်ဖုန်းဖြစ်သည်။

*

ကုန်းကမူတစ်ခုပေါ်မှရပ်ပြီး ဆက်တာနှင့် ဂိုက်ဒိုက မြင်ကွင်းကို စိုးကြည့်နေသည်။

နှစ်ယောက်စလုံး ဘာပြောရမှန်းမသိအောင် ကြောင်နေကြ၏။ သူတို့ရှေ့မှ မြင်ကွင်းက တစ်ခါမှ မကြုံဖူး မမြင်ဖူးသည့် မြင်ကွင်းမျိုး။

နောက်ဆုံးမှ ဆက်တာက ဂိုက်ဒိုအား လှည့်ကြည့်လိုက်သည်။ သူကြည့်ရာသို့ ဆက်တာက လိုက်ကြည့်လိုက်သည်။ အုတ်နံရံတွင် မည်းမည်းအဝိုင်းကလေး ထင်ကျန်နေ၏။

"အာရ်၊ ပီ၊ ဂျီ (၇) ဟုတ်လား"

ဆက်တာက မေးလိုက်သည်။

ဂိုက်ဒိုက နောက်ကိုလှည့်ပြီး ခေါင်းညိတ်လိုက်သည်။

"ကျွန်တော်ပြောသားပဲ၊ တခြားနည်းနဲ့လည်း သုံးနိုင်ပါတယ်လို့"

ဆက်တာက ဘဲလူးအား သူပြောလိုက်သည့်စကားလုံးကို သူ့ဘာသာသူ သဘောကျပြီး ပြုံးလိုက်၏။

"ကွန်တီတော့ အာမခံကြေး မတောင်းတဲ့အတွက် သူရမယ့်ဆုကြေးငွေဆုံးပြီကွ"

❑

## (၁၇)

အဆိုအမိန့်တစ်ရပ်ကို ကင်တာရီလာက ကြားဖူးထားသည်။ မှန်ကန်ကြောင်းကိုလည်း လက်တွေ့ကြုံဖူးသည်။ သို့သော် သေနတ်ပြောင်းဝသည် ပစ်ကွင်းတစ်ခုခုကိုတော့ ချိန်ရမည်။ သူ့အဖြစ်က မ စရာမရှိသည့် အလေးမသမားနှင့်တူနေ၏။ မျက်နှာကြက်မရှိသည့်အိမ်မှ မိုက်ကယ်အိန်ဂျလို၏ ပန်းချီကားဖြစ်နေ၏။ ဆောက်တည်ရာမရသည့် စိတ်က အကြောက်တရားကို မြေသြဇာ ပေးနေဘိသို့ ရှိနေသည်။

ကွန်တီသည် သူ၏ညာလက်ရုံးဖြစ်၏။ ကွန်တီ သေဆုံးရခြင်းသည် သူ့အတွက် အကာအကွယ်မဲ့တဝသို့ ရောက်ပြီဟု အားငယ်ထိတ်လန့်နေ၏။ သို့သော် ဟန်ကိုယ့်ဖို့ဆိုပြီး ဣန္ဒြေဆည်နေရ၏။

သို့သော် သူ့အကြံပေးအရာရှိများဖြစ်ကြသည့် ဒီကလဲယာနှင့် ဂရာဗယ်လီတို့က ရိပ်မိကြသည်။ စားပွဲရှေ့တွင်ထိုင်ပြီး သူတို့ဆရာကြီး၏ အကဲကို စောင့်ကြည့်နေကြ၏။

သူတို့နှစ်ယောက်၏ စည်းစိမ်ချမ်းသာ၊ အဆင့်အတန်း စသည်တို့မှာ ကင်တာရီလာ၏ အာဏာစက်ကြောင့် တည်တံ့နေခြင်းဖြစ်၏။

ကိုလာစီ စံအိမ်ကြီး၏ လုံခြုံရေးစီမံချက်ကို သူတို့ နားထောင်နေကြသည်။

လွန်ခဲ့သည့်နှစ်ရက်ကမှ အခြေအနေတစ်မျိုး။ သည်နေ့လောက် မဆိုးသေး။ ကွန်တီ၏ ဇာတ်သိမ်းပိုင်းကို ကြည့်ပြီးမှ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြ၏။

သူတို့ရှေ့တွင် ဇရာမဖိုင်တွဲကြီး ချထားသည်။ သူတို့ မမျှော်လင့်သည့် နည်းတွေသုံးပြီး သူတို့ကို ဝှံ့ဝံ့စားစား အန်တုနေသူတစ်ယောက်အကြောင်း။

ကင်တာရီလာက အုတ်နံရံဝင်း၏ အပြင်ဘက်ကို မီတာနှစ်ရာအထိ မီးမောင်းထိုးထားရန်။ မီတာနှစ်ရာအတွင်းမှ အိမ်တွေကို ဝယ်လိုက်ရန်ပင် စိတ်ကူးနေသည်။ လူတွေရော ခွေးတွေပါ ၂၄ နာရီလုံးလုံး အလှည့်နှင့် ကင်းစောင့်ဖို့ တာဝန်ခွဲထားရန်။ အိမ်ဝင်းတံခါးကြီးမှအဝင် ကီလိုမီတာဝက်တွင် ကားလမ်းပိတ်ထားရန်။ ဘယ်သူ့ကားဖြစ်ဖြစ် ဂိတ်ဝမှ စေ့စေ့စပ်စပ်ရှာဖွေရန်။ လုံခြုံရေးရှုထောင့်မှ လိုအပ်နေ၍ သစ်ပင် ၁၅ ပင်ကို ခုတ်လှဲရန်။

ကင်တာရီလာသည် လွန်ခဲ့သည့် အနှစ်နှစ်ဆယ်က သားသမီး မထွန်းကားဘဲ ဇနီးသည် ဆုံးသွားခဲ့၏။ နောက်အိမ်ထောင် မပြုခဲ့။ အသီးအပင်တွေကို သားသမီးလို စောင့်ရှောက်ပျိုးထောင်ခဲ့သည်။ သူ့အပင်တွေအတွက် သူ ဂုဏ်ယူ၏။ ယုယမြတ်နိုး၏။ ယခု ၁၅ ပင် လှဲခိုင်းလိုက်ရလေပြီ။ ဤတွင်မှ သူ့အတွင်းစိတ်က မည်မျှကြောက်ရွံ့နေသည်ကို သူ့လက်ထောက်တွေ ရိပ်မိကြခြင်းဖြစ်၏။

စစ္စလီကျွန်းသို့ ဝင်ပေါက်မှန်သမျှကို စေ့စေ့စပ်စပ် စောင့်ကြည့်ရန်။ ငါးဖမ်းတံငါလှေကအစ မျက်ခြည်ပြတ် မခံရန်။ ဘူတာရုံနှင့် လေဆိပ်တွင်လည်း လူတွေတိုးပြီး အင်အားဖြည့်ထားရန် စသည်၊ စသည်။

နှုတ်ခမ်းကို တင်းတင်းစေ့ပြီး မေးလိုက်သည်။

"နေပါဦးကွ၊ ရဲက ဘာမှမလှုပ်ရှားဘူးလား"

"ဘာမှ ထိထိရောက်ရောက် မလှုပ်ရှားဘူးခင်ဗျ။ သဘောလောက်ပဲ။ အေးတိအေးစက် လုပ်နေကြတယ်။ အမေရိကန်ကောင်ကို မိဖို့လည်း သာမန်လောက်ပဲ။ ခုထက်ထိ နာမည်ကို မထုတ်ပြန်ဘူး။ ဓာတ်ပုံလည်း ရဲဌာနတိုင်းကို မဖြန့်သေးဘူး"

ဒီကင်ဒီယာက ရှင်းပြသည်။

"ခွေးသားတွေ။ ဘယ်သူမှ မဟုတ်ဘူး။ ဆက်တာဆိုတဲ့ကောင် လုပ်လည်း လုပ်နေတာ။ သူက လက်ပိုက်ကြည့်ပြီး ကျေနပ်နေတာလေ၊ ခွေးမသား"

"ဒီမနက် ပါလာမိုကို သူရောက်လာတယ် ဆရာကြီး။ သူ့တပည့်ဘဲလူးလည်း ပါတယ်။ ပြီးတော့ ဟိုဒနပယ်လ်သား ဂိုက်ဒိုလည်းပါတယ်"

ဂရာဗယ်လီ သတင်းပို့ချက်ကိုကြားရတော့ ကင်တာရီလာ ပိုဒေါပွသွားသည်။

"ခွေးမသားတွေ။ သူတို့အတွက် ပွဲကြီးပွဲကောင်းဆိုပြီး လိုက်ကြည့်နေကြတာပေါ့၊ ဟုတ်စ။ နေပါဦး၊ ဒီနေပယ်လ်က ခွေးသူတောင်းစားကို ရှင်းလို့မရဘူးဆိုတာ မင်းတို့ သေချာရဲ့လားကွ"

စားပွဲပေါ်က ဖိုင်တွဲကို လက်နှင့်လှမ်းပုတ်ရင်း
"အဲဒီကောင်နဲ့ ဟောဒီအရူးနဲ့ အဆက်အသွယ် ရှိကိုရှိရမယ်"
"ဂရင်းဟိုတယ်မှာ သူတို့သုံးယောက်လုံး စုနေကြတယ်ခင်ဗျ။ နေပယ်လ်သားကို တစ်ခါမှ တစ်ယောက်တည်း ခွဲမထားဘူး။ ရှင်းရင်လည်း သုံးယောက်စလုံး ရှင်းမှဖြစ်မယ်"
ဂရာဇယ်လီ၏တင်ပြချက်ကို ဒီကင်ဒီယာက ပျာပျာသလဲဝင်ကန့်ကွက်သည်။
"အဲဒါဆိုရင် ပိုဆိုးကုန်လိမ့်မယ်။ ကျွန်တော်တို့ရဲ့ လျစ်မျက်နှာတွေကို ထပ်ဖွင့်ရလိမ့်မယ်။ ဘယ်တော့မှ ဆုံးတော့မှာမဟုတ်ဘူး"
ကင်တာရီလာက ခပ်ဖြည်းဖြည်းကလေး ခေါင်းညိတ်သည်။
"ဆက်တာဆိုတဲ့ လင်းတက သိတယ်လေ။ တစ်နေ့ ငါ သူ့ကို တွယ်မယ်ဆိုတာ"
ဂရာဇယ်လီက ပခုံးတွန့်ပြီး
"ခုလောလောဆယ်မှာတော့ ဒီကောင်ဟာ ပြဿနာပဲ ဆရာကြီး။ ပါလာမိုကို သူရောက်လာတာနဲ့ သူ့လူတွေ ခြေကိုရှုပ်နေတာပဲ။ အဘရာတာကိုတောင် သူတို့က စစ်လားဆေးလား လုပ်သတဲ့လေ"
"ဆက်တာက ပွဲလန့်တုန်း ဖျာခင်းနေတာပါ"
ဒီကင်ဒီယာက ထင်မြင်ချက် ဆက်ပေးသည်။
"တောင်ပိုင်းနဲ့ ရောမမှာဖြစ်တဲ့ အရေးအခင်းကို ရောမွှေပြီး ဒီကောင်က အမြတ်ထုတ်နေတာလေ"
ကင်တာရီလာက ရှေ့သို့ကိုင်းပြီး ခရေစီ၏ကိုယ်ရေးဖိုင်တွဲကို ဖွင့်လိုက်သည်။ ဖိုင်တွဲ၏ အတွင်းဖုံးဘက်တွင် ဓာတ်ပုံတစ်ပုံ ကလစ်နှင့်တွဲထားသည်။ မိနစ်များစွာ ဓာတ်ပုံကို စိုက်ကြည့်နေသည်။ အာခေါင်တွေ ခြောက်လာ၏။ ပြီးတော့ နှုတ်ခမ်းထူထူကြီးတွေပါ ခြောက်လာ၏။
"ဒီကောင့်ကို မမိမချင်း တို့ အလုပ်ရှုပ်နေမှာပဲ။ ကွန်တီတို့အတွက် ဒီကောင့်ကို မရရတဲ့နည်းနဲ့ လုပ်ရမယ်၊ နားလည်လား"
လက်ထောက်နှစ်ယောက် ပြိုင်တူ ခေါင်းညိတ်သည်။
ကင်တာရီလာက ဓာတ်ပုံကိုဖြုတ်ပြီး ပစ်ပေးလိုက်တော့ သူတို့နှစ်ယောက် လန့်သွားသည်။

**ပုဂံစာအုပ်တိုက်**

"မနက်ဖြန် သတင်းစာတွေမှာ ဒီဓာတ်ပုံကို မျက်နှာဖုံးမှာ ပါအောင် လုပ်ကြ။ သတင်းစာတိုင်းနော်"

ပထမ သတိဝင်လာသူက ဒီကင်ဒီယာ။

"ဒွန်ကင်တာရီလာ၊ အဲဒီလို လုပ်လိုက်ရင် သတင်းစာတိုက်တွေကို ကျွန်တော်တို့အားလုံး ဖွင့်ချလိုက်ရလိမ့်မယ်။ ဖြစ်ပါ့မလား"

"ဟော့၊ တို့ ဖွင့်မချရင်လည်း သူတို့သိမှာပဲ။ ခုလောက်ဆို အားလုံးနီးပါး သူတို့ သိလောက်နေပါပြီ။ ဒါလောက် ချိုနေချင်တဲ့ ဆက်ဆာဆိုတဲ့ကောင် သိကြရောပေါ့"

ဒွန်ကင်တာရီလာက ဆက်ရှင်းပြသည်။

"သူ့မျက်နှာဟာ မှတ်မိလွယ်တဲ့ မျက်နှာ။ အမာရွတ်ကြီးကို ကြည့်လေ။ သူ့ကို လိုက်နေတဲ့ လူတွေက ထောင်ပေါင်းများစွာရှိတယ်။ တို့လူတွေအားလုံး လက်ထဲကို ဒီဓာတ်ပုံတွေရောက်အောင် ချက်ချင်းလုပ်လို့ မလွယ်ဘူး။ သတင်းစာက ဖြန့်လိုက်တာ အမြန်ဆုံးပဲ"

"တစ်ခုတော့ရှိတယ် ဆရာကြီး။ သူ့ကိုတော့ သူရဲကောင်းဘွဲ့ ပေးလိုက်သလို ဖြစ်သွားမှာပဲ"

ဂရာဇယ်လီက စဉ်းစားပြီး ပြောလိုက်သည်။

"သူ့ကို အသေထားလိုက်ပါကွာ။ သေနေတဲ့ သူရဲကောင်းပါ။ သေသောသူ ကြာရင် မေ့စမြဲပါ"

*

ပက်ဒီက ကေဘင်ကားကြီးထဲမှ အပြင်သို့ထွက်လိုက်သည်။ အညောင်းဆန့်လိုက်၏။ ထွားကျိုင်းလွန်းခြင်းက နေရာတကာ မကောင်းပါကလား။ ခရီးသွားလျှင် အလွန်ပင်ပန်းသည်။

ဝေါလီကပါ ဆင်းလိုက်လာ၏။ ကားဘက်ကို ပြန်လှည့်ကြည့်ပြီး

"အစ်ကိုကြီး ဘာလိုသေးလဲ"

ခရေစီကို လှမ်းမေးလိုက်သည်။

ခရေစီက ခေါင်းယမ်းပြီး

"အေးအေးဆေးဆေး စားကြပါ။ ငါစောင့်နေဖို့ မလိုဘူးဆိုတာ သေချာတယ်နော်"

"ဟုတ်ကဲ့ အစ်ကိုကြီး။ လမ်းလျှောက်လိုက်ခဲ့ပါ့မယ်။ ညောင်းလွန်းလို့။ စိတ်ချပါ။ ကျွန်မတို့ စခန်းချမယ့်နေရာကို မေးပြီး လိုက်ခဲ့ပါ့မယ်"

အီတလီတောင်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သည့် 'ဘာရီ' သို့ သူတို့ မောင်းလာခဲ့ကြသည်မှာ သုံးရက်ရှိပြီ။

ပက်ဒီက တစ်လမ်းလုံး မချက်တတ်ချက်တတ်နှင့် ချက်ပြုတ်ကျွေးမွေးလာခဲ့သည်။ ဟိုလူကြီးကတော့ စိတ်ပျက်လှရှာမည်။ သူတို့ကိုယ်တိုင် စိတ်ပျက်လာပြီလေ။

ဒါကြောင့်လည်း အပြင်တွင် နေ့လယ်စာ စားရန်နှင့် အနွေးထည်ပါ ဝယ်ရန် မြို့ထဲတွင် ဆင်းနေခဲ့ခြင်းဖြစ်၏။ ဆောင်းဝင်တော့မည်။

ခရေစီက မြို့ပြင်စခန်းချမည့် နေရာသို့ မောင်းသွားသည်။

ပက်ဒီက ဒီလူကြီးကို ပို၍ ပို၍ စိတ်ဝင်စားလာသည်။ သုံးရက်လုံးလုံး ကားပေါ်က မဆင်းသလောက်ပင်။ ပြင်သစ်စကားကို တစ်ခွန်းတလေပဲ ပြောသည်။

ပထမညတွင် ပက်ဒီက အစ်ကြည့်သည်။ သူက ပြုံးပြီး သွက်လက်ပီသသော ပြင်သစ်စကားဖြင့် ပြန်ပြောလာသည်။

နောက်ထပ် ပက်ဒီက အင်္ဂလိပ်ဘာသာဖြင့် စမ်းကြည့်ပြန်သည်။ သူပြန်ပြောသည့် အင်္ဂလိပ်စကားမှာ အမေရိကန်သံ ဝဲနေ၏။

"အစ်ကိုကြီးက ပြင်သစ်နဲ့ လုံးလုံးမတူဘူးနော်"

"ပက်ဒီက သိပ်စကားများတာပဲကွာ"

ဝေါလီက ဝင်ဟောက်သည်။

သို့သော် ပက်ဒီက စပ်စုချင်စိတ်ကို မထိန်းသိမ်းနိုင်။ ခရေစီက သူတို့ဆီသို့ ပတ္တမြားအိတ်ကြီးနှစ်အိတ်နှင့် ရောက်လာသည်။ ဝေါလီက ဝိုင်းကူပြီး တင်ပေးရသည်။ တံခါးပေါက်နှင့် ဆံ့ရုံသာရှိ၏။

သည်ကတည်းက ပက်ဒီ ဝေဖန်ခဲ့၏။ သည်လူကြီးသည် ဘယ်နည်းနဲ့မှ ရိုးရိုးကမ္ဘာလှည့်ခရီးသည် မဟုတ်နိုင်။

စကားလည်း အလွန်နည်းသည်။ မြေပုံကို ကြည့်ပြီး သွားမည့်လမ်းကို ရွေးသည့်အခါနှင့် ညအိပ်မည့်နေရာကို စခန်းချဖို့ ရွေးသည့်အခါမှလွဲပြီး ထွေထွေထူးထူး မပြော။ လမ်းတွင်စခန်းချခဲ့သည့် နှစ်ညလုံး လူသူလေးပါးကင်းရှင်းသည့် တောင်ကြားသစ်တောထဲတွင် ဖြစ်၏။

သူကြည့်ရသည်မှာ ပင်ပန်းနွမ်းနယ်နေပုံ။
ဒါကြောင့် သူက ဖြည်းဖြည်းဆေးဆေး မောင်းနေသည်ဟု ဆို၏။

*

"ဟောဟိုမှာ အနွေးထည်ဆိုင်"

လူတွေ ရှုပ်ယှက်ခတ်နေသော လမ်းတစ်ဘက်ရှိ ဆိုင်တစ်ဆိုင်ကို ဝေါလီက လက်ညှိုးထိုးပြီး ပြောလိုက်သည်။

ပက်ဒီက ဟိုဘက်ဆိုင်ကို ညွှန်ပြီး

"ပျော်ပွဲစားရုံ မဟုတ်လား။ အရင် ဗိုက်ဖြည့်လိုက်ကြရအောင်ဟာ။ ငါ ဆာလှပြီ။ များများစားပေးရမယ်။ ဒါမှ ပိုဝလာအောင်"

ပက်ဒီက ရယ်ပြီး ဝေါလီကို နောက်လိုက်သည်။

"ပိုဝချင်ရင် ငါ့ကို အားကိုးရတယ်ဟ"

ဝေါလီက ရယ်ပြီး ခပ်ဝေးဝေးသို့ ထွက်ပြေးသည်။ ပက်ဒီလက်နှင့် တစ်ချက်မိလိုက်လျှင် မလွယ်။ သို့သော် ပက်ဒီက ဘာမှပြန်မလုပ်။ သူတို့နှင့် မျက်နှာချင်းဆိုင်မှ သတင်းစာဆိုင်ကို ပက်ဒီ ပါးစပ်အဟောင်းသားနှင့် ကြည့်လိုက်သည်။

တစ်ဒါဇင်မျှရှိသော သတင်းစာတိုင်း၏ မျက်နှာဖုံးမှ ခရေစီက သူတို့ကို ပြန်ကြည့်နေ၏။

နောက်တစ်နာရီကြာတော့ သူတို့နှစ်ယောက် ငြင်းကြခုံကြသည်။ ဝေါလီက ဘယ်လိုမှ ဆွေးနွေးလို့မရ။

"တို့ ဗိုက်ဆံလည်း ရပြီ။ ပတ်စပို့လည်း ရှိပြီ။ ဘာမှမလိုဘူး။ ဘူတာ တန်းလစ်မယ်။ ဘရင်ဒီဆီ ရောက်မှ ဝယ်စရာရှိတာ ဝယ်မယ်။ မနက်ဖြန်ဆို ဂရိကို ကူးမယ့် သင်္ဘောပေါ်ရောက်နေပြီ"

ပက်ဒီက ခေါင်းယမ်းလိုက်၏။

"မလိုက်ဘူး၊ နင့်ဘာသာသွား"

ဝေါလီက သက်ပြင်းချပြီး စားလက်စပန်းကန်တွေကို တစ်ဖက်သို့ တွန်းပို့လိုက်သည်။

"ပက်ဒီ၊ နင် အလကားသက်သက် စိတ်ကူးယဉ်နေတာ။ ဘာမှမဆိုင်ဘူး။ ဒီလူကြီးက ဧရာမ ရာဇဝတ်အိုးကြီးကို တုတ်နဲ့ထိုးနေတာ။ သူ့ကို တို့ ဘာမှ သံယောဇဉ်ထွယ်စရာမရှိဘူး။ တို့ကို သက်သက်အသုံးချနေတာ"

ပက်ဒီက ခေါင်းကို သွက်သွက်ခါယမ်းလိုက်ပြန်သည်။

သတင်းစာကို မျက်နှာရှေ့တွင် ဖြန့်ဖတ်နေပြန်သည်။

"သူ့နောက်ကိုလိုက်နေတဲ့လူတွေ ရာနဲ့ထောင်နဲ့ချီပြီးရှိတယ်။ တို့ကြားထဲက အဆစ်ပါသွားလိမ့်မယ်၊ သိလား"

"သွားစမ်းပါဟာ။ ဒီမယ် ဝေါလီဝိတ်မန်း"

စားပွဲရုံမှာ လူတွေ ရှုပ်ယှက်ခတ်နေ၏။ ပက်ဒီက ဟောက်လိုက်တော့ ဝေါလီ ကုလားထိုင်နောက်သို့ လန်သွားသည်။

ရှေ့သို့ကိုင်းပြီး ဒေါသဖြစ်နေသော မျက်နှာနှင့်

"ဟုတ်တယ်။ သူ တို့ကိုအသုံးချတယ်။ ဘာဖြစ်လဲ။ သူက တစ်ယောက်တည်းပဲ။ နင်ပြောသလို ရန်သူတွေက ရာနဲ့ထောင်နဲ့ချီ လိုက်နေကြတယ်။ ရဲက တစ်မှောင့်။ သူ အကူအညီလိုမှာပေါ့။ ငါ သူ့ကို အကူအညီပေးမယ်။ နင်မပါချင်နေ။ ငါ ဂရုမစိုက်ဘူး"

"ဘာဖြစ်လို့လဲ ပက်ဒီ၊ တို့နဲ့ ဘာဆိုင်လို့လဲ။ ဘာဖြစ်လို့ ဒီအရှုပ်တော်ပုံထဲကို ဝင်ချင်ရတာလဲ"

ပက်ဒီက နှာခေါင်းရှုံ့လိုက်သည်။

"ဩစတြေးလျပြည်သားဆိုတဲ့ သတ္တိကို ပြရမယ်"

ပက်ဒီက သတင်းစာကို လက်နှင့်ပုတ်ပြီး

"ဒီမှာကြည့်စမ်း၊ ဒီလင်းတတွေက နုနုနယ်နယ်ကလေးမလေးကို မုဒိမ်းကျင့်သတ်ခဲ့တယ်တဲ့။ ဒီအတွက် သူတို့ ခံကြပါစေပေါ့။ သူက သူ့နည်းသူ့ဟန်နဲ့ အပြစ်ပေးနေတာပဲ။ သူ အကူအညီလိုမယ်ဆိုရင် ပက်ဒီကောလင်း ဆိုတဲ့ ကောင်မက လိုသမျှကို ကူညီမယ်။ ငါ သူ့ကို ဒီအတိုင်း မထားခဲ့နိုင်ဘူး"

သည်တော့မှ ဝေါလီက ရယ်ပြီး

"နွားမ၊ နင် ငါ့ကို အမြဲတမ်းအနိုင်ယူတယ်"

ခဏကော့ ပက်ဒီ တွေသွားသည်။

"ဒါဖြင့် နင် သဘောတူတယ်ပေါ့၊ ဟုတ်လား"

"အေး၊ ငါ သဘောတူတယ်"

"ဘာဖြစ်လို့ ဒီလောက် အပြောင်းအလဲမြန်ရတာလဲ"

ဝေါလီက ပခုံးတွန့်လိုက်သည်။

"ငါ့ပင်ကိုစိတ်ကိုက ကူညီချင်စိတ် ရှိပါတယ်ဟာ။ ဒါပေမဲ့ အန္တရာယ်များလွန်းလို့ပါ။ ဒီလူကြီးအတွက်ရော ကလေးမလေးအတွက်ပါ ကူညီမှာပေါ့"

ပက်ဒီက ပြုံးလိုက်သည်။ ဝေါလီ့ဆံပင်တွေကို လက်တစ်ဖက်နှင့် လှမ်းဖွလိုက်၏။

"နင် အဲဒီလို သတ္တိကောင်းတဲ့အခါ ငါ သိပ်သဘောကျတာပဲ"

လမ်းပေါ်ရောက်ကာမှ ဝေါလီက ဖြုန်းခနဲ ကောက်မေးလိုက်သည်။

"တို့ အားလုံးသိသွားပြီဆိုတာ သူသိရင် ဘယ်လိုနေမလဲ။ တို့ကို ယုံပါတော့မလား မသိဘူး။ ခုတ်ရာတခြား ရှရာတခြား ဖြစ်နေဦးမယ် ပက်ဒီ။ ဒီလူကြီးက ကြောက်စရာကောင်းတယ်နော်"

ပက်ဒီက ခေါင်းယမ်းလိုက်ပြီး ဝေါလီနှင့် လက်ချင်းချိတ်လိုက်သည်။

"မဖြစ်နိုင်ပါဘူး။ သူ့ပုံကြီး သတင်းစာထဲ ပါလာပြီဆိုကတည်းက သူ အကူအညီ လိုလာပြီဆိုတာ သူ့ဘာသာသူ သိမှာပါ။ အို... သူက ကြမ်းတော့လည်း ဘာဖြစ်သလဲ။ ငါက မကြောက်ပါဘူး"

"နင် တကယ်မကြောက်ဘူး၊ ဟုတ်လား"

ပက်ဒီက ပြုံးလိုက်သည်။

"ငါ့ကိုကာကွယ်မယ့် နင်တစ်ယောက်လုံးရှိနေတာပဲ ဝေါလီရယ်"

*

ဆက်တာက တယ်လီဖုန်းကိုချပြီး ဘဲလူးနှင့် ဂိုက်ဒိုကို လှမ်းကြည့် လိုက်သည်။

"သတင်းစာထဲမှာ တစ်ပြိုင်တည်းပါတာဟာ ကင်တာရီလာရဲ့လက်ချက်ပဲ"

"ဘာပြုလို့လဲဗျ"

ဂိုက်ဒိုက ဝင်မေးလိုက်သည်။

ဘဲလူးက ဝင်ရှင်းပြသည်။

"ကင်တာရီလာရဲ့အကွက်လေ။ ခရေစ့ရုပ်ပုံကို အမြန်ဆုံးနဲ့ အများဆုံး လူတွေသိအောင် လုပ်တဲ့နည်းပေါ့"

ဘဲလူးက တစ်ဖက်သို့လှည့်ပြီး မေးလိုက်သည်။

"ကျွန်တော်တို့ ဘာလုပ်ကြမလဲဆရာ"

ဆက်တာက ပဟေဠိဆန်ဆန် ကြည့်နေသည်။

ဂိုက်ဒို့ကိုယ်ထဲမှာ အကြောတွေ တောင့်တင်းသွားသည်။

"ဆရာနဲ့ ကျွန်တော် လွတ်လွတ်လပ်လပ်ဆွေးနွေးရင် ကောင်းမယ်ထင်တယ်"

ဘဲလူးက တောင်းဆိုလိုက်သည်။

ဆက်တာက ခေါင်းခါပြီး ဂိုက်ဒိုကို လှမ်းကြည့်သည်။ ပြီးတော့ ခေါင်းခါလိုက်သည်။

"မလိုပါဘူးကွာ"

ဆက်တာက တယ်လီဖုန်းကို ပြန်ကောက်ကိုင်ပြီး ဈေးမဒ္ဒာနချုပ်ကို ဆက်သည်။ ညွှန်ကြားချက်တွေ အကြာကြီး ပေးနေသည်။

ပြီးမှ ဂိုက်ဒိုဘက်သို့ လှည့်လိုက်သည်။

ဂိုက်ဒိုက ဆက်တာ့ကိုကြည့်ပြီး

"ခင်ဗျားဟာ ကိုယ့်ဖို့ပဲကြည့်တဲ့ အသုံးမကျတဲ့လူပဲ"

ဆက်တာက စိတ်ပျက်လက်ပျက် လက်နှစ်ဖက်ကို ဆန့်ပြလိုက်သည်။

"အကြောင်း သိပ်မထူးတော့ဘူး ဂိုက်ဒို။ ခုထိ ကင်တာရီလာက သူ့ကို ရှာမတွေ့ရင် ကျွန်တော့်လူတွေလည်း ရှာတွေ့မှာ မဟုတ်ဘူး"

ဆက်တာက သတင်းစာကို ကော်ဖီစားပွဲ နိမ့်ကလေးတွင် ပြန်တင်ပြီး

"သူ့အတွက် အခွင့်အလမ်း သိပ်မရှိတော့ဘူးဗျ။ ဒီမျက်နှာကြီးက လူတိုင်း မှတ်မိနိုင်တဲ့ မျက်နှာကြီးမျိုး။ သူတို့အရင် ကျွန်တော်တို့ တွေ့ပါစေလို့ပဲ ဆုတောင်းတော့ဗျာ"

ဂိုက်ဒိုက ပြတင်းပေါက်သို့ ထသွားပြီး အောက်သို့ ငုံ့ကြည့်နေ၏။ မိုးဖွဲဖွဲတွင် လူတွေ ထီးဆောင်းပြီး သွားလာလှုပ်ရှားနေကြသည်။

"ကျွန်တော်ပြောတာကို ယုံပါ ဂိုက်ဒို။ သူ့အတွက် အခွင့်အရေး မရှိတော့ဘူး။ ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် စီစဉ်ပါ့မယ်။ ကျွန်တော် အမိန့်ပေးနေတာ ခင်ဗျား ကြားသားပဲ"

ဆက်တာက တောင်းတောင်းပန်ပန် ပြောနေ၏။ သူ့ဆရာ သည်လိုလေသံနှင့် ပြောသည်ကို ဘဲလူး တစ်ခါမှ မကြားဖူးခဲ့။

ဂိုက်ဒိုက နောက်သို့ လှည့်မကြည့်ဘဲ ခါးခါးသီးသီး မေးလိုက်သည်။

"သူ့ကိစ္စ ပြီး မပြီး ခင်ဗျား စောင့်မကြည့်တော့ဘူးလား။ ခင်ဗျား ချက်ချင်း ရဲချုပ်ရာထူး တက်သွားမှာလား"

ဆက်တာ၏ လေသံတွင် တောင်းပန်တိုးလျှိုးသံ မပါတော့။

"သူ့ကို ကျွန်တော်လွှတ်တာမဟုတ်ဘူး ဂိုက်ဒို။ သူ့ကို လက်နက်ပစ္စည်းတွေ၊ ကားတွေ၊ မှတ်ပုံတင်တွေ ရှာပေးတာ ကျွန်တော် မဟုတ်ဘူး။ မှတ်ပုံတင်အတုတွေ၊ စာရွက်စာတမ်းအတုတွေနဲ့ သွားဖို့ ကျွန်တော်လုပ်ပေးတာ မဟုတ်ဘူး။ ခင်ဗျား မစဉ်းစားမိဘူးလား ဂိုက်ဒို"

ဂိုက်ဒိုက လှည့်လာပြီး ဆက်တာမျက်နှာကို တည့်တည့်ကြည့်သည်။ စိတ်လှုပ်ရှားနေသည့် ပုံမျိုး။

"ကောင်းပြီ၊ ကျုပ် သူ့ကို ကူညီခဲ့တယ်။ ဒီအတွက် ကျုပ် နောင်တ မရဘူး။ ခင်ဗျားကို ကျုပ် ယုံခဲ့တာ၊ လူကြီးလူကောင်းလို့ထင်ခဲ့တာ မှားတာပဲ"

"ခင်ဗျား မှားနေပြီ ဂိုက်ဒို"

ဘဲလူးက ဝင်ပြောသည်။

"အရမ်းမှားနေပြီ။ ကျွန်တော့်ဆရာဟာ ခရေစီနဲ့ပတ်သက်ပြီး ပုဂ္ဂိုလ်ရေး အရ ဘာမှတာဝန်မရှိခဲ့ဘူး။ ဒါပေမဲ့ သူ ခရေစီကို ခင်ဗျားလိုပဲ သံယောဇဉ် ရှိနေတယ်။ သူ တတ်နိုင်သမျှ ခရေစီအတွက် လုပ်နေတာကို ခင်ဗျားသိသလား"

ဆက်တာက နူးညံ့သိမ်မွေ့သည့် လေသံနှင့်

"လာပါဗျာ၊ ထိုင်စမ်းပါဦး။ အရေးအကြီးဆုံးက ကျွန်တော်တို့ သူ့ကို တွေ့ဖို့ပဲ။ သူ့ရဲ့အတွင်းစိတ်ကို ခင်ဗျားပဲသိတာ။ ခင်ဗျား စဉ်းစားစမ်းပါ။ ကင်တာ ရီလာကို သူ ဘယ်လို ချဉ်းကပ်မယ်၊ ဘယ်လိုတိုက်မယ်ဆိုတာကိုလေ"

ဂိုက်ဒိုက ပခုံးတွန့်လိုက်ပြီး သူတို့စားပွဲသို့ လာထိုင်သည်။

"မြေပုံပြစမ်းပါဦး၊ ပြန်ကြည့်ရအောင်"

ဂိုက်ဒို တောင်းဆိုလိုက်သည်။

ဘဲလူးက ကိုလာစီစံအိမ်ကြီးနှင့် ပတ်ဝန်းကျင် မြေပုံချပ်ကို ဖြန့်လိုက်သည်။ သုံးယောက်သား မြေပုံကို ငုံ့ကြည့်နေကြ၏။

ဆက်တာက အချက်တစ်ချက်ကို ဦးစွာ ထောက်ပြသည်။

"ဒီမနက် သတင်းသပ်ရတယ်။ ကင်တာရီလာက အိမ်နဲ့ ဂိတ်ဝကို ဘန်းခိုက် ထားတဲ့ သစ်ပင်တချို့ကို ခုတ်လှဲပစ်လိုက်တယ်တဲ့။ ပြီးတော့ ခြံပတ်ပတ်လည်ကို မီးမောင်းကြီးတွေလည်း တစ်ညလုံး ထိုးထားတယ်တဲ့။ ကိုလာစီခြံကြီးတစ်ဝိုက်မှာ မီးမချုပ်တော့ဘူးတဲ့ဗျား"

"ဝင်းခြံထဲမှာကော"

ဂိုက်ဒိုက ဖြတ်မေးလိုက်သည်။

ဆက်တာက ခေါင်းယမ်းပြီး

"အိမ်ကြီးကိုတော့ မီးမောင်းဘယ်ထိုးမလဲ။ အတွင်းထဲမှာက မှောင်နေတယ်။ ဒါပေမဲ့ အကာအကွယ်မဲ့ မှောင်နေတာ မဟုတ်ဘူးနော်။ ခွေးတွေရော လူတွေရော ကင်းလှည့်နေတာ။ ခွေးတွေက ဒိုဘာမင်ခွေးကြီးတွေ။ လူထက်ကြောက်စရာကောင်းတဲ့ကောင်တွေ"

ဘဲလူးက သူ့အမြင်ကို ဝင်ပြောသည်။

"သူတစ်ယောက်တည်းတော့ ဝင်ဖို့ မလွယ်ပါဘူး။ အစောင့်တွေကလည်း စက်သေနတ်တွေနဲ့ စောင့်နေတာ"

ဂိုက်ဒိုက ပြုံးလိုက်ပြီး

"ဒါတွေအားလုံး သူ တွက်ပြီးသားဖြစ်မှာပါ။ ပြီးတော့ ဒီပတ်ဝန်းကျင်ကိုလည်း သူ လေ့လာပြီးသားပဲ။ သူက ကြေးစားစစ်သား၊ ကင်တာရီလာက အရူး။

"ခရေစီအတွက် ပုန်းနေတာက အန္တရာယ်များမယ်။ တိုက်ပွဲကို ဆက်ပြီး တိုက်တာက သူ့အတွက် လုံခြုံမှုရှိတယ်။ ရောမ ခံတပ်ကြီးတစ်ခုဟာ နံရံတစ်နေရာ အက်တာနဲ့ သချိုင်းဂူ ဖြစ်သွားတတ်တယ်။ ခရေစီ အထဲကိုရောက်သွားရင် ကင်တာရီလာရဲ့စစ်တပ်လည်း ဘာမှတတ်နိုင်မှာမဟုတ်ဘူး"

"ဟုတ်ပါပြီလေ။ ဒါပေမဲ့ အထဲကို သူ ဘယ်လိုလုပ်ပြီး ရောက်မလဲ"

ဆက်တာက ဝင်မေးလိုက်ခြင်းဖြစ်၏။

"ဒါတော့ ကျုပ် မသိဘူး။ သူ့မှာ စီမံချက်တော့ ရှိမှာပဲ။ ဒါကိုတော့ ဘယ်သူ့ကိုမှ သူ အသိပေးမှာ မဟုတ်ဘူး"

ဘဲလူးက တစ်မျိုးတွေးပြပြန်သည်။

"တစ်ဆင့်ပြီးတစ်ဆင့် တက်လာတယ်ဗျ။ ရာဘီယာတုန်းက ပစ္စတိုနဲ့။ ဆန္ဒရီကျတော့ နှစ်လုံးပြူးပြောင်းတိုနဲ့။ ဖော်ဆယ်လာကျတော့ ဗုံးနဲ့။ ကွန်တီကိုတော့ တင့်ကား ဒုံးပျံနဲ့။ ကင်တာရီလာကို ဘာနဲ့တွယ်မလဲ မသိဘူး"

အားလုံး အတွေးကိုယ်စီနှင့် ငြိမ်သွားကြသည်။

အတန်ကြာမှ ဆက်တာက ပြုံးပြီး

"အင်း... ဗိုလ်တကာ့ ဘုရင်တော့ ဗုံးကျင်းများ တူးနေပြီလား မသိဘူး"

*

"ဟောဟိုမှာ တစ်စီး"

သူတို့ကိုကျော်တက်သွားသည့် အယ်လ်ဖာရိုမီယို ကားတစ်စီးကို ပက်ဒီက လက်ညှိုးထိုးပြသည်။

ကား၏နောက်မှန်တွင် စာတန်းကပ်ထားသည်။

"ခရေစီ ဆက်လုပ်"

ဘရင်ဒီဆီက ထွက်လာကတည်းက သူတို့ တွေ့ခဲ့သည်မှာ ငါးစီးရှိပြီ။

ဝေါလီက တအံ့တသြ အမူအရာနှင့် ခေါင်းယမ်းပြီး

"တို့ သယ်လာတဲ့ လူက တကယ့် ဂရိတ်ကြီးပဲဟေ့" ဟု ပြောလိုက်သည်။

ခရေစီကို သတင်းစာ ပြပြီးနောက် ခရီးဆက်ခဲ့သည်မှာ သုံးရက်ရှိခဲ့ပြီ။ သတင်းစာကို သူ့ရှေ့သို့ ထိုးပေးလိုက်စဉ်က ရောမ သူ့ဓာတ်ပုံကြီးကို စိုက်ကြည့်ပြီး မျက်လွှာပင့်ကြည့်သည်။

"ဒီတစ်စောင်တည်းမှာတင် မဟုတ်ဘူး၊ သတင်းစာတိုင်းမှာ ပါတာ"

ဝေါလီက ရှင်းပြသည်။

"ဓာတ်လမ်းအစုံကို အသေးစိတ် ရေးထားတာ။ ဒီတော့ ခင်ဗျားမျက်နှာကြီးကို အီတလီ တစ်နိုင်ငံလုံးမှာ ပြလို့ မဖြစ်တော့ဘူး။ ခုလောက်ဆို ရုပ်မြင်သံကြားထဲမှာလည်း ခင်ဗျား ဓာတ်လိုက်တစ်ယောက် ဖြစ်နေလောက်ပြီ"

ဝေါလီက စိုးရိမ်ထိတ်လန့်စိတ်ကို ဖုံးကွယ်ပြီး လေသံကို ပေါ့အောင်ထားပြောလိုက်သည်။

ခရေစီက ဘာမှမပြောဘဲ သူတို့နှစ်ယောက်ကို တစ်လှည့်စီကြည့်နေသည်။ တင်းမာနေသည့် တိတ်ဆိတ်ခြင်းကို ပက်ဒီက ခပ်ရွှင်ရွှင်ဝင်နှောက်သည်။

"ဒါနဲ့များ သူ့ကိုယ်သူ ပြင်သစ်တဲ့၊ ယမ်းကီးမုန်း သူများ သိသားပဲ"

"ဟေ၊ ဘယ်လိုသိတုံး"

"အစ်ကိုကြီး စားပုံသောက်ပုံကြည့်ပြီး သိတာပေါ့"

ခရေစီက သဘောကျသွားသလို ပြုံးလိုက်၏။ သည်ကောင့်မှ ဝေါလီဟူးခနဲ့ သက်ပြင်းချနိုင်တော့၏။

သူတို့နှစ်ယောက်က အကူအညီပေးဖို့ လက်ကမ်းသည်။

ခရေစီက ခေါင်းခါ၏။ အခြေအနေမှာ လုံးဝပြောင်းလဲသွားပြီ။ အန္တရာယ်ထောင့်သည် ကျဉ်းသည်ထက် ကျဉ်းလာ၏။

"မင်းတို့ ငါနဲ့ အမြန်ဆုံးလမ်းခွဲပြီး မိရာရထားနဲ့ လစ်ကြပေတော့။ မင်းတို့အလုပ် မဟုတ်ဘူး"

သူတို့နှစ်ယောက်က အကျောက်အကန်ငြင်းသည်။ ယုတ္တိဗေဒက သူတို့ဘက်တွင် ရှိနေသည်။

ဒီဟာကြီးကို သူ ဆက်မောင်းသွား၍ မဖြစ်နိုင်တော့။ သူတို့ကားကို သူတို့မောင်းပြီး၊ မိမိက ပုန်းလိုက်သွားလျှင် အီတလီတစ်နိုင်ငံလုံး ဘယ်ကိုသွားသွားဖြစ်နိုင်သည်။ အခွင့်အရေးမှာ နတ်တို့ ဖန်သည့်အလား။

သို့သော် သူက လက်မခံနိုင်။ အကြာကြီး အငြင်းအခုံဖြစ်ကြသည်။ သူတို့ ချက်ချင်းထွက်သွားအောင် ကြိုးစားသည်။ မရ။ နောက်ဆုံး သူ သဘောတူလိုက်ရ၏။ အရေးကြီးသည်မှာ ရက်ဂီယိုဆိပ်ကမ်းကို ရောက်ဖို့။ သို့သော် ၃ ရက် ကြာပြီးမှ ရောက်ဖို့။

သည့်နောက်ပိုင်း ကားကြီးကို ခရေစီ မလိုတော့။ သူ့အတွက် လုံးဝ အသုံးမဝင်တော့။

ပက်ဒီက သူ့ကို ပိုက်ဆံပြန်ပေးဖို့ ကြိုးစားသည်။ သို့သော် သည်တစ်ခါ ခေါင်းမာသူက ခရေစီ။ သည်ငွေတွေကို မင်းတို့အတွက် လမ်းစရိတ်ပါဟု သူက အခိုင်အမာဆိုသည်။

အဲဒီတွင် သူတို့နှစ်ယောက် နှစ်ညအိပ်ကြသည်။

ခရေစီက ရလူကျင့်ခန်းယူချိန်မှလွဲ၍ ကားပေါ်မှမဆင်း။

ပက်ဒီနှင့် ဝေါ်လီတို့နှစ်ယောက်က သူ့အကဲကို စောင့်ကြည့်နေကြ၏။ ခရေစီက စစ္စလီကျွန်းသို့ ဘယ်လိုဖြတ်သွားမည်ဆိုသည်ကို သူတို့အားထုတ်မပြော။ သို့သော် သူ့ခေါင်းထဲတွင် အစီအစဉ်ရှိပြီးသား။ ရက်ဂီယိုကို ရောက်မှ ရှင်းပြမည်။ သည်အတောအတွင်း ဝေါ်လီ၏အကူအညီကို ယူသင့်လည်း ယူရပေမည်လေ။

"သူ့မှာ အဲဒီဆံပင်တွေမရှိရင် ဘယ်လိုနေမလဲကွ" ဟု ခရေစီက မေးတော့ ပက်ဒီက ခေါင်းခါပြပြီး

"သိဘူးလေ၊ ကျွန်မမှ အဲဒီလို မမြင်ဖူးတာ။ ကြောက်စရာကြီး ဖြစ်နေမှာပေါ့"

"ငါက လှချော့ပါဟ။ မိန်းမတွေ ဖက်တက်နေမှာစိုးလို့ သည်အမွေးအမှင်တွေကို ထားနေရတာပါ"

ဝေါလီက ဖြေရှင်းချက်ထုတ်လိုက်သည်။

ခရေစီက ပြုံးရုံသာ ပြုံးနေလိုက်၏။ ရက်ကိုယ်ဆိပ်ကမ်းရောက်မှပဲ ပြောတော့မည်လေ။

တစ်ညနေတွင် ပက်ဒီက ဖြောင်ဖွင့်ပြောလိုက်သည်။

"အစ်ကိုကြီးကို သတင်းစာတွေကလည်း ချောင်ပိတ်ပြီး ဝိုင်းနေကြပြီ။ လွတ်ဖို့ အခွင့်အလမ်းက နည်းသည်ထက် နည်းလာပြီ"

လေရဟတ်ကြီးတွေကို ဓားနှင့်ခုတ်ပြီး အနိုင်ယူသည့် သူ့ရဲ့ကောင်း 'ဒွန်ကွီစုတ်' နဲ့ နှိုင်းမည်ဟု လုပ်ပြီးမှ သူ့မျက်နှာကိုကြည့်ပြီး ပက်ဒီက အသာငြိမ်နေလိုက်သည်။ တိုရမ်တိုအရှေ့ပိုင်းသို့ ဖြတ်ကျော်နေကြောင်း ပက်ဒီက သတိပြုမိလိုက်သည်။

"ဟော့ ဝေါလီ၊ ဒေါ်သမောဟစိတ်တွေကို မွေးထားပြီးတော့ သူ့လို လုပ်နိုင်ပါ့မလား"

ဝေါလီက လမ်းရှေ့တည့်တည့်ကိုကြည့်နေရာမှ ပက်ဒီဘက်သို့ လှည့်လိုက်သည်။ မချောမျက်နှာက လေးနက်တည်ငြိမ်လျက်။ သည်တော့ သူကပါ ပက်ဒီ့မေးခွန်းကို အလေးအနက်ထား စဉ်းစားရတော့သည်။

"လူပေါ်မှာ မှုတည်တာပေါ့။ သူ့လိုလူကတော့ သူတစ်ယောက်တည်း ရှိတာကိုးကွ။ နင်လည်း သူ့ဘဝဇာတ်ကြောင်းကို ဖတ်ပြီးပြီပဲ"

"သူ့အကြံအစည်တွေ ဖြစ်နိုင်ပါ့မလား ဝေါလီ။ နင်ဘယ်လိုထင်သလဲဟင်"

ဝေါလီက နှုတ်ခမ်းကို တင်းတင်းစေ့လိုက်သည်။ ပက်ဒီ့မေးခွန်းကို အလေးအနက်ထား စဉ်းစားနေ၏။

"မပြောနိုင်ဘူး ပက်ဒီ။ သူက နှစ်ရှည်စီမံကိန်း ချလာတဲ့သူ။ တစ်ခုတော့ ရှိတာပေါ့။ သူ့အနေနဲ့တော့ ကံကောင်းဖို့ အများကြီးလိုတယ်။ သူက အမြဲတမ်း ကံကောင်းနေတဲ့ သူကွ။ တို့နဲ့တွေ့တာ ကြည့်လေ"

ပက်ဒီက သူ့ကို ကြည့်ပြီး ပြုံးလိုက်သည်။ ဘာမှတော့ ဆက်မပြော။

"ဘာပြုံးတာလဲ"

ပက်ဒီက ရယ်ချင်ပက်ကျိနှင့်

"ဆံပင်မပါပဲ ကတုံးပြောင်နဲ့ဆိုရင် နင် ဘယ်လိုနေမလဲလို့"

*

ကျောက်နံရံတွေက ရာစုများစွာ ရှည်ကြာ ခိုင်ခံ့ခဲ့ပေမဲ့ ဘူဒိုဇာနှင့် ဖြိုချလိုက်တော့ နာရီဝက်အတွင်း ကိစ္စပြီးသွားသည်။

ယာတောအိမ်ကလေးမှာ တစ်နာရီအတွင်း မြေခရာလေ၏။

ပစ္စည်းတွေ အမိုးအမောက်တင်ထားသော လှည်း၏နောက်တွင် 'ဖရန်ကို မာဝေ' က ရပ်လျက်။ ဇနီးလုပ်သူက လှည်းပေါ်ရောက်နေပြီ။ အိမ်နေရာဆီသို့ မကြည့်ဘဲ မျက်နှာလွှဲနေသည်။ သူ့မျက်လုံးအစုံမှာ တစ်နေကုန် ငိုထားသဖြင့် နီရဲမို့မောက်နေ၏။

သို့သော် ဖရန်ကိုက မြေပြင်ဖြစ်နေသော အိမ်နေရာကို စိုက်ကြည့်နေသည်။ ပြီးတော့ ဟိုအဝေးမှ ကိုလာစီ စံအိမ်ကြီး၏ ကျောက်နံရံဆီသို့သာ ငေးကြည့်နေသည်။ သူ့တစ်ကိုယ်လုံး ရွံ့ရှာမုန်းတီးမှုတွေ လွှမ်းနေသည်။

သည် ယာတောအိမ်ကလေးမှာ ဘိုးစဉ်ဘောင်ဆက်က နေလာသော အိမ်ကလေးဖြစ်သည်။ သည်ယာမြေမှာ ဓားမဦးချ လုပ်ကိုင်စားသောက်လာခဲ့ကြ သည်မှာလည်း ရာစုနှစ်များစွာ။

ကိုလာစီအိမ်ကြီး၏ ပိုင်ရှင်အဆက်ဆက်သည် သည်ယာတောမြေတွေ၏ ပိုင်ရှင်များဖြစ်ခဲ့ကြ၏။ ဖရန်ကိုလင်မယားကို ကိုလာစီစံအိမ်ကြီးက ကောင်းစွာ ကြည့်ရှုစောင့်ရှောက်ခဲ့၏။ အကာအကွယ်ပေးခဲ့၏။ သည်ကျေးဇူးတွေအတွက် ယာခင်းသီးနှံများနှင့် သူ့မိန်းမချက်လုပ်သည့် ထောပတ်ကအစ ဖရန်ကိုက ကိုလာစီ စံအိမ်ကြီးသို့ လက်ဆောင်ပေးပို့လေ့ရှိ၏။

သူတို့လာပြောတော့ ဖရန်ကိုက လုံးဝမယုံ။ လုံးဝ မဖြစ်နိုင်။ သည် မြေရှင်သည် သည်လိုလူစားမျိုး မဟုတ်နိုင်။ ဖရန်ကိုက တွေ့ခွင့်တောင်းသည်။ သူတို့က မဖြစ်နိုင်ကြောင်း ငြင်းဆိုကြ၏။ ဒွန်ကင်ဖာရီလာက ဘယ်သူ့ကိုမှ တွေ့ခွင့် မပေးနိုင်ကြောင်း ရှင်းပြကြသည်။

နှစ်ဆယ့်လေးနာရီအတွင်း ဖယ်ပေးရမည်။ ပါလာမိုတွင် အိမ်ခန်း အစား ပေးမည်တဲ့။ စာရွက်စာတမ်းတွေကိုလည်း လက်မှတ်ထိုးခိုင်း၏။

ဘူဒိုဇာကြီးက သူ့အလုပ်ပြီး၍ ပြန်သွားလေပြီ။ ဖရန်ကို က အံကြိတ်ပြီး ဆုတောင်းလိုက်သည်။ ရင်ထဲအသည်းထဲမှ ဆုတောင်းသံဖြစ်၏။

"ခရေစ်၊ ခင်ဗျားကို ဘုရားသခင် စောင့်ရှောက်ကူညီပါစေ"

*

ဝေါလီက အကျောက်အကန် ငြင်းနေ၏။ ဆံပင်ညှပ်ဖို့နှင့် မုတ်ဆိတ်ရိတ်ဖို့၊ ဆံပင်ညှပ်ဆိုင်မှ လီရာ ခုနစ်ထောင် တောင်းနေသည်လေ။

သို့သော် ဆံသဆရာက အလျှော့မပေး။ သူလုပ်ရမည့်အလုပ်မှာ တစ်နာရီကျော် ကြာမည့်အကြောင်း၊ အလွန်ပင်ပန်းမည့် အလုပ်ဖြစ်ကြောင်း၊ မပေးနိုင်လျှင်လည်း သွားနိုင်ကြောင်း ဆိုင်ရှင်က ပြောသည်။

ဝေါလီက လက်ခံလိုက်ရ၏။

သည်နေ့ လုပ်စရာတွေအများကြီး။ သည်တော့ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ဈေးဆစ် မနေအားတော့။ ကိုယ့်အိတ်ထဲက စိုက်ရတာမှ မဟုတ်ဘဲလေဟု သဘောထားလိုက်လေ၏။

"ခေါင်းတုံးဆံတောက်။ သေသေသပ်သပ်နော်။ မုတ်ဆိတ်ကိုတော့ အပြောင်ရိတ်ခဲ့"

ခရေစီက အသေအချာ မှာသည်။

ဝေါလီက ဘာမှနားမလည်။

ညက စခန်းချသည့်နေရာတွင် ညစာစားရင်း ခရေစီက လိုအပ်သည်များကို ညွှန်ကြားသည်။ အသေးစိတ်တွေ အများကြီး။ ပြီးတော့ ဘာ့ကြောင့် ဘယ်လိုလုပ်ရသည်ကိုတော့ ရှင်းမပြ။ ပိုပြီးတော့ အန္တရာယ်ကင်းအောင်ဟုသာ အကြောင်းပြ၏။

ပထမဆုံးအနေဖြင့် ဝေါလီ ဆံပင်ညှပ်ရန်။ မုတ်ဆိတ်ရိတ်ရန်။ ပြီးတော့ သွားရေသေတ္တာကလေးတစ်လုံးနှင့် ခရီးဆောင်လက်ဆွဲအိတ်ပြားကလေးတစ်လုံး ဝယ်ရန်။ ရှပ်အင်္ကျီအဖြူ လည်စည်း၊ ရှူးဖိနပ်များလည်း ဝယ်ရသည်။

ပုံစံသစ်ဖြင့် ဝတ်စားပြီး အိတ်ဆယ်စီယာဟိုတယ်တွင် အကောင်းဆုံး အခန်းကြီးတစ်ခန်းငှားပြီး သုံးရက်သွားနေရန်။

ပြီးတော့ ဟိုတယ် ကားငှားဌာန ရုံးခန်းသို့ ကိုယ်တိုင်သွားပြီး ကားတစ်စီးကိုလည်း သုံးရက်ငှားထားရန် ဖြစ်သည်။ ကားကလည်း အကောင်းဆုံးကား ဖြစ်ရမည်။

ဟိုတယ်တွင် စားသောက်လျှင် အကောင်းဆုံး ဈေးအမြင့်ဆုံးတွေကိုသာ မှာစားရမည်။ အရက်သောက်လျှင် အကောင်းဆုံး ကော့ညက်ကိုမှ မှာပြီး သောက်ရမည်။ ခရေစီက ဟင်နက်စီအိတ်စထရာကို သောက်ဖို့ အကြံပေးသည်။

"သန်းကြွယ်သူဌေးကလေးနဲ့တူအောင် လုပ်ခိုင်းထားတာလား အစ်ကိုကြီး"

ပက်ဒီက ဝင်မေးလိုက်သည်။

"သိပ်ဟုတ်တာပေါ့"

ခရေစီက ပြန်ဖြေသည်။

"ဖားပြုပ်က မင်းသားလေး ဖြစ်သွားတဲ့ ပုံပြင်ကို သွားသတိရတယ်"

"သွားစမ်းပါ။ ငါ ဘယ်လောက်ချောသလဲဆိုတာ အဲဒီတော့မှ နင်သိရမယ်"

အကောင်းဆုံးနှင့် ဈေးအများဆုံး ညစာကို စားပြီးလျှင် ဝေါလီက အခန်းသို့ပြန်၍ ဖုန်းဆက်ရမည်။ ဩစတြေးလျကို ဆက်ရမည်။ ဘယ်သူ့ဆီကို ဆက်ဆက်၊ ဘာပြောပြော မိနစ်နှစ်ဆယ် စကားပြောရမည်။ ဟိုတယ်တွင် ညအိပ်ပြီး သူတို့ စခန်းချရာသို့ မနက်အစောကြီးအရောက် ပြန်လာရမည်။

*

အီတာလီကမ်းခြေမြို့၊ ရက်ဂီယိုမှ အိတ်ဆယ်စီယာဟိုတယ်တွင် ဝေါလီက အကောင်းဆုံး သူဌေးစာတွေ မှာပြီး လွေးနေ၏။

တစ်ချိန်တည်းတွင် စစ္စလီကျွန်း၏ မြို့တော် ပါလာမိုတွင် ဆက်တာ၊ ဘဲလူးနှင့် ဂိုက်ဒိုတို့ သုံးယောက်က 'လန်ပူကာ' ငါးနပ်ဖြင့် ညစာစားလျက်ရှိ၏။

ဆက်တာက ဘဲလူးကိုကြည့်ပြီး

"ဘယ်လိုနေလဲ"

"လေ့နဲ့လာမှာ သေချာတယ်။ တံငါလေ့နဲ့ လာဖို့များတယ်"

ဆက်တာက ခေါင်းယမ်းလိုက်ပြီး ဟင်းပန်းကန်ကို လက်ညှိုးထိုး၍

"ငါးဟင်း ဘယ်လိုနေလဲ မေးတာကွ၊ သေတော့မှာပဲ"

ဘဲလူးက ပြုံးလိုက်သည်။ သူ့ဆရာ စိတ်တိုနေလျှင် သူ သဘောကျနေတတ်၏။

"နည်းနည်း အနူးလွန်သွားတယ်ထင်တယ်"

ဆက်တာက ဂိုက်ဒိုကိုကြည့်ပြီး ခေါင်းညိတ်ရင်း

"ဖြစ်နိုင်ပါတယ်။ ရဲအုပ်တစ်ယောက်ဟာ တစ်နေ့ ရဲမှူးရာထူးရဖို့ ဖြစ်နိုင်သလို ဖြစ်နိုင်ပါတယ်"

"ရဲမှူးအဆင့်ရောက်လာရင်တော့ စူးစူးရှရှ မြင်တတ်ဖို့၊ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ဖို့ လိုတယ်ဗျ။ အဲဒါ သိပ်အရေးကြီးတယ်။ မဟုတ်ဘူးလား"

ဂိုက်ဒိုက ဝင်မေးလိုက်သည်။

"အရေးကြီးပါသကောဗျာ။ ဒါကြောင့် ရာထူးတိုးဖို့ကိစ္စတွေမှာ မှုတွေ၊ သတ်မှတ်ချက်တွေ ထားရတာပေါ့။ မဟုတ်ရင် ပွဲပျက်ကုန်မှာပေါ့"

"မဟုတ်ရင် ခင်ဗျားလည်း စာသင် ဘဝကနေ တက်မှာမဟုတ်ဘူး၊ ဟုတ်လား"

ဆက်တာ ရှင်းပြသည်ကို ဂိုက်ဒိုက ထပ်၍ နှောက်လိုက်ခြင်းဖြစ်၏။

ဆက်တာက ပြုံးလိုက်၏။

"တွေ့လား ဘဲလူး။ တို့ နေပယ်လ်သားကြီးက ခြောက်ကပ်ကပ် ဟာသတော့ ပြောတတ်သားကွ။ ကဲ... မင်းက ဘာလို့ တံငါလှေနဲ့ လာမယ်လို့ ထင်ရတာလဲ၊ ဆက်ပြောပါဦး"

ဘဲလူးက ပခုံးတွန့်ပြီး

"တခြားနည်းလမ်းမှ မရှိတာ။ သူ ဖြောင့်ဝင်လို့လည်း မရဘူးလေ။ ဘူတာမှာရော၊ သင်္ဘောဆိပ်တွေမှာရော၊ လေယာဉ်ကွင်းမှာပါ သူ့ကို စောင့်နေကြပြီပဲ။ သူ့ပုံပန်းကြီးက လွယ်လွယ်နဲ့လည်း ရုပ်ဖျက်လို့ရတာ မဟုတ်ဘူး"

"မင်းပြောတာ ဖြစ်နိုင်ပါတယ်။ ကဲ... ဂိုက်ဒို၊ ဘယ်လိုမြင်သလဲ"

"ကျုပ် အသေအချာတော့ မပြောနိုင်ဘူး။ ဒါပေမဲ့ ခင်ဗျားတပည့်ကျော်တွေးတာကတော့ လူပြိန်းအတွေးပါ။ ကျုပ် အမျိုးမျိုး စဉ်းစားတယ်။ အဖြေမထွက်ဘူး။ တစ်ခုကတော့ သေချာပါတယ်။ တစ်နိုင်ငံလုံးက သူ့မျက်နှာကို သိနေပြီဆိုတော့ သူ ဘယ်ကိုမှ ဖြောင်သွားလို့မရဘူး"

ဆက်တာက ခေါင်းညိတ်လိုက်ပြီး

"အီတလီမှာ လူသိအများဆုံး မျက်နှာဖြစ်နေပြီ။ လူတွေရဲ့တုံ့ပြန်မှုကတော့ မယုံနိုင်လောက်အောင်ပဲဗျ။ ရောမနဲ့ အီတလီမြောက်ပိုင်းမှာ သူ့ပုံတွေရိုက်ပြီး မိန်းကလေးတွေ အင်္ကျီချုပ်ဝတ်နေကြပြီ"

"ခရော်ဗီ ဆက်လုပ် ဆိုတဲ့ စာတန်းလည်း ပါလိုက်သေးကယ်။ တစ်တိုင်းပြည်လုံးက သူ့ကို ထောက်ခံနေကြပြီတဲ့ဗျ။ သတင်းစာတွေကလည်း အရမ်းရေးနေကြတာပဲ"

"ဒီလိုပဲဖြစ်ရမယ်လေ"

ဘဲလူးက ဝင်ဆွေးနွေးသည်။

"ပြည်သူတွေက ဒီလင်းတကြီးတွေကို စိတ်ကုန်နေပြီလေ။ အစိုးရကလည်း ဘာမှ ထိထိရောက်ရောက်မလုပ်နိုင်တော့ ခရေစီဟာ တကယ့်သူရဲကောင်းကြီး ဖြစ်နေတာပေါ့"

ဆက်တာက မျက်မှောင်ကြုတ်၍

"ကျွန်တော် စဉ်းစားလို့ မရတာက သူ ဘယ်မှာရှိနေသလဲဆိုတာပဲ။ လုံးဝ ကိုယ်ရောင်ဖျောက်နေတယ်။ ဘယ်နည်းနဲ့ ဖျောက်နေတာလဲ။ ရောမက ထွက်သွားပြီးနောက်ပိုင်း သူ ဘယ်မှာရှိမယ်ဆိုတာ ခင်ဗျား မသိဘူးနော် ဂိုက်ဒို"

"မသိဘူး။ ရောမရဲ့ နောက်ပိုင်းအစီအစဉ်တွေကို သူ လုံးဝ ကျွန်တော့်ကို ပြောမသွားဘူး။ ဘာကြောင့်လဲဆိုတာ ခင်ဗျားသိပါတယ်လေ"

ဆက်တာက ညည်းညည်းညူညူ လေသံဖြင့်

"ဒုက္ခပါပဲဗျာ၊ ခင်ဗျားနဲ့ ဆက်သွယ်မလားဆိုပြီး ကျွန်တော်တို့ စောင့်ကြည့်လာတာ"

"ခင်ဗျား တကယ်ပြောတာလား။ တကယ် သူ့ကို တွေ့ချင်နေတာလား"

ဆက်တာက မျက်မှောင် ကြုတ်လိုက်ပြီး

"သြော် ဂိုက်ဒိုကလဲဗျာ၊ ကျွန်တော် သူ သေတာကို မကြည့်ချင်ဘူး။ သူ့အသက်ကို ကယ်ချင်တယ်။ ဒါကို ခင်ဗျား ယုံစမ်းပါ"

တစ်ဆက်တည်းတွင် စားပွဲထိုးကို လှမ်းခေါ်သည်။ အချိုပွဲမှာသည်။ စားပွဲထိုး ထွက်သွားသောအခါ ဂိုက်ဒို့လက်မောင်းကိုဆုပ်ပြီး ခပ်တိုးတိုး ပြောသည်။

"ကျွန်တော့်စိတ်ထဲမှာ သူ့ကို ကြည်ညိုလေးစားနေမိတယ်။ သူ့လုပ်နည်းလုပ်ဟန်တွေက မျက်မြင်ကိုယ်တွေ့မို့သာ ယုံရတာဗျ။ တကယ်တော့ မယုံနိုင်စရာပဲ။ အထူးသဖြင့် ကွန်တီကို ဆော်လိုက်ပုံက ကြောက်ခမန်းလိလိပဲဗျာ"

ဂိုက်ဒိုက မဲ့ပြုံးပြုံးပြီး

"အင်း ဒေးရောင်စုံ အသုဘပေါ့ဗျာ"

ရဲအရာရှိနှစ်ယောက် နားမလည်သဖြင့် ဂိုက်ဒိုကို ကြောင်ပြီး ကြည့်နေကြသည်။

"ကျွန်တော်တို့ ကြေးစားတပ်ထဲတုန်းက သုံးနေကျစကားလုံးလေ။ လောနိုင်ငံမှာ ဖြစ်တာဗျ။ ကျွန်တော်တို့အားလုံး ဒီစီ ၆ လေယာဉ်ပျံကြီး ဆင်းလာတာကို

စောင့်ကြည့်နေကြတယ်။ လေယာဉ်ပေါ်မှာ လက်နက်တွေ၊ ယမ်းဘီလူးတွေနဲ့ ဓာတ်ဆီတွေ ပါလာတယ်လေ။ အဆင်းမှာ ပေါက်ကွဲပါလေရောဗျို့"

"ပေါက်ကွဲပုံက သိပ်ကြည့်လို့ကောင်းတာပဲဗျာ။ တဖြည်းဖြည်း တစ်ခုချင်း သွားတာဗျ။ ပထမ ဓာတ်ဆီ၊ နောက်ပြီးတော့မှ ယမ်းဘီလူးတွေ။ လက်နက်ခဲယမ်းမီးကျောက်တွေက နောက်ဆုံးမှ ပေါက်တာဗျ။ လေယာဉ်မှူး နှစ်ယောက်လုံးကို ကျွန်တော်တို့ ခင်ကြတယ်လေ။ အရောင်အမျိုးမျိုးထွက်နေတဲ့ မီးလျှံတွေနဲ့ ပေါက်ကွဲမှုတွေ ငြိမ်သွားတော့ ကျွန်တော်တို့ထဲက တစ်ယောက်က မှတ်ချက်ချတယ်။ ဂုဏ်ယူစရာပေါ့ကွာ၊ ဒါလောက် အရောင်စုံတဲ့ အသုဘအခမ်းအနားမျိုး ငါ တစ်ခါမှ မတွေ့ဖူးဘူးတဲ့"

ဂိုက်ဒိုက ပခုံးတစ်ချက် တွန့်လိုက်ပြီး

"ဆေးရောင်စုံ အသုဘဆိုတာ အဲဒီက စတာပဲ။ ကျွန်တော်တို့ ကြေးစားစစ်သားအချင်းချင်း တစ်ယောက်ကိုတစ်ယောက် ခြိမ်းခြောက်ကြပြီဆိုရင် အဲဒီစကားလုံးပဲ သုံးတယ်"

"လူတစ်ယောက်ကို ကြေးစားစစ်သားဖြစ်အောင် ဘယ်လို အခြေအနေတွေက တွန်းပို့တာလဲဗျ"

ဘဲလူးက ဝင်မေးသည်။ ဂိုက်ဒိုက ပြုံးလိုက်၏။

"အခြေအနေကတော့ အများကြီး ရှိတာပေါ့ဗျာ။ အပြင်လောကကြီးမှာ အဆင်မပြေကြသူတွေ၊ တဖွတ်ထိုး တဓောက်ကန်းတွေ စုံလို့ပေါ့။ အစီအစဉ်မရှိဘဲ မတော်တဆ ကြေးစားဖြစ်သွားတာတွေလည်း ရှိတာပေါ့ဗျာ"

အချိုပွဲ ရောက်လာသည်။

စကားပြတ်သွားကြပြီး ခပ်မဆိတ် စားနေကြသည်။

ဘဲလူးက သူ မရောက်ဖူးသည့် လောကအကြောင်းကို သိချင်စိတ်က ပြင်းပြနေ၏။

"ခရေစီကတော့ သာမန်ကြေးစား မဟုတ်ဘူးထင်တယ်နော်။ တကယ် သက်တဲ့ လူပဲ။ ဘာကြောင့် ဒါလောက် စွယ်စုံတော်ရတာလဲဗျ"

"မင်း သူ့ကိုယ်ရေးရာဇဝင်ကို ဖတ်ပြီးပြီပဲ။ အတွေ့အကြုံရယ်၊ လေ့ကျင့်မှုရယ်က စကားပြောတာပေါ့ကွာ"

ဆက်တာက သူ့အမြင်ကို ပြောရင်း ဂိုက်ဒိုကို လှမ်းကြည့်လိုက်သည်။

ဂိုက်ဒိုက ခေါင်းညိတ်ပြီး

"ဟုတ်ပါတယ်။ ဒါပေမဲ့ သူ့မှာ အဲဒီဘက်က ပါရမီခံကို များတာဗျ။ လေ့ကျင့်တိုင်း သင်ကြားတိုင်း တတ်တော့ တတ်ကြတာပေါ့။ ဒါပေမဲ့ ကျွန်တော်ပြောတဲ့ ပါရမီခံနဲ့ ပင်ကိုဆန္ဒပြင်းပြမှုက တစ်ယောက်နဲ့တစ်ယောက် မတူနိုင်ကြဘူး။ ဒါကြောင့်မို့လို့ အရည်အချင်းပြည့်စစ်သား တပ်စိတ်တစ်စိတ်လောက်က မတိုက်နိုင်တဲ့ ကိစ္စမျိုးမှာ ခရေစီလို လူတစ်ယောက်တည်းက တိုက်နိုင်တယ်"

"ခင်ဗျားကော အဲဒီနည်းတွေ မရလိုက်ဘူးလား"

ဆက်တာက ခပ်တိုးတိုးမေးလိုက်သည်။

"ရသင့်သလောက်တော့ ရပါတယ်။ ဒါပေမဲ့ ခရေစီကိုမီဖို့ လူကတော့ မရှိပါဘူး။ ဒါကြောင့် ကင်တာရီလာဆီကို အရောက်မသွားနိုင်ဘူးလို့ မပြောနိုင်ဘူး"

ဂိုက်ဒိုက စိတ်ရှည်လက်ရှည် ရှင်းပြသည်။

"အထဲကိုရောက်တာတော့ ဟုတ်ပါပြီ၊ ပြန်ထွက်နိုင်ပါ့မလား"

ဆက်တာ၏မေးခွန်းကြောင့် ဂိုက်ဒို လှုပ်ရှားသွားသည်။

ခရေစီတွင် သေချာမည့် စီမံကိန်းများရှိသော်လည်း ဆက်တာ၏အမေးကို ပိုင်ပိုင်နိုင်နိုင် အဖြေမပေးရဲဘဲ ဖြစ်နေ၏။

ထို့ကြောင့် "ဘယ်ပြောနိုင်မလဲဗျာ" ဟုသာ ပြန်ပြောလိုက်သည်။

*

ငှားလာသည့် လန်စီယာ ကားကြီးကို ကောဘင်ကားကြီး နံဘေးသို့ ဝေါလီက ရပ်လိုက်သည်။ ပက်ဒီက လေ့ကားထစ်တွင်ရပ်ပြီး ကားထဲမှ ထွက်လာသည့် ဝေါလီကို စောင့်ကြည့်နေ၏။ ဝေါလီက လန်စီယာတံခါးကို ပိတ်လိုက်ပြီး ပက်ဒီကို ရပ်ကြည့်နေသည်။ ပက်ဒီက မှင်တက်မိနေသူလို ကြောင်နေသည်။ အတန်ကြာမှ လက်ပိုက်၍ ရှေ့တိုးနောက်ငင်ယိမ်းကာ တအားအော်ပြီး ရယ်လိုက်သည်။

ခရေစီက ပက်ဒီနောက်မှ ပေါ်လာပြီး ဝေါလီကို သေသေချာချာကြည့်၏။ ကျေနပ်သလို ခေါင်းညိတ်ပြီး ပြုံးလိုက်သည်။

ပက်ဒီက ကားကြီးပေါ်မှ ခုန်ဆင်းပြီး မြက်ခင်းပေါ်တွင်ထိုင်၍ ဗိုက်နှိပ်ကာ အူတက်မတတ် ရယ်နေဆဲ။ တိတ်ဆိတ်ငြိမ်သက်နေသည့် သူတို့စခန်းချရာ တောတန်းတစ်ဝိုက်တွင် ပက်ဒီ၏ရယ်သံဖြင့် ပွဲတင်သွားသည်။

"ကောင်မ"

ဝေါလီက လှမ်းဆဲလိုက်သည်။

ခရေစီက ဝေါလီဘက်မှ ရပ်တည်လိုက်သည်။

"မင်းချော့လာတာကို သူမနာလို ဖြစ်တာကွ"

ပက်ဒီက တဖြည်းဖြည်းနှင့် အရယ်ရပ်သွားပြီး ဒူးနှစ်ဘက်ကို လက်နှင့် ပိုက်လိုက်သည်။

"ဟေ့ ဝေါလီ၊ နင် ဘာနဲ့ တူနေသလဲ သိလား၊ စာကလေး အမွေးနုတ်ထားတာနဲ့ တစ်ပုံစံတည်းပဲ"

ဝေါလီက ပက်ဒီပြောသည်ကို ဂရုမစိုက်။ လန်စီယာ ကားနက်ကြီး၏ နံဘေးတွင် အပြာရောင်ဝတ်စုံကို ဝတ်၍ ခရီးဆောင်အိတ်နက်ကို ကိုင်ရပ်နေသည်။

ခရေစီဘက်သို့ လှည့်၍

"ဘယ်နှယ့်လဲ အစ်ကိုကြီး၊ အိုကေရဲ့လား"

"သိပ်မိတယ်ဟေ့"

ခရေစီက ပက်ဒီဘက်သို့ လှည့်ကြည့်ပြီး

"တွေ့တော့လည်း မင်းကို ဖမ်းနိုင်တယ်။ ညတုန်းကကျတော့ တစ်ညလုံး ကျိတ်ငိုနေတာကွ"

"အမယ်လေး။ တစ်ည မဟုတ်ဘူး၊ တစ်နှစ်လုံး ပြန်မလာလည်း ပက်ဒီလို ဟာမက အရေးမစိုက်ဘူး"

သို့သော်လည်း ပက်ဒီက ဝေါလီဆီသို့ လျှောက်သွားပြီး အမြတ်တနိုး လှမ်းဖက်လိုက်သည်။

"ဟေး ဟေး အရမ်းမလုပ်နဲ့ဟ၊ အဝတ်အစားတွေ ကြေကုန်မယ်"

ဝေါလီက ရယ်ပြီး ပြောလိုက်သည်။

သုံးယောက်သား ကားကြီးပေါ်သို့ ပြန်တက်သွားပြီး စားပွဲကလေး တစ်လုံးတွင် ဝိုင်းထိုင်လိုက်ကြသည်။ ဝေါလီက ညွှန်ကြားချက်အတိုင်း တစ်သဝေမတိမ်း လိုက်နာလုပ်ဆောင်ခဲ့ပုံတွေကို အသေးစိတ် ပြောပြပြီး မျှော်လင့်တကြီး မေးလိုက်သည်။

"ကဲ အခု ကျွန်တော် ဘာဆက်လုပ်ရမလဲ"

ခရေစီက နောက်ဘက်မှ မြေပုံကို ဆွဲယူလိုက်ပြီး လေယာဉ်ကွင်းငယ်ကလေးတစ်ခုကို ထောက်ပြသည်။

"အဲဒါ ရက်ဂီယိုလေကြောင်းကုမ္ပဏီပိုင် ကွင်းပဲ။ မင်းအဲဒီကို မောင်းသွားပြီးတော့ လေယာဉ်ပျံတစ်စင်း ငှားလိုက်။ စစ္စလီကျွန်း အနောက်ဘက်ကမ်း ထရာပါနီကို ပို့ပေးဖို့ပြော"

ဝေါလီနှင့် ပက်ဒီတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ပက်ဒီက

"ဩော် ဒီလိုကိုး။ အစ်ကိုကြီးက အဲဒီလေယာဉ်ပျံနဲ့ လိုက်သွားမယ် ပေါ့လေ"

"အမှန်က ဒီလိုကွ"

ခရေစီက လက်ရှိအခြေအနေနှင့် ပြီးခဲ့သည့်အခြေအနေတွေကို ရှင်းပြသည်။

မူလအစီအစဉ်မှာ လေယာဉ်စင်းလုံးငှားရန်ကိစ္စကို သူကိုယ်တိုင် တယ်လီဖုန်းနှင့်ငှားပြီး ညတွင် ပျံသန်းရန်ဖြစ်သည်။ လိုအပ်လျှင် လေယာဉ်ကို အနုကြမ်းစီးသင့် စီးရမည်ဖြစ်သည်။

သို့သော် ဝေါလီတို့က မမျှော်လင့်သည့်အကူအညီ ပေးလာသောအခါ သူ့အတွက် ပို၍လွယ်ကူသွားတော့သည်။

သည်တော့ မနေ့က အရေးပေါ် စီစဉ်လိုက်သည်။ ဝေါလီက အလွှန့်အလွှန် အလုပ်များသည့် လုပ်ငန်းရှင်။ ရက်ဂီယိုတွင် သွားစရာ လုပ်စရာတွေက သူ့မှာ အများကြီး။ ကိစ္စပြီးလျှင်ပြီးချင်း စစ္စလီကျွန်းကို အလောတကြီးသွားရမည်။ လေယာဉ်ကုမ္ပဏီက သူ့ကို မသင်္ကာလျှင် စစ်ဆေးနိုင်သည်။

အကောင်းဆုံးဟိုတယ်တွင် အကောင်းဆုံး အခန်းကြီးကို ငှားနေသည်။ ဈေးအကြီးဆုံး အစားအစာတွေကို မှာစားသည်။ နောက်ဆုံးပေါ်ကားကြီးကို ငှားစီးသည်။ အလွန်ဈေးကြီးသည့် ပင်လယ်ရပ်ခြား တယ်လီဖုန်းဖြင့် စကားပြောသည်။

သည့်ထက် ပိုရှိနိုင်ပါဦးမလား။

လေယာဉ် စတင်အသုံးပြုမည့်အချိန်ကို ခပ်ဝါးဝါး လုပ်ထားရမည်ဟု ခရေစီက ညွှန်ကြားသည်။ လာမည့်သုံးရက်အတွင်း သွားမည်ဖြစ်သည်။ ညနေပိုင်းတွင် ပျံသန်းဖို့များသည်။

"အချိန်အတိအကျ သတ်မှတ်လို့ မရဘူးလား အစ်ကိုကြီး"

ဝေါလီက မေးလိုက်၏။

"ရာသီဥတုအပေါ်မှာ မူတည်တယ်ကွ"

"ဘာဖြစ်လို့ သုံးရက်ကြီးများတောင် စောင့်နေရတာလဲဗျ"

"လဝင် လထွက်တဲ့အချိန်ကို ကြည့်ရသေးတယ်ကွ"

ဝေါ်လီက ဆက်၍ မေးချင်သေးသည်။ သို့သော် ခရေစီက လေယာဉ်ပျံတွေ အကြောင်း ပြောနေသဖြင့် အသာငြိမ်နေလိုက်သည်။

ရက်ဂီယိုလေကြောင်းကုမ္ပဏီတွင် လေယာဉ်ပျံ လေးစင်းရှိသည်။

ဆက်စနာ (၁၇၂) က နှစ်စင်း။ ပိုက်ပါကွန်မင်ချီက တစ်စင်း။ ပြီးတော့ ကွန်မင်ဒါက တစ်စင်း။

ဆက်စနာလေယာဉ်ကိုရဖို့ အရေးကြီးသည်။ အမေးအမြန်းရှိလာလျှင် ဆက်စနာကို စီးဖူးကြောင်း၊ ပို၍စိတ်ချရကြောင်းဖြင့် ဝေါ်လီက ပြန်ပြောရမည်။ လေယာဉ်ငှားခကို ကြိုတင်ပေးရမည်။ အပြည့်ပေးခဲ့ရမည်။

"ဘာဖြစ်လို့ ဆက်စနာကိုရဖို့ အရေးကြီးတာလဲ"

"အတောင်တွေက ပိုမြင့်တယ်လေ"

"အဲဒီတော့"

"ခုန်ချလို့ လွယ်တာပေါ့" ဝေါ်လီ ဘာမှ ဆက်မမေးတော့။

*

ဂရာဘယ်လီနှင့် ဒီကင်ဒီယာတို့ ကိုယ်တိုင် ကင်းလှည့်စစ်နေကြ၏။ စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးနေကြသည်။ ပြီးတော့ စကားတပြောပြောနှင့် အခြေအနေကို ဆွေးနွေးလာကြသည်။

"နောက်တစ်ပတ်ဆိုရင် သိပ်နောက်ကျသွားလိမ့်မယ်"

ဒီကင်ဒီယာ၏ စိုးရိမ်ပူပင်သံ။

"ခုကိုပဲ နောက်ကျလှပါပြီဗျာ"

ဂရာဘယ်လီက ဆက်ဆွေးနွေးသည်။

"တူရင်မှာ အချင်းချင်း ဆော်ကုန်ကြပြီ။ ရောမမှာလည်း အုပ်စုတစ်စုနဲ့ တစ်စု စောင့်နေကြပြီ။ ကာလာဘရီယာမှာလည်း ဒွန်စီမိုကို လုပ်ကြဖို့ ကြိုးစားကြသတဲ့။ ကင်တာရီလာ ဘာမှ မလုပ်ပေးနိုင်တော့ဘူး။ ကြွက်တွင်းထဲက ကြွက် တစ်ကောင်လို သူ့သိက္ခာကို သူဆည်နေတယ်။ အဘာရာက မနက်ဖြန် ပြန်ရောက်မယ်။ ဒီကအခြေအနေကို သူကြည့်ပြီး ဘယ်လောက်စိတ်ပျက်သွားမလဲ"

ဒီကင်ဒီယာက အောင့်သက်သက်ကြီး ဖြစ်သွားသည်။ ကင်တာရီလာ

ဆီတွင် သစ္စာရှိ လူယုံတော်တစ်ယောက်အဖြစ်နှင့် အမှုထမ်းခဲ့သည်မှာ အနှစ်နှစ်ဆယ် ရှိခဲ့ပြီ မဟုတ်လား။

ဂရာဘာယ်လီက ဒီကင်ဒီယာ၏လက်မောင်းကို ဖျတ်ခနဲ ဖမ်းဆုပ်လိုက်သည်။ နှစ်ယောက်သား ကျောက်စရစ် လမ်းကလေးပေါ်တွင် တုံ့ခနဲရပ်သွားပြီး ကြက်သေသေသွားကြသည်။

မည်းမည်းအရာဝတ္ထုနှစ်ခုသည် သူတို့ဆီသို့ တရွေ့ရွေ့ ချဉ်းကပ်လာနေ၏။

"ဟာ၊ သေတော့မှာပဲ။ မအေပေး ခွေးတွေ"

ဒီကင်ဒီယာက သက်ပြင်းချရင်း ဆဲလိုက်၏။

ခွေးနှစ်ကောင်က သူတို့အနားသို့ရောက်လာပြီး နှာခေါင်းကို ရှုံ့ကာရှုံ့ကာနှင့် အမှောင်ထဲသို့ ပြန်ဝင်သွား၏။

*

နှစ်ယောက်သား အိမ်ကြီးထဲသို့ မီးဖိုဆောင်တံခါးမှ ပြန်ဝင်လာကြ၏။

မီးဖိုဆောင်မှာ ရှာမအခန်းကြီးဖြစ်သည်။ အင်အားဖြည့်ထားသည့် ကိုယ်ရံတော် တပ်သားတွေအတွက် စားသောက်ခန်း လုပ်ထားရသည်။ သူတို့ တစ်တွေ တယ်လီဗေးရှင်း ကြည့်သူကြည့်။ ပျင်းရိဖျင်းတွဲနှင့် ဟိုလျှောက် သည်လျှောက် လျှောက်သူလျှောက်နှင့်။ စက်သေနတ်တွေက သူတို့နှင့် လက်တစ်ကမ်းအမီတွင် ရှိကြသည်။

မီးဖိုချောင်နှင့် အိမ်မကြီးကို စင်္ကြံဖြင့် ဆက်သွယ်ထားသည်။ စင်္ကြံတစ်လျှောက်တွင် သန်းခေါင်အလှည့် လဲဖို့ တပ်သားတွေ လှုပ်လှုပ်ရွရွဖြစ်နေကြ၏။ စင်္ကြံအဆုံးတွင် အပေါ်ထပ်သို့ တက်သည့် လှေကားရှိသည်။ လှေကားမှ တက်သွားလျှင် ပထမထပ်တွင် ကင်တာရီလာ၏ အိပ်ခန်းနှင့် စာကြည့်ခန်းရှိသည်။

အစောင့်တပ်သားတွေနှင့် စကားပြောပြီး သူတို့နှစ်ယောက် အပေါ်ထပ်သို့ တက်ခဲ့ကြ၏။ သူတို့နှစ်ယောက်၏ အိပ်ခန်းတွေကလည်း ပထမထပ်တွင်ပင် ရှိသည်မဟုတ်လား။

ကင်တာရီလာ၏ ကိုယ်ပိုင်သက်တော်စောင့်တွေက စာကြည့်ခန်းရှေ့မှ ကုလားထိုင်တစ်လုံးတွင် ထိုင်လျက်။ သူ့လက်ထဲတွင် စက်သေနတ်က အသင့်အနေအထား။ သူတို့နှစ်ယောက် အနားရောက်လာတော့ သက်တော်စောင့်က မတ်တတ်ရပ်ပြီး တံခါးခေါက်၍ အသာဖွင့်ပေးလိုက်သည်။

အားလုံး ကောင်းပါသည် ခင်ဗျားဟု သတင်းပို့ရန် သူတို့ နှစ်ယောက် အထဲသို့ ဝင်သွားကြသည်။

*

နှစ်ရက်ကြာတော့ မြောက်လေကြမ်းက တဖြည်းဖြည်း ငြိမ်သက်စပြုလာသည်။ ရာသီဥတု ခန့်မှန်းချက်မှာ နောက်ထပ် ၂၄ နာရီအတွင်း သာယာမည်။ စခွလီကျွန်းပေါ်တွင် တိမ်ထူထပ်ပြီး တစ်ခါတစ်ရံ မိုးဖွဲဖွဲ ရွာနိုင်သည်တဲ့။

ခရေစီက သည်တော့မှ စတင်ပြင်ဆင်သည်။

ညနေပိုင်းဖြစ်၏။

သေတ္တာကြီးထဲမှ ပါဆယ်ထုပ်ကြီးတစ်ထုပ်ကို ထုတ်ယူလိုက်သည်။ ပြင်သစ်ဗိုလ်ချုပ် ပါရီမှ မာဆေးသို့ ပို့ပေးလိုက်သည့် ပါဆယ်ထုပ်ဖြစ်၏။ အထုပ်ကြီးကို ဖြေနေသော ခရေစီအား ပက်ဒီနှင့် ဝေါလီတို့က မြက်ခင်းပေါ်မှ ထိုင်ကြည့်နေကြ၏။ သူက အနက်ရောင် ပိုးသား အခေါက်တွေကို ဖြန့်နေ၏။

"လေထီးနဲ့လည်း မတူပါလား"

ဝေါလီက ဝင်မေးလိုက်သည်။

"လေထီးမဟုတ်ဘူး။ စွန်တောင်ပံလေ။ လေထီးခုန်နေကျလူတွေ စီးနိုင်ပါတယ်။ လေဆန်တောင် ပျံလို့ရတယ်။ ဆင်းချင်တဲ့နေရာကိုလည်း ဆင်းလို့ရတယ်လေ"

သူတို့နှစ်ယောက် ကြိုးတွေ ဝိုင်းဖြေပေးကြသည်။

သူက ကျွမ်းကျင်စွာ ဆက်စပ်ချည်နှောင်နေ၏။

"အိတ်ပိုတစ်ခု မပါဘူးလား"

ဝေါလီက မေးလိုက်သည်။ ရုပ်ရှင်ထဲတွင် လေထီးသမားတွေမှာ အိတ်ပိုတစ်လုံးပါတတ်သည်ကို သွားသတိရ၍ မေးလိုက်ခြင်းဖြစ်သည်။

ခရေစီက ခေါင်းယမ်းလိုက်သည်။

"အင်္ဂလေးချိန်ကို တွက်ရတယ်ကွ"

ခရေစီက လေထီးခုန်ပုံကို ရှင်းပြသည်။

ထုံးစံအရ လေထီးခုန်ရာတွင် ပစ္စည်းအိတ်တစ်လုံးကို ငါးမီတာရှည်သည့်ကြိုးဖြင့် တွဲလောင်းပါရသည်။ ပစ္စည်းအိတ်က မြေကြီးပေါ်သို့ အရင်ကျသဖြင့် လေထီးသမားအတွက် အကျသက်သာသည်။

သို့သော် အထုပ်ကို ဖြေရ၊ လက်နက်ကိုထုတ်ရသည့် အလုပ်မှာ အလွန်တန်ဖိုးရှိသည့် အချိန်တွေကို ဖြုန်းတီးပစ်ခြင်းဖြစ်သည်။

ထို့ကြောင့် ခရေစီက လက်နက်ကို လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်ပြီး စွန့်စွန့်စားစား ဆင်းမည်။

ခရေစီက တောင်ပံကားလေထီးကို ပြင်ဆင်ပြီး ဝေါလီကို လှမ်းကြည့်လိုက်သည်။

"နာရီဝက်အတွင်း ငါ အဆင်သင့်ဖြစ်မယ် ဝေါလီ"

"ကျွန်တော် ဘာကူရဦးမလဲ"

"ကိစ္စမရှိဘူး၊ ငါ့ဘာသာငါလုပ်မယ်"

ခရေစီက ကားကြီးပေါ်သို့ တက်သွားသည်။ ဘရပ်ဆယ်မှ ပို့လိုက်သည့် ပါဆယ်ထုပ်ကလေး တစ်ထုပ်ကို ယူလိုက်သည်။ အထုပ်ကိုဖြေလိုက်သည့်အခါ အောက်သိုးသိုး အဝတ်ဟောင်းနံ့ ထွက်လာသည်။ သူ၏ကိုယ်ပိုင် တိုက်ပွဲဝင်ယူနီဖောင်း ဖြစ်၏။ အမှတ် (၁) အာရ်အိုင်ပီ တံဆိပ်မှာ အထင်အရှား ရှိနေသေး၏။

ဝတ်စုံကို ကိုင်ကြည့်ပြီး အကြာကြီးငိုင်နေ၏။ ထိုတဒင်္ဂအတွင်း သူသည် လွန်ခဲ့သည့် ၁၂ နှစ်ကာလသို့ ရောက်သွားသည်။

ဖျတ်ခနဲ သတိရပြီး ကမန်းကတန်း အဝတ်လဲလိုက်သည်။

ကားကြီးပေါ်မှ ဆင်းလာတော့ မှောင်စပြုနေပြီ။

ပက်ဒီနှင့် ဝေါလီက လန်စီယာ ကားနံဘေးတွင် မှီပြီး ရပ်စောင့်နေကြ၏။ ခရေစီကို မြင်သည်တွင် ပက်ဒီက တရှုပ်ရှုပ် ငိုတော့သည်။

ဝေါလီနှင့် ပက်ဒီက ခရေစီအကြောင်း သိနေပြီးဖြစ်၏။ သူဘာလုပ်မည်ကိုလည်း သိထားသည်။ သို့သော် သူ တကယ်လုပ်တော့မည်ကို မြင်ရတော့ ပက်ဒီက စိတ်မထိန်းနိုင်ဘဲ ဖြစ်သွားသည်။

*

ဝတ်စုံကို အပြည့်ဝတ်လိုက်တော့ သူ့ခန္ဓာကိုယ်ကြီးမှာ လေများလွန်း နေသည့် တာယာကြီးလို ဖြစ်နေ၏။

သူဝတ်ထားသည့် အပေါ်ယံဝတ်စုံမှာ ရောင်စုံအပြောက်အပြောက်တွေနှင့် ဖြစ်သည်။ လည်ရှည်စစ်ဖိနပ်ကို တင်းတင်းရင်းရင်း ကြိုးတို့ဖြင့် စည်းနှောင်ထား၏။

ခြေထောက်နှင့် ရင်ဘတ်တစ်ခုလုံးတွင် အိတ်တွေ ပြည့်နက်လျက်၊ လက်ပစ်ဗုံးတွေကို သီ၍လွယ်ထားသည်။ ဘယ်တစ်တွဲ ညာတစ်တွဲ။ ခါးတွင်လည်း ပစ္စုပ္ပန်အိတ်တွေစီလျက်။ ညာဘက်တွင် ခြောက်လုံးပြူးအိတ်။ အင်ဂရမ် စက်သေနတ်ကလေးကိုတော့ လည်ပင်းတွင် တွဲလောင်းလွယ်ထားသည်။ ညာဘက်လက်က လွယ်ထားသည့် စက်သေနတ်ကို ကိုင်ထားသည်။ ဘယ်လက်တွင်တော့ ဦးထုပ်ပျော့ကလေးတစ်လုံး။ တောင်ပံ လေထီးအထုပ်ကိုကောက်ယူပြီး လန်စီယာကားဆီသို့ လျှောက်သွားသည်။

"အဆင်သင့်ပဲလားဟေ့ ဝေါလီ"

ဝေါလီကလည်း ခေါင်းညိတ်ပြီး တစ်စုံတစ်ခုကို ပြောဖို့ ကြိုးစားသည်။ သို့သော် သူ့နှုတ်ခမ်းမှ တစ်ခွန်း တစ်ပါဒမျှ ထွက်မလာ။ နှုတ်ဆွံ့စွာဖြင့် ကားတံခါးကို ဖွင့်ပေးလိုက်သည်။

ခရေစီက လေထီးအထုပ်ကို ပစ်တင်လိုက်ပြီး ပက်ဒီဘက်သို့ လှည့်လိုက်၏။

"ငါ မင်းကို ဘာမှပြောဖို့မလိုတော့ဘူး ပက်ဒီ။ ဒါပေမဲ့ မင်း နားလည်ပါတယ်နော်"

ပက်ဒီက တစ်ချက်ရှိုက်လိုက်ပြီး ခေါင်းကို သွက်သွက်ယမ်း၍

"မဖြစ်ဘူး၊ မဖြစ်နိုင်ဘူး။ လုံးဝအဓိပ္ပာယ်မရှိဘူး"

ခရေစီက ပြုံးလိုက်သည်။ ပက်ဒီ့ပခုံးကို လှမ်းကိုင်ပြီး

"ငါ့အတွက် မပူပါနဲ့ကွာ။ ဒါမျိုးတွေ ငါ လုပ်နေကျပါ"

ပက်ဒီက ပါးပြင်ပေါ်မှ မျက်ရည်တွေကို သုတ်လိုက်သည်။ ပြီးတော့ ခရေစီကို ဖက်လိုက်သည်။ သို့သော် ကိုယ်နှင့်မထိ။ သူ့ရင်ဘတ်မှ ခိုးလို့ခုလု အရာတွေက တားဆီးနေသည်။

ခရေစီကို လွှတ်လိုက်ပြီး ကားကြီးပေါ်သို့ တက်လိုက်သည်။

ပြီးတော့ ကေဘင်တံခါးကို ဆွဲပိတ်လိုက်သည်။

*

လေယာဉ်ကွင်းကလေးဆီသို့ မိနစ် ၂၀ သာမောင်းရသည်။ ခရေစီက နောက်ခုံတန်းပေါ်သို့ ကန့်လန့်ဖြတ်ပြီး တုံလုံးလှဲလိုက်လာ၏။ မရောက်မီ ငါးမိနစ်အလိုတွင် ဝေါလီက လှမ်းမေးသည်။

"ခင်ဗျား ဘယ်လိုလုပ်ပြီး အပြင်ရောက်အောင် ထွက်မလဲ"

"လေယာဉ်ပေါ်တက်ဖို့လား။ လွယ်ပါတယ်ကွာ။ ငါပြောထားတဲ့အတိုင်းပေါ့"

"မဟုတ်ဘူး။ ကျွန်တော်က ကိုလာစီ စံအိမ်ကြီးထဲကို ရောက်သွားပြီး ဘယ်လိုပြန်ထွက်မလဲဆိုတာကို သိချင်လို့"

သူ့အဖြေမှာ တိုတောင်းလှသည်။ သို့သော် နောက်ဘာမှ ထပ်မေးစရာ မရှိအောင် ပြည့်စုံ၏။

"အဝင်လမ်းရှိရင် အထွက်လမ်းလည်း ရှိရမှာပေါ့ကွာ"

စကားပြတ်သွားကြသည်။ စထွက်လာကတည်းက ခရေစီက တဖွဖွ မေးလာခဲ့သည်။

"မင်း အားလုံးရှင်းတယ်နော် ဝေါလီ"

"ရှင်းပါတယ်။ ဘာမှ အမှားအယွင်းမရှိစေရပါဘူး။ စိတ်ချပါ အစ်ကိုကြီး"

"အားလုံးပြီးတော့ကော"

"ကျွန်တော်တို့ တစ်ခါတည်း တန်းလစ်မှာပါ"

"တစ်မိနစ်ကလေးတောင် နောက်မကျစေနဲ့နော်။ မနက်ထွက်မယ့် သင်္ဘောကို မီအောင်လိုက်ကြပေတော့၊ ကြားလား"

"စိတ်ချပါဆိုဗျာ။ ဘာမှမပူစမ်းပါနဲ့။ ကိစ္စတွေအားလုံးပြီးရင် ဩစတြေးလျကို လာလည်ဦးနော်"

နောက်ခုံတန်းမှ ခပ်ဖြည်းဖြည်းရယ်သံ ထွက်ပေါ်လာသည်။

"လာခဲ့မှာပေါ့ကွ။ ပက်ဒီကို စောင့်ရှောက်ပါကွာ။ မင်းအပေါ်ကို သံယောဇဉ် သိပ်ကြီးရှာပါတယ်"

"ကျွန်တော်သိပါတယ်။ အစ်ကိုကြီး၊ ကွင်းကို ရောက်တော့မယ်။ ကား နှစ်စီးပဲ ရှိတယ်။ အားလုံး အိုကေမှာ ပြနေတယ် အစ်ကိုကြီး"

ဝေါလီက သူ့ကားကို လေယာဉ်နံဘေးသို့ ကပ်ပြီး ရပ်လိုက်သည်။ တံခါးကိုဖွင့်ပြီး ဆင်းသည်။

"ကံကောင်းပါစေ အစ်ကိုကြီး"

နောက်သို့ လှည့်မကြည့်ဘဲ နှုတ်ဆက်စကားကိုဆို၏။

"အေး၊ အေး ကျေးဇူးတင်ပါတယ် ဝေါလီရာ"

*

'ဆီဇာရီ' က လေယာဉ်ပျံသန်းဖို့အတွက် စတင်စစ်ဆေးနေသည်။

သူက သည်အခေါက်ကို လိုက်မောင်းရခြင်းအတွက် ကျေနပ်နေ၏။

ဆီဇာရီသည် လေတပ်တွင် လေယာဉ်မောင်းသင်တန်းတက်ခဲ့သူဖြစ်၍ ဥပဒေကို အလွန်လေးစားသူဖြစ်သည်။ ခြောက်နာရီလုံးလုံး နေ့လယ်ပိုင်း နှစ်ရက်ဆက် စောင့်ခဲ့ရသဖြင့် မသောက်ရသည်မှာ နှစ်ရက်ရှိပြီ။ သူသည် ယမကာလေး တမြမြနှင့် အနားယူတတ်သူ ဖြစ်သည်။

'ထရာပင်နီ' တွင် တစ်ညအိပ်ပြီး အပန်းဖြေရန် ●တ်ကူးလိုက်သည်။ သူငယ်ချင်းတွေနှင့် မတွေ့သည်မှာ ကြာပြီလေ။ သူ့ညာဘက်တွင် ထိုင်နေသည့် ဩစတြေးလျအမျိုးသားကို ငဲ့စောင်းကြည့်လိုက်သည်။ သူ့ကြည့်ရသည်မှာ စိတ်လှုပ်ရှားနေပုံ၊ ဆီဇာရီက ကြုံဖူးလှပြီ။ ဧရာမ လေယာဉ်ကြီးတွေကို စီးနေကျလူများသည် ယခုလို လေယာဉ်ပေါက်စနလေးတွေကိုစီးရလျှင် သွေးလန့်တတ်ကြသည်။

"သွားဖို့ အသင့်ဖြစ်နေပါပြီ ခင်ဗျ"

လေယာဉ်မှူးက ဝေါလီကို သတင်းပို့လိုက်သည်။

"ကောင်းပြီလေ"

ဝေါလီက ခပ်တည်တည် ခေါင်းညိတ်ပြီး ပြန်ဖြေ၏။

ဝေါခနဲ စက်နိုးလာတော့ လေယာဉ်မှူးက ဒိုင်ခွက်တွေကို ကြည့်ရှုစစ်ဆေးနေ၏။ ဝေါလီက စက်သံတွေ ဆူညံနေသည့်ကြားက လေယာဉ်မှူး၏ လက်မောင်းကို ပုတ်ပြီး အော်ပြောသည်။

"ထရာပါနီကို ဘယ်လောက်မောင်းရသလဲဗျ"

"တစ်နာရီ ပျော့ပျော့လောက် မောင်းရတယ်ခင်ဗျ"

လေယာဉ်မှူးက ဒိုင်ခွက်ကို ကြည့်နေရာမှ ပြန်ဖြေသည်။

"လေယာဉ်ပေါ်မှာ အိမ်သာပါလား ခင်ဗျ"

လေယာဉ်မှူးက ခေါင်းယမ်းပြီး ပြန်ဖြေလိုက်သည်။

"ရှူးရှူးပေါက်ချင်တယ်ဗျာ၊ ခဏလေး ဆိုင်းလို့ရမလား"

လေယာဉ်မှူးက ပြုံးလိုက်သည်။ ဒီငနဲ တကယ် ကြောက်သေးပါပြီပဲ။

"ရပါတယ်ဗျာ၊ သွားပါ။ ပန်ကာရွက်ကို သတိထားနော်"

ဝေါလီက ဘေးမှ ခါးပတ်ကို ဖြုတ်ပြီး အောက်သို့ ပြန်ဆင်းလိုက်သည်။ လေယာဉ်မှူးက ဒိုင်ခွက်တွေနှင့် ဆက်အလုပ်ရှုပ်နေသည်။

နှစ်မိနစ်ကြာတော့ ပြန်တက်လာသည်။

စောစောက ခရီးသည် မဟုတ်တော့။

ဆီဇာရီက မျက်စိစွေကြည့်လိုက်ပြီး တစ်ကိုယ်လုံးတောင့်တင်းသွားသည်။ တဖြည်းဖြည်းနှင့် ခေါင်းတစ်ခုလုံးကို လှည့်ကြည့်လိုက်၏။ ဒုတိယ ခရီးသည်၏ လက်ထဲတွင် ပစ္စတိုက အဆင်သင့်။

"ကဲ ဆက်လုပ်"

ထိုလူကြီးက သူ့ခန္ဓာကိုယ်ကြီးနှင့် မမျှသည့် လေယာဉ်ခုံပေါ်သို့ ခဲရာခဲဆစ် ထိုင်ချလိုက်သည်။

"ခင်ဗျားမှာ ဘာအန္တရာယ်မှ မရှိပါဘူး။ ကျုပ်ပြောတဲ့အတိုင်း လိုက်နာရင်ပေါ့လေ"

သူက ထိုင်ခုံတွင် ထိုင်ပြီး ခါးပတ်ကို မပတ်သေးဘဲ လေယာဉ်မှူးဘက်သို့ လှည့်ပြီး ပစ္စတိုကို ချိန်ထားရင်း

"ကဲ ခင်ဗျား လုပ်စရာရှိတာသာ ဆက်လုပ်။ ထုံးစံအတိုင်း လုပ်နော်။ ကျုပ် လေယာဉ်ပျံ ကောင်းကောင်းမောင်းတတ်တယ်။ ရေဒီယိုဆက်သွယ်ရေး စနစ်ကိုလည်း နားလည်တယ်။ အဲဒီတော့ ထွေလီကာလီလုပ်ဖို့တော့ မကြိုးစားနဲ့၊ ဟုတ်ပြီလား"

ဆီဇာရီက လုံးဝမလှုပ်ဘဲ လက်နှစ်ဘက်ကို ဒူးပေါ်တင်ကာ ထိုင်နေသည်။ သူ့ဦးနှောက်ကမူ သွက်လက်စွာ အလုပ်လုပ်လျက် ရှိ၏။

ဒုတိယခရီးသည်က သူ စဉ်းစားခန်းဝင်နေသည်ကို စောင့်ကြည့်နေ၏။ ဘာမှ ဝင်မပြော။

နောက်ဆုံးတွင် ထုံးစံအရ ပျံသန်းဖို့ စိတ်ပိုင်းဖြတ်လိုက်ပြီး အလုပ်ဆက်လုပ်သည်။ နောက်ထပ် ၁၀ မိနစ်အကြာတွင် ပေ ၄၀၀၀ ကျော် အမြင့်သို့ ရောက်နေပြီ။

စစ္စလီကျွန်း၏ မီးရောင်များကို ဟိုအဝေးတွင် လှမ်းမြင်နေရ၏။

*

"ကဲ ခင်ဗျား သေနတ်ကြီး ထားလိုက်ပါတော့။ ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာ ကျွန်တော် သိပါတယ်"

ခရေစီက ခဏမျှစဉ်းစားပြီး သေနတ်ကို ပြန်သိမ်းလိုက်သည်။ လေထီး

ထုပ်ကို ပိုက်ပြီး ပို၍နေသားတကျဖြစ်စေရန် ထိုင်ခုံပေါ်တွင် နေရာပြင်လိုက်၏။ ပြီးတော့မှ သူတို့နှစ်ယောက်ကြားရှိ ပျံသန်းမှုမြေပုံကို ဆွဲယူကြည့်လိုက်သည်။

ထရာပါနီသို့ ပျံသန်းမည့် လမ်းကြောင်းကို ခဲတံဖြင့် ဆွဲထားသည်။ ကိုလာစီ စံအိမ်ကြီး၏တောင်ဘက် သုံးမိုင်အကွာမှ ဖြတ်သန်းမည်ဖြစ်၏။

ခရေစီက လေယာဉ်မှူးကို လှမ်းကြည့်လိုက်သည်။

"မီးပြတိုက်ကို ကျော်တာနဲ့ ခင်ဗျား ကျွန်းဘက်ကို လှည့်ရမယ်"

ဆီဇာရီက မဲ့ပြုံးပြုံးလိုက်ပြီး

"ကျွန်တော်တို့ကုမ္ပဏီက ဒါထက် ပိုရသင့်တယ်ဗျ"

ခရေစီက ပြုံးလိုက်သည်။

"လျှော့ယူဖို့ ကောင်းတာပါဗျာ။ ကျုပ်က ခရီးဆုံးထိလိုက်မှာမှမဟုတ်ဘဲ"

"ဒါဖြင့် ကျွန်တော်တို့ ကံကောင်းတာပေါ့။ ကြိုတင်ငွေ အပြည့်ရထားတဲ့အတွက်လေ။ ကဲ... ခင်ဗျားခရီးစဉ်ကို ပြောပါ"

ခရေစီက လေယာဉ်မှူးဘက်သို့ လှည့်ထိုင်လိုက်သည်။ မြေပုံချပ်ကို ထောက်ပြပြီး

"ဒီနေရာကို ခင်ဗျား ကောင်းကောင်းမြင်ရလိမ့်မယ်။ ပါလာမိုရဲ့အရှေ့ဘက် သုံးကီလိုမီတာ။ မီးတွေ ထိန်နေလိမ့်မယ်။ ခရစ်စမတ်သစ်ပင်ကြီး ကျနေတာပဲ"

ခရေစီက အမြင့်ပေပြ ဒိုင်ခွက်ကို လှမ်းကြည့်လိုက်သည်။ သူတို့ ပျံသန်းနေသည်မှာ ပေ ၅၀၀၀ အမြင့်မှ ဖြစ်သည်။

"ဘယ်လောက်အမြင့်ကနေပြီး ခင်ဗျားတို့ ပျံလေ့ရှိသလဲ"

ခရေစီက မေးခွန်းထုတ်လိုက်သည်။

"ပေ ၇၀၀၀"

"ဟုတ်ပြီ။ မီးပြတိုက်ထိ အဲဒီအမြင့်နဲ့ မောင်း။ အဲဒီကကျော်ရင် ခင်ဗျား ၁၂၀၀၀ ထိတက်"

ဆီဇာရီက ခရေစီကို ဖျတ်ခနဲ ကြည့်လိုက်သည်။

ခရေစီက ပေအမြင့်ဆုံး နေရာမှ ခုန်ဆင်းပြီး ပေအနိမ့်တွင် လေထီးဖွင့်သည့် အမြင့်ခုန်စနစ်ဖြစ်ကြောင်း ရှင်းပြလိုက်သည်။

"လေထီးက ပေဘယ်လောက်ရောက်မှ ပွင့်မှာလဲဗျ"

"ပေနှစ်ထောင် မရောက်မချင်း မပွင့်ဘူး။ လေပေါ်မှာလည်း မှုတည်တယ်။

ခုလေက အရှေ့ဘက်ကနေ ၁၀ မိုင်နှုန်း တိုက်နေတယ်။ ဒါကြောင့် ကျုပ်က ပစ်မှတ်နဲ့ ပိုပြီး နီးနီးဆင်းရမယ်"

ဆီဇာရီက လေထီးထုပ်ကို ကြည့်ပြီး

"ဘယ်လိုလေထီးမျိုးလဲဗျ"

"အတောင်ပံနဲ့ စွန်လေထီးလေ၊ ပြင်သစ်ပြည်လုပ် လေထီးတစ်မျိုးပေါ့။ မစွတရယ်လို့ ခေါ်တယ်"

ဆီဇာရီက ခရေစီ၏တစ်ကိုယ်လုံးမှ တန်ဆာပလာတွေကို ကြည့်ပြီး

"ခင်ဗျားဟာ နာမည်ကျော် ကြေးစားစစ်သားဟောင်းကြီးတစ်ယောက် ဆိုတာ ကျွန်တော် သိပါတယ်။ ခင်ဗျားလုပ်ရမယ့်အလုပ်ဟာ ဘယ်လောက်ကြီးမား တယ်ဆိုတာလည်း ကျွန်တော် သိပါတယ်"

ဆီဇာရီက ခဏတွေစဉ်းစားပြီး

"ကျွန်တော် ဒီဧရိယာတစ်ဝိုက်ကို ကောင်းကောင်းကျွမ်းတယ်။ ခင်ဗျား ပြောတဲ့အတိုင်းဆင်းရင် တောင်ရဲ့ ဟိုဘက်ကို ပါသွားနိုင်တယ်။ ပေနှစ်ထောင် မရောက်ခင် လေတိုက်နှုန်းကိုလည်း ထည့်တွက်ရမယ်လေ။ ဒါကြောင့် တောင် ဘက်ကို များများယူပြီး ဆင်းသင့်တယ်လို့ ကျွန်တော်ထင်တယ်"

ခရေစီက လုံးဝမစဉ်းစားမိခဲ့။ လေယာဉ်မှူး၏လေသံမှာ ရိုးသားစွာ ပြောနေကြောင်း သိသာလှသည်။

"ကျေးဇူးပဲဗျာ၊ ခင်ဗျား အတွေ့အကြုံရှိတယ်ထင်တယ်"

"ကျွန်တော် လေတပ်မှာ ငါးနှစ်ကြာခဲ့တယ်လေ။ ရိက္ခာတွေ၊ စစ်သားတွေ အများကြီး ချပေးခဲ့ဖူးတာပေါ့"

"ဟုတ်ပြီ၊ ဟုတ်ပြီ။ ကျေးဇူးတော့တင်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ခင်ဗျားရဲ့ရေဒီယိုကိုတော့ မလွဲမရှောင်သာလို့ ဖျက်ဆီးပစ်ခဲ့ရလိမ့်မယ်"

ဆီဇာရီက ရုတ်တရက် စကားပြန်မပြောဘဲ မှန်ရှေ့မှ အမှောင်ထုကို ကြည့်ပြီး လိုက်လာသည်။ အတန်ကြာမှ

"ခုလို ကြုံရတဲ့အတွက် ကျွန်တော် ဝမ်းသာပါတယ်ဗျာ။ ခင်ဗျားနောက်မှာ လူတွေ အများကြီးပါ။ ကျွန်တော်တို့တစ်တွေဟာ ဒီတောကြောင်ကြီးတွေရဲ့ အာဏာ စက်အောက်မှာ ကြိတ်မှိတ်ပြီး ခံစားခဲ့ရတာ ကြာပါပြီ။ ကျွန်တော် ခုလို ကူညီခွင့် ရတာ ဂုဏ်ယူလို့ မဆုံးပါဘူး။ ကျွန်တော် အတတ်နိုင်ဆုံးကြိုးစားပြီး ကူညီပါ့မယ်ဗျာ"

နှစ်ယောက်သား အတွေးကိုယ်စီနှင့် စကားစ ပြတ်သွားကြသည်။

ပြီးတော့မှ ခရေစီက မေးလိုက်သည်။

"ခင်ဗျား ထရာပါနီကို ဆက်သွားမှာလား"

ဆီဇာရီက ခေါင်းယမ်းပြီး

"ကျွန်တော် ရက်ဂီယိုကိုပဲ ပြန်လှည့်မယ်။ အဲဒါက ပိုပြီးအန္တရာယ်ကင်းမယ် ထင်တယ်။ ဟို ဩစတြေးလျက ဘယ်သူလဲဗျ"

မီးရောင်မှိန်မှိန်အောင်တွင် ခရေစီ၏အမူအရာမှာ နူးညံ့ပျော့ပျောင်း နေ၏။ ရိုးရိုးကလေး ပြန်ဖြေလိုက်သည်။

"ခင်ဗျားလို လူတစ်ယောက်ပဲပေါ့ဗျာ"

*

စစ္စလီကျွန်း၏မြို့တော် ပါလာမိုတွင် ရာသီဥတုမှာ ထွေးနွေးလျက်ရှိ၏။ ဂရင်းဟိုတယ်၏ ပြတင်းပေါက်များကို ဖွင့်ထားသည်။

ဆက်တာ၊ ဂိုက်ဒိုနှင့် ဘဲလူးတို့သုံးယောက် အရက်ခန်းထဲတွင် မတ်တတ်ရပ်လျက်သား အရက်သောက်နေကြသည်။ ဆက်တာက အမေရိကန်ဟန်ဖြင့် အရက်စုံ ရောသောက်သည်။

အမေရိကန်စိတ်ပေါက်သွားခြင်းမှာ အခန်းထောင့်မှ အမေရိကန်မလေး နှစ်ယောက်က သူ့ကို ကွက်ကြည့်ကွက်ကြည့်လုပ်နေ၍ဖြစ်သည်။ သူတို့နှစ်ယောက် အနက် တစ်ယောက်မှာ အပုံစားကလေးဖြစ်၏။ ဆံပင်နီနီနှင့်။ နောက်တစ်ယောက်က ရွှေရောင်ဆံပင်။ ရှက်ကြမ်းရေကျိုပုံမျိုး။ ဆက်တာက ဆံနီမလေးတွေလည်း သဘောကျတတ်၏။

အရေးထဲတွင် မ ဋ္ဌီကာ ဖွင့်နေသည်။

"လှတဲ့ ကောင်မလေးတွေနဲ့ မလှတဲ့ အရုပ်ဆိုးမလေးတွေ တွဲလိုက်ရင် နှစ်ယောက်လုံးအတွက် အကျိုးရှိတယ်ဗျ။ လှတဲ့ကောင်မလေးက ပိုလှသွားပြီး၊ မလှတဲ့ ကောင်မလေးက လှတဲ့ ကောင်မလေးရဲ့ အရှိန်နဲ့ ကြည့်ပျော် ရှုပျော် ဖြစ်သွားတတ်တယ်"

"ဘယ်လိုလဲ ဂိုက်ဒို၊ ဆံပင်နီကလေးကို သဘောမကျဘူးလား"

ဂိုက်ဒိုက လှမ်းကြည့်လိုက်၏။

အသက်အရွယ်ချင်း မတူ၍ အကြိုက်ချင်း မတူကြ။ တကယ် စွဲမက်စရာ

ကောင်းသည်က ရွှေရောင်ဆံပင် ပိုင်ရှင်ကလေး။ သူကလေးက ဂိုက်ဒိုနှင့် အကြည့်ချင်း ဆုံတော့ မျက်နှာကို အောက်ချလိုက်သည်။ ဂိုက်ဒိုကိုကြည့်နေသည်မှာ ထင်ရှားလှ၏။

သို့သော် ဂိုက်ဒိုက သည်နေ့ အာရုံမရှိ။ ခရေစီအတွက် စိုးရိမ်စိတ်က ထိပ်တက်နေသည်။

လူ၏ဦးနှောက်မှ တီထွင်သည့် ရိုးရိုးရေဒီယိုသည် တစ်ကမ္ဘာလုံးကို သတင်းပို့နိုင်၏။ လေဟာပြင်ထဲသို့လည်း မိုင်ပေါင်းများစွာ ပေးပို့ဖမ်းယူနိုင်၏။ သို့ဆိုလျှင် ယင်းကို တီထွင်သည့် လူ့ဦးနှောက်သည် ရေဒီယိုလှိုင်းထက်ပို၍ ဆက်သွယ်နိုင်သည်ဟု ယူဆနိုင်မည်လား။

ဂိုက်ဒိုက သည်ပြဿနာကို တစ်ခါမှ မစဉ်းစားဖူးခဲ့။ သို့သော် တစ်စုံတစ်ရာက သူ့ကို ပြောနေသည်တော့ အမှန်။

ခရေစီ လာနေပြီ။ ရောက်နေပြီ။

သည်လိုအချိန်တွင် သူက ကောင်မလေးတစ်ယောက်နှင့် ကမြင်းမနေသင့်။

ထို့ကြောင့် ပခုံးကို တွန့်ပြီး ဆက်တာကို လှမ်းပြောလိုက်သည်။

"ခင်ဗျားတို့ ရဲတွေက သိပ်ပင်ပန်းကြပါတယ်။ ကျေးဇူးဆပ်တဲ့အနေနဲ့ ကျွန်တော်တို့ ပြည်သူတွေက တစ်ခါတစ်ရံ ပျော်ရွှင်မှုမျိုးကို ခွင့်ပြုရမှာပေါ့ဗျာ"

"ဟော့ ဘဲလူး၊ မင်း သတိထားမိလား။ နေပယ်လ်သားကြီးက ရိုလည်း ရိုတတ်တယ်ကွ"

ဆက်တာက တစ်ဆက်တည်းတွင် အရက်ထပ်မှာလိုက်သည်။ ပြီးတော့မှ ဘဲလူးဘက်သို့ လှည့်၍

"ကဲ ဘဲလူးရေ၊ မင်းရာထူးတက်ဖို့ သင်တန်းထဲမှာ ဒါလည်း ပါတယ်။ ပထမဆုံး ညစာစားဖို့ ဖိတ်ရမယ်။ ဘယ်လိုလဲ၊ မင်း လုပ်ရဲပါ့မလား"

ဘဲလူးက ပခုံးနှစ်ဖက်ကို တွန့်လိုက်ပြီး

"ကျွန်တော် ရှန်ပိန်တစ်ပုလင်း ယူသွားပြီး သူတို့စားပွဲ သွားမယ်လေ။ ပြီးတော့ ညစာစားဖို့ ဖိတ်မယ်"

"ဘာကွ၊ ဖိတ်မယ် ဟုတ်လား။ ခေါ်မယ် လုပ်စမ်းပါကွာ"

"ဆရာပဲ ပြောထားတယ် မဟုတ်လား။ မိန်းမတစ်ယောက်ကို ဆက်ဆံတဲ့ နေရာမှာ စားပွဲထိုးတစ်ယောက်က ဆက်ဆံသလို ယဉ်ယဉ်ကျေးကျေး ဆက်ဆံ ရမယ်ဆို"

ဂိုက်ဒိုက သူတို့နှစ်ယောက်ပြောနေသည်ကို ဘာမှမကြား။ ဆက်တာ၏ လက်မောင်းကို ဖျတ်ခနဲ လှမ်းဆွဲလိုက်ပြီး

"ဟော ကြားလား"

ဖွင့်ထားသည့် ပြတင်းပေါက်မှ လေယာဉ်ပျံသံသဲ့သဲ့ ကြားရ၏။

"ခရေစီ ဖြစ်ရမယ်"

ဆက်တာနှင့် ဘဲလူးတို့က ပါးစပ်အဟောင်းသားနှင့် ကြည့်နေ၏။

"ဟုတ်တယ်။ သူ ရောက်လာပြီ"

ဂိုက်ဒိုက လက်ထဲမှ ဖန်ခွက်ကို ချပြီး တံခါးဆီသို့ ထွက်သွားသည်။ နောက်ပြန်လှည့်ပြီး ထပ်ပြောသည်။

"သူ လေထီးနဲ့ ဆင်းမယ်။ ဒီတစ်နည်းပဲရှိတယ်။ လာ သွားကြစို့"

*

တံခါးကို ဆွဲဖွင့်လိုက်သည်။

သူ့မျက်နှာနှင့် ပခုံးနှစ်ဖက်ကို လေယာဉ်မှူးက မြင်နေရသည်။ ကြက်ပေါင်စေး အောက်ခံ သူ့စစ်ဖိနပ် နှစ်ဖက်စလုံး လေယာဉ်တံခါးဘောင်ပေါ်တွင် အသင့်အနေအထားဖြင့်။ ဦးထုပ်ပျော့ကို တင်းတင်းဆွဲချလိုက်သည်။

မှောင်ရိပ်ထဲသို့ကျနေသည့် သူ့မျက်နှာမှ မျက်လုံးအစုံက လေယာဉ်မှူးကို စိတ်အားထက်သန်စွာ စောင့်ကြည့်နေ၏။ လေယာဉ်မှူး၏မျက်နှာမှာ တစ်စုံတစ်ခုကို အလေးအနက် အာရုံစိုက်ထားပုံ။

လေယာဉ်ကို မသိမသာကလေး ကွေ့လိုက်သည်။ မျက်လုံးအစုံက ဒက်ရှ်ဘုတ်ပေါ်ရှိ ဒိုင်ခွက်များကို ဘယ်ညာပြောင်း၍ ကြည့်လျက်။ လက်နှစ်ဖက်ကမူ အမြင့်ပေနှင့် အမြန်နှုန်းကို ညှိနေသည်။

ပဲ့ထိန်းခလုတ်ပေါ်မှ ခြေထောက်မှာ လေယာဉ်ပေါ်မှ အလေးချိန် လျော့သွားမည့်အချိန်တွင် လေဖိအား မောင်းတံပေါ်သို့ ပြောင်းရန်အသင့်။ ညာလက်ကို ဆန့်တန်းလိုက်ပြီး အော်ပြောလိုက်သည်။

"ကဲ ဆင်းတော့"

လေယာဉ်မှူးက ချက်ချင်း နောက်သို့ လှည့်ကြည့်လိုက်သည်။ ခရေစီ မရှိတော့။

*

ကိုလာစီ စံအိမ်ကြီး၏ ပြတင်းပေါက်တွေ အားလုံးကို ပိတ်ထားသည်။

ကင်တာရီလာက စာကြည့်ခန်း ခန်းဆီးကို ပင့်၍ ဥယျာဉ်ထဲသို့ ငုံ့ကြည့်လိုက်သည်။ လုံး၀ ပိန်းပိန်းပိတ်မှောင်လျက်။ ဝင်းခြံအုတ်တံတိုင်း၏ အပြင်ဘက်တွင်မူ မီးမောင်းကြီးတွေ ထိန်ထိန်ညီးနေ၏။

ကင်တာရီလာသည် လွန်ခဲ့သော ရက်အနည်းငယ်အတွင်းမှစ၍ တဖြည်းဖြည်းအကြောက်ပြယ်သွားပြီး ဒေါသစိတ်တွေ ထကြွသောင်းကျန်းနေ၏။ နှစ်ပေါင်းများစွာ ပြားပြားဝပ်၊ ဖိမ့်ဖိမ့်တုန်အောင် အုပ်ချုပ်နိုင်ခဲ့သော မိမိ၏အာဏာနှင့် အရှိန်အဝါကို လူတွေက သံသယဖြစ်လာကြပြီ။

၎င်းတို့ထဲတွင် မိမိ၏ တပည့်တပန်းများပင် ပါဝင်နေ၏။

လွန်ခဲ့သည့် မိနစ်အနည်းငယ် အတွင်းက သည်အခန်းထဲတွင် အဘရာတာ အပါအဝင် သူ့လက်ထောက်များ၏မျက်နှာများက သက်သေခံနေကြသည်။ အဘရာတာဆိုသည့် ငနဲက ပိုဆိုးသည်လေ။ မကြာခင် သည်ကောင် ဓာတ်သိမ်းရပေမည်။ သူ့စရိုတ်နှင့်သူ သွားအောင် အသာကလေး မျက်စပစ်ပြလိုက်ရုံပင်။ နှုးညံ့သိမ်မွေ့သည့် သူ့မျက်နှာသည် ခက်ထန်တင်းမာနေ၏။ နှုတ်ခမ်းထူကြီးများကို တင်းတင်းစေ့ထားသည်။

ခန်းဆီးကို ဆွဲစေ့ပြီး စားပွဲတွင် ပြန်ထိုင်သည်။

ထိုတဒင်္ဂတွင် ခရေစီသည် ဧရာမ လင်းနို့ကြီးတစ်ကောင်လို ကိုလာစီ ဥယျာဉ်ကြီးအတွင်းသို့ ဝဲပျံ ဆင်းသက်ခဲ့ခြင်း ဖြစ်လေသည်။

❑

## (၁၈)

သစ်သီးခြံနံဘေးမှ မြက်ခင်းပေါ်တွင် ဆင်းမိသည်။ ဖြည်းဖြည်းညင်ညင်၊ ငြိမ့်ငြိမ့်ညောင်းညောင်း။

စွန်တောင်ပံလေထီးကို ရုပ်သိမ်း၍ သစ်ပင်အုပ်ထဲသို့ ဆွဲယူသွားသည်။ ကိုယ်လ်ပစ္စတိုကို အသံတိတ်ကိရိယာ ခပ်သွက်သွက်တပ်လိုက်၏။

သစ်ပင်တစ်ပင်ခြေရင်းသို့ တွားသွားပြီး ညကြည့် မှန်ဘီလူးကို ရင်ဘတ်အိတ်မှ ထုတ်ယူလိုက်သည်။ ကိုလာစီခြံကြီး၏ပတ်ပတ်လည်ကို ဝေ့ကြည့်လိုက်သည်။

မည်းမည်းအရိပ်နှစ်ခု မြေပြင်နှင့်ကပ်၍ ပြေးလာသည်။ ဘေးချင်းယှဉ်၍ တစ်ဟုန်ထိုး ပြေးလာခြင်းဖြစ်သည်။

ညကြည့်မှန်ဘီလူးနှင့် ကိုယ်လ် ပစ္စတိုကို တညီတည်း နိမ့်ချလိုက်သည်။ အသက်ကို အောင့်ထားပြီး သေသေချာချာ ကြည့်လိုက်သည်။

လူတစ်ယောက်ကို အသံမပြုဘဲ ချောင်းမြောင်းတိုက်ခိုက်ဖို့ သင်ထားသည့် ဒိုဗာမင်ခွေးကြီး နှစ်ကောင်။

နှစ်ကောင်စလုံး တိတ်တိတ်ကလေး သေဆုံးသွားကြသည်။

ပထမတစ်ကောင်က ဆယ်မီတာအကွာတွင် ငြိမ်သက်သွားသည်။အသံမပြုသည့် ကျည်ဆန်နှစ်တောင့်က ခေါင်းနှင့် လည်ချောင်းကို ဖြတ်သန်းသွားကြသည်။

ဒုတိယကောင်က ငါးမီတာအကွာထိ ရောက်လာသည်။ တတိယ ကိုယ်လ်အသံမဲ့ကျည်ဆန်သည် အသည်းတည့်တည့်ကို ထိုးဖောက်ထွက်သွားသည်။ ဒုတိယတစ်ကောင်သည် အရှိန်နှင့် ကျွမ်းပြန်ရောက်လာပြီး ခရေစီ၏ ခြေရင်းနားတွင်

ငြိမ်သက်သွားသည်။ နေပယ်လ်နှင့် ဂျူဗင်တပ်စ် ဘောလုံးပွဲမှာ အလွန်ကြည့်ကောင်းသော ပွဲဖြစ်သည်။ မီးဖိုဆောင်ထဲရှိ အစောင့်အားလုံး၏ မျက်လုံးများသည် ရုပ်မြင်သံကြားတွင် စူးစိုက်လျက်ရှိကြ၏။ ထိုစဉ် မှန်ကွဲသံနှင့်အတူ ပုံမကျပန်းမကျ လက်ပစ်ဗုံးကြီးတစ်လုံးသည် အခန်းထဲသို့ ဝေ့ပြီး ဝင်လာသည်။

ပေါက်ကွဲသံနှင့်အတူ တစ်ပြိုင်တည်း ပွဲချင်းပြီး သုံးယောက် သေဆုံးကာ နှစ်ယောက် ဒဏ်ရာရသည်။ လွတ်သွားသည့် နှစ်ယောက် သူတို့ စက်သေနတ်တွေကို လှမ်းယူချိန် မရလိုက်တော့။

ခရေစီက တံခါးကို ကန်ဖွင့်ဝင်လိုက်၏။ အင်ဂရမ်စက်သေနတ် ပြောင်းဝမှ မီးလျှံငယ်များ ဖြာထွက်သွားသည်။ မီးဖိုဆောင်တစ်ခုလုံး ဝိညာဉ်မဲ့ ဖြစ်သွားပြီ။

အိမ်မကြီးဆီသို့ သွားသည့် စင်္ကြံလမ်းကို အပြေးဝင်ရမည်ဖြစ်သော်လည်း တံခါးတစ်ချပ်၏ နောက်ကွယ်တွင် အသာခိုလိုက်သည်။

ကျောက်သားအခင်းပေါ်တွင် ကျည်ကတ်အခွံကို လွှင့်ပစ်လိုက်၏။ စက္ကန့်ပိုင်းအတွင်း အသစ်တစ်ခု အစားထိုးလိုက်သည်။ ပြီးတော့မှ နံရံကို ကျောပေးကပ်ကာ အသံဗလံ တုံ့ပြန်မှုကို နားစွင့်လိုက်သည်။

စင်္ကြံလမ်း၏ တစ်ဖက်ဆုံးရှိ အိမ်မကြီးဆီမှ အော်ဟစ်မေးမြန်းသံ ထွက်ပေါ်လာသည်။ အပေါ်ထပ်ဆီမှ အသံများကိုလည်း ခပ်သဲ့သဲ့ကြားရသည်။ ပိတ်ထားသည့် တံခါးတွေ ပွင့်လာကြသည်။

ပွင့်လာသည့် တံခါးပေါက်ဆီသို့ ခရေစီက ကိုယ်ကို တတ်နိုင်သမျှကုန်း၍ လျှောခနဲရောက်သွားသည်။ တစ်ဆက်တည်းတွင် အင်ဂရမ်စက်သေနတ်ပြောင်းဝမှ မီးဖွားတွေ ဖြာထွက်သွားပြန်သည်။

သူတို့အားလုံး သုံးယောက်။ တစ်ယောက်က နောက်ပြန်ဆုတ်သွားချိန်ရသည်။ နှစ်ယောက်မှာမူ ရေပြွတ်နှင့် အပက်ခံရသည့်အလား။

ခရေစီက နံရံတစ်ဘက်သို့ ကပ်လိုက်ပြန်သည်။ ကျည်ကတ်အသစ်တစ်ခုကို လဲထည့်လိုက်ပြန်သည်။

သူလှုပ်ရှားနေပုံမှာ တိကျလှသည်။ စည်းချက်ညီညီ ကနေသည့်အလား။

စက်သေနတ် ခလုတ်ကို ညှစ်လိုက်၊ နံရံတွင် ပြန်ကပ်လိုက်၊ ကျည်ကတ်လဲလိုက်နှင့်။ သမံတလင်းပေါ်တွင် တဖြောက်ဖြောက်ကျနေသည့် ကျည်ဆန်ခွံတွေက နာရီစည်းချက် လိုက်ပေးဘိသို့။

ကြောင်တစ်ကောင်၏ ပေါ့ပါးလျင်မြန်မှုမျိုးဖြင့် စကြံအဆုံးသို့ ပြေးကပ်လိုက်သည်။ ထိုသို့ပြေးသွားစဉ် သူ့ညာလက်က လျှပ်တစ်ပြက်အတွင်း ရင်ဘတ်မှ လက်ပစ်ဗုံး တစ်လုံးကို ဖြုတ်ပြီး အခန်းတွင်းသို့ ပစ်သွင်းလိုက်သည်။

ပေါက်ကွဲသံကို နံရံတွင် ကပ်ပြီး တစ်ချက် ရှောင်လိုက်သည်။ မျက်စိမှေးပြီး အတွင်းသို့ ပြန်ကြည့်လိုက်သည်။

လူတစ်ယောက် လွင့်ထွက်လာ၏။ ထိုလူက လဲကျနေရာမှ ညည်းတွားရင်း သူ့ကို သေနတ်ဖြင့် ချိန်ပြီး ပစ်ဖို့ ကြိုးစားသည်။

ခရေစီ၏လက်ညှိုးကလေး တစ်ချက်မျှ တင်းသွားသည်။ စက္ကန့်ဝက်မျှ ဆူညံသွားသည်။

ကိုလာစီ အဆောက်အအုံကြီးထဲသို့ ရောက်ပြီ။

လေှကားရင်းသို့ လှစ်ခနဲ ပြေးကပ်လိုက်သည်။ နံရံကို ကျောပေးလျက် နားစွင့်နေလိုက်သည်။

အပေါ်ထပ်တွင် ကင်တာရီလာက သူ့အခန်းဝတွင် ရပ်လျက်၊

ဘယ်ဘက်က သူ့ကိုယ်ပိုင် သက်တော်စောင့်၏ အင်္ကျီလက်မောင်းကို ကိုင်ထား၏။ ညာဘက်တွင်မူ ပစ္စတို သေနတ်။

"ဟော့ နေဦး၊ ရပ်"

ကင်တာရီလာက လှမ်းအော်လိုက်သည်။ ဒီကင်ဒီယာ၊ ဂရာဗယ်လီနှင့် အဘာရာတာတို့က သူတို့လက်ထဲမှ ပစ္စတိုကို အောက်သို့ စိုက်ချထားလိုက်သည်။

ကင်တာရီလာမှာ အကြောက်ကြီး ကြောက်နေပြီး အသံတွေတုန်နေ၏။

ဒီကင်ဒီယာက ရှပ်အင်္ကျီ မပါ။ သူ့ ရင်ဘတ်တစ်ခုလုံး အမွှေးအမှင်တွေ ဖုံးလွှမ်းလျက်။

"ဆင်း... မင်းတို့ တစ်ယောက်ချင်း ဆင်း"

သူတို့သုံးယောက် ဆယ်မီတာအကွာမှ ကင်တာရီလာကို ကြောင်ပြီး ကြည့်နေကြ၏။ ကင်တာရီလာ၏မျက်နှာမှာ ဒေါသနှင့် ထိတ်လန့်ခြင်းတို့ ရောထွေးယှက်သန်းနေသည်။

"ဆင်းလေကွာ"

သူက ပစ္စတိုကို မြှောက်ပြီး ထပ်အော်ပြောသည်။

စိတ်လှုပ်ရှားသူက ဒီကင်ဒီယာ။

ပထမ လေ့ကားထစ်ကို ဆင်းလိုက်သည်။

ဒုတိယ တစ်ထစ်။

ကင်တာရီလာ သူ့ကိုယ် အပေါ်ပိုင်းကိုသာ မြင်ရတော့သည်။

ထိုအချိန်အတွင်း စက်သေနတ်သံများနှင့်အတူ ဒီကင်ဒီယာ၏ကိုယ်ကြီး တဒိုင်းဒိုင်း ကျသွားခြင်းဖြစ်၏။

ဂရာဗယ်လီနှင့် အဘာရာတာတို့က နောက်သို့ ပြေးဆုတ်လာကြ၏။ သူတို့နှစ်ယောက်က ကင်တာရီလာကို ပြိုင်တူ လှည့်ကြည့်လိုက်ကြ၏။ ကင်တာရီလာက သက်တော်စောင့်ကို ကွယ်ပြီး ပုနေသည်။

လေ့ကားဆီသို့ ပြန်ကြည့်လိုက်သည်တွင် လက်ပစ်ဗုံးတစ်လုံးက ဂရာဗယ်လီနှင့် အဘာရာတာတို့နှစ်ယောက်အကြားသို့ တည့်တည့်လာကျသည်။ ဘာမှ လုပ်ချိန် မရလိုက်တော့။ ရှူခင်းမှာ မြင်မကောင်းလောက်အောင်ပင်။

လေ့ကားထောင့်တိုင်နှင့်ကွယ်နေ၍ ကင်တာရီလာနှင့် သက်တော်စောင့်ကို မထိ။

ကင်တာရီလာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။ သက်တော်စောင့်ကို တွန်းပစ်ခဲ့ပြီး သူ့အခန်းထဲသို့ ဒယီးဒယိုင် ပြေးဝင်သွား၏။

တံခါးကို မင်းတုပ်ချပြီး ပြတင်းပေါက်နားသို့ ပြေးသွားပြန်၏။ ခန်းဆီးကို တအားဆောင့်ဆွဲလိုက်သည်။ ဖွင့်ဖို့တော့ မကြိုးစား။

မှန်တစ်ချပ်ကို ပစ္စတိုနှင့် ရိုက်ခွဲလိုက်ပြီး အတွင်းမှ အသံကုန် အော်လိုက်သည်။

"ဟေ့... မင်းဘယ်မှာလဲ၊ လာခဲ့လေကွာ၊ တက်ခဲ့"

ခရေစီက ခြေဖော့ပြီး တစ်ထစ်ချင်း တက်ခဲ့သည်။

ဦးခေါင်းနှင့် ကြမ်းပြင် တစ်ပြေးညီသို့ အရောက်တွင် အပေါ်ထပ် အခြေအနေကို လျှပ်တစ်ပြက် အကဲခတ်လိုက်သည်။ အတုံးအရုံးဖြစ်နေသူများကို တစ်ချက် ဝေ့ကြည့်ပြီး လေ့ကားထစ်ဘက်သို့ ကပ်လိုက်သည်။

သွေးရူးသွေးတန်းနှင့် အော်ဟစ်နေသော ကင်တာရီလာ၏အသံကို အတိုင်းသား ကြားနေရသည်။

အင်ဂရမ် စက်သေနတ်ကို ညာလက်ဖြင့်ကိုင်ပြီး ဘယ်လက်ဖြင့် လက်ပစ်ဗုံး တစ်လုံးကို ဖြုတ်လိုက်သည်။ စက်သေနတ်ကို ကိုင်ထားသည့် ညာလက်ဆီသို့

ဘယ်လက်မှ လက်ပစ်ဗုံးကို နှိမ့်သည်။ ညာဘက် လက်သန်းနှင့် ပင်ကိုဖြုတ်သည်။ ပြီးတော့ တစ်ဘက်ထောင့်ချိုးရှိ ကင်တာရီလာ၏အခန်းဆီသို့ ချိန်ပြီး မြှောက်ပစ်လိုက်သည်။

ကင်တာရီလာက ပေါက်ကွဲသံကြား၍ လှည့်ကြည့်လိုက်တော့ အခန်းတံခါးကြီး တစ်စစီဖြစ်သွားပြီး ပတ္တာပါ ပြုတ်သွားသည်။ တစ်ပြိုင်တည်းတွင် သက်တော်စောင့်လုပ်သူ၏ ခန္ဓာကိုယ်ကြီးသည် အခန်းထဲသို့ ဘွားခနဲကျလာသည်။

ဗိုလ်တကာ့ဘုရင် ကင်တာရီလာသည် အတောင့်သားကြီး တွေရပ်နေ၏။ ကော်ဇောပေါ်တွင် ပုံပျက်ပန်းပျက်ဖြစ်နေသော သူ၏သက်တော်စောင့်ကို ငုံ့ကြည့်လျက်။

ပါးစပ်မှာ ဟနေသည်။ သို့သော် အသံမှာ လုံးဝထွက်မလာ။

သူ့ဦးနှောက်သည် အလုပ်လုပ်ခြင်းမှ တဒင်္ဂ ရပ်ဆိုင်းသွားသည်။

ထိုစဉ်တွင် အောက်ထပ်မှ အော်ဟစ် ဆူညံသံတွေ ကြားလိုက်ရခြင်းဖြစ်သည်။ သူ့လူတွေ၏အသံကို ကြားလိုက်ရ၍ အားတက်သွားသည်။

မျက်လုံးအစုံက ပျက်စီးသွားသော တံခါးဝကို ကြည့်လျက်။ စားပွဲ၏နောက်ကွယ်တွင် နေရာယူထားလိုက်သည်။ ပစ္စတိုက ချိန်လျက်သား။

အသက်ရှူနှုန်းသည် မြန်သည်ထက် မြန်လာသည်။

ခရေစီက ပျက်စီး ပြိုကျသွားသည့် တံခါးပေါက်ဝမှ ဒိုင်ဗင်ထိုးကာ လိမ့်ဝင်လိုက်သည်။ အခန်းအလယ်မှ သက်တော်စောင့်၏ အလောင်းနံဘေးတွင် ဒူးထောက်ထိုင်လိုက်သည်။

အသင့်ဖြစ်နေသည့် ကင်တာရီလာက နှစ်ချက် ဆင့်ပစ်လိုက်သည်။ ကြောက်ကြောက်လန့်လန့်နှင့် ခလုတ်ကို ဆွဲလိုက်ခြင်းဖြစ်၏။ သို့သော် တစ်ချက်မှာ ကံကောင်းသည်။

ခရေစီ၏ခန္ဓာကိုယ်ကြီးသည် တစ်ဖက်သို့စောင်း၍ လည်ထွက်သွားသည်။

ကင်တာရီလာက စားပွဲနောက်မှ ထပြီး ဝမ်းသာအားရနှင့် အော်ဟစ်ပြီး နှစ်ချက်ဆင့်ပစ်သည်။ တစ်ချက်မှ ဒထိ။

ကင်တာရီလာသည် လုံးဝ တိုက်ပွဲဝင် အတွေ့အကြုံရှိသူ မဟုတ်။ တစ်ချက်တည်း ကံကောင်းရုံနှင့် ကိစ္စမပြီးပေ။ ခရေစီ၏ ညာဘက်ပခုံးရိုးသည် သွင်သွင် ကျိုးသွားလေပြီ။ သို့သော် လည်ပင်းတွင် ဆွဲထားသည့် အင်ဂရမ် စက်သေနတ်ကိုမူ ဘယ်ဘက်လက်ဖြင့် အသုံးချနိုင်သေးသည်။

ခရေစီ၏ စက်သေနတ်ပြောင်းဝမှ ကျည်ဆန်တွေ တရဟော သွန်ထွက်သွားသည်။ ခရေစီက မတ်တတ်ထရပ်လိုက်သည်။ နာကျင်မှုဝေဒနာကို ကျိတ်မှိတ်ခံစားလျက်။ ဘယ်လက်သည် အင်ဂရမ်ခလုတ်တွင် ရှိနေဆဲ။

စားပွဲနောက်ဘက်သို့ ပတ်သွားသည်။

ကင်တာရီလာက ပက်လက်လန်လဲကျနေ၏။ ဗိုက်ခေါက်ထူထူကြီးကို လက်နှစ်ဖက်ဖြင့် ဖိလျက်။ သွေးတွေက လက်ချောင်းများကြားမှ တသွင်သွင်စီးဆင်းနေ၏။

ခရေစီမျက်နှာကို မော့ကြည့်လိုက်သည်။

သူ့မျက်လုံးများထဲတွင် ကြောက်ရွံ့ခြင်း၊ မုန်းတီးခြင်း၊ တောင်းပန်တိုးလျှိုးခြင်း အမိပ္ပာယ်တို့ဖြင့် ရောယှက်နေ၏။ ခရေစီက အပေါ်စီးမှ စီးမိုး၍ ဒဏ်ရာတွေကို စစ်ဆေးကြည့်ရှုနေသည်။ စိတ်ချရလောက်သည့် ဒဏ်ရာတွေဖြစ်သည်။

သို့သော် သူက ညာဘက်ခြေထောက်ကို မ လိုက်သည်။ နက်ပြောင်နေသည့် ဖိနပ်ဦးဖြင့် ကင်တာရီလာ၏ မေးစေ့ကို ပင့်၍ လည်မျိုပေါ်သို့ ဖိနပ်ကို ကန့်လန့်ဖြတ် တင်လိုက်သည်။ ပြီးတော့မှ တိုးတိုးကလေး ပြောလိုက်၏။

"ပင်တာဆိုတဲ့ ကောင်မကလေးလိုပေါ့ကွာ။ မင်းလူတွေက တမင်သတ်တာတော့ မဟုတ်ဘူး။ အသက်ရှူကျပ်ပြီး သေရတာလေ"

သူ့ကိုယ်အလေးချိန်ကို ခြေထောက်တစ်ဖက်တည်းပေါ်သို့ ပြောင်းယူလိုက်သည်။

*

အိမ်ပေါ်သို့တက်လာကြသည့် ကင်တာရီလာ၏တပ်သားတွေက တဖြည်းဖြည်းနှင့် သူတို့ရှိရာ အခန်းဆီသို့ နီးကပ်လာကြသည်။ အခန်းထဲမှ အသံကိုညစ်၍ ညည်းညူနေသံကို ကြားလိုက်ရ၏။ ရုတ်တရက် အခန်းထဲသို့ မဝင်ရဲကြ။ စက်သေနတ်ခလုတ်များကို တင်းတင်းကိုင်၍ ကြောက်ကြောက်ရွံ့ရွံ့နှင့် ဝင်သွားကြသည်။

ခရေစီ၏ အင်ဂရမ် စက်သေနတ်ဒဏ်ကြောင့် သူတို့တစ်တွေ အတုံးအရုံးပြိုလဲကျကုန်သည်။

အပြန်အလှန် ပစ်ခတ်ကြ၏။ ခရေစီကိုယ်တိုင်လည်း ဒဏ်ရာများစွာနှင့် လဲကျသွားတော့သည်။

*

**ပုဂံစာအုပ်တိုက်**

တံခါးမကြီး၏ရှေ့သို့ ကားကို ကျွီခနဲ ဘရိတ်အုပ်လိုက်ပြီး အရှိန်နှင့် ထိုးဆိုက်လိုက်သည်။

ဆက်တာနှင့် ဘဲလူးတို့နှစ်ယောက် ကားထဲမှ ခုန်ထွက်လာကြသည်။

တံခါးမကြီးအတွင်းမှ အခိုင်အမာ ပိတ်ထားကြသည်။

ဆက်တာက စိတ်မရှည်နိုင်ဘဲ ဆောင့်ကန်လိုက်ချိန်တွင် ဘဲလူးက လူခေါ်ကြိုးကို တအားဆွဲလျက်ရှိ၏။

ဟွန်းကို ဆူညံစွာတီးလျက် နောက်ထပ် ရဲကားတစ်စီးရောက်လာသည်။ ကားကို မောင်းလာသူက ဂိုက်ဒို။ ရဲသားများကားပေါ်မှ ပြေးဆင်းလာကြသည်။

ဂိုက်ဒိုက ကားကို နောက်ပြန်ဆုတ်ကာ အရှိန်ယူ၍ ပတ္တာတွယ်ထားသည့်ဘက်သို့ ချိန်ပြီး တအားပစ်ဆောင့်လိုက်သည်။ တိုက်လိုက်သည့်အရှိန်မှာ ပြင်းထန်လှ၏။ သို့သော် တံခါးကြီးတစ်ခုလုံး ပြိုကျမသွား။ လူတစ်ကိုယ်ဝင်ရုံလောက် အပေါက်တစ်ခုသာ စုတ်ပြတ်ပွင့်ထွက်သွား၏။

ဂိုက်ဒိုက ကားပေါ်က ခုန်ဆင်းပြေးဝင်သွားသည်။

ဆက်တာက ခေါင်းတစ်ခုလုံး ကြေမွသွားသော ကားကိုကြည့်ပြီး ကြောင်နေသည်။ ဘဲလူးက ဂိုက်ဒို့နောက်မှ ပြေးဝင်လိုက်သွားသည်။ ဆက်တာက ပခုံးတွန့်ပြီး သူတို့နှစ်ယောက်နောက်မှ ပြေးလိုက်သွားသည်။

ကိုလာစီအိမ်မကြီး၏ မုခ်ဝတွင် ဂိုက်ဒို ကြောင်ပြီး ရပ်ကြည့်သည်ကို သူတို့ လှမ်းမြင်လိုက်ရသည်။ ပြီးတော့မှ မြက်ခင်းကိုဖြတ်၍ အိမ်ကြီး၏ထောင့်ဘက်ဆီသို့ ပြေးသွားကြသည်။ မီးဖိုတံခါးဆီသို့ သူတို့ရောက်တော့ ဂိုက်ဒိုကို မျက်ခြည်ပြတ်သွားသည်။

မီးဖိုတံခါးဝတွင်ရပ်ပြီး သူတို့နှစ်ယောက် ကြက်သေသေသွားကြသည်။ ဘဲလူးက ဦးစွာ လှုပ်ရှားလိုက်သည်။ မျက်နှာလွှဲကာ ဝေါ့ခနဲ ထိုးအန်လိုက်သည်။

ဆက်တာက ဘဲလူးကို ဆွဲကာ စကြံဘက်ဆီသို့ ပြေးထွက်သွားသည်။

ကျောက်ဖြူသား ကြမ်းပြင်မှာ အနီရောင်လွှမ်းနေ၏။

တစ်ယောက်နှင့် တစ်ယောက် စကားမပြောဖြစ်ကြဘဲ မြင်မကောင်းရှုမကောင်းဖြစ်နေသည့် စင်္ကြံကို ကျော်လွှားဖြတ်သန်းသွားကြသည်။ လေ့ကျင့်ရင်းမှ လက်ကားယား ခြေကားယားနှင့် တစ်ယောက်ကိုကြည့်ပြီး ဘဲလူးက ပြောလိုက်၏။

"ဒါက သူ့ညာလက်ရုံး ဒီကင်ဒီယာပေါ့"

လှေကားပေါ်သို့ ပြေးတက်သွားကြသည်။

"ဟ ကုန်လောက်ပြီပဲ။ ကျွန်တော့်အထင်တော့ ဒါဟာ ဂရာဗယ်လီနဲ့ အဘရာတာ ဖြစ်ရမယ် ဆရာ"

သူတို့နှစ်ယောက်ပွင့်နေသည့် စာကြည့်ခန်းဘက်ဆီသို့ ဆက်သွားကြသည်။

ဂိုက်ဒိုကို စားပွဲနောက်တွင် ကုန်းကုန်းကွကွနှင့် တွေ့ရသည်။ သူတို့အသံကြားတော့ လှမ်းခေါ်သည်။

"ဗျို့... ဒီကို ဒီကို၊ ကျုပ်ကို လာကူကြပါ၊ မြန်မြန်လာပါဗျ"

ဆက်တာက ခရေစီမျက်နှာကို ငုံ့ကြည့်လိုက်သည်။

မျက်လုံးများ ပွင့်လျက်။ ဆက်တာကို ငေးကြည့်နေ၏။ အံကို ကြိတ်ထားသည်။ ဝေဒနာကို တင်းခံနေသည့်ပုံ။

ဆက်တာက မျက်နှာလွှဲပြီး သွေးအလိမ်းလိမ်းနှင့်ဖြစ်နေသည့် သူ့ဒဏ်ရာတွေကို ငုံ့ကြည့်နေသည်။

ဂိုက်ဒိုက လက်တစ်ဖက်ဖြင့် ခရေစီ၏ ချိုင်းအောက်မှ မထားသည်။ လက်မောင်းကိုလည်း ဆုပ်ထားသည်။

"ခင်ဗျား ညာဘက်ပေး၊ အောက်ကနေ လျှိုလိုက်"

ဂိုက်ဒိုက ဆက်တာကို အလောတကြီး ပြောလိုက်သည်။ ဆက်တာက ဒူးထောက်ချပြီး ရှေ့သို့ ကိုင်းလိုက်သည်။ ဂိုက်ဒိုက သူ့လက်ကို အနေအထား ပြင်လိုက်သည်။

"အဲဒီမှာ သွေးကြောကို ထိသွားတယ်။ ခင်ဗျား လက်မနဲ့ နာနာဖိထားစမ်းပါ"

ဆက်တာက ဂိုက်ဒို၏ညွှန်ကြားချက်အတိုင်း ဆက်လုပ်လိုက်သည်။

ကြေမွနေသော လက်ဆစ်မှ သွေးတွေပန်းထွက်နေသည့်နေရာကို လက်မနှင့် ဖိထားလိုက်သည်။

"နာနာဖိစမ်းပါ"

ဆက်တာက ဂိုက်ဒို့အမိန့်အတိုင်း သူ့လက်မကို အသားထဲသို့ နစ်ဝင်သွားသည့်အထိ ဖိလိုက်သည်။ သည်တော့မှ သွေးထွက်နှုန်း လျော့ကျသွားသည်။

"ကျွန်တော် ဘာလုပ်ပေးရမလဲ ဂိုက်ဒို"

ဘဲလူးက နံဘေးမှ မေးလိုက်သည်။ ဆက်တာက ငှဲကြည့်ရင်း စားပွဲပေါ်မှ တယ်လီဖုန်းကို မေးငေါ့ပြပြီး

"တယ်လီဖုန်းဆက်စမ်း။ သူတို့ ခုလောက်ဆို လာနေပြီ။ ဒါပေမဲ့ ပစ္စည်းအပြည့်အစုံယူလာဖို့ ထပ်ပြောလိုက်စမ်း။ နောက်ပြီး ဟယ်လီကော်ပတာတစ်စင်း အမြန်ဆုံးလွှတ်ပေးပါလို့ပြော။ အမြန်ဆုံးနော်"

ဘဲလူးက တယ်လီဖုန်းထဲမှ အမိန့်ပေးနေသည်။

အဝတ်စတွေကိုဖြဲ၍ ပိတ်ကားဆိုင်းကာ စည်းကာ[illegible]ဝင်ကာနှင့် အလုပ်ရှုပ်နေသော ဂိုက်ဒိုကို ဆက်တာက စောင့်ကြည့်နေသည်။

ကော်ဇောပေါ်တွင် သွေးတွေ အိုင်ထွန်းလျက်။

ခုမှ ခရေစီဘေးတွင် လဲကျနေသူကို ဆက်တာ သေသေချာချာကြည့်လိုက်မိသည်။ သူ့မျက်လုံးတွေမှာ ကြောက်မက်ဖွယ် ပြူးထွက်လျက်။ လျှာကလည်း အပြင်တွင် တစ်ဝက်။ မျက်နှာတစ်ခုလုံး ပြာနှမ်းနေသည်။ ခရေစီဘက်သို့ လှည့်ကြည့်လိုက်သည်။ ရင်ဘတ်တွင် သွေးအလိမ်းလိမ်းနှင့် ဆွဲကြိုးကလေးကို သတိထားလိုက်မိသည်။ သူ့မျက်နှာကို လှမ်းကြည့်လိုက်ပြန်သည်။ မျက်လုံးတွေ မှေးစင်းသွားလေပြီ။

ဆက်တာ၏ လက်ချောင်းကလေးတွေ ညောင်းလှပြီ။ သို့သော် အားမလျှော့ဘဲ ဆက်ဖိထားသည်။ သည်လူကြီး၏ အသက်သည် သူတို့လက်ထဲတွင် ရောက်နေပါပြီကော။

ဟိုအဝေးဆီမှ ဥသြသံတွေ၊ ခေါင်းလောင်းသံတွေ ဆူဆူညံညံ ကြားလိုက်ရသည်။ ဂိုက်ဒိုသည် တရှုပ်ရှုပ်ဒိုလျက်က ခရေစီအသက်ရှင်ရေး အတွက်ကို သူတစ်ယောက်တည်း အလုပ်ရှုပ်နေသည်။

•

ဆောင်းကာလဖြစ်၍ နေပယ်လ်တောင်တန်းများပေါ်တွင် ဆေးထန်လှလျက်ရှိ၏။ ရာသီဥတုမှာ ပြင်းပြင်းထန်ထန် အေးစိမ့်နေ၏။

သို့သော် အသုဘအခမ်းအနားမှာ လူစုံသည်။ သတင်းထောက်တွေလည်း အများကြီး လာကြသည်။ တစ်လလုံးလုံး ခေါင်းကြီးသတင်းတွေ သူတို့ ရေးလို့မကုန် ဖြစ်နေကြ၏။ ပါလာမို တိုက်ပွဲကြီး၏ နောက်ဆက်တွဲ သတင်းများကို သူတို့တစ်တွေ အနံ့ခံလို့ကောင်းတုန်း။

အဆီတစ်ထပ်၊ အသားတစ်ထပ် သတင်းများ။ အထူးသဖြင့် ခရေစီ သေမည်လား၊ ရှင်မည်လား ဟူသည့် ပြဿနာ။

ပထမပိုင်းတွင် ခရေစီ၏အသက်မှာ လုယူဖို့ မလွယ်ကြောင်း၊ သို့သော် ကြိုးစားနေဆဲဖြစ်ကြောင်း ဆေးရုံမှ သတင်းပေးသည်။

ရက်သတ္တနှစ်ပတ်အကြာတွင် ဆေးရုံမှ အထူးလေယာဉ်ဖြင့် နေပယ်လ် ဆေးရုံသို့ ပြောင်းလိုက်သည်။ ဆက်တာ၏ အစီအစဉ်ဖြစ်သည်။ နေပယ်လ်ဆေးရုံ ကြီးက ပို၍ ပစ္စည်းပစ္စယ စုံလင်လှသည်၊ ပိုပြီး စိတ်ချရသည် မဟုတ်ပါလား။

ဆက်တာ၏အစ်ကို ဆရာဝန်ကြီးနှင့် အဖွဲ့သည် ခရေစီ အသက်ရှင်ရေးကို တိုက်ပွဲပမာ ဆင်နွှဲလျက်ရှိကြသည်။ သူတို့ဆင်ရမည့်တိုက်ပွဲမှာ ရေရှည်တိုက်ပွဲ။ မျှော်လင့်ချက် ကြီးစွာဖြင့်။

သို့သော် ဒဏ်ရာတွေက မမျှော်လင့်ရဲလောက်အောင် ကြီးမားလှသည်။ အပျက်အစီး များလှသည်။

ယခုတော့ သတင်းထောက်တွေက ခရေစီ၏ နောက်ဆုံးဘဝခရီးမြင်ကွင်းကို လှလှပပရေးနိုင်ရန် အသုဘအခမ်းအနားနှင့် အသုဘရှု ပရိသတ်ကို သေသေချာချာ လေ့လာနေကြသည်။

အသုဘပို့သူ သိပ်မများလှ။ လူအချို့ကိုသာ သူတို့ သိကြသည်။ အချို့ကို မသိ။

ဂိုက်ဒိုက သူ့အမေနှင့် အီလီယိုကြားတွင် ရပ်လျက်။

အဘွားကြီးက ဝတ်စုံနက်ကို ဝတ်လာသည်။ လက်ထဲမှ စိပ်ပုတီးကို မပြတ်စိပ်နေ၏။

သူတို့နောက်တွင် ဖယ်လီစီယာနှင့် ပီထရို။ ဖယ်လီစီယာ၏ မျက်လုံး တွေမှာ မှိုမောက် နီမြန်းနေ၏။

ကျင်း၏တစ်ဖက်တွင် ဆက်တာနှင့် ဘဲလူးတို့ ရပ်နေကြသည်။ သူတို့ နှစ်ယောက်အကြားတွင် ရီကာ။ တရှုပ်ရှုပ်ငိုလျက်။ မျက်လုံးတွေက ခေါင်းတလားကို စိုက်ကြည့်နေသည်။

ဆက်တာ့နောက်တွင် လူကြီးတစ်ယောက် မားမားကြီး ရပ်နေသည်။ ပြင်သစ်ဗိုလ်ချုပ် ယူနီဖောင်းကို ဝတ်ထားသည်။ သူ့ရင်ဘတ်တစ်ခုလုံး တံဆိပ်တွေ၊ ရောင်စုံဖဲပြားတွေနှင့် ဖုံးနေ၏။

ဘုန်းတော်ကြီးက သရဏဂုံ တင်ပြီးသွားသည်။ ဂိုက်ဒိုက သချိုင်းဝန်ထမ်းများကို ခေါင်းညိတ်ပြလိုက်သည်။ ခေါင်းသေတ္တာ မြေသို့ တဖြည်းဖြည်း ချနေသည်။

ဘုန်းတော်ကြီးက လက်ဝါးကပ်တိုင် အမှတ်အသားပြုကာ ဆုတောင်းလိုက်သည်။

ဂိုက်ဒိုက မြေစာခဲကြီးတစ်ခဲ ကောက်ယူပြီး တွင်းထဲသို့ပစ်ထည့်လိုက်သည်။

ဗိုလ်ချုပ်ကြီးက သတိဆွဲပြီး အလေးပြုလိုက်၏။

အခမ်းအနားပြီးတော့ တဖြည်းဖြည်း လူကွဲသွားကြသည်။ စကားကို လေသံဖြင့်သာ ပြောကြပြီး ကားများရှိရာသို့ အလျှိုအလျှို ထွက်သွားကြသည်။ ဘဲလူးနှင့် ဂိုက်ဒိုက နောက်ဆုံးမှ ထွက်သွားကြသည်။

သူတို့နှစ်ယောက်က ရီကာကို ကားဆီသို့ တွဲပို့နေသော ဆက်တာကို လှမ်းကြည့်နေ၏။

လက်ကို မသိမသာကလေး မြှောက်ပြရင်း သူတို့နှစ်ယောက်ဘက်ကို ငဲ့ပြီး ပြုံးစစနှင့် မျက်စိတစ်ဖက်မှိတ်ပြသွား၏။

ဂိုက်ဒိုက ပြုံးပြီး မှတ်ချက်ချလိုက်၏။

"ခင်ဗျားဆရာကတော့ စံပဲဗျို့။ ပရဟိတကိစ္စ ပြီးတာနဲ့ အတ္တဟိတလုပ်ငန်းကို စတော့တာပဲ"

❑

## နိဂုံး

နှစ်သစ်ကူးညသည် သန်းခေါင်ယံအချိန်။

အေးမြလတ်ဆတ်သည့် ပင်လယ်လေသည် ဂိုဇိုတောင်တန်းများကို သုတ်ဖြူးပေးနေ၏။

ဂိုဇိုကျွန်းပေါ်မှ ရွာကလေးတစ်ရွာသည် တိတ်ဆိတ်ငြိမ်သက်နေ၏။ သို့သော် ရွာသူရွာသားတွေ အိပ်မပျော်ကြသေး။

ဆိပ်ကမ်း အရက်ဆိုင်တစ်ဆိုင်တွင် အရိပ်တစ်ခု လှုပ်ရှားနေ၏။ ထိုးကွင်း မင်ကြောင်တွေနှင့် လက်မောင်းကြီးကို လက်ရန်းပေါ်သို့ ပစ်တင်လိုက်၏။ ဘင်နီ၏ မျက်လုံးများသည် ပင်လယ်ရေမျက်နှာပြင်မှ မခွာဘဲ စိုက်ကြည့်နေသည်။

သူ့နောက်မှ တံခါးပွင့်လာပြီး တိုနီ ထွက်လာသည်။ လက်ထဲတွင် ဘရန်ဒီခွက်ကို ကိုင်လျက်။ ဘင်နီကို လှမ်းပေးပြီး သူ့နောက်တွင် ရပ်၍ ရေပြင်ဆီသို့ စောင့်ကြည့်နေသည်။

ဇက်ရေယာဉ်ပေါ်မှ ဇစ်တာနှင့် မိုက်ကယ်တို့ကလည်း ဘရန်ဒီလေး တမြမြနှင့် စောင့်နေကြသည်။ မစ်ဇ်ညီအစ်ကိုနှင့် ရှရိတ်တို့ သုံးယောက်သား ကတော့ တောင်ထိပ်ပေါ်ရှိ အိမ်ဝရန်တာ၌ စီး၍ ပင်လယ်ကွေ့ဆီကို လှမ်းမျှော်ကြည့်နေကြ၏။

ဂိုဇိုဆိပ်ကမ်းသို့ မည်းမည်းအရာဝတ္ထုကလေးတစ်ခု ချဉ်းကပ်၍လာနေသည်ကို ပထမဆုံး တွေ့လိုက်ကြရသည်။

ပထမဆုံး တွေ့လိုက်ကြရသူများမှာ သူတို့သုံးဦးသာ ဖြစ်သည်။

**ပုဂံစာအုပ်တိုက်**

ဂျော့မစ်ဇစ်သည် ရဲမော်တော်ကလေး၏ဦးခန်းထဲတွင် လိုက်ပါလာ၏။

မော်တော်ကလေးက လှိုင်းလုံးကြီးတွေကိုခွဲကာ ငြိမ်သက်နေသည့် ပင်လယ်ကွေ့ထဲသို့ ဖြည်းဖြည်းချင်း ဝင်လာသည်။

ဂျော့က မော်တော်သားနှစ်ယောက်ကို ကမ်းကပ်ဖို့၊ ကျောက်ဆူးတွေ အဆင်သင့်ပြင်ထားဖို့ အမိန့်ပေးလိုက်၏။

ဆိပ်ကမ်းဘီယာဆိုင်အနောက်မှ လင်းရိုဗာကားတစ်စီးက လက်ဆွဲဘရိတ်ကို လွှတ်လိုက်ပြီး မော်တော်ဆိပ်သို့ လိမ့်ဆင်းလာသည်။

အလင်းရောင် သိပ်မရှိ။

ရဲမော်တော်ကလေး ဆိပ်ကမ်းသို့ ကပ်လိုက်သည်။ ဂျော့က ကုန်းပတ်ပေါ်သို့ ခုန်တက်လိုက်၏။ လင်းရိုဗာက ကမ်းခြေနှင့် ၁၀ မီတာအကွာတွင် ရပ်လိုက်သည်။

ကားထဲမှ လူရိပ်နှစ်ခုကို ဂျော့က သတိထားမိ၏။

ပထမ ကားပေါ်မှ ဆင်းလာသူက အမျိုးသမီး။ ကားနံဘေးတွင် ရပ်စောင့်နေသည်။ ဝတ်ထားသည့် ကုတ်အင်္ကျီအတွင်းမှ ဝမ်းဗိုက်ကြီးက မသိမသာပြူထွက်နေ၏။

ဂျော့က နောက်ဘက်သို့ အချက်ပြလိုက်၏။ ပြီးနံဘေးကို ရွှေ့ရပ်နေလိုက်သည်။

မော်တော်ထဲမှ လူတစ်ယောက်ထွက်လာပြီး သူ့နံဘေးမှဖြတ်၍ ဆိပ်ကမ်းပေါ်သို့ တက်သွားသည်။

ရောမ လူကြီး။

သူလမ်းလျှောက်ပုံက တစ်မျိုး။

ကားနားတွင် ရပ်စောင့်နေသည့် အမျိုးသမီးဆီသို့ ဖြည်းဖြည်းချင်း လျှောက်သွားသည်။

အမျိုးသမီးက ရှေ့သို့ တိုးလာပြီး သူ့ရင်ခွင်ထဲသို့ ဝင်လိုက်၏။

ဂျော့က မော်တော်ဆလင်ကို အချက်ပြလိုက်သည်။ တော်နိုးလာပြီး မော်တော်ဘုတ်ကလေး လှည့်ထွက်သွား၏။ ဂျော့က ပဲ့ပိုင်းသို့ လျှောက်သွားပြီး ကမ်းနဖူးပေါ်မှ မှုန်ရေးရေး ပန်းချီကား တစ်ချပ်ကို ငေးကြည့်နေသည်။

တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်ထားကြသည့် သဏ္ဌာန်နှစ်ခု။

ပန်းချီကားချပ်ကို နောက်ခံပြုထားသည့် ဂိုဇိုတောင်တန်းကြီးမှာ ဖြာမှိုင်း မည်းမှောင်လျက်။
တိတ်ဆိတ်ငြိမ်သက်လျက်။

❑